www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ထွေး (၀၁၄၉၀)

ရွှေညာထပ်လင်းစာပေ၊ ၃၉/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်

အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊

လေးထောင့်ကန်ရပ်ကွက်၊ သယ်္ဃန်းကျွန်း၊

ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်

၂၀၁၆ ခုနှစ်၊ မတ်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

သျှင်မ ၈၉၅.၈၃

အတိဿရ ရင်ခွင်/ သျှင်မ၊

ရန်ကုန်၊ ရွှေညာထပ်လင်းစာပေ၊ ၂၀၁၆၊

၃၅၂ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) အတိဿရ ရင်ခွင်




## အခန်း (၁)

"သမီးရဲ့မွေးနေ့လေး ပြောပါဦး .."

"စနေသမီးပါရှင့် .. ထောင့်ကိုးရာကိုးဆယ်ပြည့် နှစ်လပိုင်း နှစ်ရက်နေ့ပါ .."

သူ အိမ်ထဲရောက်သွားတာနှင့် မိသားစုတွေစုံစုံလင်လင်စုဝေးနေကြကာ ထိပ်ဆုံးမှာ ခန့်ခန့်ညားညားထိုင်နေသော အမျိုးသမီးက ရေးလို့မှတ်လို့ ...၊

"သမီးက ရာဇဖွားနော် .. အင်း .. ကုမ်ရာသီ မိန်လက်ဆိုတော့.."

"မေဒင်မေးနေကြတာလား၊ အတော်ပဲ .. ဒီနေ့ ကံမကောင်းလာတာ ဘာဂြိုဟ်တွေစီးနေသလဲ မေဒင်မေးဦးမှ .."

"ပြဒါး .."

ခေါ်သံကြောင့် ခြေလှမ်းတုံ့သွားသည်။ ဦးလေးရဲ့ ဇနီး ဒေါ်သက်ပိုင်က အအေးပုလင်းကို ပိုက်တပ်လျှက်သားအတိုင်းကိုင်လာကာ သူ အထဲဝင်မသွားဖြစ်ရေးအတွက် ခလုတ်တိုက်မတတ်အပြေးတစ်ပိုင်းရောက်လာ၏။

"ဘယ်ကိုသွားမလို့လဲ .. ဒါက .."

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ ဗေဒင်မေးနေကြတာမို့လား .."

"ဟုတ်တော့ အဲဒါ နင်နဲ့ ဘာဆိုင်လို့လဲ .. ယောကျ်ားလေးဖြစ်ပြီး တော့ စပ်စပ်စုစု .."

"စပ်စုတာမဟုတ်ပါဘူး .. မေးကြည့်ချင်လို့ .."

"ဟဲ့ .. ယောကျ်ားလေးက ဗေဒင်ဝါသနာပါရလား .. အံ့ရော.."

"ဘယ့်နှယ် ယောကျ်ားဖြစ်ရခြင်းအကျိုးတရားတွေချည်း လာရွတ်ပြနေတာလဲ အန်တီ၊ ယောကျ်ားဖြစ်တာနဲ့ပဲ ဘာမှ ကျူးကျော်လော်မာခွင့်မရှိတော့ဘူးလား .."

ဒေါ်သက်ပိုင် စိတ်မရှည်သည့်မျက်နှာဖြစ်သွားကာ အထဲကိုလည်း လှမ်းကြည့်သည်။ သမီးတွေနဲ့ ဗေဒင်ဆရာမက သူတို့အာရုံနဲ့ သူတို့ ဒီဘက်ကို သတိမထားမိသေး ..။

ပြဒါး အထဲကိုလှည့်ဝင်လိုက်မှာစိုးသဖြင့် အခန်းတံခါးဘက်ကို တိုးသွားပြီး ကိုယ်နဲ့ပိတ်ခံထားလိုက်ကာ ..၊

"နင့်ကိုပြောရတာနဲ့ ငါ့အအေးတွေလည်း ပူကုန်တော့မယ်၊ နင့်လို လူ ကံမကောင်းတာ ဘာများဆန်းနေလို့လဲ ပြဒါး ရယ်၊ နာမည်ကို 'သ' တစ်လုံးထည့်လိုက်တာနဲ့ ပြဿဒါးဖြစ်သွားမှာ၊ အလုပ်မရှိ အကိုင် မရှိ တရာကိုးတစ်ရာ့တစ်ဆယ် .."

"အဲဒါနဲ့ ဗေဒင် မမေးရတော့ဘူးလား .."

"ဗေဒင်မေးတာက တစ်ယောက်ကို သုံးထောင် .."

"ကျွန်တော့်မှာ နှစ်ထောင်ရှိတယ် .."

"ရှိမှာပေါ့၊ နင့်ဦးလေး မနက်က နင့်ကိုလိုက်ရှာနေတာ ငါသိသားပဲ၊ အိမ်မှာပေးဖို့ မလစ်တော့ ဘယ်မှာသွားပေးလိုက်တာလဲ .."

ပြဒါး က နှာခေါင်းတစ်ဖတ်တည်းတွန့်၍ ထီမထင်အကြည့်နှင့်..

"အဲ့ဒါ ဦးမိုး ဆီက အလကားရတယ်ထင်နေလို့လား၊ ကျွန်တော် အပ်ထားတဲ့ ပိုက်ဆံ .."



"ဩော် .. ဩော် .."

"မယုံနေလေ .."

"မယုံမရှိပါဘူးရှင် .. ယုံပါ့ .. ယုံပါ့ ..၊ နင်က ဖဲသမားလောင်း ဘာစား ရူပါကြီးပဲ .. မရှိခဏ ရှိခဏပေါ့ .."

"သိဖို့ပဲလိုတာ .."

"တစ်ပဲခြောက်ပြားဖဲသမားလေ .."

"ဘယ်နှစ်ပြားဖြစ်ဖြစ် ပိုက်ဆံကိုင်တာမြင်တိုင်း အပွန်းသွားမနေ နဲ့ပြောတာ .."

"ဘာပြောတယ် .."

ပြဒါး က ခပ်တည်တည် ..၊

"နှုတ်ခမ်းမွေးနဲ့ လူမြင်တိုင်း ကိုယ့်အဖေချည်းမှတ်နေရင် အန်တီ့ အမေ ရင်ဘတ်စည်တီးဖြစ်သွားလိမ့်မယ် .."

"ကြည့်စမ်း .. ဟဲ့ .. ဟဲ့ကောင်လေး .."

ဒေါ်သက်ပိုင် ဗေဒင်ဆရာမကို အအေးသွားပို့ဖို့ကိစ္စကိုလည်းမေ့ ကာ ပုလင်းကိုင်လျက် ပြဒါး နောက်ကိုလိုက်၍ ...

"ပြဒါး နင့်ဟာလေ လူချမ်းသာဖြစ်ပြီး ကိုယ့်မိကိုယ့်ဖနဲ့ မနေရ ဘာလည်း မပြောနဲ့ နင်က ဒီလူကမွေးပြီး ဒီသွေးမှမပါတာ .."

ပြဒါး ခြေလှမ်းတုံ့သွားသည်။ ဒေါ်သက်ပိုင် ကလည်း သူ့မျက်နှာ ကို သွားမော့ကြည့်၍ ..၊

"နင်ကိုက ဆင်းရဲကံပါလာလို့ စွန့်ပစ်ခံရတာ၊ ခဏ ခေါ်ထိန်းပေး ထားပါဆိုပြီး တစ်ခါတည်း ပြောင်းပြေးကုန်ကြတာ၊ နင့်ရဲ့ ဉာဉ်ဆိုးတွေ ကို ကြိုသိနေတာဖြစ်မယ်၊ တကယ်ပါပဲဟယ် .. ဘယ်လိုလူပေလူတေ အရိုင်းအစိုင်းလေးမှန်းမသိပါဘူး .."

"အန်တီလည်း အဲဒါကို စကြာဝဠာတစ်ခွင်ပြံ့ပြံ့စင်စင်အောင် လျှောက် အော်နေတာ အားမရနိုင်ဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောပြော နင့်မျက်နှာကရော တစ်ပတ်ညှိုးလို့လား .."

"ဘာဖြစ်လို့ ညှိုးရမှာလဲ၊ စွန့်ပစ်ခံရတဲ့လူက ရှက်ဖို့ကောင်းတာလား၊ စွန့်ပစ်တဲ့လူတွေက အရှက်မရှိတာလား .."

"အဲဒါ နင့်မိဘ ဘိုးဘွားတွေ .."

"မရှိဘူး .. ပြဒါး ဆိုတဲ့ကောင်က သစ်ခေါင်းထဲက ထွက်လာတာ.."

"အေး .. နင့်အသိကိုက အဲဒီလိုအမှောင်ဖုံးနေတာ .."

"မေမေရယ် .. ဟိုမှာ ဆရာမကို တိုက်မလို့ပါဆိုမှ .. ပေး .. ပေး"

လုံမေ က အထဲဝင်လိုက်လာပြီး ဒေါ်သက်ပိုင် လက်ထဲက ပုလင်းကို ဆွဲယူသည်။ ပြီးတော့ ပြဒါး ကို မျက်စောင်းထိုးကြည့်သွား၏။

ဒေါ်သက်ပိုင် က လက်အားသွားသည်နှင့် ခါးထောက်လိုက်ကာ..၊

"ဒီမှာ ပြဒါး .. နင့်ဘဝကို နင့်ဟာနင် ဒေါင်ကျကျ ပြားကျကျ နေတတ်ပေမယ့် ကိုယ့်ကြောင့် တခြားလူကို ထိခိုက်တာမကောင်းဘူး.."

ဒီစကား ပြန်ရောက်လာတော့ ပြဒါး က အခန်းထဲလှည့်ဝင်သွားသည်။ ဒေါ်သက်ပိုင် က တံခါးဝမှာပဲ ရပ်နေကာ ..၊

"နင့်ဦးလေးကလည်း အလုပ်မပြတ်လုပ်နေရတာ သူ့အသက်အရွယ်နဲ့ မတန်တော့ဘူး .."

"အဲဒါ ကျွန်တော် ဘာလုပ်ပေးရမှာလဲ .."

ပြဒါး က အင်္ကျီချွတ်ပစ်ရင်း လှည့်မကြည့်ဘဲ မေးခွန်းပြန်ထုတ်သည်။

"ဘာလုပ်ပါဆိုတော့ရော .. မင်းက လုပ်မှာမို့လို့လား .."

"ဟွန်း .."

ဒီလေသံ ဒီပုံစံတွေကို သည်းခံလာခဲ့ရတာ နှစ်တွေ မနည်းတော့ပေ ..။ ကြိုကြိုတက်ချမ်းသာသည့် သူဌေးသမီးနှင့် သာမန်လခစားအလုပ်သမားလေးတစ်ယောက် ချစ်ကြိုးသွယ်ခဲ့ကြပြီး ဒီကလေးကို ကိုယ်ဝန်ရခဲ့သည်။ မွေးလာတော့ စွန့်ပစ်ခံခဲ့ရ၏။





ဒါဟာ ဖြစ်စဉ်ဟောင်းကြီးပဲပေမယ့် စွန့်ပစ်ခံကလေးရဲ့ ခံယူချက်စိတ်ဓာတ်ကတော့ ဘယ်ဖြစ်စဉ်နဲ့မှ မတူခဲ့တာ အမှန်ပင် ..။

ဒီအိမ်မှာ သူ့ကို မွေးစားသားဆိုတာ ဘယ်သူကမှ ဖုံးကွယ်မထားခဲ့သလို ကလေးချင်းကအစ နှိမ်ချဆက်ဆံခဲ့သည်။ သင့်မြတ်တယ်ဆိုတာ ဘယ်ခါမှမရှိခဲ့ ..။

ဒါကို လူကြီးတွေကလည်း ဖျန်ဖြေပေးကြပေမယ့် သူ့ကို သနားငဲ့ညှာပြီး ချန်လှပ်မျက်နှာသာပေးခဲ့ဖူးတာရော ရှိလို့လား ..။

ဒီတိုင်း ရှင်သန်ကြီးပြင်းလာခဲ့တဲ့ဘဝမှာ ပြဒါး ဆိုတာက အားငယ်ညှိုးနွမ်းသည့်မျက်နှာနှင့် ငေးငိုင်မှုန်တွေနေခဲ့တယ်ဆိုတာ မရှိသလို၊ ဘယ်သူ့ကိုမှ အားမတန်လို့ မာန်လျှော့ရတယ်ဆိုတာလည်း တစ်ခါမှ မရှိခဲ့ပေ ..။

အိမ်က ညီအစ်ကို မောင်နှမချင်းဖြစ်ဖြစ် တခြားသူစိမ်းနဲ့ဖြစ်ဖြစ် ဆော်လိုက်ကြပြီဖြစ်ကြပြီဆို ပြဒါး လုပ်လိုက်တာပဲ ဖြစ်နေတတ်၏။

ရေချိုးမလို့ပြင်ဆင်နေသည့် ပြဒါး ကို စိတ်ပျက်စွာကြည့်ရင်း နောက်ထပ် အနီးကပ်ဆုံး စိတ်ပျက်ဖွယ်တစ်ခုကို တွေးလိုက်မိကာ ..၊

"ရေချိုးလို့မရဘူး .. ဒီနေ့ ရေမလာလို့ .."

"အန်တီသန်း တို့အိမ်မှာ သွားချိုးမှာ .."

"မင်း အဲ့ဒီမှာ ရေသွားသွားချိုးပြီး ပိုက်ဆံကျတော့ မှတ်ထားခိုင်းတယ်၊ ခု ဘယ်လောက်ရှိနေပြီလဲ .."

"မပေါင်းရသေးဘူး .. ဘာဖြစ်လို့လဲ .. အန်တီ့ကို ကျွန်တော်က စိုက်ပေးခိုင်းနေလို့လား .."

"တစ်ခုခုပြောလိုက်ရင် မင်းက လူကြီးကို မခန့်လေးစားမေးခွန်းပြန်ထုတ်တယ်၊ ငါကလည်း ပြောချင်လွန်းလို့ ပြောနေတာမဟုတ်ဘူး၊ မင်းလုပ်သမျှ ငါတို့နဲ့ ပတ်သက်နေလို့ .."

"ဘာမှမပတ်သက်ဘူးလို့ ထားလိုက်၊ ခု ကျွန်တော် ထမင်းဖိုးပေး

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



စားနေတာ တစ်နှစ်ကျော်သွားပြီ ..”

“အံမာ ..”

“အဲဒီတည်းက ကျုန်တဲ့အဝတ်လျှော်အပ်တာတွေ၊ ရေဖိုးတွေ ကျွန်တော် ဗာဟီရအသေးစိပ်အကုန်လုံး ..”

“ငါ မစိုက်ရတဲ့အခါရော မရှိခဲ့ဘူးလား ..”

“ကျွန်တော့်မှာရှိရင် ပြန်ပေးတာပဲ ..”

“ပြဒါး ..”

“မြန်မြန်ပြောပါ .. ကျွန်တော် အပြင်သွားမှာ ..”

“နင့်မိဘတွေကို ..”

“တော်ပါတော့ .. မကြားချင်ဆုံးက အဲဒါတွေပဲ ..”

လူကြီး စကားမဆုံးခင် အော်ဟစ်တတ်တာတွေလည်း ပြဒါး တစ်ယောက်ပဲ လုပ်တတ်ကာ ..၊

“ပြဒါး မှာ မိဘမရှိ၊ ဆွေမျိုး မရှိဘူး ..”

“အံမာ .. အံမာ ..”

“ငယ်တုန်းက အမှီသဟဲတစ်ခုခုပေါ်မှာ ကြီးပြင်းခဲ့တယ်၊ ခုက စပြီး ပတ်ဝန်းကျင်ပေါ်မှာ နေတတ်အောင်နေမှာ၊ ပြဒါး ဆိုတဲ့ကောင်မှာရှိတာ ပတ်ဝန်းကျင်ပဲ ..”

“ပတ်ဝန်းကျင်က လက်ဆောင်ကောင်းတွေပေးလို့ တိုးတက်ကြီးပွားသွားတာရှိလား ..”

“ပတ်ဝန်းကျင်ထဲမှာ လက်ဆောင်ကောင်းလိုက်ရှာမှာမှ မဟုတ်ဘဲ ..”

“ဟဲ့ .. လူရယ်လို့ဖြစ်လာရင် မျိုးရိုးဆိုတာရှိရတယ်၊ အသိုင်းအဝိုင်းကောင်းနဲ့ ကြီးပြင်းရတယ် ..”

“ဒီကောင်က မျိုးမကောင်း၊ ရိုးမကောင်းဆိုတာတွေ အန်တီတို့ပဲ ပြောခဲ့တာလေ ..”



ဒေါ်သက်ပိုင် ကြောင်အမ်းအမ်းဖြစ်သွားသည်။ ပြီးမှ ..၊

“နင်က အဲဒါတွေကို နာရမှန်းတော့ သိတယ်ပေါ့ ..”

“မနာပါဘူး .. မှန်တာတွေပြောကြတာပဲ ..”

“ငါ့ကို မရွဲ့နဲ့ ပြဒါး .. နင့်ကို နင့်မိဘဆီ ပြန်သွားစေချင်တာက..”

“ဖြစ်စေချင်တယ်ဆိုတာ အန်တီ့ဆန္ဒ .. ကျွန်တော့်ဆန္ဒမှာ အဲဒါတွေ ဘယ်တုန်းကမှ မရှိဘူး ..”

ပြဒါး က ဒေါ်သက်ပိုင် ကို ပွတ်ကပ်ရှောင်ထွက်ကာ ..၊

“အန်တီ့စကားတွေ နားထောင်နေရတာ လည်ပင်းကိုကြိုးကွင်းစွပ်ပြီး ရေတ်ကန်ထဲကို နှစ်လိုက်ဆွဲတင်လိုက် လုပ်ခံနေရသလိုပဲ ..”

ပြောသွားတာကြည့်စမ်း ..၊

ပြောသွားတိုင်း ကြိတ်မနိုင်ခဲမရ ကျန်ခဲ့နေကျ .. ဒါပေမယ့် ဒီတစ်ခါ ထိချက်က ပိုပြင်းသည်။

ကိုယ်က ဘာတွေများပြောနေမိလို့လဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

"မင်းကလည်း ငါးဖယ်လိုပဲကိုးကွ … ဘယ်လောက်ပြောပြော အဲ့ဒီအိမ်ကမှ မခွာနိုင်တာ …"

"မင်းကရော ဘာတွေချွန်နေတာလဲ … ဒီမှာမနေရင် ဘယ်သွားနေမှာလဲ၊ စိတ်တိုနေတဲ့လူကို သွားပြောနေ …"

"ဘာပဲဖြစ်ဖြစ် သူက သူ့ဌေးသားပဲကွ …"

"ဒေါက် …."

အပြန်အလှန် စကားတွေက လက်ဖက်ရည်ပန်းကန်ဆောင့်ချလိုက်သံတစ်ချက်မှာ ပြတ်တောက်သွားကြ၏။ ဆန်နီ က ပြဒါး မျက်နှာကို လှမ်းကြည့်ကာ …၊

"ပြောလိုက်ရင် ရှုပ်ကကြည့် …"

"မင်းတို့လည်း ပြောတာဆိုတာ နည်းနည်းပါးပါးအထူအပါးသိကြ…"

"ငါက မင်းအဒေါ်ပြောတာတွေ လွန်လွန်းတာကို စိတ်တိုလို့…"

ပြဒါး က စီးကရက်မီးညှိနေရင်း ဘာမှ မထူးခြားသောမျက်နှာနှင့် …၊

"ဦးလေးတွေ အဒေါ်တွေ နာမည်ခံထားတာပဲ ဘာမှမှ မတော်တာ …"



"အေးလေ … အဲ့ဒါလည်း အားလုံးသိကြပါတယ်၊ ပြီးတော့ ဦးလေး ဦးကျော်မိုး က မင်းအဘွားတို့ရဲ့ ကျေးဇူးတွေနဲ့ …"

"တော်တော့ …"

"မင်း အဲ့ဒီ ဘိုးဘွားတွေကို စိတ်နာတာကိုက အချစ်ပဲ ပြဒါး…"

"မနာပါဘူး … ငါ့ဘဝနဲ့ငါ ပျော်နိုင်ဖို့ပဲကြိုးစားတာ ဘာလုပ်မှာလဲ …၊ သူတို့ကလည်း မလိုချင်လို့ပစ်တယ်၊ ငါကလည်း ဒီတိုင်းနေနိုင်တယ်၊ နောက်ထပ်ပတ်သက်ဖို့မှ မရှိတာ …"

"ဒါက ဟိုတုန်းက အတိတ်လေကွာ … မင်းကို ခုနေမြင်လိုက်ရရင် မြေးသားဆိုတဲ့ သံယောဇဉ်က …"

ဆန်နီ က ဇော်မင်း မျက်နှာကိုကြည့်သည်။ ဇော်မင်း က ငါပြောသားပဲဆိုသည့်မျက်နှာနှင့် …။

"ဟုတ်တယ် … သူ့စိတ်နဲ့ သူ ခံစားမိတဲ့အတိုင်းပဲ ဝေဖန်မနေနဲ့တော့၊ ငါဆိုလည်း ဒီတိုင်းပြောမှာ …"

"ဘာကိုလဲ …"

ဆန်နီ က မျက်မှောင်ကုတ်နှင့်ကြည့်နေ၏။ သူ့သဘောကတော့ တခြားလူတွေလို ချမ်းသာကြီးပွားရေးအတွက် ကျားကုပ်ကျားခဲကြိုးစားနေဖို့မလို၊ ဒေါ်သက်ပိုင် ဆိုသည့် မိန်းမကြီးတစ်မိသားစုလုံးနဲ့လည်း မျက်နှာငယ်စွာ ရင်ဆိုင်နေဖို့မရှိ …။

ကိုယ်က သူ့ဌေးသား၊ ကိုယ့်မိဘဘိုးဘွားတွေဆီ ပြန်လိုက်ရုံပဲ မဟုတ်ဘူးလား …။

ထို့ကြောင့် သူ့လို စိတ်တူကိုယ်တူအကြံဉာဏ်မပေးဘဲ လမ်းသစ်ဖွင့်နေသည့် ဇော်မင်း ကို ခပ်ချဉ်ချဉ်နှင့် …၊

"ပြောစမ်းပါ … မင်းဆိုရင် ဘယ်လိုပြောမှာလဲ … ကြားချင်လွန်းလို့ …"

"ဒီကောင်ပြောတဲ့အတိုင်းပဲလေ … ကိုယ့်ကိုယ်ကိုယ်ဆောင်တစ်ကောင်ဘွက်လို့ သတ်မှတ်ထားလိုက်တာ စိတ်ချမ်းသာတယ်၊ ဆွေမျိုးသားချင်း

www.burmeseclassic.com

www.burmeseclassic.com



အောက်ကျရမှာထက် သူစိမ်းတွေက သူစိမ်းလိုဆက်ဆံကြတာ မခံနိုင်စရာမရှိပါဘူး .."

"တော်ကြတော့ကွာ .. အဲဒါတွေက ကိုယ်နဲ့မဆိုင်တာတွေပါ၊ တခြားအကြောင်း ပြောစရာမရှိဘူးလား .."

'ကိုယ်နဲ့မဆိုင်တာတွေ' ဆိုတော့ ဇော်မင်း လည်း မျက်လုံးပြူး၏။ ပြောနေကြတာ ဘယ်သူ့အကြောင်းမို့လို့လဲ ..။

"ငါ မနက်ဖြန် ရန်ကုန်ဆင်းပြီး အလုပ်ရှာမယ် .."

ဆန်နီ က စကားစ၏။

"မင်းက ကျောင်းတောင်မပြီးဘဲနဲ့ ဘာအလုပ်ရမှာလဲ .."

"ဘာအလုပ်ရရ .. အိမ်မှာ မနေချင်လို့ .."

"ဒါဆို ငါလည်း လိုက်မှာပေါ့ကွ .. အိမ်မှာနေချင်ပေမယ့် မနေနိုင်အောင် နားပူနေတာ .."

ဇော်မင်း ကလည်း အားကျမခံပြောကာ မျက်နှာရှုံ့တွတွနှင့် ..။

"ငါ့မရီးနဲ့ ညီမအငယ်ဆုံးနဲ့ နေ့တိုင်း ပူညံပွမ်ညံတွေဖြစ်နေကြတာ ဘယ်သူမှလည်း မနိုင်ဘူး၊ တားမယ့်လူလည်းမရှိဘူး .."

"မင်းအမေနဲ့ အဒေါ်က ဘာလဲ .. ချွေးမကို ကြောက်လို့လား၊ သမီးကို မနိုင်လို့ မတားတာလား .."

"ဘာမှမဟုတ်ဘူးဟ .. ငါက အမေတို့ကြားလို့ကောင်းနေကြတာလားလို့မေးတာ .. ဘာပြောတယ်မှတ်လဲ .."

"ကောင်းတယ်တဲ့လား .."

"အေး.. ခဏတော့ သည်းခံရမှာပဲတဲ့ .. မနေနိုင်တဲ့သူ ဆင်းသွားလိမ့်မယ်တဲ့ .."

"ဟ .. သီတာလွင် က ခုမှ ရှစ်တန်းပဲရှိသေးတာ .."

သူတို့ပြောနေတာကို နားထောင်ပြီး ပြဒါး က ရယ်ကာ ..။

"မှတ်ထားကွ .. အဲ့ဒါချွေးမကို တိုက်ထုတ်တဲ့နည်း .."

"ဟင်!..."



"ဒါကျတော့ မင်းက ဆရာကြီးပါလား .."

ဇော်မင်း က ခေါင်းလည်းကုတ်ကာ မကြည်မသာနှင့် ဝံ့နံ့ခံ၍ ..။

"ဟုတ်တယ် .. အဲ့ဒါမျိုးပဲနေမှာပေါ့၊ ငါလည်း မကြူ ကို သတိပေးပါတယ်ကွာ .. ရုတ်တရက် အိမ်ခွဲပါလားဆို သူတို့လင်မယားမှာ ဘာမှ ပြင်ဆင်ထားတာမရှိသေးဘူးလေ၊ အဲဒါကြောင့် သည်းခံပါလို့.."

"မင်းမသိလို့ .. လောကမှာ သည်းခံရတဲ့ဒုက္ခကလည်း ကြီးမားတဲ့ ဒုက္ခအမျိုးအစားတွေထဲမှာ ဝမ်းတူ တမ်း(န်)ဝင်တာပဲ .."

"ဘာလဲ ပြဒါး .. ကိုယ့်စိတ်နဲ့နှိုင်းပြီး ပြောနေတာလား .."

"ဒါပေါ့ .."

"မင်းလည်း ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ပူပြင်းနေပြီလဲဆိုတာ မသိလို့ပါကွာ .. မကြူ ထက် နည်းနည်းပဲသာမှာပါ .."

ပြဒါး က ရေနွေးထည့်နေရင်းရယ်ကာ ..။

"ဟုတ်လား .. ဖြစ်နိုင်တယ် .."

"ဟုတ်တယ် .. မင်းက မကြူ လိုတောင်မှ ဝမ်းဘိုင်ဝမ်းမဟုတ်ဘူး .."

"ဟီး .. ဟီး .. ပြဒါး ကတော့ တစ်အိမ်လုံးနဲ့နော်၊ သေးသေးကွေးကွေးမမှတ်နဲ့ .."

"သိချင်ကြည့်လိုက်လေ .."

"ကျေးဇူးတင်ပါတယ် .. မသာ .."

ဇော်မင်း ကပ်ဆဲတော့ ပြဒါး က ပခုံးကျုံ့ပြီးရယ်သည်။

"ဒီကောင်ကလည်း ကောင်းပါတယ် .. သူ့မှာ ဘာသောကမှမရှိသလို နေနိုင်တယ် .."

"မရှိသလိုနေတာမဟုတ်ဘူး .. ရှိကိုမရှိတာ၊ ရုပ်ကိုကြည့်ပါလား၊ ဟိုကလူတွေ ဘာပြောပြော သူ တစ်ခွန်းမှ မခံဘူး၊ ဘာစကားတွေနဲ့ နှိမ့်ချချိုးဖဲ့နေနေ ကြေကွဲသွားတယ်၊ ငိုင်သွားတယ်ဆိုတာ မကြားဖူးဘူး၊ ပြောလာပြီဆို သူချည်းပဲအနိုင် .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ဖြစ် နိုင်ဖို့ကအဓိကပဲ .."

ပြဒါး ၏ ရယ်လက်စမျက်နှာက ခပ်တည်တည်သို့ တဖြည်းဖြည်း ပြောင်းသွားကာ ..၊

"ခု ဖြစ်လာတာ မင်းတို့သိလား၊ ငါ့ကို ဘာကောင်ညာကောင်နဲ့ အသေပြောတယ်၊ ပြီးတော့ ချမ်းသာစေချင်လို့၊ မိဘတွေဆီ ပြန်ပါလား တဲ့ .."

"သူတို့ဆီမှာ မနေစေချင်လို့ပေါ့ကွ .."

"ငါ့ကို စကျွေးထားရပြီဆိုတည်းက မထားချင်တာ သိနေတာပဲ ကွာ .. ငါပြောချင်တာက အဲဒါမဟုတ်ဘူး၊ သူဌေးမဖြစ်ထိုက်တဲ့ကောင်၊ အဲဒီမိသားစုနဲ့ မထိုက်တန်ဘူး ဘာညာတွေ ပြောတယ်၊ စွန့်ပစ်ခဲ့ကြတဲ့ အကြောင်းကလွဲရင် ငါက မကောင်းစားထိုက်လို့ ဆားပက်ခံရတဲ့ ပက်ကျိလို ကွာကျခဲ့တဲ့တာမျိုး ."

"ဒါတော့ လွန်တယ် .."

"အဲဒီထိပြောဆိုပြီးမှ ကောင်းစားစေချင်ပြန်ရော .."

"မသိမသာလေးပုတ်ထုတ်ဖို့ ကြိုးစားပါလား၊ ဒီမိန်းမကြီးတွေကိုက ကြောင်တောင်တောင်တွေပါ .."

"ဟုတ်တယ်ကွ .. မင်း သူတို့စကားကို ခံစားမနေတာ ကောင်းတယ်၊ အလကား တစ်လုံးချိုင့်တွေ .."

"ထားလိုက်တော့ အဲဒီက အကြောင်းတွေ .."

ခေါင်းခါလိုက်ရင်း ပြဒါး က စီးကရက်တစ်ရှိုက်ဖွာပြီး လမ်းဘက်ကို ငေး၏။ စကားကောင်းနေတုန်း 'ထားလိုက်' တော့ဆိုတော့ ဆန်နီက မအီမလည်နှင့် ..၊

"ဒါဆိုလည်း ခုနပြောတာကို ပြန်ဆက်ရအောင် .. မင်း ငါတို့နဲ့ ရန်ကုန်လိုက်ခဲ့ပါလား .. ပြဒါး .."

"ဘာလုပ်ဖို့လဲ .."

"အလုပ်လုပ်မယ်လေ .. ငါတို့အားလုံး နောက်မှာပြန်ပြီး ပံ့ပိုးရ



ပ်သူလည်းမရှိဘူးဆိုတော့ ဘုန်းကြီးကျောင်းမှာဖြစ်ဖြစ် အဆောင်မှာ ဖြစ်နေလို့ရတယ်၊ ကိုယ်ရှာတာကိုယ်စား ပိုရင်စုမယ်၊ မပိုရင်မစု း .. အေးဆေး .."

"အလုပ်လုပ်နေရတာကို ဘယ်လိုလုပ်အေးဆေးမှာလဲ .."

"ဟာ .. မင်းကလည်း .."

"ဟုတ်တယ် .. ငါပဲ အလုပ်နဲ့လက်နဲ့ မပြတ်တဲ့ဘဝမျိုး မရပါ နဲ့ဆိုတဲ့ ဆုတောင်းနဲ့မွေးလာတာ .."

"ငါ ဘယ်လိုစားနေသလဲ မင်း မမြင်ဘူးလား .."

"ပြဒါး ..."

"ဘာလဲ ..."

"မင်းကို လောင်းကစားသမားလို့ သတ်မှတ်ခံနေရတာနော် .. ဒါထည့်တွက် .."

"လောင်းစကားနဲ့ အကျိုးပေးတဲ့ ကုသိုလ်ကံက နည်းတယ်မှတ် လား .."

ပြောပြီးမှ တစ်စုံတစ်ရာကို သတိရသွားသလို ရယ်ကာ ..၊

"ဒါတောင် တစ်ပဲခြောက်ပြား ဖဲသမားအဆင့်ပဲရှိသေးတာ၊ တစ် သား နှစ်ကျပ်သား တစ်ပိဿာ နှစ်ပိဿာအဆင့်သာဆိုရင် .. အဟွန်း.."

"ဖဲဘုရင်ဖြစ်အောင် ကြိုးစားဦးမယ့်ပုံပဲ .."

"ဟား .. ဟား .. ဟား .."

"ပြဒါး .. မင်း တကယ်အလုပ်လုပ်ဖို့ မစဉ်းစားဘူးပေါ့ .."

"နိုး .."

"ငါတို့က ဘွဲ့ရတဲ့ကောင်တွေမဟုတ်ဘူး .. ဘွဲ့ရတဲ့ မင်းက.."

"ဘွဲ့ရတော့ ဘာဖြစ်လဲ .."

ဒီပညာသင်စရိတ်တွေ သူ ငယ်စဉ်တည်းက ဟိုပုဂ္ဂိုလ်တွေက ပံ့ပိုး ခဲ့လို့ ဘွဲ့ရတစ်ယောက်ဖြစ်အောင် အတင်းအကျပ်တွန်းပို့ခဲ့ကြတာ ယ်က ဖြစ်ချင်လွန်းလို့လား ..။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပြန်မထနိုင်ဘူးလား .."

"ဟင် .. ဟာ .. ထနိုင်ပါတယ် .. ဆောရီးနော် .."

သူမလက်လေးကို ကဂန်းကတန်း လှမ်းပေးမိကာ ..၊

"ညာဏ်လေး ထလေ .. ကိုယ် ထူပေးမယ်နော် .."

ပခုံးလေးနှစ်ဖက်ကနေ ဆွဲထူပေးမေမယ့် အဆင်မပြေ ..။

ထို့ကြောင့် ကိုယ့်မျက်လုံးတွေကို မျက်တောင်ဟာစ်ချက်နှစ်ချက် ဖိခတ်ပြီး မသိမသာခေါင်းခါလိုက်သည်။ ပြီးမှ သူမကို ခွင့်တောင်းသလို ပြုံးပြကာ အသာလေးပွေ့ယူလိုက်၏။

မျက်ရိုးထဲက တဆစ်ဆစ်ကိုက်လာတာကို သတိထားမိကာ သူရာ ကြေကွဲသွားမိသည်။ သူတို့အဖြစ်က ဇာနဲ့တူနေပြီလဲ ..၊

ကျိုးနေတဲ့လူကို ကန်းနေတဲ့လူက ကျောပိုးခေါ်နေသလိုမျိုးလား အဲ့ဒီလိုဖြစ်နေတာကို မင်း လိုချင်တာလား ..၊

ညာဏ့် ကို ပွေ့ချီလိုက်ရင်း ကိုယ့်ကို ပြန်မေးမိသည်။ သူ ဒီလို အဖြစ်မခံနိုင်ပေ ..။ ကိုယ်ဘာဖြစ်နေသလဲ ဘာဖြစ်တော့မှာလဲဆိုတာ သူမကို လုံးဝပေးမသိနိုင်သလို သူမဘဝလေးကိုလည်း နေမလောင် မိုးမစို အောင် ကာကွယ်ပေးချင်သည်။

ဒီလိုသာဆို ကိုယ်က ကာကွယ်မပေးနိုင်သည့်ပြင် ကြာရင် ကိုယ့် အခြေအနေကို သူမ ရိပ်မိသွားဖို့သာရှိတော့သည်။

"သူရာ .."

"ဟင် .."

"ရှင် ဘာဖြစ်နေတာလဲ .."

ဟင် ..၊

မွေ့ရာဆီးမှာ သူမကို ပွေ့လျက်သားနှင့် သူ ဒီတိုင်းရပ်နေခဲ့မိ၏၊

"ဆောရီး .."

ဒါကိုတွေးနေရင်း ဒီပုံစံပဲ ထပ်မှားပြန်ပြီမို့ ထိတ်ထိတ်ပျာပျာဖြစ် သွားမိကာ သူမကိုယ်လေးကို မွေ့ရာမှာ အသာအယာချပေးလိုက်ပြီး—



"ဟိုလေ .. ကိုယ် ဖြစ်သွားတဲ့ပုံကို ပြန်တွေးမိလို့ပါ .."

"ဘာကိုလဲ .."

"အဟွန်း .."

မရယ်ချင်ပဲ ရယ်လိုက်ရကာ သူမဘေးမှာ ဝင်ထိုင်၍ ...

"ကိုယ်က မင်း စိတ်ပူသွားမလား၊ ကိုယ့်အပေါ် ဂရုတစိုက်ရှိရဲ့ လားဆိုတာသိချင်လို့ ဟန်ဆောင်ပန်ဆောင်တွေလုပ်နေတာဆိုရင် မင်း စိတ်ဆိုးသွားမှာလေ .. ဟုတ်တယ်မလား .."

"ဟုတ်တယ် .. အခု ရှင်က ယောက်ျားမတန်မယ့် မာယာများလိုက် တာလား .."

ထိုအကြည့်တွေကြောင့် ရင်နာမိပေမယ့် သူရာ ပြုံးနေလိုက်၏။ ပြီးတော့ ...

"သေချာတယ်ကွ .. နောက်တစ်ခါဆို မင်း ကိုယ့်ကိုပြေးထူမှာ မဟုတ်ဘူး၊ သေလိုက်ဆိုပြီး ကြည့်နေမှာ .."

"လောလောဆယ်တော့ ရှင်ကပဲ ကျွန်မကို ပွေ့လာရတာပါ .."

"မဆိုင်ဘူးလေ .. ကိုယ်လိုချင်တာ မင်းရဲ့စိတ်ပဲ .."

သူ ငုံ့မိုးကြည့်နေသည့် မျက်ဝန်းတွေကို ပြန်ကြည့်ရင်း ညာဏ့် မျက်ဝန်းလေးတွေက ဖျတ်ခနဲ သံသယလွှမ်းသွားပြီး ချက်ချင်း ပြန်ပျောက် သွားခဲ့၏။ ထို့နောက် ..၊

"ဟွန်း .. ခုလို ရှင်က ကြေညာလိုက်တော့ စိတ်ကိုလည်း မျိုသိပ် ဟန်ဆောင်ခိုင်းရတော့မှာပေါ့၊ ဒီမှာ–ကိုသူရာ .. စိတ်ပူတယ်ဆိုတာ သားအမိ မောင်နှမ ရင်းနှီးပတ်သက်ကြသူ၊ သွားလာရင်း အဖြစ်ဆိုးနေ တာကို အမြင်မတော်သူ အားလုံးမှာ စိတ်ပူတတ်တဲ့မေတ္တာစိတ်တွေရှိ ကြတယ် .."

"ဟုတ်လား .."

"ပြောပြတာပါ .. ကျွန်မ အပြုအမူအတွက် ရှင်တစ်မျိုးတွေးပြီး အထခဏ မူးလဲပြနေမှာစိုးလို့ .."

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

"ပြဒါး ..."

အိမ်ဝိုင်းထဲဝင်လိုက်တာနှင့် ဦးလေး ဦးကျော်မိုး က ဆီးကြိုစောင့်နေလျက် ..၊

"မင်းကိုတွေ့ချင်တဲ့ ဧည့်သည် ရောက်နေတယ် .."

ဘယ်သူလဲ ဘာညာမမေးဘဲ ပြဒါး က အိမ်ထဲတန်းဝင်ခဲ့၏ ဧည့်ခန်းမှာ ထိုင်နေတာ အသက်အရွယ်အားဖြင့် သူ့လောက်ပဲရှိမည့်ယောကျ်ားပို ဖြူပြီး အနည်းငယ်ပိန်သလိုရှိ၏။

ထို့ပြင် လည်ပင်းမှာ အသည်းပုံလော့ကက်လေးနှင့် ဘတ်ကြိုးတန်းကိုးဆွဲထားသည်။ ဘယ်ဘက်လက်ချောင်းတွေမှာ ရှန်းကြွပြူးပြဲနေသော စိန်မြရုံလက်စွပ်ကြီးတွေက တဝင်းဝင်း ..။

ထိုသူကို မြင်လိုက်တာနှင့် စိတ်ထဲမှာ သိရှိရင်းနှီးဖူးသလို ခံစားရကာ သူ့တစ်ကိုယ်လုံးက လက်ဝတ်လက်စားတွေကိုမြင်တော့ တော်တော်ရင်းနှီးသည့်အဖြစ်ကိုပါ တွေးမိလိုက်သည်။

သို့သော် .. ဘယ်သူဆိုတာ ဖော်လို့မရ ..၊

"ပြဒါး မင်း သူ့ကိုသိလား .."

ဒေါ်သက်ပိုင် မျက်နှာက ပြုံးချိုလို့ပါလား ..၊



ပိုင်သခင် တို့ ညီအစ်မတွေက ဧည့်ခန်းမှာ ထိုသူနဲ့ အတူရှိနေကြသော ဒေါ်သက်ပိုင် က ခုမှ ခန်းဆီးနောက်ကွယ်ကနေ ထွက်လာတာဖြစ်၏ ..

ပြီးတော့ လက်ထဲမှာ စာရင်းစာအုပ်နှစ်အုပ်နှင့် ...

"ဟဲ့ .. လာထိုင်လေ .."

"ကျွန်တော် ထမင်းဆာနေပြီ .."

"ပြဒါး ..."

ထိုသူက နေရာမှထရပ်လိုက်ကာ ပြဒါး ကို ရင်းနှီးသည့်လေသံနှင့် ခေါ်၍ ..၊

"ငါလည်း ဘာမှမစားရသေးဘူး၊ အပြင်မှာ တစ်ခုခုသွားစားရအောင် .."

စကားသံကြားလိုက်တော့ သေးတစောင်းဖြစ်သွားပြီးမှ ပြဒါး မျက်မှောင်ကုတ်သွားသည်။

ပြီးတော့ ဖျတ်ခနဲလှည့်ကြည့်၏။

ထိုသူက ပြုံးလိုက်ကာ ..၊

"ငါ့ကိုသိသွားပြီလား .."

"နေသူရာရှိန် .."

"အေး .. ဟုတ်တယ် .."

အားလုံးကတော့ 'သူရာ' လို့ပဲခေါ်ကြတာပါ။ သူ့ဆီကို သူရာ ကြာခဏလာခဲ့ဖူးသည်။ ထိုစဉ်က ငယ်တုန်းအချိန်မို့ ကိုယ်နဲ့ပတ်သက်ကြသည့် ပုဂ္ဂိုလ်တွေထဲက တစ်ယောက်ဆိုတာ သူ မသိခဲ့သေးပေ..။

ဒါပေမယ့် သူရာ က သဘောကောင်းသည်။ သူ့ဆီရောက်လာတိုင်း သူဖွေးသားပီပီ ကြွကြွရွရွသစ်လွင်တောက်ပနေတတ်ကာ သူ့လိုပဲ ပတ်ချင်လား၊ သူနဲ့နေမလားစသည့်မေးခွန်းတွေလည်း မေးတတ်ခဲ့၏။

"မင်း ငါနဲ့နေမယ်ဆို မေမေ့ကိုပြောပေးမယ် .."

"ဘာလို့နေရမှာလဲ .. မနေဘူး .."

www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လိုပြောလိုက်မိတာလဲ ...၊

"ရှင် ကိုယ့်အိမ်ကို ပြန်လာတာမဟုတ်ဘူးလား .."

"ကိုယ် ..."

"သွားစရာရှိရင် သွားပါ .. ကျွန်မ ရှင့်ကို တားနေတာမဟုတ်ဘူး.."

"မဟုတ်ဘူး ညဏ် .. ကိုယ်ပြောတာက .."

"ရှင် ဟုတ်တာတွေပြောနေသလား မဟုတ်တာတွေလားဆိုတာ ရှင့် အမူအရာတွေသိရအောင် အခန်းသွားဝင်ပြီး မှန်ကြည့်လိုက်ပါဦး.."

"ညဏ် .."

"ဒေါ်ငွမ်း ရေ .."

"ဟေ .. သမီးရေ .. လာပြီ .."

သူ ဘာမှမပြောလိုက်နိုင်ဘဲ ညဏ် က ဒေါ်ငွမ်း ကိုတွဲခိုင်းပြီး တုတ်ကောက်လေးတစ်ဖက်ကိုင်၍ အပြင်ထွက်သွားခဲ့၏။

"ပ၁း .."

စိတ်အိုက်ခြင်းသည် လည်ပင်းနဲ့ ကျောပြင် ရင်ပြင်တွေမှာ ရေမွှေးငွေ့တွေနဲ့ ပေါင်းတင်ခံလိုက်ရသလို တစ်ကိုယ်လုံး အစိုပြန်လာခြင်းက နေရခက်လေသည်။

ဟုတ်သည်။ သူမ ဒီတိုင်းပဲထင်နေပါစေ ..။ ကိုယ်က မကြာခင်မှ သူမနဲ့တကွသော အရာရာကို စွန့်လွှတ်ကျောခိုင်းသွားရတော့မည့် သူ ..။

ကိုယ့်ကို တွယ်တာခြင်းဖြင့် ကျန်ရစ်ခဲ့အောင် ဖန်တီးလို့မဖြစ်၊ ညဏ် သူ့အပေါ်မှာ မကောင်းမြင်သမျှ ဘာဖြစ်လို့ ဝမ်းနည်းရမှာလဲ..၊

ကိုယ့်စိတ်ကို တင်းလိုက်ရင်း အခန်းထဲကနေ ထွက်လာခဲ့မိသည်။ ညဏ့် အိပ်ခန်းကို သူ ဝင်ထွက်သွားလာခွင့်ရှိပေမယ့် အုံးစက်ရာအတူနှဲပြီး ချစ်ပွဲဝင်ခွင့် မရှိပေ ..။

"ကျွန်မတို့ချင်း နားလည်ချင်တယ်၊ လူကြီးတွေ မပါကြေးပေါ့.." လို့ ညဏ် ပဲ စတင်ဆွေးနွေးခဲ့တာဖြစ်သည်။



မင်္ဂလာဦးညတညက ခွဲခွာခဲ့ရခြင်းဟာ သူမနဲ့ကိုယ့်အတွက် ဘယ်သောအခါမှ ရင်းနှီးခွင့်မရှိတော့အောင် စည်းတားခံလိုက်ရခြင်းပဲဖြစ်သည်။

ဆေးရုံပေါ်မှာ တစ်ယောက်ဘစ်ခန်းစီ ဆေးကုသမှုခံယူခဲ့ရသည့် ကြင်စဦးဖနီးမောင်နှံအဖြစ် ရာဇဝင်သစ်တွင်ရစ်ခဲ့သူတွေဟု မိတ်ဆွေတချို့က စနောက်ကြသေးသည်။

အစမကောင်းခဲ့ ခဲ့င်းက အနှောင်းမသေချာခြင်းဆိုသော်လည်း သူတော့ ထိုအဖြစ်သနစ်တွေကိုပဲ ကျေးဇူးတင်ရဦးမှာပါ။

အကယ်၍သာ သူမကို သူ့ဘက်က ကြင်နာခွင့်ကွမရအရယူခဲ့လျှင် သို့တည်းမဟုတ် ..၊

ရင်းနှီးမှုတွေနဲ့ ဆက်နွယ်သော သံယောဇဉ်ဖြင့် ညဏ့် ဘက်က ည့်လိုက်လျောမှုတွေ ရှိထားခဲ့လျှင် ခုလောက်ဆို မခွဲနိုင်မခွာရက်သော ချည်နှောင်မှုတွေဖြင့် စွန့်လွှတ်ခွဲခွာနိုင်ဖို့ ဘယ်လိုရင်ဆိုင်ရမလဲ..၊

မကြင်နာကြတာပဲ ကောင်းပါတယ် .. ညဏ် ..၊

❤

www.burmeseclassic.com

www.burmeseclassic.com



နေကာ ..။

"အလည်လာတယ် .. ဟုတ်လား .."

"အဲ့လိုပြောလို့လည်းရပါတယ်၊ ဒါပေမယ့် ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စလေးရှိလို့ တိုင်ပင်ချင်လို့ဝင်လာတာပါ .."

"ဝင်လာတာဆိုတော့ .. တကူးတက မဟုတ်ဘူးပေါ့ .."

တကူးတကလာတာမဟုတ်မှန်းသိကာမှ ဘဝင်ကျသွားပုံဖြစ်ကာ 'တိုင်ပင်ချင်' လို့ ဆိုသည့်စကားမှာလည်း နင်ပြန်၏။ သို့သော် ...

"သူရာ .."

ပြဒါး က မသက်ဆိုင်သည့်စကားတွေအပေါ်မှာ အကြီးအကျယ် စိတ်ပျက်နေသည့်မျက်နှာမဲ့မဲ့နှင့် ...

"ငါနဲ့ပြောဖို့ရှိတာဆိုရင် သွားမယ် .."

ကြည့်စမ်း .. သူများတွေစကားပြောနေကာမှ ချက်ချင်း ..။

"ခွင့်ပြုပါဦး အန်တီ .. အန်တီတို့အတွက် လက်ဆောင်တွေပါလာတယ်၊ ခဏနေရင် ဒရိုင်ဘာကို ပို့ခိုင်းလိုက်ပါ့မယ် .."

"အိုကွယ် အားနာစရာကြီး .. အဝေးကြီးကလာပြီးတော့ ချက်ချင်းတော့ ပြန်မသွားနဲ့ဦးနော် .."

လွှမ်းစရာတွေ ရေရွတ်မြည်တမ်းနေပေမယ့် နေသူရာ က ထွက်သွားပြီဖြစ်သည်။ ဒေါ်သက်ပိုင် တစ်ယောက်တည်း ကိုယ့်စကားကို အဆုံးသတ်ရင်း ဦးကျော်မိုး ဝင်လာတော့ ခံစားချက်တွေ ပွင့်အံထွက်၏။

"ကျွန်မတို့လက်ထဲရောက်လာတဲ့ကလေးသာ သူရာ လို လိမ္မာယဉ်ကျေးသမှုလေးနဲ့ ဖြစ်နေရင်ဘယ်လောက်ကောင်းလိုက်မလဲနော်.."

"ရွှေပင်နားတော့ ရွှေကျေးကိုးကွ .."

"ဘယ်လို .."

"ဟုတ်တယ်လေ .. ငါတို့ မင်းတို့က ပြဒါး ရဲ့ လက်ဦးဆရာတွေပဲ"

"ဘာမှမဆိုင်ဘူး .. ကလေးဘဝမှာတည်းက သူ့ဗီဇနဲ့ သူလာကြတာ .."

"ဒါဆိုလည်း ဘာလို့တမ်းတနေလဲ .. ဒီကောင်လေး စကားပြောတတ်ပြီဆိုတည်းက ပြဒါး လို့ခေါ်လိုက်ရင် 'ဘာလ' နဲ့ စခဲ့တဲ့ကိစ္စ၊ ပြဒါး ပါးစပ်က 'ဗျာ .. ဟုတ်ကဲ့' ဆိုတာ ကြားဖူးလား .."

"အဲဒါလည်း ကျွန်မတို့သင်ခဲ့ကြတာပဲ သူကိုက .."

"မင်း အပြစ်မရှိဘူးထင်ရင် ပြီးတာပဲကွာ ..၊ ဘာလို့ပြောနေလဲ.. ခုမှ .."

"နောင်တရမိလို့ပါ .."

"ဘာကိုလဲ .."

ဒေါ်သက်ပိုင် မျက်နှာက အပြစ်ရှိသူလို မလုံမလဲတစ်ချက်တော့ဖြစ်၏။ ပြီးမှ ပြဒါး တို့ ထွက်သွားကြတဲ့ဆီ လှမ်းကြည့်လိုက်ပြီး ..။

"သူတို့ ပျောက်သွားကြတည်းက ကလေးအတွက် စရိတ်စကတွေ ချပေးခဲ့ပြီး မပတ်သက်ချင်တော့လို့ ခြေရာဖျောက်သွားကြတယ်မှတ်တာလေ .. ခုပုံစံကြည့်ရတာ ပြဒါး ကို ပြန်လာကြည့်တဲ့ပုံပဲ .."

"မဟုတ်ပါဘူးလို့ ပြောသွားတယ်မို့လား .."

"ဒါကတော့ရှင် .."

"ဘာလဲ .. ပြဒါး ကို ကောင်းကောင်းဆက်ဆံခဲ့ရ ကောင်းသားလို့ နောင်တရနေတာလား .."

"မဟုတ်ဘူး .. အိမ်က သမီးတစ်ယောက်ယောက်နဲ့ လက်ထပ်ပေးထားခဲ့ရင် ကောင်းမှာလို့ တွေးမိတာ .."

ဦးကျော်မိုး က အံ့ဩသည့်မျက်နှာကြီးဖြစ်သွားလျက် ..။

"ချက်ချင်း သမက်တော်ချင်သွားတာ ငါတောင် လိုက်မမီပါလားသက် ရယ် .."

"ဟွန်း .."

ခနဲ့လိုက်မှန်းသိသောကြောင့် ဒေါ်သက်ပိုင် က ရှက်မျက်စောင်းနှင့် မျက်နှာလွှဲ၏။

"အဲ့ဒီကိစ္စမျိုး ငါ စကားစခဲ့တုန်းကတော့ မင်း ဘာပြောခဲ့သလဲ

www.burmeseclassic.com



"ကိုယ့်ဖုန်းမို့လား .. ကိုယ် ဖြေလိုက်မယ်နော် .. ပေး .."

ဉာဏ် က သူရာ့ ကို လှည့်ကြည့်လိုက်ပြီး ဖုန်းကို တော်တော်နဲ့ မလွှတ်ပေ ..။ သူရာ ကလည်း လုမယူပါ၊ မျက်လုံးချင်းဆုံနေရင်း ခေါင်းညိတ်ပြီး ထပ်တောင်းၿ၏။ ထိုအခါကျမှ ဉာဏ် က လျှော့ပေးလိုက်ကာ..၊

"ရှင့်မိတ်ဆွေဆိုတာတွေကို ယုံကြည်မှုထားလို့ရပါ့မလားဆိုတာ စဉ်းစားဖို့လိုပြီထင်တယ် .."

ဖုန်းနံပါတ်ကိုကြည့်လိုက်ရင်း ပြဒါး ဆိုတာသိလိုက်သဖြင့် သူရာ စိတ်ညစ်သွားမိသည်။

ဘယ့်နှယ် ငြိမ်းချမ်းစေချင်လို့ သံတမန်လွှတ်ကာမှ တုတ်ထမ်းဓားရမ်းပြီး ဝင်လာရသလား .. ဒီကောင် ..။

"ရှင် အပြင်မှာ လွတ်လွတ်လပ်လပ်သွားပြောပါ .."

"အင်း ပြီးမှ ကိုယ် ရှင်းပြမယ်နော် .. သူက .."

ဖုန်းက ခဏလေးတိတ်ကျသွားပြီး ချက်ချင်း ပြန်အော်၏။

"ကျွတ် .."

သူ စကားပြောလို့မရအောင်ဖြစ်လာသဖြင့် ခေါင်းတစ်ချက်ဖွရင်း လှည့်ထွက်လာခဲ့သည်။ ခြံထဲထိ ပြန်ဆင်းခဲ့ပြီးမှ ..၊

"ပြဒါး .."

"ပြဿဒါး လို့ မင်း ငါ့ကိုခေါ်ချင်နေပြီမို့လား .."

ပြဒါး ကလည်း သူ့အသံကြားတာနှင့် အတိအကျဝေဖန်၏။

"မခေါ်ချင်ပါဘူးကွာ .. မင်း ဘာတွေပြောလိုက်လို့လဲဆိုတာ သိချင်နေတာ .."

"ဘာလဲ .. မင်းရဲ့ မဟေသီ ဖောင်းပွန္နန်းမြင့်သွားလို့လား .."

"ပြဒါး .."

"ဘာလဲ .."

"မင်းကို ငါ သူနဲ့ ရန်ဖြစ်ပေးဖို့ ကမ်းလှမ်းခဲ့တာမဟုတ်ဘူး .."

"ငါကလည်း ရန်ဖြစ်ဖို့မဟုတ်ဘူး၊ ဒါပေမယ့် မတတ်နိုင်ဘူး .."



"မတတ်နိုင်လို့ မရဘူးလေ၊ မင်း လူကမလာသေးဘူး အသံ မက်ဆေ့ချ်နဲ့ပဲ ဒီမှာ အကြိုစစ်ခင်းပြီးနေပြီ .."

"ဟား .. ဟား .. ဟား .."

"ဘာရယ်တာလဲ .."

"ငါ့ ကာရိုက်တာက ဒီတိုင်းပဲ သူရာ၊ ပြောနေကျအတိုင်း ပြောလိုက်တာပဲ .."

"ဘာတွေပြောလိုက်တာလဲ .."

"မင်း မဟေသီက ပြန်မပြောဘူးလား .."

"ကစ်လုံးမကျန် ပြန်ရွတ်ပြပြီးတိုင်ရအောင် ကလေးမှ မဟုတ်ဘဲကွ .."

"ငါကလည်း မင်းမေးသမျှ ပြန်ရွတ်ပြရအောင် ကလေးမဟုတ်ဘူး .."

"အေးပါ .. ပြီးခဲ့တာတွေကို ငါသိရရင်လည်း မင်းစကားတွေကို မိုင်းနပ်စ်ထိုးပြီး ပြန်ဆွဲထုတ်လို့မှ မရတော့တာ .."

"ဟုတ်တယ် .."

"နောက်ထပ် မဖြစ်စေနဲ့ကွာ .."

"ဖြစ်ချင်လို့ ဖြစ်လိုက်တာ မဟုတ်ဘူးဆိုမှ .."

"မင်း ဘာဖြစ်လို့ မလာသေးတာလဲ .."

"အစကတော့ မနေ့ညနေတည်းက လာဖို့ပဲ .."

"ခုရော .."

"ခုလည်း မလာနိုင်သေးဘူး .. ငါ့ကို ကွိုင်ရှာသွားတဲ့ မိန်းမတစ်ယောက်ကြောင့် တင်းနေတာ၊ စိတ်လိုလက်ရ အစီအစဉ်တွေအားလုံး အဲဒါကြောင့် ဗိုင်းရပ်စ်ကိုက်ကုန်လို့ .."

"ဘယ်လို .. ဘာဖြစ်တယ် .."

"ငါ့ကို မိန်းမတစ်ယောက် ပါးရိုက်သွားတယ် .."

"ဘာ !..."

www.burmeseclassic.com



အခန်း (၄)

"မင်းရဲ့ သွေးရှင်ရေးကိစ္စက ငါနဲ့ ဘယ်လိုပတ်သက်နေလို့လဲ.."

"ငါ့ကိစ္စက မပတ်သက်ပါဘူး၊ ငါ့စိတ်ကူးတွေကပဲ မင်းနဲ့ပတ်သက်ဖို့ တိုက်တွန်းနေတာ .."

"ဘာဆိုင်လို့လဲ .."

"ငါ့ပြဿနာအတွက် အကောင်းဆုံးဖြေရှင်းပေးနိုင်တာ မင်းပဲရှိတယ် ပြဒါး ..၊ ငါ မင်းကိုပဲ သတိရလိုက်တာ .."

ပြဒါး မျက်နှာက ထီမထင်မဲ့ပြုံးနှင့် အကျည်းတန်သွား၏။ လူမုန်းများသည့်အပြုံးကို သူ တစ်သက်လုံး ဂရုမစိုက်ဘဲ သုံးစွဲလာခဲ့တာ ဒီနေရာမှာ ပြုံးလိုက်ရတာ အဓိပ္ပာယ်အရှိဆုံး ..။

"မင်း စဉ်းစားပေးပါ .. ငါ့အတွက် ယုံကြည်ရဆုံး ငါနဲ့ အရင်းနှီးဆုံးက မင်းပါပဲ .."

"တစ်ခုမှ မဟုတ်ဘူး .. နေရာ .."

"ဟုတ်တယ် ပြဒါး .. မင်းဘက်က အမြဲတမ်း မီးနီပြနေပေမယ့် ငါ့ဘက်ကတော့ အမြဲတမ်း စိမ်းနေခဲ့တာပါ၊ ဒါကိုတော့ လက်ခံတယ်မို့လား .."

"မခံဘူး .."



ပြဒါး က ခေါင်းခါခြင်းနှင့်အတူ တုံးတိတိပြောလိုက်ပြီး ကြိမ်ဘုလားထိုင်ကြီးမှာ ကျကျနနမှီချလိုက်သည်။ ပြီးတော့ ဘာမှဆက်မပြောဘဲ မျက်လုံးရောက်လေရာ တစ်ဆိုင်လုံးကိုငေးကြည့်သည်။

တစ်ဆိုင်လုံးမှာ မြန်မာ့ယဉ်ကျေးမှုလက်ရာများနှင့် ခေတ်မီစွာ ပြင်ဆင်ထားကာ အနေတော် အေးစိမ့်နေသော လေအေးပေးစက်အရှိန်နှင့် အပြာနုနု မီးရောင်လေးပေးထားပုံက ရင်ကိုအေးချမ်းစေ၏။

ပြီးတော့ ပိုင်သဇင် ပြောလိုက်သည့်သတိရအောက်မေ့ဖွယ်စကားတို့ကို တွေးမိပြီး ပြုံးလိုက်မိသည်။

ပြောဆိုနေကြသည့် အကြောင်းအရာပေါ်မှာ စိတ်ပါဝင်စားခြင်းမရှိကြောင်း တမင်ပြနေတာလား၊ တကယ် စိတ်မဝင်စားတာလားဆိုတာ မသိ ..။

ဒါပေမယ့် သူ့အမူအရာတွေ လေသံတွေအားလုံးကို ဥပေက္ခာထား၍ နေသူရာ က စောင့်စားနေဆဲဖြစ်ကာ ..၊

"ပြဒါး ..."

"ဟင် .."

"မင်း တစ်ခုခုပြောမလို့မို့လား .."

"ငါ လက်မခံဘူးလို့ ပြောပြီးပြီလေ .."

"မင်း လက်မခံတာက ငါတို့ချင်း သံယောဇဉ်ကိစ္စပါ၊ အခု ငါ အကူအညီတောင်းနေတာ ဘဝအရေး ..."

"ပိုဆိုးတာပေါ့ကွ .. ငါက သူများဇနီးမယားကို ကြာကူလီရိုက်မယ့်ကိစ္စ .."

"မဟုတ်သေးပါဘူး .."

"စစ်တုရင်ခုံပေါ်က ဘုရင်မကိုပဲ ငါက စိတ်ဝင်စားတာ၊ မင်းနဲ့ မင့်မိန်းမ ဘယ်လိုအာဏာပါဝါတွေရှိနေနေ .."

"ပြဒါး ငါပြောတာ အဲ့ဒီလိုပြင်းပြင်းထန်ထန်ကြီးမဟုတ်ဘူး .."

"ပြင်းထန်တာ နူးညံ့တာတွေ လာခွဲမနေနဲ့ သူရာ၊ ငါကငါ မင်း

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ငါ မင်းခြံရှေ့ ရောက်နေပြီ .."

"ဘာ!..."

ဖုန်းထဲက သူ့ရဲ့ 'ဘာ' သံကြီးကြောင့် သူ ပြုံးလိုက်မိသည်။

"ပြဒါး .."

"ပြော .."

"မင်း .. မင်းလာမယ်ဆို ငါ ကားလွှတ်လိုက်မယ်၊ ကြိုပြောပါဆိုတာကို .."

"အရှိကိုအရှိတိုင်းပဲကွာ .."

"အရှိအတိုင်းမဖြစ်ပါဘူးလို့ ငါပြောပြီးသား .. ကျွတ် .."

"အိုခေ .. ငါရောက်နေပြီ .."

ဖုန်းချပစ်လိုက်ပြီး ဒီဘက်လက်နဲ့ ဘဲလ်နှိပ်လိုက်သည်။ ကားရေဆေးနေသည့်လူက လှမ်းကြည့်၏။ သူ ထပ်နှိပ်လိုက်မှ လက်လှမ်းပြပြီး တဖားဖားပြေးလာကာ ..၊

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ .. ငါ့ညီ .."

"ဒီကခေါ်တဲ့ ဘဲလ်သံက ဘယ်ရောက်သွားတာလဲ .."

"ငါ့ဆီရောက်တယ်လေ .."



ထိုသူက သူ့ရင်ဘတ်သူ ပုတ်ပြကာ ခြံဝင်းအတွင်းက ဂိုဒေါင်ငယ်လေးကိုလည်း မေးဆတ်ပြ၍ ..၊

"ငါ့အိမ်ထဲက မြည်သံကို ငါကြားတာပေါ့ .. ဘာဖြစ်လို့လဲ .."

"ကျွန်တော်က ခင်ဗျားကို ခေါ်တာမဟုတ်ဘူး၊ ခင်ဗျားက ခြံစောင့်လား .. ဒရိုင်ဘာလား .."

"ဗို့(သ်) .. ဟဲ .. ဟဲ .."

လက်နှစ်ချောင်းထောင်ပြပြီး သူ့စကားသူ သဘောကျကာ ရယ်နေသေးသည်။ ပြဒါး ဆံပင်တွေ သပ်ရင်း ပြုံးမိ၏။

"ဒါဆို ခင်ဗျား အပြင်သွားနေရင် တံခါး ဘယ်သူလာဖွင့်မှာလဲ.."

"ခုထိတော့ အဲဒီအစီအစဉ် မသိသေးဘူး .. ငါက အလုပ်ဝင်တာနှစ်ရက်ပဲရှိသေးတာ .."

"တံခါးဖွင့်စမ်းပါ .. ကျွန်တော်က သူ့ရဲ့ သူငယ်ချင်း .."

"ဟင်!..."

ထိုသူ မျက်လုံးဝိုင်းသွားသည်။ ပြီးတော့ ပြဒါး ကို သေချာကြည့်ကာ ..၊

"ညှို့သည်ကား လာမယ်လို့ အစ်ကိုလေးက ပြောထားတယ် .. မင်းက .."

သူ့တစ်ကိုယ်လုံးကို အထက်အောက် မျက်လုံးကြီးဆွဲသွားကာ..၊

"ခြေထောက်နဲ့ .."

"ဟုတ်တယ် .. ကားနဲ့လာတာမဟုတ်လို့ မဖွင့်ဘူးဆိုလည်း ပြောဗျာ .. ပြန်မယ် .."

"ဟာ .. နေပါဦး .. ခဏ .. ခဏလေးပါ၊ ခဏလေးသည်းခံပါကွာ ဖုန်းလေးတစ်ချက်ပဲဆက်မှာ၊ ဂျူတီအစ်(စ်)ဂျူတီပေါ့ .. အိုခေ.."

ဒရိုင်ဘာကတော့ ခင်ဖို့ကောင်းသား ..၊

ခေါင်းတစ်ချက်ခါရင်း ပြုံးလိုက်မိသည်။ ခဏကြာတော့ ဗျာပျာ

www.burmeseclassic.com



"အဲဒါမှားသွားပြီ သူရာ .. ငါက သစ္စာလမ်းထဲက အနုပ်စုတ်ဂုတ်စုတ်ကောင် .."

"တော်ပါတော့ ပြဒါး ရာ၊ ငါ ဖြစ်စေချင်တာ အခု မင်းမှာ စိန်ရွှေရတနာအသိုင်းအဝိုင်းအဆောင်အယောင်တွေနဲ့ မဟုတ်ဘူး၊ မင်းက ငါ့ညီဝမ်းကွဲ၊ ပြီးတော့ ဘာကိုမှ မမက်မော ဂရုမစိုက်တတ်တဲ့သူ .."

"မမက်မောဘူးဆိုတာ မမြင်ရသေးလို့ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဘာဖြစ်လို့ ယုံနေတာလဲ .."

"မက်မောသွားလည်း ငါ ကြည်ဖြူတယ်၊ မင်း မမက်ဘူးဆိုလည်း အားလုံးက မင်းလက်ထဲကို အလိုလိုရောက်လာမှာပဲ၊ ငါပြောချင်တာက ငါ မသေခင် မင်းနဲ့ ဉာဏ်လေး ကို ရင်းနှီးသွားစေချင်တယ်၊ သူ့ဘက်ကို ဘာမှမသိစေဘဲ ငါ့ညွှန်သည့်အဖြစ်နဲ့ပဲ မင်း သူ့ကို ရင်းနှီးဖို့ကြိုးစားပေးပါ .."

"မရင်းနှီးခဲ့ရင်ရော .."

"ဘယ်လို .."

"မင်းထင်သလို ဖြစ်မလာခဲ့ဘဲ အဲဒီကိစ္စပျက်သွားခဲ့ရင် ငါက ဘာရမှာလဲ .."

"ငါ မင်းနဲ့ အပေးအယူလုပ်နေတာ မဟုတ်ဘူးလေ၊ ငါ မျက်ကွယ်ပြုသွားတဲ့နောက်မှာ မင်းတို့ချင်း ညားသွားရမှာ .."

"ငါ ဘယ်တော့မှ သတိမှာမဟုတ်တဲ့ မိန်းမကို လက်ထပ်ပါ့မယ်လို့ မင်းကို အာမ မခံနိုင်ဘူး .."

"ပြဒါး .."

ဒီစကားကျမှ ရဲခနဲဖြစ်သွားသည့် နေသူရာ မျက်နှာမှာ ဒေါသငွေ့တို့နှင့် ..၊

"မင်း အဲ့လောက်ထိ ရင့်ရင့်သီးသီးမပြောပါနဲ့ .. ငါတို့က .."

"ဘာလဲ .. ရုပ်ရှင်ဆန်ဆန်တွေပြောမလို့လား၊ မောင်လိုနှမလိုနေခဲ့ကြတာပါဆိုတာတွေ .."



"ရုပ်ရှင်ဆန်ဆန်မပြောချင်ပေမယ့် တကယ့်အဖြစ်က စိတ်ကူး...ဘာထက်ပိုပြီး ခါးသီးခဲ့တာတွေရှိတယ်ဆိုတာ မင်း ယုံစေချင်တယ်၊ ...ဘာပြောပြော မယုံကြည်ဘူးဆိုရင်တောင် ဉာဏ်လေး အပေါ် မင်း...သပ်ပြီး မဝေဖန်လိုက်ပါနဲ့ ...ငါ တောင်းပန်ပါတယ် .."

"ဝေဖန်တာမဟုတ်ဘူး .. ငါ့ဘက်က ပြောဖို့လိုလို့ ထည့်ပြောနေရ... .."

"ဘာအတွက်လဲ .."

"သူက ဘာမှမသိပေမယ့် ငါ့ဘက်က အားလုံးသိနေတာ၊ ငါ ဘယ်လို...သားတဲ့စိတ် မဝင်နိုင်ဘူး၊ အဲဒါ သေချာတယ် .."

"မသေချာသေးပါဘူး .. ဉာဏ်လေး နဲ့ မင်း တွေ့ကြည့်ပါဦး.."

"ဘာလဲ .. နတ်သမီးလောက်လှနေလို့လား .."

"ဘာပဲဖြစ်ဖြစ် ဆုံးဖြတ်မစောဖို့ပြောတာပါ .. ကဲ .."

သူ့ဘက်က အစီအစဉ်မရှိခဲ့သည့် စကားကို ပြောဖို့ နေသူရာ တော်...အားယူနေရကာ ပင့်သက်ရှိုက်ပြီး အတန်ကြာမှုတ်မထုတ်ဘဲ ငြိမ်...၊ ပြီးတော့မှ ...

"ငါ မင်းပြောသလို အပေးအယူကိစ္စထည့်ပေးပါ့မယ်၊ နှစ်ချက်ရှိ...ဘာ .. နံပါတ်တစ် ဘဘ ဦးစိုးကျော်ရ တို့ ဘယ်မှာရှိကြသလဲဆို...ါ ပြောနိုင်တယ်၊ သူတို့နဲ့ မင်း အဆင်ပြေတဲ့အထိ ငါ ကူညီ .."

"နောက်တစ်ချက်ပြော .."

"ဒီကိစ္စ ပျက်သွားခဲ့ရင်လည်း မင်းအတွက် သိန်းတစ်ရာ ငါ ပေးမယ်.."

"နှစ်ရာ .."

"ပြဒါး .. ငါပေးရင် သိန်းတစ်ထောင်ပဲဖြစ်ဖြစ် မင်းဒါပဲ သုံးခွင့်...ဘဘဦးစိုးကျော်ရ တို့နဲ့ ဆက်သွယ်ပြီး မင်းဘဝ လူမှန်နေရာမှန်...ရင် မင်းက တတိယမြောက် မြေးအရင်း .."

"ငါ မေးတာကိုပဲဖြေ သူရာ .. အပိုတွေလျှောက်မပြောနဲ့၊ ငါ့မှာ...ဘဆွေမျိုးမှ မရှိဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ငါ ထပ်မေးချင်တယ်၊ သူတို့က လက်ခံမှာမဟုတ်ဘူ ထင်ထားလို့ အောက်ကျမခံနိုင်တာမျိုးလား၊ တကယ်တော့ မင်းအမေ

"နေသူရာရှိန် ..."

"ပြဒါး .. ငါက .."

"မင်းနဲ့ ငါ ပြီးပြီ .."

"နေပါဦး .. ဆောရီးပါ .."

သူ ထရပ်လိုက်တာနှင့် သူရာ က လက်ကိုပြန်ဆွဲထားကာ –

"မင်း ပြောသလောက်မကဘူး .. ငါ မင်းကို လက်မှတ်ထိုးပြီ ချက်လက်မှတ်တစ်စောင်ပေးမယ်၊ ကြိုက်သလောက် မင်းချရေးလို ပါ၊ ငါ ငွေမပေးချင်လို့မဟုတ်ပါဘူး .."

"ပြီးတာပဲ .. ငါ လိုအပ်နေတာ ငွေ .. မိသားစုမဟုတ်ဘူး –

ငွေရပေါက်ရလမ်းကို ကွေးမိသွားပြီးမှ လက်ခံရေးအစီအစဉ် မြောက်သွားတာမှန်း နေသူရာ နားလည်လိုက်ကာ သက်ပြင်းချ

ပြဒါး ဆိုသည့် လူငယ်တစ်ယောက်၏ဘဝက အခြေမဲ့စွာ ခဲ့ပြီး ခြေတစ်ဖက်ကျိုးဘဝနှင့် ပျံသန်းနေတာနဲ့ တူ၏။

တောင်ပံညောင်းလို့ ဆင်းသက်နားတော့မည်ဆိုရင်တောင် ခို ရပ်နိုင်ဖို့ အင်အားရှိပါ့မလား၊ ဒါပေမယ့် ကိုယ့်ဘဝကိုယ် ခြေတစ် ကျိုးပါလားလို့တွေးပြီး ဘယ်တုန်းကမှ ကြောက်လန့်အားငယ် မသိခဲ့တဲ့ ပြဒါး လုံခြုံတဲ့ ကွန်းခိုရာတစ်ခုခုရှိဖို့လိုအပ်မှန်း တစ် သိလာမှာလား .. မသိတော့ဘူးလား ..။

သူ့အတွင်းစိတ်တစ်နေရာမှာ ကြောက်ရွံ့မှုတွေရှိလျက်နှင့် ဖုံး ဟန်ဆောင်နေနိုင်တာလား၊ ဒါ အစစ်အမှန်ပဲလား၊ ဘာပဲဖြစ်ဖြ လာခဲ့တဲ့ ပြဿနာတစ်ရပ်အတွက် ပထမတစ်ထစ်တော့ အောင်မြင် ပြီမို့ ကျေနပ်ရမှာပါ။

သို့သော် ..၊

"ပြဒါး ငါ နောက်ထပ်တစ်ခုတော့ တောင်းဆိုချင်တယ်



ရည်ရွယ်ချက်ထဲမှာ ငွေရဖို့အဓိကထားပြီး အလုပ်မလုပ်ပါနဲ့၊ ငါ ကိုငွေပေးပြီး ကိုယ့်သိက္ခာကိုယ်ချသလိုမဖြစ်ချင်ဘူး၊ ငါ့ယုံကြည်မှု နည်းနည်းတော့လေးစားသမှုရှိပေးဇ် .."

ပြဒါး က မျက်မှောင်ကုတ်ထားလျက် စူးစိုက်ကြည့်နေ၏။ ထိုစဉ် မှာထားသည့် စားစရာတွေ ရောက်လာ၏။

"ညဏ်လေး က ငါ မထိရက် မရှုရက်အောင် အရိပ်ကြည့်မြတ်နိုး ခဲ့တဲ့ မိန်းကလေးပါ၊ သူ့ကို အခြားသူလက်ထဲ ထည့်ဖို့ တွေးလိုက်တော့ မင်းကို သတိရလိုက်တာ ချစ်ခင်ယုံကြည်တဲ့ သံယောဇဉ်သက်သက်နဲ့ တာ အရိုးသားဆုံး ပြောတာပါ .."

ပြဒါး မျက်နှာက ခပ်ပေါ့ပေါ့ပြုံးရိပ်တစ်ချက်ဖြစ်သွား၏။ ပြီး တော့ အငွေ့တထောင်းထောင်းနှင့် စားစရာတွေဆီ မျက်လုံးဝေ့ကာ...

"အကောင်းဆုံးတွေ မှာထားတာလို့ မင်းပြောတာပဲ၊ ဒါပေမယ့် ကြည့်လိုက်တော့ ငါ စားချင်တာတစ်ခုမှမပါဘူး .."

"စားချင်ချင် မစားချင်ချင် အတူတူစားကြဖို့ ငါက ဖိတ်ခေါ်ခဲ့ ..၊ ငါ ဦးဆောင်ခေါ်လာတာဆိုတော့ ငါ့စေတနာနဲ့ မှာထားပေး တွေကို မင်း စားရမှာပဲ ..၊ ဟုတ်တယ်မို့လား .. လုပ်ပါ မင်း မကြိုက် ဆောင်ရပေမယ့် မြည်းကြည့်လိုက်ရင် ကြိုက်ရင်ကြိုက်မှာပေါ့ .."

ပြဒါး က ရယ်သည်။ နေသူရာ က လိုက်ရယ်ပေမယ့် ခပ်ယဲ့ယဲ့ နှာနှင့် ..၊

"မင်း ဘာတွေပြောနေနေ ငါ မင်းကို ယုံကြည်တယ် ပြဒါး .."

ဘာတွေရှိခဲ့လို့ ဘယ်လောက်ထိ ယုံထားသလဲဆိုတာတော့ မသိ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"နေပြည်တော်ဆိုပြီး ပြည်ကို ရောက်သွားတာလား သား .."

"ဒီလိုပဲ စိတ်ထင်ရာသွားနေမိတာ မမေ .. ဘောင်ရောက် မြော ရောက်ပဲ .."

"အဲဒီလို လျှောက်သွားပြီးတော့ စိတ်ချမ်းသာသွားရောလား -

ဘယ်လိုဖြေရမလဲ ..၊

သူ မော့ကြည့်လိုက်တော့ ရှေ့မှာ မတ်တတ်ရပ်ငေးနေသည့် မေ မျက်ဝန်းမှာ မျက်ရည်တွေပြည့်နေလျက် ..၊

"သား စိတ်မချမ်းသာပါဘူး၊ မေမေ့ရင်ထဲမှာလည်း မီးတော ပါပြီ သားရယ်၊ သားရဲ့ ဒီရောဂါကို ပျောက်ကင်းဖို့ မကြိုးစားသ ဘာဖြစ်လို့ ဉာဏ်လေး အတွက်ချည်းပဲ စိတ်ပူနေရတာလဲ .."

"ကျွန်တော် ..."

"မေမေ့မှာ သားနှစ်ယောက်ပဲရှိတာ၊ တစ်ယောက်က နိုင်ငံခြား အလုပ်လုပ်နေရင်း အိမ်ထောင်ပြုတယ်၊ မအေဆီကိုတော့ တစ်နှစ်တ လောက်ထောင် ပေါ်မလာတော့ဘူး .. အခု သားက .."

"ကျွန်တော်လည်း ဘယ်ဖြစ်ချင်ပါ့မလဲ မေမေ .. ကိုယ်ချစ် မိန်းမနဲ့ ပေါင်းဖက်ခွင့်ရတယ်၊ မိဘနဲ့လည်း နီးနီးနေရတယ်၊ လော စည်းစိမ်ကို ခံစားနိုင်ပါလျက်နဲ့ ကျွန်တော် ငရဲကျနေခဲ့တာ နှစ်နှစ်ေ ခဲ့ပြီ .."



ထိခိုက်ခဲ့ဖူးသည့် မျက်လုံးတွေက ကျိန်းနေလိုက်၊ ယားလာလိုက်၊ ခါတစ်ခါ အပြာရောင်ဟင်းလင်းပြင်ကြီးဖြစ်သွားတတ်သေးသည်။

ကင်ဆာရောဂါကြီးကို သူ ဘယ်လိုမှ မထင်မှတ် မသိလိုက်သည့် မှာ လက်ခံထားခဲ့ပြီးဖြစ်နေခဲ့၏။ ကိုယ်ကသာ မြင်မြင်ချင်းစွဲလမ်း ခင်ခဲ့၍ လက်ထပ်ရယူနိုင်ဖို့ ကြိုးစားခဲ့ရသည့် မိန်းကလေး ..၊

"ဉာဏ် အိမ်ထောင်သည်မဖြစ်ချင်သေးဘူး၊ လူကြီးတွေစကားကို ကြမှာပေမယ့် တစ်နှစ်နှစ်လောက်တော့ အချိန်ဆွဲထားချင်သေး ယ .." လို့လည်း သူမက ပြောခဲ့ဖူးသေးသည်။

ဒါပေမယ့် သူက တစ်ကိုယ်ကောင်းဆန်လောဘများနှင့် အမြန်ဆုံး ထပ်ယူခဲ့သည်။

"စင်ကာပူမှာ ကိုကိုကြီးတို့နဲ့ ဖက်စပ်လုပ်ငန်းကြီးတစ်ခု ထူထောင် အားလုံးသေချာပြီးနေပြီ၊ ကိုယ့်ရဲ့ဘေးမှာ မင်းရှိနေမှ အားလုံးကပိုပြီး နိမှာလေ၊ လူကြီးတွေ စီစဉ်မှာကို ကိုယ် မငြင်းပါရစေနဲ့ .."

လို့ သူ ပြောခဲ့သည်။ တကယ်တမ်းတော့ မြန်မြန်လက်ထပ်ပေးဖို့ ကိုယ်တိုင် နားပူခဲ့တာဖြစ်သည်။ ဒါပေမယ့် ..၊

"သူ ကျွန်တော့်ကြောင့် ခုလို ဒုက္ခိတဖြစ်ခဲ့ရတာ .."

"သားကတော့ .. သားကတော့ အနှဘဝဆုံးရတော့မယ်လေ၊ ကိုယ့် ယ်ကိုယ် သနားပါဦး သားရယ်၊ မေမေလေ သားကို ဒီရောဂါပျောက် ောင် .."

"မရတော့ဘူး မေမေ .. တွက်ကြည့်ရင် လေးလသာသာပဲ ကျန် တော့တာ .."

"အဲဒါတွေကို ဘယ်သူ့မှမပြောဘဲ ဖုံးကွယ်ထားခဲ့တာ သား သိပ် ာယ်သိလား .."

ဒေါ်မြတ်နိုးသူ က စကားမဆုံးခင် ပါးစပ်ပိတ်ပြီး ကြိတ်ရှိုက်သည်။ ဖြစ်ကို သိရပြီဆိုတည်းက တွေးမိတိုင်း ငိုရသည်။ ပြောမိတိုင်း ကြွဲ ေ၏။

www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူကတော့ မိဘမျက်ရည်တွေ ကိုယ့်အတွက် သံသရာ ကောင်းကျိုးတွေ ဘယ်လိုရှိရှိ လောကီကိုလည်း စိတ်မဝင်စား၊ လော ကုတ္တရာကိုလည်း ဂရုမစိုက်၊ အမေ ငိုနေတဲ့မျက်ရည်ထက် ချစ်သူတင် မျက်နှာသည်သာ ..။

"မင်းနယ်ကွယ် .. ကိုယ့်အသက်ရှင်သန်ဖို့ထက် ပိုပြီးတော့များ သူများကို သနားငဲ့ညှာနေရတယ်လို့ .."

ဒေါ်မမ က သံပုရာဖျော်ရည်ဖန်ခွက်ကိုင်ပြီး ထွက်လာကာ ဒေါ်မြတ်နိုးသူ ရဲ့ ရှေ့မှာ ညင်သာစွာချပေးလိုက်ပြီး ကိုယ်ကိုမတ်၍ ..၊

"ထိုင်စမ်းပါဦး .. မနက်ကမှ ပြန်ရောက်တယ်၊ အခု ဘယ်ထပ် ထွက်ဖို့ကြံနေပြန်ပြီလဲ .."

"မကြံပါဘူး .. ကျွန်တော့်မှာ လုပ်စရာရှိသေးတယ် .."

"အေး .. အဲဒီလုပ်စရာက အမေ စိတ်ချမ်းသာအောင် တစ်ခုတင် လေ ပါရဲ့လား .."

"မမ တော်ပါတော့ .."

ဒေါ်မြတ်နိုးသူ က အစ်မဖြစ်သူကို တားဆီးရင်း မျက်ရည်သုတ်သည်။

"မပြောလို့ မရဘူး သူသူ .. ငါလည်း ငါ့တူလေးကို ထိုင်ကြည့် နေချင်တာပဲ၊ သူ့အတွက် အသက်ကို ဉာဏ်နဲ့ဆက်မလား၊ ငွေနဲ့ဆက် ပေးရမလား တိုင်ပင်ဆွေးနွေးချင်တယ်၊ ဒါပေမယ့် နေထိုင်ပုံက ကြည့်ဦး"

"ကျွန်တော် ဘယ်လိုနေနေလို့လဲ ကြီးကြီး .. ကျွန်တော့်အတွက် မေမေနဲ့ ကြီးကြီးက မိဘအုပ်ထိန်းသူ၊ သူ့အတွက်ကျတော့ ကျွန်တော်က ပဲ ဦးဆောင်လမ်းပြရမယ့်သူ၊ သူ့အတွက် ကျွန်တော် မပူရတော့ဘူးလား -"

"ဟုတ်ပါတယ် .. သား ပြောတာမှန်ပါတယ် .."

ဒေါ်မြတ်နိုးသူ က မျက်ရည်မကျအောင်ကြိုးစား၍ အစ်မဖြစ်သူ ဘက်လှည့်ကာ ..၊

"သား စိတ်ချမ်းသာသလိုနေပါစေ မမရယ် .. မပြောပါနဲ့ .."

"မပြောပါဘူး .. ငါကလည်း သူ့ကို ဆေးကုသခံဖို့လေးပဲ အာ



ချင်တာပါ .."

"ကျွန်တော်လည်း ကျန်းမာချမ်းသာပြီး ကိုယ်ချစ်တဲ့သူတွေနဲ့ ...ုံးတိုင်နေချင်တယ် ကြီးကြီး .. ဒါပေမယ့် အားလုံးက လွန်ကုန် ကျွန်တော် .. ကျွန်တော် သွားရတော့မှာ .."

"တော်တော့ .. တော်တော့ .."

ဒေါ်မမ မျက်နှာအုပ်ပြီး လှည့်ဝင်ပြေးသွားလေသည်။ ယောက်ျား ...ယ့် သေမယ့်အရေးကိုတော့ နာကျင်ခံစားရပါသည်။ ပြီးတော့ ထို ...နိုးကပ်လာတာကိုလည်း ကြောက်ရွံ့မိသည်။

ထိန်းချုပ်နေသည့်ကြားက မျက်ရည်စက်တွေ ပါးပြင်ထက်သို့ ...င်းလာလျှင် မေမေ့ကို ကျောပေးရပ်နေလိုက်မိကာ ..၊

"ကျွန်တော် အခု မေတ္တာရိပ်မြုံကို ပြန်သွားရင် မေမေရော ကြီးကြီး ...လာခဲ့ကြပါနဲ့ .."

"ဘယ်လို!..."

"ကျွန်တော်က မေမေ့ရှေ့မှာတော့ ကလေးငယ်တစ်ယောက်ပဲဖြစ် ...ယ်၊ မေမေ့ကို မြင်လိုက်ရရင် ကျွန်တော် ဟန်လုပ်ထိန်းချုပ်ထား ...တွေ ကျိုးပေါက်ကုန်မှာပဲ၊ မေမေ မလာပါနဲ့နော် .."

"သားရယ် .."

"သူ့မိဘတွေကိုရော သူ့ကိုရော ကျွန်တော့်ရောဂါအကြောင်း ဘယ် ...မှာ ဖွင့်ပြောရမလဲဆိုတာ ကျွန်တော် နားလည်တယ်၊ အချိန်တန် သူတို့ကို ပေးသိမှာပါ .."

ပြောနေရင်း ဒေါ်မြတ်နိုးသူ ရှိရာကို လျှောက်လာခဲ့ပြီး ..၊

"ကိုကိုကြီးတို့ကိုလည်း လုံးဝမပြောလိုက်ပါနဲ့၊ ကျွန်တော်လေ.. ...တော့်ကြောင့် ဘယ်သူ့ကိုမှ မျက်ရည်လည်ရွဲနဲ့ သောကခံစားပြီး ...ခဲ့စေချင်ဘူး .."

"ဒါပေမယ့် သိခွင့်တောင် မရှိလိုက်ရဘဲ ရင်နာစွာကျန်ခဲ့ရမယ့် ...အတွက် သား မစဉ်းစားတော့ဘူးလားဟင် .."

www.burmeseclassic.com

www.burmeseclassic.com



"သိသာသိစေ မမြင်စေနဲ့တဲ့ မေမေ .. သူတို့ခံစားရသက်သာ
ပါ၊ ဒါပေမယ့် .."

သူ မေမေ့ရှေ့မှာ ခြေစုံရပ်သည်။ ပြီးတော့ တဖြည်းဖြည်းဒူးထော
ကျသွားခဲ့ရင်း မေမေ့ ခြေအစုံကို ပွေ့ဖက်ထားလိုက်ကာ ..၊

"မေမေ့ကို ပြောပြမိတာကိုတော့ ခွင့်လွှတ်ပါ၊ ကျွန်တော် .. ကျွန်တေ
မေမေ့ရင်ခွင်ထဲမှာ ခေါင်းချသွားချင်လို့ပါ .."

"သား ..."

"ကျွန်တော် မေမေ့ကို သိပ်ချစ်ပါတယ်၊ ကြီးကြီးတို့ကိုလည်
ချစ်တယ်၊ ကျွန်တော့်ရဲ့ နောက်ဆုံးအချိန်ကျရင် မေမေ့ရင်ခွင်ထဲ
ပြန်လာခဲ့ပါ့မယ်၊ မသေခင်အချိန်လေးမှာတော့ ဉာဏ်လေး အတွ
တာဝန်ကျေခွင့်ပြုပါနော် .. ကျွန်တော့်ကို နားလည်ပေးပါ .."

"နားလည်ပါတယ် သားရယ် .. သား စိတ်ချမ်းသာသလိုနေ၊ သ
စိတ်ချမ်းသာမယ်ထင်တာ ဘာဖြစ်ဖြစ်လုပ်ပါ၊ မေမေလေ .."

ဒေါ်မြတ်နိုးသူ သား ပခုံးကို ကိုင်ရင်း သူမပေါ် ထိုင်ကျသွားခဲ့ပြီ
သူရော မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့ ပွတ်သပ်ကြည့်သည်။

ပြီးတော့ ...

"ဒီရောဂါအကြောင်း ဘယ်သူ့ကိုမှ မပြောဘူး၊ သား မသိစေချ
တဲ့လူတွေ ဘယ်သူမှလည်း မသိစေရဘူး၊ သား စိတ်ချနော် .. ဉာဏ်လေ
ကိုလည်း မေမေ ချစ်ပါတယ် သားရယ်၊ သူ့အတွက် သား စိတ်ပူတ
မေမေ နားလည်ပါတယ် .."

အရာရာလည်း ကိုယ့်စိတ်ကြိုက် တစ်စုံတစ်ရာကိုမှ ရယူပိုင်ခ
ခွင့်မပေးခဲ့ဘဲ ..၊



## အခန်း (၆)

"မင်း တော်လောက်ရောပေါ့ ပြဒါး ရာ .. ရန်ကုန်ကိုရောက်နေ
တာ သုံးရက်ရှိပြီ .."

"ငါ မင်းအလုပ်မှ မလုပ်ရသေးတာ ဘယ်လိုနေနေ ဘာဖြစ်လို့လဲ.."

ဟိုတယ်လ် မှာ အခန့်သားနေပြီး အပြင်ထွက်လည်ပတ်စားသောက်
လိုက်၊ ဂိမ်းတွေဝင်ဆော့၊ ကာလပ်တွေထိုင်ပြီး နေသူရော့ ကိုတောင် မဆက်
သွယ်ဘဲနေခဲ့၏။

နေသူရာ က သူ့အိပ်ခန်းထဲဝင်လာပြီး ဟိုတယ်လ်ခုတင်ခြေရင်း
မှာ အပုံလိုက် တို့လို့တန်းလန်း ရှိနေသည့် ဘောင်းဘီရှည်တွေ၊ အကျႌ
တွေ .. ပြီးတော့ ရေချိုးခန်းပတ်သည့် ရေစိုစောင်တွေ လုံးထွေးပုံနေတာ
အားလုံးကို စိမ်ပြေနပြေ လိုက်ဖွေကြည့်၏။

ပြီးမှ စာကြည့်စားပွဲလေးဘေးက ခုံမှာ ဝင်ထိုင်လိုက်ကာ ..၊

"မင်းကို ဒီလို ပေနှစ်ဆယ်အခန်းလောက်လေးနဲ့ မဟုတ်ဘူး၊
စပါယ်ရှယ်လ် ဘတ်ဒ်ရူးမ်နဲ့ ကားနဲ့ ဒရိုင်ဘာနဲ့ ခိုင်းစရာလူတွေပါ
ငါ အားလုံး စီစဉ်ထားပြီးသား .."

"အဲဒါ ဘာဖြစ်လဲ .."

"ဒီလိုနေတာမှ လွတ်လပ်တယ်ထင်နေရင် မင်းကို စိတ်ကြိုက်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်လပ်လို့ရတယ်ဆိုတာတွေ ပြောပြတာ .."

"ငါ့ လွှတ်လပ်ခွင့်က မင်းပေးမှ ရမှာမှ မဟုတ်ဘဲ .."

"မဟုတ်ဘူး ပြဒါး .. ငါ မင်းကို သိစေချင်တာက ငါ့အတွက် တစ်ရက် တစ်နာရီက သိပ်အရေးကြီးနေတယ်ဆိုတာပဲ .."

ပြဒါး က အပေါ်အင်္ကျီဗလာနှင့် ဘောင်းဘီရှည်ပဲဝတ်ထားပြီး ခုတင်ခြေရင်းမှာပဲ သူ့ဘက်လှည့်ထိုင်လိုက်ကာ ...

"မင်းကိုလည်း ငါ မေးချင်တယ် သူရာ .."

"မေး .."

"မင်းလုပ်နေတဲ့ ကိစ္စကြီးက မင်း ဆုံးဖြတ်ရုံနဲ့ မပြီးဘူး၊ နှစ်ဖက် လူကြီးတွေက ရှိသေးတယ် .."

"အဲဒါကို ငါ မတွေးဘဲနေမလား .."

"မင်း တွေးတဲ့ထဲမှာ ဒီလူတွေသိသွားပြီး ငါ့ဘက်ကို ဘယ်လို လက်ညှိုးထိုးလာကြမလဲဆိုတာ ပါရဲ့လား .."

"မပါဘူး .. ပါဖို့မှ မလိုတာ .."

"ဘာဖြစ်လို့လဲ .."

"ငါ မသေခင် မင်းကိုငါနဲ့ အတူတူခေါ်ထားလိုက်တာ အဲဒါကြောင့်ပဲ၊ မေတ္တာရိပ်မြုံက ငါ့အိမ်ငါ့ခြံ .. ဘယ်သူ့ကိုခေါ်တင်ထားထား ငါ ရှိနေသရွေ့ ငါ လုပ်ပိုင်ခွင့်ရှိတယ်၊ ငါ မရှိတော့တဲ့အခါ မင်းလုပ်ပိုင်ခွင့်တွေဖြစ်လာဖို့က ဉာဏ်လေး ရဲ့စိတ်ကို မင်းအရယူနိုင်ဖို့ပဲ .."

ဒီစကားပြောမိစဉ် ရင်ထဲမှာ နင့်ခနဲဖြစ်သွားသည်။ ကိုယ်နဲ့ နှစ်နှစ်တာ အတူနေခဲ့တဲ့ ဇနီးမယားဆိုပေမယ့် သူ့ဘက်က ရယူပိုင်ဆိုင်နိုင်ခဲ့တာ ဘာရှိခဲ့သလဲ ...၊

မင်္ဂလာပွဲပြီးစ ကိုယ်ချစ်တဲ့ ချစ်ဇနီးလေးမို့ အားပါးတရ ပွေ့ပိုက်နမ်းရှိုက်ဖို့ ကြိုးစားမိတာတောင် သူမက မကြည်ဖြူ ...။

"ကျွန်မတို့ ဒီထက်ရင်းနှီးကြဖို့လိုမယ် သူရာ .."



ကိုယ့်ရင်ခွင်ထဲကနေ အေးစက်သော တုံ့ပြန်မှုနှင့် သူမက ရှောင်ငယ်ခဲ့၏။

"ကျွန်မ အဆင်သင့်မဖြစ်သေးဘူးထင်တယ် .. ဆောရီးပါ .." ဘဲ ..။

ဒါလည်း ဖြစ်သင့်တာပဲလို့ နားလည်ပေးခဲ့သည်။ သူမ မကြည်ဖြူဘဲ ခွတ်တရွတ် မနမ်းရက်အောင် လိုက်လျောချင်ခဲ့သည့်စိတ်က အတူတူနေထိုင်ရမည့် မေတ္တာရိပ်မြုံကို အတူထွက်လာခဲ့ကြတဲ့အထိ မငြိုမငြင်ပျော်ရွှင်နေတုန်း ...၊

ထိုညမှာပဲ မေတ္တာရိပ်မြုံကိုမရောက်လိုက်ဘဲ အက်ဆီးဒင့်ဖြစ်ခဲ့သည်။ သူတခြား ကိုယ်တခြား ဆေးကုသမှုခံယူခဲ့ကြရင်း စိမ်းသက်ခြင်းနှင့်သာ ခရီးဆက်ခဲ့ကြရသည်။

အိမ်ထောင်ဦးမှာပဲ ဒုက္ခိတဖြစ်သွားခဲ့သည့် သူမရင်ထဲမှာ မည်သို့ရှိသည်မသိခဲ့ပေမယ့် ထိုစဉ်က ကိုယ့်မှာ ကင်ဆာရောဂါဖြစ်လာဖို့ရှိတာကိုလည်း မသိခဲ့သဖြင့် သူမ စိတ်ချမ်းသာရေးကိုသာ သူ သည်းသည်းလှုပ်ကြိုးစားခဲ့သည်။

သူမကတော့ မိဘတွေထည့်ပေးလိုက်သည့် သူမဘက်က အထိန်းတော်တွေနဲ့သာ အတူရှိချိန်တွေများနေခဲ့ပြီး ...၊

"ပြဒါး .."

အတွေးတွေထဲကနေ နာကျင်မှုတစ်ချို့ကို ပြန်ဆွဲထုတ်ကာ ...၊

"ငါ သိပ်မြတ်နိုးတဲ့ မိန်းကလေးကို မင်း တန်ဖိုးမထားရင်တောင် အထင်မြင်သေးတဲ့ စကားမျိုးနဲ့ မဆက်ဆံပါနဲ့၊ အမိန့်ပေးတာမဟုတ်ဘူး တောင်းဆိုတာပါ၊ ငါ မင်းနဲ့ အဆင်ပြေစေချင်တယ်ဆိုတာ မထွက်နိုင်တဲ့ ကုန်ပုပ်တစ်ခုကို လျှော့ဈေးနဲ့ ထိုးကြိတ်ထည့်ပေးတာမျိုးမဟုတ်ဘူး၊ မြေပေါ်လည်း မပုံရက်၊ ခြုံပေါ်လည်း မတင်ရက်ဘူး၊ ဘယ်သူ့လက်ထဲကိုမှလည်း မထည့်ရက်တာ .."

www.burmeseclassic.com

www.burmeseclassic.com



"ငါ့လက်ထဲ ထည့်လိုက်တာ မင်း မှန်ပြီလို့တော့ မထင်သင့်ဘူး သူရာ၊ မင်းနဲ့ငါ ညီအစ်ကိုဝမ်းကွဲတော်ပေမယ့် ငါက စွန့်ပစ်ခံသား၊ ပြီးတော့ သေးနုပ်တဲ့ ပတ်ဝန်းကျင်မှာ ရှင်သန်ခဲ့တဲ့ ခပ်ရိုင်းရိုင်းကောင်.."

"ဘာတွေဖြစ်နေနေ လူတစ်ယောက်ကို ကြက်ခြေခတ်သင့်တဲ့ ငါ့ရဲ့ သတ်မှတ်ချက်တွေထဲမှာ မင်း မပါဘူး ပြဒါး၊ ပတ်ဝန်းကျင်မှာ မင်းကို ဘာတွေပြောနေပါစေ မင်းက ငါ့ညီပဲ .."

"သွေးကသွေးဆိုပေမယ့် ငါ မင်းအလုပ်ကို အောင်မြင်အောင် လုပ်နိုင်သည်ဖြစ်စေ မအောင်မြင်ရင်ဖြစ်စေ ငါ့အတွက်က ရမှာပဲ .. ငါ အဲ့လိုလုပ်သွားရင်ရော .."

"မင်း အဲဒီလိုလုပ်ဖို့ စိတ်ကူးဖြစ်မလာနိုင်ဘူး ပြဒါး၊ ဖြစ်လာခဲ့ရင်လည်း ငါ နောင်တမရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မြုံးမိနေတဲ့ ငါးတွေကို မြင်ရက်နဲ့ ဘယ်သူက ရေချိုးပြန်မှာလဲ၊ မင်း ရေချိုးပြန်မယ်ဆိုရင် ငါ့အတွက် လွဲသွားတယ်ပေါ့ .. ဒါပါပဲ .."

ပြဒါး က ရှုတည်တည်မျက်နှာကြီးနှင့် သူရာ ကို စိုက်ကြည့်နေ၏။ ပြီးတော့ ဆတ်ခနဲထရပ်လိုက်ရင်း အဝတ်အိတ်ကို သွားဖွင့်သည်။ အကျႌတွေ ရွေးဖယ်ထုတ်နေရင်း ..၊

"ခုထိတော့ ငါ အဲဒါကိုလုပ်ဖို့ လုံးဝ ဖီလင်မရှိဘူး သူရာ၊ မင်း ခံစားချက်ကို နားလည်လို့ အားတော့နာတယ် .."

ပြောနေရင်း လည်ပင်းလိမ်ပြီး လှည့်ကြည့်ကာ ..၊

"မင်း ငါ့ကို ငွေအရင်ထည့်ပေးမှဖြစ်မယ် ဒါပေမယ့် ငါကတော့ အောင်မြင်ဖို့ အာမမခံနိုင်ဘူး .."

"မင်းပြောဖို့ မလိုပါဘူး .. ငါ အားလုံးလုပ်လာပြီးသားပါ .."

ပြောနေရင်း ဂျာကင်အိတ်ထဲက စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်သည်။ ပြီးတော့ နောက်တစ်ရွက်ထုတ်၍ ..၊

"ဒီမှာ သိန်းတစ်ရာ ထည့်ထားတယ်၊ လက်မှတ်ထိုးထားပြီးသား၊



ခု သွားထုတ်ရုံပဲ .. ဒီမှာက ဘာမှ မရေးထားတဲ့အလွတ် ငါ့လက်မှတ်သည်း မပါသေးဘူး .."

"အဲ့ဒါ ငါ ဘာလုပ်ရမှာလဲ .."

"မင်းကြိုက်သလောက် ရေးလို့ရပြီဆိုရင် ငါ လက်မှတ်ထိုးပေးမှာ .."

"ဟား .. ဟား .. ဟား .."

"အဲ့ဒီလိုလေသံနဲ့ မရယ်နဲ့ ပြဒါး .. အလွတ်ကြီးပေးပြီး လက်မှတ်မပါဘဲ စော်ကားတာမဟုတ်ဘူး၊ ငါ့အတွက် နောက်ဆုံးဆိုတဲ့အချိန်ကျရင် မင်းနဲ့ ငါ့ကြားမှာ အီကွေးရှင်းမလိုဘဲ ငါ လက်မှတ်ထိုးပေးခဲ့မှာ၊ မင်းဘက်က မကျေပြွန်ခဲ့ရင်လည်း ငါ့စည်းစိမ်ဥစ္စာကို မင်း စားတာ ငါကျေနပ်တယ် .."

ပြဒါး မျက်နှာတစ်ချက်ပျက်သွားသည်။ သူရာ ဘက်က လိုက်လျောခြင်းတွေကို သူ ဥပေက္ခာထားလို့မရတော့အောင် ဒီကောင် ဘာဖြစ်လို့ ဖောချင်းသောချင်း ချပေးနေတာလဲ ..၊

သူနဲ့ ကိုယ့်အတွက် တွယ်တာခဲ့သည့်ကာလက ဒီလောက်ထိ ချည်နှောင်ခဲ့လောက်အောင် မဟုတ်ဘူးထင်သည်။

"တစ်ခုတော့ရှိတယ် .."

နေသူရာ စကားစလိုက်ပြီးမှ ပြဒါး မျက်နှာပြုံးစိစိဖြစ်သွားတော့ သူပါ လိုက်ပြုံးမိ၏။

ငယ်ငယ်တုန်းက 'တစ်ခုတော့ရှိတယ်' လို့ သူပြောလိုက်တိုင်း 'တစ်ဝက်စီစားမယ်' လို့ ပြဒါး က နောက်နေကျ။ ပြီးတော့ တစ်တစ်ခွခွ ကဲ့ရယ်သေးသည်။

"လူကြီးကြီးလို မပြောစမ်းပါနဲ့၊ မင်း ရုပ်က လူကပိန်သေးသေးနဲ့ နံ့ပြည်စုပ် .." တဲ့ ..။

"အဟွန်း .."

www.burmeseclassic.com

www.burmeseclassic.com



သေချာဆက်တွေးမိရင်း နေသူရာ အသံထွက်အောင် ရယ်လိုက်မိသည်။

"မင်း ငါ့ကို တစ်ခုတော့ ကတိပေး .."

ပြောပြီး ပြဒါး သဘောတူ မတူတာကို မစောင့်ဘဲ ..၊

"ငါနဲ့ မင်းရဲ့ အလုပ်ကိစ္စကို သက်တမ်းခြောက်လ သတ်မှတ်တယ် .."

ပြဒါး ပြောလာမှာကို ခဏစောင့်ပေမယ့် ဘာမှမပြောတော့မှ သူပဲဆက်၍ ..၊

"ငါကတော့ ခြောက်လမပြည့်ခင် .."

"သိပြီးသားကိုကွာ .. ဆက်ပြော .. ဘာလဲ .."

ဒါကို အပြောမခံဘဲ ဖြတ်ပြောပစ်လိုက်သဖြင့် သူသေမှာကိုများ ပြဒါး စိတ်မကောင်းဖြစ်သွားတာလားလို့ စိတ်ကူးယဉ်မိသေးသည်။

"ဒီရောဂါကြောင့် ငါ ဘယ်လောက်ပဲ နေခွင့်ရှိတော့တယ်ဆိုတဲ့ ကာလဇယားကို ငါသိလိုက်ရတဲ့အချိန်မှာ အရမ်းကို တုန်လှုပ်သွားခဲ့တယ်၊ တည်ငြိမ်ဖို့ကြိုးစားရမယ်လို့ သတိဝင်လာတဲ့အချိန် ငါဘာတွေကြိုတင်ပြင်ဆင်ရမယ်ဆိုတာ တွေးမိလာတဲ့အချိန်မှာ ငါ့အတွက် အချိန်တွေက အရမ်းကို လျှော့ပါးနေခဲ့ပြီ .."

ပြောနေရင်း မျက်တောင်တွေကို ဖိခတ်နေ၏။ ပြီးတော့ မျက်မှောင်ကုတ်ခြင်းဖြင့် မျက်ဝန်းတွေကို ကျဉ်းကျုံ့သွားစေကာ မျက်လုံးကြောင့် စကားက အလုပ်ရှုပ်နေပြီးမှ ..၊

"ဒါကြောင့် ငါ မင်းကို ခြောက်လထိစောင့်ကြည့်နေနိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် မင်း ကတိတည်ပေးပါ၊ ငါ့ရဲ့ ဉာဏ်လေး အပေါ်မှာ နားလည်ဖို့ကြိုးစားရမယ်၊ သူ မင်းကို .."

"မင်း မပြောချင် ဆက်မပြောဘဲ နေလိုက်တော့ .. ငါလည်း အဲ့ဒါတွေ သိထားဖို့က မလိုအပ်သေးပါဘူး .."



"လိုအပ်တယ် ပြဒါး .. ငါပြောမှဖြစ်မယ်၊ ဉာဏ်လေး ကို မင်းစိတ်ရှည်ရှည်နဲ့ စည်းရုံးပါ၊ သူ့အချစ်ကို ရအောင် ကြိုးစားပါ၊ သူကသာ မင်းကို ကြည်ဖြူကျေနပ်မယ်ဆိုရင် ဘယ်မိဘ ဘယ်လူကြီးကမှ မင်းကို စော်ကားပြောကြမှာမဟုတ်ဘူးဆိုတာ ငါ အာမခံတယ် .."

"မင်းအကြောင်းလည်း သူ သိသေးတာမဟုတ်ဘူး၊ မင်းပြောသလို သူက အဲဒီလိုမိန်းကလေးမျိုးမဟုတ်ဘူးဆိုတာကရော၊ အဲဒါတွေ မင်းထည့်တွေးစမ်းပါ၊ မင်းပြောတာရော ငါ လက်ခံနေတာကရော အဓိပ္ပာယ်မရှိဘူး သူရာ .."

"ရှိတယ် .. ပြဒါး၊ ငါလုပ်နေတာတွေက အဓိပ္ပာယ်ရှိတယ်၊ ငါသေမှာ သူ မသိပေမယ့် ငါလည်း သူ့ဘေးမှာရှိနေတယ်၊ ဒါပေမယ့် မင်းကို သူ ရင်းနှီးလာနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ .."

နေသူရာ မျက်နှာက ဆွေးမြေ့နာကျင်မှုများနှင့် အုံ့မှိုင်းနေလျက် ..

"ဘာဖြစ်လို့လဲဆိုတော့ သူ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးသေးလို့ပဲ၊ ငါ့ကို သူမချစ်ဘူး၊ ချစ်တဲ့စိတ်ဆိုတာ ဓားစက်လုံစက်တွေ ဝိုင်းရံထားတာကြောင့် ကြောက်ရွံ့ပျက်ပြယ်မသွားနိုင်သလို ဓားနဲ့မိုးပြီး ခြိမ်းခြောက်ယူလို့လည်း မရနိုင်ပါဘူး .."

သူ့ကိုယ်သူ စကားပြောနေသည့်အဖြစ်ကို မေ့လျော့နေသည်။ ဟင်းလင်းပွင့်နေသည့် ကိုယ့်ရင်ဘတ်ကြီးကိုပဲ ငုံ့ကြည့်၍ လွတ်လပ်စွာ ဖွင့်ချခံစားနေမိသလား ..၊

နှုတ်ခမ်းမှာ ခပ်မဲ့မဲ့ပြုံးရိပ်တို့ မချိတရိဖေးတင်လျက် ..၊

"တစ်ခါတစ်လေ အချစ်က သစ္စာ၊ သမာဓိတွေ ဂုဏ်သိက္ခာတွေအောက်မှာ ခဏတစ်ဖြုတ်ဖုန်းကွယ်နေလိမ့်မယ် ဒါပေမယ့် အချစ်ဆိုတဲ့ မီးတောက်က ဘယ်လိုအတားအဆီး ဖြုပ်ရှိဖြုပ်မဲ့ကိုမဆို လောင်ကျွမ်းဝါးမျိုပစ်နိုင်တယ်၊ သူ့ခ [illegible] ကို သူ ရှေ့ဆက်နိုင်တယ် မင်းအပေါ်မှာ သူ့စိတ်ဘယ်လိုနေသလဲဆိုတာ ငါမရှိတော့တဲ့အခါ ဖွင့်အံထွက်လာမှာ

www.burmeseclassic.com

www.burmeseclassic.com



ပါ ..”

“ကျွတ် ..”

အမြဲတမ်း လွတ်လပ်ပွင့်လင်းခဲ့သည့် ရင်ထဲမှာ ဘယ်လိုမီးပွားတစ်စ လွင့်ကျလာတာလဲ ..၊

ပြဒါး ထိုခံစားချက်ကြီးကို စိတ်ပျက်စွာ အင်္ကျီအိတ်ကို ခုတင်ဆီသို့ စိတ်လိုက်မာန်ပါ တွန်းချပစ်လိုက်သည်။ ပြီးတော့ ချာခနဲလှည့်၍ ခါးနှစ်ဖက်ထောက်လိုက်ကာ ..၊

“အဲဒီတော့ ငါက မင်းသေမယ့်ရက်ကို လက်ချိုးရေပြီး မင့်မိန်းမကို ပိုင်ဆိုင်ခွင့်ရဖို့အတွက် သေလုမျောပါး ကြိုးစားရမယ် ဒီလိုလား..”

မျက်နှာတစ်ပြင်လုံးက နီရဲတင်းမာနေကာ ..၊

“မင်းနဲ့ငါ ပြောနေကြတာ တက္ကသိုလ်တုန်းက အလောင်းအစားလုပ်ပြီး ရည်းစားစာလိုက်ပေးကြတာမျိုးမဟုတ်ဘူး၊ အဲဒါကို မင်း သိတယ်..”

“မင်းသိဖို့ပဲလိုတာ ပြဒါး၊ မင်း ရင်ထဲမှာ တာဝန်ကြီးတစ်ခုလို ထည့်မထားဖို့အစတည်းက ငါပြောခဲ့တယ်၊ ငါ မင်းကို ရှာဖွေပြီး ရောက်အောင်လာတွေ့ခဲ့တာ ဒီထိခေါ်လာခဲ့တာ အဲဒါတွေက ငါ့မိန်းမကို ထာဝရစောင့်ရှောက်ပေးသွားဖို့ တစ်သက်တာအတွက် အပ်နှင်းတာ ..”

“ငါကတော့ မင်းရင်တွေ မီးဟပ်ခံနေရတာကို ခဏတစ်ဖြုတ် အေးချမ်းသွားအောင် ကူညီဖို့ပဲ ..”

“ပြဒါး ..”

“ငါ ကြာကူလီအလုပ် ဘယ်တော့မှ မလုပ်ဘူး ..”

“မလုပ်ရဘူး ပြဒါး၊ ငါပြောတာက အခု ငါ့အိမ်မှာ ဧည့်သည်အဖြစ် လိုက်နေပေးရုံပဲ၊ စီးပွားရေးတစ်ခု အတူလုပ်ကြဖို့ ရောက်လာတဲ့ ငါ့သူငယ်ချင်းအဖြစ် ဒါလေးပဲ မင်းလုပ်ရမှာ ..”

“မင်း ရည်ရွယ်ချက်ကိုသိနေတဲ့ စိတ်ကျတော့ ဘယ်ကြမ်းကြားထဲ သွားဝှတ်ထားရမှာလဲ၊ ဒီမှာ မင်း ငါ့မျက်နှာကို သေချာကြည့်ဦး..”



သူ့မျက်နှာရှေ့မှာ ပြဒါး က မျက်နှာချင်းနီးကပ်အောင်လာရပ်တာ ..၊

“မင်းပြောတဲ့ ရောဂါဘယတွေလည်း ငါ မယုံဘူး၊ အေး .. မင်းတကယ် ဘဝဆုံးတော့မယ်ဆိုရင် နောက်ဆုံးအချိန်ထိ ငါ မင်းနားမှာ နေပေးမယ်၊ ကျန်တာ တာဝန်မယူဘူး ..”

“ငါပြောပြီးပြီ .. ခြောက်လပြည့်မှ မင်း နှုတ်ထွက်လို့ရမှာ ..”

“အိုခေ .. ခြောက်လဖြစ်ရမယ်၊ မင်း နောက်ထပ် အဲဒီမိန်းမနဲ့ ချစ်ဖို့ဖြစ်ဖို့တွေ ဘာမှမပြော ထပ်မပြောနဲ့တော့ ..”

ပြဒါး မျက်နှာ အိုစာဆင်းရဲသွားခဲ့ရှာလျက် ..၊

“ဟုတ်နီးနီးနဲ့ ငါတို့အဆင်ပြေခဲ့ပြီးမှ ပြဒါး ရာ ..”

ပြဒါး က အင်္ကျီတစ်ထည်ဆွဲ၍ ဖြစ်သလိုကောက်ကပ်စွပ်ချလိုက်တာ ..၊

“မင်း အမိပ္ပာယ်ကောက်လွဲနေတာပါ၊ ငါ သဘောတူခဲ့တာ မိန်းမရှုဖို့မပါဘူး ..”

ကြောင်လိမ်နေခြင်းကို တကယ်မလုပ်ခဲ့ဘူးတာလား၊ နေသူရာ အပေါ်မှာ လိမ်လိုက်ရတာကို စိတ်မကောင်းဖြစ်သွားမိသည်လား ..၊

ရင်ထဲမှာ ထူးခြားစွာ နာကျင်သွားခဲ့တာကတော့ အမှန်ပင် ..။

ထို့ကြောင့် နေသူရာ မျက်နှာကို မကြည့်မိအောင် တစ်ဖက်လှည့်သွားမိသည်။

ဆောရီးပဲ သူရာ .. ငါ ခုတစ်ထိုင်တည်းမှာပဲ ငါ လက်ခံခဲ့မိတဲ့ အလုပ်ကို စိတ်ပျက်သွားတာ စိတ်မကောင်းပါဘူး။

အသံတိတ်တောင်းပန်ရင်း စီးကရက်ကိုင်၍ မီးခြစ်ရှာသလိုလို ဟိုလျှောက်ဒီလျှောက် အလုပ်ရှာနေမိသည်။

တကယ်က မီးခြစ်ဘယ်မှာလဲဆိုတာ မသိလို့မဟုတ် ..၊

“ပြဒါး ..”



www.burmeseclassic.com

www.burmeseclassic.com



“ငါ ဒီညနေ လာခဲ့မယ် ..”

“ငါပြောချင်တာ အဲဒါမဟုတ်ဘူး ..”

“မင်းပြောချင်တာ ငါ မပြောချင်ဘူး သူရာ .. ငါတို့ပြောရမယ့် ကိစ္စက ပြီးပြီ .. တစ်ခုတော့ရှိတယ်နော်၊ အပေးအယူကိစ္စကိုတော့ ပြင်ဆင် ဖြည့်စွက်လို့မရဘူး ..”

“ဒါဖြင့် မင်းရဲ့ စိတ်ကူးဆုံးဖြတ်ချက်က ခုလေးတင် ပြောင်းသွား တာပေါ့ ..”

သူ နောက်ထပ် မငြင်းနိုင်တော့ဘဲ တိတ်တိတ်နေလိုက်သည်။

ဟိုမှာတုန်းက ခပ်ပေါ့ပေါ့ဂရုမစိုက်တတ်သည့် ပြဒါး ရဲ့ အကျင့် အတိုင်း ငွေမျက်နှာကိုပဲ အလေးထားပြီး ခေါင်းညိတ်ခဲ့သည်။ ခုကျ အချစ်တွေ သစ္စာတွေနားထဲ ဝင်လာတော့ ယောကျ်ားမာနက ခုန်ထ

ကာမပိုင်လင်ယောကျ်ားတစ်ယောက်ကို ဘေးမှာထားပြီး သူ လု ရမယ့်အလုပ်က ဘာကြီးလဲ ..၊

သူ့ရဲ့ အသုံးမကျခဲ့ခြင်းများစွာထဲမှာ ဒီလိုအလုပ်မျိုးကို ကျွမ်းကျင် ခဲ့တာ တစ်ခုတစ်လေများရှိခဲ့ဖူးသလား ..။

‘ငါ ဒီလိုကောင်မဟုတ်ဘူး’ ဆိုသည့် မာနနှင့် တစ်ထိုင်တည်း ငြင်းပစ်လိုက်တာ မမှားဘူးထင်သည်။

“ငါအထင်မှားသွားတယ်ပဲ ထားလိုက်ပါ ..”

နေသူရာ ကတော့ ပြဒါး မျက်နှာကို အကဲခတ်ဖို့ကြိုးစားရင်း လက်လျှော့သွားသည့် လေသံနှင့် ..၊

“ဟုတ်ပါတယ် .. ငါပြောတဲ့ကိစ္စ မင်း ခိုင်ခိုင်မတ်မတ် အာမ ခဲ့တာမှ မရှိသေးတာ၊ ငါ တောင်းတဲ့ကတိတွေလည်း ဘာမှမပေးခဲ့ဘူး ဒါပေမယ့် ..”

“မင်း ငါ့ကို ရွေးချယ်တာ မှားသွားပြီထင်ရင် ..”

“မင်းကိုရွေးတာ ငါမမှားပါဘူး၊ မင်း သိထားရမှာက တက္ကသိုလ်



ကျောင်းသားဘဝက အချစ်အကြောင်းရေးခဲ့တဲ့ ကဗျာတွေ ရည်းစားစာ တွေမှာလည်း အချစ်ပဲ၊ ငါတို့ ဒီအသက်အရွယ်မှာ ပြောနေကြတာလည်း အချစ်ပဲ၊ အချစ်က အမြဲတမ်း လတ်ဆတ်နေတဲ့ စွမ်းအင်ရှိတယ်၊ ဘာနဲ့ ကြိုပြင်ဆင်လို့မရတဲ့ အစိုးမရတဲ့ သဘောလည်းရှိတယ် ..”

နေသူရာ က တစ်ခုခုကို ယုံကြည်မျှော်လင့်နေသေးသည့် မျက်ဝန်း ဖြင့် ..၊

“ငါတို့ ဒီတိုင်းပဲ ဆက်လုပ်မယ်၊ ငါတို့ရည်ရွယ်ချက်လမ်းကြောင်း ထင်ရှားသေးလေမယ့် အလင်းရောင်လုံးဝမရှိတဲ့ မဟူရာမိုးသည်း ကောင်တောင် လျှပ်စီးလက်တဲ့အလင်းရောင်နဲ့ လမ်းပေါ်လာသေးတာ ါလည်း လျှပ်စီးလက်မယ့်အချိန်ကို မျှော်လင့်လို့ရသေးတယ် ..”

ပြဒါး ဖျတ်ခနဲလှည့်ကြည့်သည်။ မျက်ဝန်းတို့မှာ အံ့ဩသော ကြွဲရသော ..၊

သို့သော် မဖြစ်နိုင်တာကို ဆင်းရဲကြီးစွာ မျှော်လင့်နေသူအဖြစ် ချက်စွာ ..။

❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ဘက်ခ်မှန်ထဲမှာ ချိုင်းထောက်လေးနဲ့ မိန်းကလေးတစ်ယော
နောက်ကနေ ဖြတ်လျှောက်သွားတာကို မြင်လိုက်သဖြင့် သေချာလိုက်
ကြည့်မိသည်။

ဒီမိန်းကလေး အသက်အလွန်ဆုံးရှိမှ ဆယ်သုံးလေးနှစ်ပေါ့ ...

ချိုင်းထောက်ကိုင်သည့်လက်မှာပဲ ကျွတ်ကျွတ်အိတ်အစ်လေး
တစ်ထုပ်ကို ဆွဲထားသည်။ ဆံပင်ခပ်ပါးပါး မညီမညာအရောင်မွဲမွဲလေး
ကို ခေါင်းစည်းကွင်းလေးနဲ့ စည်းထားကာ တစ်ကိုယ်လုံး ဝတ်စားထား
ပုံကလည်း နွမ်းပါးရှာ၏။

ကားထဲမှာ ပင့်သက်လေးရှိုက်ရင်း ကူရှင်ကို မှီလိုက်မိ၏။ အပြင်
လောကကြီးက ကိုယ့်အတွက် ဒီလောက်တောင် စိမ်းသက်နေသည်လို့
မထင်ခဲ့မိပေ ...။

တစ်နေ့နဲ့တစ်နေ့ ဝရန်တာကို ထွက်ငေးဖို့တောင် ဝန်လေးနေ
သဖြင့် ကိုယ့်အိမ်ထဲမှာပဲ နာရီစက္ကန့်တွေကို ကုန်လွန်စေခဲ့တာ ဘယ်
လောက်ကြာသွားပြီလဲ ...။

ကားရပ်ထားသည်က ဈေးပတ်ဝန်းကျင်မှာမို့ လူတွေရှုပ်ထွေး
ကာ သူမ ပထမဆုံး အပြင်ထွက်လာခဲ့မိသော လမ်းကြောင်းက ဒီလိုနေ



သောကြောင့် စိတ်ပျက်မိ၏။

နာရီကိုကြည့်လိုက်တော့ ညနေသုံးနာရီခွဲနေပြီဖြစ်သည်။ ဒရိုင်ဘာ
သွားတာကြာပြီဖြစ်လို့ သွားရမည့်လမ်းနဲ့ ကြာနေသည့်အချိန်ကို
ကာ စိတ်မရှည်နိုင်ဖြစ်လာ၏။

ထိုစဉ် ဒရိုင်ဘာ ခပ်ပျာပျာပြန်ရောက်လာကာ ကားထဲဝင်ထိုင်
ပြီး ...၊

"မမလေး ပြောလိုက်တဲ့ဆိုင်ကိုတွေ့တယ်၊ ဒါပေမယ့် ခေါ်မြင့်မြတ်
မတွေ့ခဲ့ဘူး၊ ခဏနေရင် ပြန်လာမယ်ဆိုလို့ ကျွန်တော် ခဏရပ်
င့် ..."

"တော်ပြီ .. တော်ပြီ .. သွားမယ် .."

စိတ်ရှုပ်နေသောကြောင့် စကားမဆုံးခင် အော်လိုက်မိကာ ဒရိုင်ဘာ
သူသစ်ပါလားလို့တွေးမိလိုက်ပြီး ...၊

"နောက်ကို ခိုင်းသလိုအတိအကျလုပ်ပါ၊ ကျွန်မက တွေ့အောင်
င့်ခဲ့ပါလို့ မမှာရင် စောင့်စရာမလိုဘူး .."

"ဟုတ်ကဲ့ပါ .."

ဒရိုင်ဘာက မျက်နှာတော့ပျက်သွားပေမယ့် ခေါင်းညိတ်သည်။
ဘာ့ ကားစက်နှိုး၍ ဘက်ခ်ဂီယာထိုးလိုက်လျှင် ...၊

"ဟေး .. ဟေး .."

"ဟိုး .. ဟိုး .."

"ဒုန်း .."

"သွားပြီ .. သေပြီဟ .."

"အသံတောင် မထွက်နိုင်ဘူးဟေ့ .."

"ဟော့ကောင် ဆင်းခဲ့စမ်း .."

ဈေးပတ်ဝန်းကျင်တစ်ခုလုံး အုံးအုံးကျွက်ကျွက်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ဆူညံသံတွေကြောင့် ကိုယ့်ကြောင့်မှန်း မသိ သူ့ကြောင့်မှန်း မသိ ထိတ်ခနဲဖြစ်သွားပေမယ့် ..၊

"ဘာတွေဖြစ်ကုန်တာလဲ .. ကျွန်မတို့ကားလား .."

နောက်ကို လည်ပင်းလိမ်ပြီး ကြည့်လိုက်မိလျှင် ကိုယ့်ကားနောက်မှာပဲ လူတွေ အုတ်အော်သောင်းနင်း ဝိုင်းအုံခဲနေကြတာမြင်လိုက်ရ၏။

"ဘုရား .. ဘုရား .."

ရုတ်တရက် ရင်ဘတ်လေးဖိ၍ ဘုရားတလိုက်မိသည်။ ဖြစ်ပျက်အုံခဲနေကြပုံအရ လူကိုတိုက်မိတာသေချာကာ ထိခိုက်ပွန်းရှရုံအဖြစ်မျှလောက် ဘယ်လိုမှ မကနိုင် ..။

"ဟော့ .. ဒီကားက ဒရိုင်ဘာ ဘယ်မှာလဲ .."

"ဒရိုင်ဘာက ဘယ်ရောက်သွားတာလဲ .."

"ဆင်းပြေးသွားပြီ .."

"ဟုတ်တယ် .. မြင်လိုက်တယ် .."

ဟင်!...၊

သူမ မျက်လုံးတွေ ပြူးကျယ်သွားခဲ့၏။ ဒရိုင်ဘာဘယ်တုန်းကဆင်းသွားတာလဲ ..၊

နောက်ကို အာရုံရောက်နေသဖြင့် သူမကိုယ်တိုင် သတိမထားမိလိုက် ..၊

"နောက်မှာ အုံနာပါတယ် .."

"ဟော့ .. ဒီမှာ .."

ဟင် ...၊

သူမကိုယ်လေး ဆတ်ခနဲတုန်သွားသည်။ ကားဘေးကိုရောက်လာသည့်အရိပ်နှင့်အတူ မှန်ကို ပုတ်လိုက်သည့် လက်က မှန်ကိုမဟုတ်ဘဲ ကိုယ့်ခေါင်းကို ရိုက်ချလိုက်သည့်နှယ် ..။



"ခင်ဗျားကား တိုက်လိုက်တာ နောက်မှာ ဘာတွေဖြစ်သွားသလဲ ဆင်းမကြည့်တော့ဘူးလား .."

ရုတ်တရက်ကြီး သူမ ဘာလုပ်ရမှန်းမသိပေ ..။

မှန်ချလိုက်ပြီး တောင်းပန်ရမလား၊ အတိုက်ခံရသည့် လူနာအခြေအနေက ဘယ်လောက်တောင် ဆိုးရွားနေသလဲ ..၊ ပြဿနာကြီးမားနေတာကို သူမ ဒီတိုင်းထိုင်ရာမထ ဖြေရှင်းဖို့ ဖြစ်နိုင်ပါ့မလား ..။

"ဟော့ .."

"ဘုန်း .."

မှန်ကွဲထွက်သွားပြီလားထင်ရသည်။ သူမ လက်ဖျားတွေပါ အေးစက်လာလေသည်။ ကြောက်တတ်လို့မဟုတ်ပေ ..။ ဒါပေမယ့် လူတစ်ယောက်လုံးကို သွေးထွက်သံယိုဖြစ်သွားအောင် မကြုံခဲ့ဘူးသဖြင့် ကြည့်လည်း မကြည့်ဝံ့၊ ကြောက်နေတာလည်း အမှန်ပင် ..။

"ဆင်းခဲ့စမ်းပါ .. ခင်ဗျားတို့ကားကြီးပေါ်မှာထိုင်ပြီး ဘာလဲ ပိုက်ဆံနဲ့ ဖြေရှင်းချင်တာလား .."

မျက်နှာငံ့လာပြီး ဘေးမှာ နီးနီးကပ်ကပ်ပေါ်လာသည်။ ရင်တွေတုန်ကာ ဆလင်းဘတ်ခ်အိတ်ကို ဖိဆုပ်ထားမိသည့်လက်ကို သူကမြင်သွားပြီး ..၊

"ခင်ဗျားက ပိုက်ဆံပစ်ချပေးခဲ့မလို့လား၊ ကျုပ်ကလည်း ဒါမျိုးဆိုအဆုံးမိုးဆုံးလိုက်ပြီး ပြဿနာရှာချင်တာ ခင်ဗျား ခု ဆင်းလိုက် .."

အတင်းအော်ပြောနေသည့် စကားသံကို အထဲကနေ သဲ့သဲ့မျှကြားနေရသည်။ ဒါပေမယ့် သူမ နားထဲမှာ လက်ပစ်ဗုံးတွေကွဲနေသလိုပင်..။

ဆံပင်အဖျားတွေ တွန့်လန်နေကာ ငုံ့ကြည့်နေသည့် ပါးရိုးတင်းမြင်းပေါ်ထိ ဖရိုဖရဲဘုတ်သိုက်အုပ်ကွယ်နေသော မျက်နှာတစ်ခုက သူမကို ကားပေါ်က ဆင်းဖို့ ခေါ်ချနေတာ မှန်ကိုများ ခဲနဲ့ကျောက်ထုပြီး

www.burmeseclassic.com



ရိုက်ခဲ့တော့မလား မသိ ..။

သူမ လက်သီးလေးတစ်ဖက် တင်းခနဲ ဆုပ်လိုက်သည်။ ပြီးတော့ လက်ချောင်းတွေကို ပြန်ဆန့်ထုတ်ကာ မှန်ချဖို့ လက်တင်၏။

သူမ ဒီလိုတွေ ကျေနပ်အောင် ဆင်းမတောင်းပန်နိုင် ..၊

ဒါပေမယ့် သူတို့တွေ ကျေနပ်တဲ့အထိ လူနာအတွက် ..၊

"မရဘူး .. မင်း .. ခုဆင်း .."

"အို .. ဘာလုပ်တာလဲ .. ရှင် .. နော် .."

မှန် လျှောခနဲကျသွားတာနှင့် သူ့လက်ဝင်လာပြီး တံခါးလော့ကို ဖြုတ်လိုက်၏။ ပြီးတော့ သူမစိတ်ကူးတွေတော်င် မပြီးဆုံးလိုက်ခင် သန်မာသော လက်တစ်ဖက်က သူမ လက်မောင်းလေးတစ်ဖက်ကို ဖိဆုပ်ကိုင်လိုက်ပြီး ..၊

"အား ...."



အခန်း (၈)

"မယုံကြည်စရာလား ဒေါ်မြတ်နိုး ရယ် .. ဒါပေမယ့် သမီးကတော့ သူ့ခမျာ ဒုက္ခတလေးလေး၊ ကိုယ့်အားနည်းချက်ရှိနေချိန်မှာ ခုလိုမျိုး ဥပေက္ခာထားခံရတော့ သူ့စိတ်ထဲမှာ တောင်တောင်အီအီအတွေးဆတွေဝင်တာပေါ့ .."

ဒေါ်မေသိမ်း ဖုန်းချလိုက်ပြီး မျက်နှာမသာမယာနဲ့ ပြန်လှည့်လာသည်။

"မငွမ်း .."

"ရှင် .. မမကြီး .."

"နင် တော်တော် အပြောအဆိုနည်းပါလားဟင် .. သမီးလေးက ခသန့်မစွမ်းနဲ့ ဒရိုင်ဘာက လူသစ်၊ ဘာဖြစ်လို့ နှစ်ယောက်တည်း အပြင်ထွက်သွားတာကို ကြည့်နေရတာလဲ .."

"သိကို မသိလိုက်လို့ပါ မမကြီးရယ် .. တစ်နေ့လုံး ကိုသူ့ ကိုမျှော်ပြီး မျက်နှာလေးမကောင်းနေတာ .."

"အဲဒီတည်းက နင် ငါ့ကို ဖုန်းဆက်ပါလား .."

မငွမ်း တစ်ခုခုတော့ ပြောမလို့ပေမယ့် ဘာပြောပြော သူမအပြစ်ပဲမို့ မျက်နှာငယ်လေးနှင့် ခေါင်းငုံ့နေ၏။

"ဒေါ်စီစီ ရော .."

"ဉာဏ်လေး မထွက်ခင်တည်းက တာမွေဖုန်းဆိုင်ကို လွှတ်လိုက်တာ"

"ဖုန်းဆိုင်ကို ဘာကိစ္စနဲ့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ညာဏ်လေးရဲ့ဖုန်း ဘာဖြစ်လို့လဲ မသိဘူး .. အဲဒါ .."

"တော်တော့ .. တော်တော့ .. အလုပ်တွေကိုရှုပ်နေတာပဲ၊ ဖုန်းကိစ္စက ကိုယ်တိုင်သွားစရာဘာလိုလို့လဲ .. သမီးအတွက်လိုအပ်တာအားလုံး အိမ်ခေါ်ပြီး ဖြေရှင်းပေးလိုက်ပါလား၊ ဘယ်လိုပုဂ္ဂိုလ်ဖြစ်ဖြစ်လာပါ .. ကြွပါဆိုရင် လာတာပဲ .. တောက် .."

ဒေါ်မေသိမ်း ဧည့်ခန်းထဲမှာ လက်ကိုင်ဖုန်းကို တင်းတင်းဆုပ်ကိုင်ရင်း ခေါက်တုံ့ခေါက်ပြန်လျှောက်နေမိ၏။ ထိုစဉ် ဦးလှထွန်း ၏ ကားလေးဝင်လာကာ ကားပေါ်ကဆင်းပြီး အိမ်ပေါ်ရောက်လာတာ ကတိုက်ကရိုက်..။

"သမီး ပြန်မရောက်သေးဘူးလား .."

"မရောက်သေးဘူး အစ်ကို၊ ဖုန်းခေါ်တာလည်းမရဘူး၊ ဝင်သွားတော့လည်း မကိုင်ဘူး .."

"ဒေါ်မြတ်နိုး တို့ဆီရော .."

"မေးကြည့်တယ်၊ သူရာ တကယ်ရောက်မလာဘူးတဲ့ .."

"ဒါ မဖြစ်နိုင်ဘူး .."

ဦးလှထွန်း မျက်နှာကြီး မှုန်သွားသည်။ သူရာ့ ကို သူ သေချာတွေ့လိုက်တာဖြစ်သည်။ ဒါကြောင့်လည်း သမီးကို ဖုန်းဆက်မေးလိုက်မိတာအမှတ်တမဲ့ ..။

"မင်း ဖုန်းဆက်တုန်းက သူ အိမ်ကို လုံးဝပြန်မလာဘူးလို့ သမီးပြောသလား .."

"ဟုတ်တယ် အစ်ကို .. အစ်ကိုပြောလို့ မေ လည်း သူ အိမ်ပြန်ရောက်နေပြီထင်တာလေ၊ သမီးဆီကို ဖုန်းဆက်တာလည်း သူရာ ပြန်ရောက်ပြီလား မေးမလို့မဟုတ်ပါဘူး၊ တခြားကိစ္စပြောမလို့ပါ၊ အဲ့ဒါစကားစရပြီး ပြောလိုက်မိတာ .. အဲဒီတော့ နှစ်နာရီတောင်ထိုးနေပြီဟာ.."

"ကိုယ် တွေ့လိုက်တုန်းက မနက်ကိုးနာရီပဲရှိသေးတာ .."

"အစ်ကိုရယ် .. အစ်ကိုများ အမြင်မှားသလား .."

"မမှားဘူး မေ .. ကိုယ် အဲဒီလောက် မျက်လုံးမလျှမ်းဘူး .."



ဒေါ်မေသိမ်း ရင်နင့်သွားသည်။ သူမလေး အိမ်မှာမရှိဘူးဆိုလို့ စိတ်ပူပြီးလိုက်လာခဲ့တာပါ။ ဒီရောက်တော့ အဝင်ဝတံခါးနားမှာ ဝိုးလ်ချဲကို ထိုင်သူမဲ့စွာမြင်လိုက်ရသည်။

"ဘယ်သူရှိလဲ .. ဘယ်သူသိလဲ ခေါ်မေးတော့မှ သမီးသွားတာကိုဘယ်သူမှ မသိကြ .."

"တောက် .."

ဦးလှထွန်း ရဲ့ တက်ခေါက်သံကြောင့် တွေးနေရာကနေ လှည့်ကြည့်မိသည်။

"ယောကျ်ားတွေ ဒီလိုချည်းပဲလားလို့ အော်ပစ်ရရင် ကိုယ့်ပေါင်ကိုယ်လှန် ထောင်းသလိုဖြစ်ဦးမယ် .."

"ဒေါ်မြတ်နိုး ကတော့ သူ့သားမှာလည်း စိတ်ထိခိုက်စရာတစ်ခုခုကြုံနေတာဖြစ်မှာပါတဲ့ .."

"ဟွန်း .."

"သူရာ့ မှာ ဒီလိုတာဝန်မဲ့တဲ့စိတ် မရှိပါဘူးတဲ့ .."

"တော်ပြီလားလို့ မင်း မမေးလိုက်ဘူးလား၊ ဘာတဲ့လဲ .. သူ့အစ်မအရော သူ့ညီမပြောတာအမှန်ပါပဲလို့ မပြောသွားဘူးလား၊ ငါ့ မယုံငါ့မယားမေးကြည့်ဆိုတာမျိုးလေ .."

"မေ လည်း ဘာလုပ်ရမှန်းမသိတော့ဘူး အစ်ကိုရယ်၊ အခု အရေးကြီးနေတာက သမီး ဘယ်သွားမှန်းမသိတာပဲ .."

"သူရာ့ ဖုန်းကို ခေါ်ကြည့်သေးလား .."

"ခေါ်တယ် .. မအားဘူးဆိုတာချည်းပဲ .."

"တမင်လုပ်ထားတာ နေမှာပေါ့ .."

"အဲဒါတော့ ဟုတ်ပါ့မလား အစ်ကိုရယ်၊ သူရာ က သမီးကိုလက်ထပ်ချင်လွန်းလို့ မရမကပူဆာပြီး .."

"အဲဒါ ငါတို့သမီး ခြေထောက်မကျိုးခင်ကလေ .."

"သမီး ဒဏ်ရာကြီးနေတုန်းကလည်း သူ ပြုစုခဲ့ပါတယ်၊ ဒီရက်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းကျမှ ..''

"ဒီရက်ပိုင်းမဟုတ်ဘူး မေ .. ဒီကောင် အချိုးပြောင်းနေတာ လနဲ့ချီနေပြီ၊ ဒါတောင် ငါတို့မသိခင် ဘယ်တုန်းတည်းကဆိုတာ မပြောနိုင်ဘူး၊ သူ့ သတင်းတစ်ခုခုကြားပြီး သမီး ထွက်လိုက်သွားတာနေမှာ.."

"သူ ရှောင်နေတယ်လို့ ခံစားလာရလေ ရှက်လေပဲ မေမေ .. သမီးကိုယ့်ကိုယ်ကိုယ် သိမ်ငယ်တဲ့ဘဝနဲ့ ကြာကြာဆက်ပြီး သည်းမခံနိုင်တော့ဘူး၊ သူ့ကို သမီးမေးမယ် ဒီကိစ္စကို သူနဲ့ သမီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးမှကို ဖြစ်မှာ ..'' တဲ့ ..။

ဖုန်းပြောတဲ့သမီးအသံလေးက ကြေကွဲတုန်လှိုက်နေသည်။ တော်ရုံနဲ့ ဝမ်းနည်းထိခိုက်လွယ်တဲ့ ကလေးမဟုတ်ပေ ..။ ဒီကိစ္စမှာလည်း သူရာ ရဲ့ ဂရုစိုက်အလိုလိုက်မှုကို ဆုံးရှုံးမခံနိုင်သည့် ကြေကွဲမှုမျိုး သမီး ခံစားနေရတာ မဟုတ်နိုင် ..။

ကိုယ့်ဒုက္ခကြီးကို ထမ်းပိုးနေရသည့်အပြင် ရုတ်တရက်ပုံစံပြောင်းသွားသည့် သူရာ့ အပြုအမူအတွက် ရှက်ရွံ့သိမ်ငယ်ခြင်းသာဖြစ်လိမ့်မည်။

ဒေါ်မေသိမ်း အားမလိုအားမရဖြစ်မိသည်က သူရာ ဘာကြောင့် ပြောင်းလဲသွားရသလဲဆိုတာ နားမလည်နိုင်လွန်း၍ဖြစ်သည်။ တကယ်ဆို သမီး ရခဲ့တဲ့ ဒဏ်ရာက သူ မောင်းသည့် ကားအက်ဆီးဒင့်ဖြစ်ခြင်းကြောင့် ..။

ဒါက သူ့ကြောင့်ဖြစ်ရတာမဟုတ်ဘူးလား၊ ပြီးတော့ သေရာပါမည့် ဒဏ်ရာဒဏ်ချက်မျိုးလည်းမဟုတ် ..။ ဒီအချိန်မှာ အစွမ်းကုန်ဂရုစိုက်အလိုလိုက်ခြင်းဖြင့် တစ်ယောက်၏မေတ္တာသက်ဝင်မှုကို တစ်ယောက်က ရယူဖို့ကြိုးစားမယ်ဆိုတာ နားမလည်ဘူးလား ..။

"ကရင် ..''

ဖုန်းသံကြောင့် လိုက်ရှာမလို့ ခြေလှမ်းပြင်သည့် ဦးလှထွန်း ပါ ဆတ်ခနဲဖြစ်သွားသည်။ ဒေါ်ငွမ်း က ဖုန်းဆီပြေးကိုင်မည်ပြင်လိုက်လျှင်..၊

"နေ .. နေ မငွမ်း .. လုပ်စရာရှိတာ သွားလုပ်တော့ ..''



ဒေါ်မေသိမ်း က ဖုန်းသွားကိုင်လိုက်ကာ ..၊

"ဟလို .. ဒေါ်မေသိမ်းတင် ပါရှင် ..''

"..... ..... .....''

"ဟင် .. မမမြင့် လားဟင် .. ပြန်ပြောပါဦး .. သမီး ရောက်လာတယ် .. ဟုတ်လား ..''

ဒေါ်မေသိမ်း စကားကြောင့် ဦးလှထွန်း လည်း အနားရောက်လာပြီး နားထောင်နေ၏။

"ရှင် .. ဒရိုင်ဘာလာမေးတာလား ..''

"..... ..... .....''

"ဟုတ်တယ် .. ဟုတ်တယ် .. ဒရိုင်ဘာကိုညီဖြိုးဟိန်း က ကျောက်ကပ်ဖြစ်နေလို့ ခွင့်ယူထားတယ်လေ၊ အဲဒါကြောင့် သမီးအတွက် သူ ယောကျ်ားရှာပေးထားတဲ့ ဒရိုင်ဘာအသစ်ပါ ..''

"..... ..... .....''

"သြော် .. ဟုတ် .. ဟုတ်ကဲ့ပါ၊ ဟုတ်လိမ့်မယ် မမမြင့် .. သမီးက ဆန္ဒစောနေတာပါ၊ သူရာ က အလုပ်ကိစ္စတွေရှုပ်နေလို့ အရင်ရှင်းရမှာတွေကို ရှင်းနေရတာလေ၊ ကိုယ့်အိမ်က ဘယ်အချိန်ပြန်ပြန်ရတာကို..''

"..... ..... .....''

"ဟို .. ဒါနဲ့ သမီးရဲ့ ဒရိုင်ဘာပြန်သွားတာ ကြာပြီလားဟင် ..''

"..... ..... .....''

ဒေါ်မေသိမ်း မျက်နှာ အပျက်ကြီးပျက်နေကာ ဖုန်းချပြီး နာရီမော့ကြည့်၏။

"ဘာတဲ့လဲ .. ဒရိုင်ဘာ ဇယားတွေ ရှုပ်သွားပြီမို့လား ..''

"ဟုတ်ပ အစ်ကိုရယ် .. သမီးကတော့ သူရာ့ အကြောင်း ဒီလိုပြေးမေးခိုင်းမှာမဟုတ်ပါဘူး၊ သက်သက် ဆိုင်က ကောင်မလေးတွေနဲ့ လျှောက်တင်းတုပ်သွားတာ၊ ခုတော့ သမီးက ယောကျ်ားနောက်တကောက်ကောက်လိုက်နေရတဲ့ သနားစရာမိန်းကလေးဖြစ်နေရပြီ၊ ဒီ ဒရိုင်ဘာနဲ့တော့

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ .."

"လူ့အကြောင်း ပေါင်းတာတောင်မသိလို့ ကလေးတစ်ပြုတစ်မကြီးရမှ ကွဲကြတဲ့ လင်မယားတွေ မင်း မကြားဖူးဘူးလား မေ ..၊ တစ်ရက်နှစ်ရက်ပဲ ခိုင်းဖူးသေးတဲ့ ဒရိုင်ဘာတစ်ယောက်က ဘယ်လိုလူစားလဲဆိုတာ ဘယ်သူက သိမှာလဲ၊ အတင်းတုပ်သွားတာ ကိုယ့်ကို ပြေးမမှန်ဘူးကွ .."

ဦးလှထွန်း ခြေနစ်လှမ်းလောက်သွားပြီးမှ ပြန်လျှောက်လာသည်။ ပြီးတော့ ပြန်လှည့်သွားပြန်ကာ ..၊

"ဒီလိုလူစိမ်းနဲ့ သမီး ပါသွားတာ အန္တရာယ်ကြီးတယ်၊ ငါ လိုက်သွားမှဖြစ်မှာ၊ သမီးဆီက ဖုန်းလာရင် မင်း ငါ့ဆီဆက်လိုက် .. သွားမယ်.."

"ဟုတ်ကဲ့ .. အစ်ကို .."

"အဲဒါ သူရာ မကောင်းလို့ဖြစ်ရတာ၊ အိမ်ထောင်ဦးစီးက အိမ်ထောင်ဦးစီးပီသဖို့ စိတ်မကူးဘူး၊ ဒီကောင် ငါ့စိတ်နဲ့ မလွယ်ဘူး .."

ဒေါ်မြင့်မြတ် ရဲ့ သားကလည်း သူရာ နဲ့ လုပ်ငန်းရှယ်ယာဝင်လုပ်ကြဖို့ အားလုံးသေချာနေသည့်သူ ဖြစ်သည်။ ဒေါ်မြင့်မြတ် တို့အိမ်ကို သူရာ ရောက်သွားတယ်ဆိုတာကိုတော့ သမီးနားထဲ ဘယ်လိုရောက်ခဲ့သည်မသိပေ။

ဒေါ်မေသိမ်း စဉ်းစားရင်း တစ်ခုခုကို သတိရကာ ပေါ်တီကိုအောက်ပြေးသွားမိလျက် ..၊

"အစ်ကိုရေ .. သိမ်ကြီးဈေးဘက်က ပတ်သွားလိုက်နော် .."

ဦးလှထွန်း ခေါင်းညိတ်လိုက်သလား .. မညိတ်ဘူးလား မသိ ..။



အခန်း (၉)

"တိတ်ပါ သမီးရယ် .. အခု အဲ့ဒီပြဿနာတွေကို သမီးဖေကြီးရှင်းနေပြီ ဘာမှမဖြစ်တော့ဘူး .."

"မေမေ .."

"ဟင် .. သမီး .."

"ဖေကြီး ရောက်မလာရင် သမီး ဘာဖြစ်မလဲမသိဘူး .."

"သမီးရယ် .. သမီးက မေမေတို့ကို ဖုန်းလေးဘာလေးဆက်မပြောခဲ့ဘဲနဲ့ ဘာဖြစ်လို့သွားရတာလဲ၊ ဒါ ဘယ်လောက်အရေးကြီးတဲ့ကိစ္စမှသည်းမဟုတ်ဘူး၊ သူ ရန်ကုန်ပြန်ရောက်လာပြီး အိမ်ကိုတန်းပြန်မလာတာရော သူ ဘာဖြစ်နေသလဲဆိုတာရော အိမ်ပြန်ရောက်လာမှ မေးလည်းရတာပဲ .."

ခေါင်းခါရင်း ဉာဏ်လေး မျက်ရည်တွေဝဲကျနေခဲ့၏။

"မျိုသိပ်ပြီး အကဲခတ်ကြည့်နေခဲ့ရတာကြာပြီ မေမေ .. သူ ပြန်မလာတော့ဘူးဆိုတဲ့အတွေးက သမီးကို နှိပ်စက်နေတာ၊ သမီး ဒီဘာဒ်မီး ရောက်နေတဲ့အတွက် ရှင် ကြိုက်သလိုဆုံးဖြတ်ဆိုတဲ့စကားကိုသမီးက စမပြောရသေးဘဲနဲ့ သူ ထားခဲ့တာကို မခံနိုင်ဘူး .."

"ထားခဲ့တော့လည်း သူ ဘယ်လိုယောကျ်ားမျိုးလဲဆိုတာ သူ့သိက္ခာ

www.burmeseclassic.com

www.burmeseclassic.com



သူချပြီးသား ထွက်သွားတာ သွားပါစေပေါ့ သမီးရယ် .. သူပဲ လိုချင်လွန်းလို့ နည်းမျိုးစုံနဲ့ ကြိုးစားခဲ့တာ သိတဲ့လူတွေသိတာပဲ၊ ပြီးတော့ သမီးရဲ့ ရုပ်ရည်လေးနဲ့ သူ့ပုံစံ သူ ထားခဲ့တာကို ရှက်စရာမလိုပါဘူး .."

"မဟုတ်ဘူး .. အခု .. အခု သမီး သူ့ကြောင့်မဟုတ်တော့ဘူး.."

"ဟင်!..."

"သမီးကို .."

ပြောဖို့ကြိုးစားလေ ပြောမထွက်လေ ..၊

ကိုယ်ဘယ်လိုစော်ကားခံခဲ့ရသလဲဆိုတာ အဲ့ဒီနားကလူအုပ်တစ်အုပ်ပဲမြင်ကြပေမယ့် တစ်လောကလုံးကမျက်လုံးတွေ ကိုယ့်ပေါ်ကနေစီးကြည့်ပြီး တအံ့တသြ သနားကရုဏာတွေ ပို့နေကြသလို ခံစားနေရသည်။

သူမရဲ့ မာန်မာနတွေ ဘယ်ရောက်ကုန်ပြီလဲ ..။ မာကျောသည့် ခံယူချက်တွေ၊ စိတ်ဓာတ်တွေအားလုံးက ပျက်စီးခဲ့ရသည့် ခြေထောက်တစ်ဖက်နဲ့အတူ ကျိုးကြေပျောက်ရှသွားခဲ့တာလား ..။

ခံပြင်းတော့လည်း ငိုချင်သည်။ ရှက်တော့လည်း မျက်ရည်ကျ၏။ ဒေါသဖြစ်လာတိုင်း ပေါက်ကွဲခွင့်မသာပေမယ့် မျက်ရည်တွေကတော့ ကြွေတတ်လေသည်။

"မင်း ဒီတိုင်းထိုင်ပြီး ငွေနဲ့ ဖြေရှင်းလို့မရဘူး .."

ထိုလူ စကားသံကို တစ်ချိန်လုံး စွဲနေခဲ့၏။ ပြီးတော့ သူမရဲ့ဆေးက ကားတံခါးပွင့်သွားသည်။ သန်မာသည့် လက်တစ်ဖက်က သူမတစ်ကိုယ်လုံးကို ဝရမ်းပြေးတစ်ယောက်ကဲ့သို့ အကြမ်းပတမ်းဆွဲချခဲ့၏။

လူယုတ်မာ ..၊

ရှက်ရွံ့နာကြည်းသည့်စိတ်က ဘယ်လောက်ထိလဲဆိုလျှင် ဉာဏ်ထိုသူ့လက်တွေကို အတင်းပုတ်ထုတ်ရန်းကာ သူ့ပါးကို ဖြောင်းခနဲလွှဲရိုက်ပစ်လိုက်သည်။





ခြေပြင်ပေါ်မှာ သူမ ဘယ်လိုရပ်လိုက်သည်မသိ ဘယ်လိုအင်အားခဲ့ တုံ့ပြန်လိုက်မိတယ်ဆိုတာ နားမလည်နိုင် ..။ သို့သော် ...

"မှတ်ထား .. အဲဒါ မိုက်ရိုင်းချင်ဦး .."

ထိုမျက်နှာကို လက်ညှိုးထိုးပြောသည့်အချိန်မှာ သူမသည် ကားဒီမှာ ကျောပြင်လေးကပ်ထားလျက် ခြေထောက်နှစ်ဖက်စလုံး ဆတ်တုန်နေခဲ့၏။

ထိုအချိန်ထိ ကိုယ့်ကိုယ်ကိုယ် ဒုက္ခိတဆိုသည့်အဖြစ်ကို သတိမရင်းကြည့်ပြီး ကြောင်တောင်တောင်ငြိမ်သက်နေကြသည့် လူတွေကို ူးလက်သည့် မျက်ဝန်းတို့ဖြင့် လှည့်ကြည့်မိပြီး ..၊

"ဘာဖြစ်ဖြစ် အပြစ်လုပ်မိရင် ဥပဒေက အပြစ်ပေးမှာ .."

ထိုသူကို ဉာဏ် ရူးရူးရဲရဲပြန်ကြည့်မိကာ နောက်ထပ်လက်ညှိုးး၍ ..၊

"မိန်းမသားတစ်ယောက်ကို ဘယ်လိုပြောဆိုဆက်ဆံရမှန်းမသိက်အောင် ရှင့်အမေ ရှင့်ကိုမွေးပြီး ဘယ်အသိုက်ထဲသွားထည့်ထားလို့လဲ .."

"ဟော့ .. မင်း .. မင်း .."

မျက်လုံးတွေပြူးထွက်လာပြီး သူ့စကားတွေ ရှေ့မဆက်နိုင် ..။ ီးတော့ ရှေ့တစ်လှမ်းတိုးပြီးမှ လက်သီးဆုပ်ကြီးတွေ ပြင်ရင်း နောက်န်ဆုတ်သည်။

ထိုစဉ် ဖေဖေ့မျက်နှာကို ဘွားခနဲမြင်လိုက်ရကာ မျိုသိပ်ထိန်းချုပ်ားရသမျှ ဒေါသနှင့် မာနတို့ ကွာကျသွားခဲ့ပြီး အရာရာသည် ထိခိုက်ကျင်မှုတွေသာ ဖုံးလွှမ်းသွားခဲ့ပြီး ..၊

"သမီး .. သမီးလေး .."

ဖေကြီးလို့ စိတ်ထဲမှာ အားကိုးတကြီးခေါ်မိရင်း သူမတစ်ကိုယ်း ကားကိုမှီရင်း တအိအိခွေကျသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ ကားနောက်ဘီးတစ်ဖက်ရဲ့ အနီးမှာ ချိုင်းထောက်လေးတစ်ခုကို မျက်ဝန်းထောင့်မှာ မြင်လိုက်၏။ ပြီးတော့ ကျွတ်ကျွတ်အိတ်ထုပ်လေးတစ်ထုပ်က ဖောင်းလျက်ကျနေကာ ထွက်ကျနေတာက ကန်စွန်းဥပြုတ်လေးနှစ်လုံး ...။

သူမ မျက်လုံးတွေပြာသွားသည်။ ကိုယ်ရင်ဆိုင်ခဲ့ရသမျှ ရှက်ရွံ့ခြင်း ခံပြင်းခြင်း အစစသော ခံစားသမှုတို့ပျောက်ဆုံးသွားခဲ့ပြီး ...။

"သမီး .. သမီး သတိထားလေ၊ မကြောက်နဲ့ ဖေကြီး ရှင်းပေးမယ်၊ ဖေကြီးရောက်လာပြီး သမီး .."

သူမ သတိမလစ်ခဲ့ပါ။ သို့သော် .. အာရုံထဲမှာ ချိုင်းထောက်နဲ့ ကောင်မလေးကို မြင်ယောင်နေခဲ့၏။ ကားဘီးအောက်ကို နောက်ထပ်မကြည့်ရဲတော့ဘဲ လူက ကြောင်ငေးဆွံ့အနေခဲ့လျက် ...။

ကောင်မလေး ဘာဖြစ်သွားပြီလဲ ...။

"သမီး .. သမီး ဉာဏ်လေး .."

"ဟင် ..."

ဖြစ်ခဲ့သည့် မြင်ကွင်းတွေကို ပြန်မြင်ယောင်ကာ ဉာဏ်လေး တိတ်ဆိတ်ငိုင်ကျသွားသဖြင့် ဒေါ်မေသိမ်း စိုးရိမ်တကြီးလှုပ်ခေါ်လိုက်မိသည်။ ဉာဏ်လေး က ပြန်လှည့်ကြည့်၍ ...။

"မေမေ .."

"ဘာလဲ သမီး .. သမီး ဘာလို့ ဆက်မပြောတာလဲ၊ သူရာ နဲ့ ပတ်သက်တာမဟုတ်ဘူးဆိုတော့ သမီးကို အခု ဘယ်သူဘာပြောလွှတ်လိုက်လို့လဲ .."

**"လူယုတ်မာ .."**

"ဘုရားရေ .."

လူယုတ်မာဆိုပြီး မျက်ရည်စက်လက်နှင့် အံကြိတ်တော့ ဒေါ်မေသိမ်း မျက်လုံးအဝိုင်းသားနှင့် ...။



"လူယုတ်မာ ဟုတ်လား .. ဘယ်သူလဲ .. သမီး .. သမီးကို .."

"အဲလိုမဟုတ်ဘူး မေမေ .. သမီး .. သမီး အဲဒီလူကို ပါးရိုက်ပစ်ခဲ့တယ် .."

"အလိုတော် .."

"သူက သမီးကို ကားပေါ်ကနေ ဆွဲထုတ်တာ .."

"ဘာ!..."

ဒေါ်မေသိမ်း ခဏအတွင်းမှာ အံ့သြခြင်းထိတ်လန့်ခြင်းတွေနှင့် ... ထွက်ရခြင်းမှာ ကြာရှည်ကာ ...။

"ကြည့်စမ်း .."

ဉာဏ်လေး ပြောပြတာတွေကို နားထောင်၍ ...။

"ကောင်းတယ် .. ဒါမှ ငါ့သမီး၊ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကိုယ့်... ကိုယ့်စည်းကိုယ့်ကမ်းကိုမဖောက်နဲ့၊ သူ ချိုးဖောက်စော်ကားလာ... ည်း ငြိမ်ခံနေစရာမလိုဘူး .. ဒါပေမယ့် .."

တစ်ခုခုကို စိုးရိမ်သွားမိကာ ...။

"ကားက သမီး မောင်းလာတာမဟုတ်လို့ပေါ့၊ ဟုတ်သာဟုတ်ခဲ့... သမီးအတွက် မတွေးရဲစရာပဲ၊ သတိတော့ထားရမယ် သမီး၊ ယောက်ျား... ကို ဂရုစိုက်လွန်းတာ မကောင်းသလို ဂရုမစိုက်လို့လည်း မရဘူး၊ ...ချို့ကျတော့ မိန်းကလေးနဲ့ပတ်သက်ရင် တဟဲဟဲနဲ့ လိုက်လျော... ပေးတတ်တယ်၊ တစ်ချို့ကျတော့ မိန်းမလိုမိန်းမရ ရန်ပြိုင်ဖြစ်... ယ်၊ ကျားမ မရွေး လက်တုံ့ပြန်တတ်တယ်၊ သူတစ်ချက် ကိုယ်နှစ်... ပေါ့ .."

သမီးလေး သတ္တိရှိတာကို သဘောကျပေမယ့် မျက်စိကွယ်ရာ ... တစ်ယောက်တည်းဖြစ်ချင်တိုင်းဖြစ်နေရှာမှာကိုလည်း စိုးရိမ်မိသည်။

"ယောက်ျားပီသတဲ့စိတ် ရှိသူတွေသာ မိန်းကလေးတွေအပေါ် ...ရားသမှုထားပြီး အလျှော့ပေးသည်းခံကြတာ၊ ဘာပဲဖြစ်ဖြစ် သူ

www.burmeseclassic.com



သမီးကို ဘာမှမတုံ့ပြန်ခဲ့တာပဲ ကျေးဇူးတင်ရဦးမှာ .."

"ယောက်ျားနဲ့ မိန်းမ မထိရဲလို့နေမှာပါ မေမေ၊ ဒီလူ့ပုံစံက ယောက်
ပီသလို့ အလျှော့ပေးတာမဟုတ်ပါဘူး .."

"ပြဿနာက အကြီးကြီးပဲလေ သမီးရဲ့ .. ဘယ်သူမှားတယ်
တယ်ဆိုတာ ဆုံးဖြတ်နိုင်တဲ့သူရှေ့ကျမှ ပေါ်လာမယ့်ကိစ္စပဲ သူ မိုက်ရို
ချင်ရင် အရင်ဆုံး ကိုယ်ပဲခံရမှာ .."

ပြောနေရင်း နောက်ထပ်တွေးမိသွားကာ ..၊

"သူ့စိတ်ထဲမှာ သမီးက ဒီလောက်ပြဿနာကြီးကို မရှင်းဘဲ ထ
ထဲမှာ အခန့်သားထိုင်နေတယ်လို့ ထင်ရင်ထင်မှာ .."

ထိုစဉ် ဖုန်းဝင်လာသဖြင့် ဒေါ်မေသိမ်း က ဖွင့်ကြည့်ပြီး နေရာ
ထသွားကာ ..၊

"အစ်ကိုပြောလေ .. လူနာ အခြေအနေဘယ်လိုလဲ .."

"သိပ်မကောင်းဘူး မေ .."

"ဟင် ..."

"မိန်းကလေးက အသက်ဆယ့်လေးနှစ်ပဲရှိသေးတာ၊ ခြေတစ်ဖ
ဆွဲနေလို့ ချိုင်းထောက်နဲ့ပဲ သွားနေတာလေ၊ အဲ့ဒီ မသန်တဲ့ခြေထော
ကိုပဲ ထပ်ထိတော့ .."

"အဲဒါ .. အဲဒါ ဘာတွေဖြစ်နိုင်လဲဟင် .."

"သမီးရှိတယ်မို့လား မေ .. တော်ရုံကိစ္စကို ဖုံးဖုံးဖိဖိပြောပါကွ"

"ဟုတ်ကဲ့ပါ .. မေ အပြင်ထွက်ပြောနေတာပါ၊ အဲဒါ ဘယ်လိုလု
ရမလဲ .. ဘာတွေဖြစ်ကုန်ပြီလဲ အစ်ကို .."

"လူနာကတော့ အစတည်းက မထောက်နိုင်တဲ့ ခြေထောက်မို့
ပြဿနာမဖြစ်ချင်ပါဘူးတဲ့၊ ကားဘက်ခ်ဆုတ်ရင်း ဖြစ်တာဆိုတော
ဒရိုင်ဘာအပြစ်ပဲလေ၊ ဟိုကောင်ကလည်း ပြေးပြီဆိုတော့ လူနာရှင်
လည်း တို့ကိုနားလည်ပါတယ်၊ မပူနဲ့ မေ .. အားလုံးအေးချမ်းသွားအော





ရှင်းခဲ့ပါ့မယ်၊ လူနာရှင်ရဲ့မိသားစုက သဘောကောင်းကြတယ်၊
လိုအပ်တာလေးတွေ ကိုယ်တို့ပြန်ကူညီပေးမယ်၊ အကောင်းဆုံး
ကြိုးစားရမှာပဲ .."

ထိုစဉ် ဉာဏ်လေး က နံရံမှာ ကျောနဲ့ကပ်မှီပြီး ခပ်ဖြည်းဖြည်း
ထွက်လာတာမြင်လိုက်ကာ ..၊

"ဟင် .. သမီး .. သမီး ဒီတိုင်းသွားနိုင်နေပြီ .."

"နာတော့ နာတယ် မေမေ .. အဲ့ဒါ .. သမီး အရမ်းရှက်ပြီး ဟိုလူ့
ပြန်ချင်တာနဲ့ .."

"အောင်မလေး .. ဝမ်းသာလိုက်တာ .."

ဒေါ်မေသိမ်း ဖုန်းပြောနေတာကိုမေ့ကာ သမီးလေးကိုပြေးဖက်
မိသည်။

"အဆိုးထဲက အကောင်းပဲ သမီးရဲ့၊ မေမေ ဝမ်းသာလိုက်တာ၊
လူတွဲထားရင်တောင် သမီး အတင်းအားပြုလွန်းလို့ မိန်းကလေး
မနိုင်ဘူးလေ၊ ဒါ အရမ်းတိုးတက်လာတာပဲ .."

ဘာဖြစ်လို့မှန်းမသိပေမယ့် ဉာဏ်လေး ကတော့ ဝမ်းသာစရာလို့
င်မိပေ ..။

တကယ်ဆို မမေ့နိုင်သည့် နာကြည်းဖွယ်တစ်ခုသာ ဖြစ်သည်မို့..။

❤

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

အပြင်မှာ မေမေနဲ့ ဖေဖေရဲ့ စကားသံတွေကို ကြားနေရသ
သူရာ့ အသံကတော့ တစ်ချက်တစ်ချက်မှာ ခပ်ပျော့ပျော့တောင်းပ
ဖြစ်လျက် အတော်ကြီးကြာမှ ကားသံကြားလိုက်ရ၏။

ပြီးတော့ တစ်အိမ်လုံး တိတ်ဆိတ်သွားလေသည်။

သူ ဘယ်အချိန်အခန်းထဲဝင်လာမလဲ နားစွင့်ထားရင်း ညဏ်ာ့ မျ
လေးမှာ တည်တင်းနေခဲ့၏။ သိပ်မကြာလိုက်ခင်မှာ လှုပ်ရှားသံသ
ကြားလိုက်ရကာ ...၊

"ညဏ်ာ .."

"ရှင့်ကို ကျွန်မစောင့်နေတာ သူရာ .."

"ကျေးဇူးပြုပြီး ကိုယ့်ကို စိမ်းသက်တဲ့စကားတွေ မပြော
ညဏ်ာလေး ရယ် .. ကိုယ်သွားလာနေခဲ့မိတာ ကိုယ့်ရင်ထဲမှာ အရမ်
ကျပ်နေလို့ပါ၊ ခုနကပဲ အန်ကယ်လ်တို့ ပြောသွားကြတယ်၊ ည
ထင်သလို ကိုယ်လုံးဝမဟုတ်ပါဘူး .."

စကားသံနှင့်အတူ သူမရှေ့ကို ခြေလှမ်းကျဲများနှင့် ရောက်
ကာ ထိုင်နေသည့် သူမရဲ့ဘေးမှာပဲ တင်ပါးလွှဲဝင်ထိုင်လိုက်ပြီး ..

"ကိုယ် မင်းကို ဘယ်လောက်ထိချစ်မြတ်နိုးတယ်ဆိုတာ ..

"ရှင် အပြုအမူတွေနဲ့ သက်သေပြခဲ့ပြီးပြီပဲ .. အပိုတွေထပ်မ



နဲ့၊ ဘာလဲ .. အခု ကျွန်မ ခြေထောက်တွေ အခြေအနေပြန်ကောင်း
လာပြီကြားလို့ ပြေးလာတာလား .."

"မဟုတ်ရပါဘူး ညဏ်ာ ရယ် .."

ညဏ်ာ နှုတ်ခမ်းလေးမဲ့ကျသွားသည်။ ပခုံးအောက် မကျတကျမှာ
ဆော့ဝဲနေသည့် စတတ်ပ်ဆံပင်လေးဘွေကို မျက်နှာမော့ခါပစ်လိုက်
ပြီး ..၊

"ရှင် ဘာဖြစ်ချင်တာလဲ သူရာ .."

"ညဏ်ာ .."

"မနေ့တစ်နေ့ကထိ ရှင်က ထွက်ပေါက်ရှာနေတဲ့ ကြွက်လေး
တစ်ကောင်ပဲ .."

"မဟုတ်ဘူး ညဏ်ာ .. လုံးဝမဟုတ်ဘူး .."

"ဒီနေ့ ကျွန်မ ခြေထောက်တွေ မျှော်လင့်ချက် ထားစရာဖြစ်လာခဲ့
တာ ရှင့်ကို လက်လွှတ်ဆုံးရှုံးရမှာစိုးလို့ ကျွန်မက မဟားတရားလေ့ကျင့်
ကြိုးပမ်းနေတယ်လို့များ ထင်စရာဖြစ်သွားသလား .."

"မဟုတ်တာ ညဏ်ာလေး ရယ် .. အစဟည်းက ခုချိန်ထိ မင်းကို
တော်မောခဲ့တာက ကိုယ်ပါ၊ ကိုယ်ကသာ ပိုင်ဆိုင်ခွင့်ရဖို့ ကြိုးစားခဲ့တာ၊
မင်းရဲ့ ခြေထောက်လေးတစ်ဖက် မတော်တဆ ထိခိုက်သွားတာနဲ့ပဲ
ကိုယ်က ဘာဖြစ်လို့ မဟုတ်တရုတ်တွေကြံစည်ရမှာလဲ .."

သူ ခုတင်အစပ်မှာထိုင်ရင်းကနေ ကြမ်းပေါ်ဆင်း၍ ခြေဖျားထောက်
ထိုင်လိုက်သည်။ ပြီးတော့ ပေါင်ပေါ်တင်ထားသည့် ညဏ်ာ့ လက်ဖဝါး
လေးတွေကို တယုတယဆုပ်ကိုင်ထားလိုက်ရင်း မျက်နှာလေးကိုမော့
ဆေး၍ ..၊

"မင်းက သိပ်လှတဲ့ ကိုယ့်ရဲ့ နတ်သမီးလေးပါ ညဏ်ာ ရယ်၊ ဟို
ဘုန်းတည်းက ဒီနေ့ထိ ဘာချို့ယွင်းချက်မှမရှိဘဲ လှနေတာပါ၊ တကယ်
ဆော့ ကံကြမ္မာက ကိုယ့်ကို လှမှန်နေရာမှန်သွားစေချင်တာဖြစ်မှာပါ.."

သူ ဘာကိုပြောတာလဲ ...၊

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ် ရဲ့ မျက်တောင်ဖျားလေးတွေ စိုက်ခနဲ လှုပ်ရှားသွားကာ မော့ကြည့်နေခဲ့သည့် သူ့မျက်ဝန်းတွေနဲ့ ဆုံမိကြ၏။ သူ ဘာအဓိပ္ပာယ်တွေနဲ့ ပြောမှန်းမသိပေမယ့် ကိုယ့်ရဲ့ ဒုက္ခိတဘဝကို စကားလုံးလှလှတွေသုံးပြီး ရှောင်ဖယ်ဖို့ကြိုးစားခြင်းအရာသာ မြောက်ခဲ့လျက် ..။

"အဲ့ဒီတော့ ရှင့်နေရာမှန်က ဘယ်အရပ်ဒေသမှာလဲ ပြောပါဦး.."

"မင်းက ကိုယ့်အတွက်မဟုတ်ဘူးဆိုတာ သိလိုက်တဲ့အချိန်က ကိုယ့်ကြောင့် မင်းဘဝ အညွန့်ကျိုးခဲ့ရပြီ၊ ဒါတွေက ကိုယ့်ကြောင့်ပါ၊ မင်းဆန္ဒမပါဘဲ လက်ထပ်ဖို့ကြိုးစားခဲ့မိတယ်၊ မင်းသာ ကိုယ်နဲ့လက်မထပ်ခဲ့ရင် .."

"ဒီမှာ ကိုသူရာရှိန် .."

အေးစက်မှုအပြည့်နှင့် လေသံသာမက တင်းတင်းစေ့နေသည့် နှုတ်ခမ်းသားလေးတွေက ရက်စက်စိမ်းကားခြင်းတို့ကို ဖော်ကျူးနေခဲ့လျက် ..

"ရှင့်ဆီမှာ ဒီစကားမျိုးတွေ ကျွန်မ မကြားရရင် ရှင့်ကို ဒီထက်ပိုကြာအောင် လေးစားမိဦးမှာ .."

"ကိုယ့်ရင်ထဲမှာ ခံစားနေရတဲ့အတိုင်း အစစ်အမှန်တွေပါ ဉာဏ်လေးရယ် .. တကယ်ပါတော့ .."

"တကယ်တော့တွေ များနေပြီ ကိုသူရာ .. တကယ်မဟုတ်တာတွေပဲ ပြောပြစမ်းပါ၊ ရှင် ဘာပြောချင်တာလဲ .."

သူရာ့ မျက်နှာမှာ ဖြေရာမဲ့သော ဆွေးမြေ့ခြင်းတို့ လွှမ်းခြုံနေလျက်..

"မင်း ကိုယ့်ကို နားလည်မှာမဟုတ်ဘူး ဉာဏ် .. ကိုယ့်ရဲ့အတွေးကိုယ့်လုပ်ရပ်တိုင်းက မင်းနဲ့ပဲ သက်ဆိုင်ပါတယ်၊ မင်းအတွက်ချည်းပဲဆိုတာ ယုံပါ .."

"ယုံကြည်စေချင်တာကို ဒူးထောက်တောင်းပန်ဖို့မလိုဘူး သူရာ၊ ကျွန်မဘဝကို ပုံအပ်ခဲ့တဲ့ယောကျ်ားက ကျွန်မခြေထောက်နားမှာ အဝတ်စုတ်တစ်စုတ်လို ပုံကျဒူးထောက်နေတဲ့ ယောကျ်ားမျိုးမဟုတ်ဘူး .."

"ဘယ်တုန်းကမှ မဟုတ်ခဲ့တာပါ ဉာဏ်လေး ရယ်၊ ကိုယ်က



မင်းသဘောတူရွေးချယ်ခဲ့တဲ့ ယောကျ်ားမှ မဟုတ်ဘဲ၊ အဲ့ဒါကစပြီး မင်းရဲ့ မျက်လုံးထဲမှာ ကိုယ်က ချစ်ခင်လေးစားအားထားဖွယ် ခင်ပွန်းကောင်းတစ်ယောက် ဘယ်တော့မှဖြစ်လာမှာမဟုတ်ဘူးဆိုတာ အဖြေထုတ်ခဲ့ပြီးသားပါ .."

"ရှင်ရနေတဲ့ နောင်တတွေကို တစ်နေ့ အခါရှစ်ဆယ်လောက် ဖော်ပြနေတဲ့အတွက် ကျွန်မက ကျေနပ်ဝမ်းသာနေမယ်လို့ ရှင် ထင်နေတာလား .."

"မထင်ပါဘူး .. မင်းရော ကိုယ်ရော ဘယ်သူမှာမှ ချမ်းသာဖို့မရှိနိုင်ဘူးဆိုတာ ကိုယ်နားလည်ပါပြီ .."

"ကိုသူရာရှိန် .. ရှင် .."

ပြောနေရင်း ဒါတွေပဲ အထပ်ထပ်ပြန်ကျော့နေတာ ဂျာအေးကို သူ့အမေရိုက်သလိုပါလား ..။

အထပ်ထပ်ပူလောင်နေရသည့်အထဲမှာ ပြောစရာတွေ ပြည့်သပ်နေခဲ့သည်။ ဒူးထောက်နေပြန်သည့်အဖြစ်ကို ထပ်ဆင့် ပြစ်တင်စရာစကားသည်း ရှားနေခဲ့ပြီး ..၊

ထိုအခါ ဉာဏ် မျက်နှာလေးလွှဲပစ်လိုက်ပြီး အံကြိတ်ထားလျက်..၊

"ရှင် ဒီ့ထက်ပွင့်ပွင့်လင်းလင်း ပြောလိုက် သူရာ .. ရှင် ဘာဖြစ်ချင်တာလဲ .."

"မင်းနဲ့ သက်ဆုံးတိုင်အတူတူနေသွားချင်တာပါ .. ဒါပေမယ့်.."

"မဟုတ်ဘူး .."

ဉာဏ် က လက်တွေကိုအားပြုကာ တစ်ဖက်တိုးလိုက်၏။ သူရာ ငုတ်တုတ်ထိုင်နေတာနှင့် အနည်းငယ်အလှမ်းကွာသွားသဖြင့် သူ့မျက်နှာကို ငုံ့ကြည့်ပြီး မဲ့ကာ ..၊

"ဒီတစ်ခါ ရှင့်အဖြေကို အနီးစပ်ဆုံး မှန်အောင်ဖြေစမ်းပါ၊ ရှင့်ကို အဲဒါ မေးချင်လွန်းလို့ မြို့လယ်ခေါင်မှာ ဒီဒုက္ခိတဘဝနဲ့ ကျွန်မ သေလောက် ရှက်ခဲ့ရပြီးပြီ၊ နောက်ထပ် ကျွန်မကို ဒီတိုင်းထားခဲ့ပြီး ရှင်

www.burmeseclassic.com

www.burmeseclassic.com



အသံကောင်းဟစ်နေဦးမယ်ဆိုရင် ကျွန်မလုံးဝ သည်းခံမှာမဟုတ်ဘူး..."

သူရာ မျက်နှာပျက်သွားကာ နေရာမှ ကမန်းကတန်းထရပ်သည်၊ ပြီးတော့ သူမဘေးမှာ တင်ပါးလွှဲလာထိုင်ပေမယ့် ဖင်မကျရှာဘဲ ..၊

"မဟုတ်ဘူး ညဏ် .. ကိုယ် .. ကိုယ် မင်းကို .."

"ရှင့်ကို ဘယ်လောက်ချစ်သလဲလို့ မေးနေတာမဟုတ်ဘူးနော်.. ချစ်တာတွေ ကရုဏာတွေ ကျွန်မ စိတ်မဝင်စားဘူး၊ ရှင့်လုပ်ရပ် အပြ အမူတွေက မရိုးသားဘူး၊ အဲဒါကို သိနေလို့ ကျွန်မ ရွံ့တယ်၊ ပျက်ပြာ လာတဲ့ ရှင့် ခြေလှမ်းတွေကြောင့် ကျွန်မရဲ့ ဂုဏ်သိက္ခာထိခိုက်တယ် လူတကာရဲ့ သနားသဖြင့် ကြည့်ကြတဲ့ မျက်လုံးတွေအောက်မှာ ကျွန်မ မနေနိုင်ဘူး .."

"ခဏပဲ သည်းခံပေးပါ ညဏ်လေး ရယ် .. နော် .."

"ဘာ!..."

ခဏပဲဆိုတော့ တစ်ချိန်ချိန်မှာ သူက ကွာရှင်းပေးမယ်ပေါ့ ..၊

ရှက်ရွံ့သိမ်ငယ်သည့် မျက်ရည်ကြည်တွေ ချက်ချင်းဝေ့တက်လာ၏။ သို့သော် ညဏ် အံကြိတ်ထားမိကာ ..၊

"ပြီးရင်ရော .."

"မင်း .. မင်း ကိုယ့်လုပ်ရပ်တွေကို အမှန်အတိုင်းသိလာတဲ့အခါ ကိုယ့်စေတနာကို နားလည်မှာပါ၊ ကိုယ့်ရဲ့ ရည်ရွယ်ချက်လုပ်ဆောင် ချက်တိုင်းက မင်းပါ၊ ကိုယ် မုသားပြောခဲ့တာမဟုတ်မှန်း သိလာတဲ့ အချိန်မှာ မင်း နာကျင်ခံစားရမှာ ကိုယ် မလိုလားဘူး ညဏ်၊ ဒါကြောင့် မင်း မယုံကြည်နိုင်ရင်လည်း ခဏလောက် သည်းခံပေးဖို့ ကိုယ်ပြော နေတာပါ .."

"ဟုတ်ပြီ .. အဲ့ဒါကို ကျွန်မက မမေးတော့ဘူး၊ ဒါပေမယ့် ကျွန်မ ဘက်ကလည်း ပြောစရာရှိတယ် .."

ညဏ် က သူ အနားကပ်ထိုင်နေတာကို မနှစ်မြို့သည့်မျက်နှာလေး နှင့် ပခုံးလေးကျုံ့၍ လက်လေးပိုက်ထားလိုက်ပြီး ..၊



"မင်္ဂလာဦးညမှာတုန်းက ကျွန်မဘက်က စည်းခြားဖို့ပြောခဲ့ဖူး တယ် .."

ပြောသာပြောရပေမယ့် ရှက်မိသည့် ခံစားချက်ကြောင့် မျက်နှာ လေး ခပ်လွှဲလွှဲထားမိလျက် ..၊

"မထင်မှတ်ဘဲ ခုလိုတွေထပ်ဖြစ်လာတော့လည်း .."

"အဲ့ဒါတွေအတွက် ကိုယ် ဘာမှ ..."

"ကျွန်မ စကားကို ဖြတ်မပြောပါနဲ့ ကိုသူရာ .."

သူ မချိတရိမျက်နှာနှင့် ခေါင်းညိတ်ရှာ၏။ ညဏ်လေး ကတော့ သူ့မျက်နှာကို လှည့်လည်းမကြည့်၊ အကဲခတ်ဖို့လည်း မကြိုးစားပေ ..။ ရှေ့တည့်တည့်မှာပဲ အကြည့်တွေကို စူးစိုက်ထားရင်း ..၊

"ရှင်နဲ့ ကျွန်မ ဒီနေ့ထိ ကင်းကင်းရှင်းရှင်း နေခဲ့မိကြတဲ့အကြောင်း တွေနဲ့ပတ်သက်ပြီး လူကြောင့်ဖြစ်ဖြစ် အခြေအနေအမျိုးမျိုးကြောင့်ပဲ ဖြစ်ဖြစ် အဲ့ဒါတွေကို ထားလိုက်ကြမယ်၊ အခု ပြောချင်တာက ရှင် လွတ်လပ် သလိုနေပါ .."

"ညဏ်လေး က ဘာကိုပြောချင်တာလဲ .."

"ကျွန်မ ဘာပြောချင်တယ်ဆိုတာ ရှင် သိနေပါတယ် ..၊ ဘာဖြစ် လို့လဲဆိုတော့ ရှင် ကြိတ်ပြီး မျှော်လင့်နေတဲ့ အခွင့်အရေးမို့လို့လေ .."

"ညဏ် ..."

"တစ်ခုပြောဖို့ရှိတာက ကျွန်မက 'ထမင်းရည်ပူလျှာလွှဲ' ပြောနေ တယ်လို့ မထင်ဖို့ပဲ၊ ရှင် ကျွန်မကို အကြောင်းတွေပြပြီး စကားလုံးလှလှ တွေသုံးနေဖို့မလိုဘူး၊ တခြားထွက်ပြီး အပေါင်ပန်းခံနေဖို့လည်း မလိုတော့ ဘူး၊ ကျွန်မတို့ မောင်နှမ သူငယ်ချင်းတွေလို့သဘောထားပြီး ဒီအိမ်ပေါ် မှာပဲ ပွင့်ပွင့်လင်းလင်း .."

"မင်း ဘာတွေပြောနေတာလဲ ညဏ် .."

"ရှင် ဘယ်လိုနေနေ ကျွန်မ မတုန်လှုပ်ဘူးဆိုတာကို သိစေချင် တာပဲ ကိုသူရာ .."

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်သိပြီးသားပါ .. မင်းမှ ကိုယ့်ကို မေတ္တာမရှိခဲ့တာ .."

"အမှန်ပဲ .."

ညဏ် က ဆတ်ခနဲလှည့်ကြည့်၏။ မျက်ဝန်းမှာ မျက်ရည်စတို့ ပြည့်သိပ်လျက် ..၊

"အဲဒါ အမှန်ပဲ .. ဒါကြောင့် ရှင့်ရဲ့ စိတ်ပျက်စွာ ရှောင်ဖယ်ခြင်းကို ကျွန်မ မခံနိုင်ဘူး၊ ညဏ့် ဘဝ ဘာဖြစ်နေနေ သူများသနားခံရလောက်အောင် မပျော့ဘူး သူရာ ..၊ ဂရုလည်းမစိုက်ဘူး၊ ရှင်ကြိုက်တဲ့မိန်းမကို ခေါ်လာလို့ရတယ်၊ တစ်ည ဒါမှမဟုတ် တစ်ပတ် တစ်လ တစ်နှစ် ရှင် သဘောကျနေပြီဆိုရင် တစ်သက်လုံးအတွက် .."

စကားတွေ ရေပက်မဝင်အောင်ပြောပြီးမှ တိခနဲရပ်ပစ်ကာ ..၊

"ရှင့် စိတ်ချမ်းသာသလို နေထိုင်သွားပါ .."

သူမရဲ့ စကားလုံးတိုင်းကို ရင်ဘတ်နဲ့ဖြန့်ခင်းပေးဆပ်နေခဲ့သော သူရာ့ မျက်နှာက ညဏ် မျက်ဝန်းထဲမှာ သနားကြင်နာဖွယ်ဖြစ်မလာခဲ့ခြင်းနှင့်ပတ်သက်၍ ..၊

"အဲဒါကြောင့် ရှင့်ကို ကွာရှင်းပေးပါတော့လို့ ကျွန်မ ဘယ်တော့မှ မပြောဘူး၊ ရှင် ပြောနေတဲ့ စကားတွေက တကယ်ပဲ ကျွန်မအတွက်ချည်းပဲဆိုရင်တော့ ဘာလုပ်ရမလဲ ရှင် သိမှာပါ .."

"သိပါတယ် .."

"ခုလို ပြောပြလိုက်ရတဲ့အတွက် ကျွန်မ နေသာထိုင်သာရှိသွားပြီ .."

"ဝမ်းသာပါတယ် .. မင်း စိတ်ချမ်းသာဖို့ပဲလိုတာပါ ညဏ်လေးရယ် .. တကယ်တော့ မင်း ခံစားနေရတာက ကိုယ့်ဘက်က နှုတ်ထွက်သွားလိုက်မှာစိုးနေတာပဲ .."

"ဟုတ်တယ် .. ကျွန်မက ဒုက္ခိတပေမယ့် ယောကျ်ားတစ်ယောက် စွန့်ပစ်ခံခဲ့ရတဲ့ဘဝနဲ့ မနေခဲ့နိုင်ဘူး .."

စကားသံတိုင်းက တုန်ယင်အက်ရှနေလျက် ..၊



"မေမေက ပြောသွားတယ် .. ထားရစ်ခဲ့တဲ့ သူနဲ့ ကျန်ခဲ့ရတဲ့သူ ဘယ်သူက သိက္ခာမဲ့တာလဲတဲ့ .. အဲ့ဒီအချိန်မှာ သိက္ခာကို တစ်နေရာမှာ သွားပုံထားလိုက်ရုံပဲ သူရာ .. ကျွန်မကပဲ ဖြတ်တောက်ထားရစ်ခဲ့တဲ့သူ ဖြစ်ချင်တယ် .."

သူ့စကားသံကလည်း အားပြတ်လဲကျတော့မည့်ကဲ့သို့ တိုးလျနေတာ ..၊

"ဒါပေမယ့် ကိုယ့်ကို ခွင့်လွှတ်ပါ၊ မင်းနဲ့ ကိုယ် ဘယ်တော့မှ ချင်ကွဲကွဲဖို့ စိတ်မကူးဘူး၊ မင်းက ထားသွားမှာကိုလည်း ခံနိုင်ရည်မရှိဘူး .."

လေးနက်သိုသိပ်စွာဆိုရင်း နေရာမှ လေးဖင့်စွာထရပ်၏။ ပြီးတော့ သူမ မျက်နှာလေးကို ပြန်ငုံ့ကြည့်ကာ ..၊

"အဲဒါ ကိုယ့်ရင်ထဲက သစ္စာစကားတွေပါ၊ ကိုယ့်အပြုအမူတွေကြောင့် မင်း ယုံချင်မှ ယုံမှာပေမယ့် မင်း စိုးရိမ်နေသလို ကိုယ် ဘယ်မိန်းမကိုမှ မသာယာဘူး၊ ဖောက်ပြန်တဲ့ စိတ်လည်း မမွေးခဲ့ဖူးဘူး၊ နောက်လည်း ဖောက်ပြန်မှာ မဟုတ်ဘူး၊ အဲဒါကြောင့် ကိုယ်ကစပြီးခင်းကို ထားခဲ့မှာကို ပူမနေပါနဲ့ .."

ညဏ့် မျက်ဝန်းလေးတွေက မျက်တောင်ကော့တို့အောက်မှာ ဆွေ့ဝေခြင်းတစ်ဝက်ဖြင့် လှုပ်ရှားနေခဲ့၏။ သူမ ထင်ခဲ့တာတွေ မှားသွားပြီလား ..၊

ဒါပေမယ့် သူမ ဝှီးလ်ချဲနဲ့ မသွားမလာနိုင်ဖြစ်နေတဲ့အချိန်မှာမှ သူ ဘာဖြစ်လို့ ခရီးရှည်တွေထွက်ပြီး တစ်ခါတစ်ခါအိမ်ကို မဆက်သွယ်ဘဲ ပျောက်ချက်သားကောင်းနေတာတွေ ဖြစ်လာခဲ့တာပဲ ..။

ခုလည်း ရန်ကုန်ပြန်ရောက်ခဲ့ပြီး အိမ်ကို အကြောင်းမကြား ရောက်လည်းမလာဘဲ သူ့ကိုတွေ့ခဲ့ပါတယ်၊ စကားပြောခဲ့ပါတယ်ဆိုတဲ့ လူတွေ ပြန်ပြောမှ သိခဲ့ရသည်။

ဒါတွေကျတော့ ဘာကြောင့်ပါဆိုတာ ခိုင်လုံတဲ့အကြောင်းပြချက်

www.burmeseclassic.com

www.burmeseclassic.com



မပေးနိုင်ဘဲ သူ့ရဲ့ သစ္စာစကားတွေကို ဘယ်လိုယုံစေချင်တာလဲ …၊

ညာဏ့် ခေါင်းထဲမှာ ဖြစ်သင့်တာတွေနဲ့ ဖြစ်နေတာတွေ ရှုပ်ထွေးလာခဲ့သည်။ မယုံနိုင်စရာတွေအားလုံးက သူ့စကားသံတွေကြောင့် အမှန်တရားတွေများလားလို့ တွေဝေလာခဲ့ပြီး …၊

"ရှင်ပြောတာတွေက ယုံချင်စရာတွေပဲ ဒါပေမယ့် အခု ကျွန်မခြေထောက်တွေ ပြန်ကောင်းတော့မလိုလို မျှော်လင့်စရာတွေ ရှိလာမကြားလာရတော့ …"

"ထားလိုက်ပါ ညာဏ် … မင်း ဘယ်လိုပဲထင်ထင် ဒီ့ထက်ပြင်းထန်တဲ့ စကားလုံးတွေနဲ့ထပ်ပြီး ပစ်ပေါက်ပါ၊ အခြေအနေတွေက ဒီတိုင်းဖြစ်ထိုက်တာမို့လို့ ကိုယ် နားလည်တယ်၊ မင်း မမှားပါဘူး … အခု ကိုယ်တစ်ခုလောက် တောင်းဆိုချင်တာက …"

ပြောလက်စနှင့် တိတ်ဆိတ်သွားသဖြင့် ညာဏ် က မော့ကြည့်သည်။ သူရာ မျက်မှောင်ကုတ်ပြီး စဉ်းစားနေရမှ ညာဏ့် ကို လှည့်ကြည့်ပြီး…

"ဒီလိုပါ … ကိုယ် … ကိုယ့်သူငယ်ချင်းတစ်ယောက်ကို ဒီမှာ လာနေဖို့ပြောလိုက်မိတယ် …"

"ဘယ်လို!…"

"မင်းကို မတိုင်ပင်တာက မင်းမှာလည်း ကျန်းမာရေးတစ်ဖက်နဲ့ ကျဉ်းကျပ်မှုတွေရှိနေတော့ ဒီလိုကိစ္စအတွက် ခေါင်းရှုပ်သွားမှာစိုးလို့ပါ၊ သူက ကိုယ့်သူငယ်ချင်းဆိုလည်းဟုတ်၊ ညီအစ်ကိုဆိုလည်း ဟုတ်တယ်၊ နိုင်ငံခြားမှာ လုပ်ငန်းအခြေချဖို့တွေ အားလုံးသေချာနေပြီဆိုတော့ မင်းလည်းသိပြီးသားပဲလေ၊ မင်းကို နောက်ထပ် ငြိုငြင်စရာတွေ ကိုယ် မပေးချင်လို့ …"

"ဘာဆိုင်လို့လဲ သူရာ … စကားတစ်ခုကို လိုရင်းကို တည့်တည့်သွားလိုက်စမ်းပါ၊ အဲဒီလူကို ခေါ်ထားရမယ့်အဓိက အကြောင်းက ဘာလဲ…"

"စီးပွားရေးအတွက်ပါ …"

မှုန်ကုတ်နေသည့် ညာဏ့် မျက်ခုံးတန်းလေးတွေ အနည်းငယ် ပြေ



သွားသည်။

"ကိုယ်တစ်ယောက်တည်း ဟိုပြေးဒီပြေးဖြစ်နေရင် မင်းအပေါ်မှာ ောက်ထပ် လစ်လျူရှုမိတာတွေ ထပ်ဖြစ်မှာစိုးတယ်၊ ကိုယ်ဖြစ်ဖြစ် ဖြစ်ဖြစ် ဒီမှာတစ်ယောက်ရှိနေတော့ …"

"ဘာ …"

"ကိုယ့်အတွက် အဲ့လောက်ထိ စိတ်ချယုံကြည်ရတဲ့သူပါ၊ ပြီးတော့ ယ့်ကို သူ အများကြီး ကူညီခဲ့ဖူးတယ်၊ ကိုယ့်အလှည့် ပြန်ရလာတာ ောင် ကိုယ်က ဝမ်းသာနေတာ၊ သူက ငွေအရင်းအနှီးရှိတယ်လေ၊ င်နှီးတိုးချဲ့ချင်ပေမယ့် ကိုယ်တို့လောက် လက်တံမရှည်လို့ ပူးပေါင်းတာ၊ အဲ့ဒီအတွက် ကိုယ် လက်ခံခဲ့မိတဲ့အကြောင်းကို ညာဏ် နားလည်ယ်လို့ထင်ပါတယ် …"

ညာဏ် ခဏငြိမ်သွားသည်။ ပြီးမှ …၊

"ရှင့် မိတ်ဆွေဆိုမှတော့ စီးပွားရေးအကြောင်း ရှိရှိ မရှိရှိ ကျွန်မတ်ခံချင်ချင် မချင်ချင် ခေါ်ထားခွင့်ရှိတာပဲ …"

"ကိုယ်က ကိုယ့်မှာ အခွင့်အရေးရှိတာကို ပြောနေတာမဟုတ်ဘူး"

"ကျွန်မ နားလည်ပါတယ်၊ ရှင့်ကိုလည်း တမင်ရွဲ့ပြောနေတာ ဟုတ်ဘူး၊ ရှင်နဲ့ ကျွန်မက လင်မယားတွေလေ၊ ရှင့်ဘက်ကဖြစ်ဖြစ် ျွန်မဘက်က ဖြစ်ဖြစ် မိတ်ဆွေဖြစ်ဖြစ် ဆွေမျိုးဖြစ်ဖြစ် အတူလာနေ ိုင်ခွင့်ရှိတယ်၊ ခေါ်ထားတာ အလည်လာတာ ဘာဖြစ်ဖြစ်ရတာပဲ … ခွင့်ောင်းနေဖို့မလိုပါဘူး …"

သူရာ မသက်သာသည့် ပင့်သက်နှင့်အတူ မျက်နှာလွှဲလိုက်မိသည်။ မျက်နှာလွှဲသွားမှ ညာဏ့် မျက်တောင်ဖျားလေးတွေ ဖျတ်ခနဲပင့်တက်သည်။

ခိုင်ကြည်သော မေးရိုးတစ်ဖက်က အံကြိတ်လိုက်ခြင်းကြောင့် ောင်းဖြစ်သွားတာကို မြင်ရကာ လှည့်ထွက်သွားပုံက တစ်လှမ်းချင်းတရွေ့ …

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ အမည်မသိသော နာကျင်မှုတစ်ချက်က နင့်ကျန်ရစ်၏။

သူ ပြန်ရောက်လာတာ မိတ်ဆွေဆိုသောလူတစ်ယောက်ကို ဒီမှာထားဖို့အတွက် အသိပေးရုံလား .. ကိုယ်နဲ့ သူ့ကြားမှာ အိမ်ထောင်ရေး ပြေလည်ဖို့ ဒီထက်မက ရင်းနှီးနားလည်ကြဖို့တွေ မပါဘူးလား ..။

သူ့ခြေလှမ်းတွေကို စူးစိုက်ကြည့်နေရင်း ဉာဏ် မျက်နှာလွှဲလိုက်မိသည်။ ထိုစဉ် ..၊

"ဟာ .."

သူ့ အသံသဲ့သဲ့ကို ကြားလိုက်ရပြီး ..၊

"ဒုန်း .."

"သူရာ .."

ဉာဏ့် ခေါ်လိုက်သည့်သံလေးကို ကြားလိုက်ရသဖြင့် ဘယ်လိုမှ ထိန်းချုပ်မရလိုက်သော ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်မိ၏။ ရှိုးကေ့စ်လေးပေါ်က ပန်းအိုးကို ရိုက်ချလိုက်သလိုဖြစ်သွားကာ လက်ထောက်လိုက်မိသည့် ရှိုးကေ့စ်၏ ထောင့်စွန်းကို အတင်းအကျပ်ဆုပ်ကိုင်ထားလိုက်မိသည်။

ထိုအခါ အလိုက်သင့်လဲကျသွားခြင်းထက် ပို၍အဖြစ်ဆိုးကာ လက်ကို မလွှတ်သည့်အတွက်ကြောင့် နံရံနဲ့ လွဲရိုက်ခံလိုက်ရသလို ဖြစ်သွားလေသည်။

"အား .. ကျွတ် .. ကျွတ် .."

ကိုယ့်ကိုယ်ကိုယ် ညည်းသံမထွက်ခဲ့ဖူးထင်ပေမယ့် ဉာဏ် က အားလုံးမြင်ကာ သေချာကြားလိုက်၏။

"သူရာ ..."

"ဉာဏ်လေး .. ဘာလို့အတင်းထလာတာလဲ .. ကိုယ် .. ဘာမှ-"

"အမလေး ..."

သူ နံရံမှာ မှီလျက်ကနေ မတ်တတ်ရပ်ပစ်လိုက်သည်။ သို့သော် ဇိုက်ခနဲ ယိုင်သွားကာ ဉာဏ့် ကိုယ်လေးပေါ် ပြိုကျ၏။



အစတည်းက ခြေမသန်သည့် ဉာဏ် က ဘယ်လိုမှ မထိန်းနိုင်ဘဲ ...ာက်စလုံး ကြမ်းပေါ်အထွေးလိုက်ပြိုလဲလေသည်။

"ဉာဏ် .. ဉာဏ်လေး .."

"ရပါတယ် .. ဉာဏ် ဘာမှမဖြစ်ဘူး၊ ရှင် ဘာဖြစ်သွားတာလဲ.."

"ကိုယ် .."

သူ့မျက်လုံးတွေ ဝေဝါးနေဆဲဖြစ်ကာ ခေါင်းထဲမှာ တရိပ်ရိပ်ခုန်...က်နေသည်။ ရုတ်တရက် မျက်လုံးဖွင့်ထားမိသလား ပြန်မှိတ်လိုက်...ား ကိုယ့်ကိုယ်ကိုယ် မခွဲခြားနိုင် ..။

"ကိုယ် ခရီးပမ်းလို့ထင်တယ်၊ ဘာမှမဟုတ်ဘူး .. အမှတ်တမဲ့...ဲဖြစ်သွားတာ .."

ဉာဏ့် လက်လေးတစ်ဖက် သူ့တင်ပါးအောက်မှာ ပိနေတာကို ...တ်ပေးကာ မျက်လုံးချင်းမဆုံအောင် မျက်နှာငုံ့ထားမိသည်။ ပြီး... လက်ဖဝါးနုနုလေးကို ဆွဲထုတ်ယူရင်း သူ့လက်ဖဝါးတွေထဲမှာ ...တယ ပွတ်သပ်ဆုပ်နယ်ပေးမိ၏။

"ရပါတယ် .."

ဉာဏ် က လက်ကိုပြန်ရုန်းသည်။ သူ လွှတ်မပေးဘဲ ဖိဆုပ်ထားမိ... သူ့ဆီကို ပြိုပြိုလဲလဲနှင့် ထပြေးလာရှာသည့် ဉာဏ့် ပုံရိပ်လေးပြန်...သည်။

သူမဆီကိုပဲ ရောက်နေခဲ့သည့် အသိစိတ်တွေက ဘာမှမမြင်တော့...င် မိုက်ခနဲ အမှောင်ဖုံးသွားပေမယ့် မျက်ဝန်းထောင့်မှာ နောက်ဆုံး...ထင်သွားသည့် သူမ၏ ပုံရိပ်ကို သေချာသိနေသည်။

သူ ဘာဖြစ်သွားတာလဲ သူမရှေ့မှာ ဒီလိုပုံစံတွေ ခဏခဏဖြစ်နေ... သိစေချင်တာတွေကို မင်းဘယ်လို ဖုံးဖိကာကွယ်မလဲ သူရာ ..၊ ...က်တစ်ခါထပ်ဖြစ်ခဲ့ရင် မင်း ..၊

"သူရာ .."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ပြန်မထနိုင်ဘူးလား .."

"ဟင့် .. ဟာ .. ထနိုင်ပါတယ် .. ဆောရီးနော် .."

သူမလက်လေးကို ကမန်းကတန်း လွှတ်ပေးမိကာ ..။

"ညာဏ်လေး ထလေ .. ကိုယ် ထူပေးမယ်နော် .."

ပခုံးလေးနှစ်ဖက်ကနေ ဆွဲထူပေးမယ့် အဆင်မပြေ ..။

ထို့ကြောင့် ကိုယ့်မျက်လုံးတွေကို မျက်တောင်တစ်ချက်နှစ်ချက် ဖိခတ်ပြီး မသိမသာခေါင်းခါလိုက်သည်။ ပြီးမှ သူမကို ခွင့်တောင်းသလို ပြုံးပြကာ အသာလေးပွေ့ယူလိုက်၏။

မျက်ရိုးထဲက တဆစ်ဆစ်ကိုက်လာတာကို သတိထားမိကာ သူ ကြေကွဲသွားမိသည်။ သူတို့အဖြစ်က ဘာနဲ့တူနေပြီလဲ ..။

ကျိုးနေတဲ့လူကို ကန်းနေတဲ့လူက ကျောပိုးခေါ်နေသလိုမျိုးလား .. အဲ့ဒီလိုဖြစ်နေတာကို မင်း လိုချင်တာလား ..။

ညာဏ့် ကို ပွေ့ချီလိုက်ရင်း ကိုယ့်ကို ပြန်မေးမိသည်။ သူ ဒီ အဖြစ်မခံနိုင်ပေ ..။ ကိုယ်ဘာဖြစ်နေသလဲ ဘာဖြစ်တော့မှာလဲဆိုတာ သူမကို လုံးဝမသိနိုင်သလို သူမဘဝလေးကိုလည်း နေမလောင် မိုးမ အောင် ကာကွယ်ပေးချင်သည်။

ဒီလိုသာဆို ကိုယ်က ကာကွယ်မပေးနိုင်သည့်ပြင် ကြာရင် ကိုယ့် အခြေအနေကို သူမ ရိပ်မိသွားဖို့သာရှိတော့သည်။

"သူရာ .."

"ဟင် .."

"ရှင် ဘာဖြစ်နေတာလဲ .."

ဟင် ..။

မွေ့ရာပေါ်မှာ သူမကို ပွေ့လျက်သားနှင့် သူ ဒီတိုင်းရပ်နေခဲ့မိ၏။

"ဆောရီး .."

ဒါကိုတွေးနေရင်း ဒီပုံစံပဲ ထပ်မှားပြန်ပြီမို့ ထိတ်ထိတ်ပျာပျာ သွားမိကာ သူမကိုယ်လေးကို မွေ့ရာမှာ အသာအယာချပေးလိုက်ပြီး



"ဟိုလေ .. ကိုယ် ဖြစ်သွားတဲ့ပုံကို ပြန်တွေးမိလို့ပါ .."

"ဘာကိုလဲ .."

"အဟွန်း .."

ရယ်ချင်ပဲ ရယ်လိုက်ရကာ သူမဘေးမှာ ဝင်ထိုင်၍ ...

"ကိုယ်က မင်း စိတ်ပူသွားမလား၊ ကိုယ့်အပေါ် ဂရုတစိုက်ရှိရဲ့ တာသိချင်လို့ ဟန်ဆောင်ပန်ဆောင်တွေလုပ်နေတာဆိုရင် မင်း သွားမှာလေ .. ဟုတ်တယ်မလား .."

"ဟုတ်တယ် .. အခု ရှင်က ယောက်ျားမတန်မယ့် မာယာများလိုက် လား .."

ထိုအကြည့်တွေကြောင့် ရင်နာမိပေမယ့် သူရာ ပြုံးနေလိုက်၏။ ...

"သချာတယ်ကွ .. နောက်တစ်ခါဆို မင်း ကိုယ့်ကိုပြေးထူမှာ ဘူး၊ သေလိုက်ဆိုပြီး ကြည့်နေမှာ .."

"လာလောဆယ်တော့ ရှင်ကပဲ ကျွန်မကို ပွေ့လာရတာပါ .."

"ခဆိုင်ဘူးလေ .. ကိုယ်လိုချင်တာ မင်းရဲ့စိတ်ပဲ .."

သူ ငုံ့မိုးကြည့်နေသည့် မျက်ဝန်းတွေကို ပြန်ကြည့်ရင်း ညာဏ့် န်းလေးတွေက ဖျတ်ခနဲ သံသယလွှမ်းသွားပြီး ချက်ချင်း ပြန်ပျောက် ၏။ ထို့နောက် ..။

"ဟွန်း .. ခုလို ရှင်က ကြေညာလိုက်တော့ စိတ်ကိုလည်း မျိုသိပ် ောင်ခိုင်းရတော့မှာပေါ့၊ ဒီမှာ ကိုသူရာ .. စိတ်ပူတယ်ဆိုတာ ခ မောင်နှမ ရင်းနှီးပတ်သက်ကြသူ၊ သွားလာရင်း အဖြစ်ဆိုးနေ အမြင်မတော်သူ အားလုံးမှာ စိတ်ပူတတ်တဲ့မေတ္တာစိတ်တွေရှိ ယ် .."

"ဟုတ်လား .."

"ပြောပြတာပါ .. ကျွန်မ အပြုအမူအတွက် ရှင်တစ်မျိုးတွေးပြီး ာ မူးလဲပြနေမှာစိုးလို့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟား .. ဟား .. ဟား .."

မျက်စောင်းလေးရွယ်ပြီး နှာခေါင်းတွန့်ပြောလိုက်တာလေး
အသည်းယားကာ သူမ ပါးပြင်လေးကို ခပ်ဖွဖွလှမ်းပုတ်လိုက်မိသည်

ထိုအခါ အမှတ်တမဲ့မျက်လုံးချင်းဆုံသွားခဲ့ကြပြီး ...၊

ရှင် ဘယ်လိုလူလဲ ...၊

သွားစွယ်တွေပေါ်အောင် အားပါးတရရယ်လိုက်တိုင်း မေးနု
ပုံလေး ပေါ်သွားကာ မျက်ဝန်းတွေက ရွှန်းတောက်သွားတတ်သူ
ပြီးတော့ ရယ်လက်စမျက်နှာကို ဒီတိုင်း ဖျတ်ခနဲ ကွယ်ပစ်တတ်လေသည်

သူ့ရဲ့ မျက်နှာချောချောကို ညဏ် ရှုးစိုက်ကြည့်ရင်း အံ့သြလာ
သည်။ ထိုမျက်နှာသည် တစ်ခါတစ်ခါ ကိုယ့်အပေါ်မှာ ချစ်မြတ်နိုး
တွေ အပြည့်နှင့် ဖြစ်နေတတ်ကာ တစ်ခါတစ်ခါ ငေးငိုင်တွေ
တတ်၏။

တစ်ခါတစ်ခါကျတော့ စိတ်ဟာ ရပ်ဝေးမြေခြားမှာ ကျန်ရ
လျက် လူက ကိုယ့်ရှေ့မှာ ငုတ်တုတ်မေ့နေသလိုလည်းရှိတတ်ကာ
ခါတစ်ခါ သူခိုးလူမိသွားတဲ့အတိုင်း ...၊

"ရှင့်ကို တစ်ခုမေးချင်တယ် သူရာ .."

"ဟင် .. မေးလေ .."

"ရှင် ကျွန်မကို မသိစေချင်တာကစ်ခုခု ဖုံးကွယ်ထားတာရှိလား

မျက်နှာတော့ ဖျတ်ခနဲ အရောင်ပြောင်းသွားသည်။ သို့သော်

"မရှိပါဘူး .. တကယ်လို့ရှိခဲ့ရင်တောင် မင်းအတွက် ဘာမှ ထိ
ဖို့မရှိနိုင်တဲ့ တစ်ခုခုပဲဖြစ်မှာပါ .."

"ထိခိုက်ဖွယ် ရှိတာ မရှိတာထက် ဖုံးကွယ်ထားတယ်ဆိုတာ
သားခြင်းပဲ၊ အဲဒါကို ရှင် လက်ခံလား .."

သူက ညဏ့် မျက်နှာလေးကို ပြန်ငဲ့ကြည့်ပြီး ပြုံးလိုက်၏။
ရှေ့ပြန်လှည့်ကာ ...၊

"ကိုယ့် ဖေဖေ ဟိုအရင်က ပြောဖူးတယ်၊ သူ ဆယ်တန်းကြေ



ဘွားဘွားဆုံးသွားတယ်တဲ့၊ စာမေးပွဲက နောက်ဆုံးနေ့ဆိုတော့
ကို ဘယ်သူကမှ မပြောကြဘူးတဲ့၊ ညတိုင်း ဘွားဘွားနဲ့ စကား
ကန်တော့ပြီးမှ အိပ်တတ်တဲ့ ဖေဖေက ဘွားဘွား ရုတ်တရက်
ကြောပြတ်ပြီး ဆုံးသွားတာကိုမသိဘဲ ဘွားဘွား ဘယ်မှာလဲမေးတော့
းတို့က 'မင်းအဘွား အိပ်နေတယ်၊ သိပ်နေမကောင်းလို့ သွားမနှိုး
' လို့ ပြောကြတယ် .."

သူ ဘာပြောတော့မှာကို သိလိုက်သဖြင့် ညဏ် က လက်လေးပိုက်
ရှေ့ကို ငေးနေလိုက်၏။

သူက သူမကို ငဲ့ကြည့်လိုက်ရင်း ...၊

"အဲဒီ စာမေးပွဲမှာ ဖေဖေက ဖိုးရှိဒီနဲ့ အောင်ခဲ့တာ .."

"တော်ပါပြီ .. ရှင် ပြမယ့် ဥပမာက နှစ်ဆယ်ရာစုနှစ်တွေထဲမှာ
ာက်နေပြီ၊ စိတ်ဝင်စားဖို့မကောင်းဘူး .."

"ဟုတ်လား .. ကိုယ်က ကိုယ့်ကိုယ်ကိုယ် စကားပရိယာယ်တွေ
ကျွယ်နေပြီအောက်မေ့တာ .."

"ဟွန်း .."

ပခုံးလေးတွန့်လိုက်ပေမယ့် ညဏ် ရယ်လိုက်တာက ခနဲ့တာ ရွဲ့
လုံးဝမဟုတ်ဘဲ ပွင့်လင်းဖော်ရွေ့မှုတွေပါနေခဲ့၏။ ဘယ်လိုမှ ညှိ
ရနိုင်ဖွယ်ရှိသောအခြေအနေတစ်ခုက မထင်မှတ်ဘဲ အပြုံးအရယ်
ပါ ဖြစ်လာသဖြင့် သူမ မျက်နှာက အပြုံးလေးကို သူရာ ငေးနေခဲ့မိ၏။

ခဏတစ်ဖြုတ် ကြည်နူးခွင့်ရခဲ့သော ရင်ထဲမှာ ထာဝရစွန့်လွှတ်ရ
အတွက် လုံလောက်သွားခဲ့သလိုပင် ..။

သို့သော် ...၊

"ကိုယ် သွားတော့မယ် .."

သူ ဖျတ်ခနဲ ထရပ်လိုက်မိ၏။ ညဏ့် အံ့သြဟန်လေးဖြစ်သွားပြီးမှ
ခုံးတန်းလေးတွေ တွန့်ကုတ်သွားလျက် ...၊

"ခုမှ ပြန်ရောက်လာတာကို ဘယ်ကိုသွားမလို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com

သူ ဘယ်လိုပြောလိုက်မိတာလဲ ..၊

"ရှင် ကိုယ့်အိမ်ကို ပြန်လာတာမဟုတ်ဘူးလား .."

"ကိုယ် ..."

"သွားစရာရှိရင် သွားပါ .. ကျွန်မ ရှင့်ကို တားနေတာမဟုတ်ဘူး"

"မဟုတ်ဘူး ဉာဏ် .. ကိုယ်ပြောတာက .."

"ရှင် ဟုတ်တာတွေပြောနေသလား မဟုတ်တာတွေလားဆို ရှင့် အမှုအရာတွေသိရအောင် အခန်းသွားဝင်ပြီး မှန်ကြည့်လိုက်ပါဦး"

"ဉာဏ် .."

"ဒေါ်ဌမ်း ရေ .."

"ဟော .. သမီးရေ .. လာပြီ .."

သူ ဘာမှမပြောလိုက်နိုင်ဘဲ ဉာဏ် က ဒေါ်ဌမ်း ကိုတွဲခိုင်းပြီး တု ကောက်လေးတစ်ဖက်ကိုင်၍ အပြင်ထွက်သွားခဲ့၏။

"ပ..ား .."

စိတ်အိုက်ခြင်းသည် လည်ပင်းနဲ့ ကျောပြင် ရင်ပြင်တွေမှာ ရေ ငွေ့တွေနဲ့ ပေါင်းတင်ခံလိုက်ရသလို တစ်ကိုယ်လုံး အစိုပြန်လာခြင်း နေရခက်လေသည်။

ဟုတ်သည်။ သူမ ဒီတိုင်းပဲထင်နေပါစေ ..။ ကိုယ်က မကြာ မှ သူမနဲ့တကွသော အရာရာကို စွန့်လွှတ်ကျောခိုင်းသွားရတော့ သူ ..။

ကိုယ့်ကို တွယ်တာခြင်းဖြင့် ကျန်ရစ်ခဲ့အောင် ဖန်တီးလို့မ ဉာဏ် သူ့အပေါ်မှာ မကောင်းမြင်သမျှ ဘာဖြစ်လို့ ဝမ်းနည်းရမှာလဲ

ကိုယ့်စိတ်ကို တင်းလိုက်ရင်း အခန်းထဲကနေ ထွက်လာခဲ့မိသည် ဉာဏ့် အိပ်ခန်းကို သူ ဝင်ထွက်သွားလာခွင့်ရှိပေမယ့် အုံးစက်ရာအ နဲ့ပြီး ချစ်ပွဲဝင်ခွင့် မရှိပေ ..။

"ကျွန်မတို့ချင်း နားလည်ချင်တယ်၊ လူကြီးတွေ မပါကြေးပေါ့" လို့ ဉာဏ် ပဲ စတင်ဆွေးနွေးခဲ့တာဖြစ်သည်။



ခင်လာဦးညတည်းက ခွဲခွာခဲ့ရခြင်းဟာ သူမနဲ့ကိုယ့်အတွက် ဘယ် အခါမှ ရင်းနှီးခွင့်မရှိတော့အောင် စည်းတားခံလိုက်ရခြင်းပဲဖြစ် သည်။

ဆေးရုံပေါ်မှာ တစ်ယောက်ဘစ်ခန်းစီ ဆေးကုသမှုခံယူခဲ့ရသည့် ခြင်ဦးဇနီးမောင်နှံအဖြစ် ရာဇဝင်သင်ဘွင်ရစ်ခဲ့သူတွေဟု မိတ်ဆွေ ချို့က စနောက်ကြသေးသည်။

အစမကောင်းနဲ့ ခွင်းက အနှောင်းမသေချာခြင်းဆိုသော်လည်း သူ တော့ ထိုအဖြစ်သနစ်တွေကိုပဲ ကျေးဇူးတင်ရဦးမှာပါ။

အကယ်၍သာ သူမကို သူ့ဘက်က ကြင်နာခွင့်တွေမရအရယူခဲ့ ချင် သို့တည်းမဟုတ် ..၊

ရင်းနှီးမှုတွေနဲ့ ဆက်နွယ်သော သံယောဇဉ်ဖြင့် ဉာဏ့် ဘက်က လိုက်လျောမှုတွေ ရှိထားခဲ့လျှင် ခုလောက်ဆို မခွဲနိုင်မခွာရက်သော နှောင်မှုတွေဖြင့် စွန့်လွှတ်ခွဲခွာနိုင်ဖို့ ဘယ်လိုရင်ဆိုင်ရမလဲ..၊

မကြင်နာကြတာပဲ ကောင်းပါတယ် .. ဉာဏ် ..၊

www.burmeseclassic.com



အခန်း (၁၁)

"ဖုန်းသံ ဒီလောက်မြည်နေတာ သူ မကြားဘူးလား၊ ကိုသူ
ဘာလုပ်နေသလဲ ဒေါ်ဥမ်း .."

"လူလေး ခြံထဲက ပိုက်ဒန်းလေးပေါ်မှာ အိပ်ပျော်နေသလား
ဘူး သမီး .. ဒေါ်ဥမ်း အအေးသွားပို့တုန်းက မျက်နှာပေါ် စာအုပ်
ပြီး ငြိမ်နေတယ်၊ စားပွဲပေါ်မှာ အအေးကို ဒီတိုင်းထားပေးခဲ့ရတာ

ဒေါ်ဥမ်း က ဖုန်းမြည်သံနောက် ပြေးလွှားရှာရင်း ပြောနေ
ပြန်ရောက်လာတော့ ဖုန်းကကျသွားပြီဖြစ်၏။

"ကျသွားပြီ သမီး .."

"ရတယ် .. ထားခဲ့တော့ ဒေါ်ဥမ်း ညဏ်ရဲ့ လက်ကိုင်ပဝါတွေ
တိုက်ပြီး လာပေးဦးနော် .."

"ပေးမယ် .. သမီး၊ အဝါလေးတစ်ထည်က ထောင့်နားမှာ မင်
နည်းစွန်းနေလို့ ချွတ်ဆေးနဲ့ စိမ်ထားတယ်၊ ကျန်တာတွေက ခြေ
နေပြီ .."

ညဏ် က လက်ကိုင်ပဝါတွေကို ကိုင်တာ ဝါသနာမပါပေ
ဘယ်သွားသွား အိတ်ထဲမှာ နှစ်ထည်လောက်တော့ အမြဲထည့်ယူတတ်

ထို့ပြင် ပဝါတိုင်းမှာ ကိုယ့်နာမည်တစ်လုံးကို ပန်းစာလုံးလေ



း တင်ထားတတ်တာလည်း သူမ အကျင့်ပင် ..။

နောက်ထပ် နာမည်မထိုးရသေးသည့် လက်ကိုင်ပဝါအသစ်လေး
တွေကို ဘူးလေးထဲကနေ အထပ်လိုက် ယူထုတ်လိုက်စဉ် ချထားသည့်
ဖုန်းကနေ နောက်ထပ်မြည်လာ၏။

ထို့ကြောင့် လှမ်းယူကိုင်လိုက်ကာ ...

"ဟလို ..."

".... .... ...."

"ဟလို .."

"ခုပြောနေတာ ဘယ်သူလဲ .."

ဝေါက်ဆတ်ဆတ်ထွက်လာသည့် ယောကျ်ားသံကြောင့် ညဏ်
စိတ်တိုသွား၏။

"ဘယ်သူပြောနေတာဖြစ်ဖြစ် ရှင် အခု ဘယ်သူနဲ့ပြောချင်တာလဲ
ဘယ်ကိုဆက်တာလဲ .."

"နေသူရာရှိန် ဆိုတဲ့ သတ္တဝါ ဘယ်မှာလဲ .."

ကြည့်စမ်း ..၊

"သူနဲ့ပြောဖို့ရှိတယ် .. သူ့ကို ဖုန်းပေးလိုက်ပါ .."

"ဒီအိမ်မှာ လူစကားပြောနေတဲ့လူတွေပဲရှိတယ်၊ ဘာမှန်းမသိတဲ့
သတ္တဝါမရှိဘူး .."

စိတ်တိုတိုနှင့် ကိုင်ပေါက်ရအောင် ဖုန်းက လူလည်းမဟုတ် ..။

"တောက် .."

စားပွဲပေါ် ဒေါက်ခနဲပစ်ချကာ တက်ခေါက်လိုက်မိသည်။ သို့သော်
ချက်ချင်း ပြန်ခေါ်လာသံက ကိုယ့်ဒေါသအတိုင်း ဆူညံနေကာ ..၊

"သင်းကများ .. ကဲ .."

"ညဏ် .."

ခေါ်သံနှင့်အတူ သူမ လက်ကို တစ်စုံတစ်ယောက်က ဖမ်းဆုပ်
ထားလိုက်ပြီး ..၊

www.burmeseclassic.com

"ကိုယ့်ဖုန်းမို့လား .. ကိုယ် ဖြေလိုက်မယ်နော် .. ပေး .."

ညဏ် က သူရာ့ ကို လှည့်ကြည့်လိုက်ပြီး ဖုန်းကို တော်တော်နဲ့ မလွှတ်ပေ ..။ သူရာ ကလည်း လုမယူပါ၊ မျက်လုံးချင်းဆုံနေရင်း ခေါင်းညိတ်ပြီး ထပ်တောင်း၏။ ထိုအခါကျမှ ညဏ် က လျှော့ပေးလိုက်ကာ..၊

"ရှင့်မိတ်ဆွေဆိုတာတွေကို ယုံကြည်မှုထားလို့ရပါ့မလားဆိုတာ စဉ်းစားဖို့လိုပြီထင်တယ် .."

ဖုန်းနံပါတ်ကိုကြည့်လိုက်ရင်း ပြဒါး ဆိုတာသိလိုက်သဖြင့် သူရာ စိတ်ညစ်သွားမိသည်။

ဘယ့်နှယ် ငြိမ်းချမ်းစေချင်လို့ သံတမန်လွှတ်ကာမှ တုတ်ထမ်းမားရမ်းပြီး ဝင်လာရသလား .. ဒီကောင် ..။

"ရှင် အပြင်မှာ လွတ်လွတ်လပ်လပ်သွားပြောပါ .."

"အင်း ပြီးမှ ကိုယ် ရှင်းပြမယ်နော် .. သူက .."

ဖုန်းက ခဏလေးတိတ်ကျသွားပြီး ချက်ချင်း ပြန်အော်၏။

"ကျွတ် .."

သူ စကားပြောလို့မရအောင်ဖြစ်လာသဖြင့် ခေါင်းတစ်ချက်ဖွရင်း လှည့်ထွက်လာခဲ့သည်။ ခြံထဲထိ ပြန်ဆင်းခဲ့ပြီးမှ ..၊

"ပြဒါး .."

"ပြဿဒါး လို့ မင်း ငါ့ကိုခေါ်ချင်နေပြီမို့လား .."

ပြဒါး ကလည်း သူ့အသံကြားတာနှင့် အတိအကျဝေဖန်၏။

"မခေါ်ချင်ပါဘူးကွာ .. မင်း ဘာတွေပြောလိုက်လို့လဲဆိုတာ သိချင်နေတာ .."

"ဘာလဲ .. မင်းရဲ့ မဟေသီ ဖောင်းပွနှုန်းမြင့်သွားလို့လား .."

"ပြဒါး .."

"ဘာလဲ .."

"မင်းကို ငါ သူနဲ့ ရန်ဖြစ်ပေးဖို့ ကမ်းလှမ်းခဲ့တာမဟုတ်ဘူး .."

"ငါကလည်း ရန်ဖြစ်ဖို့မဟုတ်ဘူး၊ ဒါပေမယ့် မတတ်နိုင်ဘူး .."



"မတတ်နိုင်လို့ မရဘူးလေ၊ မင်း လူကမလာသေးဘူး အသံ မက်ဆေ့ချ် ပဲ ဒီမှာ အကြိုစစ်ခင်းပြီးနေပြီ .."

"ဟား .. ဟား .. ဟား .."

"ဘာရယ်တာလဲ .."

"ငါ ကာရိုက်တဲ့တာက ဒီတိုင်းပဲ သူရာ၊ ပြောနေကျအတိုင်း ပြောလိုက်တာပဲ .."

"ဘာတွေပြောလိုက်တာလဲ .."

"မင်း မဟေသီက ပြန်မပြောဘူးလား .."

"ကစ်လုံးမကျန် ပြန်ရွတ်ပြပြီးတိုင်ရအောင် ကလေးမှ မဟုတ်ဘဲ ကွ .."

"ငါကလည်း မင်းမေးသမျှ ပြန်ရွတ်ပြရအောင် ကလေးမဟုတ်ဘူး .."

"အေးပါ .. ပြီးခဲ့တာတွေကို ငါသိရရင်လည်း မင်းစကားတွေကို ပင်းနပ်စ်ထိုးပြီး ပြန်ဆွဲထုတ်လို့မှ မရတော့တာ .."

"ဟုတ်တယ် .."

"နောက်ထပ် မဖြစ်စေနဲ့ကွာ .."

"ဖြစ်ချင်လို့ ဖြစ်လိုက်တာ မဟုတ်ဘူးဆိုမှ .."

"မင်း ဘာဖြစ်လို့ မလာသေးတာလဲ .."

"အစကတော့ မနေ့ညနေတည်းက လာဖို့ပဲ .."

"ခုရော .."

"ခုလည်း မလာနိုင်သေးဘူး .. ငါ့ကို ကျိုင်ရှာသွားတဲ့ မိန်းမတစ်ယောက်ကြောင့် တင်းနေတာ၊ စိတ်လိုလက်ရ အစီအစဉ်တွေအားလုံး ပဲ ဒါကြောင့် ဗိုင်းရပ်စ်ကိုက်ကုန်လို့ .."

"ဘယ်လို .. ဘာဖြစ်တယ် .."

"ငါ့ကို မိန်းမတစ်ယောက် ပါးရိုက်သွားတယ် .."

"ဘာ!..."

www.burmeseclassic.com

www.burmeseclassic.com



သူ တအံ့တသြဖြစ်သွားသည်။ ပြီးမှ တကယ်ရယ်ချင်လာသည့်စိတ်နှင့် ဟက်ဟက်ပက်ပက်ရယ်လိုက်မိ၏။

"ရယ်လို့ရတယ် .. ရယ် .."

"ဟား .. ဟား .. ဟား .. မင်းကိုလှောင်တာမဟုတ်ဘူး .."

"လှောင်တယ်ဆိုလည်း ဖြစ်ပါတယ်၊ ငါ ခံလိုက်ရတာ ငါ့ကိုယ်ငါတောင် ခွင့်မလွှတ်နိုင်သေးဘူး .."

"ဘာတွေဖြစ်ကြလို့လဲ .."

"ဘာတွေဖြစ်ဖြစ် ထားလိုက်တော့ .."

"မင်းပဲ မထားလိုက်နိုင်ဘူးဆို .. မင်း အဲ့ဒါကို မထားလိုက်နိုင်သရွေ့ ငါ့အလုပ်ထိခိုက်တယ်ကွ .."

"ဟိတ်ကောင် .. တွန့်မနေနဲ့ မင်းကို မေးစရာရှိလို့ .."

"ဘာလဲ .."

"တစ်ရာဆိုပြီး တစ်ရာ့ငါးဆယ်ဖြစ်နေလို့ .."

"ဟုတ်တယ် .. မင်း ငါ့ဆီကိုလာဖို့အတွက် အရေခွံလဲရမယ်လေ၊ ပြီးရင် ကိုင်သုံးနိုင်ဖို့လည်းလိုတယ်၊ ဘာဖြစ်လို့လဲ .."

"ပြီးသွားတဲ့အချိန်မှာ ငါက လက်ချည်းလှည့်ပြန်ရမယ်ဆိုရင် နာတာပေါ့ကွ .. မင်းက အများကြီးချကျွေးနေသလောက် ငါကလည်းခြွေပစ်မှာပဲ .. ငွေဆိုတာ သုံးလို့ကောင်းတဲ့အရာ .."

နားထောင်နေရင်း ရင်ထဲမှာမောသွားသည်။ ကိုယ်လိုချင်တာက မင်းသားနဲ့ မင်းသမီး ရွှေလက်တွဲ၍ ချစ်ပွဲဝင်လေသတည်းဆိုတာပဲဖြစ်သည်။

ပြဒါး ကတော့ ခုချိန်ထိ ပြောလိုက်သမျှ အလုပ်သဘောတွေချည်းပါလား ..၊

"သူရာ .."

"ပြောလေ .. ငါ နားထောင်နေတာ .."

"နားထောင်ခိုင်းနေတာမဟုတ်ဘူး .. သိချင်တာ .."



"အေးပါ .. မင်း ပြောနေတည်းက ငါ နားလည်ပါတယ်၊ မင်းကိုသက်ချည်းပဲ ပြန်လွှတ်စရာလား ပြဒါး ရာ .. မင်းသမီးနဲ့ ရွှေလက်တွဲရမယ့် မင်းသားကို ငါက ဖိတ်ထားတာပဲ .."

"အဲဒါ မပါဘဲ ပြောလို့မရဘူးလား .."

"မပါရင်မပြီးဘူးလေ .. ပြဒါး အဲ့ဒါကို မင်းမေ့ထားတယ်ဆိုရင်တော့ နည်းနည်းလွန်တယ်နော် .."

"ဟ .. ငါ့ဘက်က ဖြစ်ပေးနိုင်သမျှ ပြောပြီးပြီပဲ .."

သူရာ သက်ပြင်းချလိုက်ရင်း ဖုန်းကိုလက်ပြောင်းကိုင်လိုက်မိသည်။ ထိုအခါ သူ့လက်ဖဝါးထဲမှာ ချွေးစေးတို့ဖြင့် စိုကပ်ကပ်ဖြစ်နေတာကို သတိထားမိလိုက်သည်။

ကိုယ်ကပဲ ကြိုတွေးလွန်းလို့ ရင်ပူမောနေရတာလား၊ တစ်နေ့အစ်နာရီအချိန်တွေ ရှေ့တိုးသွားတိုင်း ချစ်ရသူတွေကို နှုတ်ဆက်ခွဲခွာနေတော့မှာပါလားဆိုတဲ့ မသိစိတ်က တငွေ့ငွေ့လောင်မြိုက်နေစေတာလား ..။

ကိုယ့်ကိုယ်ကိုယ်တောင် အစိုးမရနိုင်သည့် လူ့ဘဝမှာ တစ်ပါးသူအပေါ် ပိုင်နိုင်ချုပ်ကိုင်နိုင်ဖို့ လွယ်မလား ..။ မထူးစိတ်ပိုက်လိုက်ပြီဆိုဘည်းက ပြဒါး နဲ့ ဉာဏ် တို့ တွေ့ဆုံမိကြပြီးသည့်နောက်ပိုင်းမှာ တစ်ခုံတစ်ရာကို သူ မျှော်လင့်ထားခဲ့တာပဲ ..။

ဘာကိုပူနေတာလဲ သူရာ .. ခုနေခါ အခြေအနေဘယ်လိုရှိရှိ မင်းကြိုတွေးနေလို့ရော ကိုယ် ဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာမှာမှ မဟုတ်ဘာ .. ဒီတိုင်းရှိနေပါစေ ..။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

"ငါ မင်းခြံရှေ့ ရောက်နေပြီ .."

"ဘာ!..."

ဖုန်းထဲက သူ့ရဲ့ 'ဘာ' သံကြီးကြောင့် သူ ပြုံးလိုက်မိသည်။

"ပြဒါး .."

"ပြော .."

"မင်း .. မင်းလာမယ်ဆို ငါ ကားလွှတ်လိုက်မယ်၊ ကြိုပြောပါဆို တာကို .."

"အရှိကိုအရှိတိုင်းပဲကွာ .."

"အရှိအတိုင်းမဖြစ်ပါဘူးလို့ ငါပြောပြီးသား .. ကျွတ် .."

"အိုခေ .. ငါရောက်နေပြီ .."

ဖုန်းချပစ်လိုက်ပြီး ဒီဘက်လက်နဲ့ ဘဲလ်နှိပ်လိုက်သည်။ ကားရေ ဆေးနေသည့်လူက လှမ်းကြည့်၏။ သူ ထပ်နှိပ်လိုက်မှ လက်လှမ်းပြပြီး တဖားဖားပြေးလာကာ ..၊

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ .. ငါ့ညီ .."

"ဒီကခေါ်တဲ့ ဘဲလ်သံက ဘယ်ရောက်သွားတာလဲ .."

"ငါ့ဆီရောက်တယ်လေ .."



ထိုသူက သူ့ရင်ဘတ်သူ ပုတ်ပြကာ ခြံဝင်းအတွင်းက ဂိုဒေါင် ဘယ်လေးကိုလည်း မေးဆတ်ပြ၍ ..၊

"ငါ့အိမ်ထဲက မြည်သံကို ငါကြားတာပေါ့ .. ဘာဖြစ်လို့လဲ .."

"ကျွန်တော်က ခင်ဗျားကို ခေါ်တာမဟုတ်ဘူး၊ ခင်ဗျားက ခြံစောင့် ဘား .. ဒရိုင်ဘာလား .."

"ဗို့(သ်) .. ဟ် .. ဟဲ .."

လက်နှစ်ချောင်းထောင်ပြပြီး သူ့စကားသူ သဘောကျကာ ရယ်နေ သေးသည်။ ပြဒါး ဆံပင်တွေ သပ်ရင်း ပြုံးမိ၏။

"ဒါဆို ခင်ဗျား အပြင်သွားနေရင် တံခါး ဘယ်သူလာဖွင့်မှာလဲ.."

"ခုထိတော့ အဲဒီအစီအစဉ် မသိသေးဘူး .. ငါက အလုပ်ဝင်တာ နှစ်ရက်ပဲရှိသေးတာ .."

"တံခါးဖွင့်စမ်းပါ .. ကျွန်တော်က သူရဲ့ သူငယ်ချင်း .."

"ဟင်!..."

ထိုသူ မျက်လုံးဝိုင်းသွားသည်။ ပြီးတော့ ပြဒါး ကို သေချာကြည့် ကာ ..၊

"ညှို့သည်ကား လာမယ်လို့ အစ်ကိုလေးက ပြောထားတယ် .. မင်းက .."

သူ့တစ်ကိုယ်လုံးကို အထက်အောက် မျက်လုံးကြီးဆွဲသွားကာ..၊

"ခြေထောက်နဲ့ .."

"ဟုတ်တယ် .. ကားနဲ့လာတာမဟုတ်လို့ မဖွင့်ဘူးဆိုလည်း ပြော ဗျာ .. ပြန်မယ် .."

"ဟာ .. နေပါဦး .. ခဏ .. ခဏလေးပါ၊ ခဏလေးသည်းခံပါကွာ ..ေ ..းတစ်ချက်ပဲဆက်မှာ၊ ဂျူတီအစ်(စ်)ဂျူတီပေါ့ .. အိုခေ .."

ဒရိုင်ဘာကတော့ ခင်ဗို့ကောင်းသား ..၊

ခေါင်းတစ်ချက်ခါရင်း ပြုံးလိုက်မိသည်။ ခဏကြာတော့ များများ

www.burmeseclassic.com

www.burmeseclassic.com



သလဲ တံခါးလာဖွင့်ကာ ..၊

"ဒီမှာက မိန်းကလေးတွေချည်းရှိတာလေ၊ ပြီးတော့ သူဌေးကတော်က ကျန်းမာရေးသိပ်မကောင်းဘူး၊ ခြံထဲကို လူစိမ်းအဝင်အထွက်က ဂရုစိုက်ရတယ်၊ အစ်ကို့ကို ဘယ်လိုမှ မအောင့်မေ့နဲ့နော် .."

"ဟွန်း .."

"ညီလေးက ပွင့်လင်းတဲ့ပုံပဲ .."

"ဘာကိုကြည့်ပြီးတော့လဲ .."

"သူဌေးရဲ့ အမိကဒေါ်သည်တော်ပေမယ့် စတိုင်လ်တွေ မလိုင်တွေ ထုတ်ပြီး မလာဘူး၊ ဟန်းဘက်(ခ်)အိတ်လေးတစ်လုံးနဲ့ ခြေထောက်နဲ့ အွန်ဖု(တ်) .. ဟဲ .. ဟဲ .."

ဒရိုင်ဘာက သူ့ကိုယ်သူ ထွန်းဝင်း ဖြစ်တဲ့အကြောင်း နာမည်ပြောပြပြီး မိတ်ဆက်၏။ ထို့ပြင် ..၊

"မနေ့ နေ့လယ်ကလေ ကျွန်တော် ရောက်ခါစပဲရှိသေးတာ ဘယ်သိမလဲနော် .. ဒေါ်သည်ရောက်လာတော့ သူဌေးက မှာမထားတာနဲ့ ဝတ္တရားရှိတဲ့အတိုင်း မေးမြန်းရတာပေါ့၊ အဲ့ဒါ ညီလေးလိုမဟုတ်ပါဘူးကွာ .. မေးရမြန်းရကောင်းလားဆိုပြီး ဒေါ်သည်အစ်ကိုကြီးက ကျွန်တော့်ကို စွတ်ကောသွားတာ ကံကောင်းလို့ လက်သီးစာကျွေးမသွားတာ ဖြစ်မယ် သိလား .."

'ငါ' ပြောနေရာက 'ကျွန်တော်' ဖြစ်သွားကာ ညီလေးလို့တောင် ခေါ်၏။ သူ့အတွက်ကတော့ ဒရိုင်ဘာဖြစ်ဖြစ် ခြံစောင့်ဖြစ်ဖြစ် လူလုချင်းအတူတူပင် ..။

မတူညီတာက ပိတ်ထားသည့် တံခါးရှေ့ကိုရောက်လာမှ ..၊

"ဟဲ့ .. ဘဲလ်တီးလှချေလား .. လာမှာပေါ့ .."

ဒရိုင်ဘာက ဘဲလ်တီးလိုက်တော့ လူလုံးမပြသေးပေမယ့် တဗျင်တောက်တောက်အသံကို အရင်ကြားရ၏။ ပြီးတော့ အသက်ငါးဆယ်



က်အရွယ် အမျိုးသမီးကြီးထွက်လာပြီး ..၊

"ဘာကိစ္စလဲဟေ့ .."

"ဒေါ်ကြီးရီ .. သူက အစ်ကိုလေး ဒေါ်သည် .."

"ဟင်!..."

ဒေါ်စီ ဆိုသည့် အမျိုးသမီးကြီးကလည်း သူ့တစ်ကိုယ်လုံးကို စူးသလိုကြည့်၍ နောက်ကို မျက်လုံးရောက်သေးသည်။ ဒါကြောင့် က ကားကြိုလွှတ်လိုက်မယ့် အရေးကို သံတမန်ဖိတ်ကြားရေး ခုလို တခမ်းတနားဖြစ်ဖို့ကြိုးပမ်းနေတာပဲ ..၊

ဝခုံးတစ်ချက်တွန့်၍ သူ့မျက်ခုံးနှစ်ဖက် မသိမသာမြင့်တက်သွား ည်၊ ဒါပေမယ့် ဒေါ်စီစီ က မြင်သွားကာ ...

"ထွန်းဝင်း .. နှင့် သူဌေး ဘာမှာထားသလဲ .."

ခသက်ာသည့်အကြည့်နှင့် ဒရိုင်ဘာထံ လွှဲမေးခွန်းတစ်ခု ရောက် သည်။ ထွန်းဝင်း က ခေါင်းညိတ်လိုက်ပြီး ...

"အစ်ကိုလေးကို ဖုန်းဆက်ပြီးပါပြီ .."

စစ်ဆေးမှုအဆင့်ဆင့်ဖြင့် ပြဒါး အိမ်ထဲကို ချည်းနင်းဝင်ရောက်နိုင် ည်။ ကိုယ့်ကို မမေးသရွေ့ တစ်ခွန်းမှ ပြောဖို့ စိတ်ကူးမရှိဘဲ ဒေါ် ဆိုသည့်နေရာမှာ ဒီတိုင်းရပ်နေလိုက်သည်။

ထိုင်ပါဆိုသည့် ဖိတ်ကြားသမှုကို စောင့်ဆိုင်းနေတာမဟုတ်ပေ။ ခန်းထောင့်မှာ အလှထိုးစိုက်ထားသော ပန်းအိုးကြီးထဲက နှင်းပန်း ကို စူးစိုက်ကြည့်နေမိတာဖြစ်၏။

ရန်ကုန်မှာ ဒီနှင်းပန်းတွေ မရှိပေ ..။ ရှိရင်တောင် မရှိသလောက် ာပဲဖြစ်သည်။ တရုတ်ကြွေအိုးရှည်ကြီးက လှသလောက် နှင်းပန်း ထိုးစိုက်ထားတာ နည်းနည်းနောနောမဟုတ် ..။

သူ့မှာ ဒီအနံ့နှင့် မတည့်သော အလက်ဂျစ်ရှိသည်။

"လွယ်ပါတယ် မေမေရယ် .. ပြဒါး ကို နှင်ချင်ရင် အိမ်မှာ နှင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်းနေ့တိုင်း ဘုရားကပ်လိုက်၊ ညည့်ခန်းမှာလည်း အလှအိုးနဲ့ စိုက်ထ
လိုက်၊ မကောင်းဆိုးဝါး နှင်တာထက်တောင် မြန်ဦးမယ် ..” တဲ့

ပိုင်သဇင် တို့ သားအမိတွေ သူ့အတွက် ကောင်းရာကောင်းကြော
ကြံစည်နေကြတာ ဒီနှင်းပန်း နဲ့ ...၊

“ဟ .. ဟက်ချိုး ..”

ဟင်!...၊

ဒေါ်စီစီ လန့်ဖျန့်သွားသည်။ နှာချေလိုက်တာ လော်စပီကာ ပါး
နဲ့ကပ်ပြီးတော့များ ...၊

“ဟတ်ချိုး ..”

“ပလုတ်တုတ်ကြီး ..”

“ဟတ်ချိုး ..”

“ယော့တော် ..”

“ဟတ်ချိုး ..”

“ဘုရား .. ဘုရား .. ဟဲ့ .. ဟဲ့ .. ခြော် .. ဒီမှာ လူလေး ”

သူရာ ရဲ့ ဧည့်သည်ဆိုတာ သေချာနေသဖြင့် လေးစားသ
တော့ ထည့်သွင်းရကာ ...၊

“လူလေး .. ဘာဖြစ် ..”

“ဟတ်ချိုး ..”

“အောင်မလေး ..”

“ဒီမှာ အဒေါ် .. အဲဒါ .. အဲ့ဒါကြီး ရွှေ့ပစ်လိုက်စမ်းပါ ..”

“ဟင် .. ဘာကြီးလဲ ..”

“အဲဒါ ပန်း .. ဟက်ချိုး ..”

“ပန်းအိုးကို ..”

လက်ညှိုးထိုးပြပြီး မနားတမ်းဟတ်ချိုးဖြစ်နေသဖြင့် ဒေါ်စီစီ တံခါး
ဆီ ပြန်ပြေးရကာ ဒရိုင်ဘာကို ခေါ်သွင်းရ၏။



ပြီးတော့ ပန်းအိုးကို ဧည့်ခန်းထဲကနေ တစ်နေရာကို ထုတ်ပစ်ခိုင်း
ရင်း ...၊

“ဟတ်ချိုး ..”

“ထုတ်ပြီးပြီလေ .. ရော့ .. ရော့ ..”

နှာခေါင်းကို လက်နဲ့အုပ်ထားရသည့်အဖြစ်ကြောင့် တစ်ရှူးစတွေ
ပြီး အချိန်မီ လှမ်းပေးလိုက်၏။

ဒါး ရဲ့ မျက်နှာတစ်ပြင်လုံး နီရဲနေကာ မျက်ခွံတွေပါ မို့တက်
ာချက်ချင်း ...၊

ဆိုပြင် နှပ်တွေသုတ်မနိုင်အောင် ထွက်ကျနေသဖြင့် တစ်ရှူးတွေ
းနေရတာလည်း မနိုင်တော့ပေ ...။

“ဖြစ်ရလေကွယ် .. ရရဲ့လား ..”

“ရပြီ ..”

“တော်သေးတာပေါ့ ..”

“အဲဒီပန်းတွေ ဘယ်က ဝယ်လို့ရတာလဲ ..”

“ဘယ်ကလာ ဝယ်ရမှာလဲ .. နှင်းပန်းနဲ့ကိုကြိုက်လွန်းလို့ ဉာဏ်လေး
က် သူ့ရွှေးက တမင်စိုက်ပေးထားတာ ..”

“ဘာ ...”

“ဟုတ်တယ် .. ခေါင်းရင်းဘက်နောက်ခြမ်းမှာ တစ်ခင်းလုံး နှင်းပန်း
ည်းပဲ ..”

“သေပြီ .. ဟ .. ဟတ်ချိုး ..”

ဘယ်လိုမှ မရတော့မှန်းသိကာ အိမ်ရှေ့ပြေးထွက်ခဲ့ရ၏။ ဘာလုပ်
သိသဖြင့် ဒေါ်စီစီ ကလည်း ယောင်ချာချာနှင့် ပြေးလိုက်လေသည်။

“ခဏ .. ဟတ်ချိုး ..”

“ဟော .. ဘာဖြစ် ..”

“ဟတ်ချိုး ..”

www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာ ကားရေဆေးနေသည့်ပိုက်ကိုဆွဲယူ၍ နှာခေါင်းထဲ
ပြန်ချိန်လိုက်သည်။

"ဟဲ့ .. ဟဲ့ .. အဲ့ဒါ ဘာလုပ်ရတာလဲ .."

"အဟု .. အဟွတ် .. ဖလူး .."

"ခြော် .. စိုရွှဲကုန်ပြီ .. ငါ့နှယ် .."

ရေတွေ ရှူသွင်းတော့လည်း ချောင်းဆိုးမွန်မွန်နေပုံက စိတ်မ
သာစရာ ..။

ပြီးတော့ မျက်နှာတွေ ဆံပင်တွေ ရင်ဘတ်တစ်ပြင်လုံးပါ ရေ
စိုရွှဲကုန်လျက် ..၊

"ရသွားပြီလား .."

"ရပြီ .. ဟား .."

မချိမဆန့်ခံစားလိုက်ရသဖြင့် ပြဒါး ကိုယ်တိုင် သာခွေယိုင်
လုဖြစ်ခင် ..၊

"ဘာဖြစ်လာတာလဲ .. ညီလေး .."

"ဟိုပန်းနဲ့ မတည့်တာလေ .. တစ်ချို့က ဟုတ်တယ်၊ အနံ့အ
ဂျစ် ရှိကြတာ .."

ဒေါ်စီစီ က ရှင်းပြကာ ပြဒါး ကို သနားသည့်မျက်လုံး
ကြည့်၏။ မြင်လိုက်ကာဇကက ထောင့်မကျိုးသလိုကြည့်ခဲ့သည့် မျ
မျိုးမဟုတ်တော့ဘဲ ...

"အဲ့ဒါများ ပန်းကို မြင်ကတည်းက ဆေးဝေးဆုတ်နေလိုက်ပါ
ကွယ် .. ဒီမှာ ဧည့်သည်လုပ်မယ်ဆိုရင် ဘယ်လိုလုပ်မလဲ ပန်း
အဲ .."

ပြောနေရင်း တစ်စုံတစ်ခုကို သတိရသွားကာ ..၊

"ပန်းဖူးတွေတောင် မထွက်သေးပါဘူး၊ ပွင့်သမျှက ဖြတ်
လို့ ကုန်နေပါပြီ၊ ငါ့တူ ပြန်ရင်တောင် ချီးလို့ရမှာမဟုတ်သေးဘူး



က နောက်ဆုံးအသုတ် .."

သူမဘာသာ ဘာသာပြန်နေတာကိုလည်း ပြဒါး ဘာမှ မစွက်ဖက်
ခဲ့ပေ ..။

"လာ .. လာ .. အိမ်ပေါ်မှာ အေးဆေးနားလိုက်ဦး၊ လူလေးမှာထား
အခန်းက အားလုံးပြင်ဆင်ထားပြီးသား .."

သူ့ရဲ့ စိတ်ပျက်ခြင်းတွေက ဒီပန်းကြောင့် စတင်လာခဲ့မည်ဟု အိပ်မက်
မှာတောင် မပါခဲ့ဖူးပေ ..။

တွေ့မယ် .. ဒီပန်းခင်း ..၊

ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်ရင်း ကြိမ်းဝါးမိသည်။
စိုရွှဲတောက်နေသော ကိုယ့်ရင်ဘတ်ကို ပြန်ငုံ့ကြည့်တော့ စိတ်တို
၏။

ဘယ်သူက သောကမီးလောင်နေလို့ ရေနဲ့ဖျန်းပြီး ဆီးကြိုရတာလဲ..။
သူရာ ဆိုတဲ့ကောင် မင်းပြောခဲ့တာ ဒါတွေမပါဘူး .. တွေ့မယ်..
င်း ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ကားတွေကပ်ထပ်နေတာကို အထဲကကြည့်ကာ စိတ်တွေလည်ညစ်ရပါ၏။ စိတ်သွားတိုင်း ကိုယ်ပါနိုင်ရပါလို၏ဆိုတဲ့ ဆုကို ဒီခေ ကြီးထဲမှာ တောင်းလို့ကတော့ ဘယ်တန်ခိုးရှင်ကမှ ဖြည့်ဆည်းပေး မထင် ..။

"ကျွတ် .."

လူမကြွနိုင်သမျှ ဖုန်းကိုပဲ အားကိုးရသည်။ ဒါလည်း ကိုယ့်လို တွေ တစ်နိုင်ငံလုံး ပြည့်နေသလားမသိပါ။ ဖုန်းက ခေါ်လို့မရလို ပြောနေရင်း မကြားရလိုက်၊ ကျသွားလိုက် ..။

"ကျွတ် .."

နောက်ထပ် စုတ်သပ်မိရင်း သူ့ရာ အိမ်ကိုလှမ်းခေါ်လိုက်၏၊ ပေမယ့် ဖုန်းဝင်နေပြီး ကိုင်မယ့်သူကမရှိ ..။

ညတုံ့ ဖုန်းကို မခေါ်တာက သူ့မ အနားယူနေချိန် အိပ်ချိန် တိုးမှာစိုးလို့ဖြစ်၏။

ထိုစဉ် နောက်တစ်ဖုန်းက ဝင်လာတော့ တစ်ခုလွှတ်ပြီး တစ် ပြန်ချိတ်ရကာ ..။

"ဟလို .. နေသူရာရှိန် ပါ .."



"..... ..... ....."

"သြော် .. ဆရာမိုးမြတ် .. ဟုတ်ပါတယ် .. ကျွန်တော် ပို့လိုက် ပါ .."

ဖုန်းပြောရင်း ကားတန်းက တရွေ့ရွေ့ချီတက်ခွင့်ရလာသဖြင့် ကိုလွှတ်ရင်း တစ်ဖက်လမ်းကြောထဲ ဝင်နိုင်မလား ဘက်မှန်ကို ကြည့်မိသည်။

"အဆင်ပြေအောင် လုပ်လိုက်ပါ ဆရာမိုးရယ် .. လက်မှတ်က ကြီးနေလို့ပါ .."

"..... ..... ....."

"ဟုတ်တယ် .. မှတ်ပုံတင် မိတ္တူထဲကအတိုင်းပဲ .."

"..... ..... ....."

"ဟုတ်ပါတယ် .. ပြဒါး ပါ .."

"..... ..... ....."

"လုပ်ငန်းမှတ်ပုံတင်ကတော့ .. ဗျာ .."

"..... ..... ....."

"ဟာ .. မဖြစ်ဘူး ပြဒါး နဲ့ပဲ ထွက်စေချင်တာ၊ ဆရာမိုး ကူညီရင် တယ်၊ လုပ်ပါ .. ကျွန်တော် ရီကွက်(စ်)လုပ်တာပါ .."

"တီ .. တီ .."

သူ တစ်ဖက်ကားကြောထဲ လမ်းတောင်းပြီး ခေါင်းတိုးပစ်လိုက် နောက်ကားက ဟွန်းတီး၏။

ဘာဖြစ်ဖြစ် .. မတတ်နိုင် ..။

ဒီကြောအတိုင်း တက်နေလျှင် မီးပွိုင့်မရောက်ခင် လူသာ ကုလား ပေါက်သွားနိုင်၏။

"ဟုတ်တယ် ဆရာမိုး .. ကျွန်တော် ကားပေါ်မှာ .."

"..... ..... ....."

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လာခဲ့ပါ့မယ် .."

"...... ...... ......"

"ရပါတယ် .. ခု လာခဲ့ပါ့မယ် .."

အိမ်ပြန်ဖို့ အစီအစဉ်ကို ဖျက်၍ ကြိုးစားပမ်းစား ချိတက်ရော ဖြတ်ဖို့ကြိုးစားနေရသော လမ်းကြောကနေ ကွေ့ကြောဘက်ကို ပြ ကူးရ၏။

ဒီနေ့အဖို့ သူ လိုရာအရပ်ကို ရောက်ပါ့ဦးမလားမသိ ..။ ထို အိမ်က ဖုန်းဝင်လာသဖြင့် ကိုင်လိုက်လျှင် ..၊

"ဘာ .. ဘယ်လို .."

"ဟုတ်တယ် .. အဒေါ်တို့လည်း လူလေးရဲ့ ဧည့်သည်ဆို ဘာမှမပြောရဲဘဲဖြစ်နေတာ .. လူလေး ဘယ်မှာလဲဟင် .."

"ကျွန်တော် ကားပေါ်မှာ .. ဒါပေမယ့် ပြန်လာလို့မရသေးဘူး ကျွတ် .."

ဒီကောင် ကျိုင်ရာပြန်ပြီ ပြဒါး ..၊

စိတ်ထဲက ရေရွတ်မိကာ ..၊

"အခု .. ခုတ်ပစ်တာကုန်ပြီလား .."

"ခဏလေး .. အဒေါ် ကြည့်လိုက်ဦးမယ် .."

ဒေါ်စီစီ ပြေးသွားသည့် မောဟိုက်သံကိုပါ ကြားနေရကာ -

"တစ်ဝက်တော့ ကုန်ပြီ သားရေ .."

သွားပြီ နှင်းပန်းတွေကို တစ်ခင်းလုံး လိုက်ခုတ်ပစ်နေတာ ဒီ နဲ့ တွေ့ရင် တကယ့်အကြီးကြီးကျိုင် ..။

"အဲ့ဒါ ကြည့်နေလိုက်တော့ အဒေါ် .. ညဏ် ဘာလုပ်နေ

"သမီးက မနက်ဘုရားရှိခိုးပြီးတည်းက ခေါင်းတွေအုံနေ ပြီး ဆေးသောက်ပြီး အခန်းထဲဝင်သွားတာ .."

"တစ်ခါမှ ထွက်မလာဘူးလား .."



"မထွက်ဘူး .. ဧည့်သည်မလာခင် နာရီဝက်လောက်ကတော့ မငွမ်း ကိုခေါ်ပြီး အခန်းထဲမှာ ဘာရှာခိုင်းတာလဲ မသိဘူး .."

ဒါဆို ညဏ် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေတာ မဖြစ်နိုင်ပေ ..။ ဒါမှမဟုတ် ပြဒါး လာခါနီးမှ အိပ်ပျော်သွားလို့ မနိုးတာလား ..။

ဘာပဲဖြစ်ဖြစ် ပြဒါး ဒီလိုလုပ်နေတုန်းမှာ မတွေ့ဖြစ်ကြတာပဲ ကောင်းပါသည်။

တကယ်ဆို ဒီနေ့အစီအစဉ်က ပြဒါး ကို ကားနဲ့ကြိုခိုင်းလိုက်ပြီး သူနဲ့ တစ်နေရာမှာ အရင်ဆုံကြမည်။ နေရေးထိုင်ရေးနဲ့ လုပ်ငန်းကိစ္စ တွေ ပြဒါး ကို အသိပေးဖို့တွေရှိသေး၏။

အိမ်ကိုရောက်သွားဖို့အတွက်က သူ့အစီအစဉ်နဲ့ဆို ဒီလိုတွေဖြစ် လာစရာအကြောင်းမရှိ ..။

ခုတော့ မိုးလင်းလာတည်းက လွှဲခဲ့တဲ့ အစီအစဉ်အားလုံးသည် ပြဒါး နဲ့ သူ့ကို လွဲစေရုံသာမကဘဲ မထင်မှတ်သည့် ပြဿနာတွေပေါ်လာခဲ့တာ ရှင်းဖို့မလွယ် ..။ မရှင်းလို့လည်း ပြီးမှာမဟုတ် ..။

"ကိုင်းကွာ .."

"ဒုတ် .. ဒုတ် .."

"တောက် .. အရေးထဲမှာ ဓားကလည်း အနှောင့်မှန်းမသိ၊ အသွား ခုန်းမသိ တုံးပဲတုံးလွန်းတယ် .."

ပြဿနာတစ်ခုမဟုတ်ဘဲ ပန်းခင်းတစ်ခင်းကို ခုတ်ရှင်းနေသည့် ပြဒါး ကတော့ စိတ်ရှိလက်ရှိ ခုတ်ထစ်ပစ်နေရင်း ဒေါသတွေက ပိုး မသေနိုင် ..။

"ဒုတ် .. ဒုတ် .."

နားထဲမှာ ပုံမှန်မြည်နေသည့်အသံက လူကိုနှိုးနေသလိုဖြစ်ကာ ညဏ် မျက်လုံးဖွင့်ကြည့်မိသည်။

ဒါ ဘာလုပ်တဲ့အသံလဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



အိပ်နေရာကနေ ထလိုက်သည်နှင့် ခြံထဲက အသံမှန်းသိလိုက်၏။ ထို့ပြင် ကိုယ့်အောက်နီးနီးလေးက အသံဖြစ်နေကာ ...၊

"အ ..."

ခုတင်ပေါ်ကနေ ကိုယ့်ဘာသာ ထရပ်ဖို့ကြိုးစား၍ စားပွဲခုံကိုလှမ်းပြသည်။ ပြီးတော့ တရွေ့ရွေ့လှမ်းရင်း ပြတင်းတံခါးနားကို ရောက်အောင်သွားကာ ခြံထဲကိုကြည့်လိုက်၏။

ဒါပေမယ့် သံပန်းကာထားသဖြင့် အောက်ခြေထိ မမြင်ရပေ ...။

"ဘာလိုချင်လို့လဲ .. ဉာဏ်လေး ဒေါ်ငွမ်း ဘာလုပ်ပေးရမလဲ .."

ဘဲလ်နှိပ်ခေါ်လိုက်သည်နှင့် ဒေါ်ငွမ်း ရောက်လာသည်။ သို့သော် ပြတင်းတံခါးနားမှာရပ်နေသည့် ဉာဏ် ကို မြင်လျှင် သူမ ဘာမေးတော့မှာကို သိလိုက်သလို မျက်နှာကွက်ခနဲပျက်သွား၏။

"အဲ့ဒါ ဘာသံလဲ ဒေါ်ငွမ်း .."

"ဟင် .. ဘာသံလဲ .."

"တဒုတ်ဒုတ်နဲ့ ခုတ်နေတာ မကြားဘူးလား ဒေါ်ငွမ်း ရဲ့ .. အဲဒီအသံကိုမေးတာ .."

"အဲ့ဒါ .. ဟော .."

ဘာဖြေရမှန်းမသိ ဖြစ်နေစဉ် အသံက ရပ်သွားသဖြင့် ဒေါ်ငွမ်း ဝမ်းသာသွားကာ ...၊

"ဘာမှမဟုတ်ပါဘူး သမီးရဲ့ တွေ့လား .. မကြားရတော့ဘူး၊ တစ်အိမ်အိမ်က တစ်ခုခုလုပ်တဲ့အသံ ဝင်လာတာနေမှာ .. သမီး နေ့လယ်စာ စားတော့မလား .. ဒေါ်ငွမ်း ပြင်လိုက်မယ်နော် .."

"ဟင့်အင်း .. နေ့လယ်စာက ဆာပါသေးတယ်၊ ကိုသူ ဖုန်းဆက်သေးလား .."

"ဆက်တယ် သမီး .. သမီး အိပ်နေတုန်းက နှစ်ခါတောင်မှ၊ သူ အလုပ်ကိစ္စရှိလို့ ညနေလောက်မှာ ပြန်ရောက်မယ်တဲ့ .."



ဉာဏ် ခေါင်းညိတ်လိုက်ရင်း သူရာ ဘာတွေအလုပ်ရှုပ်နေတာလဲ ဆိုသည့်အတွေးက ထပ်ဝင်လာသည်။ ထိုစဉ် ...၊

"ကိုထွန်းဝင်း .. အဲဒါတွေရှင်းဖို့ စည်ပင်လှည်းတစ်စီးသွားတွန်းချာ .."

ယောကျ်ားသံတစ်သံ ကြားလိုက်ရကာ ဉာဏ့် မျက်နှာ ခြံထဲဘက် ပြန်လှည့်သွား၏။

"ဧည့်သည်ရောက်နေပြီလား .. ဒေါ်ငွမ်း .."

"ဟင် .. အဲ .. ဟုတ်တယ် .. ဟုတ်တယ် .. ရောက်နေပြီ၊ လူလေးနဲ့ သူငယ်ချင်းဆိုတဲ့ကောင်လေး ဆံပင်ကောက်ကောက်ရှည်ရှည် အရပ်မြင့်မြင့်နဲ့ လူလေးသူငယ်ချင်းသာဆိုတယ် ပုံစံချင်းကတော့ တခြားစီပါပဲကွယ် .."

သူရာ က မတိုမရှည်ဆံပင်ကို အမြဲတမ်း သေသေသပ်သပ်ဖြီးသင်ထားတတ်ကာ ခေါင်းလိမ်းဆီ တစ်မျိုးမျိုးကြောင့် သူ့ဆံပင်မှာ ရှုပ်ပွနေတယ်ဆိုတာ ဘယ်သောအခါမှ မရှိတတ်ခဲ့ ...။

ဉာဏ် က ဒေါ်ငွမ်း ရှင်းပြနေတာကို စိတ်မဝင်စားတော့ဘဲ မျက်မှောင်လေးကုတ်သွားလျက် ...၊

"သူက ခုမှ ရောက်တယ်၊ အိမ်ကလူတွေကို ဘာတွေခိုင်းစေညွှန်ကြားနေတာလဲ .."

လာပြန်ပြီ မေးခွန်းက ဒီနားမှာပဲတဝဲဝဲလယ် ...။

ဒေါ်ငွမ်း မသိမသာ ခေါင်းကုတ်မိကာ ...၊

"ဟို .."

"ဒုန်း .."

"ဟဲ့ .."

တိုက်နံရံကို တစ်ခုခုနဲ့ ပစ်ဆောင့်သွားသံက လူတွေကိုပါ တုန်ခနဲဖြစ်သွားစေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ် စိတ်တိုသွားသည်။ ဒီနေရာမှာ သူမ အိပ်ခန်းရှိသည်။ ဘယ်အလုပ်သမားမှ စကားကျယ်ကျယ်မပြောရအောင် သူမရဲ့ အိပ်ချိန် နားချိန်တွေကို သူရာ က စောင့်ရှောက်ခဲ့တာ ..။

"ဘာတွေလုပ်နေတာလဲမသိဘူး .. ဒေါ်ဂွမ်း ဉာဏ့် ကိုတွဲပေးစမ်းပါ .."

"အို .. ဘာမှမဟုတ်လောက်ပါဘူး၊ သမီး ခြံထဲထိမဆင်းပါနဲ့ .. နေဦး ဒေါ်ဂွမ်း သွားကြည့်လိုက်မယ်လေ .."

"မသွားနဲ့ ဉာဏ့် ကိုပဲတွဲပေး.."

ဒီခြေသံသည် ဖုန်းပြောတည်းက အချိုးမပြေတာ နားထဲမှာ စွဲနေခဲ့သည်။ ခုလုပ်နေတဲ့ပုံနဲ့ အပြောအဆို ဆက်စပ်ကြည့်လျှင် သူမျှားအိမ်ကို လာပြီး ကျောမောခြယ်လှယ်နေတာ အသိသာကြီး ..။

ခြံထဲမှာ ပြဒါး ကလည်း လူကမောလာလေ ခြံထဲကရှိသမျှ သောင်းပြောင်းထွေလာသော ပန်းမျိုးနွယ်တွေကို ဒေါသထွက်လာလေဖြစ်ရင်း..

"ဟာ .. ညီလေး .. ညီလေး ခဏ .."

"ဘာလဲ .."

"အဲ့ဒီ အိုးကြီးကို နံရံအုတ်ခုံပေါ် မတင်နဲ့တော့ .."

"ဘာလုပ်ဖို့လဲ ရှုပ်ကရှုပ်နဲ့ .."

"ဟုတ်ပါပြီ .. ရှုပ်နေတာတွေ ကျွန်တော် ရှင်းပါ့မယ်၊ အဲဒီပေါ်က သူဌေးကတော် အိပ်ခန်း .."

"သူ့အိပ်ခန်းကို ကျွန်တော်က မီးပုံရှို့နေလို့လား .."

"အဲ့ဒါ ဟုတ်ပါတယ် .. ဒါပေမယ့် ဒီက အသံတွေအပေါ်ရောက်ပြီး သူဌေးကတော် စိတ်ဆိုးသွားရင် သူဌေးက ခွင့်လွှတ်မှာမဟုတ်ဘူး.."

"ပူမနေနဲ့ ခင်ဗျား လုပ်စရာရှိတာလုပ်၊ ကိုယ် တမင်ရည်ရွယ်ပြီး လုပ်တာမှမဟုတ်တာ .."

"ဒုတ် ..."



ပန်းအိုးကြီးကို ယခင်အတိုင်းပဲ မနိုင်မနင်း 'မ' တင်လိုက်သဖြင့် ဒုတ်ခနဲ ဆောင့်ကျလေသည်။ ဒီအပင်တွေကို ခုတ်ထစ်ရှင်းနေပါသည်ဆိုတာတောင် သူဌေးက 'ထားလိုက်တော့ လုပ်ပေ့စေ' လို့ ခွင့်ပြုထားခဲ့တဲ့ ခြေသံသည် ..။

ဒါပေမယ့် သူဌေးကတော် အနားယူနေလျှင် အနှောင့်အယှက်ဖြစ်စေတာမျိုးမလုပ်ရဟု အမိန့်ထုတ်ထားတာကလည်း ရှိနေသေးသည်။

သူတို့တွေ ခြေသံသည်ကို အလိုလိုက်ရမှာလား၊ သူဌေးကတော်ကို အခကထား ဂရုစိုက်ရမှာလား ..။

ဘာလုပ်ရမှန်းမသိကြတော့ဘဲ ခေါင်းပဲ ခဏခဏကုတ်မိ၏။

မတားရဲသည့်အတူတူ ဝေးဝေးနေလိုက်ဖို့ ဆုံးဖြတ်ကာ ခုတ်ပစ်ထားသည့် ပန်းပင်အပိုင်းအစတွေ သယ်ဖို့ ခြံနောက်ဖေးမှာထားသည့် ဘွန်းလှည်းလေးကို သွားယူဖို့ လစ်ထွက်လာခဲ့သည်။

ထွန်းဝင်း ထွက်သွားသည်နှင့် မြေမှုန်တွေပေနေသော လက်ဖဝါးနှစ်ဖက်ကို ပွတ်ခါချရင်း ယားကျိကျိဖြစ်နေဆဲ နှာခေါင်းကို ရှုံ့ပွပွတွန့်ရှုံ့နေလျက် ရေပုတ်နားကိုလျှောက်သွားမိသည်။

သို့သော် ရေပိုက်ကို ကောက်ကိုင်လိုက်ပြီး ရေဘယ်နေရာက လွှတ်ခုန်းမသိသဖြင့် ပိုက်ဝကို စိုက်ချကြည့်လိုက်၊ ပြန်ထောင်ကြည့်လိုက်နှင့် သူကြည့်မိတာက အနီးပတ်ဝန်းကိုပဲဖြစ်၏။

ထိုစဉ် ပိုက်ဝကိုထောင်လိုက်သည့်အလှည့်တွင် ..၊

"ရှီး .."

"ဟာ ..."

ရေတွေအလုံးအရင်းနှင့် မျက်နှာကို ပြေးမှန်ကြ၏။ အလျင်အမြန်လွှတ်ချလိုက်ပေမယ့် မျက်နှာနှင့် သူ့ရင်ဘတ်တစ်ပြင်လုံး စိုရွှဲသွားခဲ့၏။

"တောက် .."

ဒီမနက်မှာပဲ သူ့မျက်နှာနဲ့ ရေ မိတ်ဆက်ခဲ့ရတာ နှစ်ခါ ..၊

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်အင်္ကျီစကို ကိုင်၍ ခါထုတ်ပစ်မိကာ မျက်နှာပေါ်ကရေတွေကို သပ်ချ၏။ ပြီးမှ တပ်အပ်သိလိုက်သည့်နေရာကို မျက်လုံးရောက်သွားခဲ့သည်။

ရေတွေ မျက်နှာမှာ လာထိုးတည်းက မျက်ဝန်းထောင့်မှာ အရိပ်ထင်သွားခဲ့သည်။ မသိစိတ်က ရေဘုံဘိုင် ထိုနေရာမှာ ရှိနေတာကို သတိပေး၏။

သူ ကြည့်လိုက်တော့ အစိမ်းရင့်ရောင်မှာ အနက်ရိပ်တွေပါသော ဂါဝန်ရှည်လေးနှင့် အမျိုးသမီးတစ်ယောက် ...၊

သူ ရှေ့ကို တစ်လှမ်းချင်းတိုးလာခဲ့လျှင် သူမကလည်း မမှိတ်မသုန် ရပ်ကြည့်နေလေသည်။ ဘေးမှာ ဒေါ်ဌမ်း ဆိုသည့်အမျိုးသမီးကြီး တွဲကိုင်ထားတာကို ကြည့်ခြင်းအားဖြင့် သူမက သူရှာ ရဲ့ ဇနီးဆိုတာသိလိုက်၏။

ထို့ပြင် ...၊

"မင်းပါလား .."

သူမက လှေခါးတစ်ထစ်စာမှာ ရပ်နေကာ သူက ကွန်ကရစ်လမ်းကလေးပေါ်မှာ ...၊

သူမသည် ရေဘုံဘိုင်ဘေးမှာရှိနေခဲ့လျက် သူကတော့ ရေတွေစိုရွှဲလျက် ...၊

"ဒါဆိုရင်တော့ မင်း တမင်လုပ်တာ သေချာသွားပြီ .."

ဒေါ်ဌမ်း က ရေခေါင်းကို ကမန်းကတန်းပိတ်လိုက်ပြီးမှ ဉာဏ့် ဘေးမှာ သွားပြန်ရပ်လိုက်ပြီး ...၊

"ဉာဏ် သူက လူလေးရဲ့ဧည့်သည်လေ .. နာမည်က ပြဒါး တဲ့.."

ဉာဏ် မျက်ဝန်းလေးတွေ တလက်လက်စူးရဲနေကြကာ လှပနုထွေးသော နှုတ်ခမ်းသားလေးတွေက အံကြိတ်ခြင်း ဖိကိုက်ခြင်း မမည်ဘဲ တလှုန့်လှုန့်လှုပ်ခတ်လျက် ...၊

"မဖြစ်နိုင်ဘူး .."

အဆက်အစပ်မဲ့သော စကားပေမယ့် ပြဒါး က မျက်ခုံးနှစ်ဖက်ကို





မြှင့်၍ ...

"ဘာကိုမဖြစ်နိုင်တာလဲ .."

"ရှင့်လိုလူက ကိုသူ့ မိတ်ဆွေကောင်းဆိုတာ .."

"ဘယ်သူပြောတာလဲ .. ငါ့ကိုယ်ငါ တစ်စုံတစ်ယောက်အတွက် မိတ်ဆွေကောင်းပါလို့ တစ်ခါမှ မပြောခဲ့ဖူးဘူး .."

"ကိုယ့်အဆင့်ကိုယ်သိရင် သူများအိမ်မှာ အလိုက်အထိုက်နေတတ်ဖို့လိုတယ် .."

"ငါက မင်းအိမ်က အမှိုက်သရိုက်တွေကို ရှင်းပေးနေတာ .."

ဉာဏ့် မျက်ဝန်းလေးတွေ စူးရဲကျဉ်းမြောင်းသွားသည်။ ပြဒါး က ပန်းပင်အကျိုးအပြတ်တွေကို ပြန်လှည့်ကြည့်၍ ...၊

"ဒီပန်းတွေက ငါနဲ့မတည့်ဘူး၊ အဲဒါကြောင့် ခုတ်ပစ်တာ၊ ငါ ခုတ်ထားတာတွေလည်း ငါ့ဘာသာရှင်းနေတာလေ၊ ဒီတိုင်းထားခဲ့မှ မင်းပြောရမှာ .."

"ရှင် ခုချက်ချင်း ကျွန်မခြံထဲက ထွက်သွားပါ .."

"ဘယ်လို .."

ပြဒါး မျက်နှာ တစ်ချက်မှ မပျက်ပေ။ သူမကိုတောင် မပြောသင့်တဲ့စကား ပြောလိုက်သလိုမျိုး အံ့ဩဟန်နှင့်ကြည့်ကာ ...၊

"ငါ့ကို ထွက်သွားခိုင်းတာလား .. မင်း ယောကျ်ား မင်းကို ဘယ်လိုပြောထားသလဲတော့ မသိဘူး .. ဒါပေမယ့် ငါက မင်းယောကျ်ားအတွက် မရှိမဖြစ်လူတစ်ယောက် .."

"ကျွန်မအမြင်မှာ ရှင်က ဒီလိုနေရာမှာမရှိသင့်တဲ့လူ၊ အရိုင်းအစိုင်း လူရမ်းကား .."

"သ .. သမီး .. ဟိုလေ .."

"ဒေါ်ဌမ်း ဝင်မပါနဲ့ .."

"ဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဂွမ်း ပါးစပ်ပိတ်သလို ခေါင်းလည်းညိတ်ရှာ၏။

"ကိုသူ့ ကို ခု ချက်ချင်းပြန်ခဲ့ပါလို့ ဖုန်းဆက်လိုက် ဒေါ်ဂွမ်း.."

"သမီးကို .."

"ခု သွားခေါ်ပါ .."

ဒေါ်ဂွမ်း ကိုင်ထားသည့်လက်ကို လွှဲရှောင်လိုက်ပြီး ဉာဏ် က အတင်းလွှတ်၏။ သူမရဲ့ ဒေါသတွေကို အစအဆုံးရပ်ကြည့်ရင်း ပြဒါး ပြုံးလိုက်မိသည်။

လှောင်ရယ်လိုသည့်ဆန္ဒတော့ မရှိပါ။ သို့သော် သူမနဲ့မှ ခိုက်ရန် ဒေါသတွေနဲ့ ဆုံဆည်းလာခဲ့ရသည့်အဖြစ်တွေကို တွေးမိသောကြောင့် ဘာရယ်မဟုတ်ဘဲ ပြုံးမိတာဖြစ်သည်။

ခြေလှမ်းတို့သည် သူမ မတ်တတ်ရပ်နေသော လှေခါးထစ်လေး ပေါ်ထိ အေးဆေးစွာလျှောက်သွားမိပြီးမှ ..၊

"သူ့ရှာ ကို ခေါ်တိုင်လည်း အပိုပဲထင်တယ်၊ သူကိုက ငါ့ကို ဒီမှာ နေစေချင်တာ .."

ပြောပြီး သူမကို မျက်နှာချင်းဆိုင်ရပ်လိုက်ကာ ..၊

"မင်းရဲ့ဒေါသတွေက သူ့အတွက် အရာဝင်မှာမဟုတ်ဘူး၊ ဘာ ဖြစ်လို့လဲဆိုတော့ .."

"အရာမဝင်တဲ့ ရှင့်စကားတွေကိုလည်း ဒီမှာပဲ ရပ်လိုက်စမ်းပါ ရှင်က ဧည့်သည် ကျွန်မက အိမ်ရှင် .."

"ဟား .. ဟား .. ဟား .."

သင်းက ဘယ်လိုပိုင်နိုင်မှုတွေနဲ့ ဒီလိုရယ်တာလဲ ..၊

ဉာဏ့် မျက်နှာလေး အနီရောင်သမ်းလာသည်။ ထိုစဉ် ပြဒါး က ရယ်ရင်း နဖူးပေါ်ကျနေသည့် ရေစိုဆံပင်တွေကို လက်တစ်ဖက်နဲ့ ခါ ထုတ်ပစ်လိုက်၏။

လူချင်းနီးနီးလေးကို တမင်ချိန်မှတ်ပြီး ခါထုတ်လွှတ်လိုက်သ..



..ဆံပင်က ရေစက်တွေက ဉာဏ့် မျက်နှာလေးဆီ အလုံးအရင်းနှင့် ..င်ကုန်ရာ ..၊

"အား .."

ခဏတရက် မျက်နှာလေးငုံ့ရှောင်လိုက်ပြီးမှ ဒေါသသည် ရှူးခနဲ ..တွဲခုန်ထွက်လျက် ..၊

"တောက် .."

ဉာဏ် စိတ်ရှိသမျှ လွှဲရိုက်ပစ်လိုက်၏။ သူမရဲ့ လက်မြန်ခြင်းကို ..ခံထားဖူးသဖြင့် တက်ခေါက်သံကို သတိထားမိလိုက်ကာ ပြဒါး ..ျက်နှာမော့ရှောင်လိုက်၏။ ထိုအခါ ...

ကိုယ့်အရှိန်ကို မထိန်းနိုင်ဘဲ လက်နောက် ကိုယ်ပါသွားပြီး သူမ ..သွားလေသည်။

သို့သော် ပစ်စလက်ခတ်လဲကျမသွားမိ ပြဒါး အသာလေးဆွဲပွေ့ ..၏။

"မထိနဲ့ .. လွှတ် .. ခုချပေး .."

"လွှတ်ချလိုက်ရင် နောက်နေ့ မင်းခြေထောက်တွေနဲ့မဟုတ်ဘဲ ..နဲ့သွားနေရမှာပေါ့ .."

"ဘာနဲ့သွားရသွားရ လွှတ်လို့ပြောနေတယ် .. လွှတ် .."

ဉာဏ် ဒေါသထွက်ရလွန်းကာ အသံလေးပါတိမ်နေခဲ့၏။ ပြီးတော့ ..တွေကိုပါ သူ့ကိုယ်နဲ့ ဖိကပ်ချုပ်ပြီး ပွေ့ထားတာမို့ စိတ်ရှိလက်ရှိ ..လို့လည်းမရ ..။

ပြဒါး က သူမ ကိုယ်လေးကို ပွေ့ကာ အိမ်ထဲကို တောက်လျှောက် ..ခဲ့ရင်း ..၊

"ကျိုးဆော့ ကန်းမော့ ဆိုတာ အဲ့ဒါပဲ .."

ပြဒါး က ပွေ့ထားပြီး ပါးစပ်ကလည်း အငြိမ်မနေ ..၊

"ခင်းကို ကျိုးနေမှန်း မသိလို့ ငါက ကားထဲက ဆွဲထုတ်ဖို့ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ၊ ဒါပေမယ့် မင်းပဲ ငါ့ပါးကို ရိုက်သွားတာလေ ..."

"အဲ့ဒါ ဘာဖြစ်သလဲ .. လူရမ်းကား .. ရှင့်လိုလူကို အိမ်မှာတစ်

တောင် မထားဘူး .. လွှတ် .. ချပေးလေ .."

ပြဒါး က ခြံထဲကနေ မြင်ထားသည့် သူမအိပ်ခန်းဆီမှန်းသွား

မွေ့ရာအေးမှာ ခြေစုံရပ်လိုက်တဲ့အထိ သူမကို မချလိုက်သေးဘဲ -

"မင်းပဲ ပါးချသွားပြီး ခုလည်း မင်းပဲပြော .. မင်းပဲ ရိုက်ဖို့လုပ်တာ

ဘာကို ဒီလောက်တောင် မကျေမနပ်ဖြစ်နေရတာလဲ .."

"ဘာဖြစ်ဖြစ် .. ခု ချက်ချင်းလွှတ် .."

ဒေါသကြောင့် မျက်နှာလေးက နီရဲနေကာ နှုတ်ခမ်းသား

တွေက အလှဆုံး ..၊

ပြဒါးက ငုံ့မိုးကြည့်ပြီး ပြုံးလိုက်ကာ ..၊

"မင်းက ဒုက္ခိတနဲ့မှ မတူတာ .. ငါမှားသွားတာ အပြစ်လား -

"တောက် .."

"ကြိုပြောထားမယ် .. မင်း နောက်ထပ် ငါ့ကို ကိုယ်ထိလက်ရော

တိုက်ခိုက်ဖို့ကြိုးစားရင် ငါ့ဘက်ကလည်း ကိုယ်ထိလက်ရောက်

တုံ့ပြန်လာမှာနော် .. ဒီတိုင်းတော့ ဟုတ်ချင်မှဟုတ်မှာ .."

သေချာကြည့်ပြောပြီးမှ မွေ့ရာပေါ်မှာ ချထားပေးလိုက်သည်။

အခါ သူ့မေးဖျားမှာ ခိုသီးနေသည့် ရေစက်တို့ ညက်ဲ့ မျက်နှာလေး

တပေါက်ပေါက်ခုန်ဆင်းလာကြတာ နှုတ်ခမ်းသားတွေပေါ်ထိ -



အခန်း (၁၄)

"ပြဒါး .. ဟိတ် .."

"ဘာလဲကွာ .. ခုမှ အိပ်ပျော်တော့မလို့ဟာကို .."

"ခုမှ မိုးချုပ်တယ် .. အိပ်စရာလားကွ .. ထ .. ထစမ်းပါကွာ ..

ကြီးလို့ .."

"ဘာ ..."

"လာပါဆိုမှ .."

"ဟော့ကောင် .."

ပြဒါး က အိပ်ခန်းတံခါးကိုဖွင့်လျက်သားနှင့် မွေ့ရာပေါ်မှာ ပုံပန်း

လှဲနေလျက် .. သူရာ ဆွဲချလာတော့ ရှုံ့မဲ့ပါလာ၏။

"ဟော့ကောင် .. ဘယ်ထိသွားမလို့တုံး .."

"ဒီနားတင်ပဲ .."

ခြံရှေ့ထိ ခေါ်ထုတ်ခဲ့ပြီးမှ အလင်းရောင်ပြောက်တိပြောက်ကြား

ရှိသော ပန်းရုံတစ်ခုအောက်ကျမှ ခြေလှမ်းရပ်ကာ ..၊

"ညက်လေး နဲ့ ဘာတွေဖြစ်ကြတာလဲ .."

အိပ်ရေးပျက်သွားသဖြင့် တင်းသွားသည့်စိတ်နှင့် မျက်စိလည်း

သွားပြီဖြစ်ကာ ခါးနှစ်ဖက်ထောက်လိုက်ပြီး ..၊

www.burmeseclassic.com

www.burmeseclassic.com



"မင်းသိလို့ပဲ .. ဖားပြုတ်လည်ပင်း လုည်းနင်းသလို ပြူးတူးပြဲတဲ
ဖြစ်လာတာမို့လား .. ဘာလို့လာမေးနေတာလဲ .. အလကားအပို .."

"အပိုမေးနေစရာလားကွ .. မင်းတို့ အုန်းခနဲထဖြစ်ကြမှ အိမ်မှာ
ရှိတဲ့လူတွေက သိကြတာ၊ ဘာတွေဖြစ်ကြတာလဲ ဘယ်သူက သေချာ
သိမှာလဲ .. ဘယ်သူကရော မင်းတို့ ရန်ဖြစ်နေကြတာကို ဒီတိုင်းရပ်ကြည့်
နေရဲမှာလဲ .."

"ဟုတ်တယ်လေ .. ရန်ဖြစ်ကြတယ်၊ မင်းကြီးတော်လေးကို
ကျေးဇူးမတင် .. ဘာလဲ ဘာလုပ်ပြဆိုတာ .."

"ပြဒါး .."

"ဘာလဲ .."

"သူ မြတ်နိုးလို့ ငါ သေချာပြုစုပျိုးထောင်ပေးထားခဲ့တဲ့ ပန်းခင်း
ကို တစ်ခုလုံး မျိုးတုံးအောင် ဘယ်သူလုပ်တာလဲ .."

"ငါ ..."

"အဲ့ဒါကို မင်းက ကျေးဇူးတင်ခံချင်သေးတာလား .."

"မတင်ချင်နေ .. မစော်ကားနဲ့ပေါ့ကွ၊ အခု ငါ့လက်မောင်းလေး
မြှောက်မရ ပင့်မရဖြစ်နေပြီ မင်းသိလား၊ အဲဒါ ဒဏ်ဖြစ်သွားရင် တော်တော်
နဲ့ ပျောက်မှာမဟုတ်ဘူး .."

"အရင်းက ဖြတ်ထုတ်လိုက်ရပြီဆိုရင်တောင် ကျေးဇူးတင်ဖို့မရှိ
ဘူး .."

"ဘာကွ ..."

"ညဏ့် ဘက်က ပြောပြတာ .."

"သူရာ .."

"ပြော .."

"မင်း ငါ့ကို ခေါ်လာတုန်းက ဒီလေသံမဟုတ်ဘူး .."

"မင်းကို ငါက ရန်လာဖြစ်ပေးဖို့ခေါ်လာတာလား .."

"လူကိုမြင်တာနဲ့ သူချည်းပဲ ပါးရိုက်မယ်၊ နားရိက်မယ်ဖြစ်နေတာ



ချောပဲ လက်ပါတာမှ မဟုတ်ဘဲ .."

"မင်းက ယောကျ်ားပဲကွ .. ရိုက်ရောရိုက်ရသေးလို့လား၊ ဟိုက
ဘက်ရှယ်တာနဲ့ မင်းက ဦးဆောင်ဆော်မယ့်ကောင် .."

"အခု ငါ ပြန်ရိုက်လိုက်တယ်လို့ မင်းလူတွေက တိုင်လိုက်တာ
အား .."

"ပြောပြတာလေ .. ညဏ် က စိတ်ဆတ်ပေမယ့် .."

"ငါက ဆယ်ဆ .."

"သိတယ် .."

"အေး .. ဒါပေမယ့် သူ ငါ့ကို တစ်ခါဆော်သွားပြီးပြီ .."

"ဘာ ..."

"ဟွန်း .. မင်းကို ငါပြောဖူးသားပဲ လေဟပ်တောင် မခံခဲ့ဖူးတဲ့
ငါ့ပါးကို မိန်းမတစ်ယောက် ရိုက်သွားတယ်ဆိုတာ .."

"ဘယ်လို .. မင်း .. မင်းပြောတာ ညဏ်လေး ဟုတ်လား၊ မင်း
ညဏ်လေး နဲ့ ဖြစ်ခဲ့တာလား .."

"ဟုတ်တယ် .."

မှောင်ရိပ်ထဲမှာ အလင်းရောင် မစို့မပို့ပေမယ့် ပြူးဝိုင်းနေသည့်
သူ့ရဲ့ မျက်လုံးတွေ အရောင်တွေထွက်နေတဲ့အတိုင်း ..၊

"လူတစ်ယောက်လုံး ကျိုးကန်းသွားလောက်အောင် ကားနဲ့တိုက်
မိတယ်၊ ပြီးတော့ အဲ့ဒီတစ်ယောက်က ဒုက္ခိတ မိန်းကလေး .."

"ဒရိုင်ဘာက တိုက်ပြီး ဆင်းပြေးတာကွ .."

"သိတယ်လေ .. အုံနာရှိနေသားနဲ့ အခန့်သားထိုင်နေတော့ .."

"အဲဒီတုန်းက ဝိုးလဲချမပါဘဲ သူ မသွားနိုင်သေးဘူး .."

"ငါမှ မသိဘဲ .."

"သိသိ မသိသိ မိန်းကလေးတစ်ယောက်ကို ကားထဲက ဆွဲထုတ်
ထားအထိ မင်းလုပ်တာ လွန်တာပေါ့ကွ .."

"ကျိုးနေတဲ့ လူကရော အကျိုးနဲ့တူလို့လား ..

www.burmeseclassic.com

www.burmeseclassic.com



"ပြုဒါး .. မင်း .."

"ငါ သူ့ကို လူလိုပြောနေတာ သူ့မှာ နားပါတာပဲ၊ ကျွန်မက အက
ပါ .. အကန်းပါဆိုတာလောက်တော့ ပြန်ပြောလို့ရတယ် .."

"ဟား .."

ကျိုးတာ ကန်းတာတွေကို မိုးမွှန်အောင်ပြောနေသဖြင့် သူ
ခေါင်းတခါခါဖြစ်သွားသည်။ ပြီးတော့ ကိုယ့်နဖူးကိုယ်ရိုက်ရင်း လ
ချောင်းတို့သည် ထိပ်ဦးက ဆံစတွေထဲ ရောက်လျက် ..၊

"ကျွတ် .. သွားပါပြီကွာ .."

နှုတ်မှ ဖွင့်ဟညည်းမိလေသည်။ အသင့်တော်ဆုံးဖြစ်သည်လို့ ကို
ဘာသာ တစ်ယောက်တည်း စီစစ်ရွေးချယ်ပြီး အကြီးမားဆုံး ထားခဲ့
သည့် မျှော်လင့်ချက်တွေ ..၊

"ရှားတယ်ကွာ .. တကယ် .. တကယ် .."

နောက်ထပ် ကျွတ်ခနဲဖြစ်တော့ ပြုဒါး က ရှေ့တိုးပြီး သူ့မျက်
ကို ငုံ့ကြည့်သည်။

"ဘာဖြစ်နေတာလဲ .. မှောင်မှောင်မည်းမည်းထဲမှာ အကောင်
ကောင်ကောင် ကိုက်သွားတာလား .."

"ကိုက်တာထက် ပိုဆိုးတယ် ပြုဒါး .. မင်း လုပ်ချလိုက်တာ
စီစဉ်ထားသမျှတွေ သွားပြီ .."

"ငါ လုပ်တာ မဟုတ်ဘူးကွ .. ပြောလိုက်မိတော့ ဒီကောင်ပဲရှိ
တာ .. မင့်ကြီးတော်လေးက လူ့ရော ပါးစပ်ရော ဒုက္ခိတနဲ့ တူတာ ဘ
နေရာရှိလဲ .."

"သူများ အားနည်းချက်ကို မင်း အဲ့ဒီလို တစ်လုံးတစ်ခွကြီး
ထွက်နေတာကိုက ဆိုးတာ .."

"အမြဲတမ်း ဒီ့တိုင်းပဲ .."

"ခုကစပြီး နည်းနည်းတော့ ပြင်ပါ ပြုဒါး ရာ .. မင်းတို့အပြင်
အကြီးကြီးကွိုင်တက်လာတယ်၊ အိမ်ရောက်တော့ .."



"နေပါဦး .. အဲ့ဒီပန်းတွေနဲ့ ငါက နည်းနည်းမှ မတည့်တာကို
ခဲလိုက်တာ ဘာဖြစ်သွားနိုင်လို့လဲ၊ မင်း အစီအစဉ်ထဲမှာ ပန်းတွေ
ား .. ငါ ရှိနေဖို့လား .."

"ပန်းတွေ တစ်ညနှစ်ညလောက် ထပ်ထားလိုက်လို့ မင်း သေမသွား
ဘူး ပြုဒါး ရာ .."

"ဟ .. သေချင်သေမှာပေါ့ကွ .. နှာချေပြီဆို ဆက်တိုက်ချေတာ၊
င်ပါးရင်းတွေ အူထူပြီး မျက်လုံးတွေ နှာခေါင်းတွေထဲက နှပ်တွေ
ည်တွေ ရေတံလျှောက်လို ကျကုန်တာလေ၊ အဲ့ဒါ ဘယ်လောက်
က်သလဲ မင်း ဖြစ်ကြည့်ပါလား .."

"ငါက မင်း ဝေဒနာကို မစာနာလို့ ပြောနေတာမဟုတ်ဘူး၊ သူ့
မှာကျတော့ မင်းကို အစတည်းက မကျေနပ်ချက်ရှိခဲ့တာ၊ ပြီး
ခုမှရောက်လာတဲ့ ညှော်သည် .."

"ညှော်သည်လို ဟန်ကြီးပန်ကြီးနဲ့ ဆက်ထိုင်နေလို့မှ မရဘဲ .."

"ကဲ .. ဟုတ်ပါပြီကွာ .. ထားလိုက်ပါတော့ .."

သူရာ လက်ကာပြီး တားဆီးရင်း .. ခေါင်းကိုပဲ အထပ်ထပ်ပွတ်
နေမိလျက် ..၊

"အဲ့ဒါတွေ မင်း ငါနဲ့ အရင်တွေဖြစ်လိုက်ရင် ဘာမှဖြစ်လာမှာ
တ်ဘူး .."

"မင်းကလည်း ညှော်သည်ကို ချိန်းပြီး မိုးချုပ်မှ ပြန်လာတယ်နော်..
ုးပဲ .."

"ဟုတ်တယ် .. အဲ့ဒါလည်း ငါ့အပြစ် .."

"သိဖို့ပဲလိုတာ .."

ရွဲ့မှန်းသိလျက်နှင့် ပြုဒါး က ပြန်ရွဲ့သည်။ ပြီးတော့ ဘာမပြော
ပြောနှင့် ပြန်လှည့်သွားကာ ..၊

"အိပ်တော့မယ် .."

"ဟာ .. ပြုဒါး .."

www.burmeseclassic.com

www.burmeseclassic.com



သူရာ ကမန်းကတန်းပြန်ဆွဲထားလိုက်ရင်း ...၊

"မင်း ငါနဲ့ ပြောဆိုတိုင်ပင်ရမှာတွေ အများကြီးရှိသေးတယ်

"မနက်မှပြောကွာ .. ငါ တစ်နေ့လယ်လုံး ပင်ပန်းထားတာ၊ တွေ လက်တွေလည်း နာနေတယ် .."

"အေးပါ .. မင်း နားရမှာပေါ့ .."

သူရာ ပဲ တောင်းတောင်းပန်ပန်နှင့် ပြန်ဆွဲထားရကာ ...၊

"ငါ ပြန်ရောက်နေတာ ဦးဏ် မသိသေးဘူး၊ ဒီပြဿနာတွေ သူနဲ့ ပြန်ရှင်းရဦးမှာ ပြဒါး .. မင်းနဲ့ငါ အရင်ညှိထားမှ သူနဲ့အဆင် အောင် ပြောလို့ရမှာ .. ဒီမှာ မင်း ကားမောင်းသင်ရမှာသိလား၊ အတွက် ငါ စီစဉ်ပြီးပြီ .."

"ကားမောင်းတာများကွာ .. ငါ ဝပ်ခ်ရှော့မှာလုပ်ဖူးတယ်၊ လည်း မောင်းဖူးတယ် .."

"မောင်းဖူးရုံနဲ့ မရဘူးလေ .. မောင်းနိုင်မှဖြစ်မှာ၊ ပြီးတော့ မောင်းလိုင်စင်လိုတယ်၊ မင်း ဝတ်စားဆင်ယင်တာလည်း .."

"တော်ပြီ သူရာ .. အစတည်းက ငါက ကလေကချေ .."

"မဟုတ်ဘူး ပြဒါး .. မင်းက ငါ့ထက်ချမ်းသာတယ် .."

"သူရာ .."

"အဲဒါတွေ ပြောချင်လို့ ပြောနေတာမဟုတ်ဘူး .."

"ပြောချင်ချင် မပြောချင်ချင် မပြောနဲ့ .."

"မင်း ဒီတိုင်းနေနေတာကို မပြောလို့မရဘူးလေ၊ ငါတို့ စင် မှာ ဖက်စပ်လုပ်ငန်းလုပ်ကြမှာလို့ ပြောထားတာ .."

"အဲဒါနဲ့ပဲ ငါက ဖိနပ်ကြီးတပြောင်ပြောင် ကုတ်အင်္ကျီကြီးတ ကားနဲ့ နေရတော့မှာလား .. ဒီလောက်ပူလောင်နေတဲ့ မြန်မာ ရာသီဥတုနဲ့ .."

"ဘယ်နိုင်ငံမှာဖြစ်ဖြစ် ပူတဲ့ရာသီဆို ပူတာပဲ .. ဒါပေမယ့် အတန်းဆိုတာ အဲ့ဒီကစပြီး စကားပြောတာ .."



သူရာ က ပြဒါး ရှေ့မှာ ခါးနှစ်ဖက်ထောက်၍ အကျအနနေရာယူ လိုက်ပြီးမှ မျက်နှာချင်းနီးအောင်ကပ်၍ ...၊

"ပူနေတဲ့ရာသီမှာ အေးနေအောင် ဖန်ဆင်းနိုင်တယ်၊ ဆူညံမှုတွေ ရှိရင် တိတ်ဆိတ်သွားအောင် လုပ်လို့ရတယ်၊ မင်း ဝတ်ထားတဲ့ ဝတ်စုံ ကြောင့် ချွေးတစ်ပေါက်မစိုစေရဘူး .."

ပြဒါး ကတော့ ဘယ်လိုပြောပြော လက်မခံ ...၊

"မရဘူး သူရာ .. ငါ သူများပစ္စည်းတွေနဲ့ အရေခွံမလဲချင်ဘူး.."

"မင်းနဲ့ငါ သွေးသားတွေလေ .. သူစိမ်းတွေမှ မဟုတ်တာ .."

"မင်း အဲဒါမပါရင် မပြောတတ်ဘူးထင်တယ် .."

"ငါက .."

"မင်းရဲ့ မဟာသီအတွက် ငါလည်း သူဌေးပါပဲဆိုပြီး မြှားဦး ငါ့ ဘက်လှည့်လိုက်တာဆိုရင်တော့ မင်း လွဲပြီ .."

သူရာ လက်ခါရင်း ခေါင်းခါမိပြန်၏။

"ငါ ဘယ်တော့မှ အဲဒီလူတွေဆီ ပြန်သွားမှာမဟုတ်ဘူး .."

"သူတို့ကတော့ .. အခု .."

"ငါမှ ပြန်မလာရင် အတုံးအရုန်းလဲသေကြတော့မှာပါဆိုရင်တောင် လွှမ်းစရာမရှိဘူး .."

"ဟင် .."

"သဘောပေါက်သွားပြီဆိုရင် စိတ်လျှော့လိုက်တော့ .."

"ပြဒါး ရာ .. ငါက မင်းနဲ့ မင်းမိသားစုကို ရင်ကြားစေ့ပေးဖို့ ကြိုးစားနေတာမှမဟုတ်ဘဲ၊ ငါ့ကိစ္စမှာ မင်းက ဒါချည်းပဲ ခလုတ်တိုက် နေလို့ ပြောပြောနေရတာ၊ မင်း စမတ်ကျကျနေမှဖြစ်မယ်၊ ပြီးတော့ ကိုယ့်ရဲ့ ကာရိုက်တာပျက်စေမယ့် လောင်းကစားအပျော်အပါးတွေကို ရှောင်ပါ၊ မင်းကို ဆရာကျနေတာမဟုတ်ဘူး .. သတိပေးတာ .."

"ဟွန်း .."

"ဦးဏ်လေး ကို နည်းနည်းလေးပဲ လျှော့ပေါ့ဆက်ဆံပေးပါ၊ ကျန်

www.burmeseclassic.com

www.burmeseclassic.com



တာ မင်းအပေါ် ဘာမှ စထရက်(စ်) မရှိစေရဘူး၊ နောက်တစ်ခုက ..”

“များနေပြီ သူရာ .. အဲဒါတွေကိုက စထရက်(စ်)တွေ အရမ်းများနေတာ၊ ငါ တစ်သက်လုံး ဖရီးစတိုင်လ်နဲ့ နေလာခဲ့တာ၊ ဒီအလုပ်ကြောင့် ငါ ခုထိ ရလာခဲ့တာ ဘာတစ်ခုမှ ကောင်းတာမရှိသေးဘူး ..”

“ငါ့လို လောကကြီးကို စွန့်ခွာရတော့မယ့် ကြေကွဲမှုတွေတော့ မင်းမှာ မရှိပါဘူး ပြဒါး ရာ ..”

“သေရတော့မယ့်လူနဲ့ သောကချင်းမပြိုင်ချင်ပေမယ့် လူတိုင်းက ကိုယ့်သောကနဲ့ကိုယ် ပူလောင်နေကြတာပဲ ..”

“ဒါပေမယ့် ငါလိုချင်တာက မင်း ငါ့အတွက် ငဲ့ညှာပေးမယ့် သံယောဇဉ်တစ်ချက်ပဲ ..”

“အဲဒီတော့ မင်း ဒီ့ထက် ဘာဖြစ်ချင်သေးတာလဲ ..”

“ငါ့စကားကို နည်းနည်းလေး ဂရုစိုက်အလေးထားပေးရုံပဲ ..”

“မင်းကြီးတော်လေး နေရာတကာ လက်မပါဖို့ပဲ သတိပေးထားလိုက် ..”

“ငါ့ကြီးတော် မဟုတ်ပါဘူး .. သူ့မှာ နာမည်ရှိတယ်၊ ငါတို့က ခေါ်တော့ ဉာဏ်လေး .. သူ့နာမည်က စောင်းလက်ခတ်ဉာဏ် ..”

“သာယာနာပျော်ဖွယ်မရှိတာကြီးကို ပေးပဲပေးတတ်တယ် ..”

ပြဒါး က အားပါးတရ ချီးမွမ်းလေသည်။



## အခန်း (၁၅)

“ဒါဆို ရှင်က တစ်ကိုယ်ကောင်းဆန်တာပဲ ..”

“မဟုတ်ပါဘူး ဉာဏ်လေး ရယ် .. အားလုံးက သူနဲ့ချည်းပဲ တွဲချိတ်ထားပြီးသားဖြစ်နေလို့ပါ ..”

“ဘာဖြစ်လို့ သူနဲ့ချည်းပဲ ဖြစ်ရတာလဲ ပြောစမ်းပါ၊ ငွေလိုနေလို့လား .. သူ့မှာ ရှင့်ထက်သာတဲ့ အရည်အချင်းကောင်းတွေ ရှိနေလို့လား၊ သိပ်တော်လို့ပါလို့တော့ မပြောနဲ့နော် .. လူကို ကြည့်စရာမလိုဘူး မူကို ကြည့်တာနဲ့သိတယ် ..”

ဉာဏ် ဘယ်လိုပါးနပ်သလဲဆိုတာ သူသိနေတာမို့ ဘယ်လိုစကားနဲ့ဆက်ပြီး စည်းရုံးရမှန်းမသိဘဲဖြစ်သွားသည်။

“ရှင် ငွေလိုရင် ဖေဖေတို့ဆီက ကြိုက်သလောက်ဆွဲသုံးလို့ရတယ်၊ သူပါမှ ဖြစ်မယ်ဆိုရင်လည်း သူ မပါဘဲ ရသမျှနဲ့ပဲ ရောင့်ရဲဖို့ကြိုးစား၊ အဲဒီလူကို ဉာဏ် သိပ်မုန်းတယ်သိလား ..”

“ဉာဏ် ရယ် .. အဲဒီကိစ္စတွေ သူကိုယ့်ကို အားလုံးရှင်းပြပြီးပါပြီ၊ ပြီးတော့ သူ တောင်းပန်သေးတယ်၊ မသိလို့ မှားကြတယ်ဆိုတာ ကောင်းနဲ့ရင်ကျေနပ် ..”

“မယုံဘူး .. ဒီလူ့ပါးစပ်က တောင်းပန်စကားထွက်တယ်ဆိုတာ

www.burmeseclassic.com



ညဏ် လုံးဝမယုံဘူး ..”

သူရာ ရင်လေးသွားသည်။ ညဏ့် ကို တော်ရုံနဲ့တော့ သူညာလို့ မရနိုင်တာ သိတော့သိပါသည်။

“သူက စကားပြောရင် ရိုင်းသလိုရှိတာမှန်တယ်၊ အနိုင်မခံအရှုံး မပေးပြောတတ်တဲ့အကျင့်လည်းရှိတယ်၊ ဒါပေမယ့် မှားရင်တော့ ဝန်ခံ ရဲတဲ့သူပါ၊ သူ မှားတယ်ဆိုတာ မင်းကွယ်ရာမှာ ကိုယ့်ကို ..”

“သူ မမှားဘူးလို့ ညဏ့် ကိုပြောသွားတယ်၊ ပြီးတော့ လူကို မလေး မစား ထိကိုင်ပုတ်ခတ်သွားသေးတယ်၊ ညေ့သည်ယောကျ်ားလေးတစ် ယောက်က အဲ့ဒီက အိမ်ရှင်မကို ဒီလိုဆက်ဆံတာ ရင်လေးစရာမဟုတ် ဘူးလား သူရာ .. တစ်ချိန်လုံး အပြင်ထွက်နေတဲ့ရှင်က ဒီလိုလူကို ကျွန်မ ရဲ့အေးမှာ တစ်ချိန်လုံး ရှိနေစေချင်တာ ကျွန်မ ဘယ်လိုနားလည်ရမှန်း ကို မသိတော့ဘူး ..”

“ညဏ် .. ကိုယ် ပြောပါရစေ .. မင်း ကိုယ့်ကို အထင်မလွဲပါနဲ့ တကယ်တော့ သူက ကိုယ့်ရဲ့ညီဝမ်းကွဲတော်တဲ့သူပါ ..”

“ဘာ!...”

“အဲဒါကြောင့် ညီအစ်ကိုလို သူငယ်ချင်းလို ရင်းနှီးတဲ့သူလို့ ပြော ပြခဲ့တာပေါ့ ..”

မတတ်သာသည့်အဆုံးမှာ သူ့ဘက်က ကာကွယ်ရသည့်အကြောင်း ရင်း နိုင်လုံအောင် လျှို့ဝှက်ချက်တစ်ချို့ကို ထုတ်ပြောလိုက်ရသည်။

“ပြောရရင် သူက ကိုယ်တို့ထက်တောင် ချမ်းသာတယ်၊ ဒါပေမယ့် ကံကြမ္မာဝဋ်ကြွေးကြောင့် သူက ငယ်ငယ်လေးတည်းက စွန့်ပစ်ခံခဲ့ရ တာ၊ သူ့မိဘအသိုင်းအဝိုင်းမှာလည်း သူ့ကိုသိတဲ့လူမရှိဘူး၊ သူ ကြီးပြင်း ခဲ့တဲ့ ပတ်ဝန်းကျင်ကလည်း သူ ဘယ်လိုအဆင့်အတန်းလဲဆိုတာ မသိ ကြဘူး ..”

“ဟွန်း ..”



ညဏ် ကတော့ ပြဒါး အကြောင်းသိသွားပေမယ့် စာနာသနားသည့် ...ခံ အနည်းငယ်မျှ မရှိခဲ့ပေ ..။

“သူ ငယ်ငယ်ကထိ မိဘတွေဘက်က ထောက်ပံ့မှုတွေရှိခဲ့တယ်၊ ဒါကြောင့် မိဘတွေကို မမြင်ဖူးပေမယ့် သူ ဘယ်လိုအဆင့်အတန်းက ...လဲဆိုတာ ပြဒါး က သိနေတယ် ..”

“ဒါကြောင့် လူနေခြံကြား စိတ်နေဘုံဖျားဖြစ်နေတာ ..”

“အဲလိုမဟုတ်ဘူး ညဏ် .. ပြဒါး က သူ့ဘဝသူ မုန်းနေတဲ့သူ၊ မိဘတွေဘက်က သူ့ကို ခါးခါးသီးသီးမဖြစ်တော့တဲ့အချိန်မှာ သူ သွား ...တွေ့လို့ရတယ်၊ ဒါပေမယ့် လုံးဝမသွားဘူး ..”

“ရှင်နဲ့ ညီအစ်ကိုတော်တယ်ဆိုတော့ သူ့မိဘတွေက ဘယ်သူလဲ..”

“အဲဒါကို ကာယကံရှင်နှစ်ဖက်စလုံးက သိစေချင်ကြမှာမဟုတ် ...ဘူး ညဏ် .. သူတို့ ဂုဏ်သိက္ခာတွေကြောင့်ပါ၊ ကိုယ့်ကို နားလည်ပေး ပါနော် ..”

“ဒါဖြင့် ရှင် ညဏ့် ကို ပြောပြခဲ့သမျှ ဘာတစ်ခုမှ အမှန်တွေ မဟုတ်ဘူးပေါ့ ..”

“ဒါတွေက ဖြစ်လာမှာတွေပေါ့၊ အခု သူ့ မိဘဘိုးဘွားတွေက သူ့ကိုမျှော်လင့်နေကြပြီ .. သူက ခါးသီးနေတုန်းပဲ ..”

ညဏ် က ဝင်းလက်သွားသည့်မျက်နှာနှင့် ဖျတ်ခနဲလှည့်ကြည့်၍..၊

“ဒါဆို သူ့မာန ဘယ်လောက်အမြင့်ရှိလဲ ကျွန်မကပဲ စမ်းကြည့် ...လိုက်မယ်၊ ဟွန်း .. မာနတွေမိုးထိမြင့်ပြီး ချက်ချင်းပြန်သွားရင် ဟောဒီ ...ခြံကို ရွှေရည်ငွေရည်လောင်းပြီး နံ့သာကင်ပွန်းနဲ့ ဆေးချပစ်မယ် ..”

“ညဏ် ရယ် ..”

“ရှင်တို့ပဲ ဘရေ့ဖက်စ် စားလိုက်တော့ သူရာ .. အဲ့ဒီမျက်နှာကို ...ကြည့်ပြီး ကျွန်မ မစားဘူး ..”

“ညဏ် ..”

www.burmeseclassic.com

www.burmeseclassic.com



သူရာ ကမန်းကတန်းတားကာ ဉာဏ် ရှေ့ကနေ ကာတားလိုက်ပြီး ...၊

"ထမင်းလက်ဆုံ စားကြတာက ရင်းနှီးမှုတစ်မျိုးပါ ဉာဏ် ရယ်၊ စားပွဲအကြီးကြီးမှာ နှစ်ယောက်ကနေ လူသုံးယောက်ဖြစ်သွားလို့ ဘာမှ ပြောင်းလဲသွားမှာမဟုတ်ပါဘူး၊ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ့် ဧည့်သည် အဖြစ်နဲ့ .."

"ကျွန်မက မောင်းထုတ်ဖို့ထိ စိတ်ကူးထားတာကို သူရာ၊ ရှင်တို့ ထမင်းလက်ဆုံစားခွင့်ရကြတာကို ပျှမ်းသုံးပတ်လောက်ထိုးပြီး ဝမ်းသာလိုက်ဦး .."

ဉာဏ် က သူ့ပခုံးစွန်းနဲ့ တိုးတိုက်ထွက်သွား၏။ သူကသာ ဉာဏ် လဲသွားမှာစိုးပြီး ကမန်းကတန်း လွတ်အောင်ရှောင်ပေးလိုက်ရကာ သူ့ရဲ့ တုတ်ကောက်သံလေးတဒေါက်ဒေါက်ကို စိတ်မချမ်းမြေ့စွာ နားစွင့် ကျန်ခဲ့ရ၏။

ဒီလိုပုံစံနဲ့ဆို သူ့ မျှော်လင့်ချက်တွေ ပြည့်မြောက်ဖို့လွယ်ပါ့မလား ...



## အခန်း (၁၆)

"ဒါ .. ဘာလုပ်မလို့လဲ .."

"သြော် .. ညီလေး .."

တစ်ယောက်တည်း ချွေးဒီးဒီးကျနေသည့် ခြံစောင့် ထွန်းဝင်း က သူ့ကိုတော့ ဖော်ရွေစွာပြုံးပြဖော်ရသေးလျက် ...၊

"ဒီနေရာမှာ သနပ်ခါးပင်တွေ တန်းစီစိုက်မှာတဲ့ .."

"သနပ်ခါးပန်း .."

"ဟုတ်တယ် .. ဟုတ်တယ် .. သနပ်ခါးပန်းပင်ကို ပြောတာ .."

"ဟိုဘက်က ပန်းအိုးတွေကရော .."

"ကိုထွန်းဝင်း .."

"ဗျာ .."

ဉာဏ့် အသံစူးစူးလေးက သူ့ကျောနောက်က ပေါ်လာ၏။ ထွန်းဝင်း ချာချာသလဲ ထူးပြီး လှမ်းကြည့်၏။ ပြဒါး လှည့်မကြည့်ဘဲ ပြုံးလိုက်သည်။ ပြီးတော့ ...

"မင်းကိုတော့ ဉာဏ် က တော်တော်ခင်ချင်တဲ့ပုံပဲ၊ အိမ်ထဲက နှင်ထုတ်ဖို့တောင် စိတ်ကူးနေတာ .." တဲ့ ...။

သူရာ ပြောနေတာကို သတိရလိုက်မိသည်။

www.burmeseclassic.com



"လုပ်ကြပေါ့ကွာ .. ငါကလည်း မင်းတို့ကို ခေါင်းချင်းဆွဲတိုက်ပေးဖို့စောင့်နေတာပါ .." လို့တော့ ရယ်စရာပေမယ့် သူ စိတ်မကောင်းတော့ဖြစ်သွားမိသည်။

အဘယ့်ကြောင့်ဆိုသော် ထိုစကားပြောနေသည့် သူ့ရာ့ မျက်နှာက ဆွေးမြေ့သော မချိတရိမဲ့ပြုံးတို့နှင့် လျောင်ရယ်ဖွယ်မရှိခြင်းကြောင့် ..။

"နေပူလာရင် နေပူတယ်ဆိုပြီး နားရဦးမယ်၊ ကိုယ့်အလုပ်ကိုလုပ်ပါ၊ စကားများမနေနဲ့ .."

"ဟုတ်ကဲ့ပါ .. ကျွန်တော် မြန်မြန်လုပ်နေတာပါ .."

ထွန်းဝင်း ကလည်း ဉာဏ် ဘာကြောင့် လှမ်းဆူတာကိုသိသည်။ ထို့ကြောင့် ပြဒါး ကို အားနာသည့်အကြည့်တစ်ချက်နှင့် နှုတ်ဆက်ပြီး ပေါက်ပြားကိုင်ပြီး ဆက်လုပ်နေ၏။

ပြဒါး က ထွန်းဝင်း ခေါင်းငုံ့အလုပ်လုပ်နေသည့်ရှေ့ကို ဆက်လျှောက်သွားပြီး ဉာဏ် ရှိသည့်ဘက်ကို မျက်နှာမူလိုက်လျှင် ဉာဏ်က ထမင်းစားခန်းပြတင်းပေါက်ကနေ ဖျတ်ခနဲလှည့်ဝင်သွား၏။

"ခင်ဗျား မြောင်းဖော်ထားတာ နှင်းပန်းတွေ ခုတ်ထားတဲ့ တစ်ကွက်လုံးပဲ .. ဘယ်လိုလုပ် တစ်ယောက်တည်း ပြီးမှာလဲ .."

"ကျွန်တော် .."

ထွန်းဝင်း က စကားစလိုက်ပြီး ဉာဏ် ရှိသည့်ဘက်ကို ခိုးကြည့်လိုက်သေးသည်။ မရှိတော့တာမြင်မှ ...

"ကျွန်တော့် ဘာသာ ပြီးသလောက်ပဲ လုပ်သွားလို့ရပါတယ်၊ သူဌေးကလည်း ဖြည်းဖြည်းလုပ်လို့ရတယ်တဲ့၊ သူဌေးကတော်ကတော့ နှင်းပန်းပင်တွေကိစ္စတည်းက စိတ်တိုနေလို့ဖြစ်မှာပါ .."

"ပေး .. အဲ့ဒီ ပေါက်ပြား .. ကျွန်တော့်ကို .."

"ဗျာ .. ဟာ .. ဘာလုပ်မလို့လဲ .. မလုပ်ပါနဲ့ ညီလေးရာ .."

သူဌေးကတော်က မကြည်မလင်ပေမယ့် သူဌေးအတွက် ပြဒါး ဆိုသည့် လူက ဘယ်လောက်အရေးပါသလဲဆိုတာ သူတို့အားလုံးက



...ခတ်မိကြသည်။

ထိုပြင် သူဌေးကိုယ်တိုင် ဇနီးနဲ့ ပြဒါး ရဲ့ကြားမှာ ရှင်းရခက်လောက်...င် အနေကျပ်နေတာ သူတို့အသိ ..။ ပြဒါး ကလည်း ဟိတ်ကြီး...ကြီးနဲ့ မရှေ့တတ်သူမို့ အပြင်မှာသွားလာနေသည့်အချိန်ကလွဲလျှင် ...ပြန်ရောက်တာနှင့် ခြံထဲဆင်းလာတတ်ကာ ..၊

"ပေးပါ .. ကျွန်တော် ဒီနေ့ အပြင်သွားချင်စိတ်မရှိလို့၊ တော်ကြာ ...ပ်တွေ ရောက်လာရင် ခင်ဗျားပဲ အိုးတွေထဲ ပြောင်းထည့်ရမှာ.."

သူ စဉ်းစားနေတုန်း ပြဒါး က ပေါက်ပြားကိုဆွဲယူသွားသည်။

"မလုပ်ပါနဲ့ ညီလေးရယ် .. သူဌေးသိရင် ကျွန်တော်တို့ ခေါင်း...ာ၊ အရေးတကြီးလုပ်စရာလည်းမလိုဘူး၊ မျိုးထုပ်လေးတွေရောက်...ရင် ဒါကို ခဏရပ်ထားပြီး လုပ်ရုံပဲ .."

"ရပါတယ် .. ခင်ဗျား အဲဒီပန်းအိုးတွေကို အရင်နေရာချထားလိုက်.."

ပြဒါး က မြေကို မွအောင်အသာလေးဆွပြီး မြောင်းလည်းပေါ...င် နှုတ်ခမ်းလေးဖို့ပေးလိုက်၏။ ဝတ်ထားသည့် အနက်ရောင် စတိုင်လ်...င်းဘီအနက်ရောင်နှင့် မိုးပြာရောင်နဲ့ အဖြူရိုပ်တွေရောနေသော ...ကပ်လက်ရှည်စပို့ရှပ်က ခပ်လတ်လတ်အသားရောင်ကို ဖြူဝင်း...သည်။

ကပိုကရိုနေလျှင် ဘုတ်သိုက်ရှုပ်ပွယလိုကြည့်ရဆိုးသည့် ဆံပင်တွေ...သေသေသပ်သပ်ဖြီးသင်လိုက်တာနှင့် တွန့်လန်နေသည့် အဖျားတွေ...ဘမင်ပုံဖော်လိုက်သလို အထင်လိုက် လှိုင်းကြီးတွန့်တွေဖြစ်သွား...၏။

လူကတော့ ဘယ်ကကြည့်ကြည့် ဖြောင့်စင်းနေသည့် စတိုင်လ်... ခမတ်ကျနေတာဖြစ်သည်။

ဒါပေမယ့် သူဌေးကတော်နဲ့ အပြိုင်အဆိုင်ပြောကြပြီဆို ထိုလူပျံ...ာ မိန်းကလေးတစ်ယောက် ဆွံ့အကျန်ခဲ့လောက်အောင် သိုသည်း...တ် ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါသများနှင့် ရွှေ့ရွှေ့ခုန်မတတ် ဆူပွက်သွားလောက်သည့် မျက် လုံးများနှင့် မညှာမတာပစ်ပေါက်တတ်လေသည်။

ထို့ကြောင့် သူဌေးကတော်မျက်လုံးထဲမှာတော့ ဒီလူ သနားစ ပုံပါပဲလို့ ဘယ်သောအခါမှ မြင်လိမ့်မည်မထင်။ သူတို့အမြင်အရ ရပါလျှင် သူဌေးနေသူရာရှိန် သည် မဟာဆန်၍ နုသန့်နေသော အဆင်းအင်္ဂါမျိုးဖြစ်ကာ ပြဒါး ဆိုသူကတော့ အကြည့်ရဲသည့်မျက် ပြောရဲသော နှုတ်ခမ်းတို့နှင့် အရိုင်းဆန်သော ချောမွေ့ပုံတို့ကို ပိုင် လေသည်။

ဒီယောကျ်ားနှစ်ယောက်မှာ နှစ်မျိုးနှစ်စားကွဲပြားသော စိတ် အယူဝါဒတို့နှင့် ဘယ်လိုတော်စပ်ပတ်သက်ကြမှန်းမသိ ..။

မနီးစပ်သည့် လူနှစ်ယောက်က သူငယ်ချင်းတွေလို ရင်း ညီအစ်ကိုတွေချစ်ခင်ကြတာမျိုးထက်တောင် ပိုနေသေးသည်။

အဘယ့်ကြောင်းဆိုလျှင် တစ်ယောက်ကိုတစ်ယောက် အပြော အဆိုမှားတွေ သူတို့ရှေ့မှာတင် ပြောဆိုငြင်းခုံနေကတတ်ကြပြီး စိ ဒေါသထွက်ကြတယ်ဆိုလည်း ခဏ ..။

"အား .."

အတွေးထဲမှာ နစ်မျောနေကာ ခြေထောက်ပေါ်မှာ ပန်းအိုးတ လုံးပြုတ်ကျလိုက်မှ နာနာကျင်ကျင်အော်လိုက်မိ၏။

"ထိပြီလား .."

လှမ်းကြည့်မေးလိုက်သည့် ပြဒါး မျက်နှာက မချိုမချဉ် –

"အား .. အီဆိမ့်သွားတာပဲ .."

"ဟား .. ဟား .. ဟား .."

သူများကနာပါတယ်ပြောမှ ရယ်လိုက်တာ အားနာပုံလည်း

"ခင်ဗျားထိုမှာပေါ့ .. ကျွန်တော့်ကိုပဲ ကြည့်နေတာကိုး –

"ဟင် .."

ဘယ်လိုလုပ်သိသွားတာလဲဆိုသည့် မျက်နှာကြီးနှင့် ထွန်းဝင်း



တော့မလို မဲ့တော့မလို ..။

"ဘာလဲ .. ခင်ဗျား သူဌေးကတော်နဲ့ ကျွန်တော်နဲ့ ဘာဖြစ်လို့ သင့်မမြတ်တွေဖြစ်နေတာလဲလို့ တွေးနေတာလား .."

"အဲ .."

"သူဌေးနဲ့ဂျတော့ အဆင်ပြေသားနဲ့ဆိုပြီးလေ .."

"ဟဲ .. ဟဲ .. ငါ့ညီက အကင်းပါးလိုက်တာ .."

"မပါးပါဘူး .. ခင်ဗျား မျက်နှာကြီးမှာ ပေါ်နေတာပါ .."

"အဟွန်း .. စပ်စုတာတော့မဟုတ်ပါဘူး၊ ကိုယ့်ဘာသာတွေးမိ တာပါ .."

"ဖယ် .. ဖယ် .. အဲ့ဒီအိုးကြီးက ဒီနေရာမှာထားရင် ကြည့်မကောင်း ဘူး ဒီဘက်မှာ သနပ်ခါးပင်တွေရှိမှာဆိုတော့ ထိပ်ကစီထားရင် ဘယ် သူမှ ပေါ်မှာမဟုတ်ဘူး၊ ဟိုဘက်က သစ်ခွကိုင်းတွေရှေ့မှာထားမှ .."

"ဟုတ်သား .."

ပြဒါး က အဆင်ပြေသလို ဝင်လုပ်ပေးသွားသဖြင့် နေရာတကာ အဆင်ပြေနေကာ ထွန်းဝင်း အဆမတန်ကျေးဇူးတင်သွားသည်။

ထို့ကြောင့် သူ့မှာ သိမ်းထားသမျှ မုန့်ထုပ်ဘွေ ထုတ်ယူလာပြီး ဘူးအသစ်လေးကိုင်၍ တဖားဖားနှင့် ..။

"ရော့ .. ဒီမှာ ရေဘူးအသစ်၊ မုန့်တွေကလည်း ခုမှ ဘူးဖွင့်လာ တာ .."

ထိုအချင်းအရာတွေကို အိမ်ထဲကနေ ဒေါ်ငွမ်း တို့က လှမ်းမြင်နေ တာ ..။

"သမီး .. ဉာဏ်လေး .."

မရဲတရဲခေါ်လိုက်ပြီး လှည့်ကြည့်လာသည့် မျက်လုံးတွေကြောင့် ဒေါ်ငွမ်း တွန့်ဆုတ်သွား၏။ ဉာဏ် က ဒေါ်ငွမ်း ကိုင်ထားသည့် အဆေး ခံပုလင်းနဲ့ ပန်းသီးစိပ်တွေကိုပါ ကြည့်လိုက်ပြီး ..။

"အဲဒါတွေ ဘာလုပ်မလို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟို .. သမီး မနက်က ပို့ဖို့မှာထား .."

"မပို့နဲ့တော့ .."

"ဟင်!..."

လက်က လက်ပ်တော့ပ်ကိုပိတ်ပစ်လိုက်ပြီး စားပွဲကနေ ထ
ထောက်ထလိုက်သည်။ ပြီးတော့ တုတ်ကောက်ကိုဆွဲ၍ စာရင်းဖိုင်
ချည်ထားသည့် ဗီရိုကြီးဆီ ခပ်ဖြည်းဖြည်းသွားကာ ..၊

"မနက်က ကိုထွန်းဝင်း တစ်ယောက်တည်းမို့လို့ .."

"ဟုတ်ပါတယ် .. အခု သူ့ဒွေးရဲ့ မိတ်ဆွေလေးနဲ့ .."

"မပို့တော့နဲ့ဆို မပို့နဲ့ပေါ့ .."

ဉာဏ် က ဗီရိုဖွင့်လိုက်ပြီးမှ ဖျတ်ခနဲလှည့်ကြည့်ကာ ..၊

"ဒေါ်ငွမ်း တို့က ဘာဖြစ်လို့ ဉာဏ် ပြောသမျှ စောဒကတက်
ကြတာလဲ .."

"မတက်ပါဘူး သမီးရယ် .. သမီးစိတ်တိုင်းကျဖို့ပဲ ဒေါ်ငွမ်း
ကြိုးစားနေတာပါ၊ ဟိုလေ .. လူလေးကလည်း အလုပ်လုပ်နေတဲ့
မှာ လိုအပ်တာ .."

"ဘာမှ လုပ်ပေးစရာမလိုဘူး ထားလိုက်၊ သူ့ကိုလည်း ပို့
ပေးလိုက်ပါ ခိုင်းထားတာမဟုတ်ဘူး၊ နေကိုမနေတတ်တာ .."

အဲဒါမျိုးကို အနေအထိုင်ခတတ်တာလို့ ခေါင်းစဉ်တပ်လို
လား ကလေးရယ် ..။

ဒေါ်ငွမ်း ဒေါ်စီစီ ရှိသည့်နေရာကို လှမ်းကြည့်ရင်း အကူ
ဆောင်းမိသည်။ ဒေါ်စီစီ ကလည်း သူမ မျက်လုံးတွေကိုသိကာ မ
နိုင်သည့်အကြည့်နှင့် ခေါင်းခါပြပြီး လှည့်ထွက်သွား၏။

ဉာဏ် ကတော့ တစ်ချက်လွတ်အမိန့်ကို ချမှတ်ပြီး သူ့အလု
ဆက်လုပ်နေ၏။ သို့သော် ..၊

ဒေါ်ငွမ်း ထွက်သွားဖို့အရေးအတွက် တုံ့ချီချီနောက်နေးနေ
လှည့်မကြည့်ဘဲနဲ့သိနေခဲ့သည်။



ခြံထဲမှာ နေပူရှိန် မြင့်တက်လာတာနဲ့အမျှ မောပန်းနွမ်းနယ်လာ
စ်၏။ မင်းသားလို ဝတ်စားထားပြီး ဟန်ရေးပြနေသည့်လူ၊ ချွေးသံ
ဖြစ်လာရင် ဘယ်လိုနေမလဲ ကြည့်ချင်သေးသည်။

ပြဒါး ကတော့ ကိုယ့်စိတ်ကူးနဲ့ ကိုယ်ပါ ..။

နှင်းပန်းတွေကို ကိုယ့်အကျိုးအတွက်နဲ့ ခုတ်ပစ်ခဲ့မိသည်မို့ သူ့အကျိုး
မှာ တစ်ခုခုတော့ ပြန်လုပ်ပေးသင့်သည်လို့ တွက်မိတာဖြစ်သည်။
ထို့ကြောင့် နေပူတာမပူတာတွေကို ဂရုမစိုက်ဘဲ ထွန်းဝင်း တား
သည့်ကြားက နှင်းပန်းနေရာမှာ အစားထိုးစိုက်မည့် သနပ်ခါးပင်
က် သူချည်းပဲ လုပ်ပေးခဲ့သည်။

"ဒီကောင်တွေက ပေါင်လယ်လောက်လေးတွေနဲ့ ဝါထိန်နေအောင်
ဲ့အမျိုးလေ၊ လှလည်းလှတယ်၊ မွှေးလည်း မွှေးတယ် .."

ထွန်းဝင်း က အနားရောက်လာတိုင်း ရှင်းပြကာ ပန်းပင်ပေါက်
တွေရောက်လာတော့ ကားဆီပြေးသွား၏။

"ကိုထွန်းဝင်း အဲ့ဒါတွေကို အရိပ်ထဲမှာ ခဏကပ်ထားလိုက်ဦး၊
နေတော့ အိုးထဲတန်းထည့်ပြီး အပြောင်းအလဲလုပ်လိုက်ရင် ပင်ပန်း
သန်ဘဲနေလိမ့်မယ် .."

ဉာဏ် က အပြင်ထွက်လာပြီး ပန်းပင်ပေါက်လေးတွေ နေရာချဖို့
ကြားနေ၏။ ဒီမှာလည်း သနပ်ခါးပန်းပင်တွေ စိုက်မှာ ဘယ်နှစ်တန်း
င်လဲ ..။

ဒီပန်းပင်ပေါက်တွေကလည်း ဘာပန်းတွေမှန်း မသိပေမယ့် ပျိုး
လေးတွေ သုံးလေးဆယ်လောက်ရှိ၏။ ပြဒါး ရေသောက်နေရင်း
ခါင်းငွှန့်သွားကာ ..၊

"ဒီလောက်တောင် အလုပ်မရှိ အလုပ်ရှာနေတာ မတွေ့ဖူးဘူး.."
ဟင် ..၊

အလှမ်းကွာသလိုရှိပေမယ့် သူ့ ရေရွတ်သည့်အသံကို ဉာဏ် သေချာ
လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါ တမင်ကြားအောင် ပြောလိုက်တာ ...၊

လှည့်ကြည့်လိုက်တော့ ရေပိုက်ခေါင်းကိုဖွင့်လိုက်ပြီး အခွေလိုက် ချထားသည့် ပိုက်ကို ကောက်ယူနေတာ သူ ဘာမှမပြောတဲ့အတိုင်း ...

"တောက် .."

ညဏ် ကလည်း တည့်တည့်ကြည့်ပြီး တက်ခေါက်၏။ ပိုက်ခေါ ခေါက်ယူပြီး ဒီဘက်လှည့်လိုက်ကာမှ သူမ တက်ခေါက်သံကြောင့် ပြဒါး သမင်လည်ပြန်ငဲ့ကြည့်သည်။

"ငါ့ကို တက်ခေါက်တာလား .."

"ဟုတ်တယ် .. ဒီနေရာမှာ တက်ခေါက်သင့်တဲ့ သတ္တဝါ ရှင်း ရှိတာ .."

ပြဒါး.က သူမနဲ့ မျက်နှာချင်းဆိုင် ပြန်လှည့်ရပ်ကာ ...၊

"မင်း ခြံထဲက ကိစ္စတွေ ဝင်လုပ်ပေးနေတာ၊ ရေတစ်ပေါက်တော တိုက်ဖော်မရဘဲနဲ့ တက်ခေါက်ဖို့တော့ တာဝန်ကျေသားပဲ .."

"ရှင့်ကို နေရာတကာ ဝင်ပါစမ်းပါ၊ အမြင်မတော်ရင် ပြောပေး ပါလို့ ဘယ်သူ တာဝန်ပေးထားလို့လဲ အဲ့ဒါကို အရင်ဖြေ .."

"သူများတာဝန်ပေးတိုင်း လုပ်ရအောင် ငါက အလုပ်သမား မဟုတ်ဘဲ .."

"မဟုတ်ဘူးပြောနေပေမယ့် ရှင် ဒါတွေပဲ လုပ်တတ်တာပေ ရှင့်ကိုယ်ရှင် ဘာလဲ ပြန်ကြည့်မိရဲ့လား .."

"ဟား ..."

စိတ်တိုသွားကာ ခေါက်ကိုင်ထားသည့် ပိုက်ကို တစ်ဖက်လ ပြောင်းကိုင်လိုက်၏။ သို့သော် ...

"ရှီး ..."

"အား ..."

"ဟ .. ဆောရီး .."

သူ တကယ်မရည်ရွယ်ပါ။



လက်ထဲမှာ သေချာမဆုပ်မိလိုက်သည့် ပိုက်ခေါင်းဝက သူမဘက် လှည့်၍ လွတ်သွားလျှင် ရေတွေ သူမထံ အလုံးလိုက်ပြေးဝင်သွား သည်။

ညဏ် ရုတ်တရက် ရေကို ကာကွယ်ဖို့ပဲ သတိရကာ တုတ်ကို ၍ လက်နဲ့ကာမိ၏။ ထို့ပြင် နောက်ကို တစ်လှမ်းပြီးတစ်လှမ်း ပြင်လိုက်သဖြင့် နာသည့်ခြေထောက်အလှည့်မှာမှ နောက်က ပန်းအိုး ငြိသွား၏။

နောက်ပြန် ပက်ခနဲ လန်ထွက်သွားသည်နှင့် သူမလက်ကို တစ် က်က ဆွဲထားလိုက်တာ သိလိုက်သည်။

ပြဒါး ...၊

"ဖယ် .. လွှတ် .."

"လွှတ်ပြီ .. မရုန်းလိုက်နဲ့ .."

သူမ နောက်ဆုတ်ရှောင်လိုက်တည်းက သူမ ခြေထောက်နဲ့ ပန်းအိုး တော့ ခြေထောက်မကောင်းခြင်း အစစကို သတိရကာ ပြဒါး က ပြေးသွားလိုက်တာဖြစ်သည်။

သို့သော် ဒီတိုင်း ဒေါသတကြီး ပြန်ရုန်းလိုက်မှာကိုပါ ထည့်တွက် သားမို့ သူမ ဟန်ချက်ညီအောင်ဆွဲထားလိုက်ပြီးသည်နှင့် ချက်ချင်း လွှတ်၍ နောက်ဆုတ်၏။

ရုတ်ရုတ်သဲသဲဖြစ်သွားပြီဆိုမှ ဒေါ်စီစီ တို့ အိမ်ထဲက ပြေးထွက် ကြသည်။ ပျိုးပင်ထုပ်လေးတွေနဲ့ အလုပ်ရှုပ်နေသော ထွန်းဝင်း လည်း က်ကျစွာသိ၏။

သူတို့ကြည့်လိုက်တော့ ညဏ် ရှေ့တစ်ပိုင်းလုံးမှာ မျက်နှာကစပြီး စိုရွှဲလျက် ...၊

"ရှင် .. ရှင် တမင်လုပ်လိုက်တာ .."

"မဟုတ်ပါဘူးကွာ .. မင်းကို ရိုက်သတ်ချင်အောင် ဒေါသထွက် သည်း ဒီလိုပေါ်တင်ကြီး လုပ်ပါ့မလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"တကယ် မတော်တဆပါ .."

"ရှင် .."

"လာပါ သမီးရယ် .. အအေးပတ်တော့မှာပဲ .."

ဒေါ်စီစီ နဲ့ ဒေါ်ငွမ်း တို့ ပြေးလွှားရောက်လာကြ၏။ ညဏ် မျက်နှာပေါ်ကရေတွေကို သပ်ချပြီး တက်ခေါက်ကာ ..၊

"မိန်းမလို မိန်းမညဏ်နဲ့ တော်တော် ယုတ်မာတဲ့လူ .."

"ဟော့ .. မင်းကို ငါ မဟုတ်ဘူးလို့ ပြောနေတယ်နော် .."

"ဘာ မဟုတ်ရမှာလဲ .. ရှင့်ကို ညဏ် ပြောနေတုန်း ပက်ထည့်လိုက်တာ ..."

"လျှောက်ပြောမနေနဲ့ .. မင်းပြောတာတွေကို ဒေါသထွက်ပြီး တုံ့ပြန်မယ်ဆိုရင် ရေနဲ့ပတ်တာလောက်နဲ့ မပြီးဘူး၊ ခြေထောက်နှစ်ချောင်းကကိုင်ပြီး စကြဝဠာတံတိုင်းထိ လွှင့်ထွက်သွားအောင် ကိုင်ပေါက်မှာ .."

"ဒါဆို လုပ်လေ .. ရှင့်ကို ဂရုစိုက်နေရင် .. ကျွန်မက .."

"တီ ...."

ကားဟွန်းသံက ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာသဖြင့် ရန်ဖြစ်ခြင်းက တိခနဲပြတ်တောက်သွားသည်။ သူရာ အခြေအနေကို သိလိုက်ကာ ကားကို လေးဘီးစလုံးတောင် ရပ်သေးရဲ့လားမသိဘဲ ဖွင့်ဆင်းပြီးသားဖြစ်လျက် ..၊

"ဘာဖြစ်ကြတာလဲ .."

"မြင်တဲ့အတိုင်းပဲ .."

ပြဒါး က ပခုံးတွန့်ပြောရင်း ရေပိုက်ကို သွားပြန်ကောက်သည်။

"ညဏ် .."

"ဟုတ်တယ် .. ကျွန်မပဲ .. အဲ့ဒီလူကို ရှင် ထွက်သွားရင်ခေါ်သွား အိမ်မှာ တစ်နာရီတစ်မိနစ်မှ မရှိစေနဲ့ .."



"ဘယ်လိုဖြစ်ကြ ဘာလဲကွ .. ဒေါ်စီ ဘာဖြစ်တာလဲ .."

ညဏ် က ဘယ်ကိုမှ အထိမခံဘဲ ပုတ်ခါချပြီး ဒေါ်ငွမ်း တွဲတာကိုတော့ မှီခိုကာ ..၊

"နေ့စဉ် အကုသိုလ်များနေရတာ မမြင်ရလေ ကောင်းလေ .."

ပြောနေရင်း ငိုသံလေးပါကာ အိမ်ထဲဝင်သွားတဲ့ထိ ပြောသွား၏။ လှမ်းကြည့်လိုက်တော့ ပြဒါး က မြောင်းဖော်ထားသည့် မြေမို့မို့လေးတွေ ပေါ်ကို ရေပန်းဖွားလေးတွေကျအောင် ပိုက်ခေါင်းတပ်ပြီး သေချာဖျန်းနေ၏။

အတူမနေခင်တည်းက စလာခဲ့ကြသည့် ရန်ငြိုးက သက်ပြင်းချသံတိုတောင် တစ်ယောက်နဲ့တစ်ယောက် ချမ်းသာလေးမှာမဟုတ်တဲ့ အခြေအနေ ..။

ပြဒါး ဆီကို ခြေလှမ်းပြင်ပြီးမှ သူ အထဲဝင်လာခဲ့သည်။ ညဏ့် အခန်းတံခါးပွင့်နေပေမယ့် သူ တံခါးဝနားမှာပဲ ရပ်နေမိပြီး မဝင်ဖြစ်ခဲ့ ..။

သူ ဆက်ထွက်လာခဲ့တော့ ဒေါ်ငွမ်း က အထဲကနေ ခေါင်းပြူကြည့်သည်။ ပြီးတော့ ပြန်ဝင်သွားကာ ..၊

"သူဌေးလေးလည်း သနားပါတယ် သမီးရယ်၊ သူ့ခမျာ မိတ်ဆွေနဲ့ ဇနီးကြားမှာ ရှင်းရခက်နေရှာတာ .."

အကျီလဲနေရင်း ညဏ် ကလည်း သူ ဝင်လာမလားလို့ နားစွင့်နေခဲ့တာဖြစ်သည်။ ဒေါ်ငွမ်း စကားကြောင့် မလာတော့ဘူးဆိုတာ သိလိုက်တာ ..၊

"သူ ထွက်သွားပြီလား .."

"ဒီရှေ့မှာ ရပ်တော့ရပ်နေသေးတယ်၊ သမီး စိတ်ဆိုးနေမှန်းသိပုံရတယ် .. ဝင်မလာဘူး .."

"ညဏ် သူ့ကို စိတ်ဆိုးတာမှမဟုတ်ဘဲ .."

"ဒါပေမယ့်ကွယ် .. သူ့ဘက်ကလည်း သမီး မလိုလားမှန်းသိလျက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ညှော်သည်ကို ထားရတာကိုး ..."

ဒေါ်ဌမ်း က အကျီလဲနေသည့် နောက်ခန်းလေးထဲဝင်လိုက်လာပြီး ဉာဏ့် ကို ဝိုင်းကူရင်း ...၊

"ရပြီ သမီးလာ ရှေ့ကဆံပင်တွေ ရေသုတ်ရအောင် .."

ဉာဏ် က ပန်းနုရောင်ဂါဝန်ပျော့လေးနှင့် ဒေါ်ဌမ်း တွဲခေါ်တဲ့အတိုင်း မှန်တင်ခုံရှေ့မှာ ထိုင်လိုက်တဲ့အထိပါလာ၏။ ဒေါ်ဌမ်း က တဘက်လေးဆွဲယူပြီး ဆံပင်တွေကို တယုတယသုတ်ပေးရင်း ...၊

"ဒေါ်ဌမ်း တစ်ခုလောက်ပြောချင်တယ် သမီးရယ် .. တကယ်တော့ သမီးတို့က လူကြီးအရာမှာထားပြီး တလေးတစားရှိကြလို့ပါ၊ ဒေါ်ဌမ်း ကို အနေနဲ့ ပြောခွင့်တော့မရှိပါဘူး .."

"ရပါတယ် .. ဘာပြောမလို့လဲ .."

ဉာဏ့် စိတ်ထဲမှာလည်း ပြောချင်တာပြောပြီး လှည့်ဝင်လာတည်းက သူ့ရဲ့ မျက်နှာ ဘယ်လိုပျက်ယွင်းကျန်ခဲ့လဲဆိုတာကို သတိထားမိခဲ့ပါသည်။

"ခု တလောလေ သူဌေး တော်တော်အပင်ပန်းခံပြီး အလုပ်ကြိုးစားနေတာထင်တယ်၊ သူ့မျက်နှာလေးက သဘောကောင်းတဲ့ပုံလေးဆိုတော့ နွမ်းနယ်နေတဲ့အခါ အရမ်းသိသာတာပဲ၊ အဲ့ဒါ .. အဲ့ဒါကိုတော့ သမီးသတိထားတယ်မို့လားဟင် .."

"အင်း .. သိပါတယ် .."

ဉာဏ့် ဒေါသတွေ ညှဲသက်ကာ သေချာနားထောင်မှန်းသိလိုက်သဖြင့် ဒေါ်ဌမ်း အားတက်သွားသည်။

"အလုပ်ပင်ပန်းပြီး ပြန်လာတဲ့အခါ သားမယားက အပြုံးလေးနဲ့ဆီးကြိုရတယ် သမီးရဲ့၊ စိတ်ထဲမှာ ဒေါသအမျက်တစ်ခုခုရှိရင်တောင်ခဏမျိုသိပ်ပြီး သူ ချေးသိပ်ကာမှ ဖွင့်ပြောရတာမျိုး၊ သမီးတို့ရဲ့ အိမ်ထောင်သက်တမ်းလည်း သိပ်တော့ မနုပါဘူး၊ ဒေါ်ဌမ်း ဆရာလုပ်တာမဟုတ်ဘူးနော် .. အသက်အရွယ်အတွေ့အကြုံအရဆိုရင်တော့ ဒေါ်ဌမ်း



ဒီက အများကြီးပိုသိပါတယ် .."

"ဒီလူနဲ့ပတ်သက်ပြီး ဉာဏ့် သဘောကို ပြောပြပြီးသား၊ သူလည်းသူ့လူအကြောင်းသိလို့ သည်းခံနေတာပါ .."

"သူ့လူဆိုတာလည်း သမီးရယ် .. သူတို့ချင်း ဘယ်လောက်ထိခင်မင်ပတ်သက်ကြသလဲဆိုတာ သူ သေချာမပြောဘဲ ထားတာမျိုးလည်းရှိနိုင်ရှိမှာလေ၊ ဒေါ်ဌမ်း ပြောချင်တာက သမီးဘက်က သူ့ကို ညှော်သည်အဲ့ဒါမြင်ပြီး ကိုယ့်ယောကျ်ားမျက်နှာ နည်းနည်းလေးပြန်ကြည့်ဖို့ပါ .."

"ဒေါ်ဌမ်း က .."

"အဲ .. ဒေါ်ဌမ်း က သမီးကို ယောကျ်ားမျက်နှာမကြည့်ဘူးလို့ပြောတာမဟုတ်ဘူးနော် သမီး .. ယောကျ်ားမျက်နှာကြောင့် မချစ်သော်ငြားလည်း အောင့်ကာနမ်းရတာမျိုးကိုပြောတာပါ .."

"အဲဒီလူမျိုးကို ဘယ်လိုစိတ်နဲ့မှ သည်းခံပေါင်းဖို့မလွယ်တာဒေါ်ဌမ်း တို့အမြင်ပဲ .."

"မြင်ပါတယ် .. သမီးတို့သုံးယောက်က အရွယ်တူမတိမ်းမယိမ်းလေးတွေကိုး၊ အတိုက်အခံစိတ်တွေရှိကြတာပေါ့၊ ပြဒါး ကို ကြည့်ရတာလည်း စိတ်ရင်းလေးကတော့ .."

"ဉာဏ် သိတယ် .. ဒေါ်ဌမ်း တို့ ဘာပြောချင်တာလဲဆိုတာ .."

"အထင်မလွဲပါနဲ့ သမီးရယ် .. ဒေါ်ဌမ်း က သမီး ဖြေသာအောင်ပြောတတ ပြောပြတဲ့သဘောပါ၊ သူဌေးလေးက ကျန်းမာရေးထိခိုက်လောက်အောင် ကြိုးစားနေတယ်ဆိုရင် သမီးဘက်ကလည်း တာဝန်ကျေရချင်တယ်၊ သမီးတို့မှာ ချည်နှောင်စရာသားသမီးသံယောဇဉ်ကြိုးလည်းမရှိသေးဘူး၊ ကိုယ့်အိမ်ထောင်ရေးခိုင်မြဲအောင် ကိုယ်ပဲကြိုးစားရမှာ .."

ဟိုတုန်းက စိတ်နဲ့ဆို 'ဘာဖြစ်လဲ ကြိုးစားဖို့မလိုပါဘူး' လို့အောင်ပြန်ပြောမိမှာဖြစ်၏။

ဒါပေမယ့် သူ ကိုယ့်နားကနေ ပျောက်ပျောက်သွားပြီဆိုတည်းက

www.burmeseclassic.com

www.burmeseclassic.com



မာနနဲ့အတူ ခေါင်းထောင်လာခဲ့သည့် သဝန်တိုစိတ်က သူ့ဘက်ကိုပါ ထည့်သွင်းကြည့်တတ်ခဲ့သည်။

'သူက ဘာလို့ ငါ့ကိုရှောင်နေရတာလဲ' လို့တွေးမိသည့် ခါသက နီးနီးနေချင်မိသည့် တမ်းတစိတ်တွေလား ...၊

ထို့ပြင် သူ့ဘက်က ဥပေက္ခာကို ငုတ်တုတ်ထိုင်ခံစားနေရသည့် ဝေဒနာက ဆိုးရွားစွာနှိပ်စက်ခဲ့၏။

တကယ်ဆို ဝေးဝေးမှာနေလေ ကောင်းလေမဟုတ်ဘူးလား ...၊

ခေါ်ငွမ်း ရဲ့စကားတွေကြောင့် စိတ်ထဲမှာ အလိုမကျတာကိုတောင် ပြန်မပြောဖြစ်ဘဲ သူ့အကြောင်းဆီ စိတ်ကရောက်သွား၏။

သူ့ကို သူမဘက်က စတင်စိတ်ဝင်စားမိခဲ့သည်လား ...၊

ဒီအိမ်ထောင်ရေးအတွက် မုန်းစရာကောင်းနေသည့် လူကို ကိုယ်က အောင့်အင်းဆက်ဆံရမယ်ဆိုရင် သူကရော ကိုယ့်ဇနီးနဲ့ ဒီလောက်တောင် အဆင်မပြေသည့် လူတစ်ယောက်ကို ဘာဖြစ်လို့ ဆက်ထားနေရတာလဲ ...။

သူက ဂရုမစိုက်ဘဲ ကိုယ်က သူ့ကို ငဲ့ပြီးမျှသိပ်စရာလား ...။

ရင်ထဲမှာ ခံစားနေရတာတွေနဲ့ ခေါင်းထဲကို ရောက်လာတာက ဆန့်ကျင်လွန်ဆွဲနေကြသည်။

တကယ်ပဲ ကိုယ်က လွန်နေတာလား ...၊

မှန်ထဲက ကိုယ့်ပုံရိပ်ကိုပြန်ကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်လာမိသည်။

သူ ကိုယ့်နားက ရှောင်ထွက်နေသည်လို့ထင်ခဲ့တုန်းက ရှက်စိတ်တွေနဲ့ နာကျင်မုန်းတီးမိခဲ့သည်။

အနားကိုပြန်ရောက်လာတော့လည်း ကိုယ့်နားမှာ ကြာကြာထိုင်ပြီး ယုယကြင်နာခဲ့တာ ဘယ်နှစ်ခါရှိလို့လဲ ...၊

ဒါပေမယ့် ...

ထိုသူဟာ ကိုယ့်ကို သည်းခံနားလည်ပြီးချစ်တဲ့သူပါလို့ ထင်နေခဲ့



ပြန်ပြီ ...၊

ပြဒါး ဆိုသည့် ပြဿနာအထုပ်အပိုးသာ ရောက်မလာခဲ့ဘူးဆိုလျှင် သူရာ နဲ့ သူမရဲ့ အိမ်ထောင်ရေးခရီးလမ်းဟာ ချစ်ပန်းရနံ့တို့နှင့် ကြိုင်လှိုင်နေနိုင်သည်လို့တောင် တွေးမိခဲ့တဲ့အထိ ...။

နင် ဘာဖြစ်နေပြီလဲ စောင်းလက်ခတ်ဉာဏ် ...၊

သူ့ကို စိမ်းကားပြတ်သားတဲ့ စကားတွေ ပြောခဲ့တာလည်း နင်ပဲ မဟုတ်ဘူးလား ...၊ ခုမှ ဘာဖြစ်လို့ သူ့ခြေသံနဲ့ နင့်ရဲ့ အနီးအဝေးကို စိတ်ဝင်တစား တွက်ချက်ကြည့်နေတာလဲ ...။

သူ ထွက်သွားပြီထင်ရင် လှည့်မကြည့်နဲ့၊ နီးလာပြီထင်ရင် ရင်မခုန်အောင်ကြိုးစား ...။

နင်တို့နှစ်ယောက်နဲ့ အချစ်က အဝေးကြီးပဲဆိုတာ သတိချပ်စမ်းပါ။

မျက်လုံးတွေကို မှိတ်ထားလိုက်ပြီး ကိုယ့်စိတ်ကို အချုပ်သပ်နေမိသည်။ အချစ်နဲ့ပတ်သက်သည့်စိတ်ခံစားချက်တွေကို တရေးရေးမြင်ယောင်လေ ထိတ်လန့်မိလေ ...။

ကိုယ့်တစ်သက်မှာ ယောကျ်ားတစ်ယောက်၏ နူးညံ့ကြင်နာခြင်းမှာ သက်ဝင်စီးမျောသွားမိလိမ့်မယ်လို့ ဘယ်တုန်းကမှ ထည့်မစဉ်းစားမိခဲ့ပေ ...။ အထူးသဖြင့် သေလောက်အောင် ချစ်ပြနေသည့် ခပ်ပျော့ပျော့ယောကျ်ားစားမျိုးဆို အမုန်းဆုံး ...။

နေသူရာရှိန် ဆိုသည့် ယောကျ်ားကိုမှ ဘာဖြစ်လို့လဲ ...၊

ကိုယ်တစ်ကယ်ချစ်မိ အပြစ်ရှိခဲ့လျှင် ...၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၇)

"မင်း ပြန်ထွက်ဦးမှာလား .."

"ခု ပြောလို့မရသေးဘူး .."

"ဒါဆို ယူထားလိုက်တော့ .."

သူရာ က ကားသော့ကို ပြဒါး ဆီ ပြန်ပစ်ပေးကာ ..၊

"ညဘက် ကားမောင်းတာ သိပ်အကျင့်မရှိရင် အန္တရာယ်များတယ် နော် .. သတိထားဦး .."

ပြဒါး က သော့ကို လက်ထဲရောက်မှ ပြန်မြှောက်ကစားရင်း –

"ငါ မောင်းတာကို မင်းနုပဲ စီးလာပြီးတော့ .."

ပြောပြီး လှည့်ဝင်သွားသဖြင့် သူ ဘာမှမပြောဖြစ်တော့ပေ ..။ ဒီဘက် လှည့်လာတော့ ဒေါ်ဌမ်း က လှေကားရင်းမှာ ရပ်နေခဲ့လျက် ..၊

"လူလေး ညစာပြင်လိုက်ရတော့မလား .."

"မပြင်နဲ့တော့ ညဏ်အိပ်နေပြီလား .."

"မအိပ်သေးဘူးထင်တယ် .. သူ ဘာမှမစားရသေးဘူး လူလေး –

"ဘာ ..."

ပေါ့ပေါ့ပါးပါးဆက်သွားမည့် ခြေလှမ်းက တုံ့ခနဲပြန်ဖြစ်၏။ ဒီနေ့ ထိ ညဏ် နဲ့ သူ နေ့လယ်စာ ညစာ လက်ဆုံစားဖြစ်တဲ့ အကြိမ်ရေ



လက်ချိုးရေတွက်လို့တောင်ရပါသည်။

မနီးစပ်ခဲ့ခြင်းမှာ အဲ့ဒီလောက်ထိ စိမ်းသက်ခဲ့ကြတာဖြစ်သည်။ ကိုယ်ကလည်း ကိုယ့်ကြောင့်ဆိုသည့် ဥပါဒ်ဒဏ်နှင့် သူမနားကို မကပ်ရဲ၊ မတောင်းပန်ဝံ့ ..။

အစတည်းက စည်းခြားသတ်မှတ်ခဲ့သည့် သူမနဲ့ သူ့အခြေနေက ဇာ်လာဦးညမှာတည်းက ပို၍ဝေးကွာခဲ့ကြတာဖြစ်သည်။

ဒါဆို သူမ ထမင်းမစားသေးတာ ကိုယ့်ကို စောင့်နေတာသော့ ဖြစ်ဟုတ်တန်ရာပါ။

"သူ နေကောင်းရဲ့လား .."

"နေမကောင်းဘူးထင်လို့ ဒေါ်ဌမ်း မေးပါတယ်၊ ဘာမှ မပြောဘူး တဲ့ .."

"ဒေါ်ဌမ်း ဘယ်လိုထင်လို့လဲ .. သူ နေမကောင်းဘူးထင်နေလို့ လား .."

"အဲ့ဒါ သား သွားကြည့်လိုက်ပါလား .."

ညဉ့်နက်သန်းခေါင်ဆို သူမ ထွက်လာတာနှင့် မျက်နှာချင်းဆိုင် ဘိုးမှ စကားပြောဖြစ်ကြတာမို့ သူမရှိရာကိုသွားဖို့ဆိုတာ သူ့ဘက်က ခဲယဉ်းနေခဲ့၏။

သို့သော် စိုးရိမ်သည့်စိတ်က ဦးဆောင်ကာ သူမ အိပ်ခန်းရှိရာကို ဘယ်လိုရောက်သွားခဲ့မှန်းမသိ ..။

"ဒေါက် .. ဒေါက် .."

"ညဏ် .. ညဏ်လေး .."

တံခါးခေါက်ကြည့်ရင်း ခေါ်တော့ မည်သည့်တုံ့ပြန်သံမှ မကြားရပေ ..။ ထို့ကြောင့် ထပ်မခေါ်ဘဲ ပြန်လှည့်လာခဲ့လျှင် ..၊

ဟင်!...

ညဏ် က အပေါ်ထပ်ဧည့်ခန်းက ဆိုဖာပေါ်မှာ ခွေက်လေးပိုက်

www.burmeseclassic.com



လျက်ထိုင်ရင်း အိပ်ပျော်နေ၏။ မျက်နှာမော့မော့လေးက သားကိုအနည်းငယ်စောင်းလျက် နှစ်ခြိုက်စွာအိပ်ပျော်နေတာဖြစ်နိုင်၏။

သူ ခြေလှမ်းကျဲများနှင့် ပြန်လျှောက်လာကာ လှေကား၏ ဟိုဘက်ထိပ်က ဧည့်ခန်းဆီ ပြန်သွားရင်း ကျွတ် .. ဒါကို ဘာဖြစ်လို့မမြင်ရတာလဲ..။

ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ရေရွတ်ရင်း သူမအားမှာ ခပ်ကြွကြွဝင်ထိုင်လိုက်မိသည်။ ပြီးတော့ ငိုက်ကျနေသည့်မျက်နှာလေးကို မေးဖျားလေးနဲ့ ခေါင်းကနေ အသာလေးထိန်း၍ တည့်မတ်ပေးလိုက်၏။

သူမ မျက်နှာလေး တည့်မတ်သွားပေမယ့် မျက်တောင်ဖျားလေးတွေ တစ်ချက်နှစ်ချက် လှုပ်ခတ်ပြီး ဖျတ်ခနဲပွင့်သွားခဲ့၏။

"ဆောရီးကွာ .. ကိုယ့်ကြောင့် မင်း နိုးသွားပြီ .."

"ရပါတယ် .."

ဉာဏ် က ကိုယ်ကိုပြုပြင်ထိုင်လိုက်ပြီး မျက်နှာနဲ့ ဆံပင်တွေကို မလုံမလဲ တစ်ချက်သပ်၍ ...

"ဘယ်လိုအိပ်ပျော်သွားလဲတောင် မသိဘူး .. ရှင့် .."

ဆက်မမေးဘဲ သူ့ကို တစ်ချက်ငေးကြည့်သည်။ ပြီးမှ ...

"ရှင် ခုမှ ပြန်ရောက်တာလား .."

"အင်း .. ပြဒါး နဲ့လေ .. သူရော ကိုယ်ရောနဲ့ မဆုံဖြစ်ကြဘဲ အချိန်တွေကုန်သွားတာ၊ ဉာဏ် ထမင်းမစားရသေးဘူးဆို .."

"ထမင်းစားတာ အရေးကြီးတဲ့အလုပ်မဟုတ်ပါဘူး .."

ဒါဆို ဘာကိုအရေးကြီးပြီး ဒီမှာ ငုတ်တုတ်ထိုင်စောင့်နေတာလဲ သူ့ကို အရေးတကြီးပြောဖို့ရှိနေတာဘာလဲ ..၊

အတွေးထဲမှာ ပြဒါး ကို သတိရလိုက်မိသည်။

သူ အစိက မျှော်လင့်ထားခဲ့သည့် ပြဒါး မရှိလို့မဖြစ်သော အနာဂတ်နှင့်ပတ်သက်လာခဲ့ပါလျှင် ..၊

"ရှင့်ကို မေးဖို့လိုလာပြီထင်လို့ စောင့်နေတာ .."



"ဟုတ်လား မေလေ .. လာပါ .. ထမင်းစားရင်း စကားပြောကြတာပေါ့ .. ထ .."

သူမက သူရော ဆွဲလိုက်သည့် လက်လေးကို ပြန်ရုန်းလိုက်ပြီး ခေါင်းခါ ... အဝါရောင်သမ်းနေသည့် မီးရောင်အောက်မှာ သူမ မျက်နှာ ဝင်း ...ညက်လေးက ပါးမို့လေးတွေမှာ ပန်းနုရောင်ယှက်၍ လှချင်တိုင်း ...လေသည်။

တစ်ခုခုပြောဖို့ အရှိန်ယူလိုက်တိုင်း နုထွေးသော နှုတ်ခမ်းလွှာလေး ...ပိတ်သွားတတ်ပြီး တစ်ချက်နှစ်ချက်တော့ ခပ်လွန့်လွန့်ဖြစ်သွား ...တာလည်း သူ နားလည်နေပါပြီ ..။

သူမထံမှ မကျေနပ်ခြင်းတစ်ခုခုကို ကြားရတော့မည်ဟု ..၊

"ညနေက မေမေနဲ့ ဖုန်းပြောဖြစ်တယ် .."

ဉာဏ် က ဆက်မပြောဘဲ သူ့မျက်နှာကို လှည့်ကြည့်လိုက်ပြီးမှ..၊

"ရှင့်ရဲ့ ပြဒါး ကို မေမေသိတယ် .."

"ဘယ်လို .."

ဉာဏ် က မဲ့လိုက်ပြီး ..၊

"လန့်မသွားပါနဲ့ .. လူမသိစေချင်တာတွေကို သိတာမဟုတ်ပါဘူး၊ ...ဗရုတ်သုတ်ခနေထိုင်တာကိုမြင်ဖူးတွေ့ဖူးနေတာ၊ သူ့ပုံစံနဲ့ အပြော ...ရိုင်းစိုင်းခြင်းနဲ့ ဖက်ရှင်ဖြစ်နေတဲ့ပုံပဲ၊ နှစ်ခါလောက်တွေ့ဖူးထား ...မေမေက မှတ်မိနေတာ၊ ပြီးတော့ ဒီမှာနေတာကိုသိသွားတယ်.."

"ဉာဏ် က ပြောလိုက်တာလား .."

"ပြောပြစရာမလိုပါဘူး၊ မေမေက သိထားလို့ ဖုန်းဆက်မေးတာ.."

...ကို တကူးတကသွားပြောမှ သိမှာပါ။ ဒါပေမယ့် ဖုံးဖိထားတဲ့ ...သည်းမဟုတ်တော့ ဘာကြောင့်ပဲသိသိ သိလောက်စရာအကြောင်း ...နိုင်တာပဲလို့ တွေးလိုက်မိသည်။

"မေမေက အဲ့ဒီကောင်လေးနဲ့ သမီးယောကျ်ား ဘယ်လိုပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



တာလဲတဲ့ ..”

သူမ ဆက်မပြောသေးပေမယ့် သူရာ ကလည်း ဘာမှမမေးဘဲ စူးစိုက်နားစွံ့နေခဲ့သည်။ ခဏကြာမှ ...

“ညဏ် က ကိုယ့်ယောကျ်ား ဘယ်သူနဲ့ ဘာတွေလုပ်နေသလဲ ဘာမှမသိတာ ကောင်းလား သူရာ ..”

“မကောင်းပါဘူး .. ဒါပေမယ့် ညဏ့် ကို ကိုယ်ပြောပြနိုင်သ လောက် ပြောခဲ့တယ်လေ ..”

“ညဏ် ကလည်း ရှင့်ကို အလုံးစုံသိပါရစေလို့မပြောပါဘူး၊ ဒါပေမယ့် အခု သိချင်လာတယ်၊ အဲဒါ သူ့အကြောင်းမဟုတ်ဘူး .. ရှင့်အကြောင်း..”

“ကိုယ့်ကို ..”

“ဟုတ်တယ် .. တစ်မြို့တစ်ရွာကိုသွားနေတုန်းက ရှင်မရှိဘူး တဲ့အသိနဲ့ အားလုံးက ပြဿနာမဟုတ်ခဲ့ဘူး၊ ပြန်ရောက်လာတော့ ပြဒါး ပါလာတယ်၊ အဲဒီနောက်တနေ့ရက်တွေမှာ ရှင့်ဘဝက သူရှိရင် ပြည့် နေသလိုပါလား၊ အဲ့ဒါကို ကျွန်မ သိခွင့်မရှိဘူးလား သူရာ .. ကျွန်မ နားလည်အောင် ပြောမပြနိုင်ဘူးလား ..”

“ပြောပြနိုင်ပါတယ်၊ အဲ့ဒါတွေက ပြဒါး ကြောင့်ဆိုတာ လုံး မဟုတ်ဘူး၊ ကိုယ် ခရီးသွားဖြစ်တာက စီးပွားရေးလည်းအဓိကပါတယ် တကယ်ဘမ်းက ကိုယ့်စိတ်တွေလေနေလို့ပါ ..”

“ဘာအတွက်လဲ ..”

“မင်းသိပါတယ် ညဏ် ရယ် .. မင်းနဲ့ကိုယ်နဲ့ အိမ်ထောင်ရေး အတွက် ကိုယ်အများကြီးမျှော်လင့်ထားခဲ့ပေမယ့် ကိုယ့်ကြောင့် အားလုံး ဆုံးရှုံးခဲ့ရတာ ..”

“အားလုံးဆုံးရှုံးခဲ့ပြီလို့ ရှင် ဘာဖြစ်လို့ထင်လိုက်တာလဲ၊ ထင်တယ် ဆိုရင်လည်း ရှင်နဲ့ ကျွန်မရဲ့ အိမ်ထောင်ရေးက နှစ်လသုံးလလောက် ရှိသေးတဲ့ကာလ မဟုတ်ဘူးလေ၊ ရှင် ပြောတဲ့အကြောင်းက အဓိပ္ပာယ်



...း ..”

အဓိပ္ပာယ်ရှိပါ့မလား ညဏ် ရယ်၊ အမှန်တရားအားလုံးကို ကိုယ် ...တဲ့ထိ မင်း ဘယ်တော့မှ မသိရအောင် ကိုယ်ဖုံးကွယ်သွားမှာ၊ ...နိုင်ဖို့အတွက် ဘယ်လိုမှသားမျိုးဖြစ်ဖြစ် ကိုယ်ပြောနိုင်တယ်..။

ဆောရီးပါ ညဏ် .. ကိုယ့်ရင်ထဲက ခံစားချက်တွေကတော့ ...ယ်အပြည့်နဲ့ပါ၊ တစ်ခု အခိုင်အမာပြောနိုင်တာက မင်းကလွဲပြီး ဘယ်အရာပေါ်မှာမှ မသာယာခဲ့ဘူး၊ မဖောက်ပြန်ခဲ့ဘူး၊ ပြဒါး ...သွားတွဲလာနေတာကလည်း အတူအလုပ်လုပ်ကြမှာပေမယ့် ...သာဆယ် သူ့အတွက် ကိုယ့်ရဲ့ ပံ့ပိုးမှုတွေလိုတယ် ..”

...ုပ်ပေါ့ .. ကျားကို အတောင်တပ်ပေးလိုက် ...၊

...င်ထဲမှာပြောဖြစ်ရင်း နှုတ်ခမ်းက တွန့်ခနဲမဲ့သွားမိသည်။ လူဆိုး ...မ်းအားကြီးသွားရင် ကောင်းကျိုးတွေဖြစ်လာမလား၊ ဒီလူကို ...င်းပါဘူးပြောတိုင်း သူရာ လက်မခံတာကိုပဲ ရင်ထဲမှာ တနုံ့နုံ့ ...။

“ကိုယ့်စိတ်တွေ အားလပ်ချိန် မဖြစ်ရအောင် အလုပ်ထဲမှာ စိတ်နှစ် ...ကိုပါ လက်တွဲခေါ်နေတာပါ၊ အဲဒီအကြောင်း အန်တီ့ဆီ ကိုယ် ...း ရှင်းပြပါ့မယ် ..”

“အခု အဲဒီပြဿနာကို ရှင်းပေးစေချင်လို့ ရှင့်ကို ထိုင်စောင့်နေ ...ဟုတ်ဘူး ..”

“ဒါဆို ကိုယ် ဘာလုပ်ပေးရမလဲ၊ ညဏ် စိတ်ချမ်းသာအောင် ...ုပ်ပေးနိုင်တာ ဘာရှိလဲ၊ ကိုယ့်အတွက် အဓိကအရေးပါဆုံးလူက ...င် နှစ်ယောက်မရှိဘူး ညဏ် .. ရင်ထဲမှာရှိတဲ့အတိုင်းပြောပြပါ..”

...လူနဲ့ အတူတူရှိနေတဲ့ အချိန်တွေကို ကျွန်မ မကျေနပ်နိုင်ဘူး ...ပြောလိုက်ရမှာလား ...၊

...ဆးသေးတယ် သူရာ ...၊

www.burmeseclassic.com

www.burmeseclassic.com



ရှင် သိသင့်တဲ့အထိ ကျွန်မ ပြောပြခဲ့ပြီးပြီ၊ သိတာမသိတာ... ရှင့်ရဲ့ ကျွန်မအပေါ် စိတ်ဝင်စားမှုဘယ်လောက်ရှိသလဲဆိုတာနဲ့ပဲ ... တယ် ..။

ဉာဏ် က သူ့မျက်နှာကို စူးစိုက်ကြည့်ပြီးမှ မျက်နှာလွှဲကာ –

"ရှင် ထမင်းမေ့ ဟင်းမေ့ ဖြစ်ရလောက်အောင် ဂရုစိုက်နေ... အကြောင်းရင်းကို သိချင်တာပါ၊ ရှင်က ဒီလောက်ပဲ ဖြေနိုင်တယ်ဆို... လည်း ပြီးတာပါပဲ .."

"ဉာဏ် ရယ် .."

"ရတယ် .. ဖြည်းဖြည်းသွားလို့ရပါတယ် .."

သူ ကိုင်မယ်ကြံတော့ ဉာဏ် က လက်ကိုရှောင်၍ ဆိုဖာ... ကို လက်ထောက်ပြီး ထရပ်သည်။ စားပွဲမှာ ကပ်မှီထားသည့် တုတ်... လေးကို ကပျာကယာ လှမ်းယူ၍ သူရာ ကပါ လိုက်ထရပ်ကာ –

"ကိုယ်ရှိနေတုန်းတော့ ကိုယ်တွဲပို့ပါရစေ .. ဒါလေးတော့ –"

"နေပါစေ သူရာ .. နှစ်ဆယ့်သုံးနာရီနဲ့ မိနစ်သုံးဆယ်လုံးလုံး ... ငုတ်တုတ်ထိုင်ပြီး ရှင့်ကို တမ်းတနေမိပါဦးမယ်၊ အကျင့်မဖျက်..."

ရင်ထဲမှာ ဆွေးမြေ့နာကျင်ကာ ဟုတ်ကိုမထောက်ဘဲ အမှတ်... ခြေလှမ်းပြင်လိုက်မိ၏။

"အား ..."

"ဉာဏ် .."

ဉာဏ့် ကိုယ်လေး သူရာ့ ရင်ခွင်ထဲ နောက်ပြန်လဲကျသွားခဲ့... ထိုအခါ သူမကိုယ်လေးကို နောက်ကနေ သိမ်းဖက်ထားလိုက်... ဖြစ်သွားခဲ့ပြီး နှစ်ယောက်စလုံး ဒီတိုင်းငြိမ်သက်သွားခဲ့တာ တော်... ကြာလေသည်။

သူမရဲ့ နာသယ်စပ်ဆံစလေးတွေက ကိုယ့်နှာခေါင်းနားမှာ ... ကိုယ်သင်းနံ့လေးကို ဆွတ်ပျံ့စေလျက် လူကို ကလူကျီစယ်နေ...



ကိုယ်ပိုင်ဆိုင်ထားတဲ့ ဖနီးလေးမို့ ရင်ခွင်ထဲမှာ ပွေ့ပိုက်နမ်းရှိုက်...တ်ချင်သည်။ ဒါပေမယ့် ...

"ကိုယ့်ကိုတွဲနော် .. လာပါ ဉာဏ် ရယ် .."

သူရာ က သူမကိုယ်လေးကို မတ်မတ်ပြန်ရပ်စေကာ ခါးလေးက... အသာထိန်း၍ တစ်ဖက်က လက်မောင်းလေးတစ်ဖက်ကိုကိုင်၏။ ရင်ခုန်သံတွေနဲ့ ရောထွေးငိုင်ကျသွားခဲ့ရင်း သူ တွဲယူတဲ့အတိုင်း ...ငြိမ်သက်သက်လေး ပါသွားခဲ့သည်။

သို့သော် .. ခေါင်းစဉ်မဲ့သော ရှက်ရွံ့ခြင်းက လူကို သတိပေးပုတ်...လိုက်သလိုဖြစ်သွားခဲ့ပြီး ...၊

"ရတယ် .. ဖယ် .. ကျွန်မ အမှတ်တမဲ့ဖြစ်သွားလို့ .."

သူ့လက်တွေကို အသာဖယ်ချပစ်ကာ ကိုယ့်ကိုယ်ကိုယ်ထိန်း၍ ...က ထွက်လာခဲ့မိသည်။ ထိုစဉ် ရှေ့လွင့်သွားသော မျက်ရည်တစ်... ကြမ်းပေါ်သို့ လက်ခနဲ ...၊

ရတယ် သူရာ .. ဝေဒနာကို မကြေညာကြေးပေါ့ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"သမီးရေ .. မိုးတွေအုံ့လာပြီလေ .."

"ရတယ် .. ခုမှ မိုးသက်လေလေးနဲ့ နေလို့ကောင်းသွားတာ၊ ... လုပ်စရာရှိတာ သွားလုပ်ပါ၊ ဒီအောက်မှာ မိုးရွာလည်း ရတ်တ... မစိုပါဘူး .."

ဒေါ်စီစီ က သစ်ခွတိုင်တွေပေါ်မှာ မိုးထားသည့် ပလတ်... အမိုးပါးလေးကို မော့ကြည့်ပြီး စိတ်တော့မချပေမယ့် ခေါင်းညိတ်...

"အေးလေ .. ဒါဆို အဒေါ် မီးပူတိုက်ပြီးသားတွေ ဗီရိုထဲသွား... လိုက်မယ်နော်၊ ပြီးရင် ပြန်လာခဲ့မယ် .."

"ဟုတ် .."

"သမီး လမ်းလျှောက်ရင်လည်း ဒီအမိုးနဲ့ သိပ်ဝေးဝေးမသွာ... သိလား .."

"မသွားပါဘူး .."

ဒေါ်စီစီ အအေးပုလင်းနဲ့ မုန့်ဘူးတွေ ပန်းကန်တွေကို တစ်ခါ... ထပ်သိမ်းသွားသည်။ ထိုစဉ် သူရာ့ ဆီက ဖုန်းလာသဖြင့် ဉာဏ် က ... ထောင်လိုက်ကာ ..။

"အင်း .. ခြံထဲမှာ .."



".... .... ...."

"ကောင်းပါတယ် .."

".... .... ...."

"ဘာမှမဖြစ်ပါဘူး၊ ရှင် မနက်က ဘရေ့ဖက်စ်တောင် မစားဘဲ ထွက်သွားတာဆို .."

".... .... ...."

"ပြီးတာပါပဲ .. ဒီနေ့ရော ညဥ့်နက်ဦးမှာပဲလား .."

".... .... ...."

"ဘာမှမဖြစ်ဘူး မေးကြည့်တာ .."

".... .... ...."

"ဘာ ..."

".... .... ...."

"ရှင် သူ့ကို မေးချင်တာများ ကျွန်မ နေကောင်းမကောင်း အရင် မေးဖို့မလိုပါဘူး သူရာ .. မရှိဘူး မနက်ဆယ်နာရီလောက်တည်းက အပြင်ထွက်သွားတယ်လို့ပြောတယ်၊ ဘာသိချင်သေးလဲ .."

".... .... ...."

"ရှင် သိချင်ဦးမလားလို့လေ .."

ပြဒါး မရှိတဲ့အကြောင်း ပြောနေတုန်း ခြံထဲကို ကားဝင်လာတာ လှမ်းမြင်လိုက်ရသည်။ မျက်မှန်နက်နှင့် ဆံပင်တွေရှိတ်ထသလို လန်နေသော မျက်နှာဖွေးဖွေးက မှန်တစ်ဝက်ချထားသဖြင့် ဒီတိုင်းမြင်နေရ၏။

"ဟိုမှာ ပြန်လာနေပြီ၊ ဘာပြောပေးရမလဲ .."

သူရာ့ စကားသံ စိတ်ပျက်အားလျှော့ခြင်းများနှင့် ဖုန်းချသွားလေသည်။ ဉာဏ် ဖုန်းကို ပြန်သိမ်းရင်း စိတ်ထဲမှာတော့ မကောင်းပေ ..။

ထိုသို့ကြောင့် အဆင်ပြေပြေ ပြန်မပြောဖြစ်ပေမယ့် ဒီလိုပြောခဲ့ လိုက်တိုင်း သူရာ့ ကို သနားသလိုလို နောင်တရသလိုလို ရင်ထဲမှာ နာကျင်စွာ ကျန်ရစ်လေသည်။

www.burmeseclassic.com



ဒါပေမယ့် မတတ်နိုင် ...၊

ကိုယ်ကမကြည်ဖြူမှုန်းသိ ...ျက်နှင့် ဂရုမ...နိ...ှာနေစေခြင်းနှင့် ပတ်သက်၍ ခုခံနေခဲ့သည့်စိတ်က ကိုယ်သာ အ...ဆန်ရခြင်းကြောင့် ပို၍မုန်းမိသည်။ အားလုံးဟာ ...ရာ နဲ့တော့ ...မဆိုင် ...။

ဟင်!...၊

ကားကို ဘယ်လိုမောင်းနေတာလဲ ...၊

ပန်းပင်တစ်ချို့နှင့် ကောင်းကောင်း...မြင်ရသောကြောင့် ရှေ့ကို လှျောက်ထွက်ကြည့်လိုက်သည်။

ထိုစဉ် ဘယ်သူ ကံဆိုးမှန်းမသိဘဲ မိုးစက်တွေကျလာခဲ့၏။

တဖွဲဖွဲရွရွလေး ကြွေဆင်းလာသည့် မိုးစက်တို့က ညင်သာသော်လည်း ...၊

"ဂျိမ်း .. ဂျီး .."

ဟယ် .. တိုက်မိပြီ ...၊

ဉာဏ့် နားထဲမှာ ကားချင်းငြိမိသည့်အသံက အဆမတန်ကျယ်လောင်နေသလို မြည်ဟီးသွားခဲ့၏။ ကားကို ဒီတိုင်းထိုးမထားခဲ့ဘဲ ပါကင်လိုလုပ်ထားသည့် ဂိုဒေါင်အမိုးအောက်မှာ ကက်သီးကတ်သပ် သွင်းနေသည်။

ရပ်ထားသည့် ကားနှစ်စီးက သိပ်တော့မကောင်းပေမယ့် နှစ်စီးစလုံး လင့်နိခရှဲဘာတွေချည်းဖြစ်၏။ အလယ်နေရာမှာ ကပ်သပ်သွင်းပြီး နှစ်စီးစလုံး ထိသွားတာလား ...၊

ဉာဏ် ကိုယ့်ခြေထောက်ကို မညှာနိုင်တော့ဘဲ မြန်မြန်ဆန်ဆန် လှမ်းသွားမိ၏။ ပြဒါး ကတော့ ဘယ်သူ့ကိုမှ မမြင်ပေ ...။ သေားက ကားနှစ်စီးစလုံးနဲ့ ငြိသွားပြီကိုသိပေမယ့် လောလောဆယ် ဒဏ်ရာကြီး သွားတာ မသွားတာကို မကြည့်အား၊ ကားထဲကနေ ခေါင်းထွက်ကြည့်၍ ကိုယ့်ကားကို အလယ်စင်တာကျအောင် ရှေ့နောက်တွန်းထိုးရင်း အလုပ်ရှုပ်နေ၏။



ထိုစဉ် မိုးက အသံမြည်အောင်သည်းလာသဖြင့် ခေါင်းမိုးအပြင်ဘက်ကို အကြည့်တစ်ချက်ရောက်မိစဉ် ...၊

"ဟာ .."

"အမလေး .."

ဘက်စ်ဆုတ်ပြီး ရှေ့ကိုပြန်အထုတ်တွင် ကားရှေ့မှာ ဉာဏ့် ကို ...ွားခနဲမြင်လိုက်ရ၏။ ပြဒါး မျက်လုံးတွေပြာဝေသွားကာ သေလုမျော ...ါးဘရိတ်အုပ်လိုက်ရသည်။

ဒါတောင် ဉာဏ် ကသာ ဆုတ်မရှောင်လိုက်လျှင် သူသာ အချိန်မီဘရိတ်မအုပ်လိုက်လျှင် ...၊

"ဉာဏ် .."

သူ ကားထဲက ခုန်ချဆင်းကာ ကားရှေ့ကို ဘယ်လိုပုံစံရောက်သွားခဲ့မှန်းမသိ ...၊

"ဉာဏ် .. မင်း ဘာဖြစ်သွားလဲ .."

"တိုက်မိတော့မလို့လေ .. ရှင် ကန်းနေလား .."

ဉာဏ် က ကားရှေ့မှာ ဖင်ထိုင်လေးလဲနေကာ တုတ်က တခြားမှာ...၊

"ဟား .. တော်သေးတာပေါ့ကွာ .. ရန်တွေ့နိုင်သေးလို့ .."

"ဘာ .."

"အသံထွက်လာတယ်ဆိုတော့ မင်း မသေနိုင်ဘူးဆိုတာ သိရတာပေါ့၊ ကားပေါ့ကင်သွင်းနေတာမြင်ရက်နဲ့ မင်းက ဘာဖြစ်လို့ ဒီလောက် ...ပ်လာတာလဲ .."

"အံမာ .. ကားတိုက်ခံချင်လွန်းလို့ ကပ်လာတယ်များ ပြောချင်သေးလို့လား .."

"မဟုတ်ဘူးလေ .. ပါကင်သွင်းနေတဲ့လူကို မင်းက ကန်းနေလား မေးဘာကိုး၊ ပါကင်ထိုးရင် အာရုံက နောက်မှာပဲရှိနေတာ မင်းမသိဘူးလား.."

"တောက် .."

ဒေါသဖြစ်ရလွန်းသဖြင့် လက်သီးဆုပ်နှင့် ကျောက်...ြားတွေပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထုပစ်မိကာ ...၊

"ရှင့်ကိုယ်ရှင် ဘာမှတ်နေသလဲ ပြဒါး၊ ရှင့်မျက်လုံးကြီးတွေ ရှေ့ပဲရောက်ရောက် နောက်ပဲရောက်ရောက် အခု ဘေးက ကားတွေကို ထိကုန်ပြီမို့လား၊ ကားပေါ်ထိုင်ပြီး စတီယာရင်ပေါ် လက်တင်တတ်တိုင်း ကားမောင်းတတ်ပြီမမှတ်နဲ့ ..."

"ဘယ်သူက မှတ်နေလို့လဲ .."

"မမှတ်ဘဲနဲ့ ဒီလောက် ကားနှစ်စီးကြားက ကျပ်ကျပ်လေးမှာ ပါကင်ထိုးနေရလား .."

"ကျပ်ကျပ်လေးမှာ ထိုးတတ်မှ နေရာတကာ ထိုးလို့ရမှာပေါ့ကွ မြို့ထဲမှာ ပါကင်မကျွမ်းတဲ့လူတွေအတွက် သီးသန့်ပေးထားတဲ့နေရာရှိသလား .."

"ပြဒါး .."

"နားထောင်နေတယ် ... ပြော .."

"ရှင့်ကို နားထောင်ပေးဖို့ ပြောနေတာမဟုတ်ဘူး .."

"ဘယ်သိမလဲ .. လူအနားမှာရှိနေသားနဲ့ ဘာဖြစ်လို့ အာခေါင်ခြစ်အော်နေလဲ .."

"ရှင် ကျွန်မအိမ်မှာလာပြီး သူများစီးပွားရေးကို တုတ်နဲ့ထိုးနေတာ–"

"ထိုးထိုး မထိုးထိုး မင်း အမြင်မတော်တာရော ရှိလို့လား .."

"ရှင် အမြင်တော်အောင်နေလေ .. အခု ကားပျက်စီးတယ်၊ လူလည်း ကံကောင်းလို့ .."

"ကံကောင်းလို့ သီသီလေးလွဲသွားတာမဟုတ်ဘူး၊ မင်းကို တတ်ကြိတ်ဖို့ အဝေးကြီးလိုသေးတယ် .."

ပြောပြီး သူမဘေးမှာ ကုန်းကုန်းကွကွငုံ့လိုက်ကာ ...၊

"ကဲ .. ထ .."

"မလိုဘူး .. အဝေးကို သွားခေါ်ပေး .."

"မခေါ်ပေးနိုင်ဘူး .. မိုးတွေသည်းနေတယ် .."



"ဘာ ..."

မိုးသည်းနေတာသိပေမယ့် ဒီလိုပြန်ပြောရလား ...၊

"မင်းကို ကားပေါ်တင်ပြီး ပေါ်တီကိုအောက်မှာ ကားပြန်ထိုးရမှာ–"

"အဲ့ဒါ အစတည်းက ကားကို ပေါ်တီကိုအောက်မှာထိုးလိုက်ရင် မပြီးဘူးလား၊ သူ့ဟာသူ ကိုထွန်းဝင်း သိမ်းမှာပေါ့ .."

"ဒါပဲ ပြန်ပြန်ရစ်နေတယ်ကွာ .. ကျွတ် .."

ထူမလို တွဲမလို ငုံ့နေရာကနေ မတ်မတ်ပြန်ဖြစ်သွားပြီး ခါးနှစ်ဖက်ထောက်၏။ ပြီးတော့ စိတ်မရှည်တော့သည့်မျက်နှာနှင့် ...၊

"ငါက ကိုဒေါင်ထဲထိ ကားလာသိမ်းပေးတာမဟုတ်ဘူး၊ ပါကင်ကျင့်နေတာ .."

သူ ဒီတိုင်းပြောပြီးသားကို ထပ်ပြောလာအောင် စကားစထွင်လိုက်မိတာ ကိုယ့်အမှား ...၊

"ဝါးတိုင်နှစ်လုံးထောင်ပြီး ကျင့်နေလို့ မြို့လယ်ခေါင်သွားလို့မရဘူး၊ တကယ့်ကားနဲ့ တကယ်ထိုးရတာ .."

"ဩော် .. ဩော် .."

"ဩော်မနေနဲ့ .. အောက်ကကျောက်ပြားတွေက ရေတွေနဲ့ ထမှာလား မထဘူးလား .."

"မထဘူး .."

"ပြီးတာပဲ .."

ဒီတိုင်းထားပြီး လှည့်ထွက်လာခဲ့သည်။ ကားတွေကလည်း ဒီတိုင်းတိုးလိုးတစ်လစ်ကျန်ခဲ့လျက် သူမက ကားရှေ့မှာလဲကျသွားခဲ့သည့်အတိုင်း ...၊

"အဒေါ်ရေ .. ဒေါ်ငွမ်း .."

"ဟေ ..."

"ဘယ်သူထူးလိုက်တာလဲ .. တစ်ယောက်ယောက် ခဏလောက်.."

"အေး .. လာပြီ .. လာပြီ .."

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်ထဲက ထွက်လာတော့ ဒေါ်ဝွမ်း ...၊

"ကားဂိုဒေါင်မှာ ညဏ်နဲ့ ကို သွားခေါ်လိုက်ပါဦး .."

"ဟင်!..."

ဒေါ်ဝွမ်း လက်နှီးစုပ်ကိုင်လျက် ရှာနေသည့်မိုးသံကို နားစွင့်လိုက်ပြီး မျက်လုံးပြူး၏။

"ညဏ်လေး က ကားဂိုဒေါင်မှာ .."

"ဟုတ်တယ် .."

"ဟယ် .. ကားပေါ်ကများ တွဲချလာခဲ့ပါတော့လား ပြဒါး ရယ်၊ ဂိုဒေါင်မှာ အကာအရံလည်းရှိတာမဟုတ်ဘူး၊ ဘယ်က ပြန်လာကြတာလဲ.."

အဖြစ်သနစ်ကိုမသိဘဲ အပြင်ကပြန်လာပြီး သူမကို ကားထဲမှာ ဒီတိုင်းထားခဲ့တယ်လို့ပဲ ထင်ပုံပေါ်၏။

ရှည်ရှည်ဝေးဝေး ရှင်းပြရတာတွေကို စိတ်ပျက်စွာ ခေါင်းကုတ်မိ၏။ ပြီးတော့ ...၊

"ဘယ်ကမှ ပြန်လာတာမဟုတ်ဘူး၊ ကျွန်တော် ပါကင်ထိုးဖို့လုပ်နေတုန်း သူ ရောက်လာလို့ တိုက်မိမလိုဖြစ်ပြီး လဲသွားတာ .."

"ဘုရား .."

"ထူပေးမယ်ဆိုတာ မထူနဲ့တဲ့၊ အဲဒါ သွားခေါ်လိုက်ဦး .."

"ဘုရား .. ဘုရား .. ဒါဆို သမီးက ကျောက်ပြားတွေပေါ်မှာပေါ့.."

ပြောရင်း ပြေးထွက်သွားသဖြင့် ပခုံးတွန့်လိုက်မိသည်။

ရှားတယ် .. ဒီလိုမိန်းမမျိုး ...၊

မင်းဘာသာ သေလောက်အောင်ချစ် သူရာ၊ ငါမြင်တာတော့ ချစ်ချင်စရာတစ်ကွက်မှ မရှိဘူး ...၊

❤



## အခန်း (၁၉)

"မင်းဘာတွေလုပ်နေတာလဲ သူရာ .."

"မင်းကရော ဘာတွေလုပ်နေတာလဲ .."

"ဘာတွေလုပ်နေတာမြင်လို့လဲ .."

"ကျွတ် .."

သူရာ စိတ်ပျက်စွာ ကျွတ်ခနဲဖြစ်သွားသည်။ ခုချိန်မှာ သူ စီစဉ်ပေးသမျှကိုသာ အလုပ်ဖြစ်စေ၊ နေထိုင်သွားလာရေးဖြစ်စေ တိုင်ပင်နှာခံရမှာမဟုတ်ဘူးလား ...၊

ခုတော့ ပြဒါး ကို သူ တစ်ခုခုလုပ်စေချင်ပြီဆို အာပေါက်မတတ်စည်းရုံးနေရသည်။ ဒီကြားထဲမှာ လုပ်ချင်တာလုပ်နေတာတွေကို တားမရဆီးမရဖြစ်တာက တစ်မျိုး ...၊

"သမားတော်ကြီး ဒေါက်တာဦးတင့်ထွန်း ဆီ မင်း သွားလာဆက်သွယ်နေတာတွေ ငါသိတယ် .."

"သိတော့ .."

"ဘာဖြစ်လို့ အပိုတွေလုပ်နေတာလဲကွ .."

"အပိုမဟုတ်ဘူး .. လိုအပ်လို့လုပ်နေတာ .."

"ဘာလိုအပ်တာလဲ .. ငါ့ရောဂါအကြောင်း မင်းဟာ ငါ့ထက်ပိုသိ

www.burmeseclassic.com

www.burmeseclassic.com



နေသလား ..''

"သိချင်လည်း သိမှာပေါ့၊ မင်းက ကာယကံရှင်၊ ကိုယ့်ကိုယ်ကိုယ် ထက် ဘေးလူက ပိုသိတာတွေ မရှိတတ်လို့လား ..''

"ဟား .. အခု ငါခံစားနေရတဲ့ရောဂါလေ၊ ဒီမှာ ပြဒါး .. ငါ့ရောဂါ မရဘူးတော့ဘူးဆိုတာ ငါ ခံစားနေရတာတွေ ငါပဲသိတယ်၊ ငါ ကျား ကုပ်ကျားခဲ ရယူနေရတဲ့အချိန်တွေကို မင်း အလကားဖြုန်းတီးမပစ်ပါ နဲ့ .. မင်း နည်းနည်းလောက် ငါ့ကို သံယောဇဉ်ရှိရင် ငါအသေဖြောင့် အောင် ..''

"သံယောဇဉ် အကြင်နာတွေနဲ့ နွံ့မနေစမ်းပါနဲ့၊ မင်းကို ဖြောင့် ဖြောင့်ရော ကောက်ကောက်ရော ဘယ်လိုသေနည်းနဲ့မှ မသေစေချင် လို့ ..''

ပြဒါး အသံက မာကျောနေပေမယ့် ညှို့နက်နေပြီမို့ အံကြိတ်ထား သလို ခပ်အုပ်အုပ်ဖြစ်နေကာ ..၊

"လူဆိုတာ ရုန်းကန်ရင်ဆိုင်နေရတဲ့အမျိုး၊ မသေခင်နောက်ဆုံး အချိန်ထိ ကိုယ့်အတွက် လွတ်ရာလွတ်ကြောင်းကြိုးစားနေရမှာပဲ၊ လောကီ ချမ်းသာတွေ ရနေရင်လည်း သံသရာအကျိုးအတွက် ကြိုးစားရုန်းကန် နေကြရတယ်၊ အဲ့ဒါလူပဲ မင်းကို မနက်ဖြန်သေတော့မှာပဲ ပြောလည်း မင်း အားလျော့နေဖို့မလိုဘူး ..''

သူရာ ဘာမှမပြောဘဲ မျက်နှာလွှဲသွားသည်။ ဝရန်တာကနေ လှမ်း မြင်နေရသည့် လပြည့်ကျော်ကောင်းကင်ပြင်သည် တိမ်ညိုပါးတို့ တရိပ် ရိပ် ပြေးနေသဖြင့် မသာတစ်ဝက် သာတစ်ဝက်နှင့် လမင်း၏ အလင်း ရောင်ကလည်း မငြိမ်မသက်မလှမပ ..''

ကောင်းကင်ကို ငေး၍ သူရာ ခပ်ဖိဖိအံကြိတ်ရင်း ..၊

"ငါ့ဘဝကလည်း ဟောဒီ ပေရယ်တစ်ညရဲ့ ကောင်းကင်ပြင်ကြီး လိုပဲ၊ ပြည့်ပြည့်ဝဝသာခွင့်ရနိုင်တဲ့အချိန်မှာ ရာသီမမှန်တဲ့ မိုးရိပ်တွေ



ကြောင့် အမှောင်ဖုံးနေခဲ့ရတယ်၊ တကယ်လို့ ဆယ့်နှစ်ရာသီလုံး မိုးရိပ် တွေ လွှမ်းနေခဲ့ရင်တော့ ကမ္ဘာမြေရဲ့ အလှအပတွေကို ခေါင်းတောင် ပြူကြည့်ခွင့်ရမှာမဟုတ်တော့ဘူး ..''

"ကဗျာဆန်ချင်ရင်လည်း သာသာယာယာလေးလုပ်စမ်းပါကွာ.. ကျက်သရေမရှိလိုက်တာ ..''

"မင်းက ငါ့ဆီက သာယာနာပျော်ဖွယ်တွေ ကြားချင်သေးတာ လား ..''

"သာယာတာဖြစ်ဖြစ် မသာယာတာဖြစ်ဖြစ် ကဗျာတွေကို ငါ စိတ်မဝင်စားဘူး၊ အခု ငါလိုအပ်နေတာ မင်းရဲ့ မက်ဒီကယ်လ်ချက်ခ် အပ်(ဝ်) ..''

"ဟွန်း ..''

"ဘာတွေဖြစ်နေနေ ဘယ်ဆရာဝန်ဘာပြောပြော ငါကတော့ အားမလျော့နိုင်ဘူး၊ ဘယ်နိုင်ငံသွားရသွားရကွာ .. မင်းမှာ အခွင့်အရေး တွေရှိသေးတယ် သူရာ၊ ခေါက်ခနဲကျသွားရင် သေပြီ မသေသေးဘူးဆို ရင် ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေလည်း ကုစရာဆေးရှာရမှာပဲ ..''

"အခု မင်းလုပ်ရမှာ ငါ့ရောဂါကို ကုစရာရှာဖို့မဟုတ်ဘူး၊ စင်ကာပူ ကို ငါနဲ့လိုက်ခဲ့ပြီး ..''

ပြောနေရင်း နှာခေါင်းကို လက်ဖဝါးတစ်ဖက်နဲ့ အုပ်လိုက်သဖြင့် ပြဒါး လှည့်ကြည့်သည်။

"ဘာဖြစ်တာလဲ ..''

"မင်း ငါပြောသလိုပဲ လုပ်သင့်တာကို အချက်ပြနေတာ ..''

မကြည့်ဘဲပြောရင်း အိတ်ထဲက တစ်ရှူးထုတ်၍ နှာခေါင်းကို သုတ်နေ၏။ ပြဒါး ဝရန်တာတန်းမှာ လက်နှစ်ဖက်တင်ရင်း ရှေ့တူရူ ကို ငေးနေလိုက်သည်။

သူရာ့ အခြေအနေ မကောင်းဘူးဆိုတာ သူရာ ကုနေတဲ့ ဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာခွန်စိုင်း ပြောပြလို့ သိပြီးပါပြီ။ ဒါပေမယ့် သူ ဒီတိုင်း ဘယ်လိုမှ ကြည့်မနေနိုင်ပေ ..။

ကိုယ်လည်း ဒီခေတ်ထဲက လူငယ်တစ်ယောက်ပေမယ့် ဆရာဝန်ဟောကိန်းထုတ်ထားသည့်အတိုင်း သေမည့်ရက်ကို ငုတ်တုတ်ထိုင်စောင့်ရင်း အရာရာကို စိတ်ဒုံးဒုံးချ အရှုံးပေးနေတာကို လက်မခံနိုင် ..။

ထို့ကြောင့် သူရာ့ အခြေအနေကို သူသိနေသလောက်စုဆောင်းပြီး သောက်နေသည့် ဆေးတွေကိုပြ၍ သမားတော်ကြီးတွေနဲ့ ဆွေးနွေးကြည့်ခဲ့တာဖြစ်သည်။

ပြောပြတာကို နားထောင်ရုံနဲ့ အခြေအနေမကောင်းတာတွေကိုပဲ သမားတော်တွေက တွက်ချက်ပြီးဟောကိန်းထုတ်သည်။

သူ ကမ်ပလိန့်(ထ်)တက်လွန်းသဖြင့်သာ သူရာ ရဲ့ မက်ဒီကယ်လ်ချက်အပ်(ပ်)ကို ယူလာပြဖို့ ပြောခဲ့ခြင်းဖြစ်၏။ ဒါတွေကို သူရာ ကလည်း သိနေကာ ..၊

"ပြဒါး .."

တစ်ရှူးစတွေကို အမှိုက်ပုံးထဲ သေချာသွားထည့်ပြီးမှ ဘေးမှာလာရပ်၍ ..၊

"မင်း ငါ လုပ်စေချင်တာကို ဘာဖြစ်လို့ မလုပ်ချင်တာမှန်း ငါသိတယ် .."

ပြဒါး က လှည့်မကြည့်ဘဲ တစ်ချက်မဲ့၍ ..၊

"သိရင် ပြီးတာပဲ .."

"နောက်ထပ် သိတာရှိသေးတယ်၊ ငါ့ရောဂါအခြေအနေကို မင်းနည်းနည်းဖြစ်ဖြစ် လက်ခံနေတယ် ဟုတ်တယ်မို့လား .."

"ရောဂါတကယ်ရှိနေတာတော့ ငါ မြင်နေတာပဲလေ .."

"မဟုတ်ဘူး .. ငါ့ကို မင်း သံယောဇဉ်ရှိတာ ငါလက်ခံတယ်၊ ငါတို့ချင်း အဲ့ဒီလိုချည်နှောင်ခဲ့ကြတာမို့လို့လည်း ငါ မင်းကိုပဲရွေးချယ်တာ၊ ဒါပေမယ့် တကယ်တမ်းက ညဏ့် ကို မင်း တာဝန်မယူချင်နေတာပဲ၊ ငါ့ကို စိုးရိမ်တာကတစ်ဖက်၊ ငါမရှိတော့ရင် သူ့ကို တာဝန်ယူချင်တာဟ တစ်ဖက် .."

"နည်းနည်းတော့ လွဲနေတယ်ကွ .."

"ဘာလဲ ."

"မင်းထင်နေသလို မင်းနဲ့သူ့ကို တစ်ဖက်တစ်ချက်စီထားပြီး စိုးရိမ်နေတာမဟုတ်ဘူး၊ မင်း ကိုယ့်ဘဝတစ်ခုလုံးကို ဒီရောဂါတစ်ခုလုံးပေါ် ပုံအပ်စိတ်ပျက်နေတာကို အားမရလို့၊ နောက်တစ်ခုက မင်း မျှော်င့်သလို မင်း မရှိတော့တဲ့အခါ သူ့အတွက် ငါ ဖြစ်လာမှာမဟုတ်လို့၊ ဒီနှစ်ရပ်စလုံးက မင်းနဲ့ပဲ သက်ဆိုင်တာ .."

တစ်ယောက်မျက်နှာတစ်ယောက် ငဲ့ကြည့်မိကြပေမယ့် အလင်းရောင်က မျက်နှာတစ်ခြမ်းစီမှာပဲ ဖြာကျနေကာ တစ်ဖက်ခြမ်းမှာတော့ မှိန်ညှိုဖုံးနေသည့် လရောင်ကြောင့် မှုန်ပျပျ ..။

"ဒါတွေပဲ ထပ်တလဲလဲပြောနေရတာက မင်း ကျေနပ်ပါတယ်ပြောနေတိုင်း အခွင့်အရေးယူနေတာမဟုတ်ဘူး၊ မင့်မိန်းမနဲ့ ငါ ဘယ်လိုအခြေအနေရှိနေသလဲ မင်း သိလား .."

"သိတယ် .."

"မသိတာတွေလည်း ရှိနိုင်သေးတယ် သူရာ၊ အဲဒါတွေက မင်းတို့ဘာဖြစ်ကြသလဲဆိုတာပဲသိတာ၊ ဘယ်လောက်ပြင်းထန်ခဲ့ကြသလဲဆိုတာ မသိဘူး .."

"သိသိ မသိသိ ငါလိုချင်တာက မင်းတို့နှစ်ယောက် ချစ်ခင်ရင်းနှီးကြဖို့မဟုတ်ဘူး .."

သူရာ ကလည်း ဒါဆိုမှဒါ နည်းနည်းလေးမှ မလျှော့ ..၊

"သူ့ကို ငါ မင်းလက်ထဲထည့်ခဲ့မှာ .."

"မဖြစ်နိုင်ဘူး .."

www.burmeseclassic.com



"ဖြစ်လာတာမလာတာကို ငါ သေသွားမှ အဖြေထုတ်စမ်းပါ .."

"သူရာ .."

"သူက မသိလည်း မင်းသိနေတယ် ပြဒါး၊ ငါ ဘာဖြစ်စေချင်တယ်၊ ဘယ်လောက်ထိ မျှော်လင့်ပြီး ဘယ်လောက်ကြိုးစားခဲ့သလဲ မင်းသိနေပြီ၊ ပထမ ငါလိုချင်တာ အဲဒါ သူ ဘယ်လောက်တင်းမာနေနေ မင်း သူ့ကို .."

"တော်တော့ သူရာ .. ငါ .."

ပြဒါး ရဲ့ လေသံက ဟိုတုန်းကလို ပေါ့ပျက်ပျက်မဟုတ်တော့သော်ငြား ဒါပေမယ့် ငြင်းဆန်မှုက ပို၍ပီပြင်လာခဲ့လျက် ..၊

"မင်း ကိုယ့်ရောဂါကို တတ်နိုင်သမျှ ပျောက်ကင်းဖို့ကြိုးစား ငါက မင်းရဲ့ စည်းစိမ်တွေကို သုံးဖြုန်းပြီး မင်းမိန်းမ အချိုးမပြေတာင် ခေါင်းငုံ့သည်းခံနေမယ့်ကောင် မဟုတ်ဘူး၊ လူလိမ်ဖြစ်ဖြစ် ငတွမ် ဖြစ်သွားသွား မင်း ရောသွားရင် ငါလည်းလစ်ပြီ .."

"လုပ်စမ်းပါ .. မင်း ကြိုက်သလိုလုပ်သွား .. ငါခု ပြောနေပြီ မင်း ပြောတဲ့ စကားတွေက သမုဒ္ဒရာတွေ ခမ်းခြောက်သွားလိမ့်မယ်လို့ ဟောကိန်းထုတ်နေသလိုပဲ .."

"ဒါပေမယ့် လောကမှာ မဖြစ်နိုင်တာ မရှိဘူးမို့လား .."

"ဒါကြောင့် ငါပြောနေတာတွေကလည်း မဖြစ်နိုင်တာတွေမဟုတ်ဘူးဆိုတာ ထည့်တွေးစမ်းပါ၊ ရင်ထဲမှာ တကယ်ကြံစည်ထားပြီဆိုရင် အဲဒီလူက သူ့အကြံကို ဘယ်တော့မှ ထုတ်မပြောဘူး၊ လုပ်ကိုလုပ်မှာ တဖွဖွကြိမ်းဝါးနေရင်လည်း အဲ့ဒီလို သူ တကယ်လုပ်မှာမဟုတ်ဘူး .."

"ဟား .. ဟား .. ဟား .."

သူ့စကားကို ဟားတိုက်ရယ်ပစ်လိုက်ရပေမယ့် ရင်ထဲမှာ နာကျင်သွားခဲ့၏။ ငါ ဘာလုပ်မယ်ဆိုတာ ကြံစည်ဆုံးဖြတ်ထားပြီးသား မဟုတ်သော်လည်း စောင်းလက်ခတ်ဉာဏ် ဆိုသည့် မိန်းမနဲ့ သူ ဘယ်နည်းနဲ့ ဖြစ်နိုင်မှန်းသိနေသည်။



အနာဂတ်ကို စိတ်မဝင်စားပေမယ့် ပစ္စုပ္ပန်မှာတော့ သူ့ ဆုံးဖြတ်ချက်က ခိုင်မာနေဆဲပင် ..။

"နောက်တစ်ခု ငါယင်တာရှိသေးတယ် .."

သူရာ ကလဲ သူ့စကားကို ပြန်ဆက်ကာ ..၊

"ဉာဏ့်ကို မင်း စိတ်မှာ မသိုးမသန့်ဖြစ်နေတာဆိုရင်တော့ ငါ မင်းကို ဘယ်လိုကျိန်တွယ်ပြ .."

"လျှောက်ပြောမနေနဲ့ သူရာ၊ ငါ မင့်မိန်းမကို အဲဒီလောက်ထိ မင်းထဲမထည့်သေးဘူး၊ သူ ဘယ်လိုမိန်းမဖြစ်ဖြစ် ကလေးတစ်ဒါဇင်လောက်ပဲရှိနေနေ .. အဲ့ဒါတွေက ငါ ဆုံးဖြတ်ရမယ့်အပိုင်းနဲ့ မဆိုင်ဘူး၊ ဒါနဲ့ ငါ ဘယ်လိုမှ သင့်မြတ်ဖို့မရှိနိုင်တဲ့ ပုံစံနဲ့ တွေ့ခဲ့ကြတယ် .."

"အဲ့ဒါက မဆိုင်ပါဘူး .."

"ဘာလို့မဆိုင်ရမှာလဲ .. ဒီနေ့ထိ အိမ်က ကားပေါ်ကင်မှာ သေလောက်တဲ့ အဖြစ်တွေနဲ့ ပဋိပက္ခဖြစ်နေရတုန်း .."

ပြဒါး က တင်းကျပ်လာသည့်စိတ်ကို ပြေရာပြေကြောင်း ရှာရင်း ဆေးလိပ်သက်ရှိုက်၍ သက်ပြင်းချလိုက်၏။

"မင်း ခုနကပဲ သူ့ကို ဆေးဝင်တိုက်ခဲ့သေးတယ်မို့လား .."

ဉာဏ် အိမ်ထဲပြန်ရောက်လာတည်းက နှာစေးချောင်းဆိုးဖြစ်နေတာ မိုးချုပ်သည်နှင့် ကိုယ်ပူတွေတက်လာခဲ့သည်။

အကြီးအကျယ်မဟုတ်ဘူးဆိုပေမယ့် ဖျားခဲ့ရတာက သူ့ကြောင့် မဟုတ်ဘူးလား ..။

"ကားသုံးစီး အပျက်အစီးဖြစ်ရတဲ့အတွက် မနက်ဖြန် ၁၉ နေကောင်းရင်နဲ့ အဲ့ဒါကို တစ်ကပြန်စမှာ၊ ပြောချင်တာက မငြိမ်းနိုင်တဲ့ ရန်ငြိုး တွေ ရှိနေဦးမှာဆိုတာပဲ၊ အဲဒီလောက်ဖြစ်နေတဲ့ မိန်းမတစ်ယောက်က မသိနေသလို သူ သိသွားခဲ့ရင်ဘာတွေဖြစ်လာမယ် မင်းထင်လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးက မင်းရဲ့ စိတ်ပေါ်မှာ မူတည်တယ်လို့ပဲ ငါပြော
တယ်၊ သိမ်းပိုက်နိုင်စွမ်းဆိုတာ ယောကျ်ားတွေမှာပဲရှိတဲ့အရည်အချ
ဒီအခွင့်အရေးမျိုးကို ယောကျ်ားပဲရကြတာ .."

"တိုင်းပြည်တစ်ပြည်ကို သိမ်းပိုက်တာနဲ့ မိန်းမတစ်ယော
သိမ်းပိုက်တာ အတူတူပဲလို့ မင်းထင်နေတဲ့ပုံပဲ၊ အဲဒီမိန်းမက စောင်း
ခတ်ဉာဏ် ဖြစ်နေတာ အဆိုးဆုံးပဲ .."

ပြောရင်း ပြုံးလိုက်မိကာ ..၊

"ခင်းနဲ့ငါ ပြောဖြစ်ရင် ဒီအကြောင်းတွေချည်းပဲဖြစ်နေတာလ
စိတ်ပျက်ဖို့ကောင်းနေပြီ .. ငါ အိပ်တော့မယ် .."

"ပြဒါး .."

သူ ကျောခိုင်းပြီးမှ ခြေလှမ်းတုံ့သွားသည်။ သူရာ က သူ့ကျေ
ကို မျက်နှာမူလိုက်သည့်လေသံနှင့် ..၊

"မင်းဘက်က ဂရုမစိုက်တာတွေ နည်းနည်းလောက် လျှော့
ဖို့ ငါတောင်းဆိုတယ်ကွာ .."

"ဘယ်သူ့ကိုလဲ .."

"ဉာဏ်လေး .."

ပြဒါး က သူ့ကို ပြန်ငဲ့ကြည့်သည်။ သို့သော် မျက်တောင်မ
မေးစင်းသွားပြီးမှ ရှေ့ပြန်လှည့်လိုက်ကာ ..၊

"ချိတ်မိပြီဆိုရင်တော့ ခံဆောင်နေတဲ့အရာက ပျော့ပျော့
နှစ်ဖက်စလုံးက တင်းမှာပဲ၊ မင်း သိထားဖို့က မိန်းမတစ်ယော
လက်တို့ရန်စနေရလောက်အောင် ငါက ဂေါက်နေတာမဟုတ်ဘူး

"သူကတော့ကွာ ..."

"သူဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ် ငါ့ဘက်က ဆက်ဆံရေးကအ
ပဲ၊ ပြိုင်ပြီဆို နိုင်ရမှ နှလုံးအေးတာ .."

"ချွေးကောင် .."



ဆဲသံထွက်လာတော့ ပြဒါး အသံတိတ်ရယ်မိကာ အထဲပြန်ဝင်လာ
ည်။ သူ ဘာပြောနေနေ သူရာ့ ရဲ့ မျှော်လင့်ချက်တွေ ပြေပျောက်
းသွားမှာမဟုတ်မှန်းတော့သိနေပါ၏။

ဒီလိုမျှော်လင့်ချက်တွေ သူ့ရဲ့ ရင်ထဲဘက်က အစပြုပြီး ဘယ်လို
ရောက်လာကြသလဲဆိုတာ သူကိုယ်တိုင်တောင် နားမလည်နိုင်အောင်
နေမိ၏။

ကိုယ့်လိုက်လာခဲ့တုန်းက ဒေါ်သက်ပိုင် အိမ်က နားပူကျောပူ
တွေ သက်သာဖို့လည်း ပါသည်။ ဒီကိစ္စ ဒီလောက်ထိ အခိုင်အမာ
ည်ဆောက်ဖို့ရှိနေမည်ဆိုတာလည်း မတွေးမိ ...။

ခုတော့ ကြာလေလေ ပိုခက်လေ၊ နာနာလှုပ်လေ များများမြှုပ်လေ...။

"ငါ့အခြေအနေ ပိုပိုဆိုးလာတယ် ပြဒါး .."

"မျက်လုံးတွေ ပြာပြာသွားတဲ့အချိန်က ပိုကြာလာတယ် .." တဲ့...။

သူရာ့ အခြေအနေကို ကြားနေရတာက ကိုယ့်အနာဂတ်အတွက်
င်းလောင်းတီးနေတဲ့အတိုင်း ..၊

အိပ်ခန်းထဲ ရောက်လာတော့လည်း အိပ်ရာမဝင်ဖြစ်ဘဲ ဒရင်းမ်ဘတ်
မှာပဲ ထိုင်လိုက်မိသည်။ ပြီးတော့ လက်တစ်ကမ်းမှာ တင်ထားသည့်
ရက်နဲ့ မီးခြစ်ကိုလှမ်းယူပြီး မီးညှိ၏။

သူ့ဘဝမှာ ပထမဆုံး အိပ်ပျက်ညကို ကြုံရခြင်းဟာ အိစက်ညက်ညော
အပြာရောင် မွေ့ရာကြီးပေါ်မှာ၊ လေအေးစက်က တစိမ့်စိမ့်အေးမြ
တို ဆောင်ကြဉ်း၍ ..၊

❤

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၀)

သူ အိမ်ရှေ့မှာ ကားရပ်လိုက်ပြီးမှ ပြဒါး ဆီက ဖုန်းဝင်လာ
"ပြော .. ဟော့ကောင် .."
"မင်း .. အက်ဆီးဒန့်ဖြစ်လို့ဆို .. အခု ဘယ်မှာလဲ .."
"သတင်းကလည်း မြန်လှချေလား .."
နဖူးက ဒဏ်ရာကို လက်နဲ့ပြန်စမ်းမိပြီး ပြုံးလိုက်မိသည်။
"ဘာမှမဖြစ်ဘူး .. အခု အိမ်ပြန်ရောက်နေပြီ .."
"မင်းကို ဘယ်သွားသွား ဒရိုင်ဘာနဲ့သွားပါလို့ ငါပြောထား
နဲ့ သူရာ၊ မင့်မိန်းမက ကျိုးနေပေမယ့် ကားမောင်းနိုင်နေပြီ၊ မင်း
ဒုက္ခရောက်မှာ .."
"ပူမနေစမ်းပါနဲ့ ပြဒါး ရာ၊ ဒီလိုဒုက္ခတွေလာလို့ကတော့
ပြုံးပြုံးကြီး ခေါင်းထိုးပေးလိုက်မှာ၊ ဘာထူးမှာမို့လို့လဲ .. နောက်ကျ
နဲ့ စောတာပဲကွာတာ .."
သူ မျက်လုံးတွေ ခဏခဏ ပြာမည်းသွားတတ်သည်မို့ ဒရိုင်ဘာ
သွားဖို့ ပြဒါး က ပြောခဲ့သည်။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ်ဆော
စိတ်တိုင်းမကျရသည့်ထဲမှာ ဒရိုင်ဘာမောင်းတဲ့ကားကို ထိုင်စီးဖို့
သိပ်မလွယ် ..။



ထို့ပြင် ဒရိုင်ဘာတွေက မမြဲတော့ လူသစ်တွေ ပေါင်းသင်းရတာ
သည်။ ညဏ့် အတွက် ထားပေးရသည့် ဒရိုင်ဘာကိုသာ စိတ်ချ
ည့်လူဖြစ်ဖို့ ဦးစားပေးလိုက်ရခြင်းမှာ သူ့အတွက် မစဉ်းစားခဲ့ခြင်း
သည်။
"ငါက ဒရိုင်ဘာ မောင်းတဲ့ကားကို စီးကျင့်သိပ်မရှိဘူးကွ၊ ဘာမှ
ပါဘူးကွာ .. မင်း ငါပြောတဲ့ အာမခံကုမ္ပဏီနဲ့ကိစ္စ သွားလိုက်သေး
.."
"ခုပဲ ပြန်လာတာ .."
"အဆင်ပြေလား .."
"မင်း အဆင်ပြေလားမေးတာ ငါ ပြန်မေးမနေပါနဲ့ .. ဒါပဲ .."
ပြဒါး က ဖုန်းချသွား၏။ သူ သက်ပြင်းချလိုက်ရင်း ဘေးမှာ
သည့် စာရွက်လိပ်ကြီးကို ကောက်ယူကာ ကားပေါ်က ဆင်းလိုက်
သည်။
နာရီကြည့်လိုက်တော့ နေ့လယ်နှစ်နာရီခွဲ ..။
"ဟော .. လူလေး ဒီအချိန်ကြီး ပြန်လာတယ် .."
သူ့ကို မြင်လိုက်တော့ ဒေါ်စီစီ က တအံ့တဩ ..။
"သမီးက နေကောင်းသွားပါပြီ၊ နေ့လယ်စာ နို့တစ်ခွက်နဲ့ မုန့်တစ်
စားပြီး ဆေးသောက်အိပ်နေတယ် .."
ညဏ့် က နေ့လယ်နှစ်နာရီပတ်ဝန်းကျင်ဆို နာရီဝက်လောက်
တော့ အိပ်တတ်တာ သူသိသည်။ ဒါကြောင့်လည်း ကွက်တိမှန်း
ပြန်လာခဲ့တာဖြစ်သည်။
ဆေးသောက်အိပ်နေတယ်ဆိုတော့လည်း ပိုအဆင်ပြေတာပေါ့လို့
ဖြစ်ရင်း ..။
"အဒေါ် .. ကျွန်တော် ခဏပြန်လာတာကို မပြောလိုက်နဲ့နော် .."
"ဟင်!..."
"ဒီနေ့က သူ့မွေးနေ့ .."

www.burmeseclassic.com

www.burmeseclassic.com



"အေး .. ဟုတ်တယ် လူလေးရဲ့ မနက်ကတော့ ကြာခံကြော်နဲ့ အအေးလေးလုပ်ပေးပါဆိုပြီး သူ ကိုယ်တိုင် ဆွမ်းတော်ကပ်တယ်၊ မစ္ဆြ တို့တောင် လက်ဆောင်တွေပို့လိုက်သေးတယ်၊ ဒီနေ့လယ်လာမယ် လားပဲ .."

သူရာ ခေါင်းညိတ်လိုက်ပြီး နာရီထပ်ကြည့်ဖြစ်၏။

"အဒေါ် .. ကျွန်တော်ပြောတာ သဘောပေါက်တယ်နော် .."

"အေး .. အေးပါ .."

သဘောမပေါက်ပေမယ့် ဒေါ်စီစီ ခေါင်းညိတ်ပြမိသည်။ တစ်မနက် စာလုံး မွေးနေ့ဆုတောင်းပို့ကြတဲ့ ဖုန်းသံတွေ ခဏခဏကြားနေရသည်။

ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြန်ပြောနေသည့် ဉာဏ့် မျက်နှာ လေးမှာတော့ တကယ့်ပျော်ရွှင်မှုကို ရှာမတွေ့မိပါ။ မွေးနေ့လက်ဆောင် ဒါမှမဟုတ် မွေးနေ့လက်ဆောင်တစ်ခုခုကို ခင်ပွန်းသည်ဆီက လိုချင်မှာ တာဖြစ်နိုင်၏။

ဒါပေမယ့် သူရာ ကတော့ မွေးနေ့အတွက် ရောက်လာပုံရှိပေမယ့် မသိပါစေနဲ့လို့ ဝိတ်ပင်တားမြစ်နေတာ ဘာလဲ ..၊ ဘာသဘောလဲ ထင်ကြပါစေ ..။

သူရာ က နောက်ထပ် ဖြေရှင်းချက် ဘာမှမပေးဘဲ ကိုင်ထားသည့် စက္ကူလိပ်ကြီးကို တစ်နေရာမှာ သေချာသွားသိမ်းလိုက်၏။ ပြီးမှ ဉာဏ် အိပ်ခန်းထဲ ဝင်ခဲ့မိသည်။

အဖြူရောင် ရှပ်အင်္ကျီပွပွလေးနှင့် အပြာနုရောင် ဘောင်းဘီရှည် လေးက အိမ်နေရင်း ဝတ်စုံလေးဖြစ်ပေမယ့် သူမ မျက်နှာလေးက ဝင်း အတိုင်း အရောင်ပြောင်းနေတတ်သဖြင့် ဖြူနုနုချစ်စဖွယ်လေးဖြစ်နေ၏။

နှာတံလေးက သိသာအောင် ကော့ထင်းနေကာ အပေါ်နှုတ်ခမ်း သားလေးတွေကထောင့်ချိုးလေးတွေပေါ်နေသဖြင့် အမှတ်တမဲ့ဆို နှုတ်ခမ်း ထော်သလိုလေးဖြစ်နေသေးသည်။

ဒါကြောင့်များ သူများနဲ့ပြိုင်ဆိုင်ပြောကြပြီဆို နောက်ကျမကျ



အောင် စွာစွာထက်ထက်လေးဖြစ်နေသလားမသိ၊ အိပ်ပျော်နေသည့် သားမှာ ဝင်ထိုင်ဖို့စိတ်ကူးက သူမ နိုးသွားမှာစိုးတာကြောင့် ကြမ်းပြင် ခုံပဲ ခြေဖျားထောက်ထိုင်လိုက်မိ၏။

လက်တစ်ဖက်ကို ခေါင်းအုံးစွန်းအောက်မှာ သွင်းထားပြီး တစ် ဆောင်းလေးအိပ်နေသဖြင့် မျက်နှာလေးကို နီးနီးလေးကပ်ငေးနေခွင့်ရ လိုက်သည်။ ပြီးတော့ ဒီတိုင်းချထားသည့် လက်ဖဝါးလေးတစ်ဖက်ကို သာသာလေးထပ်အုပ်ကိုင်လိုက်မိရင်း ..၊

"လှလိုက်တာ ဉာဏ်လေး ရယ် .."

မြတ်နိုးခြင်းအပြည့်နှင့် တိုးတိတ်စွာ ရေရွတ်မိလေသည်။ သူမကို သူ မက်မောပါ၏။ ပြီးတော့ မြတ်နိုးယုယချင်သည်။ သူမနားမှာ တစ် ဖဝါးမှမခွာဘဲ ဂရုစိုက်စောင့်ရှောက်ချင်၏။

ဒါပေမယ့် သူ့အတွက် သူမဆီက ရင်းနှီးမှုသံယောဇဉ်တွေကို ရယူဖို့ ကြိုးစားခွင့်မရှိတော့ပေ။ ဒါက ကိုယ့်ဘာသာ စည်းခြားသတ်မှတ် လိုက်သည့် ထာဝရအတွက် ပြင်ဆင်ခြင်းပဲဖြစ်သည်။

သူမနဲ့ ရင်းနှီးလို့မဖြစ်တော့ပေ၊ သူ့အပေါ် သူမဘက်က တွယ်တာ သာနိုင်ဖွယ်ရှိသမျှ အပြုအမူတွေ၊ ပေးဆပ်ခြင်းတွေ၊ ပြီးတော့ နားလည် မှု၊ သည်းခံမှုတွေ ဘာဆိုဘာမှ ထုတ်ဖော်ပြသလို့မဖြစ် ..။

သူမဘဝထဲကနေ ကိုယ် အပြီးအပိုင်နှုတ်ဆက်ထွက်ခွာချိန်ရောက် သည့်အခါ လွမ်းကျန်ရစ်မယ့်အဖြစ်မျိုးနှင့် သူမကို ပူလောင်မနေစေချင် ပါ။

မင်းကို ကိုယ် ဒုက္ခပေးခဲ့တာ ဉာဏ်၊ မင်းဘဝကို ပတ်ဝန်းကျင် အလယ်မှာ ညှိုးနွမ်းကျန်ရစ်အောင် ကိုယ်လုပ်ခဲ့တာ။ အဲ့ဒီအတွက် ကိုယ့် ဘက်က ဘာနဲ့မှ ပေးဆပ်တောင်းပန်လို့မရနိုင်မှန်းသိပါတယ်။

ဒါပေမယ့် ကိုယ် မင်းအတွက် အကောင်းဆုံးဖန်တီးပေးချင်ပါ တယ်။ ခုချိန်မှာ မင်းအတွက် ဘယ်လိုမှ အံဝင်ကျနစ်ဖွယ်မဖြစ်နိုင်ရင် တောင် တစ်ချိန်ချိန်မှာတော့ အဆင်ပြေသွားဖို့ ကိုယ် မျှော်လင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နာကျင်မှုသည် သေရမှာကို ကြောက်လန့်ခြင်းထက် ချစ်ရသူကို ခွဲခွာရမည့်သောကကို မခံစားနိုင်ခြင်းက ပိုဆိုးနေခဲ့၏။ ဒီနေ့ သူမရဲ့ မွေးနေ့အတွက် သူ့ဘက်က မသိကျိုးကျွံပြုခြင်းဖြင့် ဥပေက္ခာကို ပြုရလိမ့်မည်။

လက်ဆောင်ဘူးလေးကို အိတ်ထဲကထုတ်၍ စားပွဲပေါ်တင်ထားလိုက်သည်။ ပြီးတော့ သူမ လက်ခုံနုနုလေးကို ပါးနဲ့ကပ်ထားရင်း အတန်ကြာ ငြိမ်သက်နေမိ၏။

ကွယ်ရာကနေ ချောင်းကြည့်ငေးမောရင်း တိတ်ဆိတ်စွာ ကျခဲ့ရသည့် မျက်ရည်စက်တွေနဲ့အတူ ကိုယ် ဘယ်လောက်နာကျင်ခဲ့ရသလဲ ကိုယ်သာသိသည်။

မင်းကတော့ တလွဲတွေတွေးပြီး ကိုယ့်ကိုမုန်းလိုက်ပါ ဉာဏ်..။ မင်း မုန်းလို့ဝတဲ့အခါကျမှ ကိုယ့်အချစ်တွေနဲ့အတူ ကိုယ့်ရဲ့ခန္ဓာစဲပါရစေ..။

အံကြိတ်ထားသည့်ကြားမှ မျက်ရည်စတို့ စိုစိုစွတ်စွတ်ဖြစ်လာခဲ့သည်။ နှာခေါင်းထဲမှာ စပ်ဖျင်းမွန်တက်လာ၏။ သူမ လက်ဖဝါးလေးကို နှုတ်ခမ်းနဲ့ မထိတထိကပ်နမ်း၍ သာသာလေးပြန်ချလိုက်သည်။

ပြီးတော့ နွေးကွေးလေးလံသည့် ခြေလှမ်းတွေနှင့် သူ ပြန်ထွက်လာခဲ့၏။ လှေကားနားရောက်တော့ ဒေါ်စီစီ နဲ့ ပြန်ဆုံမိကာ ...၊

“ဒေါ်ငွမ်း ဘယ်သွားလဲ .. အဒေါ် ..”

“ရှိတယ် သား .. ခေါ်ပေးရမလား ..”

“နေပါစေ .. အဒေါ်ဖြစ်ဖြစ် ဒေါ်ငွမ်း ဖြစ်ဖြစ် တစ်ယောက်အပြင်ထွက်စရာရှိရင် တစ်ယောက်ကို မှာခဲ့တဲ့အကျင့်လုပ်ထားကြပါ၊ အိမ်မှာ အဒေါ်တို့ပဲရှိတာလေ ..”

“အေးပါ သားရယ် ..”

“ဉာဏ် နဲ့ ပြဒါး တို့ ဆုံမိပြီဆို သူတို့အခြေအနေကြည့်ပြီး ဝင်တန်ရင်ဝင်၊ တားတန်ရင်တားဖို့ပေါ့၊ ကားတိုက်မိမလိုဖြစ်တဲ့နေ့က အဒေါ်တို့ လူချင်းချိန်းသွားတဲ့ကြားမှာ ဉာဏ် တစ်ယောက်တည်း ဒုက္ခရောက်



သွားတာ ..”

ဒေါ်စီစီ က ခြံထဲက ပြန်တက်လာပြီးမှ ရုတ်တရက်ကိစ္စတစ်ခုအရေးကြီးပေါ်လာသဖြင့် အပြင်ထွက်သွားရသည်။ ခြံထဲမှာ ဉာဏ် ရှိနေတယ်ဆိုတာ မပြောခဲ့သဖြင့် ဒေါ်ငွမ်း ကလည်းမသိ ..။

ထို့ကြောင့် မိုးရွာလာတော့လည်း ထွက်မကြည့်ဖြစ်သလို ပြဒါးပြန်ရောက်လာပြီး ဘာတွေဆက်လက်ဖြစ်ပွားနေသည်ကိုလည်း ဘာမှမသိလိုက်ကြပေ။

“လူလေးကို အဲဒီနေ့ကအကြောင်း အဒေါ် နည်းနည်းပြောချင်တယ်သိလား၊ အဒေါ့်ကိုလည်း မငွမ်း က ပြန်ပြောပြတာပါ ..”

သူ စကားစလိုက်တာနှင့် ဒေါ်စီစီ က ပြောချင်တာတွေကို ဖွင့်ဟဖို့ကြိုးစား၏။

“ဒီကောင်လေး စိတ်ရင်းကောင်းလေးရှိတာ အဒေါ်တို့သိပါတယ်၊ အမြင်မတော်တာတွေ့ရင် ကူညီတတ်တယ်၊ ခင်ဖို့လည်းကောင်းပါတယ်၊ ဒါပေမယ့် အမိကဆိုးနေတာက သူ ဉာဏ်လေး ကိုတော့ သည်းခံဆက်ဆံဖို့ကောင်းတယ်လေ၊ မိန်းမသားလည်းဖြစ်တယ်၊ ဒီအိမ်ရဲ့ အိမ်ရှင်မမို့လား .. ပြီးတော့ သူ့ခမျာ ကျန်းမာတာလည်းမဟုတ်ဘူးလေ ..”

မရဲတရဲပြောရင်း သူ့ရဲ့ မျက်နှာကိုလည်း အကဲခတ်သေးသည်။ သူ ဘာမှမပြောဘဲ နားထောင်နေတော့မှ ...

“သူက ဉာဏ်လေး ကို စကားနိုင်လုဘက် သူငယ်ချင်းတစ်ယောက်လို သဘောထားနေတဲ့ပုံပဲ၊ ရင်ဆိုင်လိုက်မိတိုင်း သူ့ဘက်က လျှော့သွားတယ်လို့မရှိသေးဘူး၊ တကယ်ဆို သားရဲ့ မျက်နှာလဲရှိတယ်လေ၊ သူက ဒီမှာနေ့သည်မို့လား ..”

“အဲ့ဒါတွေ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော့်အတွက် ဉာဏ်လေး က အရေးကြီးသလို သူကလည်း အလိုအပ်ဆုံးလူပဲ၊ ဉာဏ်လေး နဲ့ သူ့ရဲ့ ဆက်ဆံရေးမှာ အဒေါ်တို့ ကျွန်တော် မှာသလောက်ပဲကြည့်ရှုတည့်မတ်ပေးပါ၊ ကျွန်တာတွေ ဘယ်သူမှန်မှန် ဘယ်သူမှားမှား ..”

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီကွယ် .. သမီးလေးကို အဒေါ်တို့ ပို့ပြီး ဂရုစိုက်ပါ့မယ် ..'

"ပြဒါး ကိုလည်း ဘာမှလိုလေသေးမရှိ ဂရုစိုက်ပေးပါ၊ ညှို့သည် ဆိုပေမယ့် ခဏလာတည်းခိုတဲ့ညှို့သည်မဟုတ်ဘူး၊ ကျွန်တော့်ကို လေးစားသလို သူ့ကိုလည်း လေးစားစေချင်တယ်၊ သူ့ကြောင့် ဉာဏ် ဘယ်လောက်ပဲ ဒေါသထွက်စိတ်ဆိုးနေပါစေ မီးလောင်ရာလေပင့်တဲ့ စကားမျိုး မပြောမိပါစေနဲ့ .. ကျွန်တော် မေတ္တာရပ်ခံတာပါ .."

"စိတ်ချပါ သားရယ် .. သား စိတ်တိုင်းကျဖြစ်ရပါစေ့မယ် .. စိတ်ချပါ .."

စိတ်ချချင်ပြီ ပြဒါး ရာ ..၊

ငါ ခေါင်းချဖို့အတွက် ငါ အဆင်သင့်ဖြစ်နေချင်တယ်၊ ဒါပေမယ့် မင်း ငါ့ကို မလိုက်လျှောသေးဘူး၊ မင်းကို စိတ်ချရမယ်မှန်းသိနေပေမယ့် စိတ်ချနိုင်မယ့်စကားတွေ ကြားချင်သေးတယ် ..။

ရင်ထဲမှာ စကားတွေဆိုမိရင်း ကားပေါ် ပြန်ရောက်လာခဲ့သည်။ သို့သော် စတီယာရင်ပေါ်လက်တစ်ဖက်တင်ထားရင်း စက်နှိုးဖို့ကို မေ့နေခဲ့၏။

သူ့ မျှော်လင့်ချက်တွေ ပန်းတိုင်နဲ့ ဘယ်လောက်ဝေးသေးလဲ ..



အခန်း (၂၁)

"ဒါ ဘယ်တုန်းကရောက်နေတာလဲ ဒေါ်ငွမ်း .."

"ဟင်!..."

ဉာဏ် ကိုင်ထားသည့် မွေးနေ့လက်ဆောင်ဘူးလေးကိုကြည့်၍ ဒေါ်ငွမ်း ဘာဖြေရမှန်းမသိ။ ဒေါ်စီစီ မှာထားတာတော့ရှိပေမယ့် ..၊

"သူ့မွေးက သူ ပြန်လာတာကို ဉာဏ်လေး မသိစေနဲ့လို့ မှာထားတယ်၊ ငါ ဝင်သွားတော့ စားပွဲပေါ်မှာ မွေးနေ့လက်ဆောင်ဘူးလေးတင်ထားတာလည်းတွေ့တယ်၊ အဲ့ဒီဘူးအကြောင်းတော့ ဘာမှ မှာမသွားဘူး၊ ဉာဏ်လေး မေးလာရင် ဒီလိုပဲကြည့်ဖြေရမှာပဲ .." တဲ့ ..။

ဘယ်လိုကြည့်ကျက်ဖြေမလဲဆိုတာ မှာမထားသဖြင့် အဖြေက တစ်ယောက်တစ်မျိုး ထွက်နေလို့မဖြစ်ပေ ..။ ထိုစဉ် ..၊

"သြော် .. အဲ့ဒါနေ့လယ်က ရုံးကကောင်လေးတစ်ယောက်လာပို့သွားတာလေ .."

ဒေါ်စီစီ ရောက်လာပြီး ဝင်ဖြေလိုက်သဖြင့် ဒေါ်ငွမ်း အသက်ရှူချောင်သွားခဲ့သည်။ သို့သော် ပျက်ယွင်းသွားသည့် ဉာဏ့် မျက်နှာလေးကြောင့် စိတ်မကောင်းဖြစ်မိကြ၏။

"ရုံးက ကောင်လေးတစ်ယောက်ဟုတ်လား၊ ဆိုသူ ပြန်လာတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးပေါ့ ..”

ကိုသူ ပြန်လာတာလားလို့ တိုက်ရိုက်မမေးခဲ့ပေမယ့် ဒီလိုပစ္စည်းမျိုးကိုတော့ လူကြုံပါးလိုက်မည်လို့မထင်ခဲ့မိပေ။

“ဟို .. လူလေး အလုပ်ရှုပ်နေတယ်ထင်တယ် ..”

“လာပို့တဲ့လူက အဲ့လိုပြောပြသွားလို့လား ..”

“ဟင့်အင်း ..”

လက်ဖဝါးထဲမှာ ကတ္တီပါဘူးအနီလေးကို ဖိဆုပ်ထားလိုက်မိကာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းသလို ဖြစ်သွားရသည့်အတွက် ရှက်မိခဲ့၏။

ယောကျ်ားတွေ ဘာဖြစ်လို့ ရှေ့ရောက်လာရင်တစ်မျိုး၊ ကွယ်ရင်တစ်မျိုး ပြောတတ်ကြတာလဲ ..။ ဒီလိုနေ့မျိုးမှာ တကယ်စိတ်ပါလက်ပါမဟုတ်ရင်တောင် ညာနိုင်စွမ်းတဲ့ ရှင့်ရဲ့ပညာတွေသုံးပြီး ညာတာပါ တေးလောက်တော့ ပြောပေးလို့ရတယ် သူရာ ..။

အခုမကရော ဘာဖြစ်လို့ သူ့မျက်နှာကို မြင်လိုက်တိုင်း ယုံကြည်ချင်နေရတာလဲ ..၊

မမြင်ရရင် မုန်းမိသမျှ မြင်လိုက်ရတာနဲ့ ဘာဖြစ်လို့ အားလုံးကို အမှန်ထင်မိတာလဲ ..၊

ဒေါ်စီစီ တို့ ရှေ့ကနေ တစ်လှမ်းချင်းထွက်လာခဲ့ရင်း ကိုယ်ကိုင်ထားရတဲ့ တုတ်ကောက်သံကိုပါ မုန်းတီးလာမိ၏။ ထို့ကြောင့် နေရာမှာ ရပ်တန့်ကာ တုတ်ကိုပြန်ငုံ့ကြည့်မိလေသည်။

“မင်းက ကိုယ့်ကြောင့် မသန်စွမ်းတဲ့ဘဝမျိုး ရောက်ခဲ့ရတာ ဒါကို ကိုယ်က ဘာဖြစ်လို့ ပစ်ပယ်ရမှာလဲ ညဏ် ရယ် ..”

“ကိုယ့်ကြောင့် မင်းဘဝ ညှိုးမှိန်ခဲ့တာပါ ညဏ် ..”

တောက် ..၊

ဒါကိုပဲကြည့်ပြီး သနားတာတွေ တွင်တွင်ပြောနေတာ ငါက သူ့ရဲ့ သနားသဖြင့် အကြင်နာကိုများ မျှော်လင့်နေတယ်ထင်နေလို့လား..



ရှက်သည့်စိတ်တွေသာ ဆတိုးပွားများလာခဲ့ပြီး တုတ်ကို လွှဲပေါက်ခံမိ၏။ ပြီးတော့ လက်ဆောင်ဘူးကို ဆုပ်ကိုင်ကာ ထမင်းစားခန်းထဲကို ဝင်ခဲ့၏။

နံရံတွေကို လက်ထောက်အားပြုပြီး ယိုင်နဲ့နဲ့သွားနေရသည့်ထဲ ထမင်းစားခန်းထဲမှာ ပြဒါး ကို မြင်လိုက်သဖြင့် စိတ်ပျက်သွားမိ၏။

ပြဒါး က အဖြူပေါ်မှာ အပြာအရင့်အဖျော့ နှစ်လိုင်းစင်းပါသည့် ရှပ်လက်တိုပွပွနှင့် ဘောင်းဘီရှည်နက်ပြာကို ဝတ်ထားကာ စားပွဲရဲ့ ဘေးမှာ ကောက်ဖီသောက်နေကာ ထိုင်တာလည်းမဟုတ် ..၊

လက်တစ်ဖက်က စားပွဲပေါ်မှာ စာအုပ်တစ်အုပ်ကို လှန်လှောနေရင်း တစ်ဖက်က ကော်ဖီပူပူကို မှုတ်သောက်နေတာဖြစ်သည်။

သူမ ဝင်သွားတော့မှ လှည့်ကြည့်ပြီး စာအုပ်ကို ဖြစ်သလို ဆွဲယူ၍ နေရာနည်းနည်းရွှေ့သည်။ သူ ရပ်နေတာ ညဏ် ထမင်းစားသည့် နေရာမို့ ထိုင်ခုံနဲ့ လွတ်ရုံပဲ ရွှေ့လိုက်ပြီး အသောက်မပျက် အဖတ်မပျက်..။

ဘယ်လိုလူမှန်းလည်း မသိပါ။

သူ့မှာ ထမင်းစားချိန်ရယ်ဘာရယ် စည်းကမ်းသတ်မှတ်ချက်လည်း ရှိပုံမပေါ်ပေ ..။ မနက်ကော်ဖီသောက်တိုင်းလည်း မဆုံဖြစ်တာများကာ ထမင်းစားချိန်ဆို သူရာ ရှိမှသာ ဆုံဖြစ်ကြ၏။

ကော်ဖီသောက်ရင်လည်း သူများတကာလို သေချာဖင်ချထိုင်ပြီး အချိုပန်းကန်လုံးနဲ့ မုန့်နဲ့ သေချာစားသောက်တာမဟုတ်ဘဲ ကော်ဖီ သုံးခွက်စာလောက်ဆံ့သည့် မတ်ခွက်ကြီးနဲ့မှ ..။

“ဒုတ် ..”

လူနဲ့ မတ်ခွက်ကို အာရုံရောက်နေမိကာ ခြေထောက်က ထိုင်ခုံခြေထောက်နှင့် တိုက်မိတော့သည်။ သူ လှည့်ကြည့်လိုက်သဖြင့် အသံထွက်အောင် နှုတ်ခမ်းကို ဖိကိုက်ထားမိသည်။ သို့သော် ..၊

“ကိုယ့်အကြောင်းကိုယ်သိရင်လည်း တုတ်ကို ဘာလို့လှမ်းပစ်လိုက်တာလဲ ..”

www.burmeseclassic.com

www.burmeseclassic.com



လူကိုမကြည့်ဘဲ ပြောပုံက ပါးသုံးချက်လောက် လွှဲရိုက်ပစ်ဖို့ကောင်း၏။

"ဘာဖြစ်ဖြစ် .. ရှင့် .."

"ဂလု .. ဂလု .. ဂုတ် .. ဂုတ် .."

သူမ ရန်တွေ့စကားမဆုံးမီ မီးဖိုပေါ်က ဒန်အိုးကြီး တဂုတ်ဂုတ်ထမြည်ပြီး တုန်ခါလာသဖြင့် အလန့်တကြားလှမ်းကြည့်မိ၏။

"ဒီအိုးကြီးက ဘာဖြစ်နေတာလဲ .. ဒေါ် ..."

"ကဏန်းပြုတ်နေတာ .."

ဥာဏ် သူ့ကို မေးတာမဟုတ်ပါ။ ကိုယ့်ဘာသာ ရေရွတ်ရင်း ဒေါ်ခွန်းကို မေးဖို့ သတိရလိုက်တာဖြစ်၏။ ဒါပေမယ့် သူက ဝင်ဖြေလိုက်တော့ သူ့ဆီကိုပဲ အာရုံရောက်သွားပြီး ...၊

"ကဏန်းတွေဟုတ်လား .. အရှင်တွေ ထည့်ပြုတ်နေတာလား .."

"ဟုတ်တယ် .."

"ဘာ ..."

ဥာဏ့် အသံ ကျယ်သွားသဖြင့် သူက စာအုပ်ကိုပိတ်ပစ်လိုက်ပြီး လှည့်ကြည့်ကာ ..၊

"ဂဏန်းအသေတွေ ပြုတ်လို့ ဘာရမှာလဲ .. အရှင်ပြုတ်မှ အသားပြည့်တာ .."

"နေပါဦး .. အဲဒီ ပုပုရွရွသတ္တဝါတွေ ကို ဘယ်သူစားမှာမို့လို့ ပြုတ်သုပ်နေတာလဲ၊ ဒီအိမ်မှာ ဒါမျိုး ဝါသနာတကြီး သတ်ဖြတ်စားတာတွေ ဘယ်တုန်းကမှ မရှိခဲ့ဘူး .."

"မရှိခဲ့ပေမယ့် အခုရှိလာလို့ပေါ့ .. စားမယ့်သူက ငါပဲ .."

"ရှင် တော်တော်ဆောင်ကျော်နေပြီ ပြဒါး .."

"ဘာဖြစ်လို့လဲ .."

"ဒေ့သည်ဆိုတာ အိမ်ရှင်ကျွေးတာကိုပဲစားရတာ၊ မစားနိုင်ရင် ထွက်ဝယ်စားလိုက်၊ ဘယ်သူ့မှာမှ မထိခိုက်ဘူး .."



"ခုရော ဘယ်သူ့ကို ထိခိုက်လို့လဲ .."

"ရှင်ဘာပြောဘယ် .."

"ဟုတ်တယ်လေ .. မစားချင်နေလို့ရတယ်၊ ငါ စားချင်လို့ ငါ
တာ .. အနေသာကြီး .."

"ဘယ်သူက နေသာတာလဲ .."

"ခု ပြောနေတဲ့သူကအစ မစားချင်တဲ့သူတိုင်း .."

"ရှင် သူများအိမ်ကို အကုသိုလ်အထုပ်လိုက်သယ်လာတာ .."

ဥာဏ့် စကားကြောင့် သူ့မျက်ခုံးနှစ်ဖက် ဆတ်ခနဲမြင့်တက်သွား
၊ ပြီးတော့ သွားတွေပေါ်အောင်ရယ်ကာ ..၊

"အကုသိုလ်က ထုပ်ပိုးသယ်လို့ရသလား၊ ဒါနဲ့များ မင်္ဂလာဦးည
မှာ နှစ်ယောက်စလုံး ဆေးရုံရောက်တဲ့အထိ ကြည့်နေရတယ်လို့
.. တစ်ခါတည်း ထုပ်ပိုးလွှင့်ပစ်ထားလိုက်ရင် ပြီးပြီ .."

"တောက် .."

စိတ်ညစ်ညူးနေချိန်မှာ ဒီသတ္တဝါနဲ့ ကြာကြာပြောနေလျှင် ရောဂါ
း ခေါက်ခနဲလဲသွားနိုင်တာလည်း သေချာ၏။ လက်ဆောင်ဘူးကို
စား စားပွဲပေါ်တင်ထားလိုက်ဖို့ရောက်လာခဲ့ပေမယ့် ဘူးကိုကိုင်
လျက်နှင့် ကိုယ့်စိတ်ကူးကို မေ့သွားခဲ့သည်။

သင်းရှေ့မှာ မနေလိုဇောနှင့် ထွက်သွားဖို့ပြင်ပြီးမှ ဘူးကိုထားခဲ့ဖို့
ရသွားသည်။ သူက လူကြုံနဲ့ ပေးခိုင်းသလို ကိုယ်ကလည်း သူ့
ထဲကို ပြန်ထည့်ပေးနေဖို့မှ မလိုဘဲ ..။

"ဒုန်း .. ဂလုပ် .. ဂလုပ် .."

ဘူးကို စားပွဲပေါ်ချလိုက်စဉ် ဒန်အိုးက ထပေါက်ကွဲတော့မလို
ကျယ်ကြီးနှင့် တုန်ခါသွားသည်။ ထို့ကြောင့် လန့်သွားကာ ဘူးက
ခချရသေးဘဲ ပြုတ်ကျသွား၏။

ထိုပြင် စားပွဲပေါ်တင်ထားသည့် ဒန်အိုးလေးထဲကျသွားဖြင့် ရေထဲ
င်းသွားသည့်အတိုင်း ...၊



www.burmeseclassic.com

www.burmeseclassic.com



"သူများ မွေးနေ့မှာမှ အကုသိုလ်တွေ တမင်လုပ်ပြနေတာ ရှင့် ကျေးဇူးတင်တယ် သိလား .."

"ရပါတယ် .. ကိုယ်ကြိုက်တတ်လို့စားတာပဲ .. မတင်ပါနဲ့ .."

"ဟွန်း .. ငရဲအိုးကို ဖောက်ထိုးဆင်းမယ့်လူ၊ ဘုရားတွေ ဘယ် ဆူပွင့်ပွင့် ကျွတ်တမ်းမဝင်အောင် ချိုးကပ်မယ့်လူ .."

ဒန်အိုးထဲမှာ ရေတွေဘာလို့ရှိနေတာလဲဆိုတာ သတိမထား ဒေါသတွေနဲ့ ရေရွတ်ကျိန်ဆဲရင်း ကျသွားသည့် ဘူးကို ဆတ်ခနဲ ကောက်လိုက်လျှင် ..၊

ဟင်!...၊

ဘူးနဲ့အတူ ထိတွေ့ကိုင်မိလိုက်တာက ပျော့စိစိချွဲတဲတဲတွေ ..

"အမလေး .."

"ဒုန်း .."

"ဝွမ်း .."

"အား .."

လက်ကို အလန့်တကြားပြန်ရုတ်လိုက်သဖြင့် ဒန်အိုးကိုဆွဲချ လိုက်သလိုဖြစ်သွား၏။ ခြေထောက်ပေါ်ကို ရေတွေနဲ့အတူ ကျလာ တွေက တွေးခနဲ မည်းခနဲ လွန့်လွန့်ခါခါ ..။

"မြွေ .. မြွေတွေ .."

"မဟုတ်ဘူး .. မဟုတ်ဘူးလေ .. သေချာကြည့်ဦး၊ အဲ့ဒါ ငါး တွေ .."

"ဟင့်အင်း .."

ဉာဏ် သူ့ရင်ခွင်ထဲ ဘယ်လိုရောက်သွားခဲ့မှန်းမသိပေမယ့် ကျောပြင်ကို တအားဖက်ထားမိတာက သူမဖြစ်ကာ၊ ဖယ်ပါဆို လည်း မဖယ်မိ ..။

"ဘာတွေဖြစ်ကုန်တာလဲ .. ဟယ် .. မြွေတွေ .."

"မဝွမ်း ရယ် ဖယ်စမ်းပါ .. ငါးရှဉ့်တွေပါဟဲ့ .."



ဒေါ်ဝွမ်း တို့ ပြေးလွှားရောက်လာကြကာ ကြမ်းပေါ်မှာတလွန့်လွန့် သွားနေကြသည့် ငါးရှဉ့်တွေကို ပြေးကောက်တော့မလိုနှင့် ကဆုန် တ်ရောင်နေကြ၏။

စစ်ကူရောက်လာပြီလားမှတ်သည် ငါးရှဉ့်တွေကြားမှာ ဒုန်းယိမ်း နေကြသဖြင့် ပြဒါး ဉာဏ့် ကိုယ်လေးကို ပွေ့ပိုက်ပြီး အခန်းပြင်ရောက် အောင် ခေါ်ထုတ်ခဲ့၏။

ဉာဏ် က သူ့ရင်ခွင်ထဲမှာ အတင်းအကျပ်ဖက်လျက်သားနှင့် သတိ မေ့မျောနေပြီဖြစ်၏။

"ကျွတ် .. အဲ့ဒါမှ တကယ့်ပြဿနာ .."

ရေရွတ်ရင်း သူမကို ဒီတိုင်းဆက်ပွေ့လာခဲ့ကာ သူမ အိပ်ရာပေါ် သေချာချသိပ်ထားခဲ့ရသည်။ ဒါတောင် သူ ကိုယ်ကို ပြန်မတ်လိုက် ရင်ဘတ်အင်္ကျီစကို သူမ ဆုပ်ဆွဲထားသဖြင့် ဖြည်းချနေရသေးသည်။

ထိုအခါ သူမ မျက်နှာလေးသည် ကိုယ့်မျက်နှာအောက်မှာ နီးကပ် သာအကွာအဝေးနှင့် ..၊

"သမီး သတိလစ်သွားတာလား ပြဒါး .."

"ဟင် .. ဟုတ် .."

မျက်နှာလေးကို စူးစိုက်ငေးသွားမိစဉ် ဒေါ်စီစီ ပြေးဝင်လိုက်လာ ဖြင့် သူမလက်ကို ဖြည်းချပြီး မတ်မတ်ပြန်ရပ်လိုက်သည်။

ဒေါ်စီစီ မျက်လုံးအပြူးသားနှင့် ဉာဏ့် ကို သေချာသွားကြည့်၏။ တော့ ထိတ်လန့်နေသည့်မျက်နှာနှင့် ..၊

"သမီးက ကျန်းမာသေးတာမဟုတ်ဘူး ပြဒါး ရယ် .. ခဏခဏ လိုဖြစ်နေရတာ အဒေါ်တို့ကိုတော့ သူ့ခွေး ဆူတော့မှာပဲ .."

"ကျွန်တော် ဘာမှမလုပ်ဘူး .."

"မလုပ်တာသိပါတယ် .. ဒါပေမယ့် မင်းက ဒီနေ့ကျမှ ကဏန်း ရော ငါးရှဉ့်တွေရော ယူလာတာကိုး .."

"စားချင်လို့လေ .. ကဏန်းကလည်း အသားပြည့်တဲ့ အထီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ၊ ငါးရှဥ့်ကလည်း ဒီလိုအကောင်ကြီးကြီးက ရခဲတယ် ..''

သူ ဝယ်လာပြီး ပြုတ်ပေးပါဆိုတော့ ကဏန်းတွေကိုကြည့်ပြီး ဒေါ်စီ ပဲ ခေါင်းခါကာ ..၊

''သေသွားမှ ပြုတ်ပါကွယ် .. အရှင်ကြီးတွေကို ..'' တဲ့ ..။

ပြောပြီး မျက်နှာလွှဲသွားသည်။ ငါးရှဥ့် သတ်ပေးဖို့ဆို ပိုပြီး မဖြ နိုင်မှန်း နားလည်သွားကာ ကိုယ့်ဘာသာ စီရင်ချက်ချဖို့ကြိုးစားနေရော ဖြစ်၏။

''ငါကိုက မကောင်းတာပါ၊ ဒါတွေကို သေချာသိမ်းထားပေးခဲ့ မှာ .. ဒီတိုင်းထားခဲ့မိတယ် ..''

''ဘယ်သူ့အပြစ်မှမဟုတ်ဘူး .. ငါးရှဥ့်တွေထဲ သူ့ဟာသူ လှမ်းနိုး တာ .. ကိုယ့်ဒေါသနဲ့ကိုယ် ..''

လုပ်ပြီ ဒီကောင်လေး ..၊

ဒေါ်စီစီ သက်ပြင်းချမိ၏။ ပြဒါး အပြင်ထွက်သွားတော့ ဒေါ်စီ ၏ ပြုစုမှုကြောင့် ဉာဏ် သတိရလာခဲ့၏။

''မြွေ ..''

''သမီး .. သမီးလေး သတိထားလေ .. ငါးရှဥ့်တွေပါ သမီးရဲ့ မြွေမဟုတ်ပါဘူး ..''

ဉာဏ် ဆတ်ခနဲထထိုင်လိုက်ပြီး ကိုယ့်ရင်ဘတ်လေးကို ပြန်ဖိထား မိ၏။ ပြီးတော့ ဒေါ်စီစီ ရေတိုက်တာကိုယူသောက်လိုက်ရင်း တရှု တွားသွားနေကြတာကိုပဲ မြင်ယောင်နေမိသည်။

ငါးရှဥ့် ဆိုတာကို လက်ခံခဲ့ပါလျက်နှင့် ကြောက်စိတ်ကို ဖြေ မရ ..။

''ဒါတွေကို ဉာဏ် ဒုက္ခရောက်အောင် သူ တမင်ထောင်ချော ဆင်ထားတာနေမှာ ..''

''မဟုတ်ဘူး သမီး မဟုတ်ဘူး .. သူ တကယ်စားချင်လို့ဝယ်လာ တာပါ၊ အဲဒါတွေချပေးပြီး ချက်ပြုတ်ပေးပါပြောသေးတယ်၊ အဒေ



ည်း ကွိစိကွစတွေမြင်တော့ မကိုင်ဝံ့တာနဲ့ ..''

''အဲဒါတွေကို သူက ဘာဖြစ်လို့ ဒီလောက်တောင် စားချင်နေရ တာလဲ၊ သူများတွေ အသားငါးစားနေကြတာတောင် မကောင်းမှန်းသိ ာနဲ့ တဏှာမပြတ်ကြလို့စားကြရတာ၊ သူ့ကျမှ အရှင်လတ်လတ်ကို တ်စားချင်နေတာ ..''

''ယောက်ျားလေးတွေက ဒီတိုင်းပါပဲ သမီးရယ်၊ သမီး လမ်းထ လျှောက်ကြည့်ပါဦး၊ တစ်ခါတလေ အရမ်းကြောက်လွန်းသွားရင်လည်း အကြောတွေဘာတွေပျော့ကျသွားတတ်တယ် ..''

''ရတယ် .. ဘာမှမဖြစ်ပါဘူး၊ ဘောင်းဘီလဲဖို့ပဲ လုပ်ပေး ..''

''အေး .. ဟုတ်တယ်၊ ရေတွေစိုထားတယ်၊ ဒုက္ခပါပဲ .. ရေချိုးလို့ ရေသေးတဲ့ဟာကို ငါးညှီနံ့တွေ ဘယ်လိုလုပ်ရပါ့မလဲ ..၊ နေဦး အဒေါ် ဝတ်တိုက်ဖို့ ရေနွေးလေးပြေးစပ်လိုက်ဦးမယ်၊ အကျႌနဲ့ ဘောင်းဘီ တ်ပေးခဲ့မယ်နော် .. သမီး လဲထားလိုက် ..''

ဒေါ်စီစီ တစ်ယောက်တည်း ယောက်ယက်ခတ်သွားသည်။ ပြီး တော့ ဘယ်အချိန်ဖြစ်ဖြစ် လေးစားညှာတာမှုတစ်ချက်လေးမှ ရှိမနေ တတ်သော ပြဒါး ရဲ့ ပုံစံကို တွေးနေမိ၏။

ဒီကောင်လေးကို သူ့ဒွေးက ဘာကြောင့် အရေးပေးနေမှန်းမသိ..။ ယ်လိုပတ်သက်မှုတွေနဲ့ ဒီလောက် ဂရုမစိုက်ဖွာနေမှန်းမသိ .. သူ့ဒွေး လား ပြဒါး ကိုလား ...။

နားလည်ဖို့တော့ ခက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ဟယ် ..."

မြွေကိုမြင်လိုက်တာနှင့် မျက်လုံးတွေသာ ပြူးသွားခဲ့ပြီး ရုတ်တ မှင်တက်မိသွားသည်။ ငုတ်တုတ်ကနေ ဖင်ထိုင်လျက်လေး လဲကျ လျက် ထပြေးဖို့လည်း သတိမရ ..၊

ခွေနေသည့် မြွေက တစ်ထွာသာသာလောက်ပဲရှိတာ ပန်းအိုး မြေစိုင်ခဲကြားမှာမို့ ညဏ် က မြေကြီးတွေကို ယက်ဖယ်လိုက်တာ ခေါင်းထောင်ထလာ၏။

လျှာတစ်လစ်ထုတ်လျက် ရှေ့ကိုတိုးလာလျှင် ပြူးကြောင်ကြည့် နေသည့် ညဏ့် ရှေ့ကနေ ဝါးလုံးရှည်တစ်ချောင်း ဖြတ်ဝင်လာပြီး မြွေ လည်မျိုကို ဖိထောက်ထားလိုက်၏။

မော့ကြည့်လိုက်တော့ ပြဒါး ဖြစ်နေကာ ..၊

"သေချာကြည့်ထား .. အဲဒါကို မြွေလို့ခေါ်တယ် .."

ကူညီလိုက်တာတောင် ကျေးဇူးတင်ဖွယ်မရှိအောင် မျက်နှာ တင်းနေကာ ..၊

"ဟိုတစ်နေ့ကလို ငါးရှဉ့်ထင်ပြီး ဖမ်းကိုင်မိမှာစိုးလို့ .."

လူကိုမကြည့်ဘဲ ပြောနေပြီး မြွေလည်ပင်းကို ဝါးချွန်နဲ့ ဖိကြိတ်



၏။ ဝါးလုံးကို ရစ်ပတ်ဖို့ တဖြန်းဖြန်းရိုက်ပုတ်ဖို့ကြိုးစားရင်း တဖြည်း ဖြည်း ငြိမ်ကျသွားသည်။

"တစ်ကောင်လုံးတောင် တစ်ထွာမပြည့်ဘဲနဲ့ ဝါးလုံးကို ပတ်ချင် သေးတယ် .."

ညဏ် သူ့ကို ရန်တွေ့ဖို့သတိမရဘဲ ကိုယ့်ကိုရွဲ့ပြောနေတာကိုရော၊ မြွေကို ပြောနေတာတွေပါ ကြားနေရကာ လူးလွန့်နေဆဲ မြွေကိုသာ ကြည့်နေမိသည်။

"အံမာ .. ဒေါသက .. သေစမ်းကွာ .."

"သေနေပါပြီ .. ဘာဖြစ်လို့ ဒီလောက်ထိုးကြိတ်နေတာလဲ .."

စိတ်နဲ့လူနဲ့ ပြန်ကပ်လာတော့မှ ပြဒါး ကိုယ့်ကိုဒေါသထွက်ပြီး မြွေကိုမည်းနေသည်လို့ တွေးမိခဲ့၏။

"ရှင်က ဘာကိုစိတ်တိုနေတာလဲ .."

"ဘာကိုတိုတယ်ထင်နေလို့လဲ .."

မျက်နှာကို လှည့်ကြည့်ပုံက ဒီကပဲ အဓိပ္ပာယ်မရှိတာတွေမေးနေ သလို ..၊

"ဒီမှာသေချာကြည့် .. အဲ့ဒါ မြွေပွေး .."

ညဏ် 'ဟင်' ခနဲတော့ဖြစ်သွားပေမယ့် ဟန်ဆောင်နေလိုက်မိ သည်။ ဒီလောက်အကောင်ပိစိကွေးက မြွေပွေးဆိုတော့ မယုံနိုင်အောင် ဖြစ်သွားတာအမှန် ..။ ဒါပေမယ့် လန့်သွားမိတာလည်း သေချာ၏။

"အမြီးက အမြီးမှန်း ခေါင်းမှန်းမသိအောင် လုံးနေတာ .. မြွေဆိုး ဆိုတာက အမြီးတုတ်ကြတယ်တဲ့ မကြားဖူးဘူးလား၊ အကောင်ငယ်နေလို့ အထွက်မပေါ်တာ .."

ပြောရင်း ဝါးလုံးနဲ့ ထိုးကော်လိုက်သဖြင့် ပြားကြေနေသည့် ခေါင်း ပန်းလန်းနှင့် မြွေက ကြွပါလာပြီး ပန်းအိုးပေါ် ဖုတ်ခနဲပြုတ်ကျ၏။ ညဏ် ထိုင်လျက်နှင့် နောက်ထပ်ဆုတ်ဖို့ ယောင်ရမ်းလက်ထောက်လိုက် မိကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်လိုလုပ်လိုက်တာလဲ .."

"ပြတာလေ .. မင်း ရှင်ခွင်ထဲ ပစ်ထည့်လိုက်တာမှ မဟုတ်ဘ

ကိုယ့်ဘာသာ လန့်ဖျန့်သွားတာမို့ ရှက်လည်းရှက်သွားမိ
ပစ်ပစ်နှစ်နှစ်မျက်စောင်းထိုး၍ ငုတ်တုတ်လေးပြန်ထိုင်ဖြစ်အောင်
စားသည်။

"ဒီပန်းအိုးတွေကြားထဲ ဘာလာလုပ်တာလဲ မင်းက .."

"ပျိုးပင်လေးတွေထည့်ထားတာ ရှင်ရဲ့လားလို့ ဝင်ကြည့်တာ၊
မြောင်းဖော်ထားတာတွေ ပြိုကျနေတာမြင်တာနဲ့ .."

"အဲဒါ မင်းနဲ့ ဘာဆိုင်လို့လဲ .. ထစ်ခနဲဆို ဖျိုးဖျိုးဖျတ်ဖျတ်
ပြေးနိုင်တာလည်းမဟုတ်ဘူး .."

"ရှင် ဝင်ကယ်လိုက်ရတယ်ဆိုပြီး ကြီးကြီးကျယ်ကျယ်တွေ
မနေစမ်းပါနဲ့ .."

"ပြောပါဦး .. ငါမကယ်ရင် မင်း ဘယ်လိုဖြစ်သွားနိုင်သလဲလို့

"အဲဒါမျိုးသိချင်ရင် နောက်တစ်ခါ ကျွန်မ ဘာဖြစ်နေနေ
မမြင်သလိုနေလိုက် .."

"နေလို့မရလို့ပေါ့ကွ .. သူရာ ဆိုတဲ့ကောင် မင်းယောကျ်ားကြောင်

"ဟွန်း .."

ဉာဏ် က သေားမှာရှိသည့် အကြီးဆုံးပန်းအိုး၏ နှုတ်ခမ်းကို
ပြုပြီး ထရပ်လိုက်သည်။ ပြီးတော့ လက်ဖဝါးနှစ်ဖက်ကို ပွတ်ခါရင်း

"ဒီမှာ .. နောက်ဆို သူ ဘာတွေမှာထားထား ရှင် ကျွန်မကို
ရှောက်ပေးဖို့မလိုဘူး .."

"ဘယ်သူက စောင့်ရှောက်နေပါတယ်ပြောလို့လဲ .. ငါဆိုတဲ့
ကလည်း သူများခိုင်းတာ လုပ်ခဲ့တဲ့ ထုံးစံမရှိဘူး၊ အမြင်မတော်
တွေ့နေတာတောင် ဝင်မကူဘူးလား .. ဝင်မဆွဲဘူးလား ပြောလာ
မခံချင်လို့၊ ငါ ကိုယ်တိုင်ကလည်း မနေတတ်လို့ .."

"နေတတ်အောင်နေလိုက် .."



"မင်းကိုယ်မင်း ပြောထားစမ်းပါ .. ကျိုးရင်ကျိုးသလိုနေ – ငါ
ကတော့ အမြင်မတော်ရင် ပြောမှာပဲ .."

"မဟုတ်ဘူး .. ရှင်ကိုက သူများကို အဲဒီလိုချိုးဖဲ့ပြောရတာ အကြိုက်
တွေ့နေတာ .."

"ဖြစ်နိုင်တယ် .."

ပြောလိုက်သည့်စကားတိုင်းက ပါးရိုက်ပစ်ချင်အောင် အသည်း
ယားဖို့ကောင်းနေခဲ့၏။ ကျေးဇူးတင်မိသည့်စိတ်လေး အနည်းငယ်လောက်
သာရှိမနေခဲ့လျှင် ဉာဏ် ကိုယ့်ဒေါသနဲ့ကိုယ် ရှော့ခ်ရသွားနိုင်သည်။

ပြဒါး က ဒီဇင်ဘာပန်းပင်အတွက် ပန်းစင်ထိုးဖို့ ဝါးလုံးတွေနဲ့
ခွဲခြမ်းပြီးသား ဝါးခြမ်းတွေရှိရာသို့ လျှောက်သွားကာ ထိုနေရာမှာ ထွန်းဝင်း
ကလည်း မားမကြီးကိုင်လျက်ရှိနေ၏။

ပြဒါး ကို တစ်ခုခုရယ်မောပြောဖို့ သွားအဖြီးသားနှင့် လှမ်းကြည့်
လိုက်စဉ် ဉာဏ် ကြည့်နေတာမြင်သည်နှင့် ဖျတ်ခနဲပြန်လှည့်သွား၏။

ထိုနေရာသည် သူမနှင့် သိပ်မကွာသဖြင့် သူတို့အစတည်းက အလုပ်
လုပ်နေကြတာမှန်း တွေးမိလိုက်သည်။ ပြဒါး ဒီရောက်လာသည်နှင့်
အိမ်ကလူတွေအားလုံးက ခင်ခင်မင်မင်ဖြစ်သွားခဲ့ကြသည်။

သူကလည်း အပြင်သွားနေချိန်မှလွဲလျှင် ပြန်ရောက်လာတာနှင့်
အိမ်ကလူတွေဘာလုပ်နေနေ ဟိုနေရာဒီနေရာ မပါတဲ့နေရာ ဘာရှိလို့
လဲ ..၊

ဉာဏ် ကိုယ့်အတွေးနှင့် မျက်နှာလွှဲလိုက်မှ ပြဒါး ကလည်း နောက်
ပြန်ငဲ့ကြည့်၏။ ပြီးတော့ ပခုံးတွန့်ပြီး မဲ့သည်။

"ဘာတွေဖြစ်ကုန်တာလဲ ညီလေး၊ ပျဉ်တိုတစ်ချောင်းလောက်
သွားရှာမယ်ဆိုပြီး မြွေတွေ့လာတာလား .."

"ဟုတ်တယ် .. မြွေက ငယ်ငယ်ပဲ ဒါပေမယ့် မြွေပွေး .."

"သူ့ဖွေးကတော်က ဘာလုပ်နေတာလဲ .."

"သူ လမ်းလျှောက်ရင်း မြေပွနေတာတွေ ဝင်လုပ်တာနေမှာပေါ့.."

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း .."

"ခင်ဗျားက ဘာရယ်တာလဲ .."

"ဟွန်း .. ဟွန်း .."

ထွန်းဝင်း က မေးလိုက်မှ ပိုရယ်ကာ မရဲတရဲခေါင်းငုံ့သွားပြီး..။

"ညီလေးနဲ့ သူဌေးကတော် မတည့်ကြတာကို သဘောကျလို့ပါ.."

"မတည့်တာက သဘောကျစရာကောင်းနေလို့လား .."

"မဟုတ်ပါဘူး .. ဟို .. ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ ဒီလိုလေ .. ကျွန်တော် ရောက်တာ ဘယ်လောက်မှကြာသေးပေမယ့် သူဌေးနဲ့ သူဌေးကတော် နည်းနည်းအေးစက်စက်ဖြစ်နေကြတာ သတိထားမိတယ်၊ ညီလေးရောက်လာတော့ သူဌေးကလည်း ဂရုစိုက်တယ်၊ သူဌေးကတော်နဲ့လည်း ရန်ဖြစ်ဖော်ရတယ် .."

"ဘာ ..."

"ရန်ဖြစ်နေကြပေမယ့် ဒါက စိုပြည်မှုတစ်ခုပဲလေ၊ မဟုတ်ရင် ဒါက ခြောက်ကပ်ကပ်ကြီး၊ မှန်တဲ့အတိုင်းပြောရရင် ကျွန်တော်ကတော့ ငါ့ညီရဲ့စိတ်ကို သဘောကျတယ်၊ မှန်တယ်ထင်ရင် ပြောရဲတာကို အားလည်းကျတယ်၊ သူဌေးကတော်နဲ့ စကားများနေတဲ့အခါ မကောင်းတတ်လို့သာ .."

"ဘာလုပ်ချင်လို့လဲ .."

"အနားမှာ သေချာရပ်ကြည့်နေချင်တာ .."

ပြောရင်း တောင်းပန်သလိုလည်း ရယ်သေးသည်။

"တစ်ခါတလေ .. မတွေးကောင်းတာတွေ တွေးမိသေးတယ်.."

ဝါးခြမ်းတွေကို အချောသပ်နေလျက် စလိုက်ပြီးမှ မပြောရဲဘဲ..

"မပြောတော့ပါဘူး .."

"ဟုတ်တယ် .. မပြောနဲ့တော့ .."

"ကျွန်တော် ဘာပြောမှာကို သိလို့လား .."

"သိသိ မသိသိ မပြောချင်တာကို ပြောခိုင်းစရာလား .."



"ဒါပေမယ့် မပြောချင်ပါဘူးဆိုတာကိုက ပြောချင်လွန်းလို့ စလိုက်တာ၊ ကျွန်တော့်ကို စိတ်ဆိုးနဲ့နော် .. ယောကျ်ားချင်းမို့ ကွယ်တုန်းလေး တိုးတိုးပြောတာပါ၊ အဟွန်း .. တစ်ခါတလေ သူဌေးကတော်ကို အိမ်ထောင်သည်ဆိုတာ မေ့မေ့သွားတယ်၊ ညီလေးနဲ့ စကားများရန်ဖြစ်နေကြတာ အရမ်းကြည့်ကောင်းတော့လေ .."

"တော်ပြီ .. တော်ပြီ .. အဲဒီစကားမှာ ရှော့ခ်အကြီးကြီးရှိတယ်၊ ကိုယ့်အလုပ်ကိုယ်လုပ်တော့ .."

"အေးပါ .. မပြောတော့ပါဘူး .."

နှစ်ယောက်စလုံး တက်ညီလက်ညီပါးစပ်ပိတ်သွားကြ၏။ ဉာဏ်ကတော့ တုတ်ကောက်မသုံးဘဲ အနားခံပြီး လျှောက်ကြည့်ဖို့စိတ်ကူးထားသဖြင့် ခြေတစ်လှမ်းကို ကုဋေတစ်သန်းတန်အောင် လှမ်းနေရ၏။

တုတ်မပါဘဲ အထိုင်အထလုပ်နိုင်ဖို့က မလွယ်သေးဘူးဆိုပေမယ့် သူမ ဒီနေ့လုပ်ခဲ့သည်။ ဒါကြောင့် ပိုခံရတာလားမသိ ..။

"သမီးရေ .. အတော်ပဲ၊ ရော့ .. သူဌေးဆီကဖုန်း .."

ဒေါ်ဌမ်း ထွက်လာပြီး ဖုန်းပေးရင်း အိမ်ထဲရောက်အောင်တွဲခေါ်သဖြင့် အဆင်ပြေသွား၏။

"ဟလို .."

"..... ..... ....."

"ဟုတ်တယ်လေ ညနေလေးနာရီခွဲ .."

"..... ..... ....."

"ထင်ပါတယ် .."

"..... ..... ....."

"ငေါ့နေတာမဟုတ်ဘူး၊ အဲဒီလိုအပိုတွေလုပ်တာလည်း ဝါသနာမပါဘူး၊ ကျွန်မက မိန်းမပေမယ့် မိန်းမတွေလုပ်တတ်တဲ့ အမူအကျင့်တစ်ချို့ကို မုန်းတဲ့သူ .."

"..... ..... ....."

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် .. အိမ်မှာ ဒရိုင်ဘာရှိနေတာပဲ၊ ဆေးခန်းကလည်း သိပ်ဝေးတာမှမဟုတ်တာ .."

".... .... ...."

"မလိုပါဘူး သူရာ .. ကျွန်မ ခြေထောက်လည်းကောင်းနေပြီ၊ ရှင် ကျွန်မအတွက် စိတ်ပူရတာတွေ လျှော့လို့ရပါပြီ .."

မွေးနေ့ ပရဲဆင့်လေးတောင် ကိုယ်တိုင်မပေးနိုင်တဲ့ ယောကျ်ား .. မပေးနိုင်ရတဲ့အကြောင်းပြချက်လေးတစ်ခုခုပြောပြီး တောင်းပန်ဖို့လည်း မကြိုးစားခဲ့ပေ။ ဒီခြေထောက် လုံးဝမထောက်နိုင်သေးတဲ့ အခြေအနေမှာတောင် ကိုယ့်ကိုထားရစ်ခဲ့ပြီး ခရီးထွက်တာတွေ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါမှန်း မသိခဲ့တာ ..။

"ဒါပဲမို့လား .. ကျွန်မ ရေချိုးချင်လို့ .."

ဖုန်းချပစ်လိုက်ပြီး ခေါင်းမွှေး လက်ထဲ ပြန်ထည့်လိုက်သည်။ အလုပ်ထဲရောက်နေပြီဆို တစ်နေရာကနေ သူ မကြာခဏဖုန်းဆက်လွန်းလို့ အိမ်မှာနေလျှင် ဖုန်းလုံးဝမကိုင်ဘဲထားခဲ့သည်။

စိတ်ကူးလေးပေါ်လာမှ ဆက်ဖော်ရတဲ့ တစ်ခါနှစ်ခါကို မျှော်လင့်ခဲ့ဖူးသည့် ကိုယ့်ကိုယ်ကိုယ်တောင် ရှက်မိပါ၏။ မိန်းမသားဖြစ်နေရသည့် ဒုက္ခလို့ပြောရမလား အချစ်၏စတင်ခြင်းက အေးစက်နေခဲ့လို့လား..။

မျှော်လင့်ခဲ့ရတာလည်း ကိုယ်၊ မျှသိပ်ဖျောက်ဖျက်ဖို့ကြိုးစားနေရတော့လည်း ကိုယ်ပဲဖြစ်ကာ တစ်ချက်လေးမှ သက်တောင့်သက်သာ မရှိသော ဝေဒနာကတော့ အချိုးကျနှင့် နှိပ်စက်၏။

ဒါကို ကိုယ်တစ်ယောက်တည်း ခါးစည်းခံရအောင် လွမ်းလောက်လို့လား ...၊



## အခန်း (၂၃)

ညနေ ဆေးခန်းသွားမလို့ ဒေါ်စီစီ နဲ့ အတူ ထွက်လာခဲ့တော့ ကားက အဆင်သင့်ရပ်ထားပေမယ့် ကိုယ့်အတွက် စောင့်နေသည့် အစီအစဉ်နဲ့ မဟုတ် ..။

"မညာဏ် .."

ထွန်းဝင်း က ညာဏ် တို့ကိုမြင်လိုက်တာနှင့် ကမန်းကတန်းတံခါးလာဖွင့်ပေး၏။ ညာဏ့် မျက်လုံးတွေက ရှေ့ခန်းမှာထိုင်နေသော ပြဒါးဆီမှာ စူးရဲစွာ ကျရောက်နေခဲ့လျက် လေ့ကားထစ်တွေဆုံးပြီးမှ ကားနားကို မလာဘဲခြေစုံရပ်၍ ...၊

"သူက ဘာကိစ္စနဲ့လဲ .."

"ပန်းစင်ဆောက်ရင်း လက်ကို ဝါးခြမ်းရှသွားတာ မညာဏ်၊ မားနဲ့ ဆိုးခဲ့ထားသလိုပဲ အကြီးကြီးပဲ .. အဲ့ဒါ သူ့ကိုလည်း .."

"သူ ကားမောင်းတတ်တာပဲ၊ ဘာလဲ .. လက်ဖဝါးနှစ်ဖက်စလုံး ဘက်တက်ကွဲသွားလို့လား .."

"ကားတွေက ဘော်ဒီထုထားတုန်းဆိုတော့ ဒီတစ်စီးပဲရှိလို့ပါ၊ ပြီးတော့ အခု မညာဏ် ဆေးခန်းသွားမယ့်အချိန်လည်းဖြစ်နေလို့ .."

ဒရိုင်ဘာက အဆင်ပြေအောင်ပြန်ဖြေနေပေမယ့် ကားမှာရှိနေသည့်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စီစီ ကတော့သိနေ၏။ ညာဏ့် အတွက် ဘာကိစ္စပဲရှိရှိ အပြင်ထွက်ရဖို့အကြောင်းရှိလာလျှင် ဒရိုင်ဘာနဲ့ နှစ်ယောက်တည်း မလွှတ်ဖို့ပြောထားခဲ့သည်။

ညာဏ့် က မသိပေမယ့် ပြဒါး က လိုက်ပါစောင့်ရှောက်ပေးဖို့ သူငယ်ချင်းနှစ်ယောက်ပြောနေကြတာကို ကြားထားခဲ့သည်။

သူ့စတိုင်လ်အတိုင်း ပြဒါး ကတော့ သူဌေးရဲ့ တောင်းဆိုမှုအတွက် ကျေနပ်သွားလောက်ဖွယ် ဝန်ခံကတိမျိုး မပေးခဲ့ပေ။ ဒေါ်စီ က ဖြစ်နိုင်ခြေတွေကို တွေးနေတုန်း ဖြစ်လာခဲ့တာက ညာဏ့် ထံမှ မကျေနပ်ဖွယ် တစ်ခု ...။

"ကားတွေ ဆော်ဒီထုထားရတာ ဘာကြောင့်လဲ သူ တွေးမိမှာပါ.."

"ဒီမှာ စောင်းလက်ခတ်ညာဏ် .. မင်းရှေ့မှာ လူတစ်ယောက်လုံး ငုတ်တုတ်ထိုင်နေတယ်၊ ဒီကိုတည့်တည့်လှည့်ပြော .."

"အိုကွယ် .. ဒါ စကားများရမယ့်အချိန်မဟုတ်ပါဘူး၊ သူ့လက်မှာ ဒဏ်ရာလည်း မသေးဘူးထင်တယ်၊ အဝတ်စအုပ်ထားတာတောင် သွေးတွေစို့နေတယ် သမီးရဲ့ .. ဆေးခန်းသွားရမှာအတူတူ သမီးရယ်၊ သွားလိုက်ပါနော် .."

ဒေါ်စီစီ က ညာဏ့် ကို ကားထဲဝင်ဖြစ်အောင် ချော့မော့တိုက်တွန်း၍ သူမပါ ဝင်ထိုင်လိုက်သည်။ ဒီနေရာမှာ ဒီပြဿနာ ပြီးသွားခဲ့ပေမယ့် ဆေးခန်းရောက်တော့ ဒါကို တစ်ကနေ ပြန်စသူက ပြဒါး ...။

"ဘာ .. ဆေးဖိုးရှင်းပေးခဲ့ရတာ ရှစ်သောင်းတောင် .."

ထွန်းဝင်း က ပြဒါး နဲ့ လိုက်ဝင်သွားရတာမို့ ပြန်ထွက်လာကြတော့ စကားအစ ပါလာခဲ့၏။ ထိုအသံကြားလိုက်တာနှင့် ညာဏ့် လက်ကိုင်အိတ်လေးကို နိုပ်စေ့လေးဖိချပိတ်လိုက်ရင်း ဒေါ်စီစီ မျက်လုံးဝိုင်းသွား၏။

ဒီ ဒရိုင်ဘာ တော်တော် စပ်စပ်စုစုနိုင်ပါလားလို့လည်း တွေးမိသေး



သည်။ သိသာသိစေ မမြင်စေနဲ့တဲ့ ..၊ ဘယ်လောက်ကျကျ ညာဏ် က မေးမယ့်သူလည်း မဟုတ်၊ စစ်ဆေးနေတာလည်း မဟုတ်ဘဲ ..။

"ပြောစမ်းပါ .. ဘာတွေလုပ်ခဲ့ရလို့ .. ဒီလောက်တောင်လဲ .."

"ဟို ..."

ထွန်းဝင်း ဘာပြောရမှန်းမသိစဉ် ..၊

"ဟုတ်တယ် .. လက်ကို ထုံဆေးထိုးခိုင်းတယ်၊ ပြီးတော့ လေးချက်ချုပ်ရတယ် .."

"အဲ့ဒါနဲ့ပဲ .."

"ရင်တွေတုန်လွန်းလို့ အီးစီဂျီရိုက်လိုက်တာ .."

"ဘာ ..."

"သွေးမြင်ပြီး အကြောက်လွန်းလို့ တုန်တာတဲ့ .."

"တုန်မှတ်ဘယ်လောက်ရှိမှ အသက်ထွက်တာလဲ တစ်ခါတည်း မမေးခဲ့ဘူးလား .."

"ဟုတ်တယ် .. အဲ့ဒါ မေးဖို့မေ့နေတာ၊ ဒါပေမယ့် မပူပါနဲ့ မင်းနဲ့ ရန်ဖြစ်ဖို့အတွက် ငါက အသက်ရှည်ဦးမှာ .."

"ရှင် .."

"နေဦး .. တွက်ပြနေတာ မပြီးသေးဘူး၊ ခေါင်းတွေ တအားမူးနေတာနဲ့ အာရုံကြော အထူးကုနဲ့ ဝင်ပြကြည့်တော့ အဲ့ဒါလည်း အကြောက်လွန်လို့ဖြစ်တာပဲတဲ့ .."

"ကျွိ ..."

ဒေါ်သက လိုရာမပို့နိုင်ဘဲ ကားကပါ မီးပွိုင့်ဖြတ်ဖို့ကြိုးစားရင်း ဘရိတ်ဆောင့်အုပ်လိုက်ရ၏။

"ကိုထွန်းဝင်း ကားကို ဘယ်လိုမောင်းနေတာလဲ .."

"ဆောရီးပါ .. မညာဏ် ရယ်၊ ကျွန်တော် လွတ်မယ်ထင်လို့ တက်လိုက်တာပါ .."

www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူး .. ရှင့်ကို မီးပွိုင့်လွတ်အောင်မောင်းနိုင်တဲ့ ဆုလည်း ဘယ်သူမှ ချမှာမဟုတ်ဘူး၊ တောက် .."

စိတ်တိုတာက ထွန်းဝင်း ကို မဟုတ် ..၊

ပြဒါး ကလည်းသိသည်။ တက်ခေါက်သံကြောင့် မှန်ထဲကနေ နောက်ကိုလှမ်းကြည့်လိုက်တော့ ညာဏ် ကလည်း ကြည့်တာနှင့် မျက်လုံး ချင်းဆုံသွား၏။

ဒေါသတွေကို ဆထက်ထမ်းပိုးသိစေလိုသည့် ညာဏ့် အကြည့်တွေ က မီးတောက်တွေ ထွက်မတတ်ရှိနေလျက် ပြဒါး က မျက်ခုံးဆတ် ခနဲပင့်၍ ပခုံးတွန့်၏။

မထီတထီမျက်နှာလွှဲသွားပုံကြောင့် ညာဏ့် ဒေါသတွေ ငယ်ထိပ် ထိ တက်ဆောင့်သွားသလားမသိ၊ သူ မကြည့်တော့သည့် မှန်ထဲက မျက်နှာကို အံကြိတ်မျက်စောင်းထိုးမိ၏။

သို့သော် .. သူမရဲ့ မျက်နှာလေးပေါ်မှာ အစိတ်အပိုင်းတစ်ချို့ နေရာမကျသေးခင် ..၊

"ပြီးတော့ ကာကွယ်ဆေးငါးလုံးထိုးခဲ့သေးတယ် .."

"ဘာ ..."

ရွဲ့နေမှန်းသိပေမယ့် ညာဏ့် မျက်နှာလေး ဆတ်ခနဲလှည့်လာ၏၊ ထိုအခါ ရှေ့ကနေ နောက်ကို ကိုယ်တစ်ပိုင်းလိမ်နေအောင် လှည့်ကြည့် ပြောနေသော ပြဒါး မျက်နှာကြီးနဲ့ မနီးမဝေး ..။

"ပြဒါး .. ရှင် ကျွန်မကို ဘာထင်နေလို့လဲ .."

"မင်းပဲ ဆေးဖိုးတွေ များနေလို့ မေးခဲ့တာလေ၊ ဘာကြောင့်များခဲ့ တယ်ဆိုတာ မပြောရဘူးလား .."

"တောက် .."

"ကာကွယ်ဆေးတွေများရတာက ဒီလောက်ချုပ်လုပ်ထိုးဖော နေတာကို ကာကွယ်ဖို့ မသင့်တာပဲမို့လား၊ ပြီးတော့ ဆရာဝန်က သ



သိုက်တယ်: ဒီလောက် ကြောက်တတ်ရင် ခွေးရူးပြန်ကာကွယ်ဆေး ထိုးရမယ်တဲ့၊ ခွေးရူးကိုက်ခံရရင် သွေးလန့်သွားတာနဲ့လည်း ချက်ချင်း ရူးပြန်တက်တယ်တဲ့ .."

မပြီးနိုင်မဆုံးနိုင် ရှင်းပြနေသည့် ပြဒါး ကြောင့် ဒေါ်ဒီဒီ သားမှာ နေရင်း ဘုရားစာတွေ ဆိုနေရတော့သည်။

သို့သော် ....

"အဲဒါကြောင့် ခွေးရူးပြန်ကာကွယ်ဆေးထိုးကိုထိုးခဲ့ရတာ ခွေးရဲ့ ကိုက်ခံနေရတာလည်းရှိတော့ .."

"မိုက်ရိုင်းတဲ့ကောင် .. ကဲဟယ် .."

"ဘုန်း .."

"ဟာ .. ဟော့ .."

"သမီး .. သမီး အဲ့လိုမလုပ်ရဘူးလေ .."

သူမ ပေါင်ပေါ်ပြန်တင်ပေးထားသည့်လက်ကိုင်အိတ်နဲ့ တအား ပစ်လိုက်သဖြင့် ပြဒါး က မျက်နှာကို ဆုတ်ရှောင်လိုက်တော့ ကူရှင် ဘုန်းခနဲထိ၏။

ညာဏ် နည်းနည်းမှ မကျေနပ်နိုင်ဘဲ ရှေ့ထပ်တိုးကာ ..၊

"ဖယ်ပေး .. ဒီသတ္တဝါ လူပါးဝနေတာ .."

"ဘုန်း .."

"မင်းနော် .. မင်းဟာကြီးက နည်းတာကြီးမဟုတ်ဘူး .."

"ယုတ်မာတာကြည့် .. ကဲ .."

"ဟော့ .. အဲ့ဒါကြီးနဲ့ ထိလိုက်ရင် .. ငါ့မျက်နှာ .. ဟား .."

ဘုန်းခနဲ လက်မောင်းကိုထိသွားသည်နှင့် ပြဒါး က အိတ်ကို ပြုပ်ထားလိုက်၏။ နှစ်ယောက်သတ်ပုတ်ကုန်ပြီဆိုတာနှင့် ကားက ညည်း ငါးရံ့ပြာလူးဖြစ်လာလျှင် ..၊

"ဟဲ့ .. ဟဲ့ .. ဒရိုင်ဘာရေ ... မောင်ထွန်းဝင်း ကားကို အရုံစိုက်



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါ၊ ရင်တွေတုန်လိုက်တာ ..."

ဒေါ်စီစီ တကယ်ပဲ အသံတွေတုန်နေကာ ဒေါ်သကြီးနေသည့် ညဏ့် အိတ်ကိုလည်း ထိထိရောက်ရောက် မဆွဲထားနိုင်၊ ပြဒါး … လည်း တော်ပါတိတ်ပါ ပြောလို့မရ ..၊

"လွှတ်စမ်းပါ ငါ့အိတ်ကို .."

"လုံးဝပဲ .."

"အား ..."

သူ ဆောင့်ဆွဲလိုက်သဖြင့် လက်သည်းရှည်တွေကြောင့် နာ… သွားကာ ညဏ် လွှတ်ပေးလိုက်ရသည်။ ပြဒါး က အိတ်ကို ဒတ်ရှ်ဘု… ပေါ် ပစ်တင်လိုက်ပြီး ..၊

"မင်းကြောင့် ငါ့လက်က ချုပ်ရိုးတွေ ဘာဖြစ်ကုန်ပြီလဲမသိဘူး သွေးတွေထွက်လာပြီ .. ကိုထွန်းဝင်း ကားပြန်လှည့် .."

"ဘာ .. ဘာပြောတယ် .. ပြန်မလှည့်နဲ့ .."

"မလှည့်လို့မရဘူး .. ဒဏ်ရာပြန်ချုပ်ရမှာ .. လှည့်လိုက် .."

"ပြန်ချုပ်ဖို့လိုရင် အခု ကားပေါ်က ဆင်းသွားလိုက်၊ ဆက်မောင်း"

"အို .. မလုပ်ပါနဲ့ သမီးရယ်၊ ဟိုမှာ သွေးတွေတတောက်တောက် ကျနေပြီ လှည့်လိုက်ပါနော် .. တစ်အိမ်တည်းနေကြတာကို မသိတဲ့သူ တွေလည်းမဟုတ်ပါဘူး .."

"မရဘူး လုံးဝ မလှည့်နဲ့ ဆက်မောင်း .."

ထွန်းဝင်း ဘာလုပ်ရမှန်းမသိတော့တဲ့ ပတ်တီးစည်းထားသည့်… နေ သွေးတွေစိမ့်ယိုကျနေသော ဒဏ်ရာကိုလည်း လှည့်ကြည့်မိကာ

"ဟာ ...."

"ဂျိမ်း ...."

"အား ..."

တစ်ဖက်က လမ်းတောင်းပြီး ဖြတ်ဝင်လာသည့်ကားကို သတိမ…



…တ်ဘဲ ခါးလည်းကို တည့်တည့်တိုက်လေသည်။ လူတွေ ဘာမှမထိ …သော်လည်း ကားနှစ်စီးစလုံးဘဝက မရှုမလှဖြင့် ..၊

"အိုခေ .. အဲဒါ အဆင်ပြေတယ် .."

ပြဒါး က ပြောလိုက်ပြီးမှ လက်ကိုင်အိတ်ကို ပြန်ဆွဲယူပြီး ကားထဲ …ွက်၏။ တစ်ဖက်က ကားသမားနဲ့ ဘာတွေပြောနေမှန်းမသိပေမယ့် …စီ ကားထဲကနေ ကြည့်နေမိ၏။

ကားနှစ်စီး၏ ဒဏ်ရာတွေကို နှစ်ယောက်စလုံးကြည့်လိုက်ကြပြီး …း က အိပ်ကိုဖွင့်၍ပိုက်ဆံပေးနေသည်။ ထိုလူ ဘာတွေထပ်ပြောသည် …တဲ ပြဒါး က ထိုသူကို သူ့ကားထဲရောက်သွားအောင် တွန်းယည့် …၏။

ပြီးတော့ တံခါးပါပြန်ပိတ်ပေးလိုက်သေးသည်။ ထွန်းဝင်း မျက်နှာ …ဆုလောက် ငယ်ကျနေလျက် ကားထဲပြန်ဝင်လာတော့ ကတုန်ကယင်..။

ပြီးတော့ ညဏ့် ကို မသိမသာလှမ်းကြည့်မိကာ စိတ်ထဲကကြိတ် …ဆုတောင်းမိ၏။

နောက်များ ဒီနှစ်ယောက်စလုံးပါလာမယ့်ကားကို မောင်းခွင့်မကြုံ …ဆေနဲ့ ..၊

www.burmeseclassic.com



အခန်း (၂၄)

"ပြဒါး .."

"ဘာလဲ .."

"ရှင် ဘာလို့ ကျွန်မ ပိုက်ဆံအိတ်ယူသွားတာလဲ .."

"ယူသွားပါတယ်ဆို သုံးဖို့ပေါ့ .."

"ရှင့် .."

ဒေါသတင်မကဘဲ ပြောချင်တာတွေ စုပြုံကျပ်သိပ်လာကာ ဖုန်း ပို၍ဖိဆုပ်ထားမိလျက် ..။

"ရှင် .. ဒီလောက်တောင် ယောကျ်ားမဆန်လှချေလား .."

"ယောကျ်ားဆန်တာ ဘယ်လိုမျိုးလဲ .. ပြောကြည့်လေ .."

"ခု ချက်ချင်း ကျွန်မပိုက်ဆံအိတ် ပြန်လာပေး .."

"ငါက ခုမှတက္ကစီပေါ်ရောက်တာ သွားလာစရာရှိတာတွေနဲ့ ရောက်မှာနဲ့တွက်ရင် မင်းဆီကို ချက်ချင်းရောက်ဖို့မလွယ်ဘူး၊ အဲ ရန်ကုန်မြို့က ကားလမ်းတွေအခြေအနေနဲ့ ထည့်ပေါင်းလိုက်ရင် ရှစ်နာရီဝန်းကျင်လောက်မှ .."

"တောက် .."

ညဏ် ဖုန်းချပစ်လိုက်ကာ လက်ထဲမှာ ကျိုးကြေသွားလောက်



ဝ်ပွတ်ချေနေမိသည်။ စိတ်ကိုထိန်းလို့မရသည့်အဆုံးမှာ သူ့ရှာ လိုက်မိလျက် ..။

"ရှင် ဘယ်မှာလဲ .. သူရာ .."

".... .... ...."

"ရှင့်ရဲ့ ပြဿဒါးကြောင့် ဒီနေ့လည်း ကားတစ်စီး ဘော်ဒီရုံရောက် ပြန်ပြီ .."

".... .... ...."

"ရှင် သိပြီးသားမှန်းသိတယ်လေ၊ အဲ့ဒါကို သတင်းပို့နေတာ တ်ဘူး၊ သူ ကျွန်မ ပိုက်ဆံအိတ်ကိုပါယူသွားတာ သိလား၊ အဲ့ဒီထဲ အပြီးမသတ်ရသေးတဲ့ လယ်ဂျာတွေရော၊ လိုင်စင်နဲ့ အရေးကြီးတဲ့ က်စာတမ်းတွေလည်းရှိသေးတယ် .."

".... .... ...."

"စာဖတ်တတ်မှန်းသိတယ်လေ၊ ဒါပေမယ့် အဲ့ဒီလူက ဘာကို လေးအနက်ထားလို့လဲ .. အရေးကြီးတာ မကြီးတာကို ဘာကိုခွဲခြား လဲ၊ သူ့အတွက် တစ်လောကလုံးမှာ ကြောက်ရမယ့်လူရောရှိလို့ ..."

ညဏ် ပြောနေသမျှ နားထဲမှာ စက်သေနတ်ပစ်သွင်းနေသလား ရ၏။ မကြာသေးခင်ကမှ ထွန်းဝင်း က ဖုန်းဆက်သည်။ အကျိုး ကြောင်းအားလုံး သူ သိပြီးဖြစ်သည်။

ဖြစ်လာသမျှ ပြဿနာတွေက ဇာမင်ဖန်တီးတာမဟုတ်ခဲ့ပေမယ့် ဒါး ရဲ့ အပြောအဆိုတွေကြောင့် ရှင်းမရလောက်အောင် ရှုပ်နေခဲ့၏။

ဒီတိုင်းသွားနေသမျှ ဒေါသတွေ အမုန်းတွေပဲ အထပ်ထပ်တင် ခက်မည်။ ပြဒါး ရဲ့ စိတ်ကို နားလည်နေလို့လည်း သူ့ဘက်က ဒီ ပိုပြီး ချုပ်ကိုင်နိုင်ဖို့က မလွယ် ..။

"သား .."

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုင်ရင်း ငိုင်နေမိဆဲ ကျောနောက်က ခေါ်သံကြောင့် မှန်
နားကနေ နောက်လှည့်ကြည့်လိုက်မိသည်။

"မေမေ .."

ဒေါ်မြတ်နိုးသူ နှင့် ဒေါ်မေသိမ်း တို့က အတူယှဉ်တွဲရပ်နေ
ကာ ဒေါ်မြတ်နိုးသူ က လက်ကိုင်အိတ်ကြီးကို လက်တံတောင်ဆစ်
မှာ ချိတ်ထားလျက် ရှေ့ကိုတစ်လှမ်းချင်းတိုးလျှောက်လာ၏။

"ဟုတ်တယ် သား .. သားကပြောထားပေမယ့် မေမေသား
မတွေ့မမြင်ဘဲ ဘယ်လောက်နေနိုင်မှာလဲ၊ ပြီးတော့ သိမ်းသိမ်း တို့
လည်း သားနဲ့တွေ့ချင်လို့ .."

ဒေါ်မေသိမ်း နဲ့ သူရာ မျက်လုံးချင်းဆုံသွားကြ၏။ ပြီးတော့ သူ
မျက်လွှာချလိုက်ပြီး တစ်ဖက်မှာ ကန့်ထားသည့် ဧည့်ခန်းဆိုဖာတွေ
ဦးဆောင်လျှောက်သွားသည်။

အိမ်ကိုမလာပါနဲ့မှာထားသဖြင့် ကုမ္ပဏီထိ မေမေ လိုက်လာ
တာကို စိတ်ထဲမကောင်းပါ။ ဒါပေမယ့် စိတ်ကျဉ်းကျပ်မှုတွေ ပိုကဲ
သွားတာက အမှန်ပင် ..။

ကုမ္ပဏီမှာရှိသည့် ဝန်ထမ်းတွေကလည်း နှစ်ဖက်မိဘတွေကို သိ
ထားကြသဖြင့် မေမေတို့ သူ့ရှေ့ရောက်လာတဲ့အထိ လျှောလျှော

"မေမေ .. ကျွန်တော်က .."

"ခဏလေး သား .. မေမေတို့ ထိုင်ဦးမယ် .."

မေမေ ပြောမှပဲ လူကြီးတွေကို ခရီးဦးကြိုမပြုခဲ့မိတာ သတိရသည်။

"ဟုတ်ကဲ့ပါ .. မေမေနဲ့ အန်တီ ထိုင်ပါဦး၊ အလုပ်ကိစ္စ ဖုန်းဆ
လာလို့ အဆင်မပြေတာတွေ ပြောနေရင်းနဲ့ စိတ်က ရုတ်တရက်
မကပ်ဘူး ဖြစ်သွားလို့ပါ .."

"ဟွန်း .."

"ဟုတ်တာပေါ့ .. အလုပ်အဆင်မပြေရင် စိတ်ရှုပ်ရတာပဲ



ထွေတာပေါ့တာတွေပါသလား မပါဘူးလားမသိ၊ ဒေါ်မေသိမ်း
အားကြောင့် သူရာ နေရခက်သွားခဲ့၏။ မျက်လုံးချင်းဆုံလိုက်တော့
ည်း ဒေါ်မေသိမ်း မျက်ဝန်းမှာ အဓိပ္ပာယ်ရှာဖို့ခက်နေလျက် ..၊

"သားဂ လူငယ်ပေမယ့် တည်ဆောက်ပြင်ဆင်နေတဲ့လုပ်ငန်းခွင်
မငယ်ဘူးလေ၊ စိတ်များရတယ်ဆိုတာ အန်တီ နားလည်ပါတယ်၊
ါပေမယ့် .."

ဒါပေမယ့်မှာ မျက်နှာပြင်ထက်က ခံစားမှုအလိုက် အမူအရာတစ်
ခုစာ ပြောင်းလဲသွားခဲ့၏။

"သား အလုပ်တွေ ကြိုးစားနေတာ ကိုယ့်မိသားစုရှေ့ရေးအတွက်
မဟုတ်ဘူးလား .."

"ဟုတ်ကဲ့ .."

"အိမ်ထောင်တစ်ခုမှာ ငွေကြေးဥစ္စာတောင့်တင်းနေရုံနဲ့ ပြည့်စုံပြီ
ဆို့ မပြောနိုင်သလို ငွေရှာနေနိုင်တိုင်း အိမ်ထောင်ဦးစီးကောင်းတစ်
ယောက် ဖြစ်လာတာမဟုတ်ဘူး .."

သူရာ မေမေ့ကို လှမ်းကြည့်လိုက်လျှင် မျက်ဝန်းတွေ ခပ်လဲ့လဲ့
နေလျက် စိတ်မချမ်းမြေ့ခြင်းက အထင်းသားပေါ်လွင်နေ၏။

ထို့ပြင် ဒီကိုရောက်လာရခြင်းအကြောင်းဟာ ဒေါ်မေသိမ်း ၏ ဆန္ဒ
အလျောက်သာဖြစ်မှန်း သူ နားလည်လိုက်၏။

"သား .. သူရာ .."

"ခင်ဗျာ .."

"အန်တီ တစ်ခုလောက်မေးလို့ရမလား .."

"ဟုတ်ကဲ့ .. မေးပါ .."

ဒေါ်မေသိမ်း က သူရာ့ မျက်နှာကိုပဲ စူးစိုက်ကြည့်နေလျက် ..

"သမီးနဲ့ သားတို့ လက်ထပ်ကြတာ ဒီအိမ်ထောင်ရေးသာယာမှာ
လို့ အန်တီတို့က ထင်ခဲ့ကြတာ၊ အထူးသဖြင့် သာယာတဲ့ အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ရေးဖြစ်အောင် သား တည်ဆောက်နိုင်မယ်လို့ ယုံကြည်ခဲ့တာပေါ့ -"

သူကိုယ်တိုင် ချစ်ခင်မြတ်နိုးသောကြောင့် ညဏ့် ကို လက်ထပ်ခွင့်ရဖို့ ကြိုးစားယူခဲ့တာ အသိုင်းအဝန်းအားလုံးသိနေခဲ့ကြသည်။

ဒေါ်မေသိမ်း ဘာကိုဆိုလိုချင်တာမှန်းလည်း သူသိပါ၏။ ဒါပေမယ့် သူ့ဘက်က ဖြေရှင်းချက်တစ်စုံတစ်ရာပေးနိုင်စွမ်းမရှိခဲ့ခြင်းနှင့်ပတ်သက်၍ ..

"အန်တီက လူငယ်တွေကြားမှာ နေရာတကာ ဝင်ပါတာမျိုး မလုပ်ချင်ဆုံးပဲ သူရာ၊ ဒါပေမယ့် သားအမေနဲ့ ပြောဆိုတိုင်ပင်ကြည့်တော့လည်း ဘာအကြောင်းတရားဆိုတာ အဖြေရှာမရဘူး၊ ဒါကြောင့် ခုလိုရောက်လာခဲ့တာပါ၊ သားနဲ့သမီးရဲ့ အိမ်ထောင်ရေးမှာ မင်္ဂလာဦးညမှာ ကြုံခဲ့ရတဲ့ အခက်အခဲဒုက္ခကြောင့် ဒီလောက်ထိ အေးစက်ထုံထိုင်းသွားဖို့မလိုပါဘူး၊ ဟုတ်တယ်မို့လား သား .."

"ဟုတ်ပါတယ် အန်တီ .. အဲဒါတွေနဲ့ ပတ်သက်လို့ .."

စကားမဆက်ဘဲ ပြတ်တောက်သွားခြင်းအတွက် ဒေါ်မေသိမ်းက နှာခေါင်းရှုံ့ ရှင်း အားမလိုအားမရဖြစ်လာခဲ့လျက် ..၊

"ပြောလေ သား .. အခု သမီးရဲ့ ကွယ်ရာမှာ အန်တီ့ကို သားသူငယ်ချင်းလို သဘောထားပြီး ပွင့်လင်းလို့ရတယ်၊ သားရဲ့ စိတ်ထဲမှာ ဘယ်လိုအတွေးတွေဝင်နေသလဲ .. လက်မထပ်ရသေးခင်နဲ့ လက်ထပ်ပြီးတဲ့အချိန်မှာ ဘာတွေပြောင်းလဲသွားလို့လဲ .."

ဒေါ်မေသိမ်း ရဲ့ အဓိကသိုလိုရင်းကို တစ်စွန်းတစ်စကြားလိုက်ရသဖြင့် သူရာ စိတ်ဆင်းရဲသွားမိသည်။

နောက်ထပ် မေးခွန်းတွေ ထပ်ပါလာခဲ့လျှင် သူ့ဘက်က ဘယ်လိုဖြေရမလဲ၊ လက်ထပ်ပြီးမှ ပြောင်းလဲသွားရတာ ဘာကြောင့်လဲဆိုတာ ဘယ်လိုပြောရမလဲ ..၊

မေမေ့ကိုကြည့်မိတော့လည်း မကူညီနိုင်တော့သည့် မျက်နှာခပ်



နွမ်းနွမ်းနှင့် သူ့ကို လှမ်းကြည့်နေခဲ့၏။ သူရာ အံကြိတ်လိုက်မိသည်။

ချစ်ရသူကို မချစ်သလိုနေရခြင်း၊ မွေ့ပိုက်ယုယလိုပါလျက်နှင့် ခပ်ရှာရှာဥပေက္ခာထားသလို ဟန်ဆောင်ရခြင်း၊ ဒီလိုဥပေက္ခာတွေနဲ့တင် သူ့ဘဝ သေနေခဲ့ပါပြီ။

နောက်ထပ် အမှန်တရားတွေကို ဖုံးကွယ်ဟန်ဆောင်ရဦးမည်ဆိုလျှင် ..၊

"ဒီလောက်ထိ ပြောရခက်နေတယ်ဆိုတော့ သမီးဘက်က ချို့ယွင်းချက်တစ်ခုခုရှိနေလို့ အန်တီ့ကို ပြောမထွက်တာများလား .."

"မဟုတ်ဘူး အန်တီ .. ညဏ့် မှာ ဘာအပြစ်မှမရှိပါဘူး၊ ရှိခဲ့ရင်လည်း ညဏ် နဲ့ ပတ်သက်ရင် နားလည်ခွင့်လွှတ်ဖို့ပဲ ကျွန်တော် ကြိုးစားမှာပါ .."

"အဲ့ဒီလိုပဲ ထင်ခဲ့တာပါ၊ ဒါပေမယ့် အခု ထပ်ကြားလိုက်တော့ ပိုရှုပ်သွားပြီ၊ အန်တီ မေးရပါရစေ .. ပြဒါး ဆိုတဲ့ကောင်လေးကို အိမ်မှာခေါ်ထားပြီး သားက အပြင်မှာချည်းဖြစ်နေတဲ့အခြေအနေက ဘာလဲ၊ ဒီကောင်လေးနဲ့ သမီး အစကလည်းပတ်သက်ခဲ့တဲ့ပုံမရှိပါဘူး၊ ခုလည်း မသင့်မြတ်ကြဘူးဆိုတာ အန်တီကြားတယ် .."

သူရာ ခေါင်းငုံ့နေရသည့်အခြေအနေတစ်ခု စတင်လာခဲ့၏။ ဒေါ်မြတ်နိုးသူ ကိုယ့်သားရဲ့အဖြစ်ကို သိနေပေမယ့် ဘာမှမကူညီနိုင်ဘဲ ဖြစ်နေခဲ့သည်။

'မေမေ ဒါကိုတော့ ကတိပေးပါ' လို့ အထပ်ထပ်တောင်းထားခဲ့သည့် ကတိတစ်ခုကြောင့်၊ ထို့ပြင် သားရဲ့ စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်ဖို့အတွက် ဘာကိုမှ ထည့်တွက်စဉ်းစားမှုမဟုတ်သည်မို့ သူမ ဒေါ်မေသိမ်းနဲ့အတူ ဒီကိုရောက်လာခဲ့ရခြင်းဖြစ်သည်။

သူတို့ရဲ့ မတင်မကျ နားမလည်နိုင်ခြင်းတွေကို သူတို့ကိုယ်တိုင်ပဲ မေးကြပါစေ။ သားဘက်က ဘယ်လောက်ထိ ကျေနပ်အောင်ဖြေပေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုဘာလည်း သား ကိုယ်တိုင်ပဲ ဆုံးဖြတ်စေလိုတာမို့ ..။

ထိုအကြောင်းများကြောင့် သူမ တစ်ခွန်းတစ်ပါဒမျှ ဝင်မေး ဝင်ဖြေ ပေးလို့ ဆုံးဖြတ်ခဲ့၏။ ကြည့်လိုက်တော့ သူရာ မျက်နှာမကောင်းစွာ ရှိနေရင်း နဖူးပြင်ကို အစိပ္ပာယ်မဲ့စွာ ပွတ်သပ်ကုတ်ခြစ်လျက် ..၊

"ကျွန်တော် ...."

"— .... ...."

"ကျွန်တော်နဲ့ ပြဒါး က ဆွေနီးမျိုးစပ် .."

"ဟင် .. ဘယ်လို .."

ဒေါ်မေသိမ်း အံ့သြခြင်းကို မျိုသိပ်မထားနိုင် ..၊

"ဘယ်လိုပြောလိုက်တယ် သူရာ .. သားနဲ့ ဆွေမျိုးတော်တယ် ဆိုတာလား၊ အဲ့လို ပြောလိုက်တာလား .."

"ဟို .. ဆွေမျိုးတော်ကြတဲ့လူတွေထက် သံယောဇဉ်ပိုခဲ့ကြတာကို ပြောတာပါ .."

ဒါ .. ဖြစ်နိုင်ရဲ့လား ..၊

ဒေါ်မေသိမ်း မျက်နှာက သိပ်တော့ဘဝင်ကျပုံမရှိပေ ..။ ဟန်မဆောင် တတ်သည့်လူမို့ ပိုပြီးသိသာနေတာလည်း ဖြစ်နိုင်၏။ သူရာ့ ကို ဒေါ်မေသိမ်း သချာနားလည်ချင်လာတာ အမှန်ပင် ..။

သမီးက ဘဝင်မကျပါဘူးပြောနေသည့်ကြားက ဒီလူလေးပဲ သင့်တော်ကောင်းမွန်ပါသည်ဆိုပြီး ဖျောင်းဖျနားချပြီး လက်ထပ်ပေးခဲ့တာ လည်း ကိုယ်ပဲဖြစ်ခဲ့တာမို့ သမီးလေး စိတ်ဆင်းရဲနေသည်ဆိုတော့ ဒါကို ဖြေရှင်းပေးချင်မိသည်။

"အဲ့ဒီလူက သူ့အိမ်သူ့ယာ ကျနေတာပဲ မေမေ .. သမီးကိုလည်း ဂရုမစိုက်ဘူး၊ တစ်ခါတစ်ခါ ရီသလိုလို လှောင်သလိုလိုတွေပြောသေး တယ် .."

"ပြန်ရောက်လာတာလည်း သူ့ကို ခဏပဲမြင်လိုက်ရတယ်၊ အလုပ်



နဲ့ အိမ်ကလွဲပြီး ဘာကိုမှ ဂရုတစိုက်မရှိတော့ဘူး၊ ကြည့်လိုက်ရင် .. ပြဒါး သိဖို့လိုလို့ .. ပြဒါး ပါမှ ဖြစ်မှာမို့လို့ ပြဒါး ရှိတယ်တယ်၊ ဒါတွေနဲ့ပဲ သူ အလုပ်ရှုပ်နေတာ .." ဘဲ ..။

သမီးက အတိုင်းအတောမထူတတ်ပါဘူး။ ကိုယ်ကပဲ စိတ်က ရောက်တိုင်း ဖုန်းဆက်မေးခဲ့တာဖြစ်သည်။ ထို့ပြင် ကိုယ့်ဘက်က အပြစ် လုပ်ခဲ့တာမျိုး မရှိစေချင်လို့ စကားကုန်အောင်မေးခဲ့မိသေးသည်။

"ဒီကောင်လေးနဲ့ တက္ကသိုလ်မှာဆုံခဲ့ဖူးတာမျိုး၊ သင်တန်းတွေ ဘာတွေမှာ မရိုးမသားပတ်သက်ခဲ့တာမျိုး သမီးဘက်က မရှိခဲ့တာတော့ သေချာပါတယ်နော် .."

ဒီထိ ဒေါ်မေသိမ်း မေးထားခဲ့ပြီးပြီ။ သမီး ပြန်ပြောပြပုံအရ လမ်း ပေါ်မှာ ဆုံခဲ့ဖူးတာတောင် တုတ်တစ်ပြတ် ဓားတစ်ပြတ်ဖြစ်ကြတော့ မည့်အခြေအနေမျိုးနဲ့ဖြစ်သည်။

ဒီလိုလူတစ်ယောက်ကို ဘာဖြစ်လို့ အိမ်ပေါ်ခေါ်တင်ထားပါသလဲ။ ကိုယ့်ဇနီးနဲ့ ဒီလိုလူငယ်တစ်ယောက်ကို စိတ်ချလက်ချ တစ်မိုးအောက် မှာ နေစေတာက ဘာလဲ ..၊

ပြဒါး ဆိုသည့်လူငယ်က ခေတ်ရုပ်မျိုးမဟုတ်ပေ ..။ စီးပွားရေး နယ်ပယ်မှာ ကျင်လည်ကြိုးစားနေရတဲ့ သူရာ့ ပုံစံနဲ့ ယှဉ်လျှင် ချောမော ၍ လွတ်လပ်ပေါ့ပါးသော ဤလူငယ်က ပို၍ဆွဲဆောင်မှုရှိသည်။

တောင့်တင်းကျနသည့် ကိုယ်ဟန်၊ ခေတ်လူငယ်တွေအတိုင်း အဆီ ပိုမရှိ ပါးလျားမြင့်မားသော အရပ်အမောင်းက သူ့ထက်တောင်ပိုကဲနေ သေးသည်။

ဒီလိုလူကို ကိုယ်နဲ့လည်း အဆင်မပြေသေးသော ဇနီးရဲ့သားမှာ ဘာကြောင့် စိတ်ချထားတာလဲ ..။

မသိရင် တမင်နီးစပ်အောင် ဖန်တီးနေတာမျိုး ..၊

"ပြဒါး က ကျွန်တော့်အတွက် အစစအရာရာ ကျညီဖြည့်ဆည်း

www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်ပြီး အားလုံးအတွက် စိတ်ချရတဲ့သူပါ ..”

သူရာ ကောပြန်စလိုက်တော့ ဒေါ်မေသိမ်း မျက်ခုံးနှစ်ဖက်ပင့်တက်သွားသည်။

“ဒါတော့ မင်းပြောတာ နည်းနည်းလွန်သွားပြီထင်တယ် သား..”

“အဲ့ဒီလို ထင်စရာရှိတယ် ..”

“အခု လူရိုးဆိုတာ သချိုင်းမှာတောင်ရှာလို့မရတော့ဘူး ..”

“ဟုတ်ပါတယ် .. သူက လူရိုးတော့မဟုတ်ပါဘူး၊ ဒါပေမယ့် ယုတ်မာလိမ်ညာတတ်တဲ့သူ မဟုတ်ဘူး၊ သစ္စာဆိုတာ သူ ဂရုစိုက်ချင်မှ စိုက်လိမ့်မယ်၊ သစ္စာမရှိတဲ့လူစားထဲမှာတော့ မပါပါဘူး ..”

“ကိုယ့်ကိုယ်ကိုယ်တောင် နားလည်ဖို့ခက်ကြသေးတာ သူများတစ်ပါးကို သားက ဘာဖြစ်လို့ ဒီလောက်ယုံကြည်နေရတာလဲ၊ အန်တီက သူစိမ်းတစ်ယောက်နဲ့ သမီးကို စိတ်မချလွန်းလို့ပြောနေတာမဟုတ်ဘူး၊ သား လုပ်ကိုင်နေထိုင်ပုံတွေ အထာမကျတာကို ဂရုစိုက်စေချင်တာ၊ အဓိကကတော့ အိမ်ထောင်ရေးအတွက် စိတ်ပူတာပဲ ..”

ဝန်ထမ်းကောင်လေးတစ်ယောက်က အအေးနဲ့ မုန့်တွေယူလာပေးသည်။ ဒါပေမယ့် ဘယ်သူမှ စားသောက်ဖို့ မစဉ်းစားမိဘဲ ရှုပ်ထွေးမှုကိုယ်စီဖြင့် ..၊

“သမီးနဲ့ ဒရိုင်ဘာနှစ်ယောက်တည်း လွှတ်လို့ ဘာဖြစ်ခဲ့သလဲဆိုတာ သား သိပါတယ်၊ သမီး ဘာဖြစ်လို့ သူ့ကိုယ်သူ ဂရုမစိုက်ဘဲ အပြင်ထွက်ခဲ့တာလဲ၊ ဘာကြောင့် ဒီလိုတွေးဖြစ်ရတာလဲ .. အဲဒါတွေက ..”

“ကျွန်တော် ဝတ္တရားပျက်ကွက်ခဲ့လို့ပါ..”

“အန်တီ အဲဒီလို အပြစ်ထောက်ပြချင်ရုံသက်သက်နဲ့ လာခဲ့တာမဟုတ်ပါဘူး၊ ဒါပေမယ့် သား ပြန်ရောက်လာတော့လည်း သမီးက တစ်ယောက်တည်း အထီးကျန်နေရတုန်းပဲဆိုတော့ ..”

“သူကတော့ အဲဒီလိုတွေးမိမယ် မထင်ပါဘူး” လို့ စိတ်ထဲက



ပြောမိသေးသည်။ ‘ရှင်နဲ့ ကျွန်မ ဒီ့ထက်နားလည်ရင်းနှီးကြဖို့လိုသေးတယ်ထင်တယ်၊ ကျွန်မကတော့ တစ်ယောက်စိတ်ကိုတစ်ယောက် မလှမ်းမိုးနိုင်ဘဲ အိမ်ထောင်သည်ဘဝကို မလိုချင်သေးဘူး’ လို့ သူမကပဲ တောင်းဆိုထားခဲ့တာပါ။

ဒါပေမယ့် ခံစားချက်အားလုံးဟာ နာကြည်းမုန်းတီးမှုတွေအဖြစ် တင်ကျန်ရစ်ခဲ့ကြတာမဟုတ်သည်မို့ ..၊

“အန်တီ စိတ်ချမ်းသာဖို့ ကျွန်တော့်ဘက်က တစ်ခုတော့ သေချာပေါက်ပြောနိုင်ပါတယ် ..”

ဒေါ်မေသိမ်း က ဘာမှပြန်မမေးဘဲ နားစွင့်နေ၏။

“ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စတစ်ချို့နဲ့ လုပ်ငန်းကိစ္စတွေ လုံးထွေးနေလို့ ဒီသုံးလေးလအတွင်း အားလုံးကို မျက်စိလည်ရှုပ်ထွေးစရာတွေပေးသလိုဖြစ်နေဦးမှာဆိုတော့ ..”

“ဘယ်လို .. သုံးလေးလတောင် .. ဟုတ်လား ..”

ကြားလားဆိုသည့်အကြည့်နှင့် ဒေါ်မေသိမ်း က ဒေါ်မြတ်နိုးသူ ကို လှည့်ကြည့်သည်။ ပြီးမှ သူရာ ကို ပြန်ကြည့်ကာ ..၊

“သားက ဘာတွေရှုပ်ထွေးနေလို့ သုံးလေးလတောင် ..”

“အဲဒီနောက်ပိုင်းကျရင် ကျွန်တော် ဉာဏ့် အပေါ် ဘယ်လောက် ထိမြတ်မြတ်နိုးနိုးချစ်ခဲ့ရသလဲဆိုတာ အန်တီတို့အားလုံးသိကြမှာပါ၊ ဉာဏ် ကိုယ်တိုင်လည်း နားလည်သွားမယ်ထင်တယ်၊ ကျွန်တော် ဉာဏ့် အပေါ်လုံးဝ သစ္စာမဖောက်ပါဘူး ..”

ကျွန်တော် ရည်ရွယ်သမျှ ဉာဏ် နဲ့ပဲ ပတ်သက်ပါတယ်။

“ဒါဖြင့် မင်း အခု အလုပ်ရှုပ်နေတာတွေက ..”

“ဉာဏ့် ကို ကျွန်တော် ဘာလုပ်နေနေ ဘယ်သွားသွား မမေ့ဘူးဆိုရင် ကျွန်တော့်ရဲ့ အနာဂတ်က ဉာဏ် ပါပဲ အန်တီ၊ တကယ်လို့ ကျွန်တော်က အနာဂတ်မဲ့နေတဲ့လူတစ်ယောက်ဖြစ်နေခဲ့ရင်တောင် ..”

www.burmeseclassic.com

www.burmeseclassic.com



ဟင် …၊

အနားက ရှိုက်သံကြောင့် ဒေါ်မေသိမ်း ဖျတ်ခနဲလှည့်ကြည့်မိ၏။ ငိုရှိုက်နေသူက ဒေါ်မြတ်နိုးသူ ဖြစ်နေခဲ့ရာ …၊

“မသူ … မသူ ဘာဖြစ်လို့လဲဟင်၊ ကျွန်မက ကလေးတွေ မှားယွင်းနေတာရှိရင် တည့်မတ်ပေးချင်လို့ မေးမြန်းကြည့်ရုံပါ …”

ဒေါ်မြတ်နိုးသူ က မျက်ရည်သုတ်ရင်း ခေါင်းတွင်တွင်ခါပြ၏။ လက်ကာပြတာလည်းရှိကာ …၊

“သိမ်းသိမ်း ပြောနေလို့မဟုတ်ပါဘူး၊ ဘာမှမဆိုင်ပါဘူး ဆောရီးပါ … တကယ် ဘာမှမဟုတ်ဘူး …”

သေမယ့်ရက်ကို လက်ချိုးရေတွက်နေရတဲ့ ကိုယ့်သားလေးအဖြစ်ကို ဖွင့်ချင့်ကြွေးချင်ပေမယ့် မျိုသိပ်နေခဲ့ရသည်။

ပြောရခက်သည့် အကြောင်းတရားတွေနဲ့ လူယုတ်မာလိုလို၊ တာဝန်မဲ့သလိုလို ဖြေရှင်းရခက်နေတာကိုလည်း မိခင်တစ်ယောက်အနေနဲ့ ကူညီခွင့်မရ …။

မင်္ဂလာဦးညမှာ အဖြစ်ဆိုးကြတာချင်းအတူတူ၊ ညဏ်လေး ကျမှ ဒုက္ခိတဖြစ်ရလေခြင်းလို့ လူတိုင်းသိထားခဲ့ပေမယ့် ကိုယ့်သားလေးမှာ သေမယ့်ရောဂါကြီး အမြစ်တွယ်ကျန်ရစ်တာကိုတော့ ဘယ်သူမှမသိ…။

နောက်လေးလအကြာမှ သေရမယ့်လူဟာ သားလေးမဟုတ်ဘဲ ကိုယ်သာဖြစ်လိုက်ပါတော့လို့ အကြိမ်ကြိမ်ဆုတောင်းမိသော်လည်း …

လောကကြီးသည် ဘယ်အရာကိုမှ တောင်းတတိုင်းမပေး …၊



အခန်း (၂၅)

“သမီးရေ …”

ဒေါ်စီစီ ပြေးဝင်လာတော့ ဘာပြောတော့မည်ဆိုတာ ညဏ် ကြိုသိနေခဲ့၏။ နာရီကိုမသိမသာလှမ်းကြည့်လိုက်ရင်း အိပ်ရာပေါ်အသာလှဲလိုက်သည်။

“သမီးရယ် … ပြဒါး ကိုယ်တွေတအားပူပြီး သတိတောင်လစ်နေတယ်၊ မနည်းလှုပ်နှိုးမှ တစ်ချက်လောက်ပဲ တွန့်တယ်သိလား …”

“တစ်ချက်မှ မတွန့်တော့ဘူးဆိုရင် သေသွားပြီဆိုပြီး ဖုန်းလှမ်းဆက်လိုက် …”

“အို … သမီးရယ် …”

“သူများဆီက အချောင်ရတဲ့ ပိုက်ဆံတွေနဲ့ ထင်သလိုစားသောက်သုံးစွဲလာတာ နည်းသေးတယ် …”

“အယ် … အဲ့ဒါ … အဲ့ဒါ အခု သူ့အိပ်ရာဘေးက စားပွဲပေါ်မှာ အဆေါ်တွေ့ခဲ့တယ်သိလား …”

“ဘာ …”

ဒေါ်စီစီ ဖိုသီဖက်သီဖြစ်နေသည့် ဆံပင်တွေကို ဘီးနဲ့ပြန်လည်ရစ်ပတ်နေရင်း …၊

www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံတွေလေ .. တစ်သောင်းတန်တွေရော၊ ငါးထောင်တန်တွေရော အုပ်လိုက် ဒီတိုင်းပဲ .. စားပွဲပေါ်မှာ ဒီတိုင်းကို ပစ်တင်ထားတာ.."

ပြောလိုက်ကာမှ ဉာဏ် ကိုယ့်ပိုက်ဆံတွေကို ပြန်မြင်ယောင်မိသည်၊ အိတ်ထဲမှာ ငွေကိုးသိန်းတိတိပါတာကို ပြန်ရောက်လာတော့ စာရွက်စာတမ်းတွေအပြင် ပိုက်ဆံတစ်စိုးတစ်စိ မရှိတော့သည့်အိတ်ကြီးကိုလေး၍ ...

"ရော့ .. အဲဒီမှာစစ်ကြည့်ဦး၊ မင်းရဲ့ အရေးကြီးတာတွေ မကြီးတာတွေ မသိပေမယ့် တစ်ရှူးတစ်စတောင် မပျောက်မရှအောင် ထိန်းသိမ်းလာခဲ့တာ .." တဲ့ ..။

ရှေ့မှာ အိတ်ကိုချပေးတဲ့မျက်နှာက ပြောင်လွန်းလို့ ဆိုသုတ်ထားသည့် ကျောက်ကျောလားထင်ရသည်။ တွေ့ဖူးကြားဖူးသမျှ ယောကျ်ားတို့၏ မကောင်းသောအတင်းအဖျင်းတွေထဲမှာတောင် ဒီလောက်ရဲတင်းပြီး မျက်နှာပြောင်တဲ့ယောကျ်ားမရှိခဲ့ဖူးထင်သည်။

"သိလား သမီး .. အဒေါ် ညာပြောတာမဟုတ်ပါဘူး၊ သူ့စားပွဲပေါ်မှာ တကယ်တွေ့ .."

"တွေ့တော့လည်း သူ သုံးလိုက်ပြီလို့ပြောခဲ့တဲ့ဟာ .. လိုချင်လို့ တမင်ယူထားတာမဟုတ်ဘူးလား အဒေါ် .."

ပြောနေရင်း သူ ပြောသွားတဲ့စကားတွေကိုပါ သတိရလာခဲ့၏။

ကိုယ့်ရှေ့ကို ပစ်ချပေးလိုက်တဲ့ အိတ်ရဲ့အခြေအနေကိုကောက်ကြည့်ပြီး သူ့မ ဒေါသတွေ တစ်ကနေပြန်စသွားခဲ့သည်။

ငွေကိုးသိန်းကျော်ကျော်ကို အကြွေအပျက်ပါ သုံးပစ်ခဲ့ပြီး သူ့ဇာအေးဆေးခြေလှမ်းတွေနဲ့ ကိုယ့်ရှေ့က လျှောက်ထွက်သွားလို့ ..၊

"ပြဒါး .."

ဘယ်လိုဒေါသတွေနဲ့ ဆောင့်ခါသွားမှန်းမသိပေ။ ကိုယ့်အသံကိုတောင် မမှတ်မိချင် ..။ သူ ပြန်ကြည့်တဲ့ပုံကြောင့် ပိုဆိုး၏။



"ဒီအိတ်ထဲက ပိုက်ဆံတွေရော .."

"ကုန်ပြီ .."

"ဘာပြောတယ် .. ရှင် .. ရှင် ဘာပြောလိုက်တယ် .."

"ပြောပြနေစရာ လိုလို့လား .. အိတ်ထဲမှာကြည့်လိုက် .."

"ကြည့်ပြီးလို့မေးနေတာလေ .. ကျွန်မအိတ်ထဲက ပိုက်ဆံကို ရှင်က ပိုင်စိုးပိုင်နင်း .."

"ပိုင်စိုးပိုင်နင်းမဟုတ်ဘူး .. ဒဏ်ရာပြန်ကုလာခဲ့တာ .."

ပတ်တီးလည်းစည်းမထားဘဲ ပလပ်စတာတွေအုပ်ကပ်ထားသည့် ဒဏ်ကို ထောင်ပြသည်။ ပြီးတော့ ..၊

"ပြီးတော့ မင်း ဒရိုင်ဘာ ကွိုင်ရှာလိုက်တဲ့ကားကို လျှော်ပေးခဲ့ရတာ မင်းရှေ့တင် မမြင်လိုက်ဘူးလား .."

"အဲ့ဒါ .."

"မင်းကို တွက်ပြမနေနိုင်ဘူး၊ အိတ်ထဲမှာ တွေ့ရင် ကျန်သေးတယ်၊ မတွေ့တော့ဘူးဆိုရင် ကုန်ပြီ .. ဒါပဲ .."

"ရှင် လူပါးဝလှချေလား၊ ပစ္စည်းဖြစ်ဖြစ် ငွေဖြစ်ဖြစ် မပေးဘဲယူရင် ခိုးတာပဲ .."

"ငါ မင်းရှေ့တင်ပြောယူသွားတာလေ၊ မင်းပဲ ကျွန်မအိတ်ပြန်ပေးဆိုလို့ မင်းအိတ် မင်းလက်ထဲရောက်နေပြီ၊ အိုခေ .."

လူကို မျက်နှာတည့်တည့်ကြည့်ပြီး 'အိုခေ' လုပ်သွားခဲ့သေးသည်။ ဒီလောက်မျက်နှာပြောင်တဲ့ လူယုတ်မာ သေလောက်အောင်အဖျားကြီးပြီး တစ်ခါတည်း အသက်ပါသွားပါစေ ..။

စိတ်ထဲမှာ အားပါးတရကျိန်ဆဲမိ၏။ သင်းက ပိုက်ဆံတွေတမင်နှိုက်ယူထားပြီး လူကို ရွဲ့တာလား၊ နောက်မှာလိုအပ်ရင်သုံးဖို့ဆောင်ထားချင်တာလား ..၊

"ဒေါ်ကြီးစီ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .."

နောက်ထပ် ဒေါ်ဂွမ်း ရောက်လာပြန်ကာ အခန်းတံခါးဟနေသည့်ကြားကနေ ဒေါ်စီ နဲ့ ညဏ့် ကို တစ်လှည့်စီချောင်းကြည့်ပြီး ..၊

"ဒေါ်ကြီး .. ဟိုကောင်လေး အခြေအနေမကောင်းဘူး .."

"အေးပါ .. သွား .. သွား .. ငါဒီမှာ ပြောနေတယ် .."

ဒေါ်ဂွမ်း က ဒေါ်စီစီ ထက် အသက်ပိုငယ်သည်။ ပြီးတော့ ဒီအိမ်အတွက် ဝေယျာဝစ္စတာဝန်ယူနေရတာက ဒေါ်စီစီ မို့ ဘာအကြောင်းရှိရှိ ဒေါ်စီစီ ပဲ ဖြစ်နေရကာ ..၊

"သမီး .."

"ဘာပြောဖို့လိုလို့လဲ အဒေါ် .. ဆရာဝန်ခေါ်ပေးလိုက်ပေါ့၊ ပြီးရင်သူ့နားမှာရှိတဲ့ ပိုက်ဆံနဲ့ ဆေးဖိုးရှင်းပေးလိုက်၊ သူ့စရိတ်နဲ့သူ သွားလိမ့်မယ် .."

"မပြောကောင်း မဆိုကောင်း သမီးရယ်၊ ဒီညမှ သူ့ဒွေးကလည်းအိမ်ပြန်မအိပ်နိုင်ဘူးဖြစ်နေတော့ သူ့အတွက် .."

"သူ့အတွက် ဘာလုပ်ရမလဲ ဖုန်းဆက်မေးလိုက်၊ သူပြောသလိုလုပ်၊ ဒါမှမဟုတ်ရင် ဆရာဝန်ခေါ်ပေးပါလို့ပြော ..၊ ဒီအိမ်က ဖုံးမထိုးခေါက်တာလည်း သူ့မိန်းမ မီးဖွားနေလို့ လာနိုင်မှာမဟုတ်ဘူး .."

ဒါကြောင့် ခုချိန်ထိ ဆရာဝန်ဆီ ဖုန်းမဆက်နိုင်ဘဲ ဒေါ်စီစီ တို့ညဏ့် ဆီ ရောက်လာခဲ့ရခြင်းဖြစ်သည်။ ညဏ် ကတော့ ဘာမှထပ်အပြောမခံဘဲ စောင်ဆွဲခြုံပြီး တစ်ဖက်လှည့်သွားသေးသည်။

အိမ်မှာ ကားတွေလည်း တစ်စီးမှမရှိပေ၊ အဲ့ဒါကရော ဘယ်သူ့ကြောင့်လဲ ..၊

ဘာဖြစ်ဖြစ် ဒီလိုလူကို ဥပေက္ခာထားတာ ငါမမှားဘူးဆိုသည့်မာနနှင့် မျက်လုံးတွေကို ဖွတ်မှိတ်ထားလိုက်၏။

သို့သော် ဒေါ်စီစီ တို့ရဲ့ လှုပ်ရှားသံတွေကို နားစွင့်နေမိခဲ့သည်။





နောက်ထပ်တံခါးမခေါက်ရဲတာ သိပေမယ့် ရောက်လာဦးမှာပဲလို့တော့ထင်နေခဲ့၏။

ညဉ့်တစ်နာရီခွဲသွားတဲ့အထိ ဘယ်သူမှ ပြန်ရောက်မလာကြတော့ပေ။ ရတော့သည့် မျက်လုံးပွေ့ကြောင့် အိပ်ရာမှာ ငုတ်တုတ်ထထိုင်သည်။

ဘယ်လိုအမုန်းတရားတွေပဲရှိနေပါစေ ..။ ကိုယ့်အိမ်မှာနေသည့်တစ်ယောက်ဒီလိုဖြစ်နေတာကို လုံးဝ လှည့်မကြည့်ဘဲ နေနိုင်လောက်အောင် အစွန်းရောက်မာကျောသည့် နှလုံးသားတော့ သူမမှာ မရှိခဲ့ဘူးသည်။

ခြေ့ရာပေါ်ကနေ ဆင်းရပ်လိုက်ပြီး ခပ်ဖွဖွစမ်း၍ လှော်ကလိုက်သည်။ ပြီးတော့ မှိတ်ခိုင်းထားသည့် မီးကိုပြန်ဖွင့်လိုက်သဖြင့် အခန်းမှာ လင်းထိန်သွား၏။

ဒေါ်စီစီ တို့ လာခေါ်ကြတုန်းက ဆယ့်တစ်နာရီပဲရှိသေးသည်။ အိပ်ပျော်သွားခဲ့သလားလို့ သံသယစိတ်နှင့် တွေးမိရင်း တစ်နာရီသည့် နာရီကိုထပ်ကြည့်မိ၏။ ထိုစဉ် ..၊

"အား .. ဟင်း .. ဟင်း .. ကျွတ် .."

ညည်းသံလား ..၊

ဖွင့်ထားသည့် တံခါးကို ကိုင်လျက် ထိတ်ခနဲဖြစ်သွား၏။ တစ်လုံး တိတ်ဆိတ်နေကာ နံရံကပ်ညအိပ်မီးလုံးလေးတွေပဲ လင်းနေ၏။ လူမမာရှိနေမှန်းသိပေမယ့် ညည်းသံကြီးကြားလိုက်တော့ ကျောသွားမိသည်။ ဒေါ်စီစီ တို့ကို အရင်ဝင်နှိုးဖို့ စိတ်ကူးနှင့် အခန်းထဲကထွက်စဉ် ဧည့်ခန်းဘက်က လှုပ်ရှားသံတစ်ချက်ကို သတိထားမိလိုက်သည်။ ချော့တိုးခဲ့ရင်း မီးတွေတောက်လျှောက်ဖွင့်လာခဲ့သဖြင့် ဧည့်ခန်းကိုတော့ တစ်အိမ်လုံးနီးပါး လင်းထိန်သွား၏။ သို့သော် ..၊

တံခါးတစ်ချပ်၏ မှန်ချပ်ထဲမှာ မားမားကြီးရပ်နေသည့် လူရိပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်လိုက်ရကာ ...၊

"အမလေး ..."

ကြက်သီးတွေ ထသွားကာ ဖျတ်ခနဲနောက်ပြန်လှည့်ပြေးလွှ

"အင့် .."

"အ .. သေပြီ .."

နောက်မှာရောက်နေသည့် ပြဒါး ရင်ခွင်ထဲ တန်းခနဲရောက်

"ဟိုမှာ .. အပြင်မှာ လူ .. သရဲ .. သရဲ .."

"ဘယ်မှာလဲ .. ဘာမှမရှိဘူး .."

"ရှိတယ် .. မှန်ထဲမှာကြည့်လိုက် .."

ပြဒါး ကိုယ်ကို သိမ်းကျုံးဖက်ထားရင်း သရဲချည်းပဲပြော ဒဏ်ရာတစ်ဖက်နှင့် ပြဒါး စိတ်ပျက်သွားကာ ...၊

"မှန်ထဲမှာ အရိပ်တွေ့တာ အပြင်က အရိပ်ဖြစ်ပါ့မလားကွ .. အ မှာ မှောင်နေတာကို .."

ဟင် ...၊

အဖြစ်အပျက်ကို တွေးမိလိုက်တော့ မျက်လုံးစုံမှိတ်အောင်နေမိ အဖြစ်ကနေ မျက်လုံးတွေပွင့်သွား၏။ ဒါပေမယ့် သူ့ကို ဖက်ထား ဖြစ်ကာ ...၊

"ဒါ .. ဒါဆို .. မှန်ထဲက .."

"ငါ့အရိပ်လေ .. မင်းနောက်မှာ ငါ ရပ်နေတာ .."

ဉာဏ် သူ့ကိုလွှတ်၍ နောက်ကို ချက်ချင်းလှည့်ကြည့်သည်။ အရပ်က ပုနေပြီး သူ့ခေါင်းကြီးက ကိုယ့်ထက်စီးမိုးနေသဖြင့် မှန် သူ့အရိပ်ချည်းပဲပေါ်နေတာဖြစ်၏။

သေချာကြည့်လိုက်တော့မှ သူ့ရင်ခွင်ထဲမှာ သူမ ...၊

"လက်တွေလွှတ်လေကွာ .. နောက်ကျောခိုင်းလိုက်တာ နောက်ပြန်ဆုတ်ဆွဲထားသေးတယ် .."



သေစမ်း ...၊

သူမ လက်နောက်ပြန်ဆုပ်ထားမိတာ သူ့ရဲ့ ပုဆိုးလားမသိ ...။ ပိုပြီး ချာတာက သူ့ကို တအားကျုံးဖက်လိုက်မိစဉ် သူ့ရင်ခွင်တစ်ခုလုံးက နေသော အသားအတိုင်း ...။

သူ့ကိုယ်မှာ အင်္ကျီမရှိ ...၊

တစ်ခုချင်းတွေးမိလျက် ဆုပ်မိထားသည့်လက်ဘို့ကို ကဖြည်းဖြည်း ချလိုက်မိသည်။ သူ့ရင်ဘတ်နဲ့ ထိကပ်နေခဲ့သော ကိုယ့်ကျောပြင် ရေတ်သီးမှုန့်တွေထဲ ဝင်လူးနေမိသလို ပူလောင်လာသည်။ သူမ တရက် ရှက်သည့်စိတ်ကြောင့် သူ့ဘက်ကို မျက်နှာဘယ်လိုလှည့်ရ သိ ...။

ချက်ချင်း ထွက်ပြေးသွားဖို့ကလည်း တစ်ခုခုကို ထိတ်လန့်ရပြီဆို တောက်တွေက ပြိုလဲချင်တာ ဘယ်လိုတင်းထားလို့မှ မရပေ ...။

"ခဏခဏ ထိတ်လန့်နေရတာလည်း မကောင်းဘူး သမီး၊ သမီး ပါ မြန်မြန်ပျောက်ဖို့ကို နှောင့်နှေးစေတယ် .." တဲ့ ...။ လူကြီးတွေ ထားပေမယ့် သူမ ဒီအချိန်ကျမှပဲ ထိတ်လန့်နေရတာ အသက်ပါသွား ၏။ ဒါတွေဖြစ်လာရတာ ဘယ်သူ့ကြောင့်မို့လို့လဲ ...၊

ရှက်သည့်စိတ်ကို ဒေါသနှင့် ဖုံးကွယ်ဖို့ကြိုးစားရင်း သူ့ဘက်လှည့် သည်။ သို့သော် သူမ မလှုပ်ရှားရသေးမီ ...၊

"ကဲ .. ဖယ်ပါကွာ .."

"အို .. ရှင် ဘယ်လိုလုပ်လိုက်တာလဲ .."

ပြဒါး က သူမ ကိုယ်လေးကို ခါးလေးကနေ လက်တစ်ဖက်တည်း သိမ်းပွေ့လိုက်ပြီး ညောင်စောင်းဆိုဖာဆီ နှစ်လှမ်းသုံးလှမ်းနှင့်ရောက်သွား၏။ ပြီးတော့ သူမကို ဆိုဖာပေါ် ပုံလျက်သားလေးကျသွားအောင် နူး ကြမ်းသည်မမည်သော ပစ်ချခြင်းဖြင့် ...၊

"ဒီမှာ လက်က အရမ်းကိုက်ခဲနေလို့ .."

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သူမ ရှိသည့် ဆိုဖာဘေးစွန်းမှာပဲ ဝင်ထိုင်လိုက်သည်

"ရှင့်ကို ညတည်းက သေသွားနိုင်သလိုလို .."

"ဘယ်သူပြောတာလဲ .."

"ရှင့်ကို မတတ်သာလို့ လာကြည့်ရတဲ့သူတွေပါ၊ နည်းနည်း

တာကို များများချဲ့ကားအော်နေတော့ .."

"နည်းနည်းဖြစ်မယ်ထင်ရင် မင်း ခံကြည့်ပါလား .."

"ဘာ .."

"မင်းလည်း မတတ်သာလို့လာကြည့်တာဆိုရင် ပြန်တော့၊ အ

နဲ့ အခဲကြီး .."

"ချက်ချင်း သေသွားလည်း လွမ်းလောက်စရာမရှိပါဘူး၊ ကျွန်

တစ်ရေးနိုးလာတာ .."

"အဲဒီတော့ ရေအိမ်လိုက်ပို့ပေးရဦးမလား .."

"ရှင် .. မညစ်ပတ်နဲ့ .."

မီးရောင်အောက်မှာ ပြဒါး မျက်နှာက နီနေသည်။ သေသပ်

သော နှုတ်ခမ်းသားတို့က အဝတ်စနီလို ရဲနေ၏။ ခုန လူချင်းပူး

သွားသည့်အတွက် သူ့ကိုယ်တွေ ပူခြစ်နေမှန်း တွေးမိလိုက်သည်။

ညက ဒေါ်စီ တို့ ဆရာဝန်မခေါ်နိုင်တာကိုတော့သိသည်။

မယ့် အိမ်မှာ တော်ရုံကုသလို့ရလောက်သည့် ဆေးဝါးတွေရှိတာ

သူ့လက်တစ်ဖက်နဲ့ ဦးဖွ မန်းသလို တဖွဖွထိကိုင်နေသည့်

ဆိ အကြည့်ရောက်မိရင်း အခြေအနေကိုတော့ သိချင်စိတ်ဖြစ်သွားခဲ့သည်

ပြဒါး ကလည်း နှစ်ယောက်ထိုင်ဆိုဖာပေါ် ရှေ့ထိုင်ကာ ပတ်

လှဲလိုက်၏။ ယောက်ျားလေးပီပီ ထိုင်ကားရား ထကားရားနေတာ

ပေမယ့် သူ့ကိုယ်မှာ ပုဆိုးတစ်ထည်နှင့် အပေါ်ကိုယ်က ဗလာကျ

ဉာဏ် မျက်နှာလွှဲပစ်မိကာ နေရာမှ ထရပ်လိုက်သည်။

"အမေ့ .."



ခြေထောက်တွေက ညွှတ်ခနဲ ပြန်လည်ခွေကျသွားခဲ့လျက် သူ လှဲနေသည့် ဆိုဖာမှာ လက်တစ်ဖက်ထောက်မိပြီး ကုန်းကုန်းကွကွနှင့် ...

"ဖြစ်ပြီ .."

မျက်နှာနှစ်ခုသည် သိပ်မဝေးတော့သည့်အကွာမှာမို့ ခပ်မှဲ့မှဲ့ ရေရွှတ်လိုက်သည့် ပြဒါး အသံကို ဉာဏ် သေချာကြားလိုက်၏။ ထို့ကြောင့် ခံချင်သည့်မာနနှင့် လက်ပြန်ရုတ်ပြီး မတ်မတ်ပြန်ရပ်ဖို့ ပြင်ဆင်လိုက်ဆမယ့် ...၊

"ဟ .. အား .."

ဒီတစ်ခါကျမှ ပြဒါး ရင်ဘတ်ပေါ်ကို တည့်တည့်ပြိုလဲလေသည်။ ကိုယ့်ဘာသာ ရေရွှေးဖတ်ကပ်ကြည့်ဖို့ စိတ်ကူးနှင့် ခေတ်ဘူးနဲ့ ဇလုံနဲ့ ပြင်ဆင်ထားပေမယ့် သူ့လက်နဲ့ပဲ ပြန်တိုက်ချမိကာ ...၊

"ဒုန်း .."

"သွားပြီကွာ .."

စားပွဲပေါ်လဲကျပြီးမှ တလိမ့်လိမ့်ပြေးဆင်းသွားတာ ကြမ်းပေါ်သို့ ...၊

"ကျွတ် .. စောင်းလက်ခတ်ဉာဏ် မင်းကိုယ်မင်း ကျိုးနေတာရောသတိထားမိရဲ့လား .."

"ရှင်နော် .."

သူ ဉာဏ့် လက်လေးတစ်ဖက်ကို ဖျတ်ခနဲဆွဲယူလိုက်လျှင် သူမကိုယ်လေးပါ ပါလာခဲ့ပြီး မျက်နှာချင်းက နီးကပ်သွားခဲ့၏။

"ရှင် .. လက်ကိုလွှတ် .."

"ပူမနေနဲ့ .. ခင်ဗျားလက်ကို ကိုင်ထားပြီး ရင်ခုန်နေတာမဟုတ်ဘူး၊ လူသတ်ချင်စိတ်ပေါက်နေတာ .."

တမင်ပြောလိုက်တာမဟုတ်ပေ၊ တကယ်ကို စိတ်ထဲရှိတဲ့အတိုင်းဖြစ်၏။ သူ့လက်တစ်ဖက်လုံး ရဲညိုယောင်ကိုင်းနေလျက် ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com



နေလို့မရအောင် ကိုက်ခဲနေသည်။

ဒီလက်ကိုပဲ သူမကြောင့် ထိခိုက်မိတာ အသည်းခိုက်မတတ် –

"ခဏနေဦး .. မင်းချည်းပဲ ထလို့မရဘူး .. ငါ ထနိုင်မှဖြစ်မှာ–"

"ဒါဆိုလည်း ထပါလား၊ ဒီပုံစံနဲ့ တစ်ယောက်ယောက်တွေ့သွားရင် .."

"မတတ်နိုင်ဘူး .. ထင်ချင်သလိုထင် .."

ပြဒါး စိတ်တိုတိုနှင့် ဘေးချည်းပဲပြောမိနေကာ သူမကိုဖက်၍ သူ့ခေါင်းရင်းမှာ နေရာလွှဲချပေးလိုက်သည်။ နှစ်ယောက် ပြိုင်တူထထိုင်ပြီးသားဖြစ်လျက် သူ့လက်က ဒဏ်ရာမှာတော့ သွေးစိမ်းရှင်ရှင်တွေ ပြန်ကျလာခဲ့၏။

"ဟင် .. သွေးတွေ .."

"ဟုတ်တယ် .. အဲ့ဒီတော့ ဘာဖြစ်လဲ .."

"ကျွန်မကြောင့်လား .."

ပြဒါး က ဖျတ်ခနဲလှည့်ကြည့်သည်။ ပြီးမှ ခါတ်ဘူးကို ငုံ့ကောက်လိုက်ပြီး သူ့ဟာသူ ရေနွေးဖတ်ကပ်ဖို့ပြင်ဆင်နေ၏။

လက်တစ်ဖက်တည်းနှင့် ယှပ်ရှားနေရသည့်အဖြစ်မှာ သွေးသံရဲရဲနှင့် မြင်နေရတာ ဉာဏ် စိတ်မကောင်းဖြစ်သွားမိသည်။ သို့သော် တစ်ခုခု ထပြောလိုက်တိုင်း နားမခံသာအောင် ဘုနဲ့ဘောက်ဖြစ်နေသဖြင့် စေတနာစကားကလည်း နှုတ်ဖျားမှာ ဂျစ်ကန်ကန်တွန့်ဆုတ်နေခဲ့၏။

"အ .."

ပြဒါး အံကြိတ်ထားပေမယ့် အငတ်စက ကြမ်းနေသဖြင့် မခံနိုင်–

"ဒီလောက် ပဝါကြီးနဲ့ ဒဏ်ရာကို ငြိမိတော့နာပြီပေါ့၊ စာကြည့်ခန်းထဲမှာ ဆေးသေတ္တာရှိတယ်၊ အဲ့ဒီမှာ ဂွမ်းနဲ့ ပတ်တီး .."

"မလိုဘူး .."

"မလိုဘဲနဲ့ ရှင့်ကို မျက်နှာလိုမျက်နှာရ ပြောနေစရာအကြောင်းမရှိ



ဘူး၊ ယောက်ျားကြီးမတန်မယ့် ကောက်သလိုကွေးသလိုလုပ်မနေနဲ့–"

"ဘာကွ .."

"ဒဏ်ရာက ဒီလောက်ပြနေတာ ရေနွေးနဲ့ဆေးပြီး ဘာလုပ်မှာလဲ–"

"အဲဒါ မင်းကြောင့်လေ၊ မင်းကိုယ်ကြီးနဲ့ ဖိကပ်ပစ်မှတော့ ကွဲပြီပေါ့ .."

"ဘာလဲ .. အဲ့ဒါကို တောင်းပန်စေချင်တာလား .."

"လူလိုသိဖို့ပဲလိုတာ .."

"ဘာပြောတယ် .."

"ဒီမှာ ဒဏ်ရာကိုက်ခဲနေလို့ ရေနွေးဖတ်ကပ်ဖို့ပြင်နေတာ .."

"ဟုတ်ပြီ .. ကျွန်မကြောင့်ဆိုတော့ ဘာလုပ်စေချင်တာလဲ .."

"နောက်ထပ် တစ်ခုခုမဖြစ်ခင် သွားလိုက်တော့ .."

သင်းကပဲ တစ်ပြန်စီးပါလား ..၊

မျက်မှောင်ကုတ်ထားရင်း အံလည်းကြိတ်ထား၏။ ဒဏ်ဝေနာခံနေတာလား၊ ကိုယ့်ကို တကယ်ကို ဒေါသထွက်နေတာလား၊ ဉာဏ် သူ့စကားကို စိတ်တိုဖို့ထက် သူ့မျက်နှာကို ပိုပြီး စိတ်ဝင်စားသွားမိသည်။

ထို့ပြင် မေမေနဲ့ ဖုန်းပြောတုန်းက စကားတွေကို ပြန်တွေးလိုက်မိ၏။

"ကိုယ့်ဇနီးငယ်ငယ်ချောချောလေးနဲ့ ဒီလို ချောတောမောတော လက်ရဲဇက်ရဲကောင်လေးကို သူရာ ဘာဖြစ်လို့ စိတ်ချလက်ချအတူထားရတာလဲ .." တဲ့ ..။

ထိုကိစ္စအတွက် အဖြေတစ်ခုခုရလိုက်သလို ဉာဏ် သူ့ကိုစိုက်ကြည့်ရင်း တွေးမိလာ၏။ ဒီယောက်ျား သူမအပေါ်မှာ မတော်မတရားစိတ်ကူးမျိုးမရှိတာတော့ သိသာနေပါ၏။

ဘယ်အချိန်မှာဖြစ်ဖြစ် ဘယ်အခြေအနေရောက်နေနေ အောက်ကျယေသော စကားမျိုးမဆိုဘဲ အနိုင်မခံ အရှုံးမပေးပြောတတ်သည့် အကျင့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုးတစ်ခုမှလွဲလျှင် …။

"ရှင် … ဒီဘက်ကိုလှည့်လိုက် …"

ညာဏ် ထွက်သွားပြီထင်ပြီးမှ ဆေးသေတ္တာလေးနှင့် ပြန်ရောက်လာတော့ မော့ကြည့်လိုက်ရင်း ပြုံး၍ အံ့သြသွားသည်။ ဒီလောက်ထိ မသင့်မြတ်ကြဘဲ ဆေးထည့်ပေးဖို့ထိ ဆုံးဖြတ်လိုက်ရတာ တော်တော်ခဲယဉ်းနိုင်မည့်ကိစ္စ …။

"ရပါတယ် … ရဲရဲဖိပါ … မနာပါဘူး …"

ဒဏ်ရာက ချုပ်ရိုးမရှိတော့ဘဲ မလှမပပွင့်ထွက်နေကာ ရေနွေးနဲ့ ချည်း ဆေးနေတာကြာတော့ အတော်လေးကြည့်ရဆိုးနေ၏။

"ရပြီလေ … ပတ်တီး …"

"ဒီမှာ …"

"ဟင် …"

"ရှင့်ကို စေတနာရှိလွန်းလို့လုပ်ပေးနေတယ်မှတ်နေလား …"

"နည်းနည်းတော့ မှတ်တာပေါ့၊ ဒီမှာ မင်းကြောက်ရမယ့်လူမှ မရှိတာ …"

"ဟုတ်တယ် … ဒါပေမယ့် ခိုင်းစရာလူလည်းမရှိဘူး၊ ဒေါ်ငွမ်းတို့ကို သွားနှိုးတာမနိုးကြဘူး၊ မရမက မနှိုးချင်တာနဲ့ …"

ညဦးနက်တုန်းက အိပ်ရေးပျက်ထားကြတာကို တွေးမိလို့ ပြန်လှည့်လာတာပါ။ ဒီ ဒဏ်ရာအခြေအနေဆိုးသွားပေမယ့် သူတစ်ယောက်တည်း ဘာမှလုပ်တတ်မှာမဟုတ်တာကိုတွေးမိပြီး စိတ်ကောင်းလေးဝင်ခဲ့လို့ ဖြစ်သည်။

"ဒဏ်ရာက ဘာဖြစ်လို့ ချုပ်မထားတာလဲ …"

"မင်းကြောင့် ချုပ်ရိုးပြုတ်သွားတာလေ …"

ညာဏ့် လက်လေး ပတ်တီးစည်းပေးရင်း ရပ်တန့်သွားသည်။ မျက်လုံးချင်းဆုံလိုက်တော့ သူက ခေါင်းညိတ်၍ …။



"ညာနေတယ်ထင်လို့လား၊ ဒီလက်က မင်းနဲ့ တွန်းတိုက်ဆွဲလွဲမိပြီး ခဏခဏ အဖြစ်ဆိုးနေတာ …"

"ကားပေါ်မှာတည်းက ဒီဒဏ်ရာကို ပြန်ချုပ်မယ်ဆိုပြီး ရှင် ကျွန်မ ပိုက်ဆံတွေတောင် …"

ပိုက်ဆံတွေ ဒီတိုင်းရှိသေးသည်လို့ ဒေါ်ငွမ်း တို့ ပြန်ပြောထားတာကို သတိရလိုက်သဖြင့် ညာဏ် စကားမဆုံးဘဲဖြစ်သွားသည်။ သို့သော်…

"မင်းပိုက်ဆံတွေကို ယူသွားတာက သုံးဖို့လေ …"

"ဘာ …"

"ဆေးခန်းတစ်ခါသွားတာ လူကောင် ကုလားထိုင်ပုံပေါက်သွားသလားပဲ … ဒါကို နောက်ထပ်တစ်ခါသွားစောင့်စရာလား …"

"အဲ့ဒီမှာတည်းက ရှင့် ချုပ်ရိုးတွေ ပွင့်နေတာလား …"

"မင်း အိတ်မှာတောင် အပ်ချည်တွေပါသွားနိုင်သေးတယ်၊ မကြည့်မိဘူးလား …"

ညာဏ် မျက်နှာလေးပျက်သွားသည်။ လက်ကောက်ဝတ်တွေပါ ရဲရောင်နေသည့် ဒဏ်ရာကို ပတ်တီးစည်းပေးရင်း ပြန်ငုံ့ကြည့်မိ၏။ ကားပေါ်မှာ သူမအိတ်နဲ့ လွဲရိုက်ခဲ့သည်။ ခုနကပဲ သူ့လက်ပေါ်ကို ဖိကြိတ်သလို လုပ်မိ၏။

တမင်တကာတော့ မဟုတ်ပေမယ့် သူ့ဟာသူ ဘာဖြစ်နေနေ ဂရုစိုက်မကြည့်ခဲ့ပေ …။ ဒီည ဖြစ်ရသည့်ကိစ္စမှာလည်း ဒေါ်ငွမ်း တို့ လာနှိုးတုန်းကသာ သူမ ထကြည့်ခဲ့ပါလျှင် ဆရာဝန်တစ်ယောက်ကိုတော့ ပင့်နိုင်ခဲ့မှာဖြစ်၏။

ဒေါ်ငွမ်း တို့ကျတော့ ဖုံမလီဒေါက်တာမှလွဲလျှင် တခြား ဘာကိုမှ ဆက်သွယ်နိုင်တာမဟုတ် …။

"ညတုန်းက ဒီလမ်းထိပ်ကွေ့က ဆရာဝန် သွားခေါ်သေးတယ်ထင်တာ … မခေါ်ဖြစ်ဘူးလား …"

www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး .."

သူ သငါ်မရတစ်ချက် ရတစ်ချက်ဖြစ်နေသည်ဆိုတော့ သိမှာမဟုတ်၊ သို့သော် ..၊

"ကိုယ့်ကို ဆရာဝန်ကိုင်တွယ်နေဟာတောင် မသိဘူးဆိုတော့.."

"ဟား .. ဘာဖြစ်လို့ အဲဒီ ဆရာဝန်ကိစ္စက ပါလာရတာလဲ .."

စိတ်မရှည်သံနှင့်အတူ မျက်နှာက ရှုံ့တွတွ ..၊

"ဒီမှာ ပြဒါး ဆိုတဲ့ကောင် ဖျားတာလောက်နဲ့ လူမှန်းမသိလောက်အောင် တုံးခနဲလဲသွားတာမရှိခဲ့သေးဘူး .."

"တုံးခနဲလဲကျသေသွားတာတွေတောင် ရှိသေးတာပဲ၊ ရှင်က ဘာမို့လို့လဲ .."

"ပြဒါး ပဲ .."

"ဟွန်း .."

"ရပြီ သွားတော့ .."

ပြောရုံတင်မကဘဲ လက်ကိုတောင် ပုတ်ထုတ်လိုက်သေးသည်။ ပြီးတော့ ပတ်တီးစနှစ်ဖက်ကို သူ့ဟာသူ ပါးစပ်နဲ့ ကိုက်ပြီး အပြီးသတ်အောင် ချည်လိုက်၏။

စိတ်ထဲမှာ ဒေါသတကယ်ဖြစ်နေတာမဟုတ်ပေ ..။ အချိန်အခါမဲ့မှာ နှစ်ယောက်တည်းရှိနေသည့်အဖြစ်ကို မလိုချင်၍ဖြစ်သည်။ သူမက အမြင်မတော်သည့်စိတ်နှင့် ရိုးသားစွာ ရှိနေနိုင်ပေမယ့် ကိုယ့်ကိုယ်ကိုယ် အာမ မခံနိုင် ..၊

အဘယ့်ကြောင့်ဆိုသော် မီးရောင်အောက်မှာ ဝင်းစက်ထင်လင်းနေသည့် သူမ၏ အလှတရားများက ..၊



# အခန်း (၂၆)

"ဆရာ ဒီနေ့လည်း မပြန်ဘူးလား .."

"အေး .. မင်း ပြန်ရင် ဂိတ်မှာပြောခဲ့ .."

"ဟုတ်ကဲ့ပါ ဆရာ .."

သူ လှဲနေရာက မော့မကြည့်ဘဲ ပြောလိုက်သည်။ ဝန်ထမ်းကောင်လေး၏ လှုပ်ရှားသံပျောက်ကွယ်သွားမှ နဖူးပေါ်တင်ထားသည့်လက်ကို ဖယ်လိုက်ပြီး မျက်နှာကျက် မီးဆိုင်းကြီးကို ငေးနေမိ၏။

ပန်းရောင်သမ်း၍ ခရမ်းနုရောင်ပြေးနေသော မီးဆိုင်းကြီးက ခေတ်မီဒီဇိုင်းဖြင့် ပြိုးပြက်လက်နေသည်။ ရပ်ကြည့်နေချင်လောက်အောင် ဆွဲဆောင်နိုင်စွမ်းရှိ၏။

ဒါပေမယ့် တစ်ခုသောမျက်နှာလေးကိုတော့ မမီနိုင် ..၊

သူ့မျက်လုံးထဲမှာ စောင်းလက်ခတ်ဉာဏ် ဆိုသော မိန်းမလှလေး၏ အပြုံးကသာ ညို့နိုင်စွမ်းသည် သူမလေးရဲ့ အကြည့်တွေကြောင့် နိုင်ကြည်နေခဲ့သည့် သူ့ နှလုံးသား ပျာယာခတ်သွားခဲ့၏။ ထို့ကြောင့် သူမသည်သာ အလှဆုံး ..။

"မင်းရောဂါအခြေအနေက ငါတို့ထင်ထားတာထက် ပိုမြန်နေတယ် သူရာ .."

www.burmeseclassic.com



"ပိုဆိုးနေတာလား .."

ဒေါက်တာ ခွန်စိုင်း အသံတိတ်နေသဖြင့် သူ နားလည်သွားခဲ့သည်။

"မိသားစုကို မင်း အသိပေးသင့်တယ် သူရာ၊ မင်း ခုလိုလုပ်နေတာ ဘယ်သူ့ဘက်က မှန်သလဲတော့မသိဘူး၊ ဒါပေမယ့် ကိုယ့်ကြောင့် အားလုံး ယူကျုံးမရဖြစ်ကျန်ခဲ့ကြမယ်ဆိုရင် .."

"ငါ မေမေ့ကိုတော့ ပြောပြပြီးပြီ .."

ခွန်စိုင်း ကို ဒီစကားနဲ့ နှုတ်ပိတ်စေခဲ့၏။ သူ့အတွက် ယူကျုံးမရ ဖြစ်ကျန်ခဲ့မယ့်သူဆိုတာလည်း မေမေပဲရှိမှာပါ။

သေရမယ့်ကံကြမ္မာကို ဘယ်လိုလူမျိုးမှ ဖြတ်ထုတ်ပြင်ဆင်နိုင်စွမ်း မရှိသည့်အတွက် မေမေကတော့ ခံနိုင်ရည်ရှိအောင် ကြိုးစားနေလိမ့်မည်။

ကိုယ့်ရဲ့ ကံကြမ္မာကို မေမေ့လက်ပေါ်မှာ ပေးအပ်ရှင်သန်ခဲ့ရသလို၊ သူ့လက်ထဲရောက်လာခဲ့သည့် ညဏ်လေး ရဲ့ ကံကြမ္မာကိုတော့ ပြီးဆုံးသည်အထိ သူသာ ချိတ်ဆက်ဖန်တီးပေးခဲ့ချင်သည်။

သူကိုယ်တိုင် မြန်ဆန်စွာ သိမ်းပိုက်ရယူခဲ့မိသည့်အတွက် သူမရဲ့ ကံကြမ္မာ ကြေမွခဲ့ရသည်။ ငါ့ကြောင့်ဆိုသည့် နာကျင်မှုနှင့် သူ ထွက်မသွားချင်ပေ ..။

ဒါပေမယ့် မျှော်လင့်ခဲ့တဲ့ ရည်ရွယ်ခြင်းတွေ ပြီးမြောက်နိုင်ပါ့မလား..

မျက်လုံးတွေကို မှိတ်လိုက်ရင်း မျက်နှာတစ်ပြင်လုံးကို ပွတ်သပ်နေမိသည်။ မျက်လုံးတွေကသာ မှိတ်ထားခဲ့သော်လည်း သူမရဲ့ အေးစက်ခက်ထန်နေသည့် မျက်နှာလေးကို မြင်ယောင်နေခဲ့တာက ပျောက်မသွားနိုင် ..။

ထို့ပြင် မဲ့ပြုံးနှင့် ပြဒါး ရဲ့ ဂျစ်ကန်ကန်မျက်နှာထား ..၊

ရင်ထဲမှာ မွန်းကျပ်လာပြန်ကာ မျက်လုံးတွေကို ပြန်ဖွင့်လိုက်မိသည်။ မီးဆိုင်းကြီး၏ ပုံရိပ်က လင်းအားတို့ဖြင့် ဆီးကြိုနေ၏။ သို့ပေမယ့် ပုံသဏ္ဌာန်မရှိ၊ ရောင်ဝါမပီပြင် ..။



စိုက်ကြည့်နေရင်း အလင်းရောင်ထုက မီးဆိုင်းဧရိယာမက ကျယ်ပြန့်သွားသည်။ ပြီးတော့ တဖြည်းဖြည်း အညိုရောင်သမ်းလာ၏။

မျက်တောင် တစ်ချက်နှစ်ချက်ခတ်ပြီး ပြန်ဖွင့်လိုက်တော့ ဘာဆိုဘာမှ မမြင်ရတော့ပေ ..။ မဟုတ်ဘူး .. သူ မျက်လုံးမှိတ်ပြီး ပြန်မဖွင့်ရသေးဟာ ..။

မျက်တောင်ခတ်ကြည့်ရုံ အားမရဘဲ လက်နဲ့ မရဲတရဲထိကိုင်ကြည့်မိသည်။ ရင်ထဲမှာ နင့်ခနဲဖြစ်သွား၏။ မျက်လုံးတွေဖွင့်နေလျက်နှင့် မမြင်ရတော့ခြင်းဆိုတာ သေချာသွားသည်နှင့်အတူ မျက်ရည်စတို့ စို့စွတ်လာခဲ့သည်။

မိုက်ခနဲ ပြာခနဲ မှောင်ကျသွားတတ်သော်လည်း ဒီလောက်ကြာအောင် တစ်ခါမှ မဖြစ်ခဲ့ဘူးပါ။ ကြေကွဲခြင်းက ယောကျ်ားမို့ ဟန်ဆောင်ထိန်းချုပ်ပေမယ့် မရ ..၊

သေရမှာမကြောက်တဲ့လူ ဘယ်သူရှိလို့လဲ မေမေ ..၊ ကျွန်တော်လည်း မသေချင်သေးပါဘူး၊ မေမေ တမ်းတဖူးတဲ့ မြေးမြစ်လေးတွေ မွေးပေးချင်တယ်။ ညဏ်လေး ဆီက အချစ်တွေကိုလည်း ပိုင်ဆိုင်ချင်သေးတယ်။

ကျွန်တော့်ဆန္ဒတွေ ဘာမှမဖြစ်မြောက်ခဲ့ဘဲ အားလုံးကို ဒီခန္ဓာကိုယ်ကြီးနဲ့အတူ သင်္ဂြိုဟ်ပစ်လိုက်ရမှာ၊ ကျွန်တော့်မှာ သတ္တိမရှိဘူး မေမေ..။

မျက်ရည်ပူတွေ နားသယ်ဇပ်ကနေ တလိမ့်လိမ့်ဆင်းကျသွားသည်။ ဒီမျက်လုံးတွေ အလင်းရောင်ပြန်မရတော့ဘူးဆိုရင် သူ ဘာလုပ်ရမလဲ၊ မပြီးဆုံးသေးတဲ့ ရည်ရွယ်ချက်တွေကို ဘယ်လိုရှေ့ဆက်ညွှန်ကြားနိုင်မှာလဲ ..၊

စိတ်ကို စုစည်းမာန်တင်းလိုက်ရင်း လှဲနေရာကနေ ငုတ်တုတ်ထဆိုင်လိုက်မိသည်။ ဝင်လေ ထွက်လေဖြင့် တရားမှတ်ရင်း စိုးရွံ့စိတ်တို့ကို တိုက်ထုတ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခလုတ်ထိမှ အမိတ' တာမျိုး၊ သေကာနီးမှ ဘုရားသတိရမိသည်။ တရားမှတ်ရင်း စိတ်တည်ငြိမ်လာကာမှ မျက်လုံးတွေကို တဖြည်းဖြည်း ဖွင့်တော့ မြင်လွှာတွေက ဗိဗိပြင်ပြင် ..။

သူ နေရာမှထကာ နာရီကြည့်လိုက်သည်။ အချိန်က မနက်သုံးနာရီ တိတိ ..၊

ဒါပေမယ့် ပြဒါး ရဲ့ ဖုန်းကိုခေါ်လိုက်မိ၏။ ခဏကြာအောင် ခေါ်နေရပေမယ့် ပထမကောလ် မကျခင်လေးမှာပဲ ပြဒါး အသံကိုကြားလိုက်ရသည်။

"ဘာတုံး .. ပြော .."

"ငါ ခုထိ တစ်ရေးမှ မအိပ်ရသေးဘူး .."

"မင်းဘာသာ .."

လွှတ်ခနဲ ပြောမိပြီးမှ နာရီကြည့်လိုက်တော့ သုံးနာရီ ..၊

ပြဒါး မျက်လုံးကျယ်သွား၏။ သူရာ အိပ်ပြန်မအိပ်တာ သုံးညရှိပြီဖြစ်သည်။ ဒီနေ့တော့ ညဦးပိုင်းတုန်းက အိမ်မှာရှိသေးသည်။ ကိုးနာရီကျော်မှ ပြန်ထွက်သွားတာ သူလည်း အိမ်မှာမရှိ ..၊

"မင်း ဘယ်မှာဖြစ်ဖြစ် အိမ်ပြန်ခဲ့ ဟေ့ကောင် .. ငါ ကုမ္ပဏီပြန်သွားရမှာ၊ ဒီညလည်း ဟိုမှာပဲ မိုးလင်းဦးမှာပဲ .."

သူရာ ဖုန်းရမှ သူ အိမ်ပြန်ခဲ့တာဖြစ်၏။

ပြဒါး ဖုန်းကိုင်ရင်း အိပ်ရာပေါ်ကဆင်းကာ ရေတစ်ခွက်ထည့်သောက်လိုက်သည်။ ပြီးတော့ အင်္ကျီလဲလိုက်၏။ အလုပ်လုပ်နေရင်း ဖုန်းပြောရင်းဖြင့် ..၊

"မင်း ဘာတွေဖြစ်နေတာလဲ သူရာ၊ မင်းနဲ့ငါ ဒါတွေချည်းပြောနေရတာ မမိုက်ဘူး .."

"မင်း ငါ့အခြေအနေကို မသိပါဘူး၊ သိသိ မသိသိ ငါ ဒါပဲနေရမှာပဲ၊ မင်း ညဏ့် ကို လက်ထပ်ပါ့မယ်လို့ ကတိပေးစမ်းပါ .."



သူရာ ဖုန်းပြောနေရင်း ပြဒါး ဘက်က 'အင်း .. အဲ' သံတွေကို အားမလိုအားမရဖြစ်နေမိ၏။ တစ်ခါတစ်ခါ ဘာပြောနေမှန်းမသိ ဖြစ်သွားသေးသည်။

ပြန်ကြည့်တော့လည်း ဖုန်းချသွားတာမဟုတ် ..၊

"ပြဒါး .."

"ပြောကွာ .. မင်း ပြောသမျှ ငါ အကုန်ကြားနေရတယ်၊ 'ကျွတ်' ဆိုတာတွေရော၊ 'ဒီကောင် အိပ်ပျော်သွားတာလားမသိဘူး' ဆိုတာတွေရော .."

"ပြဒါး ငါကချည်းပြောနေရတာတွေ တော်ချင်ပြီကွာ .."

"တော်သင့်နေတာကြာပြီလေ .. ငါလုပ်ပေးနိုင်တာကို မင်းက ဆန်းညှပ်နေတာ ငါ မခံဘူး၊ ခုကိစ္စက ငါ့ဘက်က အိုခေနေတာနဲ့ ပြီးဘာမဟုတ်ဘူးကွ .."

"မင်းဘက်က အိုခေအောရိုက်(ထ်)ပဲ ငါ လိုချင်တာ၊ ဒါတွေ ပြောပြီးပြီပဲကွာ .. မင်း ကြိုးစားပါ့မယ်လို့ ငါ့ကို ကတိပေး၊ ဟလို.. ဟလို .. ကျွတ် .."

ဘာသံတွေမှန်းမသိဘဲ ပြောလို့မရဖြစ်သွားပြန်သည်။ သူကလည်း ကျွတ်ခနဲ ထပ်လုပ်မိလျက် ..၊

"ပြဒါး .. ပြဒါး ဟေ့ကောင် .. မင်းနားထောင်နေသေးလား .."

"ထောင်နေတယ် .."

"ဒါဆိုလည်း ကောင်းကောင်းပြောလို့ရအောင် တစ်နေရာလျှောက်သွားလိုက်ကွာ .."

"မင်း နောက်မှာ တစ်လံလောက်ပဲကွာတော့တယ် .."

ဟင် ..၊

သူရာ ဟင်ခနဲဖြစ်သွားကာ လှည့်ကြည့်လိုက်မိ၏။ တကယ်ပဲ သူ့နောက်မှာ ပြဒါး ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒီကုမ္ပဏီကို ပြဒါး ကိုခေါ်လာပြီး ကိုယ်စားလှယ်လွှဲပြောင်းပေး မှာဖြစ်ကြောင်း အားလုံးကို ပြောထားပြီးပြီမို့ သူနဲ့လည်း ခဏခဏ အရ လာဖူးနေသဖြင့် ပြဒါး ဒီထိရောက်လာခဲ့တာဖြစ်သည်။

"ပြဒါး .."

"ဟုတ်တယ် .. ပြဒါး အစစ်ပဲ၊ ပြော .. မင်း ဘာတွေထဖြစ်နေတာ လဲ .."

ပြဒါး မျက်နှာက ဒေါသတွေက အိပ်ရေးပျက်လို့မဟုတ်သေ သူ့အတွက် ကရုဏာဒေါသတွေပဲဖြစ်လျက် ..၊

"မင်းရဲ့ ရောဂါကို မင်းကိုယ်တိုင် အရှုံးပေးထားပြီးပြီ၊ မင်း သေ ရတော့မှာဆိုတာ မင်းလည်းသိတယ်၊ ငါလည်း သိတယ်၊ အများသူငါ ရှောင်လွှဲမရတဲ့ သေခြင်းတရားဆိုတာ နားလည်နေရင်လည်း သေခါနီးရိုက္ခ ယူရမှာပေါ့ .."

ခပ်ရိုင်းရိုင်းပြောနေပေမယ့် ပြဒါး မျက်နှာပေါ်က ကရုဏာရိပ်တွေ ကို သူ မြင်နေရသည်။ အိပ်ရာကနေ ဒီထိထလိုက်လာရသည့် သံယောဇဉ် အမျှင်တန်းပုံကို နားလည်ကာ ဝမ်းလည်းသာသည်။ ရင်ထဲမှာလည်း နင့်နေခဲ့၏။

သူ့မျက်နှာကြေကွဲရိပ်တို့ဖြင့် ပြုံးယောင်သမ်းလာတာမြင်ကာ ပြဒါး မျက်နှာမဲ့သွားသည်။

"အသက်ရှည်ရှည်မနေနိုင်ပေမယ့် လောကစည်းစိမ် မင်းမှာ အပြည့် ရှိတယ်၊ အဲဒါတွေကို မခံစားဘဲနဲ့ ဘာဖြစ်လို့ သောကတွေရေတွက်ပြီး မွန်းကျပ်နေတာလဲ .."

"လောကစည်းစိမ်ဆိုတာ ရွှေငွေရတနာချည်းပဲမဟုတ်ဘူးကွ"

"မင်း အဲဒါပဲ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ကျွတ် .."

ဒဏ်ရာနှင့်လက်မှာ ဖုန်းကိုင်ထားသဖြင့် သတိလစ်ပြီး ဖုန်း





သွေ့စ်ပစ်လိုက်တော့ နာကျင်သွား၏။

သို့သော် သူ 'ကျွတ်' ခနဲ စုတ်သပ်မိခြင်းက ဒဏ်ရာက နာကျင် ကြောင့်မဟုတ် ..၊

"မင်း ဒီလောက်နုန့်နေတာ ငါ စိတ်ပျက်လာတယ် သူရာ၊ ဆယာကျွား အကဲ့ရယ်ချင်ဘူး၊ ဒါပေမယ့် မင်း .."

"လုပ်ပါ .. မင်း ပြောတာမှန်ပါတယ် .."

"ငါပြောတာ မှန်သွားပြီဆိုတော့ ဂျမ်းဆယ်ပတ်လောက်ထိုးသင့် .."

ပြောပြီး ရှေ့ထပ်တိုးလာတော့ သူရာ တောင့်မတ်စွာရပ်ရင်း ပြဒါး ကြည့်နေမိ၏။ ခေါင်းစွပ်ဆွယ်တာအနီရဲရဲနှင့် ဖြူဝင်းသည့် နှာက ဘယ်လိုပဲ တင်းပြတ်မဲ့ရွဲ့နေပါစေ ကြည့်ရဆိုးသွားတယ်မရှိ..။

"ဂျမ်းမထိုးပါနဲ့ .. ငါ့ဆန္ဒကိုပဲ .."

"မင်းရဲ့ ဉာဏ်လေး ခုနေ မင်းမရှိတော့ရင် ရင်ဘတ်ထုပြီး လွမ်း နေမယ်ထင်လို့လား .."

"မထင်ပါဘူး .."

"မင်း သေသွားရင် မုဆိုးမဖြစ်ကျန်ခဲ့မယ်၊ ဘယ်ကောင်ကမှ တန်ဖိုး တော့ဘူး၊ အဲ့လိုရော မင်းထင်လား .."

"မထင်ပါဘူး .. ဖြစ်နိုင်ချေတွေနဲ့ တွက်ချက်ဖြေသိမ့်နေဖို့လည်း စိတ်မဝင်စားဘူး၊ ငါ ဖြစ်စေချင်တာ ဉာဏ်လေး နဲ့ မင်းကို သဘော ယ်၊ မင်းနဲ့ပဲ ဖြစ်စေချင်တယ်၊ ငါ သူ့ကို ဘယ်သူ့ကိုမှ မပေးနိုင် ပြဒါး၊ နောင် သံသရာထိ သူ့ကို သဝန်တိုစိတ်နဲ့ မသွားချင်ဘူး .."

"မင်း ..."

မင်းလိုကောင် သေသင့်တယ် လို့ ပြောပစ်လိုက်ချင်တော့သည်။ ပြီးနဲ့ တောင်းဆိုငိုယိုနေသည့် ကလေးငယ်တစ်ယောက်ကဲ့သို့ ဘယ်လို ကွေ့ပတ်ပြောနေနေ၊ ပြီးတော့ ဒါကိုပဲ ပြန်ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



၏။

"သူ့အမေက သူ့သမီးကို မင်းလက်သာတဲ့ ယောကျ်ားမျိုးရှာ[...] နိုင်တယ်၊ သူ့အကြိုက်တွေ့ပြီး ခုန်ပေါက်ဂျွမ်းထိုးပြီး ယူသွားဖို့လည်း ရှိတယ်၊ မင်း သူ့အတွက်ကို .."

"စိတ်ပူတာက တခြားယောကျ်ားတစ်ယောက်ယောက်နဲ့ ညား သွားမှာကိုပဲ နောက်တစ်ချက်က မုဆိုးမဘဝနဲ့ ကျင်လည်ရဦးမယ့်သူ့ ဘဝအတွက် .."

"သူရာ .."

"မင်း သူ့ဘေးမှာ အမြဲတမ်းရှိနေပေးပါ၊ ငါ မင်းအတွက် မင်း တောင်းဆိုထားတာတွေထက် အများကြီး လုပ်ပေးထားတယ် .."

"ဘာ .."

"ဟောဒီကုမ္ပဏီကိုပါ မင်းကို လွှဲပြောင်းပေးဖို့အထိ .."

"အဲဒါတွေ ဘယ်သူက လိုချင်တယ်ပြောနေလို့လဲ .."

"မင်းကို ပေးချင်လို့ ဒီထိခေါ်လာပြီး လုပ်ငန်းသဘောတွေ မင်း ရှေ့မှာပဲ ငါ ဖြေရှင်းလုပ်ကိုင်ခဲ့တာ .."

"အဓိပ္ပာယ်မရှိ မင်းလုပ်နေတာ .."

"မင်းကို အဲဒီနည်းနဲ့ ချည်တုတ်ဖို့ကြိုးစားတာပါ .."

"ငါက ဒါတွေရရင် ငြိမ်နေမှာပဲလို့ ထင်တယ်ပေါ့ .."

"လုံးဝမဟုတ်ဘူး .."

ညာနေတာမဟုတ်သည့် သူရာ့ မျက်နှာက တည်ကြည်နေ[...] ဒဏ်ရာမရှိသည့်လက်တစ်ဖက်ကို လာရောက်ဆုပ်ကိုင်လိုက်ရင်း –

"ငါ ဘယ်လောက်ထိ မျှော်လင့်နေတာ မင်းကို ယုံကြည်နေ[...] တွေ အဲ့ဒါတွေပဲ ကျန်တာမပါဘူး၊ ပြီးတော့ မင်းက လုံမှာမဟုတ်[...] မယ့်၊ ငါ မင်းကို ငယ်ငယ်လေးတည်းက သံယောဇဉ်ကြီးခဲ့ရတာ[...] မင်း ရုပ်ရည် မင်းပုံစံက ငါ့ထက် အစစအရာရာသာတယ်၊ ငါ့ရဲ့ ဒီ[...]

[...]ခန်းကွဲလည်းဖြစ်တယ် .."

"ဟား .."

"မင်းဘဝကို မင်း လက်မခံနိုင်ရင်လည်း ငါပေးတဲ့ဘဝထဲမှာပဲ မင်း ခံစားခွင့်ရှိတယ် ပြဒါး၊ မင်းနဲ့ငါ ဒါတွေပြောစရာမလိုတော့ဘူး ထင်ပါတယ်၊ ငါ့ဆန္ဒကို မင်းလိုက်လျောစမ်းပါ၊ နောက်ဆုံး မင်း စိတ် [...]ပါဘဲနဲ့ ဖြစ်ဖြစ် လက်ထပ်မယ်လို့ ကတိပေးစမ်းပါ .."

ဒီကတိကိုတော့ သူ မပေးနိုင်ပါ။

"မင်းတောင်မှ ဒီနေ့ထိ သူ့အချစ်ကို မရခဲ့တာ၊ ဒီနေ့ထိ သူ့ကို မင်း ပိုင်ဆိုင်တဲ့ဇနီးအဖြစ် ခံစားခွင့်ရခဲ့လို့လား .."

စိတ်ထဲမှာ မေးခွန်းတွေ တန်းစီထွက်နေကြသည်။ ဒါပေမယ့် [...]နှုတ်ခမ်းတွေကို စေ့ပိတ်ထားခဲ့မိသည်။ တစ်နေ့နဲ့တစ်နေ့ ဖြူဖျော့ [...]လို့လာသည့် သူရာ့ ပုံရိပ်ကို သတိထားမိလာတော့ ပိုဆိုးသည်။

ပြောမနာဆိုမနာစကားတွေကို အရင်လိုပဲ ပြောမိနေပေမယ့် ပြော ပြီးတိုင်း နာကျင်နေရသည်။ အထူးသဖြင့် ဉာဏ် ဆိုသည့် မိန်းမ မသိ [...]တ်ဆိုးရွားစွာ ပြောဆိုဝေဖန်နေတာတွေ ကြားရသည့်အခါတိုင်း ..၊

"ပြဒါး .."

"နေဦး .. မင်း ငါပြောတာကို နားထောင်ဦး .."

သူရာ့ ဆုပ်ကိုင်ထားဆဲလက်ကို ဖယ်ချပစ်လိုက်ပြီး ..၊

"ဉာဏ် က မင်းကို လုံးဝစိတ်မဝင်စားဘူးလို့ မင်းထင်နေတာမို့ [...] .."

သူရာ ကြောင်စီစီပြန်ကြည့်၏။

"မင်း ပြန်မလာတိုင်း မင်းရဲ့ဥပေက္ခာကို ခံစားမိတိုင်း မင်းကို သူ [...]ါသတွေထွက်နေတယ်၊ မင်း သွားတတ်တဲ့တစ်ချို့နေရာတွေဆို သူ [...]တ်ကြည့်ချင်တယ်၊ အဲ့ဒါတွေကို မင်း ဘာဖြစ်လို့ မသိချင်ယောင် [...]ောင်နေတာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



"သူ့မာနတွေပါ ပြဒါး ရာ .. သူ မချစ်ဘဲ လက်ထပ်ခဲ့ရပြီး ဘက်က ဥပေက္ခာတွေကိုပဲရတော့ သူ့မာနက ကြက်ခေါင်းဆိတ် ထဖြစ်တာပါ .."

"မင်း အဲလိုထင်ပြီး .."

"တော်ပါတော့ .. မင်းဆီက ငါကြားချင်တာ ငါ့အတွက် သူ့ ချက်ဘယ်လောက်ရှိသလဲဆိုတဲ့စကားတွေမဟုတ်ဘူး၊ ကုန်ကုန်ပြော ရင် ခုချိန်မှာ သူကိုယ်တိုင်က ငါ့ရောဂါကို သနားပြီး ပေးဆပ် သင်းပါ့မယ်ဆိုရင်တောင် သူ့ဘဝကို ငါ မဖျက်ဆီးဘူး၊ အဲဒီလို ပေး စာနဲ့ ရောင့်ရဲမယ်အစား ငါကပဲ အပြည့်အဝ ပေးဆပ်သွားမယ် .."

သူရာ ကို ဘယ်လိုပြောပြော မအောင်မြင်ခဲ့သည့်အဖြစ်မှာ 'ငါ စားမယ်' ဆိုသည့်စကားကိုတော့ ပြောမိခဲ့၏။

ထိုအခါ သူရာ မျက်နှာ ပြုံးရွှင်သွားပုံရသည်။

"မင်း ငါ့ကို နှစ်သိမ့်ချင်လို့ ညာလိုက်တာဆိုရင်လည်း ငါကျေ တယ် .." တဲ့ ..။

ပြဒါး ရင်ထဲမှာ ဆူးတစ်ချောင်းကဲ့သို့ နင့်သွားခဲ့လေသည်။

❤





အခန်း (၂၇)

"ရှင်က ဒီမှာ ဘာလုပ်နေတာလဲ .."

နောက်ကျောက မေးသံကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်မိသည်။ ညဏ် က ပန်းနုရောင်ကိုယ်ကျပ်အင်္ကျီလည်ဟိုက်နှင့် ဒူးကျစကတ်အတို ဆီးပေါ်မှာ ပန်းသွေးရောင်ရင့်ရင့် အပေါ်ထပ်ပါးလေးထပ်ဝတ်ထား၏။

ဝတ်ထားသည့် အင်္ကျီရောင်အတိုင်း ပါးပြင်လေးတွေက ရဲတွက် နေကာ နှုတ်ခမ်းဆိုးဆေးနှင့် စိုအိနေသည့် နှုတ်ခမ်းသားတို့နှင့် အနီချင်း ပြိုင်နေသလိုပင် ..။

နေ့လယ်ခင်းမို့ နေပူနေပေမယ့် ကားပေါ်ကဆင်းပြီး ကုမ္ပဏီရုံးခန်း ထဲထိ လိုက်လာတဲ့သူ့အတွက် ပူလောင်အိုက်စပ်ဖွယ်မရှိပါ။ ဒါပေမယ့် သူမ ပါးပြင်လေးတွေကတော့ ရဲတွက်နေတာအမှန်ပင် ...။

"ရော့ .. ဒါယူထားဦး .. ကျွန်တော်ပြီးမှ ကြည့်မယ် .."

"ဟုတ်ကဲ့ .."

ပြဒါး ရဲ့ဆောင်မှာရှိနေကြသည့် လူနှစ်ယောက်က ညဏ် ကို ပြုံးပြ သွားသေးသည်။ သူမစိတ်ထဲမှာ ထောင်းခနဲဖြစ်သွားမိ၏။

သူရာ ခေါ်တုန်းကလည်း သူမ မလိုက်နိုင်ခဲ့ပါ။ မင်္ဂလာဦးတည်း က မကောင်းခဲ့သည့် ခြေထောက်က လူတွဲထားမှ သွားလာနိုင်သည်မို

www.burmeseclassic.com

www.burmeseclassic.com



ဒီကို တစ်ခါမှ မရောက်ခဲ့ဘူးတာ ဘယ်သူ့အပြစ်လဲ ..၊

"ကိုယ်တွဲခေါ်မှာပေ့ါ ဉာဏ် ရယ် .. ဗိုးလ်ချုပ်နဲ့တုန်းကလည်း ကြည့်မကောင်းပါဘူးဆိုပြီး ဘယ်မှမလိုက်ဘူး၊ ကိုယ့်ဘာသာ ထိုင်အား နိုင်တော့လည်း တစ်မျိုး၊ ကိုယ့်အလုပ်ထဲမှာ မင်း အနားယူလို့ရအောင် အားလုံးစီစဉ်ထားပြီးသား .." တဲ့ ..။

သူရာ အမျိုးမျိုး ဖျောင်းဖျချော့မော့ခဲ့ပေမယ့် ဒီနေ့ထိ သူမ ဒီနေရာကို မလိုက်လာခဲ့ဘူးပေ ..။ ခုကျမှ ..

"ရှင့်ကိုမေးနေတာ ပြဒါး .. သူရာ ဘယ်မှာလဲ .."

"သူ မရှိဘူး .."

"ရှိတယ် .. သူ ဒီမှာပဲ နေ့ရော ညရော နေနေတာ .."

"အခု မရှိဘူး .."

"ပြဒါး .."

ပြဒါး က မတုန်မလှုပ်ပုံစံနှင့်ပြောပြီး လှည့်ထွက်သွား၏။ ဉာဏ် က စားပွဲစွန်းတစ်ခုမှာ လက်ထောက်၍ သူ့ရှေ့မှာ ခြေလှမ်းရှေ့ရပ်ကာ

"ရှင်က ဒီလုပ်ငန်းမှာ ရင်းနှီးတဲ့သူမဟုတ်ပါဘူး၊ ခုတော့ ဘာဖြစ်တာလဲ နတ်ရေကန်ထဲကျသွားသလိုပါလား .."

"ဟုတ်တယ် .. အိုင်တီခေတ်ကြီးထဲမှာ နတ်ရေကန်မလိုဘူး .."

"သူရာ .. ဒီမှာရှိတယ်မို့လား .."

"မင်းကို ဒါချည်းပဲ ခဏခဏဖြေပေးနေဖို့ ငါ မအားဘူး ဉာဏ် မင်း ဒီထိရောက်လာရတဲ့ အကြောင်းကိုပြော .."

"ဒါ .. ကျွန်မယောက်ျားရဲ့ ကုမ္ပဏီ .."

"အဲ့ဒီတော့ .."

"ရှင် ဘာလို့ ဒီပုံစံနဲ့ရောက်နေသလဲဆိုတာပဲ ဖြေစမ်းပါ .."

"မင်း ယောက်ျားရဲ့ကုမ္ပဏီပေမယ့် သူ ဒီမှာမရှိတာ ငါးရက်ရှိပြီ .."

"ဘာ!.."



ပြဒါး ရဲ့လက်က ဒဏ်ရာတောင် အကင်းသေနေပြီဖြစ်သည်။ ပြောရမယ်ဆို ထိုကိစ္စတွေမတိုင်ခင်တည်းက သူရာ ပျောက်နေတာပါ။

ကိုယ့်ယောက်ျားအကြောင်း ကိုယ် ဘာမှမသိရသည့်အဖြစ်မှာ သူများပြောပြရင်တောင် သိခွင့်ရှိပါသေးသည်။ ခုတော့ ပြောပြမယ့်သူတောင် မရှိရသည့် သူမအဖြစ်က ..၊

"မင်း ဒီမှာ ခဏထိုင်ဦး .."

"ထိုင်ဖို့လာတာ မဟုတ်ဘူး .."

"ထိုင်ဖို့မဟုတ်ပေမယ့် မင်း ချက်ချင်းဆင်းသွားလို့လည်းမရဘူး၊ မာတ်လှေကားပျက်နေတယ် .."

သူမ တက်လာခဲ့တုန်းကတောင် အကောင်းကြီးရှိသေးသည်။ ပြဒါး က နာရီတစ်ချက်ငုံ့ကြည့်ကာ ..၊

"မင်း ထွက်လာလိုက်တဲ့နောက်မှာ ပျက်သွားတာထင်တယ် .."

ပြောပြီး ဖုန်းကောက်ဆက်နေလျက် ..၊

"ခဏစောင့် .. သူရာ ဘယ်မှာလဲ ငါလည်းသိချင်နေတာ .."

"ပြဒါး .."

ခြေလှမ်းပြင်ပြီးမှ ပြဒါး က ပြန်ငဲ့ကြည့်၏။

"ရှင့်ကို ဒီလုပ်ငန်းတစ်ခုလုံး သူရာ လွှဲထားတာလား .."

ပြဒါး မျက်မှောင်ကုတ်သွားသဖြင့် ဉာဏ် က ကိုယ့်မျက်နှာငယ်နေတာကို မသိမသာပြန်လျှော့၍ ..၊

"သူ့ရဲ့ ပိုင်ဆိုင်မှုတွေ ဘယ်ရောက်နေနေ ကျွန်မ ဂရုမစိုက်ပါဘူး၊ သူ ဘယ်ရောက်နေသလဲဆိုတာ သိချင်တယ် .."

"မင်း သူ့ဖုန်းကိုဆက်ပါလား .."

"ရှင်ရော ဆက်လို့ရလို့လား .."

"မင်းနဲ့ ငါ တူတာမှမဟုတ်ဘဲ .."

"ဟွန်း .."

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ် က နှုတ်ခမ်းမဲ့ကာ သူ့မျက်နှာကို စေ့စေ့ကြည့်၏။

"ရှင့်လိုလူက ဒီစကားပြောတော့ လင်မယားကြားမှာ ချွန်တွန်းလုပ်နေသလိုပဲ .."

"ဘာ .."

"တစ်ခါတလေ စဉ်းစားမိတယ်၊ သူ ယူထားတာ ကျွန်မကိုလား- ရှင့်ကိုလားဆိုတာ .."

"စောင်းလက်ခတ်ဉာဏ် .."

"ပြောလေ .. ရှင့်ကို ဒေါသထွက်အောင် ကျွန်မက ပြောနေတယ်ထင်ရင် ကျွန်မပြောသလို ပြန်ပြောပေါ့၊ လူကို အော်စရာမလိုဘူး .."

"မင်းတို့နှစ်ယောက်ရဲ့ အဆင်မပြေမှု ဘာကစပြီး ဘယ်လိုစခန်းသွားနေကြသလဲ ငါမသိဘူး၊ အဲဒါကြောင့် မင်းတို့ချင်း ဘယ်လိုနည်းနဲ့ အဆင်ပြေနိုင်မလဲဆိုတာ ရင်ကြားစေ့ပေးဖို့လည်း စိတ်မဝင်စားဘူး။ သူ့ကျန်းမာရေး မကောင်းလို့ ငါ သူ့အတွက် လိုက်လျှောက်ကူညီနေတာ.."

"အခုမှ အကျိုးဆောင်တာတော့ မဟုတ်ဘူးမို့လား .."

"သူ့ရဲ့ ပိုင်ဆိုင်မှုတွေ မင်း စိတ်မဝင်စားဘူးဆိုရင် သူပိုင်တဲ့ ငွေတွေ ဘယ်အပေါက် ယိုစိမ့်နေသလဲဆိုတာ မင်း စုံစမ်းစရာမလိုဘူး ဉာဏ် ..၊ လောလောဆယ် သူ့ခံစားချက် သူ့ကျန်းမာရေးအကြောင်း မင်းထက် ငါပိုသိတယ်၊ ဘာကြောင့် သိနေသလဲဆိုတာ ယုတ်ယုတ်ညံ့ညံ့ လျှောက်မတွေးနဲ့ သူ့အပေါ်မှာ ငါ့ရဲ့ စိတ်ဝင်စားမှုက မင်းထက် ပိုနေလို့-"

ပြဒါး က ပြောနေရင်း ရှေ့ထပ်တိုးလိုက်ကာ ..၊

"အခု သူ ဘယ်သွားနေသလဲ .. ဘာလုပ်နေသလဲဆိုတာ မင်းသိချင်နေတာ ဘာကြောင့်လဲ .."

ဉာဏ် မျက်မှောင်လေးကုတ်သွားသည်။ မျက်လုံးချင်းဆုံကြည့်နေမိပေမယ့် တိတ်ဆိတ်နေခဲ့ကြပြီး ..၊

"ပြောစမ်းပါ .. တစ်ယောက်ပေါ်တစ်ယောက် လွှမ်းမိုးနိုင်ခြင်းဆိုတဲ့ အဓိပ္ပာယ်ကိုရော မင်းသိရဲ့လား .."



"သိတယ် .. သိပ်သိတာပေါ့ .. ရှင့်သူငယ်ချင်းကိုရော ရှင် အဲ့လို မေးကြည့်ဖူးရဲ့လား .. ကျွန်မက လွှမ်းမိုးချင်တဲ့ပုံစံပေါက်နေရင် သူ့ပုံစံ ဘယ်လိုနေသလဲဆိုတာ ပြောပြစမ်းပါ .."

ပက်ခနဲ ပြန်မေးလိမ့်မည်မထင်သဖြင့် ပြဒါး ခဏတော့ငိုင်သွားခဲ့သည်။ ဉာဏ် က မဲ့လိုက်ပြီး ..၊

"သူ့ကြောင့် ကျွန်မ ဒုက္ခရောက်ခဲ့တာ တစ်ခါတည်းမဟုတ်ဘူး -"

"မင်း .. ဒါတော့ .."

"ကားမှောက်တာ ခြေကျိုးတာတွေမပါဘဲ ပြောနေတာ .."

သူ စကားဟလိုက်တာနှင့် ဉာဏ် က ပိတ်ပြောပစ်ကာ ..၊

"သူ ဘယ်လိုလူစားမျိုးလဲ ကျွန်မ သိစရာမလိုတော့ဘူး ပြဒါး - ကျွန်မ ဘယ်လိုမိန်းမမျိုးလဲဆိုတာပဲ သူ သိရမှာ .."

"မင်းတို့နှစ်ယောက်ကြားမှာ တစ်ခုခုလွဲနေပြီလို့ တစ်ခါလောက် တွေးကြည့်ခဲ့ဖူးလား၊ မင်းကို ချစ်ပါတယ်လို့ပြောခဲ့ပြီး ခု ဘယ်လိုပုံစံပေါက်နေသလဲဆိုတာရော .."

"စကားလေးတစ်ခွန်းကို နှစ်ခါပြန်ပြောရတာလောက် စိတ်ပျက်ဖို့ကောင်းတာမရှိဘူး၊ အခု သူ ကျွန်မရဲ့ နီးနီးလေးမှာရှိနေပြီး ကျွန်မဆီ ရောက်မလာဘူး၊ အဲ့ဒီအချက်က ကျွန်မရဲ့ ဂုဏ်သိက္ခာပဲ .. ဒါကြောင့် သူ ဘာလုပ်နေသလဲဆိုတာ သိချင်တယ် .. သိရမှဖြစ်မယ် .."

"ငါက ပြောပြနိုင်လိမ့်မယ်လို့ ထင်နေတာတော့ မဟုတ်ပါဘူးနော် .."

"ရှင့်ကို စိတ်မဝင်စားဘူး ပြဒါး .. ကျွန်မ အခု ဒီကို ပထမဆုံး ရောက်လာတာပဲ၊ သူရှိနေမယ်လို့ ထင်လို့လာခဲ့တာ .."

"အခု သူ မရှိတော့ မင်း ဘာဆက်လုပ်မှာလဲ .."

"သူ ရှိနိုင်မယ့် နေရာကိုလိုက်မယ် .."

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကော်ဖီနှစ်ခွက်ရောက်လာတော့ ဉာဏ် က လှည့်တောင် မကြည့်ပေ၊ ပြဒါး ကလည်း သောက်မှာလားဆိုသည့်မေးခွန်းနှင့် ကော်ဖီခွက်ကို အသံတိတ်ရွှေ့တိုးပေးပေမယ့် ချက်ချင်းဆောမှာ ချထားလိုက်သည်။

သူ့အတွက်ကိုတော့ ကိုင်ထားလျက်နှင့် ..၊

"နေဦး .. မင်း သက်သာအောင် .. ငါမေးပေးမယ် .."

ဖုန်းကိုင်လိုက်ပေမယ့် အလုပ်ဖုန်းတွေလာနေသဖြင့် ပြဒါး ရုတ်တရက်ဘာမှမလုပ်နိုင်၊ ဉာဏ် ကလည်း ဒီတိုင်းလက်လေးပိုက်ကာ စားပွဲစွန်းမှာ တင်ပါးလေးမထိတထိကပ်မှီပြီး ငြိမ့်သည်လိုရပ်နေ၏။

"ဟော့ .. ထိုင်လေ .."

ကိုယ်က ငြိမ့်သည်ပါ .. ဒါပေမယ့် သူမက ခြေထောက်နာနေတဲ့ သူမို့ ဖုန်းတွေပြန်ဖြေရင်း သူမကို ထိုင်ခုံဆီမေးဆတ်ညွှန်ပြ၍ ထိုင်ဖို့ တိုက်တွန်းမိသေးသည်။

ဉာဏ် က ကော်ဖီပန်းကန်တစ်ဖက်နှင့် သူ့ကိုပဲ စိတ်တိုနေလျက် ထိုင်ဖို့လည်း မစဉ်းစား၊ သူ ဖုန်းဆက်မေးမှာကို စောင့်ဖို့သင့်မသင့်ကိုပဲ စဉ်းစားကာ မျက်နှာလေးကတော့ တင်းနေ၏။

"ဟလို .. တိုင်းမ်ကုမ္ပဏီက ဟုတ်ပါတယ် .."

"…. …. …."

"ပို့ပေးပါလိမ့်မယ်ခင်ဗျာ .."

"…. …. …."

"မဟုတ်ပါဘူး .. ကျွန်တော်က ကိုယ်စားလှယ်ပါ၊ သူဌေးက ကျန်းမာရေးသိပ်မကောင်းလို့ အနားယူနေလို့ပါ .."

"…. …. …."

"စိတ်ချရပါတယ် .. အားလုံးအိုခေမှာပါ .."

ဖုန်းပြောနေတာကိုကြည့်ပြီး ဉာဏ် အသည်းယားနေမိသည်။ ဒီကုမ္ပဏီဝင်းကြီးထဲကို ခြေချလိုက်တည်းက နောင်တရမိသလိုလို ရှက်မိသလိုလို ..။





ထို့ကြောင့် ဒေါ်ငွမ်း ပါလာတာတောင် အပေါ်ထိတွဲပို့မခံဘဲ ကိုယ့်ဘာသာ တက်လာခဲ့တာဖြစ်သည်။ သူမကို နေသူရာရှိန် ရဲ့ ဇနီးမှန်း မသိကြသဖြင့် အဆင့်ဆင့်မေးမြန်းလာရတည်းက ကိုယ့်မျက်နှာကြီးက ဆန်ကောလောက်ကြီး ပြန့်ပြောထူအမ်းနေသလိုပင် ..။

မဟုတ်ဘူး သူရာ့ ဇနီးက ဝိုးလ်ချဲနဲ့ နေနေရတာလို့ပဲ လူတွေသိထားကြတာ ဒါကြောင့် ငါရောက်လာတာကို မထင်ကြတာနေမှာပါ။

သူမ ဒီတိုင်းတွေးပြီး အားတင်းထားခဲ့ရသည်။

သူရာ ဒီရုံးခန်းထဲမှာရှိမနေမှန်းသာ အစကကြိုသိခဲ့ရင် သူမ လာခဲ့ခိမှာမဟုတ် ..။

"လွှတ်လိုက်ပြီ ဦးမြတ်ပာန် စာရွက်စာတမ်းကိစ္စကိုတော့ ကိုသူရာနဲ့တွေ့မှပဲ လုပ်လိုက်ပါ .."

သူ ဖုန်းပြောရင်း လှည့်ကြည့်တော့ ဉာဏ် က တစ်နေရာကို ရုန်းဆက်နေ၏။ သူ့ဖုန်းတွေ ချလိုက်ကာမှ သူမဘက်ကိုလှည့်၍ ..၊

"ဆောရီး .. အဲဒါ မင်းယောက်ျားအလုပ်ကိစ္စတွေပဲ .."

"ရှင့်ကို ဘယ်သူက မေးနေလို့လဲ .."

ဖုန်းကို လက်နဲ့အုပ်ထားပြီး ရန်တွေ့နေတော့ သူ ပြုံးလိုက်မိသည်။ ဉာဏ် က မျက်စောင်းထိုး၍ ..၊

"ပြော .. မေမေ .. ဘာမှမဟုတ်ဘူး .."

ဒေါ်မေသိမ်း နဲ့ ပြောနေမှန်းသိလိုက်သဖြင့် ပြဒါး ဖုန်းထုတ်၍ ဒေါ်မြတ်နိုးသူ ဆီ လှမ်းခေါ်လိုက်သည်။ တစ်ယောက်နဲ့တစ်ယောက် ခပ်စောင်းစောင်းကျောပေးလျက် ပြောနေကြပြီး ..၊

"ဘယ်အချိန်လောက်ကလဲ အန်တီ .. ကျွန်တော်နဲ့ ဖုန်းကွန်တ(က်)ရတာ တစ်နေ့လုံးပဲ .."

"သမီး ခြေထောက်ကောင်းနေပြီ မေမေ .. လုပ်သင့်တာတွေ သမီး

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ .."

"ကျွန်တော်က .. သူ့ကို .."

နှစ်ယောက်စလုံး ပြောလက်စတွေကိုယ်စီနှင့် ဖျတ်ခနဲ လှည့်လိုက်ကြလျှင် ...၊

"ဟ ..."

"အမေ့ ..."

"ဒေါက် ..."

"ဒေါက် ..."

ဖုန်းကိုင်သည့်လက်ချင်း တိုက်မိကြကာ ဖုန်းနှစ်လုံးစလုံး လွတ်လွတ်ခါခါ ခုန်ထွက်သွားကြလေသည်။ ထို့ပြင် ဉာဏ့် ကိုယ်လေး ဘေးတိုက်ယိုင်သွားသဖြင့် ပြဒါး က လက်ကိုပြန်ဖမ်းဆွဲ၏။

"ရှင် ဘာလုပ်တာလဲ .. ဖယ် .."

"မင်း လဲသွားမှာစိုးလို့ .."

"မလိုဘူး .. ဖယ် .. အား .."

"ဟော့ .. နေဦး .."

ရင်ခွင်ထဲကို ပစ်ကျလာပြီးမှ အတင်းပြန်ရုန်းသဖြင့် နှစ်ယောက်စလုံး စားပွဲပေါ်ပြိုကျသွားကြ၏။ ဉာဏ် က အောက်ကမို့ ထပ်ဖိမိပြီးမှ အရှိန်ပြန်ထိန်းရသည်။

ထိုအခါ သူမ မျက်နှာလေးထက်မှာ သူ့တစ်ကိုယ်လုံးချုပ်မိုးဖိစီးထားမိလျက် တစ်ယောက်မျက်နှာတစ်ယောက် မှင်တက်မိကာ ငေးစိုက်ကြည့်နေမိကြလေသည်။

ပါးသိုင်းမွေးရာ စိမ်းမြမြနှင့် ဆံပင်ခပ်အုပ်အုပ်ကောက်ကွေ့သော မျက်နှာသည် စူးရဲသော မျက်လုံးအစုံကြောင့် လူကို တစ်စုံတစ်ရာနှင့် လွှမ်းမိုးထားသလိုရှိ၏။

လူကို ရင်ချင်းကပ်၍ စားပွဲစွန်းမှာ လက်နှစ်ဖက်ထောက်ထား



သဖြင့် ဖက်မထားပေမယ့် ပို၍ဆိုးသောအခြေအနေမျိုးဖြစ်နေရာ ...

"ဖယ် .."

"ဆော်ရီး .."

ဉာဏ့် မျက်နှာလေးတစ်ပြင်လုံးနီရဲနေကာ ပြဒါး လက်တွေကို ဖြုတ်ဖယ်ပေးပြီးမှ နဖူးကုတ်မိလိုက်၊ ဆံပင်သပ်မိလိုက်နှင့် ဘယ်လိုကြီးနေမှန်းမသိ ...၊

ရင်ဘတ်တစ်နေရာမှ ရိုက်ပုတ်နေသော တုန်ခါနှုန်းသည် ရင်ဘတ်တစ်ပြင်လုံးသာမက တစ်ကိုယ်လုံးကို ရှိန်းဖိန်းပူထူနေစေလျက် ဒါကြီးကို ဘယ်လိုကာဆီးရမှန်းမသိ၊ ဖုံးကွယ်လို့လည်းမရ ...၊

"တစ်ယောက်ယောက်မြင်သွားရင် ဘယ်လိုထင်မလဲ .. ရှင် .. ရှင် ဦးနှောက်မရှိဘူးလား .."

ဉာဏ့် အသံလေးလည်းတုန်နေကာ ခြေလှမ်းပြင်ကြည့်ပေမယ့် အခြေအနေကမကောင်း ...။

နဂိုတည်းက မသန်စွမ်းသည့် ခြေတစ်ဖက်က ခုတော့ နှစ်ဖက်စလုံး ချွတ်ချင်နေ၏။ ဆံပင်တွေထဲ လက်ထည့်ဖွမိတော့ တစ်ခြမ်းသိမ်းထားသည့် ဘီးကုတ်လှလှလေးက လျှောကျပါသွား၏။

ဒါကို ငုံ့ကောက်လိုက်တော့လည်း အတူတူခေါင်းချင်းဆိုင်မိကာ ကိုယ်ကအရင် ပြန်ထရပ်ဖို့ကြိုးစားကာမှ မသန်သည့်ခြေထောက်ကြောင့် ဆိုင်ခနဲဖြစ်သွား၏။

ပြဒါး က သူမ လက်မောင်းလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ပြီး အတူတူမတ်မတ်ပြန်ရပ်လိုက်ကာ ...၊

"ဘာဖြစ်လို့ စိတ်နှောက်ကိုယ်ပါလုပ်ချင်တာပဲ .. မင်းက လူကောင်းလား .."

"ဟုတ်တယ် .. ကျိုးနေတာကို မေ့မေ့သွားလို့ .."

စိတ်လှုပ်ရှားတာကို ဒေါသနဲ့ ဖုံးဖို့ကြိုးစား၍ တစ်ဖက်လှဲပစ်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြဒါး ကလည်း ဘီးကုတ်လေးကို ငုံ့ကောက်ရင်း ပြုံးကာ ...

"ကိုယ့်ကိုယ်ကိုယ် သိသွားပြီဆိုတော့ နောက်မမေ့စေနဲ့ပေါ့ .."

"ပေး .."

သူ မတ်မတ်ပြန်ရပ်လိုက်တာနှင့် သူမက သူ့လက်ထဲက ဘီးကုတ်ကိုဆွဲယူသွားသည်။

"ဖုန်းရော .."

"မသိဘူး .. ကိုယ့်အလုံးပဲတွေ့တယ်၊ မင်းဟာမတွေ့ဘူး .."

"ရှင် ..."

စကားကို ဘယ်လိုကြီးပြောချလိုက်မှန်းမသိ၊ ဖုန်းရှိရာ လှည့်သွားပြီး ကောက်နေသဖြင့် ညဏ် ဘာမှမပြောလိုက်ရပေ ..။ ပြဒါး က ပြန်လှည့်လာကာ ဒည့်ခန်းဆိုဖာတွေဘက်လှည့်ကြည့်စဉ် ဖုန်းဝင်လာသဖြင့် ကိုင်လိုက်၏။

"အိုခေ .. အိုခေ .."

"ခတ်လေ့ကား ရပြီတဲ့ ဆရာ .."

တစ်ယောက်ကလည်း တံခါးနားကနေ လာပြေးပြော၏။

"အေး .. သိပြီးပြီ .."

သူက ညဏ့် ဘက်ကို ပြန်လှည့်လိုက်လျှင် ...၊

"သိပြီ .. သွားမယ် .."

"နေဦးလေ .. ဖုန်းရှာရဦးမယ်၊ ဘယ်ထိ ရှောဝင်သွားလဲမသိဘူး.."

"နေပေ့စေတော့ .."

"ဟာ .. မရဘူး .. သွားလာရင်း ဖုန်းမရှိရင် အန္တရာယ်များတယ် အခု ကားပေါ်မှာ ဘယ်သူပါသလဲ .."

"ဒီမှာ .."

ညဏ် က နှုတ်ခမ်းလျှာ ပါးပုံလေးပြန်ပေါ်လာကာ ခါးလေးတစ် ဖက်ထောက်လျက် ..၊



"ရှင့်ကိုယ်ရှင် ဘာမှတ်နေသလဲ ပြဒါး .."

"ငါ့ကိုယ်ငါ ဘာပဲမှတ်မှတ် ကိုယ့်အခွင့်အရေးနဲ့ကိုယ်ပါ .. မင်း ဘာပြောချင်တာလဲ .."

"ကိုယ့်နေရာနဲ့ကိုယ် နေစမ်းပါ .. ကျွန်မကို နေရာတကာ ရှင် အမိန့်ပေးဖို့မလိုဘူး၊ အကြံပြုဖို့လည်းမလိုဘူး အထူးသဖြင့် ခုနကလို ဘာလိုလိုသက်ရောက်စေမယ့် စိတ်ပူသလိုလိုစကားမျိုး မပြောမိဖို့ ဆင်ခြင် .."

"ဟ .. လိုလိုတွေ များလှချေလား .. မင်းကို ဘာလိုလိုထင်စရာတွေ ဖြစ်အောင် ဘာလိုလိုစကားတွေ ပြောပေးနေတာမဟုတ်ဘူး၊ ကိုယ်စား ဘာဝန်ပေးထားလို့ အမြင်မတော်တာတွေ ခဏခဏတွေ့နေရလို့ .."

"မလိုဘူး .."

"လိုလို .. မလိုလို အဲ့ဒါ ငါ့ကိစ္စ .."

ပြောလိုက်ရရင် အဆင်မပြေခြင်းနဲ့သာပြီးဆုံးရကာ ပေါ့ပါးခြင်း ဆွက ဒေါသတွေအကြိတ်အနယ် ဖြစ်ကျန်ရစ်တာသာ အဖက်တင်၏။

သူကိုက သူမကိုဆို ခြေမခိုင်သည့်ကလေးတစ်ယောက်လို မြင်နေ တာ ဒုက္ခတစ်ခုပဲထင်သည်။ သတိထားစမ်း ပြဒါး .. အဲ့တစ်ယောက် ဘ တကယ့် မီးခဲ ..။

ကိုယ့်ဒေါသနဲ့ကိုယ် လုံးဝ လှည့်မကြည့်ဘဲ နေလိုက်မိသည်။ နားထဲ ဆို အသံတစ်ချက် ဝင်လာသဖြင့် နားစွင့်ကြည့်လိုက်၏။

ဒါ ဖုန်းရဲ့ ဗိုင်ဘရေးရှင်းမှု(ဒ်) ..၊

လှည့်ကြည့်လိုက်တော့ ထင်သည့်အတိုင်း ညဏ် က မရှိတော့ပေ။

"ကျွတ် .. ဖုန်းမပါဘဲ မသွားသင့်ဘူးဆိုတာ နားမလည်ဘူး .."

စိတ်တိုသွားမိကာ ဖုန်းသံနောက်ကို လိုက်ရှာမိသည်။ ဖုန်းက ဆိုဖာခုံဘေးမှာ ကပ်တွယ်နေကာ မစ်(ဒ်)ကောလ်ဖြစ်သွားပေမယ့် သင်း နေဆဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ကောက်ယူလိုက်ပြီး ခတ်လေ့ကားဘက်ကို ပြေးလိုက်ခဲ့၏ သည်။ ဖုန်းက နောက်ထပ်မြည်၏။

"ဟလို .."

"ဟဲ့ .. ဖုန်းကိုင်တာ ဘယ်သူလဲ .."

တစ်ဖက်က မိန်းမအသံကြားမှ ညဏ် ခုနက သူမ အခန်း ဖုန်းပြောနေတာကို သတိရမိကာ ..၊

"ပြဒါး ပါ .."

"ဘယ်လိုဖြစ်လို့ ဖုန်းက မင်းလက်ထဲရောက်နေတာလဲ .."

"ကျွန်တော် ကိုင်ထားလို့လေ .."

"ဘာ .."

"ခဏလေး အန်တီ .. အန်တီ့ခေါ်မြတ်နိုးသူ ဆီ က ခေါ်နေလို့-" ပြောနေရင်း ဖုန်းနှစ်လုံးနဲ့ အလုပ်ဖြစ်နေကာ ခတ်လေ့ကားတံခါး နှစ်ချပ်စေ့ခါနီးကို သူ့လက် တံတောင်ကွေးနှင့် ပခုံးတစ်ဖက်ပါအောင် ထိုးခံထားလိုက်၏။

ညဏ် က မျက်ခုံးတွေ တွန့်ကုတ်နေအောင် စူးစူးရဲရဲကြည့်နေ ဖြင့် ပြောလက်စနှင့် ဖုန်းကို သူမလက်ထဲထည့်ပေးပြီး အထဲဝင်လိုက်၏။

"ဟုတ်ပါတယ် အန်တီ .. ပြဒါး ပါ .."

"...... ...... ......"

"ဗျာ .."

"...... ...... ......"

"ကျွန်တော့်ကိုခေါ်တာလား၊ ဟလို .. သိပ်မကြားရဘူး .. ကျွန်- သူ့လိုပဲ ညဏ် လည်း ပြောလို့မရသဖြင့် ဖုန်းကိုင်သည့် လက်ချ ချလိုက်မိစဉ် ခတ်လေ့ကားတံခါးပွင့်သွား၏။ အပြင်က တစ်ယောက် ရပ်နေပေမယ့် သူတို့ကို မြင်လိုက်သဖြင့် ခြေလှမ်းပြန်ဆုတ်သွားသည်။

ထို့ကြောင့် နှစ်ယောက်စလုံး သူ အရင်ထွက်မလား၊ ကိုယ်အရင်



သွားကာ မျက်လုံးချင်းဆုံသွားကြ၏။ ပြီးတော့ ကိုယ့်ဘာသာ ဆုံး ပြီး ထွက်လိုက်ကြတော့လည်း ပြိုင်တူ ..၊

"ဟာ .."

"ရှင် ဘာလို့ လုထွက်တာလဲ .."

ပခုံးချင်းတိုက်ပြီး ဘေးတစ်ဖက်စီကပ်သွားကြ၏။

"မင်းဘာသာ မထွက်ဘဲ ရပ်နေတော့ ငါ့ကို ထွက်ခိုင်းသလားလို့ .."

"မဟုတ်ကဟုတ်ကလိုက်ပြီး အနိုင်လုနေသေးတယ် .. ဟွန်း .."

"မင်း လျှောက်မပြောနဲ့ .."

ပြဒါး မျက်နှာနီသွားကာ စကားပြောတုန်း အနိုင်ပိုင်းထွက်သွား သည့် စိတ်နှင့် သူမဘေးကို တိုးလိုက်၏။

ထိုအချိန်တွင် အပြင်က ဧည့်သည်နှစ်ယောက် ရောက်လာကာ ကိုခြမ်းကနေကပ်ဝင်လိုက်၏။ ညဏ် နဲ့ ပြဒါး နှစ်ယောက်စလုံး ကိုပြန်ဖြစ်သွားခဲ့ပြီး ..၊

"ရှင် .."

"မတတ်နိုင်ဘူး .."

ခတ်လေ့ကားအပြင်ကိုလုံးထွေးရောက်သွားပြီး ယိမ်းယိုင်လျက်..၊

"ရှင် တော်တော် ညစ်ပတ်ပါလား .."

"ညစ်ပတ်တာမဟုတ်ဘူး .. သူတို့က လုဝင်လိုက်တော့ ဖယ်ပေး .."

"ဟွန်း .."

ညဏ် စိတ်ရှိသလောက် ခြေဆောင့်သွားချင်ပေမယ့် မတတ်နိုင်ခဲ့ ဒီကြားထဲ ပြန်ကြည့်လိုက်တော့ သူက ပါနေသဖြင့် ..၊

"ရှင်က ဘယ်လိုလဲ .."

"ကားပါကင်ကို .."

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နောက် လိုက်လာတာမသိတာမှတ်လို့ ...၊

ညဏ် နှုတ်ခမ်းလေးကိုက်လိုက်မိကာ ခြေစုံရပ်နေလိုက်၏။ ပြ
ကလည်း သူမနောက်မှာ ရပ်လိုက်ပြီး ...၊

"မောင်မောင် .. ခဏ .."

ဝန်ထမ်းကောင်လေးတစ်ယောက်ကို လှမ်းခေါ်ပြီး ဘာတွေမှာ
နေမှန်းမသိ၊ ညဏ် ဆက်ထွက်လာခဲ့တော့ သူ့ရဲ့ မှာကြားစရာက
ချက်ချင်း ပြီးဆုံးလေသည်။

"ဟော .. ပြဒါး က ဒီမှာလား .."

"ဟုတ်တယ် .. ဒီကားမောင်းလာတာလား ဒေါ်ဝွမ်း .. ကိုထွ
ရော .."

"သမီး ဆင်းမလာလောက်သေးဘူးမှတ်လို့ ဒီနား ခဏနိုင်
တာ .. ဟော .. ဟော .. ဟိုမှာ လာပြီ .."

ထွန်းဝင်း ရောက်လာတော့ ကားကိုကြည့်ပြီး ပြဒါး က
ပြောနေသည်မသိ။ ပြန်ရောက်လာမှ ...

"ဟုတ်တယ် .. ကားက ပစ်ထားတာကြာပြီ၊ အလိုင်းခ
အောက်ပိုင်းမစစ်နဲ့ မောင်းရတာ ခပ်လန့်လန့်ပဲ .."

"ဘာတွေပြောလိုက်တာလဲ .. ဟိုတစ်ယောက်က .."

သူ့ဟာသူပြောနေရင်း ညဏ် က မေးလိုက်တော့ ပျာပျာသလဲ
လှည့်ကာ ...၊

"ဒီကားမောင်းလာတာကို စိတ်ပူလို့မှာလိုက်တာပါ၊ နော
တစ်နေရာသွားဖို့ရှိသေးရင် မသွားနဲ့တော့တဲ့ .. နေပူတော့ ဘီး
ပေါင်အရမ်းတက်နေတော့ ခုန်တယ်လေ၊ ကားက သိပ်စိတ်မချ

"တော်ပြီ ကိုထွန်းဝင်း .. အကုန်လုံးရှုတ်ပြမနေနဲ့တော့၊ သ
ကိုဝင်စရာရှိသေးတယ် .."

"ဟင်!..."



ဒေါ်ဝွမ်း ဟင်ခနဲဖြစ်သွားသည်။ ဒါပေမယ့် မေးလည်းမမေးရဲပေ။
း က မှာလိုက်သည်ဆိုလို့ ညဏ် သေချာဖြစ်အောင်လုပ်တော့မှာကို
နေ၏။

သူဌေးက ဘာတွေစိတ်ချပြီးတော့များ ဒီကောင်လေးနဲ့ မျက်နှာလွှဲ
စ်ထားပစ်ခဲ့တာလဲ ...၊

ဒေါ်ဝွမ်း သက်ပြင်းချနေတာကို ညဏ် က ဖုန်းပြောနေတော့ မသိ..။

"ဟုတ်တယ် .. ပြောနေရင်းနဲ့ မကြားရတော့တာ မေမေ .. လွတ်
သွားလို့လား၊ ဓာတ်လှေကားထဲမှာမို့လို့လားမသိပါဘူး၊ အဲဒီ ကြားရ
.. မေမေ ဘာပြောမလို့မလဲ .."

"..... ..... ....."

"ဟင့်အင်း .. မသိသေးဘူး .. ဘာသတင်းလဲဟင် .."

"..... ..... ....."

"ဟုတ်လား မေမေ .. မေမေ့ကို အိန်တီသူ ပြောတာလား .."

"..... ..... ....."

"သူက မပြောချင်တာကို မေမေက သွားမေးလို့ကောင်းပါ့မလား
မေရယ် .."

"..... ..... ....."

"ဟင့်အင်း အဲဒီလောက်တော့ မသိပေမယ့် သူရာ နဲ့ ညီဝမ်းကွဲ
တာတော့ သမီး သိတယ် .."

"..... ..... ....."

"ဘယ်သူမှ မသိစေချင်ပါဘူးဆိုပြီး ပြန်ပိတ်ထားတော့ ပြောရ
နေတာပေါ့၊ ပြီးတော့ သူ ဘယ်သူဖြစ်ဖြစ် သမီးတို့နဲ့ ဘာဆိုင်လို့လဲ.."

မေမေ့ဆီက အဖြေကိုမကြားရဘဲ သက်ပြင်းရှိုက်သံနှင့် နှုတ်ဆက်
၏။

ပြဒါး က 'ပင်လယ်ပြာ' သူဌေးကြီး ဦးစိုးကျော်ရဲ့ အငယ်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



မြေးလို့ အတိအကျသိရသည်တဲ့ ..။

'ပင်လယ်ပြာ' ရေကြောင်းခရီးသွားလုပ်ငန်းက ဟိုတုန်းတည်း လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့တာဖြစ်သည်။

နောက်ပိုင်းမှာ ကုန်းကြောင်းခရီးသွားလုပ်ငန်းတွေ တွင်ကျယ် တော့လည်း 'ပင်လယ်ပြာ' က ရှေ့ဆုံးမှာပဲဖြစ်၏။

သူမတို့သိသလောက်ဆိုလျှင် 'ပင်လယ်ပြာ' အုပ်စုက မွေးချင်း တွေချည်းစုစည်းထားကာ စည်းလုံးမှုလည်းရှိသည်။ ကြိုးစားကြ လည်း တက်ညီလက်ညီ ..။

မွေးချင်းတွေ များသလောက် စည်းလုံးမှုရှိသည့် နေရာမှာ နာမည် ကျော်၏။ ထို့ပြင် သူဌေး ဦးစိုးကျော်ရ ၏ တိကျပြတ်သားခြင်း လည်း ပါသေးသည်။

တစ်ချို့က ငွေဂုဏ်မောက်လွန်းသည်ဟု ဝေဖန်ခဲ့ကြ၏။ ကိုယ်တိုင် ဒေါ်မြတ်နိုးသူ တို့ကို 'ပင်လယ်ပြာ' အုပ်စုထဲကမို့ သ ကြည်ဖြူခဲ့တာဖြစ်သည်။

"အစွန်အဖျားလေးပဲတော်တော် .. စပ်နိုင်မှ တော်တာဖြစ် 'ပင်လယ်ပြာ' နဲ့ ဆွေမျိုးတော်ရတာ ဂုဏ်မငယ်ဘူး၊ ဆိုးကျိုးဖြစ် မရှိဘူး၊ မေမေ ယုံကြည်တယ် .." လို့ ပြောခဲ့တာ မှတ်မိနေသည်။

ပြဒါး ဆိုသူကတော့ ဘယ်သူကမွေးလို့ ဘေးရောက်နေခဲ့ မြေးအရင်းဖြစ်ပါလျက်နှင့် စည်းလုံးလွန်းလှပါသည်ဆိုတာ နာမည် နေခဲ့တာလည်းရှိပါလျက် ..၊

ဘာကြောင့် လူဆင်းရဲအိမ်မှာ ကြီးပြင်းခဲ့ရတာလဲ ..၊

တွေးသာတွေးကြည့်နေမိသည်။ ဘယ်ဟာက အမှန်လဲဆိုတာ



## အခန်း (၂၈)

"ဟာ .. အန်တီ .."

"ဟင် .. မင်းတို့က .."

ဒေါ်သက်ပိုင် ဆန်နီ နဲ့ ဇော်မင်း တို့ကို တွေ့တော့ တအံ့တသြကြီး ဖြစ်သွား၏။

"မင်းတို့က ရန်ကုန်မှာလား .."

"ဟုတ်တယ် .. ကြာပြီလေ .. ကျွန်တော်ကို လူကြုံတိုင်း စာရေး ဖို့ပါတယ်၊ ပြဒါး ဆိုတဲ့ကောင် နေနိုင်ပုံများ စာလေးတစ်ကြောင်းတစ် လေတောင် ရေးဖော်မရဘူး .."

ဒေါ်သက်ပိုင် မျက်နှာပျက်သွားကာ ဘာမှမပြောဘဲ ရှောင်ထွက် သွားဖို့တော့ ခြေလှမ်းပြင်မိသေးသည်။ သို့သော် ...

"ပြဒါး က အိမ်မှာမှမရှိတာ၊ မင်းတို့မသိဘူးလား .."

"ဗျာ!..."

"ဟုတ်လား .. ဘယ်သွားတာလဲ .."

"ဒီမှာပဲ .."

"ဟင်!..."

တကယ်ဆို ပြဒါး က မထင်မှတ်ဘဲရောက်လာတာဖြစ်ကာ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြချိန်လည်းမရ၊ သူတို့ထက်လည်း တစ်ရက်စောနေသေးသည်၊ ထို့ကြောင့် ...၊

တစ်ယောက်ရဲ့နေရပ်လိပ်စာ တစ်ယောက်ကို အသိပေးဖို့အတွက် အလွဲကြီးလွဲခဲ့ခြင်းဖြစ်၏။

"ဒါဆို အန်တီ အခု ပြဒါး ဆီ လာတာပေါ့နော် .. သူ့လိပ်စာလေး တစ်ချက်လောက်ပေးပါလား အန်တီ .."

"ဟင် .."

"မဟုတ်ပါဘူး .. သူ မခေါ်ဘဲနဲ့ သွားမလည်ပါဘူး၊ သူ့ဖုန်းနံပါတ် ခေါ်တာလည်း မရလို့ပါ .."

"ငါတို့လည်း မရပါဘူး .. နံပါတ်ပြောင်းလိုက်တာဖြစ်မှာပေါ့-"

ဒေါ်သက်ပိုင် မျက်နှာပေါ်က မကျေနပ်ခြင်းတွေမှာ နာကျင်မှုတွေ ပိုကဲနေသဖြင့် သူတို့အံ့သြသွားကြသည်။ သို့သော် ပြဒါး တစ်ယောက် မြို့ရောက်နေတာမို့ အခြေအနေကောင်းနေပြီလို့ တစ်ဖက်က ပြန်တွေး မိကြ၏။

အလုပ်အကိုင် မယ်မယ်ရရမရှိ၊ ပြောမကောင်းဆိုမကောင်းနေခဲ့ တုန်းက ချိုးနှိမ်ကဲ့ရယ်နေကြပေမယ့် ကောင်းစားသွားပြီဆို သိတတ်ချင်ကြတာ ဓမ္မတာပဲဖြစ်သည်။

"ဒါဆို .. ဟို .. သူ ဘာအလုပ်ရသွားတာလဲဆိုတာတော့ အန်တီ သိမှာပေါ့နော် .."

ဒေါ်သက်ပိုင် က ဖျတ်ခနဲကြည့်သည်။ သူတို့လေးတွေ တကယ် အဆက်အသွယ်ပြတ်တောက်နေကြတာပဲ၊ ဘာပဲဖြစ်ဖြစ် ကိုယ့်မိသား အရေးကိုတော့ ပြောပြလို့မဖြစ်ပေ ..။

ဆန်နီ တို့ကလည်း ဒေါ်သက်ပိုင် မပြောချင်တာကို ရိပ်မိသွား သည်။ တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်မိရင်း ..၊

"ဟုတ်ကဲ့ပါ .. အန်တီ ဘယ်မှာတည်းတာလဲ၊ ကျွန်တော်တို့



နှစ်ယောက်စလုံး အလုပ်အတူလုပ်ချင်တာနဲ့ လောလောဆယ် သင်္ဘော ကျင်းမှာပဲလုပ်နေကြတာ .."

"ဘယ်လို!..."

"ဆန်နီ ကတော့ 'ပင်လယ်ပြာ' အပန်းဖြေသင်္ဘောကြီးမှာ သူ့ အဆင့် ..."

"ပင်လယ်ပြာ .. ပင်လယ်ပြာ ဟုတ်လား .."

ဇော်မင်း စကားဆုံးအောင်ပြောခွင့်မရလိုက်ဘဲ ကိုယ့်စကားမှာ ဘာအမှားပါသွားမိလို့လဲတွေးမိရင်း တအံ့တသြကြည့်လိုက်မိ၏။

ဒေါ်သက်ပိုင် မျက်လုံးပြူးနှင့် လက်ညှိုးလည်းထိုးကာ ..၊

"ဆန်နီ က ပင်လယ်ပြာမှာလုပ်တာပေါ့ .."

"ဟုတ်တယ် .. သူက .."

"ဘာလဲ .. လူကပ်နဲ့ဝင်တာလား၊ ဘာအဆင့်နဲ့လဲ .. ဘွဲ့ရထားတာ က ဇော်မင်း မို့လား .. သူက ဘွဲ့လည်းမရ တခြားလည်း ဘာသင်တန်းမှ မတက်ဖူးဘဲနဲ့ .."

ဘာမှမပြောရသေးဘဲ သူမချည်းပဲ မေးခွန်းတွေ စက်သေနတ်ပစ် သလိုနေပြီး ဘာတွေအံ့သြထိတ်လန့်နေမှန်းလည်းမသိ ..။ ထို့ပြင် ဆန်နီ ဝတ်ထားသည့် 'ပင်လယ်ပြာ' တံဆိပ်နှင့် ယူနီဖောင်းကို ခုမှသေချာ သတိထားမိသွားသည့်ပုံနှင့် ..၊

"တိုက်ဆိုင်လိုက်တာ .."

"ဗျာ .. ဘာဖြစ်လို့လဲ .."

"ဘာဖြစ်လို့လဲ အန်တီ .. ပြဒါး လည်း အဲဒီမှာအလုပ်လုပ်နေတာ လား .."

"အဲ့ .. ဟို .."

"ဒီကောင်ဆိုရင် ရုပ်လည်းဖြောင့်တယ်၊ ဘွဲ့ရပြီးသား .. သူ့အရည် အချင်းနဲ့ ဝင်လို့ရတဲ့နေရာတွေ အများကြီးရှိတယ်၊ ပြီးတော့ ပင်လယ်ပြာ

www.burmeseclassic.com



ဘ အဓေးပြေးလိုင်းမှာလည်း ရှိတာပဲ ..”

“အဲ .. မသိပါဘူး၊ ဒါပေမယ့် သူ့အလုပ်ကလည်း အဲ့ဒါနဲ့တော့ ဘက်သက်တယ်ထင်တယ်၊ ငါသွားတော့မယ် ..”

“အန်တီ .. အန်တီ နေပါဦး ..”

“ရတယ် .. ငါ့ကိစ္စအရေးကြီးလို့ ..”

သူတို့စကားပြောနေကြတုန်း မလှမ်းမကမ်းမှာ အဖြူရောင်ကား ဆေးတစ်စီး ထိုးရပ်သွားကာ ..၊

“ဒေါ်သက်ပိုင် လား မသိဘူး ..”

“ဟေ ..”

လှည့်မကြည့်ရသေးဘဲ ထိတ်လန့်သည့်ထူးသံက အရင်ထွက်၏။ ကားပေါ်ကဆင်းလာသူသည် ဒေါ်သက်ပိုင် အသက်အရွယ်လောက်ပဲရှိ ကာ ခပ်ဖိုင့်ဖိုင့် နဖူးကျယ်ကျယ်နှင့် လက်ကိုင်အိတ်ကြီးတစ်လုံးကို ခန့်ညားစွာကိုင်ထားလျက် ..၊

“သူဌေးက ဒေါ်သက်ပိုင် ကို ခေါ်ခိုင်းလိုက်လို့ပါ ..”

“ဟင် .. အဲ့ဒါ ပြီးပြီလေ .. ဟို .. ကျ .. ကျွန်မ ခုပဲပြန်လာတာ..”

“ဟုတ်ပါတယ် .. ဒါပေမယ့် သူဌေးနဲ့မတွေ့ခဲ့ရဘူးမို့လား၊ ဒေါ် သက်ပိုင် ကို ချီးမြှင့်ဖို့ကျန်နေသေးလို့ထင်တယ်၊ ကျေးဇူးပြုပြီး ခု ကျွန်တော် နဲ့ ပြန်လိုက်ခဲ့လို့ရမလားခင်ဗျာ ..”

“ဟို .. ဟိုလေ .. အင်း .. အင်း .. ရပါတယ် ..”

ဒေါ်သက်ပိုင် ၏ မလုံမလဲအကြည့်တွေ ဆန်နီ တို့ဆီ ဝေ့သွား သည်။ မျက်လုံးချင်း မဆုံခင်မှာပဲ ကပျာကယာပြန်လှည့်၍ ကားပေါ်တက် သွားတာလည်း ကမန်းကတန်း ..၊

“ငါတို့ မန်နေဂျာကြီးနဲ့ ဒေါ်သက်ပိုင် ဘယ်လိုပတ်သက်တာလဲ မသိဘူး ..”

“တစ်ခုခုတော့ တစ်ခုခုပဲ ..”



ဆန်နီ ဖျတ်ခနဲလှည့်ကြည့်ပြီး မျက်စောင်းထိုး၏။

“ဟုတ်တယ် .. မင်းပြောမှပဲ ရှင်းတော့တယ် ..”

“မင်းရော .. ငါရော ဒါပဲမြင်တာလေ .. မန်နေဂျာနဲ့တင်မကဘူး၊ ပင်လယ်ပြာ သူဌေးနဲ့ပါ ငြိနေတာ ..”

“ဟာ .. ဟော့ကောင် .. မင်း ..”

“ဘာလဲ ..”

“မျက်လုံးမကောင်းရင် မျက်မှန်လေးဘာလေးဝယ်တပ်ဦး၊ ဒါကြီး ကို ဘယ်သူဌေးက ..”

“ဟော့ကောင်ရ .. ငါပြောတာ မင်းပြောသလိုမျိုး မဟုတ်ဘူးလေ..”

“အထက်အညာနဲ့ အောက်ဒေသ ဒီလောက်ချမ်းသာတဲ့လူတွေနဲ့ ဒီလောက်စုတ်ပြတ်တဲ့ ..”

“ဆင်းရဲတယ်ဆိုရပြီ ..”

“စုတ်ပြတ်တာပါ ထည့်မှ ပြည့်စုံမှာ .. ဒီမိန်းမကြီး ပြဒါး ကိုဆို နှိမ်သလားမမေးနဲ့၊ သူ့ကိုများ နှုတ်ဆက်ချင်လွန်းလို့ထင်နေလား မသိ ဘူး၊ ပြဒါး လိပ်စာလေးသိရမလားလို့ အလိုက်သင့်မျှောပေးလိုက်တာ..”

“ခု မမျှောနဲ့တော့ .. ကမ်းပြန်တက်လို့ရပြီ ..”

ဒီတစ်ခါ ဇော်မင်း က မျက်စောင်းထိုးအလှည့်ကျသွားကာ ..၊

“တစ်အိမ်လုံးစိတ်ပုပ်တာ .. မြို့တက်ပြီး ဘယ်လိုခွင်ဖွေ့သွား လဲမသိဘူး၊ ဒါ ပြဒါး နဲ့လည်း ပတ်သက်နိုင်တယ် ..”

“ဟုတ်ချင်လည်း ဟုတ်မှာပေါ့ .. ပြဒါး က သူဌေးသားဆိုတာ လူတိုင်းသိ ..”

ဆန်နီ ပြောနေသည့်စကားထဲမှာ တရားပါသွားကာ ..၊

“အေး .. ဖြစ်နိုင်တယ် ..”

ဇော်မင်း ကလည်း ချက်ချင်းခေါင်းညိတ်ထောက်ခံ၏။ ပြီးတော့ နှစ်ယောက်မျက်လုံးချင်းဆုံကြလျက် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် 'ပင်လယ်ပြာ' နဲ့ ငြိတယ်ဆိုတာကတော့ .."

"ဟုတ်တယ် .. နည်းနည်းများသွားပြီထင်တယ် .."

နှစ်ယောက်စလုံး ခဏတော့ တိတ်ကျသွားကြ၏။ လမ်းဘေးမှာ ရပ်နေကြပြီး ဘယ်သွားမယ်ဆိုတာလည်း သတိမရကြတော့ဘဲ ပတ်ဝန်းကျင်ကိုပါ မေ့လျော့လျက် ..၊

"ဆန်နီ မင်း စဉ်းစားမိလား .. ဒီ မိန်းမကြီး ငါတို့ကို ပင်လယ်ပြာ နဲ့ ပတ်သက်နေတာ သိပြီး ထိတ်ပျာသွားတာ .."

"ဟုတ်တယ် .."

"ငါတို့ကို ဂရုစိုက်လို့မဟုတ်ဘူးကွ .. ငါတို့သိရင် ပြဒါး ဆီရောက်မယ့်အကြောင်းတစ်ခုခုကို ပိတ်ဆို့ချင်တာ၊ လုံးဝသေချာပြီ .. ငါတို့ထင်တာ မလွဲနိုင်ဘူး .."

"ဘာထင်တာလဲ .."

"ပြဒါး နဲ့ ပင်လယ်ပြာ ကြားမှာ ဒီမိန်းမကြီးတစ်ခုခုမွှေနေပြီ.."



အခန်း (၂၉)

"မဟုတ်ပါဘူး သားရယ် .. မေမေက သားအတွက်တောင် ဘာမှ လုပ်မပေးနိုင်တဲ့သူပါ၊ အဲ့ဒီသောကအပြင် တခြားဘယ်သူ့အကြောင်းကိုမှ စိတ်မဝင်စားနိုင်ပါဘူး၊ ပြဒါး ဘယ်သူဆိုတာ မေမေကိုယ်တိုင် မသိဘဲနဲ့ အန်ကယ်လ်ကြီးတို့ကို ဘယ်လိုပြောပြနိုင်မှာလဲ .."

မေမေ့ကို မယုံကြည်လို့မဟုတ်ပါ။ ဒါပေမယ့် ဒီကိစ္စကို သူနဲ့ ပြဒါး က လွဲလျှင် တခြားသိတဲ့လူမရှိပေ ..။ အထူးသဖြင့် ပြဒါး က အပယ်ခံသားဖြစ်သည်။

ဦးစိုးကျော်ရ တို့ကလည်း ရင်းနှီးတဲ့သူတွေအားလုံးနဲ့ ဝေးရာကို ပြောင်းရွှေ့သွားခဲ့တာဖြစ်ကာ ပင်လယ်ပြာနဲ့ ဦးစိုးကျော်ရ တို့ကို တွဲလျက်သိတဲ့လူဆိုတာ မရှိသလောက်ပင် ..။

ပြောရမယ်ဆို သူကိုယ်တိုင် ဒီနေ့ထိ ဦးစိုးကျော်ရ တို့ ဘယ်မှာ နေကြမှန်းမသိခဲ့ပေ ..။

"သူတို့တွေ ဒီကလေးကို ထောက်ပံ့နေတာတွေ ကျသွားတည်းက မန္တလေးမှာကိုမရှိခဲ့ကြတာ၊ အဲဒီတည်းက မေမေ တကယ်ဘာမှမသိခဲ့ပါဘူး .."

"ထောက်ပံ့တာကျသွားတာ မဟုတ်ဘူး မေမေ .. ပညာသင်စရိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆွေ အပြည့်အစုံထည့်ပေးပြီးမှ ပျောက်သွားကြတာ၊ သူတို့က ဘယ်ဆွေမျိုးကိုမှ လူမထင်ပေမယ့် ဆွေမျိုးတွေအားလုံးက သူတို့ ဂုဏ်သိက္ခာအတွက် စောင့်ထိန်းခဲ့ကြတယ်၊ ပြဒါး နဲ့ ပတ်သက်တာကို ဘာမှ မပြောခဲ့ကြဘူး .."

"ဟုတ်တယ် သား .. သူတို့က ချမ်းသာတော့ မေမေတို့တွေကို လိုသလိုသုံးနိုင်တဲ့ပစ္စည်းတစ်ခုလိုပဲ .. ခိုင်းချင်ရင် ရောက်လာတယ်၊ မလိုအပ်တော့ရင် ဂရုမစိုက်ဘူး၊ စိတ်နှာတာဟော့ မဟုတ်ပေမယ့် မေမေတို့လည်း ဆင်းရဲတာမှ မဟုတ်တာ၊ ပြဒါး နဲ့ ပတ်သက်တာရော၊ သူတို့အကြောင်းရော .. မေမေ ဘာမှအထူးအတွေမစဉ်းစားဘူး၊ အဲဒါကို သား ယုံပါ .."

"ယုံပါတယ် မေမေ .. ကျွန်တော် အံ့သြလို့ပါ .."

"သား .."

"ဗျာ .."

"မေမေက ဒီဘက်မှာ .."

ဒေါ်မြတ်နိုးသူ ရင်နင့်သွားခြင်းနှင့်အတူ မျက်ရည်တွေ ပြည့်တက်လာ၏။ သားနဲ့ စကားပြောရင်း စားပွဲပေါ်က ပေပါဝိတ်တုံးလေးကို စားပွဲစွန်းက စာရင်းဇာရွက်တွေပေါ် လှမ်းဖိရင်း ဖင်ရွှေ့ထိုင်လိုက်တာဖြစ်သည်။

သားနဲ့ သူမ ထောင့်မှန်ကျပုံစံထိုင်နေရာကနေ မျက်နှာချင်းဆိုင်ဖြစ်သွားတာအမှတ်တမဲ့ ..၊

"ကျွန်တော် .."

"သားလေးရယ် .."

ဒေါ်မြတ်နိုးသူ မျက်ရည်စက်တွေက ချက်ချင်းပိုးပိုးပေါက်ပေါက်ကျလာကြသည်။ ဖြူဖျော့ဖျော့ ခပ်ချောင်ချောင်ဖြစ်နေသည့် သူရာ ပုံစံက စိတ်အိုက်ညစ်ညျူးသွားခြင်းကြောင့် ပို၍အိုစာသွားခဲ့၏။



ဖျတ်ခနဲ ငုံ့လိုက်ပြီးမှ ခပ်ဖြည်းဖြည်းပြန်မော့၍ ..၊

"အဲဒီလိုမှ မှောင်ကျမသွားရင် မျက်ရိုးတွေ နားအုံတွေ အရမ်းကိုက်တာ မေမေ .. ကိုက်ခဲနေတာနဲ့စာရင် .."

"တော်ပါတော့ သားရယ် .."

ကျွန်တော့်ရဲ့ နောက်ဆုံးအချိန်ရောက်ရင် မေမေ့ဆီ ပြန်လာမှာပါတဲ့ ..။ မေမေ့ ရင်ခွင်ထဲမှာ ခေါင်းချမှာပါဆိုတာ .. ခုတော့ ..၊

"ကျွန်တော့်အတွက် မေမေ စိတ်သက်သာရာရအောင် ကြိုတင်ပြင်ဆင်ထားပါ မေမေရယ်၊ မေမေ့ ရှိုက်သံတွေ နားထောင်ပြီး ကျွန်တော်မသေပါရစေနဲ့ .."

"ရွက်ခြောက်ပင်ကြီးက ကြွေ့ကြွေ့ခံပြီး ပင်ပျိုရွက်နုတွေ ကြွေနေတာ ဘယ်လိုမျက်လုံးနဲ့ကြည့်ပြီး ဖြေသိမ့်နိုင်မှာလဲ သားရယ်၊ ကိုယ်ချစ်တဲ့သူတွေ ဆုံးရှုံးခဲ့ရင် ဘယ်လိုဖြေသိမ့်နိုင်အောင်ဆိုတဲ့ ကြိုတင်ပြင်ဆင်နည်းဆိုတာရော ရှိခဲ့လို့လား .."

"ဒါပေမယ့် မေမေရယ် .."

"မရဘူး သား .. မေမေ ခံနိုင်ရည်မရှိဘူး၊ ကိုယ့်ရောဂါကို ခံရသက်သာအောင် ဒါမှမဟုတ် မေမေ့ရင်ခွင်မှာဖြစ်ဖြစ် ကိုယ်ချစ်တဲ့သူတွေနဲ့ ဖြစ်ဖြစ် အချိန်ကြာကြာနေလို့ရအောင် သား ကိုယ့်စိတ်နဲ့ ပြန်ကုစားစမ်းပါ၊ လူတစ်ယောက်ရဲ့ဘဝ ဘယ်လိုရှင်သန်ခဲ့သလဲဆိုတာ သူ့ရဲ့စိတ်နဲ့ အများကြီးဆိုင်တယ် .."

ဆိုဖာနောက်မှီမှာ မျက်နှာမော့မှီလိုက်ရင်း မျက်လုံးတွေ အလင်းရောင် ပြန်ရလာချိန်ကို စောင့်နေမိသည်။ အလုပ်ကိစ္စတွေကိုရော၊ သူ ရှုပ်ခဲ့ရတဲ့ ဉာဏ်လေး နဲ့ ပတ်သက်တာတွေရော၊ အားလုံးက နိုးတစ်ဝက်အိပ်မက်ကဲ့သို့ အဆုံးမသတ်၊ မပီပြင်နိုင်ဘဲ ပြီးဆုံးရတော့မည်။

"ငါတို့ရဲ့ တွက်ဆချက်လွဲချော်ခဲ့တာဟာ မင်း အသက်ရှင်ဖို့ဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲ သူရာ .. ခုတော့ .."

www.burmeseclassic.com

www.burmeseclassic.com



ရောဂါသက်တမ်းအရ လူ့သက်တမ်းကုန်ဆုံးမည့်အချိန်ဟာ ဆရာဝန်တွေ တွက်ဆထားတာထက် ပို၍ မြန်မြန်ပြေးလွှားနေခဲ့သဖြင့် ..၊

"သား .."

ဒေါ်မြတ်နိုးသူ သူ့ရာ ဘေးမှာ ပြောင်းထိုင်လိုက်ပြီး လက်မောင်းကို စိုးရိမ်တကြီးဆုပ်ကိုင်၍ ..၊

"သား .. အခု မျက်လုံးပြန်လင်းလာရဲ့လားဟင် .."

ဖြေသံအစား မေးရိုးနှစ်ဖက် တင်းခနဲ လှုပ်ခတ်သွားသဖြင့် ဒေါ်မြတ်နိုးသူ ပါးစပ်အဟောင်းသားအတိုင်း ကြက်သေသေသွားခဲ့၏။

ဒီလောက်ထိကြာအောင် မှောင်ကျခဲ့ဖူးတာ မရှိသေးပေ ..။

ငေးကြည့်နေစဉ်မှာပဲ မှေးလှန်ထားသည့် သူ့ရာ့ မျက်ဝန်းထောင့်မှ မျက်ရည်ပူတွေ တလိမ့်လိမ့်စီမ့်ဆင်းလာခဲ့၏။ ထို့နောက် ..၊

"မေမေ .."

"သားလေး .."

လှဲနေရာက ကျုံးထကာ မိခင်ရင်ခွင်မှာ မျက်နှာအပ်၍ ရှိုက်ငိုမိရင်း ..၊

"ကျွန်တော် ငိုခွင့်ရှိတယ်မို့လား မေမေ .. ယောကျ်ားပေမယ့် မျက်ရည်ကျခွင့်ရှိတယ်မို့လား .."

"ငိုပါ သားရယ် .. ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် သောကဗျာပါး ကို ခံစားကြရတာပဲ .. ဘယ်လိုသတ္တဝါမဆို သေဘေးကြုံလာပြီဆိုရင် တော့ .."

ဆက်မပြောနိုင်တော့ဘဲ သားကိုဖက်ထားရင်း ရှိုက်ငိုလိုက်မိသည်။

"စိတ်ထဲမှာ ဘာကိုမှ မျိုသိပ်မထားနဲ့ သား .. မေမေ့ကို ရင်ဖွင့် လေနော် .. သား ဘာဖြစ်ချင်သလဲ၊ မေမေ့ကို ဘာလုပ်ပေးစေချင်သလဲ"

ပြောရင်း အသံတိမ်သွားရင်းနှင့် စကားတစ်ခုက လိုရင်းကို လွှ လွှယ်နဲ့ မရောက်ဘဲရှိလျက် ..၊



"သား စိတ်ချမ်းအောင်ကြိုးစားပါ သားရယ် .. ကိုယ့်ရှေ့ရေးထက် ပိုပြီး ဘယ်သူ့အတွက် ဘာမှ .."

"ကျွန်တော် အဲလို ပေါ့ပေါ့ပါးပါးနေလို့မရဘူး ဖြစ်နေတယ် မေမေ .. ယောကျ်ားတန်မဲ့ နာကျင်စရာတစ်ခုကိုပဲတွေးပြီး တမ်းတဆွေးမြေ့ နေခဲ့တယ်၊ ဟိုတုန်းတည်းက ခုချိန်ထိ ကျွန်တော့်စိတ်ကူးဆုံးဖြတ်ချက် တွေ ဘာတစ်ခုမှ မပီပြင်ခဲ့ဘူး .."

"သား .. အခု မျက်လုံးတွေ မြင်ရပြီလားဟင် .."

"အလင်းရောင်နဲ့ ပုံရိပ်တွေက ဝါးနေသေးတယ် .."

"သားလေး ငိုနေလို့ဖြစ်မှာပါ .. ကြည်သွားမှာပါ သားရယ် .. ခမ်းမနေည်းနဲ့နော် .."

"မေမေ .."

"ဟင် .. သား .."

သူ့ရာ့ မျက်နှာကို မော့ယူကာ မျက်ရည်တွေသုတ်ပေး၍ ကိုယ့်ကိုယ် ကိုယ် ပြုံးပြနိုင်အောင် တတ်နိုင်ဆုံး ကြိုးစားနေမိသည်။

"ကျွန်တော် နောက်နှစ်လလောက်ပဲ နေရတော့မယ်ဆိုတာ ဘယ်သူမှ မသိပါစေနဲ့နော် .."

"ငါကတော့ သိတယ် သူ့ရာ .."

ဒေါ်မမ က အရပ်အမောင်းကောင်း၊ ကိုယ်ခန္ဓာက ဖိုင့်ဖိုင့်နဲ့ မျက်နှာတည်တည်နှင့် လက်တွေစုံချ၍ လျှောက်လာတော့ အကြီးအကျယ် အချီအချ ဆွေးနွေးဖို့ ပဋိပက္ခတွေပါ ကြိုတင်ပြင်ဆင်လာသူနှင့် တူနေ၏။

ထိုပြင် တူဖြစ်သူမျက်နှာကို စူးစိုက်ကြည့်ရင်း နှုတ်ခမ်းတွေ ဖိကိုက်ထိုက်သေးသည်။ ခဏလောက် ရပ်ကြည့်နေပြီးမှ မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်စဉ် မျက်ဝန်းမှ မျက်ရည်တစ်စက် လက်ခနဲလွင့်ကျသွား၏။

"မင်းအမေက သူ့သားလေးကို သနားကြင်နာတဲ့စေတနာနဲ့ ဘာလုပ်

www.burmeseclassic.com



ပေးရမလဲ ‥ ဘာဖြစ်ချင်သလဲမေးနေတယ်၊ မင်း ဘာပြောပြော ခေါင်းညိတ်ဖို့လည်း အဆင်သင့်ပဲ ‥ ဒါပေမယ့် ကြီးကြီးကတော့ အဲ့ဒီလိုမဖေးဘူး၊ ငါ့တူနဲ့ ငါ့တူရဲ့ ပစ္စုပ္ပန်အနာဂတ်ကလွဲပြီး တစ်ပါးသူအတွက် တောင်းဆိုလာရင် ဆို့ဆောရီးလို့ပြောမှာ ‥"

"ကျွန်တော် ‥"

"မင်းရဲ့ ဒိုင်ယာရီကို မင်းက အသိမ်းကောင်းပေမယ့် ကြီးကြီးက တမင်ရှာပြီး ဖတ်လိုက်တယ် ‥"

"ဟင်!…"

"အဲ့ဒီအတွက်လည်း ဆို့ဆော်ရီးပဲ ‥"

ဒေါ်မမ က အစတည်းက စိတ်မြန်သလောက်အပြောလည်းဆိုးသည်။ တစ်ကိုယ်ကောင်းဆန်သူလို့ မဆိုသာသော်လည်း ကိုယ့်ရဲ့ ကိုယ့်ကျိုးကို အရင်တွက်ပြီးမှ မျက်လွှာပင့်ကြည့်တတ်တဲ့လူမျိုး ‥။

"ကိုယ့်ဘဝထက် သူများကို ပိုချစ်နေတာ မင်း သိပ်ကို ဝဋ်ကြွေးကြီးလွန်းလို့ဆိုတာ သိရဲ့လား ‥"

"ကြီးကြီး ကျွန်တော့်ကို ‥"

"ငါ့တူမို့လို့ ‥ ငါ့အခွင့်အရေးအတိုင်း လုပ်တာပဲ သူရာ ‥"

"မမရယ် ‥ အဲ့ဒါတွေ ‥"

"အဲ့ဒါတွေကို ခုမပြောလို့မရဘူး သူသူ ‥ ဒီကလေးလေး ဘာ‌တွေပြင်ဆင်နေတာလဲ နင် သိလို့လား ‥"

မျက်ရည်စိုနေသည့် ဒေါ်မြတ်နိုးသူ မျက်ဝန်းတွေက သား မျက်နှာကိုတော့ ပြန်ကြည့်လိုက်ပေမယ့် ဘာကိုမှလည်း ထပ်မသိချင်၊ ဘာတွေရှိနေနေ ဂရုမစိုက်ချင်တော့သည့် ကြင်နာမှုများနှင့်ဖြစ်၏။

သူရာ က ပီပြင်ထင်ရှားလာသည့် ပုံရိပ်ထဲမှာ အဒေါ်ဖြစ်သူ၏ ကရုဏာဒေါသမျက်နှာက ပြတ်သားနေသဖြင့် ဒီတိုင်းပဲငေးနေမိလျှက်

"မပူပါနဲ့ ကြီးကြီးရယ် ‥ အဲဒါတွေက ဘာမှဖြစ်လာတော့



…တ်ပါဘူး ‥"

"ဖြစ်လာတာ မလာတာတွေလည်း ကြီးကြီး စိတ်မဝင်စားဘူး၊ …း မသိသေးတာတွေကိုပဲ ထပ်ပြောချင်တာ၊ အန်ကယ်လ်ကြီးတို့နဲ့ …သက်ပိုင် တို့ မိသားစု ဇာတ်လမ်းတွေကို မင်းသိထားသလို ရိုးရိုး …ရှင်းလေးပဲ မင်း ထင်နေသလား ‥"

ဘာတွေရှိသေးလို့လဲဆိုသည့် အတွေးက ချက်ချင်းဝင်လာသည်။ …ဆို ဒီအကြောင်းတွေကို ကြီးကြီး သိသလို မေမေလည်း သိထားခဲ့ …လား ‥။

မျက်ဝန်းတွေကိုကြည့်၍ သူရာ ဘယ်လိုတွေးမိသွားသည်ကို နား…ည်ကာ ဒေါ်မြတ်နိုးသူ က မျက်ရည်တွေကို လက်ခုံနဲ့ပဲ တိုက်ဖျက်…လိုက်ရင်း ‥၊

"ဟိုဘုန်းက လူကြီးတွေပဲ သိခဲ့ကြတဲ့ကိစ္စတစ်ချို့ ရှိခဲ့တာပါ၊ …မှာ ဒါတွေကို သားမသိလည်း အရေးမကြီးပါဘူး ‥"

"အရေးမကြီးပေမယ့် ဖြစ်လာဖွယ်ရှိတာတွေက အန္တရာယ်ကြီး…ဲ သူသူ ‥ နင့်သားက ဒီမိန်းကလေးအတွက် အိမ်ရှေ့စံနဲ့ လက်ဆက်…င်းဖို့ ပလန်ချနေတာ ‥"

"ဟင်ဒ…"

ဒေါ်မြတ်နိုးသူ မျက်လုံးဝိုင်းသွားသည်။

"တကယ်တော့ အဲဒီကလေးက အိမ်ရှေ့စံမဟုတ်ဘူး၊ ရှင်ဘုရင် … ‥"

"သားက ‥"

"သူ့ကိုမမေးနဲ့ ငါ ပြောပြမယ်၊ ပြဒါး ကို အိမ်မှာခေါ်ထားပြီး …လေး နဲ့ နီးစပ်အောင် ဖန်တီးနေတာ၊ ဉာဏ်လေး ယယ်ငယ်ရွယ်ရွယ် …ိုးမဖြစ်ရမှာ၊ ခုလို ခြေထောက်တစ်ဖက်ကျိုးခဲ့ရတာတွေက သူ့ …င်လို့ ဇွဲလမ်းပြီး ဒါကို တာဝန်ကျေဖို့ နင့်သား ကြိုးစားနေတာ

www.burmeseclassic.com

www.burmeseclassic.com



သိရဲ့လား ..”

“မဖြစ်နိုင်တာ သားရယ် ..”

“ဖြစ်သွားရင်လည်း ငါတို့ခေါင်း ဆင်နင်းမှာပဲ ..”

ဒေါ်မမ က ပြောနေရင်း ထိုင်ရာမှထရပ်ပြီး ခေါက်တုံ့ခေါက်[illegible] လျှောက်နေသည်။ ခဏကြာမှ သူရာ ဘေးမှာ ခြေစုံရပ်လိုက်ကာ ..

“ပြဒါး ကို ခဏမွေးပေးဖို့ပဲ ပေးခဲ့တာ ..”

အဆက်အစပ်မရှိဘဲ အတိတ်ကို အစဖော်လိုက်ပြီး ..၊

“ကလေးအတွက် ထောက်ပံ့နေတာတွေကို မက်ပြီး စားစ[illegible] တာ အကြောင်းပြကောင်းနဲ့ ဒေါ်သက်ပိုင် တို့က ထွက်ပြေးခဲ့ကြ[illegible] အဲ့ဒါတွေ မင်း မသိဘူးမို့လား ..”

သူရာ က လည်ပင်းလိမ်အောင် မော့ကြည့်လာလျက် ဘာစ[illegible] မဆို ..။

“အန်ကယ်လ်ကြီးတို့ကလည်း လူသိမခံချင်ကြတဲ့ သူတို့အ[illegible] နဲ့ သူတို့ဆိုတော့ ကလေးပါသွားပေမယ့် ထိထိရောက်ရောက်မရှာ[illegible] ဘူး၊ အဲဒီဟုန်းက ဒေါ်သက်ပိုင် တို့ကို ဝိုင်းရှာပေးခဲ့ရတာ ကြီး[illegible] လည်း ပါတာပေါ့ ..”

ပုန်းနေတဲ့သူကို ရှာဖို့မလွယ်သလို ကလေးကိုယ်တိုင်က မိဘ[illegible] တွေကို စိတ်နာနေသည့် အဖြစ်ကြောင့် အော်ခေါ်မရှာရဲကြသည့် [illegible] တွေအားလုံး ငုတ်တုတ်မေ့ခဲ့ကြ၏။

“ဘဏ်ကငွေတွေကို တစ်လုံးတည်းထုတ်သွားပြီး ပျောက်[illegible] ကြတာ .. မင်း ဘယ်လိုရှာတွေ့လာသလဲဆိုတာ မသိဘူး သူတို့က[illegible]

“ကျွန်တော်နဲ့ မထင်မှတ်ဘဲ တွေ့ခဲ့တာပါ ..”

သူရာ အသံက မွန်းကျပ်မှုများနဲ့ဖြစ်သည်။

“သူတို့ကလည်း အရင်လို ပြုံးပြုံးရွှင်ရွှင်ပဲ ကြုံဆိုခဲ့တော့ [illegible] က အဖြစ်တွေကို မတွေးမိခဲ့ဘူး ..၊ ဘဘတို့က အရင်တည်းက [illegible]



[illegible]ဘင်ဖွန့်ပစ်ခဲ့တာမို့လို့ ..”

“ပြဒါး ဘယ်လိုနေနေ ဘယ်ကိုရောက်ရောက် ဂရုစိုက်မှာမဟုတ် [illegible]ို့ ထင်တာမို့လား၊ အဲ့ဒါ လုံးဝမှားတာပဲ .. ပြဒါးရဲ့ မေမေ ဆောင်း [illegible]ဝါ ဟာ အန်ကယ်လ်ကြီးရဲ့ အချစ်ဆုံးသမီး .. အခု မြေးယုံးယောက် [illegible]မယ့် လက်ရှိ မြေးနှစ်ယောက်ကို မိဘတွေရဲ့ စီးပွားနဲ့အတူ အမွေ [illegible]ပြီးပြီလို့ ကြားတယ် ..”

ဒေါ်မြတ်နိုးသူ က အစ်မဖြစ်သူကို အံ့ဩလိုမော့ကြည့်သည်။

“ပင်လယ်ပြာနဲ့ ဦးစိုးကျော်ရ ဆိုတာကို အတူတွဲမသိရင်သာပါ [illegible]ားတဲ့လူအတွက် စုံစမ်းရတာမခက်ပါဘူး၊ သူတို့ဘယ်မှာနေနေကြ [illegible]မသိပေမယ့် ငါတို့က ဆွေမျိုးအရင်းကြီးပဲ ..”

ဒေါ်မမ နောက်တစ်ခါ ပြန်ထိုင်လိုက်ပြီး ..၊

“အဲဒါတွေက သူ့အချစ်ဆုံးသမီးက မွေးခဲ့တဲ့ မြေးအတွက် သီးသန့် [illegible]ထားပြီး မျှော်လင့်နေတဲ့သဘောပဲ .. ဒီကလေးရဲ့အဖေအပေါ် အထင် [illegible]ခန်းတီးတဲ့စိတ်ဘာ ဒီနေ့ထိ မကြီးမားခဲ့ရင် ..”

“ဘာပဲဖြစ်ဖြစ် .. အခု ပြဒါး ကိုယ်တိုင်ဆုံးဖြတ်နိုင်တဲ့အရွယ်ပဲ [illegible]ကြီးရယ် .. ကျွန်တော့်ရည်ရွယ်ချက်က အထမြောက်ချင်မှလည်း [illegible]က်မယ် .. အထမမြောက်ခဲ့ရင်လည်း ..”

“မင်းနဲ့ လက်ထပ်ခဲ့တဲ့ မိန်းကလေး သူ့မြေးနဲ့ မင်းပဲချိတ်ဆက် [illegible]စ်ခဲ့မှန်းသိရင် မိုးမီးလောင်တာထက်ဆိုးမှာပဲ ..”

“ပြဒါး က ချစ်နေလို့ဆိုရင်ရော ..”

“အဲ့ဒါ သူတို့မြေးအဘိုးချင်း ရှင်းရမယ့်ကိစ္စတွေပါ၊ ကြီးကြီးတို့ [illegible]ာ်ဆိုင်နေတာက ဉာဏ်လေး က မင်း မိန်းမ ..”

ဒေါ်မမက သူရာ့ ကို ကရုဏာမျက်ဝန်းတို့နှင့်ကြည့်၍ ...

“ငါတို့ရဲ့ ချွေးမဖြစ်နေတဲ့အတွက် အန်ကယ်လ်ကြီး ခွင့်[illegible]မှာ [illegible]ဘူး၊ ပြီးတော့ .. ဒေါ်သက်ပိုင် တို့ ..”

www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းမ ပါးစပ်ဖွာတာက နာမည်ကြီး ...၊

ဘယ်အခြေအနေမှာဖြစ်ဖြစ် သူမတို့မှာ ပြောပိုင်ခွင့်ရှိသလော တော့ ပြောကြမည်သာ ...၊

"မင်း သူတို့ဆီကနေ ဆွဲထုတ်ခေါ်သွားတဲ့အဖြစ်ကို အဆို ရောက်အောင် ချဲ့ကားပြီး မီးလောင်ရာလေပင့်လိမ့်မယ် .. အန်က ကြီးတို့နဲ့ ပတ်သက်လာတိုင်း ငါတို့ပဲ အမြဲတမ်းကျန်ခဲ့ရတာ သူ အသက်ရော၊ ဝါရော စည်းစိမ်ဥစ္စာရော အစစအရာရာ ငါတို့ အင်အားကြီးတယ် .."

"ဟုတ်ပါတယ် သားရယ် .. အဲဒီစိတ်ကူးတွေနဲ့တော့ ရှေ့ ပါနဲ့နော် .."

ဒေါ်မြတ်နိုးသူ က တောင်းပန်လာကာ ...၊

"သိမ်းသိမ်း တို့ မိသားစုက ပင်လယ်ပြာကို မက်မော ပင်လယ်ပြာကကြည့်ရင်း သူတို့အဆင့်အတန်းက ဘာမှမဟု သား .."

ပြောရမယ်ဆို သူမတို့ကိုယ်တိုင်က သားလေးအကြိုက်လို ဉာဏ်လေး ကို မရမကစေ့စပ်လက်ထပ်ပေးဖို့ကြိုးစားခဲ့ကြတာ

ဒေါ်မေသိမ်း က ပင်လယ်ပြာအုပ်စုတွေမှန်းသိပြီး ခေါင်းညိတ် သည်။ ဉာဏ်လေး ကတော့ မိဘစကား မပယ်ရှားသည့်သမီးအ လေးမို့ လက်ခံခဲ့၏။

ဖြစ်ခဲ့သမျှက ရိုးစင်းပေမယ့် နောက်ထပ်ဖြစ်လာမှာတွေက ကွေ့ရှုပ်ထွေးဖွယ်တွေရှိနေခဲ့ပြီး ...၊

"သားရယ် .. ဉာဏ်လေး က မိစုံဖစုံနဲ့ အရမ်းကို ချော မိန်းကလေးပါ .. သူ့ရဲ့ နောင်ရေးက .."

"မဟုတ်ဘူး .. အဲ့ဒီလိုမဟုတ်ဘူး မေမေ .."

မျက်လုံးတွေ တရိပ်ရိပ်ပြာလာသဖြင့် အသက်မှန်မှန်ရှု



ငြိမ်နေလိုက်၏။ ပြီးမှ ပြန်ဖွင့်၍ ...၊

"ကျွန်တော့်ကို သူ လုံးဝမချစ်ဘူး .."

"အဲ့ဒါလည်း ကြီးကြီး သိတယ် .."

ဒေါ်မမအသံက မသိမသာ မာကျောနေကာ ...၊

"ဘာဖြစ်လို့ မင်းက အဲ့ဒီလိုမိန်းကလေးအတွက်ကို .."

"သူ့အတွက် မှန်ပေမယ့် ကျွန်တော့်အတွက်ပါ .."

မျက်လုံးတွေ ပြာလာပြီပေမယ့် မေမေ မရိပ်မိအောင် ထိန်းချုပ်၍ ဟန်မပျက်နေလျက် ...၊

"သူ့ကို ကျွန်တော်ပဲ တစ်သက်လုံးပိုင်ဆိုင်နေရတဲ့ ကျေနပ်မှုနဲ့ ထွက်သွားချင်လို့ပါ .."

"သား .."

သား မျက်ရည်ကျလာတော့ ဒေါ်မြတ်နိုးသူ မကြည့်ရက်နိုင် ...၊

ထိုစဉ် ဖုန်းသံမြည်လာသဖြင့် ဒေါ်မမ ငုံ့ကြည့်လိုက်မိသည်။ ပြဒါး ဆိုသည့် နာမည်ကို ဖတ်လိုက်မိကာ စိတ်ရှုပ်ခြင်းတွေ အင်အားအပြည့် နှင့် ဝင်လာခဲ့၏။

သားအမိနှစ်ယောက်ဖက်၍ နားလည်မှုတွေအပြန်အလှန်ဖြစ်နေ ကြလျှင် နေရာမှ ထထွက်လာခဲ့မိသည်။ ပြောဖို့ရှိသလောက်ကို ပြော ဆံးခဲ့ပြီးပြီမို့ ကျန်တာသူမ မပါဝင်လိုတော့ပေ ..။

ထိုစဉ် ပေါ်တီကိုအောက်ကနေ တစ်လှမ်းချင်းရွေ့လျားလာသည့် အရိပ်လေးတစ်ရိပ်ကို ဒေါ်မြတ်နိုးသူ သတိမထားမိခဲ့ပေ ..။ ထို့ပြင် ...၊

ခပ်ဆောင်းဆောင်း မျက်နှာမူထိုင်နေသော သူရာ ကလည်း မမြင် ...၊

မျက်လုံးတွေ တရိပ်ရိပ် ဝေဝါးလာရင်းကနေ ပြာမိုက်မှောင်မည်း သွားပြီဆို ဦးခေါင်းတစ်ခုလုံး ထုံခဲအုံ့မှိုင်းလာသည့် မကြည်လင်ခြင်းက ကိုက်ခဲခြင်းသို့ရောက်အောင် အသေအလဲကြိုးစားတော့သည်။

ထိုအချိန်မှာ သူရာ ဘာဆိုဘာမှ မမြင်တော့သည် ကိုယ်ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



သည့် စကားတွေကိုတောင် ကိုယ့်ဘာသာပြန်မကြားရသလိုဖြစ်နေလျက် ..။

"ကျွန်တော့်ရဲ့ နောက်ဆုံးအချိန်ရောက်တော့မှ ကျွန်တော် ပြဒါးကို ဘယ်လောက်အထင်ကြီးခင်တွယ်ခဲ့သလဲဆိုတာ သိလာခဲ့တယ်။ ညဏ်လေး က ကျွန်တော့်ဘဝမှာ မြတ်နိုးရဆုံး မိန်းကလေးပါ မမေ.."

နောက်ဆုံးအချိန်ဆိုတာ ဘာလဲ ..။

ကြားလိုက်ရသည့်စကားကြောင့် ညဏ် နေရာမှာတင် ခြေလှမ်းတုံ့သွားခဲ့၏။ မထင်မှတ်ဘဲ မကြာခဏဝင်လာခဲ့သည့် သူမရဲ့ အတွေးက မှန်နေပြီလား ..။

"ကျွန်တော်သေသွားခဲ့ရင် ပြဒါး နဲ့ ညဏ် နဲ့ အတူကျန်ခဲ့ရမယ်။ ကျွန်တော့်ကို မချစ်ပေမယ့် ပြဒါး ကိုတော့ ညဏ်လေး ချစ်လာမှာပဲ။ ညဏ်လေး ကို ပိုင်ဆိုင်ထားတဲ့သူဟာ ပြဒါး ဖြစ်တဲ့အတွက် ကျွန်တော် စိတ်ချမ်းသာရမယ်၊ အဲ့ဒါတွေက ကျွန်တော် ဖြစ်ချင်ဆုံးဆန္ဒတွေပါ.."

"ဒါပေမယ့် သားရယ် .. သူတို့နှစ်ယောက် ဘယ်လိုရှေ့ဆက်ကြမလဲဆိုတာ ဘယ်သူကြိုတင်သိနိုင်မှာလဲ၊ သူတို့ကို ခု လက်ထပ်၊ ခုပေါင်းကြပါလို့လည်း မေမေတို့ ပြောလို့မရဘူးလေ၊ သား ခုလို လုပ်ဆောင်ချက်ကြီးနဲ့ အခြေအနေက ဟိုမရောက်ဒီမရောက် ရှိနေဆဲမှာ ဒါတွေအားလုံးကို မေမေတို့က ဖန်တီးပါ၀ယ်လို့ .."

ဖုန်းသံက ဆူညံစွာဝင်လာ၏။ ဒီတစ်ခါ ဒေါ်မြတ်နိုးသူ မကိုင်ဘဲမနေနိုင်တော့ ..။

"ဖုန်းပြောလိုက်ဦးနော် သား .. သား စိတ်ပြောင်းသွားတာပေါ့ အလုပ်ထဲကဆိုလည်း .. ဟင် .."

"ဘာဖြစ်လို့လဲ မေမေ .."

"ပြဒါး .. ပြဒါး ခေါ်နေတာ သား .."

ဒေါ်မြတ်နိုးသူ ဖုန်းကောက်ကိုင်ရင်း ပျာပျာသလဲဖြစ်သွားတာကို



ညဏ် အံ့ဩနေမိသည်။ ပြဒါး ဆိုတဲ့လူ ဘာတွေနဲ့ ခြိမ်းခြောက်ထားလို့လဲ ..။

"သူ့ကို သား ဒီမှာနေနေတာ ပြောပြလိုက်တာလား .."

"မပြောဘူး .."

"ဒါဆို မေမေ ဘာလုပ်ပေးရမလဲ .. သား သူ့ကိုတွေ့ချင်လား .."

"ကျွန်တော့်ကို မတွေ့မရချင်း သူ ကြိုးစားနေမှာပဲ .."

"သားရယ် အစတည်းက ဒီကောင်လေးက ခပ်ရိုင်းရိုင်းရယ် .. သားရဲ့ ကျန်းမာရေးကို သူ သေချာသိနေတယ်ဆိုပေမယ့် သူ့ဘိုးဘွားတွေ သူ့ကို ဆက်သွယ်ဖို့ရှာနေတယ်ဆိုတာတော့ ခုမှ သိတာလေ၊ တော်ကြာ သားက လက်ထောက်ချလိုက်တယ်လို့ထင်ပြီး .."

"စိတ်မပူပါနဲ့ မေမေရယ် .. ပြဒါး က မကြည်တစ်ချက်နဲ့ တွေ့ရာမဲတတ်တဲ့ လူစားမျိုးမဟုတ်ပါဘူး၊ ရှူးရှူးဒိုင်းဒိုင်းပြောတတ်လုပ်တတ်ပေမယ့် သူ့စိတ် အတွင်းမှာ စာနာနားလည်မှုရှိတယ် .."

"သားရယ် .."

နောက်ထပ် ဘာတွေပြောနေကြသလဲ မသိတော့ပါ။ ကားနှစ်စီး၏ နောက်မှာရပ်ထားသည့် ကိုယ့်ကားဆီ လျှောက်သွားမိကာ ဒရိုင်ဘာကို မှာခဲ့ပြီး ဒီတိုင်းပဲ လမ်းလျှောက်ပြန်ခဲ့မိသည်။

ဒါဆို သူမ ထင်မြင်ခံစားခဲ့သမျှက မှားယွင်းနေခဲ့သည်ပေါ့။

သူ့ရော မှာ ဘယ်လိုရောဂါမျိုးရှိနေတာလဲ၊ ဘယ်လောက်ကြာကြာ ရှင်သန်ခွင့်ရဦးမှာလဲ၊ ဒီရောဂါဖြစ်ရခြင်းနဲ့ ပတ်သက်ပြီး ဘယ်သူ့မှာ တာဝန်ရှိသလဲ၊ ဘယ်သူ့ကြောင့်လဲ ..။

ပြဒါး ဆိုတဲ့လူကိုခေါ်လာပြီး နီးစပ်ဖို့ကြိုးစားနေခဲ့တဲ့ အခြေအနေဆီ သူမ ဘာဖြစ်လို့ မရိပ်မိခဲ့တာလဲ ..။

အတွေးများနှင့် တစ်လှမ်းချင်းလှမ်းနေခဲ့ရင်း ကိုယ့်ခြေထောက်သွ ပုံမှန်လှမ်းနေနိုင်တာကိုလည်း သတိမထားမိခဲ့ဘဲ ဈေးရပ်တစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



လို အသိမဲ့နေခဲ့သည်။

သူမ ဝမ်းနည်းနေတာလား .. ရှက်မိတာလား .. ဒါမှမဟုတ် ခံရခက်သည့် မာနတွေလား ..။

"တီ .."

ဒုတိယအကြိမ် ဟွန်းသံပေး၍ ခပ်ဖြည်းဖြည်းလိမ့်ပါလာသည့် ကားကို သူမ သိလည်းမသိ၊ ကြားလည်းမကြား ..။

"မညာဏ် .."

အနားကပ်ခေါ်လိုက်သည့်အသံကြောင့် ခြေလှမ်းပါတုံ့ခနဲဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့ ထွန်းဝင်း ..။

"မညာဏ် .. လာလေ .. ကျွန်တော် လိုက်လာတာ အမှတ် (၄)ကျောင်းရှေ့မှာတည်းက၊ ကားရပ်ထားခဲ့လို့မရလို့ ဟွန်းသံကြိတ်တီးပြီး ခေါ်ကြည့်သေးတယ် .."

ထွန်းဝင်း က မျက်နှာချိုသွေးရင်း သူ့ ဆောင်ရွက်ပုံကို တင်ပြနေသေးသည်။ ပြီးတော့ ညာဏ့် ကို တံခါးပြေးဖွင့်ပေးကာ ကမန်းကတန်း ပြန်တက်၍ မောင်းထွက်လိုက်ရင်း ..။

"မညာဏ် ခြေထောက်လုံးဝကောင်းနေပြီနော် .. အိမ်က ထွက်လာတုန်းကတောင် နည်းနည်းထော့နေသေးဟားလို့ .."

"ဟင် .."

ဒါ .. တကယ်လား ..။

ဖျတ်ခနဲ ပြန်ငုံ့ကြည့်မိကာ ဒူးနှစ်ဖက်ကို လက်နဲ့ဆုပ်ကိုင်လိုက်မိသည်။

"ဟုတ်တယ် .. မညာဏ် လမ်းလျှောက်နေတာ အေးဆေးပဲ၊ လေညင်းခံထွက်လျှောက်နေသလိုမျိုး .."

သူမ ဘယ်လောက်ထိ စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားခဲ့သလဲ ..

ဒီအဖြစ်ကို သိလိုက်ရသည့် ကိုယ်ကတော့ လူကောင်းပကတိဖြစ်



သွားနှဲ့ပြီး တစ်ယောက်သောသူကတော့ ထာဝရစွန့်ခွာခြင်းဖြင့် အဆုံးသတ်တော့မည်။

ဒီကိစ္စကို သူမ ဘယ်လိုဖြေရှင်းမလဲ ..။

မေးခွန်းတွေထဲမှာ ကိုယ့်ကိုယ်ကိုယ် ပြန်မေးသည့် မေးခွန်းဟာ အခက်ခဲဆုံးဖြစ်နေခဲ့လျက် ပီပြင်ခံစားနေရသည်က ရှက်ရွံ့ခြင်း ..။

ပြီးတော့ နာကျင်ရခြင်းဟာ ချစ်လို့လား .. မုန်းလို့လား ဆိုတာ မသေချာ ..။

အစစအရာရာ မျိုသိပ်သည်းခံလွန်းသည့် သူရာ့ မျက်နှာကို မြင်ယောင်ရင်း ဖြစ်လာသည့် သနားကရုဏာစိတ်ဟာ ကိုယ် အထင်လွဲမိသည့်အတွက် နောင်တရခြင်းသို့မရောက် ..။

တခြားသူရဲ့စိတ်ကို နားလည်ဖို့မကြိုးစားဘဲ ကိုယ်ထင်ရာတွေပြီး ကြိုးဆွဲရပ်သေးလို နေရာချဖို့ကြိုးစားနေသည်။

သေမလောက်ချစ်နေပါလျက် ကိုယ့်အသက်နဲ့ထပ်တူမြတ်နိုးပါတယ်ဆိုတာတောင် ဒါကို ဖွင့်ချတောင်းခံဖို့မကြိုးစားရဲခဲ့ ..။

သူရာ ဆိုတဲ့ယောကျ်ား ဒီလောက်ထိ ထုံထိုင်းပျော့ညံ့လိမ့်မည်လို့ သူမ နည်းနည်းလေးမှ မတွေးမိခဲ့တာရော၊ ဘယ်လိုအထင်ကြီးဖွယ်တွေ ရှိခဲ့လို့လဲ ..။

နင် သိပ်မှားတယ် စောင်းလက်ခတ်ဉာဏ် .. ဒီလိုလူဆီက ဖွင့်ဟတောင်းဆိုလာမှုကို မျှော်လင့်ခဲ့မိတာ နင် သိပ်မှားတယ်၊ မချင့်မရဲဖြစ်ရသည့် နာကျင်မှုတို့ကြောင့် နှုတ်ခမ်းတို့ တင်းတင်းစေ့ပိတ်ကာ အံကြိတ်မိခြင်းသို့ရောက်လျက် ..။

"သူတို့နဲ့ တွေ့ခဲ့တာ ဘာပြောခဲ့လဲ ကိုထွန်းဝင်း .."

"ကျွန်တော် ဒီတိုင်း ကားပြန်ခေါက်လာလို့ မတွေ့ဘူးလေ၊ အဲဒါနဲ့ မညာဏ် သူ့ဆေးဆီလိုက်သွားမယ်ပြောလို့ ဒီရောက်လာသလားလို့ လာကြိုတာလို့ပြောလိုက်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုတွေ့ခဲ့လား .."

"သူ့မြေးလေးကိုလား .. သူ့မြေးကိုမတွေ့ဘူး၊ အန်တီကြီးနဲ့တွေ့တယ်.. မညာဏ် က တစ်ယောက်တည်းထွက်သွားတာလားလို့လည်း မေးတယ်၊ အဲဒါနဲ့ ဒေါ်ကြီးစီစီ နဲ့ မညာဏ် .."

"ရပြီ .. ရပြီ .."

ညာဏ် ကုရှင်မှာ မီးလိုက်ရင်း ပင့်သက်တစ်ဝကြီး ရှိုက်လိုက်သည်။ သူမက 'ကြည့်ပြောလိုက်တော့ .. မဝင်ချင်တော့ဘူး' ပဲ ပြောခဲ့ပြီး ထွက်လာခဲ့တာပါ ..။

ကိုထွန်းဝင်း အဆင်ပြေအောင် ပြောလာခဲ့သဖြင့် စိတ်အေးသွား၏။ ဒါပေမယ့် ခဏအတွင်းမှာ သူရာ မရှိတော့သည့်အဖြစ်က ထူးဆန်းနေ၏။

ပြဒါး ကို စောင့်နေတော့မလိုလိုပြောပြီးမှ ပုန်းနေခဲ့တာလား၊ သူ ဒီတိုင်းပဲ သေဆုံးချိန်ထိ ပုန်းနေဦးမှာလား ..၊ ဘာပဲဖြစ်ဖြစ် ကိုယ် ဘာလုပ်သင့်သလဲဆိုတာ အမြန်ဆုံး အဖြေထုတ်မည်။

ရှင်က စောင်းလက်ခတ် ဆိုတာ သူများငိုချင်းချနေတာမြင်တိုင်း မျက်ရည်ဝဲတတ်တဲ့ မိန်းမလို့ထင်နေပုံပဲ ..၊ ကျွန်မ အဲ့ဒီလို ခပ်ပျော့ပျော့ မိန်းမမျိုးမဟုတ်ဘူး သူရာ ..၊

ရှင်ကမှ အေးအတူပူအမျှ ကြင်ဖော်ကြင်ဖက်ဇနီးမယားအဖြစ် သဘောမထားခဲ့တာ ကျွန်မက ရှင့်ရင်ထဲကို ဝင်ကြည့်ပေးနေဖို့မလိုပါဘူး ..၊

ရင်ထဲမှာ ပြင်းရှသော နာကျင်မှုက စေ့စေ့တွေးလေ ပိုပြင်လာလေ..။

ကိုယ်လိုချင်ခဲ့တာ ငိုတတ်တဲ့ ယောကျ်ားလား၊ ဒါမှမဟုတ် အချစ်ကို ကိုးကွယ်ပြီး 'စေလိုရာစေပါတော့' လို့ ဒူးတုပ်ခေါင်းငုံ့ပေးနေမယ့် ယောကျ်ားမျိုးလား ..၊

မဟုတ်ဘူး သူရာ .. ကျွန်မ လိုချင်တာ အဲ့ဒါမျိုးမဟုတ်ဘူး ..။



ကျွန်မထက် အမြဲတမ်း ခြေတစ်လှမ်းကျော်နေပြီး သူ့ ဦးဆောင်လျှောက်လှမ်းမယ့်ခရီးလမ်းအဆုံးထိ ကျွန်မရဲ့ လက်တစ်ဖက်ကို မလွှတ်တမ်းခိုင်မြဲစွာ ဆုပ်ကိုင်ခေါ်ယူသွားနိုင်မည့်လူမျိုး ..။

"ဒီး ...."

လက်တင်ထားသည့် အိတ်ထဲက ဖုန်းရဲ့ Vibration mode က အတွေးများနဲ့ မျောနေသည့် သူမစိတ်တို့က ပုတ်နှိုးလိုက်သလိုဖြစ်သွား၏။

ထုတ်ကြည့်လိုက်တော့ ပြဒါး ..၊

စက်ပါဝိတ်ပစ်လိုက်ပြီး ပြန်ထည့်ထားလိုက်သည်။ သင်းကတော့ ရည်ရွယ်ချက်တွေနဲ့ ကိုယ့်နားရောက်လာပြီး သောင်လွှတ်နေတဲ့ အပြောတွေ အမူအရာတွေနဲ့ လူကို လူမထင် ..။

ပြဒါး မျက်နှာကို မြင်ယောင်မိကာ နှုတ်ခမ်းလေးမဲ့ကျသွားသည်။

ဒီယောကျ်ားနှစ်ယောက်ကြားမှာ သူမက ဘာလဲ၊ ဘောလုံးတစ်လုံးလား၊ ခွေးရူးတစ်ကောင်လား ..၊

ဆောရီးပဲ သူရာ ..၊

ရှင့်ဘက်က ဘောင်ခတ်ချင်တဲ့ လောဘတွေအတွက် ရှင့်ကို ဘယ်သူဟွေ့သနားကြပါစေ ...၊

ကျွန်မ လုံးဝမသနားဘူး ..၊

❤

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၀)

"ခေါ်လို့မရဘူး .."

"တစ်ခုခုများ ဖြစ်နေသလားကွ .. ငါ သူ့ကို ဒရိုင်ဘာနဲ့ မလွှတ်ချင်လို့ မင်းကို အတန်တန်မှာထားတာ .."

"ငါက ဒရိုင်ဘာမှမဟုတ်တာ .. သူ မခေါ်ချင်ဘဲနဲ့ ဇွတ်ကပ်လိုက်လို့ရမလား .."

"သူခေါ်ချင်မှ လိုက်ပါလို့ ငါပြောတဲ့ထဲမှာ မပါဘူးလေ၊ ငါ မင်းကို မေတ္တာရပ်ခံနေတာ ပြဒါး .."

"မင်းဘာသာ ရပ်ပြီးပဲခံခံ လေးဘက်ထောက်ပြီးပဲခံခံ အဲ့ဒီမိန်းမရဲ့ လေလုံးကို ငါမခံနိုင်ဘူး .."

"မင်း ဘယ်လဲ .."

ကားက မိုင်ဂါးဒင်းဘက်ကို ဦးတည်လိုက်တာနှင့် သူရာ က မျက်စိမျက်နှာပျက်နှင့် ထမေး၏။ ပြဒါး ကလည်း မျက်မှောင်ကုတ်နှင့် ပြန်ကြည့်ကာ ..၊

"အချိန်ကိုလည်းကြည့်ဦးလေ .. ညနေစောင်းတော့မယ်၊ တစ်ခုခုဖြည့်ရမှ ဒီဗိုက်ကခံနိုင်မှာ .."

"ဟာ .. မလုပ်နဲ့လေကွာ .. ညဏ် နဲ့ ဆက်သွယ်ရမှ စိတ်အေးရမှာ၊ ကားတွေက ကချိုကချောက်၊ ဒရိုင်ဘာတွေက အသစ်တွေပြောင်းနဲ့



ငါ စိတ်ပူတယ် .."

"မင်း ပူပေမယ့် ငါ မပူဘူး .."

"ပြဒါး .."

"ဟား .."

စတီယာရင်ကို ဝင်ဆွဲမတတ်ဖြစ်သွားသဖြင့် ပြဒါး စိတ်ပျက်ကာ စတိုင်းဆိုင်တစ်ဆိုင်အေးနားမှာ ရပ်ပစ်လိုက်ရသည်။

"မင်း လိုက်လာတာ ညဏ် ကို မတွေ့တွေ့အောင်ရှာဖို့လား .."

"ဟုတ်တယ် .. သူ့ကို ခုလိုတစ်ယောက်တည်းသွားလာဖို့မပြောနဲ့ ထွန်းဝင်း နဲ့တောင် စိတ်ချတာမဟုတ်ဘူး .."

"ဒေါ်စီစီ ပါတယ် .."

"ဒေါ်စီ က ကိုယ့်အလုပ်သမား .."

"သူရာ .. မင်းနည်းနည်းတော့ အိုဗာဖြစ်နေပြီ၊ မဟုတ်ဘူး .. ဆောရီး အရမ်းကို အိုဗာဖြစ်နေတာ .."

"ငါ သူနဲ့ လုံးဝမတွေ့တော့ဘူးလို့ ဆုံးဖြတ်ပြီးပြီ .."

"အဲဒါ ဘာဖြစ်လဲ .."

"ငါ့အချစ်က ပေးဆပ်ခြင်းသက်သက်ပါ .."

"မင်း တချစ်ချစ်အော်ပြီး အသက်ထွက်သွားလည်း ဒီမိန်းမ မင်းကို သနားမှာမဟုတ်ဘူး .."

"ငါကလည်း မမျှော်လင့်ပါဘူး .."

"ငါ မင်းကို စာမေးပွဲစစ်နေတာမဟုတ်ဘူး သူရာ၊ မင်းရင်ထဲက ခံစားချက်ကို မင်း သရုပ်ဖော်တာလွဲနေတယ် .."

"ငါ့ဘက်က ဘာကိုမှ တည့်မတ်ပြင်ဆင်ခွင့်မရှိတော့ဘူး၊ မင်းလည်း သိပါတယ် .."

"ပြင်ဆင်ခွင့်မရှိတော့ရင်လည်း မင်း ငါနဲ့ နီးစပ်ဖို့ကြိုးစားနေမယ့် အစား သူ ပြုစုတာကိုခံပြီး သူ့လက်ပေါ်မှာ ဒါမှမဟုတ် သူ့ရင်ခွင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ညင်ညင်သာသာလေး အိပ်စက်သွားလို့ရတယ် ..''

''ဟွန်း ..''

သူရာ က မချိုပြုံးနှင့် လှည့်ကြည့်သည်။ ပြီးကော့ ရှေ့ပြန်လှည့်သွားကာ ..၊

''မင်းက အဲ့လိုထင်လား ..''

''ဘာဖြစ်လို့ မထင်ရမှာလဲ .. အချစ်နဲ့ အလှမ်းကွာနေသေးရင်တောင် သံယောဇဉ်ဆိုတာရှိတယ် ..''

''မလွဲသာတဲ့ ပေးယူမှုတွေ ငါ မလိုချင်ဘူး ..''

''သူ မလိုချင်ဘဲနဲ့ မင်း ယူထားတာကို မမေ့နဲ့လေ၊ ရယူနိုင်အောင်ကြိုးစားဖို့က ယောကျာ်းတွေဘက်မှာ အခွင့်အရေးအပြည့်ရှိတယ်၊ သူ့ရင်ထဲမှာ မင်းကို နားလည်ဖို့ကြိုးစားနေနိုင်သလို မင်းရဲ့ ဂရုစိုက်တောင်းခံမှုရှိလာရင်တော့ ဘယ်လိုတုံ့ပြန်မယ်ဆိုတာမျိုး ရှိမနေနိုင်ဘူးလား--''

''ပြဒါး ရာ ..''

''မင်းက စစ်မရောက်ခင်က မြားကုန်နေတာပဲ ..''

''သူလည်း အဲဒီလိုထင်နေနိုင်တယ် ..''

''ကျွတ် ..''

''မင်း မသိပါဘူး ပြဒါး ရာ .. ငါ သူနဲ့အတူနေခဲ့တာ တစ်လနစ်ထဲတည်းမှ မဟုတ်တာ၊ ဉာဏ် က သူ့အတွက် ပျာယာခတ်အောင်ဖြည့်ဆည်းပေးနေတာမျိုးမှာ မသာယာတတ်တဲ့ မိန်းကလေး ..''

''အလိုလိုက်တာကို မကြိုက်တဲ့ မိန်းမမရှိဘူး ..''

''ရှိတယ် .. အဲဒါ စောင်းလက်ခတ်ဉာဏ် ..''

''စောင်းလက်ခတ်ဉာဏ် လည်း မိန်းမပဲကွ ..''

ထိုစဉ် နောက်ကနေ ပွတ်ကပ်ကျော်တက်သွားသည့် ကားတစ်စီးက ဟွန်းတီးပြီး 'ဘာလုပ်နေတာလဲ' လို့ လှမ်းအော်သွား၏။

''ငါတို့ ကားရှေ့ရအောင် ..''



''မရှေ့ဘူး ..''

ပြဒါး က လမ်းကိုတစ်ချက်ပဲလှမ်းကြည့်ပြီး စကားပြောမပျက် ..၊

''မင်းအတွက် တစ်ရက်တစ်နာရီက တန်ဖိုးကြီးနေပြီ သူရာ၊ မင်းသူနဲ့ အတူနေလိုက်စမ်းပါ .. ငါ ခံစားမိသလောက်ဆိုရင် သူ မင်းကိုသံယောဇဉ်ရှိနေတယ် ..''

''မေမေလည်း ငါ ခံစားရသက်သာစေမယ့်စကားတွေ မင်းလိုပဲပြောပေးရှာတယ်၊ မင်းကို ငါ ကျေးဇူးတင်တယ် ပြဒါး ..''

''မင်းကိုငါ ဆွဲထိုးမိတော့မယ် ဟေ့ကောင် ..''

ဒေါသက အရှိအတိုင်း အင်အားအပြည့်နှင့် ခုန်ထွက်၏။ မျက်နှာပြင်က ချက်ချင်းနီလာကာ အလယ်က စတိုဘောက်(စ်)လေးကို ဒုန်းခနဲထုပစ်မိတဲ့အထိ ..။

''ငါ မင်းကို ထပ်ပြောမယ် သူရာ၊ မင်း သူနဲ့ အတူနေရမယ်၊ မင်းတို့နီးစပ်ဖို့အတွက် ငါက လူရှင်တော်လုပ်ပြီး သူနဲ့ တည့်အောင်ပြောဆိုပေးမယ်၊ မပွင့်လင်းတဲ့ အချစ်စိတ်တွေက တစ်ခါတစ်ခါကျတော့ မီးခိုးလှိုက်အူနေတဲ့ အမှိုက်ပုံလိုပဲ၊ မီးတောက်ဖို့အတွက် လေတစ်ချက် ပင့်ဖို့တော့လိုတယ် ..''

သူရာ သူ့ကိုလှည့်ကြည့်ငေးနေသဖြင့် တင်းနေသည့် မျက်နှာကချက်ချင်းပြေပြေပြစ်ပြစ်ဖြစ်သွားခဲ့ပြီး ပခုံးကိုပါ လှမ်းဆုပ်ကိုင်မိ၏။

''ငါ ကတိပေးတယ်ကွာ .. သူနဲ့ သူငယ်ချင်းရင်းတွေလို ရင်းနှီးလို့ရအောင် ငါ ကြိုးစားမယ်၊ အဲ့ဒီအတွက် အချိန်မလိုဘူး၊ မင်းလည်းဘာမှ ခေါင်းရှုပ်အောင်ကြိုးစားဖို့ မလိုဘဲ အားလုံး အဆင်ပြေပြေနဲ့--''

''ငါ့ဘက်က အဆင်ပြေဖို့တစ်ခြမ်းကိုဖယ်ပြီး မင်း သူနဲ့ အဆင်ပြေအောင်ကြိုးစားမယ်လို့ ငါ့ကို ကတိပေးစမ်းပါ ..''

''ဘာကွ ..''

''သူ့အချစ်ကိုရအောင် ..''



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ .."

ကားက ရှေ့နောက်မညင်သာစွာ လွန့်ဆွဲပြီးမှ သိမ့်ခနဲဆောင့်ထွက်၏။

"ပြဒါး .."

သူရာ ကားအခြေအနေကို စိုးရိမ်ကာ သတိပေးမလို့ပေမယ့် ပြဒါးက နှုတ်ခမ်းတွေတင်းတင်းစေ့ထား၍ တင်းနေသည့်မျက်နှာက ရှေ့ရှုကိုသာ တည့်မတ်ထား၏။

"ပြဒါး ရာ ကားမောင်းတဲ့အချိန်မှာ ဒေါသထွက်နေရင် မှားတတ်တယ်ကွ .. ငါ့ .."

မျက်လုံးထဲမှာ မိုက်ခနဲမည်းပြာသွားသည်။

"ဟေး ..."

ကားက မော့ခနဲဝေ့သွားကာ ဘေးကအော်သွားသည့် အသံတစ်ချက် နားထဲဝင်လာ၏။ သူ့မျက်လုံးတွေ ပြာနေဆဲပေမယ့် စိတ်ကိုတင်းလိုက်မိသည်။

"ပြဒါး ငါ့အခြေအနေကို နေ့လားညလားလို့ ငါ ခံစားမိနေလို့ငါ ငါ မင်းကို ချွဲပြနေတာမဟုတ်ပါဘူး ပြဒါး ရာ၊ မင်း ငါ့ကို စိတ်ချမ်းသာစေချင်ရင် သူ့အချစ်ကို မရရအောင်ကြိုးစားမယ်ဆိုတဲ့ ကတိပေးစမ်းပါ၊ ပြီးတော့ မင်းနဲ့ငါ့ရဲ့ စာချုပ်က သက်တမ်းတွေလိုသေးတယ်၊ တကယ်လို့ ငါသေသွားခဲ့ရင်လည်း မင်း သူ့နားက ဘယ်မှမသွားပါနဲ့ .."

"ကျွိ ..."

ကားကို မီးပွိုင့်မှာ ဘရိတ်ဆောင့်အုပ်လိုက်သဖြင့် သူ့မျက်နှာ ဒိုက်ခနဲ စိုက်ကျသွားသည်။ မျက်လုံးတွေ မမြင်ရသည့်ထဲ ခေါင်းတွေပါ တဒိန်းဒိန်း တုန်ခါလာခဲ့သည်။

ခုနေများ သူ သေသွားခဲ့ရင် ပြဒါး ဆီက ခိုင်မာသောသဘော မရှိသေးသည့်အဖြစ်က လွယ်ကူစွာ ပျောက်ကွယ်ပျက်စီးသွားတော့မည်။ ဒီလိုတော့ အဖြစ်မခံနိုင် ..။



"ပြဒါး မင်း ကားမောင်းလည်း သိပ်မကျွမ်းကျင်ဘဲနဲ့ စပိ(ဒ်)တွေ မတင်ပါနဲ့၊ ငါ အခု ငါ့ မျက်လုံးတွေပြာနေပြီ .."

ပြဒါး ဖျတ်ခနဲလှည့်ကြည့်သည်။ သူ မမြင်ရပေမယ့် သိလိုက်၏။

"ငါ့ကို စိတ်ချမ်းသာမှုပေးနိုင်တာ မင်းပဲရှိတာပါ၊ လက်ထပ်ဖြစ်တာထက် ချစ်မိသွားကြဖို့က ပိုခက်ခဲတယ်၊ သူ့ရဲ့ဘဝကိုဖြစ်ဖြစ် ချစ်ကိုဖြစ်ဖြစ် ရယူဖို့ကြိုးစားပါ၊ ချစ်ပြီးမှ လက်ထပ်တာ လက်ထပ်ပြီးမှ ချစ်လာအောင်ကြိုးစား၊ အဲ့ဒါတော့ မင်းလုပ်နိုင်ပါတယ် .."

"လုံးဝမလုပ်နိုင်ဘူး သူရာ .."

"ပြဒါး .."

"မင်း ဘယ်မှာလဲလို့ သူ လိုက်စုံစမ်းနေတယ်၊ မင်း သူ့နားမှာမရှိအချိန်တိုင်း မင်းကြောင့် သူ လမ်းပေါ်ရောက်နေခဲ့တယ်၊ ဒီထက် ပိုချင်သေးလဲ .. ဘာထပ်ပြီး သေချာချင်သေးတာလဲ၊ မင်းကမှ ရှုံးနေကောင် .."

"ဟုတ်မယ်ထင်တယ် .."

"တော့်လို လက်ညှိုးထောင် ခေါင်းညိတ်တွေလုပ်မနေနဲ့ .."

စိတ်တိုတိုနှင့် မီးပွိုင့်ကနေ မောင်းထွက်လိုက်ရင်း လှည့်အော်သည်။

"ငါ ဆုံးဖြတ်ပြီးပြီ ပြဒါး .. သူ့ကို နောက်ထပ် ဘယ်တော့မှ မတွေ့ဘူး၊ မင်းပြောသလို သူ ငါ့ကို သံယောဇဉ်စိတ်ဖြစ်နေပြီဆိုရင်လည်း သံယောဇဉ်တွေပြတ်တောက်သွားမှ ငါ့အတွက် သူ မခံစားရမှာ.."

"လဲသေလိုက် .. မင်း .."

"ပြဒါး .."

ကားက ဦးမော့ပြီး တဟုန်ထိုးဖြစ်လာသည်။ ဒါပေမယ့် သူရာ ဂရုနေခြင်းက ကားကိုမဟုတ်တော့ပေ ..။

"မင်း ငါ့ကိုပြောချင်သလိုပြောကွာ .. အခု ဘဘစိုး တို့ဘက်က

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုရှာနေကြပြီ၊ သူတို့ မင်းဆီရောက်လာကြတော့မှာ ညဏ်
ကို ပန်တော်ကျလို့ထင်ပြီး မင်းနဲ့ လက်ထပ်ခွင့်ပြုမှာမဟုတ်ဘူး
မျှော်လင့်ချက်တွေကို မင်း မမေ့လိုက်ပါနဲ့ ..."

နီရဲတက်လာသည့် မျက်နှာနှင့် ပြဒါး က လှည့်ကြည့်သည်။
တော့ အံတစ်ချက်ကြိတ်၍ ..၊

"မင်းကို ငါက အခု ဘယ်ခေါ်သွားမယ်ထင်နေလို့လဲ .."

"ဟင် ..."

သူရာ မျက်စိမျက်နှာပျက်နှင့် မတ်ခနဲဖြစ်သွားသည်။

"မင်း ဖားတစ်ကောင်လို ကြာဖက်အောက်မှာ ပုန်းနေနိုင်ရင်
ငါ ရအောင်လိုက်ဆွဲထုတ်မှာ၊ ခုကစပြီး စောင်းလက်ခတ်ညဏ် နဲ့
နေရမယ်၊ သေမယ့်စကားမကြားချင်တော့တဲ့အထိ မင်းရဲ့ .."

"မလုပ်နဲ့ .. မလုပ်ပါနဲ့ .. ပြဒါး ဟောကောင် ငါ့ကိုခေါ်မ
နဲ့ .."

"မရတော့ဘူး .."

ကားကို ဘေးလမ်းကြောထဲ တစ်ချက်တည်း ဆွဲဝိုက်ပြီး
ပစ်လိုက်လျှင် ..၊

"အ ..."

သူရာ့ တစ်ကိုယ်လုံး ဘေးတိုက်ပုံလဲကျသွားပြီး ပတ်ဝန်းကျ
ဘရိတ်ဆွဲသံတွေ ဆူညံသွားကာ ..၊

"ပြဒါး .. ဘရိတ် .. ဘရိတ်နင်းထား .."

"ကျွီ .."

"ဂျိး .."

"ဂျိမ်း .."

"အား .."

ဆူညံသံတွေ ပွတ်လောရိုက်သွားကာ ပတ်ဝန်းကျင်တစ်ခုလုံး



ကျခါသွားခဲ့၏။

"သေကုန်ပြီလား .."

"ကားသုံးစီးစလုံးတော့ မွမွကြေသွားတာပဲ .."

ပတ်ဝန်းကျင်စကားသံတွေက လူကို လှုပ်နှိုးနေသည်။

"အား .. ကျွတ် .. ကျွတ် .."

သူရာ ကျုံးထလိုက်တော့ ခေါင်းက ဒတ်ရှိဘုတ်နဲ့ တိုက်မိ၏။
ယ်လိုခလောက်ဆန်သွားခဲ့ပြီး အဝတ်ထုပ်တစ်ထုပ်လိုဘပနှင့် ကြားထဲ
ခဲ့မှန်းမသိလိုက် ..၊

မျက်လုံးတွေ ဖွင့်လိုက်တော့ နဖူးပေါ်ကနေ စီးကျလာသည့် ပူနွေး
ာ စီးကြောင်းတစ်ခုကြောင့် လက်နဲ့ထိကိုင်မိသည်။ ပွတ်ကြည့်လိုက်
ာ့ သွေးတွေမှန်းသိလိုက်၏။

"ပြဒါး .. ဟောကောင် .. ပြဒါး ဘာဖြစ်သွားလဲ .. သူငယ်ချင်း.."

သူ မျက်လုံးတွေ မြင်ရဖို့ ခေါင်းကို မညှာမတာ ခါနေမိသည်။
က်လုံးတွေ နာကျင်လာအောင် ဖွင့်လိုက်ပိတ်လိုက်ကြိမ်ဖန်များစွာ
ွင်ရင်း ချောင်ကြားထဲကနေ မချိတရိတွားတက်မိ၏။

ထိုစဉ် လူသံတွေလည်းပို၍ နီးကပ်ဆူညံလာခဲ့သည်။

"ဒုန်း .."

"ဖွင့်လေ .."

"တံခါးညပ်နေတယ် .. ဖွင့်လို့မရဘူး .."

"ဒုန်း .. ဒုန်း .."

သူတို့ကားတံခါးတွေကို ဖွင့်ဖို့ကြိုးစားနေကြပေမယ့် သူရာ ဘာမှ
း ..။ မောင်းသူနေရာကို လက်လှမ်းရင်း ပြဒါး ကို ထိကိုင်ဖို့ကြိုးစား
သည်။

"ပြဒါး .. ဟင် !.."

ပြဒါး ရဲ့ လက်ဝဖါးတစ်ဖက်ကို ဆုပ်ကိုင်လိုက်မိသည်။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ပျစ်ချွဲစိုရွှဲနေ၏။

"သွေးတွေ .."

ကိုယ်တိုင်ရေရွတ်လိုက်ရင်း ကြက်သေသေသွားခဲ့၏။

မဟုတ်ဘူး .. ပြဒါး က လောကမှာ အကြာကြီးအသက်ရှည်
နေရဦးမှာ ..၊

"ပြဒါး မင်း ငါ့ကို ဒီလိုနည်းနဲ့ အကျုပ်ကိုင်ဖို့မကြိုးစားနဲ့
ငါ့ကို မင်း ပြန်တော့ထူးနိုင်သေးတယ်၊ ဟော့ကောင် .."

လဏ်ကနေ အပေါ်ကို ဘောက်လျှောက်စမ်းကိုင်ရင်း ပခုံး
သည်။ မွကြေနေသည့် မှန်ကွဲစတွေနဲ့အတူ ပခုံးကနေ လည်ပင်းတ
မှာလည်း သွေးတွေချည်းစိုနစ်လျက် ..။

"ပြဒါး .."

တအားအော်ခေါ်လိုက်ရင်း ခေါင်းတွေတဒိုင်းဒိုင်းတုန်ခါလာ
ပေါက်ကွဲထွက်တော့မယ့်အတိုင်း ..၊

"ဟော့ကောင် .. မင်း .. မင်းနော် .."

သူ ဆိုဖာပေါ်တက်ထိုင်မိကာ ပြဒါး ကိုယ်ကြီးကို တအား
ယူလိုက်တော့ မှန်ကွဲစအကြေတွေက အရင်ဆုံး ရင်ခွင်ထဲကို တ
ကျလာခဲ့၏။

"ဘာဖြစ်လာတာလဲ .. မင်း ဘာဖြစ်သွားတာလဲ .."

ခေါင်းကို ဘာတုန်ကယင်လိုက်စမ်းရင်း မျက်ရည်တွေသာ တ
သောကျလာခဲ့ပြီး ..၊

"သေရမယ့်ကောင်က ငါကွ .. အရူး .. ငါ့ကို လျှောက်နော
တယ် .."

"တစ်ယောက်တော့ ရှင်နေသေးတယ် .."

"သွေးတွေက မြင်မကောင်းဘူး .."

အပြင်ကနေ လှမ်းချစမ်းကိုင်သည့်လက်တွေ သူ့ပခုံးကိုထိ



သည်။ ထိုလက်တို့ကို အလန့်တကြားပုတ်ချပစ်ကာ ..၊

"ကျွန်တော့် ညီလေးကို ကယ်ပေးကြပါ၊ သူက ရောဂါသည်မဟုတ်
ဘူး၊ သူ ဘာမှမဖြစ်ရဘူး .. လုပ်ကြပါဗျာ .. ကယ်ကြပါ .."

ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိတော့ဘဲ ကိုယ့်ပါးစပ်ထဲက ပြော
နေမိသည့်စကားတွေက အလိုအလျောက် ထွက်စက်ကနေ မရပ်မနား
ပြောနေခဲ့သလို ရှိလာခဲ့ပြီး ..၊

"ဘာဖြစ်သွားတာလဲ .."

"သူ့မှာလည်း ဒဏ်ရာတွေနဲ့ဗျ .. သတိလစ်သွားတာလားမသိဘူး.."

"လုပ်ကြပါဟ .. မြန်မြန်ဆွဲထုတ်ရအောင် .."

ထိုအချိန်မှာ လူနာတင်ယာဉ်၏ အချက်ပေးဥသြသံက အဝေးဆီ
ကနေ ပျံ့လွင့်လာခဲ့ပြီး ..၊

မနက်ဖြန်ဆိုတာ ဘာမှန်းမသိ ..၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃၁)

"ဘုရား .. ဘုရား .."

"ဒါဆို .."

"ကျွန်တော်တို့အားလုံး အစွမ်းကုန်ကြိုးစားကြပါတယ် .. စိတ်မကောင်းပါဘူး အန်တီ .."

ဦးနေ့ာက်နဲ့ အာရုံကြောခွဲစိတ်အထူးကုဆရာဝန်ကြီးနှင့်အတူ ဒေါက်တာခွန်စိုင်း နှင့် တခြားခွဲစိတ်ဆရာဝန်တစ်ဦးကို ဒေါ်မြတ်နိုးသူ မှင်တက်ငေးမော၍ စူးစိုက်ကြည့်နေမိသည်။

ထို့အတူ ဒေါ်မမကိုယ်တိုင် ညီမဖြစ်သူပခုံးကို ထိန်းဖက်ထားပြီး မယုံနိုင်အောင် လိုက်ကြည့်နေမိသည်။

အော့ပ်ရေးရှင်းခန်း၏အပြင်မှာပဲ မျက်နှာချင်းဆိုင်ရပ်နေမိကြကာ သူမတို့၏နောက်မှာ ဒေါ်မေသိမ်း တို့ ဇနီးမောင်နှံနှင့် ဉာဏ်လေး ..။

ကြားလိုက်ရသည့် သတင်းဆိုးအတွက် သူမတို့အားလုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။

"ပြော .. ပြောပါရှင် .. အခု ဘယ်သူဘာဖြစ် .."

ဒေါ်မမ သိချင်စိတ်တွေ ပြင်းပြနေကာ မကြားရဲသည့်အဖြေကို ငံ့လင့်ရင်း ..၊



"နှစ်ယောက်စလုံး .."

"မဟုတ်ပါဘူး .."

ဒီတစ်ခါ သမားတော်ကြီးက ခပ်လေးလေးခေါင်းခါ၍ ..၊

"တစ်ယောက်ကိုတော့ ကယ်လိုက်နိုင်ပါတယ် .."

"အဲ့ဒါ ဘယ်သူလဲဟင် .."

"ကျန်ခဲ့တာ ဘယ်သူလဲ .."

ဒေါ်မမနဲ့ ဒေါ်မြတ်နိုးသူ တို့ ပြိုင်တူမေးမိကြကာ သူမတို့အားကို ဉာဏ် ရောက်လာတော့ ငဲ့ကြည့်မိကြ၏။

သားလေးရဲ့ အသက်မကချစ်ရပါသော မိန်းကလေး ..၊ နောက်ဆုံးထွက်သက်ထိ ချစ်သွားချင်ခဲ့သူ ..။ ဒါပေမယ့် သားလေးအသက်ပေးဖို့ အသင့်မဖြစ်သေးဘူး၊ မကယ်လိုက်နိုင်တဲ့တစ်ယောက်က သားလေး မဖြစ်နိုင်ဘူး ..။

ဒေါ်မြတ်နိုးသူ အကြည့်တွေ သမားတော်ကြီးဆီ ရောက်သွားခဲ့လျှင် ..၊

"အန်တီ .."

ဘေးမှာယှဉ်တွဲရှိနေသည့် ဒေါက်တာခွန်စိုင်း က အိတ်ထဲကနေ ဘာစ်စုံတစ်ခုကို ထုတ်ယူလိုက်ရင်း ..၊

"ကျွန်တော် အရမ်းကို ဝမ်းနည်းမိပါတယ် .. သူ့ဗ ကို .."

"အန်တီတို့က ကျန်ရစ်တဲ့သူကိုမေးတာလေ .. ဘာဖြစ်လို့ ဝမ်းနည်းရတာလဲ၊ သားလေးက ရှင်ကျန်ခဲ့တဲ့သူပေါ့ .."

ထိုစဉ် သူမတို့ ဘေးကိုရောက်လာသည့်ပုံရိပ်တွေကြောင့် လှည့်ကြည့်မိပြန်၏။

"ဟင် ..."

"အန်ကယ်လ်ကြီး .."

ဦးစိုးကျော်ရ နှင့် မြေးသမက်နှစ်ယောက်တို့က ခြေလှမ်းတွေတုံ့

www.burmeseclassic.com



သွားပြီး ငုံ့ကြည့်၏။ တည်ငြိမ်နေသည့်မျက်နှာတွေက အေးစက်သည့် အသွင်ကနေ တစ်စက်လေးမှ မပြောင်းလဲဘဲ ဒေါ်မြတ်နိုးသူ တို့ကို ဖွင့်ဟ နှုတ်ဆက်ခြင်းလည်းမရှိ ...။

ပြီးတော့ ခြေလှမ်းကျဲများနှင့် ဆက်လက်ထွက်ခွာသွားကြ၏။ ဘယ် အချိန်ဖြစ်ဖြစ် လိုလျှင်သုံးရုံ၊ ခိုင်းဖက်သာသာပဲသဘောထားခဲ့သည့် ဦးစိုးကျော်ရ ၏ မျက်နှာထားအတွက် ထူးခြားခံစက်ဖွယ်တော့မရှိပါ။

ခုချိန်မှာ ပို၍နားလည်ပေးနေမိ၏။ သူတို့တွေ ခုမှ ပြန်ဆုံရသည့် မြေးလေးကို ဆုံးရှုံးခဲ့ရသည်။ ထိုကဲ့သို့ ထိခိုက်ကြေကွဲခြင်းက ဘာနဲ့မှ ဖြေဖျောက်ဖို့လွယ်မည်မထင် ...။

ထိုစဉ် သမားတော်ကြီးနှင့် တခြားဆရာဝန်တို့ ထွက်ခွာသွားကြပြီး

"အန်တီ .."

ချန်ရစ်ကျန်ခဲ့သော ဒေါက်တာခွန်စိုင်း က ကြေကွဲသော မျက်ဝန်း တို့ဖြင့် ကြည့်၏။ ပြီးတော့ မျက်လွှာချပြီးမှ ကိုင်ထားသည့်ဖုန်းကို ဒေါ်မြတ်နိုးသူ လက်ထဲထည့်ကာ ...၊

"သူရာ က ဒါလေး အန်တီ့ကို ပေးပေးပါလို့ပြောတယ် .. သူ့ဆန္ဒ က .."

"ဘာဖြစ်လို့လဲ .. သူ သတိရလာရင် စကားတွေပြောလို့ရတယ် ဒီဖုန်းက ဘာလုပ်ဖို့လဲ .."

"သားလေး သတိလစ်နေတာ သုံးရက်တောင်မှကွယ် .. အန်တီ့ကို ခုထိ တွေ့ခွင့်မရသေးဘူးလား၊ စကားပြောလို့မဖြစ်သေးရင်လည်း ကြည့် ရုံလေးတော့ .."

"သူ ဆုံးသွားပြီ အန်တီ .."

စကားပြောလက်စနှင့် ပွင့်ဟလျက် ဒေါ်မြတ်နိုးသူ ရဲ့ နှုတ်ခမ်း တွေ ပြန်မစေ့ခဲ့တော့ပေ ..။

ရုတ်တရက် စကားသံတွေ တိတ်ကျသွားကာ ဒေါ်မမလည်း ပါး



ပြင်နေပြီး ဘာကစပြီးမေးရမှန်းမသိအောင် မယုံနိုင်သည့်စိတ်က ဆွံ့အ နေစေလျက် ...၊

"ဘာ .. ဘာပြောလိုက်တာ .."

ထစ်ငေါ့နေသည့်စကားသံတို့ ထွက်လာခဲ့ပြီး ...၊

"သူရာ့ ကို ပြောတာလား.. ဒေါက်တာ .. ဒေါက်တာ ဘာတွေ ပြောလိုက်တာလဲ၊ ငါတို့တွေက မင်းကို သားရဲ့သူငယ်ချင်းဆိုပြီး ခင်ပါ တယ်၊ ဒါပေမယ့် မင်းက သူငယ်ချင်းလိုသဘောထားပြီး နောက်ပြောင် တာမကောင်းဘူးနော် .. ဒါ .. ဒါ နောက်ရမယ့်ကိစ္စမဟုတ်ဘူး .."

ဒေါ်မမ မျက်လုံးတွေပါ ရဲတက်လာသည်။ အသံတွေလည်း မာကျော တုန်ယင်လာခဲ့၏။ ဒေါ်မြတ်နိုးသူ အစ်မဖြစ်သူ၏လက်ကို တွန်းပစ်လိုက် ပြီး ဒေါက်တာခွန်စိုင်း နဲ့ ပိုနီးအောင်တိုး၍ ...၊

"ဒေါက်တာခွန်စိုင်း .."

မျက်ရည်တွေပြည့်အိုင်နေလျက် မျက်နှာတစ်ပြင်လုံးကတော့ အေးစက် မာကျောနေလျက် ဖုန်းကိုင်ထားသည့်လက်နှင့် ဒေါက်တာခွန်စိုင်း ကို ထိုးညွှန်၍ ...၊

"ငါ့သားလေးက သေမိန့်ကျတော့မယ့်ရောဂါသည်လေးမှန်း ငါ သိတယ်၊ အဲဒါ မင်းလည်းသိတယ် .. ဒါပေမယ့် သူ သေရမယ့်အချိန် မဟုတ်ဘူး .."

"အန်တီ .."

"အက်ဆီးဒန့်ဖြစ်တာ .. သားလေးဘာမှမထိခိုက်ဘူး၊ သေလောက် တဲ့ ဒဏ်ရာမရဘူး .."

ဒေါသနှင့် အော်ခြင်းသို့ရောက်ကာ မျက်ရည်တစ်စက် လိမ့်ခနဲ ဆင်းသွားသည်။

"လူတစ်ယောက်မှာ ကံဆိုး ကံကောင်း အမြဲခွနံတွဲနေတာပါ၊ တောက်လျှောက်ကံဆိုးနေတဲ့ ငါ့သားလေးကို နောက်ထပ်ဆိုးရွားမှုတစ်

www.burmeseclassic.com

www.burmeseclassic.com



ခု ထပ်မဖြစ်နိုင်ဘူး၊ သားလေး ဆေးရုံမှာ စကားပြောသေးတယ်ဆိုတာလည်း ငါတို့သိပြီးသား .."

"ဟုတ်ပါတယ် အန်တီ .. သူပြောနိုင်ခဲ့ပါတယ်၊ အဲ့ဒါတွေ ဒီဖုန်းထဲမှာ သူပြော .."

"မဟုတ်ဘူး .."

ဒေါ်မြတ်နိုးသူ ဖုန်းကိုလွှင့်ပစ်ဖို့ စိတ်ရှိလက်ရှိ လွှဲမြှောက်လိုက်၏။ သို့သော် ဒေါက်တာခွန်စိုင်း က ကမန်းကတန်းတားဆီးထားလိုက်ရင်း တောင်းပန်၍ ..၊

"မလုပ်ပါနဲ့ အန်တီ .. အားလုံးပျက်စီးသွားမှ နောင်တရကုန်ရင် မကောင်းပါဘူး၊ ဒါ နောက်ပြောင်စရာမဟုတ်မှန်းလည်း ကျွန်တော် သိတယ်၊ သူ့ရောဂါအခြေအနေကို အားလုံးထက် ကျွန်တော်က အရင် သိနေတဲ့သူပါ .."

"ဒါဆို ဘာဖြစ်လို့ စကားချန်နေတာလဲ .. ငါ့သားနာမည်ခေါ်ပြီး ဘာလို့ ဝမ်းနည်းတယ်ပြောတာလဲ .."

ကိုယ်လုံးချင်းပစ်တိုက်တော့မယ့်အတိုင်း ဒေါ်မြတ်နိုးသူ ကယောင်ချောက်ချားအော်သည်။

"ဆုံးသွားတာ ငါ့သားမဟုတ်ဘူးမို့လား .."

ဒေါက်တာခွန်စိုင်း က ရီဝေဖျော့မှိန်သည့် မျက်ဝန်းတို့ဖြင့် ငေးကြည့်၍ ..၊

"သူရာ ဆုံးသွားတာပါ .."

"မင်း .."

"အန်တီ သိချင်တာတွေ ဖုန်းထဲမှာ သူ ပြောခဲ့မယ်ထင်တယ်၊ နောက်ပြီးတော့ သူ သိစေချင်ဆုံးနှစ်ယောက်ကို အန်တီကပဲ ပေးနားထောင်လိုက်ပါ .."

"မဟုတ်ဘူး .. မင်း .. မင်း မဟုတ်တာတွေ .."



ခွန်စိုင်း ဒေါ်မြတ်နိုးသူ ကိုကြည့်သည့်မျက်ဝန်းတွေ ညက်ဆိ ရွှေ့လျားသွားခဲ့သည်။ ပြီးတော့ အားလုံးရှေ့ကနေ ခေါင်းငိုက်စိုက်နှင့် ထွက်လာခဲ့လေသည်။

သူ့နားထဲမှာ သူရာ့ အသံကို ကြားနေဆဲရှိကာ မျက်ဝန်းမှာ မျက်ရည်စတို့ ဝေ့သီလာခဲ့၏။

"ငါက သေတော့မယ့်သူပါ၊ ငါ့အတွက် အသက်ရှူဖို့မလိုအပ်တော့ပါဘူး၊ နှလုံးကြေသွားတဲ့ ပြဒါး အတွက် ငါ့နှလုံးနဲ့အစားထိုးလဲပေးပါ၊ ငါ့ရဲ့ နောက်ဆုံးဆန္ဒပါ ခွန်စိုင်း ရာ .."

"မင်း ငါ့ကို အများကြီးကူညီခဲ့တာပါ၊ ငါ့ရောဂါနဲ့ အခုရတဲ့ ဒီဒဏ်ရာတွေနဲ့ ငါ လပိုင်းလောက်အသက်ဆက်ရှင်ခွင့်ရရင်လည်း ငရဲကျနေရမှာပါကွာ .. နောက်ဆုံး ကူညီပေးပါ သူငယ်ချင်းရယ်၊ ပြဒါးရဲ့ ရင်သန့်ခြင်းက ငါ့ရဲ့ ရင်သန့်ခြင်းပဲဆိုတာ မင်း သိပြီးသားပါ၊ ငါ့ဘဝ က မသေခင်တည်းက ကြွေနေပြီးသားဆိုတာလည်း မင်း သိပါတယ်၊ လုပ်ပါ .. မင်း လုပ်ပေးပါ .."

"ဟာ .. သူရာ .. မလုပ်နဲ့ .."

"ဒုန်း .."

"သူရာ .."

ခွန်စိုင်း ခြေလှမ်းတွေရပ်တန့်သွားခဲ့သည်။

"တောက် .."

လူသည် ရပ်တည်မစွမ်းတော့ဘဲ နံရံမှာ ပခုံးစောင်းနှင့် ကိုကပ်မှီလိုက်ရခြင်းသို့ရောက်၏။ မျက်စိရှေ့မှာတင် ဖြစ်ပျက်သွားခဲ့သည့် သွေးပျက်ဖွယ်မြင်ကွင်းကို ဖျောက်မရနိုင် ..။

ဒီမြင်ကွင်း ဒီစကားသံတွေ သူ့စိတ်အာရုံကနေ ဘယ်တော့ကျမှ ပျောက်ကွယ်နိုင်မှာလဲ ..။

ခွဲစိတ်ဆရာဝန်ကြီးဆိုသည့် သူ့လက်မှာ သွေးတွေစွန်းပေခဲ့ရတာ

www.burmeseclassic.com

www.burmeseclassic.com



မဆန်းတော့ပါ။ ဒါပေမယ့် သေမင်းနဲ့ စစ်ခင်း၍ ကိုယ့်အသက်ကိုရအောင် ပြန်လုနေကြသူတွေရဲ့သွေးက အနီရောင်မဟုတ်သလိုမျိုး ..။

သေချင်လို့ သေမင်းကို စိန်ခေါ်သွားခဲ့သူရဲ့ သွေးစက်ကတော့ အနီရောင်ရင့်နေခဲ့သည်။ ထိကိုင်မရလောက်အောင် သူ့လက်တွေ တုန်ယင်နေခဲ့၏။

ပြီးတော့ သူ့လက်ထဲကို သွေးစိမ်းရှင်ရှင်နှင့် နှလုံးသားတစ်စုံ ထိုးကွက်အပ်နှင်းခဲ့သူက သူ့ရဲ့ ခင်မင်ရဆုံးသူငယ်ချင်း ..၊

နာတွေမွန်လာတော့ ငိုချင်လာတာကို ထိန်းချုပ်ဖို့သတိရလာ၏။ ထိုစဉ် ..၊

"ဒေါက်တာ .."

နာ့စ်လေးတစ်ယောက် သူ့ရှေ့ရောက်လာကာ ..၊

"ပေးရှင့်ဒေါ်မာလာအောင် က ဒေါက်တာ့ကို အရေးတကြီး ဆွေးနွေးစရာရှိလို့ တွေ့ခွင့်တောင်းနေတယ် .."

"အိုခေ .."

ရင်ထဲမှာ အဆင်မပြေပေမယ့် သူ ခေါင်းညိတ်လိုက်ရသည်။ ပြီးတော့ မျက်နှာကို လက်ကိုင်ပဝါထုတ်၍ ဖိပွတ်ပစ်မိရင်း .. မင်းရဲ့နှလုံးသားနဲ့ မင်းသူငယ်ချင်း အသက်ရှင်သွားပြီ သူရာ ..၊

မင်း ဝမ်းနည်းမှာမဟုတ်ဘူး၊ ဒါကို တစ်နေရာကကြည့်နေပြီး ပျော်နေမယ်ဆိုတာ ငါသိတယ် ..။

မင်း ကောင်းရာသုဂတိလားပါစေ ..၊

နောင်ဘဝတွေရှိခဲ့ရင် ချစ်ရသူကို ကိုယ်တိုင် ပိုင်ဆိုင်နိုင်တဲ့သူဖြစ်ပါစေ သူငယ်ချင်းရယ် ..၊



အခန်း (၃၂)

'ပင်လယ်ပြာ' ဆိုသည့် နာမည်သစ်နှင့် ဟိုတယ်လ်ကြီးက ပြန်လည်ပြင်ဆင်မွမ်းမံမှုများနှင့် ခေတ်မီထည်ဝါနေ၏။

ဦးစိုးကျော်ရ ၏ မှုန်ကုတ်ကုတ်မကြည်လင်သော မျက်ဝန်းတွေက မျက်နှာတစ်ခြမ်းက ဆေးသုတ်မွမ်းမံနေခြင်းမှာ စူးစိုက်နေခဲ့လျက် ပြေပြစ်ကျယ်ပြန့်သောနဖူးပြင်က မျက်ခုံးတန်းတို့နောက်လိုက်၍ ခပ်တွန့်တွန့်ရှုံ့တွနေ၏။

မျက်ဝန်းတွေ စူးစိုက်နေသော်ငြား သူ့စိတ်တွေ တစ်ချက်တစ်ချက်လွှတ်နေခြင်းက တင်းခနဲတင်းခနဲ လှုပ်ခတ်နေသော မေးရိုးနှစ်ဖက်ကသက်သေပြနေ၏။

တစ်ချက်တစ်ချက်မှာ ကိုယ့်စိတ်ကို အဖက်ဆည်ဖို့ကြိုးစားသကဲ့သို့ တင်းကပ်နေအောင် ဖေ့ပိတ်ထားသည့် နှုတ်ခမ်းတို့ လျော့ရိလျော့ရဲဖြစ်သွားတတ်သလို တွန့်ကုတ်ထားသည့် မျက်ခုံးတွေကိုပါ ဖြည်ချပစ်သတ်၏။

နှစ်ပေါင်းနှစ်ဆယ်ကျော် မတုန်လှုပ်ခဲ့သော သွေးတစ်စက်ဟာ သရေးရှင်ရေးမဖြစ်ခင်ချိန်ထိ ဣန္ဒြေရရရှိနေခဲ့သေးသည်။

ကိုယ့်မြေးဖြစ်သူက ကိုယ့်စိတ်ကိုယ့်မာနအတိုင်း ထပ်တူကျတဲ့ပြန်

www.burmeseclassic.com

www.burmeseclassic.com



နေသည့်အဖြစ်ကြောင့် လိုက်တော့လိုက်ပေမယ့် သူ့ခြေလှမ်းအတိုင်း မတိုးမလျှော့ .. သို့သော် ...၊

အက်ဆီးဒန့်ဖြစ်သွားသည့်ဆိုသည့်သတင်းဆိုးဟာ ဘဝတစ်လျှောက်လုံး ကိုယ်ပိုင်ဆိုင်ထားသမျှ အရာအားလုံး မိနစ်ပိုင်း စက္ကန့်ပိုင်းအတွင်း အရည်ပျော်ပျောက်ရှကုန်သကဲ့သို့ ကိုယ့်ဟာကိုယ်မဟုတ်တော့သလို တစ်ခါမှ မခံစားခဲ့ဖူးသော သွေးပျက်ခြင်းက နှိပ်စက်ခဲ့သည်။

အရာရာကို ကိုယ့်လက်နဲ့ ဖန်တီးနိုင်ခဲ့သည်ထင်သော်လည်း နှလုံးကြေ၍ သေဆုံးတော့မည့်မြေးလေးအတွက်တော့ သူ ဘာမှမတတ်နိုင်ခဲ့ပေ ..။

ဖြူဖျော့သွေးဆုတ်နေသည့် မြေးကို ငုံ့မိုးကြည့်ရင်း သူ့မျက်ရည်စက်တွေကျခဲ့သည်။

"သမီး သေပြတာတောင် ဖေဖေ့ရဲ့ သနားငဲ့ညှာမှုကို ရမှာမဟုတ်ဘူးဆိုတာ သိပါတယ် .. ဒါပေမယ့် သမီး သားလေးကို ဘယ်တော့မှ ခေါ်ခွင့်မရတော့ဘူးဆိုရင် သမီးဘဝ ရှင်သန်နေလည်း အလကားပဲ -"

ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခဲ့တာမဟုတ်ပေ ..။ ဒါပေမယ့် ဒီသောကမီးကို ငြိမ်းသတ်မပေးခဲ့သည့် သူ့အတ္တတွေကြောင့် သမီးလေး သေဆုံးသွားခဲ့၏။

ဖအေဆိုသည့် သတ္တဝါလည်း ဘယ်ရောက်လို့ ဘယ်ပေါက်နေခဲ့သလဲ သူတို့ဂရုမစိုက်ခဲ့၊ ဂုဏ်မာနကြောင့် ဒီသွေးဒီကလေးကို အသိအမှတ်မပြုနိုင်သလို သမီးသေသွားတော့လည်း အတ္တက အဆိပ်တက်ပြန်သည်။

"ကလေးမှာ အပြစ်မရှိပါဘူး ဖေဖေ .. ညီမလေးရဲ့ ရင်သွေးလေးပါ .." လို့ သမီးတွေ ဘယ်လိုပြောပြော သူ ခေါင်းခါခဲ့၏။

ထို ဥပေက္ခာတွေနဲ့ သူစိမ်းတစ်ရံတို့၏ လက်ပေါ်မှာ ကြီးပြင်းခဲ့ရသည့် မြေး ...၊

မြေးအတွက် ရသင့်ရထိုက်တာထက် ပိုမိုပြီး ပိုင်းခြားစီစဉ်ထားသော်တောင် သမီးတွေ့မျက်နှာကြောင့် တာဝန်အရ ဆောင်ရွက်ပေးနေသည်



ကိုယ့်ကိုယ်ကိုယ် နားလည်ထားခဲ့သည်။

ခုတော့ ဒီလိုမဟုတ်ခဲ့ဘူးဆိုတာ နားလည်သွားပြီဖြစ်၏။ မြေးလေးကို သူ ပိုင်ဆိုင်သမျှ ဘယ်အရာနဲ့မှ လဲယူလို့မရတော့မှန်းသိလိုက်ရသည့်အချိန် ...၊

ကိုယ်တာဝန်မကျေခဲ့သမျှ နေ့ရက်တွေကို ရုပ်ရှင်ပြကွက်တွေလို ပြန်ယောင်လာပြီး သွေးပျက်ရသည့် နာကျင်မှု ...၊

အားလုံးက သူဌေးဦးစိုးကျော်ရ ၏ ဘဝတစ်ခုလုံးကို အမြစ်ကပြုတ်၍ ခေါက်ထိုးလွှဲခါပစ်လိုက်သလို ဒီနေ့ဒီနေရာမှာ ရပ်တည်နေခြင်းပင် အဓိပ္ပာယ်မဲ့နေခဲ့၏။

လုပ်ငန်းဘယ်နေရာမှာမဆို သဘာပတိကြီး ဦးစိုးကျော်ရ ...၊

လက်နှစ်ဖက်နောက်ပစ်၍ ခေါက်တုံ့လျှောက်နေတာတောင် လှမ်းမြင်သည့် လက်အောက်ဝန်ထမ်းတွေ နေစရာမရှိအောင် လေးစားကြောက်ရွံ့ခဲ့ရသည့် ဦးစိုးကျော်ရ ...၊

ဒီနေ့ ဦးစိုးကျော်ရ ၏ အောင်မြင်ကျော်ကြားသော အရာရာ ဘယ်ရောက်ကုန်ပြီလဲ၊ ရဲရင့်ခိုင်ကြည်သော ယုံကြည်မှုအပြည့်နဲ့ ခြေလှမ်းတွေ ဘယ်လို တုံ့နှေးနေခဲ့တာလဲ ...၊

မြေးဆိုသည့် အသွေးအသားသံယောဇဉ်က မနီးစပ်ဘဲ တုတ်နှောင်ထားခဲ့သည့်အဖြစ်ကို အံ့သြနေမိ၏။ တစ်နေရာစီမှာနေကြပြီး မြင်တွေ့ဖူးခဲ့တာလည်းမဟုတ်ဘဲ သူ ဒီလောက်ထိ ထိတ်လန့်ဗျာများခဲ့ရသည့်အဖြစ်ကိုလည်း နားလည်သွားပါပြီ။

ထို့ကြောင့် သူ ဆက်လက်ဟန်မဆောင်တော့ဘဲ မြေးနဲ့ တွေ့ဆုံဖို့ ကြိုးစားတော့မည်။

"သူဌေးခင်ဗျ .."

သူ လှည့်ကြည့်လိုက်တော့ တစ်ယောက်က သူ့ဖုန်းကို တရိုတသေကမ်းပေး၏။ ဖုန်းကိုင်ရင်း ရေကူးကန်ဘက်ကို လျှောက်လာခဲ့၏ ...၊

"ဒေါက်တာ ဦးဘုန်းမြတ် .. အမိန့်ရှိပါဗျာ .."



www.burmeseclassic.com

www.burmeseclassic.com



"…. …. …."

"ကျေးဇူးတင်ပါတယ် .. တကယ့်စိတ်ရင်းနဲ့ ပြောတာပါ .."

"…. ….  …."

"ဟုတ်ပါတယ် .. အခု မြေးက အခြေအနေကောင်းနေပါပြီ"

ပြောနေတုန်း နောက်ဖုန်းတစ်ခု ထပ်ဝင်လာသဖြင့် ကြည့်လို တော့ မသိသည့်ဖုန်းဖြစ်နေသည်။ သို့သော် .. နောက်ထပ်ပြန်ခေါ်နေ ဖြင့် စကားဖြတ်ပြီး ဖုန်းလက်ခံလိုက်လျှင် ..၊

"အန်ကယ်လ်ကြီးလားဟင် .."

"ဘယ်သူလဲ .."

"ကျွန်မက .. သူသူ ပါ .."

"မြတ်နိုးသူ .. ဘာကိစ္စလဲ .."

"အန်ကယ်လ်ကြီးကို ကျွန်မတို့က လေးစားကြပါတယ်၊ သား ကလည်း သူ့ဘိုးဘွားအရင်းအချာတွေကိုရော ဆွေမျိုးထဲက ဘိုးဘွား ကိုရော အားလုံးကို လေးစားကြည်ညိုတဲ့သူပါ .."

ဦးစိုးကျော်ရ မျက်ခုံးကြီး တဖြည်းဖြည်း စုကျုံ့လာခဲ့ပေမယ့် နဲ့ တုန်ယင်နေသော ဒေါ်မြတ်နိုးသူ ရဲ့ စကားတွေကိုသာ တိတ်ဆိတ် နားစွင့်နေခဲ့၏။

သူရာ ဆုံးသွားသည့်နောက်မှာ မကင်းရာမကင်းကြောင်း နေ ၁ခင်ရှက်ပေးခဲ့ရတာတွေရှိပေမယ့် အားလုံးပြီးသွားဟာနဲ့ ဘို ကျားနေမြဲပြန်ဖြစ်ခဲ့ကြသည်။

တစ်သက်လုံးတည်းက ပတ်ပတ်သက်သက်မရှိခဲ့ကြတာ ဘာ လို့လဲ .. သူမက ဘာပြောချင်တာလဲ ..၊

"အန်ကယ်လ်ကြီးက ပြဒါး အတွက် အသင့်ရှိနေမယ်ဆိုတာ သဘာဝကျပါတယ်၊ ဒါပေမယ့် ကျွန်မ သားလေးကလည်း အန်ကယ် ကြီးနဲ့ မြေးတော်ပါသေးတယ် အန်ကယ်လ်ကြီးရယ် .."

"ဘာကိုပြောချင်တာလဲဟေ့ .. လိုရင်းကိုပြောစမ်း .. ငါအခ



.."

ဒေါ်မြတ်နိုးသူ ဘက်က ရှိုက်သံတစ်ချက်တော့ ပျံ့လွင့်လာခဲ့သည်။

"ဟုတ်ပါတယ် .. အန်ကယ်လ်ကြီးမြေးရဲ့ အနာဂတ်အတွက် အစီ ဆော်တွေလုပ်နေရမှာပေါ့ ဘယ်အားပါ့မလဲ .. ကျွန်မတို့ကတော့ န်ကယ်လ်ကြီးလောက်မှ လာဘ်မမြင်ကိုးမမြင်ဆိုတော့ ကိုယ့်သားရဲ့ သက်ကို သူများနှုတ်ယူပြီး လိုသလိုသုံးစွဲသွားတဲ့ထိ ဘာမှမသိ .."

"မြတ်နိုးသူ အဲဒါ ဘာစကားလဲ .."

"အန်ကယ်လ်ကြီး အဲဒီလောက်ရက်စက်မယ်လို့ ကျွန်မ လုံးဝ ထင်ခဲ့မိဘူး၊ တကယ်ဆို ကားအက်ဆီးဒန့်မှာ နှလုံးကြေပြီး သေရလောက် ဲ့ ဒဏ်ရာ ဖြစ်ခဲ့တာ ကျွန်မ သားမဟုတ်ပါဘူး .. အန်ကယ်လ်ကြီး းပါ .."

"ဟုတ်တယ် .. ဒါပေမယ့် ငါ့မှာရှိသမျှ ပုံအောပြီး အကောင်းဆုံး ဆရာတော်ကြီးတွေနဲ့ .."

"ပုံအောအကုန်ခံနိုင်တော့ အသက်ကိုတောင် ဝယ်နိုင်သွားတာပေါ့၊ န်မ ရင်နာမိတာ အဲ့ဒါကိုပဲ .. အန်ကယ်လ်ကြီးတို့ ငွေကုန်ခံနိုင်သလို န်မတို့လည်း မဆင်းရဲပါဘူး .. ဒါပေမယ့် ကျွန်မတို့က ဖြစ်နိုင်ချေ ရှ စေ့စေ့စပ်စပ်တွေးတဲ့နေရာမှာ အန်ကယ်လ်ကြီးလို လာဘ်မမြင်ခဲ့ ..."

"ညည်း ဘာကိုဆိုလိုချင်တာလဲ မြတ်နိုးသူ .. နှစ်ယောက်စလုံး လုံမျောပါးဖြစ်ပြီး ဆေးရုံရောက်ခဲ့တာ .."

"မဟုတ်ဘူး .. ကျွန်မသားက သေမယ့်ဒဏ်ရာမဖြစ်ဘူး .."

"ဒါဆို ညည်းက ဘာပြောတာလဲ .."

"နှလုံးအစားလဲဖို့အတွက် အန်ကယ်လ်ကြီး ရက်ရက်စက်စက်.."

"ဟေ့ .. တော်စမ်း .. ခု .. ရပ်လိုက် .."

ဦးစိုးကျော်ရ ဒေါ်သနှင့်အော်လိုက်သဖြင့် ခပ်လှမ်းလှမ်းမှာ လုပ် နေကြသည့်လူတွေအားလုံး လှုပ်ရှားမှုတွေ ရပ်တန့်ကုန်၏။ တိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ငြိမ်သက်ခြင်းကို သတိရလိုက်မှ လှည့်ကြည့်လိုက်တော့ အားလုံး သူ့ကို အလန့်တကြား လှမ်းကြည့်နေတာမြင်ကာ ..၊

"ဆက်လုပ်ကြပါ .."

လက်ကာပြလိုက်ရင်း နေရာမှ ပိုဝေးအောင် လှည့်ထွက်လာခဲ့ပြီး

"ညည်းက ငါ့ကို ဘယ်လိုလူစားလို့ထင်နေသလဲ မြတ်နိုးသူ - စိုးကျော်ရ ဆိုတဲ့လူက နေရာတကာပြတ်သားတယ်၊ ငါ့စီးပွား ငါ့အလုပ် နဲ့ပတ်သက်ရင် ကျောသားရင်သားမခွဲခြားဘူး၊ ဒါပေမယ့် လူသတ်ရ လောက်အောင် ငါ မယုတ်မာဘူး .."

"လူတိုင်းက .."

"လူတိုင်း ဘာတွေဖြစ်နေ .. ငါ့အလုပ်မဟုတ်ဘူး .. အခု ညည်း ပြောတဲ့ကိစ္စ ငါအခု ရအောင်စုံစမ်းမယ် .."

ဖုန်းပိတ်လိုက်ပြီး ဦးစိုးကျော်ရ တက်ခေါက်လိုက်မိသည်။ ဒေါသ ကြောင့် ရင်အုံတစ်ခုလုံး လှိုင်းတံပိုးထန်နေသလို အသက်အရှူ ဖရာထောင်းနေပြီမို့ မောဟိုက်တုန်ယင်လာ၏။

ခွဲစိတ်သမားတော်ကြီးတွေဆီ ဖုန်းခေါ်မလို့ရည်ရွယ်ပေမယ့် လက် ချောင်းတွေပါ ခွန်အားမဲ့နေ၏။ ဖုန်းကွန်တက်(တ်)ကို မြင်နေရပါလျက် နှင့် ဒေါသကြောင့် ဝေဝါးနေသလိုဖြစ်နေသည်။

ဒီလောက်ထိ ဒေါသမထွက်ခဲ့တာလည်း ကြာပါပြီ ..၊

"သူဌေး ဒီမှာအနားယူပါ .."

သူ့ဘေးမှာ အမြဲရှိနေသည့် ကျော်စွာ က ဆိုဖာကုလားထိုင်တစ် ပြေးလာဆင်းပေးသည်။ အနားမှာ ယူကလစ်ပင်ပျိုလေးရှိနေပေမယ့် အပြာရောင်ထီးကြီးတစ်ချောင်းနှင့် အမိုးလုပ်ပေးလိုက်တာလည်း မကြာလိုက်ပေ ..။

ဦးစိုးကျော်ရ ဆိုဖာမှာ ထိုင်ချလိုက်ပြီး သက်တောင့်သက်သာ လိုက်သည်။ ထိုစဉ် သံပုရာရည်တစ်ခွက်နှင့် အလှူမီနီယံစားပွဲပုလေး လုံး သူ့ရှေ့မှာ ပြင်ဆင်ပြီးဖြစ်သွား၏။



"ကျော်စွာ .."

"ဗျာ .. သူဌေး .."

"ကိုမင်းခန့် ကို ဖုန်းဆက်ပြီး ဆေးရုံမှာ ငါ့မြေးကို သတိမပြတ် အောင့်ကြည့်နေဖို့ ငါမှာတယ်လို့ပြောလိုက် .."

"ဟုတ်ကဲ့ .."

"နေသူရာရှိန် ဆိုတဲ့လူနာ သေတဲ့ကိစ္စ အသေးစိတ် ငါ သိချင် တယ်လို့ .."

"သေချာပြောလိုက်ပါ့မယ် သူဌေး .."

ဦးစိုးကျော်ရ သံပုရာရည်ကို တစ်ဝက်နီးပါးကုန်သွားအောင် သောက် လိုက်ပြီးမှ ပြန်ချ၍ ဆိုဖာမှာ ပြန်မှီလိုက်ကာ ..၊

"လူနာမေးလာတဲ့ လူအဝင်အထွက်တွေကအစ စောင့်ကြည့်နေဖို့.."

ကျော်စွာ ကို မှာပြီး ခဏနေမှ လူက ပုံမှန်အတိုင်းပြန်ဖြစ်လာ သည်။ ထိုစဉ် ဟိုတယ်လ်ဝင်းထဲကို ကားတစ်စီးဝင်လာတာ မြင်လိုက် ကာ သားနဲ့ချွေးမတို့မှန်း သိသောကြောင့် ..၊

"ကျော်စွာ .."

"ခင်ဗျာ .."

ကျော်စွာ ဖုန်းခေါ်ရန် နောက်ဆုတ်ရပ်နေပြီးမှ ရှေ့ကို ချက်ချင်း ပြေးရောက်လာ၏။

"ငါ့နားကို ဘယ်သူမှ မလာစေနဲ့တော့ .."

ဒီလောက်မှာလိုက်တာနှင့် ကျော်စွာ နားလည်သွားသည်။ ဦးစိုးကျော်ရ သမားတော်ဆီကို ဖုန်းခေါ်၍ ...

"ကျုပ်မြေးနဲ့ ဒီကလေးဖြစ်တဲ့ အက်ဆီးဒန့်မှာ လျှို့ဝှက်ချက်တစ် ခုရှိနေသလား ဒေါက်တာ .. အဲ့ဒါလေးကိုသိခွင့်ရှိရင် သိပါရစေ .."

".... .... ...."

"လူနာရဲ့ ဆန္ဒအရဆိုတော့ ဒီလူနာက သူ့မိဘဘက်ကိုတော့ သိစေ ချင်တဲ့သဘောလား .."

www.burmeseclassic.com

www.burmeseclassic.com



"…. …. …."

"ဘယ်လို…"

"…. …. …."

"ပြဒါး .. ကျုပ် မြေးကို ဟုတ်လား .."

"…. …. …."

"ဒေါက်တာခွန်စိုင်း ဆိုတာ သမားတော်ကြီး ဦးအောင်နိုင် ရဲ့ တပည့်မို့လား .. ခပ်ငယ်ငယ်ဆရာဝန်တစ်ယောက် .."

"…. …. …."

"ဒေါက်တာခွန်စိုင်း .."

ဒေါက်တာဦးဘုန်းမြတ် က ဒါတွေကို သေချာမသိပါဘူးဆို ဖုံးကွယ်ထားတာမဖြစ်နိုင်ပေ ..။ မြေးအတွက် နှလုံးအစားထိုးလဲ လိုက်ရသည့်ကိစ္စကတော့ အမှန်ဖြစ်ကာ သူရာ က သေအံ့ဆဲဆဲ အတွက် ဘာ့ကြောင့် နှလုံးထုတ်ပေးခဲ့သလဲဆိုတာ ဒေါက်တာခွ သာလျှင် သိလိမ့်မည်တဲ့ ..။

ဦးစိုးကျော်ရ နေရာမှဖြည်းညှင်းစွာထရပ်လိုက်သည်။ ဒါတွေ ဘာလို့သေချာမသိခဲ့ရတာလဲ ..၊ မြေးရဲ့သတင်းကို ကြားရသည့် သူ အရောက်သွားနိုင်ခဲ့သည့်အချိန်က နောက်ကျခဲ့လို့လား ..။

သူ နောက်ကျသည်ဆိုရင်တောင် မြတ်နိုးသူ တို့ စောစီးစွာ ခဲ့တာတော့ မဖြစ်နိုင်ပေ။ မဟုတ်လျှင် သူ့ကို လာဘ်မြင်သည့် သည်ဆိုတဲ့စကားတွေနဲ့ မြတ်နိုးသူ မချေမငံပြောခဲ့မှာမဟုတ် ..။

ဒီကိစ္စကို သူ သိရမှဖြစ်မည်။ ရှင်းသင့်တာကို ရှင်းရမည်။ နေတာက ဒေါက်တာခွန်စိုင်း သိနေတာတွေကို သိရဖို့ ..။



## အခန်း (၃၃)

"ကျွန်မ ယောက်ျားဆုံးသွားတာ တစ်လမပြည့်သေးဘူး အန်တီ.."

"ဟုတ်ပါတယ် သမီးရယ် .. ဒါပေမယ့် သားလေး ဘယ်လိုပြော သွားသလဲဆိုတာ သမီးလည်း နားထောင်ပြီးပြီပဲ .."

"ဟွန်း .."

ညာဏ် က နှုတ်ခမ်းလေးစေ့ထားလိုက်ပြီး ဒေါ်မြတ်နိုး သူတို့ကို တစ်ယောက်ချင်းကြည့်သည်။ ဦးလှထွန်း လည်း ဒေါ်မြတ်နိုးသူ တို့ ညီအစ်မကို အားနာပါသည်။ စာနာစိတ်လည်းဖြစ်မိသည်။

ဒါပေမယ့် သမီးရဲ့ အိမ်ထောင်ရေးမို့ ဒါက သူတို့ဝင်ပါရမည့် ပြဿနာမဟုတ်ပေ။ ဒေါ်မေသိမ်း ကတော့ မိန်းမသားပီပီ မိခင်တွေဘက် ကပဲ ကြည့်မိရင်း ..။

"ဘယ်မိဘမဆို ကိုယ့်သားသမီးကို အသက်ရှိစဉ်တုန်းကလည်း ချစ်ရတယ်၊ မရှိတော့တဲ့အခါ ဘဝကူးကောင်းရဲ့လားဆိုပြီး အိပ်မက်ဆိုး တွေမက်တိုင်း ငုတ်တုတ်ထထိုင်မိတယ်၊ ပုဖင်းရင်ကွဲတွေအော်သံကို တောင် ငါ့သားလေးများ ခေါ်လိုက်တာလား .. ငါ့သမီးလေး ငိုတဲ့အသံ သားလို့ ခေါင်းထောင်ကြည့်မိတာမျိုးပါ၊ ကျွန်မ ကိုယ်ချင်းစာပါတယ်.."

"ဟုတ်ပါတယ် သိမ်းသိမ်း ရယ် .. ကျွန်မတို့ကလည်း ရှေ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



နောက်ထားပြီး တောင်းဆိုနေရတာပါ ..”

“ဒါ တောင်းဆိုသင့်တဲ့အရာမဟုတ်ဘူး အန်တီ .. ညဏ် က သူ့ ဇနီးဆိုပေမယ့် ..”

“သားမရှိတော့ဘူးဆိုတော့ ပတ်သက်မှုမရှိတော့ဘူးဆိုတာ အန် နားလည်ပါတယ် ..”

နားလည်ဖို့ပဲလိုတာဆိုသည့် အကြည့်တစ်ချက်နှင့် ညဏ် က မျက် လွှဲ၏။ အထူးကုဆေးခန်းထဲမှာပဲ မိသားစုဆုံမိကြတာက ပြဒါး ဆေးရုံကနေ ဆင်းဖို့ပြောတော့ သူရာ့ အိမ်ကိုပဲ လိုက်မယ်ဆိုသည့် အ စကားကြောင့်ဖြစ်သည်။

သူရာ ပိုင်ဆိုင်သမျှ လုပ်ငန်းစီးပွားတစ်ချို့မှာ ပြဒါး ပါဝင်နေ အဖြစ်ကြောင့် စီးပွားရေးတို့ကို ရုတ်တရက်ပြတ်တောက်မခံနိုင် ဘက်ကနေ မေမေတို့က ပြန်ခေါ်လာဖို့သဘောတူကြသည်။

ဒေါ်မြတ်နိုးသူ တို့ကတော့ သူရာ ဖြစ်စေချင်သည့်ဆန္ဒတစ် ကြောင့် ထိုကိစ္စအတွက် ဝမ်းသာအားရကြီး ဖြည့်ဆည်းပေးဖို့ရောက် ကြ၏။ နောက်ဆုံးမှ သိရတာက သူမပဲဖြစ်သည်။

ထို့ကြောင့် အစိမ်းရင့်ရောင် ဝတ်စုံပေါ်ကနေ အနက်ရောင်အ ထပ် ထပ်ဝတ်ပြီး ညဏ် ဒီထိအမီလိုက်ခဲ့တာ အားလုံးပြင်ဆင်နေ ခြေလှမ်းတွေကို တားဆီးဖို့ ..။

“ပတ်သက်မှုဆိုတာ ပြောရရင် ပြဒါး က အခုရှိနေကြတဲ့လူ ဘာမှ မပတ်သက်တဲ့သူ ..”

“အန်တီ ဘူလေး တော်ပါတယ် ..”

“ဪ .. ဒါကြောင့် အန်တီက ငါ့ချွေးမပဲ ငါ့တူကို ဆက် မယ်ဆိုတဲ့ပါဝါနဲ့ပေါ့ ..”

“အို .. မဟုတ်ပါဘူး၊ ဒီလိုစိတ်နဲ့တော့ မဟုတ်ပါဘူးကွယ် ..”

“သမီးရယ် .. အားလုံး သောကများနေကြတဲ့အချိန်မှာ သမီး ကို ယျှော့ပြီး လေးစားမှုလေးထည့်ပြောပါကွယ် ..”



ဒေါ်မေသိမ်း က အခြေအနေကို ထိန်း၍ ဝင်ပြောလိုက်ပြီး ..။

“သူတို့လည်း သားတစ်ယောက်လုံး ဆုံးရှုံးထားတဲ့သောကနဲ့ ဒီ စကားတွေ ဘယ်ပြောချင်ပါ့မလဲ ..”

“ဒါဆို သမီးကရော ယောကျ်ားတစ်ယောက်လုံးဆုံးရှုံးထားခဲ့တာ မဟုတ်ဘူးလား မေမေ .. ဒီမိန်းမ ကြူကြူပါအောင်တောင် မငိုဘူး၊ လွမ်းရမှန်းမသိဘူးဆိုပြီး ယောကျ်ားတစ်ယောက်နဲ့ ထပ်ပေးစားနေတာ လား ..”

“မဟုတ်သေးဘူး သမီး ..”

“ဟုတ်တာတွေပဲ ညဏ် က သိချင်နေတာပါ၊ သူရာ ဆုံးခဲ့ရတာ နဲ့ပတ်သက်ပြီး ညဏ့် ဘက်က ဒီလောက်တော့ ပြန်ပေးဆပ်သင့်တယ် လို့ အန်တီကို့ထင်ကြတာ ..”

ညဏ့် စကားကြောင့် အားလုံး မျက်နှာပျက်သွားကြ၏။ သူရာ ပြောခဲ့သည့်စကားတွေထဲမှာ ‘မင်းဆီက ကိုယ်မရနိုင်ခဲ့တဲ့အရာအားလုံး အတွက်’ဆိုတာ ဘာကိုရည်ရွယ်ခဲ့တာမှန်း အားလုံးသိကြသည်။

သူ့ရဲ့ တောင်းဆိုထားသမျှဟာ ဒီစကားကြောင့် လေးနက်စေခဲ့ တာလား၊ ရုပ်ပျက်စေခဲ့တာလား၊ ညဏ် က နှုတ်ခမ်းလေးမဲ့၍ ..။

“မေတ္တာဆိုတာ အလျှားအနံတိုင်းကြည့်လို့မရပေမယ့် အသွား အပြန်ရှိတယ်၊ အန်တီတို့ဆီမှာ သူ့ရဲ့ ဖွင့်ဟဝန်ခံချက်တွေ ဘယ်လိုရှိ ခဲ့သလဲတော့ မသိဘူး၊ ဒါပေမယ့် အသွားမရှိဘဲနဲ့ ပြန်အလာကို ထိုင် စောင့်နေလို့မရဘူး၊ ကြေးရောင်တလက်လက်တောက်နေရင် သိပ်လှနေ မယ့် မင်းသမီးရုပ်က ချိုးတက်ပြီး အစိမ်းရောင်သမ်းနေရင် ဘီလူးရုပ် ပေါက်ချင်လည်း ပေါက်နေမှာပေါ့ ..”

ဒေါ်မြတ်နိုးသူ ခပ်ဖြည်းဖြည်း ခေါင်းညိတ်လိုက်တာကို ညဏ် က သေချာကြည့်နေပြီးမှ ..။

“နေသူရာရှိန် ဆိုတဲ့လူ ဘယ်လိုနေနေသလဲဆိုတာ ဘယ်သူမှ မမြင်ဘဲ ညဏ် ကပဲ ရက်စက်စိမ်းကားသူတစ်ယော[illegible]လို ဘာဖြစ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြတာလဲ ..''

''မပြောပါဘူး သမီးရယ် .. သားကလည်း မပြောရှာပါဘူး ..''

''ဟွန်း .. မပြောရှာပါဘူးတဲ့ ..''

ညဏ် က ခပ်ရှိုင်းရှိုင်းမဲ့ပြီး ပခုံးတွန့်ပစ်သည်။

''အဲလောက်ထိ သနားစရာကောင်းသွားတာလား၊ ညဏ် က တသိမ်းပြင်ပြင်နေတာကို ဘာမှမပြောရှာဘူး ဟုတ်လား .. သူ ဘာမှမပြောလို့ ညဏ့် နားမှာ ဘယ်တော့မှမရှိခဲ့လို့ သူ့ကို ညဏ် ဘာတွေပြောချင်သလဲ အဲဒါတွေကျတော့ ဘယ်သူရိပ်မိခဲ့သလဲ .''

ညဏ့် မျက်ဝန်းမှာ မျက်ရည်တွေပြည့်ပြည့်သိပ်သိပ်ဖြစ်လာခဲ့သည်။ သို့သော် ဘယ်သူ့အတွက် မျက်ရည်ကျရမှာလဲဆိုသည့်အတွေးနှင့် မျက်ရည်တွေ ပြိုကျမလာအောင် ထိန်းချုပ်နေမိသည်။

''အခု ဘယ်လိုထင်ထင် ဂရုမစိုက်တော့ဘူး၊ သူ့အတွက် မျက်ရည်မကျလို့ အားလုံးက ကဲ့ရဲ့ကြပါစေ၊ သေသွားတဲ့လူကိုတောင် မညှာမတာပြောတယ်ဆိုလည်းဟုတ်တယ်၊ သူ ဘာဖြစ်ချင်ခဲ့သလဲ .. ညဏ့်ဆီက ဘာလိုချင်တာလဲဆိုတာ ညဏ် ဘာမှမသိရတဲ့အတွက် သေပြီးတဲ့နောက်က ဆန္ဒတွေကိုလည်း စိတ်မဝင်စားဘူး ..''

ဒေါ်မေသိမ်း အားနာသွားမိသည်။ သမီး ဒီလောက်ထိ ပြောနိုင်တယ်လို့ မထင့်ခဲ့တာ သူမပဲ မှားခဲ့တာပါ။ ဒါကြောင့် ပြဒါး ကို အိမ်မှာပြန်ခေါ်ထားဖို့ပအတွက် သေချာမေးမြန်းမတိုင်ပင်ဘဲ တစ်ခါတည်းခေါင်းညိတ်ခဲ့မိသည်။ ကိုယ်တိုင်ကလည်း လာကြိုမိခဲ့သည်။

ခုတော့ လူကြီးချင်းမျက်နှာပျက်ရဖို့တွေ ဖြစ်နေပါပြီ။ ဒေါ်မြတ်နိုးသူက မိခင်ဖြစ်နေသည့်အတွက် သား၏ ဘဝကူးကောင်းမွန်ရေးကလွဲလျှင် ဘယ်လိုခက်ခဲတာဖြစ်ဖြစ် ကြိုးစားရယူဖို့သာ ဦးတည်မှာဖြစ်သော်လည်း ဒေါ်မမကတော့ နဂိုတည်းက စိတ်ဆတ်သူဖြစ်၏။

''ဒီလိုရှိပါတယ် သမီးရယ် .. အန်တီ့တူလေးက သမီးကို တစ်ဖက်သတ်မြတ်နိုးလွန်းလို့ ရယူခဲ့တဲ့သူဆိုတာ အားလုံးသိတဲ့အတိုင်း သူ့ဘက်



က မပြောမဆိုတာ နွေးထွေးမှုမရှိတာတွေက အစိမ့်ယ်မဲ့မဟုတ်ဘူးဆိုတာလည်း နားလည်ပေးသင့်ပါတယ် ..''

ဒေါ်မမ က ညီမဖြစ်သူရင်ထဲက သောကကို နားလည်နေသဖြင့် ကြားဝင်ပြောလာခဲ့ခြင်းဖြစ်သည်။

''သူက သမီး စိတ်ဆင်းရဲမှာစိုးလို့, သမီးတစ်ယောက်တည်းကို မပြောဘဲ မျိုသိပ်ထားခဲ့တာကလွဲရင် သူ ဘယ်လောက်ထိ ချစ်မြတ်နိုးသလဲဆိုတာတွေကို ..''

''သူ ဘယ်လောက်မြတ်နိုးတယ်ဆိုတာ ညဏ် မျှော်လင့်နေတာမဟုတ်ဘူး၊ သူ ဘာဖြစ်နေသလဲ .. ဘာတွေလုပ်နေသလဲဆိုတာ နားလည်ချင်ခဲ့တာ၊ သူ့အပေါ် ဒီမိန်းမ စိမ်းကားတယ်ထင်တယ်ဆိုပြီးတော့ စိတ်ဆင်းရဲမှာစိုးတယ်ဆိုတာက ဘာလဲ .. ရှေ့နောက်မညီတဲ့စကားတွေက အံမဝင်ပါဘူး ..''

ဒေါ်မမ ထောင်းခနဲဖြစ်သွားသည်။ သို့သော် .. သူမ ဘာမှမပြောမီ ဒေါ်မြတ်နိုးသူ က ..၊

''အန်တီတို့က ဒါကိုပြောချင်ခဲ့ပါတယ်၊ သမီးကိုပြောပြပြီး ကိုယ့်သက်တမ်းလေးမကုန်ခင် လင်မယားချစ်ချစ်ခင်ခင်ကြင်ကြင်နာနာနဲ့ အချိန်တွေကို ဖြတ်သန်းကြဖို့ပေါ့၊ ဒါပေမယ့် အဲဒီလိုအတူရှိချိန်မှာ သမီးရဲ့စိတ်ကို အရယူပြီး သူ မရှိတော့တဲ့အခါ သမီး ..''

ပြောနေရင်း မျက်ရည်ကျလေသည်။ အားလုံး မျက်ရည်မဆည်နိုင်သကဲ့သို့ ညဏ့် မျက်ဝန်းမှ မျက်ရည်တွေ လှုပ်လီလှုပ်လဲ့ စိမ့်ခေါ်လာခဲ့လျက် ပါးပြင်တစ်ဖက်မှာ မျက်ရည်ကြောင်းလေးတစ်ခု ဖြစ်ထွန်းသွားခဲ့၏။

သိလျက်နဲ့ စိတ်မျက်မပြေနိုင်တာ ညဏ် ကိုယ့်ကိုယ်ကိုသိ နားလည်နေသည်။ ဒါပေမယ့် ခွင့်မလွှတ်နိုင် ..၊ သေသွားခဲ့တဲ့အထိ ဘာမှပြောမပြဘဲ နေနိုင်ခဲ့တာကို ဘယ်လိုဂုဏ်ပြုပေးရမှာလဲ ..။

အစီအစဉ်တွေနဲ့ အတိုင်းအဖောက်ညီနေကြတဲ့ သူတို့တွေကြားထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ ဘာမှသိခွင့်မရခဲ့တဲ့ကိုယ်က ဘာနဲ့တူခဲ့သလဲ ..၊

"သားလေးကို နားလည်ပေးပါ သမီးရယ် .. နော် .."

"သူ့ကို နားလည်ပေးနိုင်တယ်ဆိုရင် ပြီးသွားပြီလား .."

"အဲ့ဒါ .."

"ဒီလိုသမီး .."

ဒေါ်မေသိမ်း က သူမ ဝင်ပါသင့်ပြီထင်ကာ လက်ကာပြောမိရင်း..၊

"အခု ပြဒါး က သွားစရာအိမ်လည်း မရှိဘူး .."

"ဘာဖြစ်လို့ မရှိရမှာလဲ မေမေ .. သူ့မှာ အရင်းအချာတွေရှိတယ်၊ အဖျားအနားတွေလည်းရှိတယ်၊ အဲဒါကြောင့်နဲ့ .."

"နောက်တစ်ခုက မောင်သူရာ နဲ့ အတူတူ သူလုပ်နေတဲ့အလုပ်တွေကို .."

"သမီး ကျန်းမာလာပြီ .. သူ့လိုသိအောင် ကြိုးစားနိုင်တယ်၊ သူက ရော ဘယ်လောက်သိမှာမို့လို့လဲ .. ဒီလိုတွေဖြစ်လာဖို့ သူရာ တမင်ကြို တင်စီစဉ်ထားတာ .."

"သမီးရယ် .. အဲဒါလေး တစ်ခုကိုတော့ .."

"ဉာဏ် .. လက်မထပ်နိုင်ဘူး .."

"စဉ်းစားပါဦး သမီးရယ် .. သမီးတို့ လက်မထပ်ရင် သူ့ကို အမွေ မပေးပါနဲ့လို့ ပြောထားခဲ့တယ်၊ အန်တီတို့ကိုလည်း ညစဉ်လိုလို အိပ်မက်တွေ .."

"စိတ်မကောင်းပါဘူး အန်တီ .."

ထိုင်ခုံနေရာကနေ ထရပ်လိုက်ပြီး ဉာဏ် က ပြတ်သားစွာပြင်း၏။

"ဉာဏ် ကိုယ်တိုင် သိခွင့်မရခဲ့တဲ့ သူ့ရင်ထဲက ဘာညာအစုအဆေးတွေ သူတို့ရဲ့ အပေးအယူတွေကြောင့် ဉာဏ် ကိုယ့်ဘဝတစ်ခုလုံးကို အဓိပ္ပာယ်မဲ့ ထိုးမကျွေးနိုင်ဘူး .."

"အဓိပ္ပာယ်မဲ့ မဟုတ်ပါဘူး ဉာဏ် .."

ဒေါ်မမ ကလည်း သူမနည်းတူ ထရပ်လိုက်၏။



"သူရာ လုပ်ခဲ့သမျှ အဓိပ္ပာယ်မဲ့တာ ဘာမှမရှိဘူး၊ သူ့ဘဝတစ်ခုလုံးအတွက် ရယူနိုင်တဲ့ သာယာမှုအားလုံးကို မင်းရဲ့ အနာဂါတ်ကိုငဲ့ပြီး ဆုံးရှုံးခံသွားတာပါ၊ သေရမယ့်သူအတွက် မင်း လွမ်းပြီး မကျန်ခဲ့အောင် နာစရာတွေ ဖန်တီးခဲ့တာ .."

အသံတွေ တုန်နေတာ နားထောင်ရင်း ဉာဏ် ဘာမှမပြောဘဲ ငြိမ်သက်နေမိ၏။

"ခု သူ ဘာဖြစ်စေချင်တာလဲဆိုတာ ကြိုအသိပေးသွားလို့ကောင်းတဲ့ အရာလည်းမဟုတ်ဘူး၊ အသိပေးခဲ့ရင်လည်း မင်း လက်ခံမှာမဟုတ်ဘူးမို့လား .."

"ခုလည်း .."

"ခုလည်း မင်း လက်မခံနိုင်ဘူးဆိုတာ သိတယ်၊ ဒါပေမယ့် လက်ခံပေးသင့်တယ်ဆိုတာ စဉ်းစားပေးဖို့ပါ၊ သူ မင်းကို ဘယ်လောက်ချစ်သလဲဆိုတာ သူ ချစ်တဲ့သူ့လက်ထဲမှာပဲ ထားခဲ့ချင်တဲ့ ဆန္ဒက သက်သေပဲ .."

"ဉာဏ် ဘယ်သူ့ကိုမှ မချစ်ဘူး .."

"မချစ်ပေမယ့် လက်ထပ်ပေးပါ၊ ကုန်ကုန်ပြောရရင် သူ သာခေါ်နိုင်ဖို့ သူ့ဘဝနဲ့သူ အေးချမ်းစွာ ဆုတ်ခွာထွက်သွားနိုင်ဖို့၊ အဲ့ဒီအတွက် မင်းကို တောင်းပန်နေကြတာ၊ ပြဒါး ကိုယ်တိုင်က သူ့အစ်ကိုစကားအတိုင်း နားထောင်ပြီး မင်းနဲ့လက်ထပ်ဖို့ .."

"ဘယ်သူ့ခွင့်ပြုချက်နဲ့လဲဟေ့ .."

ကိုယ်ပိုင်ဆေးရုံကြီးတစ်ခုမှာ မိသားစုသုံးစုဆုံမိသည်နှင့် မျက်နှာချင်းဆိုင်ချ..င်းထားသည့် အလှမိနီယံခုံတွေမှာ သူတို့လူစုနှင့် ပြည့်သွားခဲ့၏။

ဦးစိုးကျော်ရ နှင့် သူ့ရဲ့ အတွင်းရေးမှူးအပါအဝင် သမီးကြီး ခိမ်ကျော်ကလည်း သူမအတွင်းရေးမှူးနဲ့အတူ အားလုံးလေးယောက် ..။

ဒေါ်မြတ်နိုးသူ တို့ မျက်နှာတွေ ပျက်ယွင်းလျှက်နဲ့ လျက် နေရာမှ

www.burmeseclassic.com

www.burmeseclassic.com



ထရပ်လိုက်ကြတော့ လူသွားလမ်းကလေးမှာ ပိတ်လုမတတ်ဖြစ်သွားခဲ့ပြီး ..၊

"ပြဒါး ကို အယ်သူနဲ့ လက်ထပ်ပါ၊ ဘာလုပ်ပါဆိုတာ ဘယ်သူ စီစဉ်နေတာလဲ .. ညည်းလား မမ .."

ဒေါ်မမ မျက်နှာ မသိမသာ ငိုသွားသည်။ ဦးစိုးကျော်ရ က ရှိသမျှ လူကြီးတွေကို လှည့်ကြည့်ပြီးမှ ဉာဏ့် မျက်နှာပေါ်မှာ အကြည့်တွေရပ်တန့်သွားသည်။

ပြီးတော့ ခြေဆုံးခေါင်းဆုံး တစ်ချက်ငေ့ကြည့်ပြီး ဒေါ်မြတ်နိုးသူတို့ ညီအစ်မဘက်လှည့်၍ ..၊

"ငါ့မြေးကို ညည်းတို့ ချွေးမနဲ့ လက်ထပ်ပေးဖို့ကြံစည်ဝံ့တာ ဘယ်လိုသတ္တိတွေနဲ့လဲ .. ငါ့ကို ဘယ်ချောင်မှာ ထားပြီးတော့လဲ .."

"အန်ကယ်လ်ကြီးတို့ ချောင်းထိုးခဲ့တဲ့ ကလေးပါ .."

"ဘာပြောတယ် .."

ဒေါ်မမက မထူးစိတ်ပိုက်လိုက်သည့်¨ ကြည့်တို့နှင့် မျက်နှာပြန်မော့လာကာ ..၊

"ပြဒါး ကိုယ်တိုင်ကိုက သူ့ကိုယ်သူဘယ်ဆွေမျိုးမှ .."

"ဟော့ .. တိတ်စမ်း .."

ဦးစိုးကျော်ရ အသံကျယ်သွားပြီးမှ ကိုယ့်အသံကို သတိတရပြန်ထိန်းပြီး ရှေ့ထပ်တိုး၍ ..၊

"ငါ့မြေး ဘယ်ရောက်နေနေ .. ဘယ်မှာဘာဖြစ်ခဲ့ဖြစ်ခဲ့ စိုးကျော်ရ ရဲ့သွေးဟာ ပတ္တမြားသွေးပေါက်လို့ပဲ ဘယ်နှံ့အိုင် ဘယ်အညစ်အကြေးမှာမှ မရောနှောဘူး .. ရောနှောခွင့်လည်းမပြုဘူး .."

ပြောနေသည့်စကားလုံးတို့သည် ဉာဏ့် ထံမှာ အကြည့်တို့ဇောဲ လျှက်ရှိတာကြောင့် ဒေါ်သတစ်ပိုင်းနှင့် မလိုလားခြင်းတစ်ဝက်ကို တစ်ဖက်စီပုံချနေတာမှန်း သိသာနေ၏။

ဘယ်လိုသိသိ ဘယ်သူတွေဘယ်လိုနေနေ ဦးစိုးကျော်ရ ၏ မျက်နှာ



**တစ်ပြင်လုံးသည်** မာန်မာနတို့ဖြင့် နီမြန်းတင်းမာနေကာ ..၊

"**ငါ့မြေးနဲ့** ထိုက်တန်မယ့် မိန်းမကို နင်တို့ရှာဖို့မလိုဘူး၊ ရှေ့ကား**ပေါ်က ပြုတ်ကျပြီး** နောက်ကားတက်ကြိတ်ထားတဲ့ သခွားသီးနဲ့ ငါ့**သားကို ပွဲတော်တည်နိုင်းဖို့** စီစဉ်နေကြတာ ဘယ်လိုသတ္တိတွေနဲ့လဲ၊ ကျန်တဲ့လူ**ကြီးတွေ** အာရုံငါးပါးစလုံး ချို့ယွင်းနေတဲ့ အကန်းတွေမှတ်လို့လား .."

"ဒီမှာရှင့် တစ်ဆိတ်လောက် ပြောပါရစေ .."

ဒေါ်မေသိမ်း က နေရာမှ ထသွားလိုက်ရင်း ..၊

"ကျွန်မတို့က .."

"ကျေးဇူးပြုပြီး ဝင်မပါပါနဲ့ .."

ဒေါ်မိမိကျော် က မျက်နှာတင်းတင်းနှင့် ဝင်တားလိုက်ကာ ..၊

"ဖေဖေနဲ့ မသူ တို့ပြောနေကြတာ မိသားစုအရေးပါ .. တခြားသူနဲ့ မဆိုင်ပါဘူး .."

"အို .. ကိုယ့်သမီးကို ကားနင်းထားတဲ့ သခွားသီးနဲ့ နှိုင်းပြနေတာ မဆိုင်သလို နားထောင်နေရမှာလား .."

"လွယ်လွယ်လေးပါ .. မခံချင်ရင် ဒီစည်းဝိုင်းထဲကို မဝင်ဘဲနေလိုက်ပါ .."

ဉာဏ့် မျက်ဝန်းလေးတွေ ရှုးရှူးရဲရဲဖြစ်လာသည်။ ဒေါ်မိမိကျော်ကလည်း ထိုမျက်ဝန်းတို့ကို ဂရုမစိုက်စွာကြည့်ကာ ခပ်မဲ့မဲ့ပြုံး၍ တစ်ဖက်လှဲသွားသည်။ ပြီးမှ ..၊

"ဒီမှာ ဖြစ်နေရတဲ့ ပြဿနာလည်း ငြိမ်းချမ်းသွားအောင်ပေါ့ .."

"ဒီမှာဗျ .."

ဦးလှထွန်း လည်း မာနစိတ်ဖြင့် မနေသာတော့ဘဲ ထရပ်လိုက်ကာ ..၊

"ပြဒါး ရဲ့ ဘဝမှာ ဘာတွေဖြစ်ခဲ့ပြီး ဘယ်လိုရှုပ်ထွေးမှုတွေရှိနေသလဲဆိုတာ ကျုပ်တို့မသိပါဘူး၊ အခု ရှိနေကြတဲ့အချိန်ထိ ကျုပ်တို့

www.burmeseclassic.com

www.burmeseclassic.com



သိတာက ပြဒါး က လောလောဆယ် သွားစရာနေစရာမရှိတဲ့ လူငယ်တစ်ယောက်ပဲ ..”

ဦးစိုးကျော်ရ လှည့်မကြည့်ဘဲ မျက်နှာကြီးတင်းခနဲဖြစ်သွားသည်။ ဒေါ်မိမိကျော် က အံကြိတ်၏။ ပြီးတော့မှ ခပ်ကြိတ်ကြိတ်မဲ့ပြုံးနှင့် ..၊

“ပြဒါး အကြောင်းကို ရှင်တို့ကျမှ ဘာမှမသိခဲ့ဘူးဆိုတာ သဘာဝမကျပေမယ့် နားထောင်လိုက်ပါ့မယ်၊ ဒါပေမယ့် ကျွန်မတို့ရောက်လာရတဲ့အကြောင်းရင်းက ဝေဿန္တရာမင်းကြီးကို တိုင်းပြင်က နားလည်ကြည်ညိုပြီး ထီးနန်းမှာ ပြန်လည်စံစားဖို့တောအရပ်မှာ လာပင့်ကြသလိုပေါ့ ..”

“အဲ့ဒီပြဿနာကို ရှင်းရမယ့်အချိန်မဟုတ်ဘူး သမီး .. အချိန်ကုန်မခံနဲ့ ..”

ဦးစိုးကျော်ရ စကားက ဦးလှထွန်း တို့ ဇနီးမောင်နှံကို မျက်နှာကနေ ဖြတ်ရိုက်ချလိုက်သလို ပြင်းထန်သွား၏။ ဉာဏ် က ခုချိန်ထိ တစ်ခွန်းမှ ဝင်မပြောဘဲ နှုတ်ပိတ်ကြည့်နေဆဲဖြစ်ကာ မထင်မှတ်ဘဲ ကြားဖြတ်ဝင်လာသည့် ဆိုးဝါးသော အခြေအနေကြောင့် ရင်ထဲမှာ ခံစားနေရခြင်းတွေက ရှုပ်ထွေးပူလောင်နေ၏။

“ဟော့ .. ပြဒါး ကို သွားခေါ်စမ်း ..”

ဦးစိုးကျော်ရ က အမိန့်ပေးလိုက်သည်နှင့် ဘယ်ခံနေရာမှာ ရပ်ကျန်ခဲ့သည်မသိသော လူနှစ်ယောက် ထပ်ရောက်လာ၏။

သို့သော် ..၊

“မခေါ်နဲ့ဦး ဖေဖေ ..”

ဒေါ်မိမိကျော် ၏ ဟန့်တားမှုကြောင့် အခန်းဆီ ဦးတည်လိုက်သည့် ခြေလှမ်းတွေ ရပ်တန့်သွားကြ၏။

ဦးစိုးကျော်ရ သမီးဖြစ်သူကို ‘ဘာလုပ်တာလဲ’ဆိုသည့်အကြည့်နှင့် ကြည့်၏။ ဒေါ်မိမိကျော် က မသိမသာ မျက်လုံးမှိတ်ခြင်းဖြင့် ခေါင်းခါပြတာကို မပီမပြင်လေးလုပ်သွားသည်။



ဒါပေမယ့် မျက်လုံးထဲက အဖြေကို ဦးစိုးကျော်ရ ချက်ချင်းနားလည်ခဲ့၏။ သားအဖနှစ်ယောက် မျက်လုံးချင်းတိုင်ပင်လိုက်ကြတာ မျက်ဝန်းနှစ်စုံပဲဖြစ်သည်။

တကယ်တမ်း စူးစိုက်ကြည့်နေသည့် မျက်ဝန်းတစ်စုံရှိနေသေးတာကို ထည့်တွက်ဖို့ ဘယ်သူမှ သတိမထားမိလိုက်ပေ။

ဉာဏ့် နှုတ်ခမ်းလေးတွေ နာကျင်သည့် မဲ့ပြုံးနှင့် ခပ်လွန့်လွန့်လှုပ်သွားခဲ့သည်။ ပြဒါး ကို ဘာဖြစ်လို့ မခေါ်နဲ့ဦးလို့ တားဆီးလိုက်မှန်း ဆက်ထပ်နားလည်နေတဲ့သူ ရှိသေးတယ်ဆိုတာ သက်သေပြဖို့ သူမ ခြေလှမ်းတွေကို ပြဒါး ရှိနေသည့်ဘက်ကို ဦးတည်လိုက်၍ ..၊

“အန်တီတို့က ပြဒါး ကို မခေါ်သေးဘူးဆိုရင်တော့ သူ့အတွက် ရာထိုင်ခင်း အဆင်ပြေအောင် ကျွန်မတို့က ခေါ်သွားရတော့မှာပေါ့..”

“ဟင် ..”

“ဘာ!...”

မျက်လုံးချင်းနားလည်သွားသဖြင့် လူအများရှေ့မှာ ‘မပိုင်ဝက်မွေး’ ဘာမျိုးမဖြစ်ရအောင် ခဏလေးလက်ရှောင်ဖို့ ဆုံးဖြတ်လိုက်ကြသည့် ဦးစိုးကျော်ရ တို့ ပြူးပြူးပျာပျာတွေဖြစ်ကုန်ကြသည်။

ကြည့်လိုက်တော့ ဉာဏ် က ခြေတစ်လှမ်းပြင်ထားပြီးဖြစ်ကာ..၊

“မင်း ဘာပြောလိုက်တယ် ..”

ဒေါ်မိမိကျော် ဉာဏ့် ရှေ့ကို ချက်ချင်းရောက်သွားသည်။ မျက်နှာသည် အစိမ်းသရဲပူးသကဲ့သို့ ရုပ်ပျက်လောက်အောင် တင်းမာနေသော် ..၊

“မင်း ပြန်ပြောရဲရင် ပြောပြစမ်းပါ .. ယောကျာ်းဆုံးပြီးတာ လနည်းသေးတဲ့ မိန်းကလေးတစ်ယောက်က နောက်ထပ်ယောကျာ်းတစ်ယောက်ကို ..”

“သူ နေစရာမရှိဘူး အန်တီ .. ပြီးတော့ သူရှာ ဆန္ဒအတိုင်း ကျွန်မနဲ့ပဲ နေမယ်လို့ သူပြောတာ ..”

www.burmeseclassic.com

www.burmeseclassic.com



"မလိုဘူး .. သေသွားတဲ့လူက သူ့ဘဝကို သူ တိရစ္ဆာန်ဝမ်း မှီတွယ်ရမလား၊ အဝီစိသွားရမလား ဘာမှန်းတောင်မသိဘူး၊ ရယ် တွေပြောမနေနဲ့ .."

"မရယ်ဘူး အန်တီ .. ဒီမှာရှိနေတဲ့လူတွေအားလုံး ငိုနေကြရ တစ်ချို့တွေက မွေးဖွားလာတဲ့လူကိုတောင် အရှင်လတ်လတ်စွန့်ပ ပေမယ့် သေပြီးတဲ့ ကိုယ့်သွေးသားအပေါ်မှာ သံယောဇဉ်ကြီးစွာ အ တန်း နေကြတဲ့လူတွေကျတော့ အရူးနဲ့တူနေတာပေါ့ .."

ဉာဏ် က ဒေါ်မီမီကျော့် မျက်နှာကို ရဲရဲတင်းတင်းပြန်ကြည့်က

"တကယ်တော့ လူတိုင်း တစ်မျိုးစီ ရူးနေကြတာပါပဲ၊ ကိုယ် ဘ လိုအရူးလဲဆိုတာ နားမလည်ကြလို့ ခက်နေတာ .."

ဉာဏ် က နောက်ထပ် ဘာမှမပြောဘဲ အခန်းရှိရာလျှောက် ခဲ့၏။

"စောင်းလက်ခတ်ဉာဏ် .."

မယုံနိုင်လောက်အောင် တင်းမာအက်ရှနေသည့်ခေါ်သံ ဉာဏ့် ခြေလှမ်းတုံ့သွားသလို ပြုံးလည်းပြုံးမိ၏။

ကိုယ့်နာမည်ကိုတောင် သိနေကြသည်ဆိုတော့ ဒီ ပြဿနာ အနိုင်နဲ့ပိုင်းပြီး အပြီးသတ်ဆုံးဖြတ်ဖို့ရောက်လာကြတာ သေချာသွ

"မင်း ခုချက်ချင်း နောက်ပြန်ဆုတ်လိုက် စောင်းလက်ခတ်ဉာဏ်

"ကျွန်မ ခြေလှမ်း ဒီကနေ ရှေ့ဆက်တိုးမတိုးပဲ အန်တီ စိတ် စားရမှာ .. အမိန့်တွေပေးမနေပါနဲ့ .."

"မင်း အဆင့်အတန်းနဲ့ ငါ့တူကို မှန်းရဲတာ မင်း မရှက်ဘူးလ

နောက်ထပ် မျက်နှာချင်းဆိုင် ပြန်ရပ်မိကြပြန်၏။

"အဆင့်အတန်းဆိုတာတောင် မင်းမှာ ဘယ်လိုကြုံးစားလို့မှ နဲ့ ထိုက်တန်မှာမဟုတ်တဲ့ အမည်းစက်ကြီးကို ထည့်မပြောသေး ကားနင်းထားတဲ့ သခွားသီးလောက်တောင် အဖက်ဆည်လို့ရမှာ တဲ့ မင်းဘဝကို မင်း မတော်လောဘတွေနဲ့ မလဲစမ်းပါနဲ့ .."



"ကျွန်မအတွက်ပြောနေတာဆိုရင်တော့ အန်တီ ပူစရာမလိုပါ ကားနင်းထားတဲ့ သခွားသီးဖြစ်ဖြစ် မီးဖုတ်ထားတဲ့ ခရမ်းချဉ်သီး ဖြစ် ကျွန်မက စောင်းလက်ခတ်ဉာဏ် .."

ထူတန်းသည့် မျက်ခုံးတန်းလေးတွေက မသိမသာလေးပဲ တွန့်နေ မျက်တောင်ရှည်တွေက မျက်ရည်၏ ခြေရာကြောင့် တစ်ပင်ချင်းစီ ာ့နက်၍ ထင်းနေ၏။

နီရဲနေသည့် နှုတ်ခမ်းလွှာ၊ ပေါ်လွင်သည့် နှာတံစင်းစင်းနှင့် မုန်း ာက်အောင်လည်း လှနေလေသည်။

သူမက စောင်းလက်ခတ်ဉာဏ် ပဲဖြစ်ကာ ခုမှ သေချာမြင်ဖူးတာမို့ တ်ထဲမှာ တေးထားခဲ့တဲ့အတိုင်း ပိုင်နိုင်စွာ ပြောလိုက်ပြီးသည့် စကား အတွက် စိုးရိမ်စိတ်တော့ဝင်လာခဲ့၏။

ကိုယ့်တူကို ရင်းနှီးဖို့နေနေသာသာ ရှာဖွေတွေ့ထားလို့ မြင်ဖူးခဲ့တာ ာင် တစ်ခါနှစ်ခါရယ် ..။

ဒေါ်မီမီကျော့် မျက်ဝန်းတွေ ရှုံ့စိုက်သွားလိုက်၊ မလုံခြုံသလို လှုပ် သွားခဲ့လိုက်နှင့် စိတ်အတွေးတွေကို ထိန်းချုပ်ရခက်နေ၏။

ခုချိန်မှာ ကိုယ့်ကလေးရဲ့စိတ်ကို ဘယ်သူပိုင်စိုးထားနိုင်မလဲ ..၊

စောင်းလက်ခတ်ဉာဏ် ၏ ရှုမငြီးဖွယ် တင့်တယ်လှပနေသော ကိုယ်လုံးကို ထပ်ကြည့်မိပြန်ကာ စိုးရိမ်စိတ်တို့ ဖိစီးလာခဲ့၏။

ကြားဖူးသိဖူးနေသည့် အတွေ့အကြုံများအရ ဒါမှမဟုတ် ပြဒါး ခင်ဖြစ်သူကိုယ်တိုင် ဦးဆောင်လမ်းပြဖြစ်ခဲ့ဖူးသော ဇာတ်လမ်း င်းနှင့်ပတ်သက်၍ ပြဒါး ကို ဘယ်လိုယုံကြည်ရမလဲ ..၊

အမေတူသား ဖြစ်လာမှာလား၊ လိမ္မာတဲ့သား ဖြစ်နိုင်မလား ..၊

"ခဏနေဦး .. စောင်းလက်ခတ်ဉာဏ် .."

ဘယ်သူ့မှ ဂရုမစိုက်စွာ လှမ်းဝင်သွားသည် ဉာဏ့် ကို သတိထား ဒေါ်မီမီကျော့် ကမန်းကတန်းလိုက်သွားမိကာ ..၊

"ရပ်လိုက် .."

www.burmeseclassic.com

www.burmeseclassic.com



တံခါးရဲ့ အတွင်းကို နှစ်ယောက်စလုံးရောက်သွားကြသည်။ လူနာခုတင်နဲ့ မြင်ကွင်းက တည့်တည့်ဖြစ်ကာ လှမ်းကြည့်လိုက်တော့ ခုတင်ပေါ်မှာ လဲလျောင်းနေသည့် ပြဒါး ရဲ့ မျက်လုံးတွေ ပွင့်လာတာနှင့်တိုး၏။

လူနာရှေ့ထိ ရောက်လာရသည့်အဖြစ်ကို မလိုလားခဲ့တာမို့ ဒေါ်မီမီကျော် ညဏ့် ကို အကြီးအကျယ်စိတ်တိုသွားမိသည်။ သို့သော် အသံကို တတ်နိုင်သမျှ နှိမ့်ချ၍ မျက်နှာချင်းတစ်ထပ်တည်းကျအောင် ကပ်ကွယ်ပြီးမှ ...၊

“မင်းကို သေချာကြည့်လိုက်တာနဲ့ ယောကျ်ားတစ်ယောက်ကို ဘယ်လောက်ထိ ထိန်းချုပ်နိုင်မယ့် မိန်းမလဲဆိုတာ ငါ နားလည်တယ် အရှက်သိက္ခာမဲ့တဲ့ လူတော်တော်များများလည်း အောင်မြင်သွားကြတာပဲလေ .. ဒါ ဂုဏ်ယူစရာမဟုတ်ပါဘူး ..”

“ကျွန်မကလည်း ဂုဏ်ကိုမလိုချင်ပါဘူး၊ ကျွန်မယောကျ်ားအရအဝိုင်း သူ့ကို အိမ်ခေါ်သွားရုံပဲ ..”

“ငါတို့ခွင့်မပြုဘူး .. မင်း လုပ်လို့ရတဲ့ အရည်အချင်းတွေ အခွင့်အရေးတွေဘယ်လောက်ရှိရှိ မရရအောင် ဘယ်လိုနည်းနဲ့ပဲယူယူ –

“ဘာတွေစိုးရိမ်နေတာလဲ ဒေါ်မီမီကျော် .. ပြဒါး ကို အစတည်းက စွန့်ပစ်ခဲ့ပြီးသားမဟုတ်ဘူးလား ..”

“မင်းလည်း ငါတို့လိုက်လာတာမြင်မှ ပိုပြီးမက်သွားတာပါ –

“ခက်ပါလား ..”

“ဟုတ်တယ် .. အဲ့ဒါ လုံးဝမလွယ်ဘူး၊ ပြဒါး က သူဌေးသားဆိုတာ အားလုံးသိကြသလို မင်းတို့လည်းသိတယ်၊ ဒါကြောင့် အပိုင်ဖမ်းဖို့ကြိုးစားတာဆိုရင် ငါတို့က သူ့အမေတုန်းကလိုပဲ ပြဒါး ကို အမွေပြတ်စွန့်လွှတ်ပစ်မှာ .. အဲဒီကျရင် မင်းတို့ဘာရမယ်ထင်လဲ ..”

ညဏ် က ပြောနေရင်း ပြဒါး ကို လည်ပင်းလေးလိမ်အောင်လှည့်ကြည့်သည်။ ပြီးမှ ဒေါ်မီမီကျော် ကို ရင်ဆိုင်၍ ...၊



“ပြဒါး ကို ရရင်ပြီးပြီ ..”

“ဘာ .. ဘာပြောတယ် ..”

ဒီတစ်ခါ ညဏ် က ခြေလှမ်းကျဲကျဲနှင့် အခန်းထဲကို တောက်လျှောက်လှမ်းဝင်သွားခဲ့၏။ ပြဒါး ရဲ့ ဘေးရောက်မှ ခြေလှမ်းတွေ တုံ့သွားသလို ခေါက်ဖိနပ်သံပါ ရပ်၏။

ပြီးတော့ ပြဒါး ကို ငုံ့မိုးကြည့်၍ ဒေါ်မီမီကျော် ကို ရည်ရွယ်သော စကားတို့သည်။

“ရှင်တို့ဘာသာ ငွေကိုဖြစ်ဖြစ် လူကိုဖြစ်ဖြစ် နှစ်ခုစလုံးကိုပဲစွန့်စွန့် ကျွန်မက ဂုဏ်သိက္ခာအတွက် ရှင့်တူကို ယူမယ် ..”

“ဒါ ဂုဏ်သိက္ခာမဟုတ်ဘူး ..”

ဒေါ်မီမီကျော် သူမဘေးကို ထပ်ရောက်လာသလို ပြဒါး ရဲ့ ဘေးက စားပွဲပေါ်မှာတင်ထားသည့် လက်ထပ်စာချုပ်တွေကို တန်းခနဲမြင်သွားပြီး ...၊

“ကြည့်စမ်း .. ကြည့်စမ်း ..”

“ပြဒါး .. ရှင် ကျွန်မနဲ့ လက်ထပ်ဖို့ သဘောတူထားသလား ..”

ဒေါ်မီမီကျော် တုန်လှုပ်နေတာကို ညဏ် က နည်းနည်းလေးမှ ဂရုမစိုက်၊ ပြဒါး ကလည်း ညဏ့် မျက်နှာကိုပဲ မျက်လွှာပင့်၍ စူးစိုက်ကြည့်နေကာ ...၊

“ငါ့အဖြေကို အားလုံးသိပြီးသားပါ ..”

“ဒါ ညှိနှိုင်းလုပ်ရမယ့်ကိစ္စမဟုတ်ဘူး သား ..”

ဒေါ်မီမီကျော် စိုးရိမ်တကြီးအော်ပြောသည်။ ပြဒါး က ခါးပေါ်ထိ ခြုံထားဟဲ့စောင်ကို ခွာချလိုက်ကာ လှဲနေရာထထိုင်လိုက်၏။

လေးပင်သော လှုပ်ရှားမှုကိုမြင်ကာ ဒေါ်မီမီကျော် ကူညီတွဲပေးဖို့ ကောက်ပြင်လိုက်ပေမယ့် ပြဒါး ၏ အကြည့်တစ်ချက်မှာ လက်တို့တုံ့ခနဲ ရပ်သွားခဲ့၏။ ထို့စဉ် ...၊

“လူကြီးစုံရာရှေ့မှာ မင်းတို့ချင်း ညှိနှိုင်းနေလို့ မရဘူး ..”

www.burmeseclassic.com

www.burmeseclassic.com



ဦးစိုးကျော်ရ ကုတ်အင်္ကျီဖားဖား၊ ပုဆိုးကွက်ကျဲကြီးနှင့် တလှုပ်လှုပ် လွှားဝင်လာ၏။ သူ့နောက်မှာ ဒေါ်မြတ်နိုးသူ တို့ ညီအစ်မပါလာခဲ့ပြီး ဒေါ်မေသိမ်း တို့က တံခါးဝကနေ ဝင်လိုက်မလာကြပေ ..။

"မင်းကို ဘယ်လိုလူမှ ပြောခွင့်မရှိပေမယ့် ငါတို့မှာ ပြောခွင့်ရှိ တယ်၊ မင်းက ငါ့မြေး .."

"ဘကြီးပြောတာ လွဲနေပြီ .."

မထင်မှတ်သော ပြဒါး ရဲ့ အေးစက်စက်အသံကြောင့် ဦးစိုးကျော်ရ မျက်နှာကြီး တင်းမာသွား၏။ ပြဒါး က ဘာခံစားချက်မှ မရှိသည့် အကြည့်နှင့် ..၊

"ကျွန်တော်က လူဆင်းရဲတွေ ကျွေးမွေးထားလို့ ကြီးပြင်းခဲ့ရတဲ့ တစ်ကောင်ကြွက်ပါ .."

"ငါတို့ မင်းကို ပစ်ထားခဲ့တာမဟုတ်ဘူး၊ မင်းဘဝတစ်လျှောက် လုံး .."

"ဆွေမျိုးလာစပ်မှာစိုးလို့ နှုတ်ပိတ်ခတွေပေးခဲ့တာ သိပါတယ်"

ဦးစိုးကျော်ရ မျက်လုံးပြူးခနဲဖြစ်သွားသည်။ ပြီးတော့ အံကြိတ်၍ ပြဒါး က နောက်မှာရှိနေကြသူတွေထံ မျက်လုံးဝေ့လိုက်ရင်း ..၊

"သူရာ နဲ့ ပတ်သက်ပြီး ကျွန်တော့်လိုလူကို အားလုံးက သည်း ခံနားလည်ဖို့ကြိုးစားခဲ့ကြတယ်၊ သူတို့ရဲ့ သားသမီးတွေကို ချစ်တဲ့ အကြောင့် သံယောဇဉ်တွေနဲ့ စောင့်ကြည့်နားလည်ပေးကြတဲ့လူတွေ ဒီနေရာမှာ ငွေစော်နံအောင်မလုပ်ပါနဲ့ .."

"ဘာပြောတယ် .. ပြဒါး .."

"ဖေဖေ ခဏနေပါဦး .."

"နေလို့မရဘူး သမီး .. သင်း လောကအကြောင်း လူတွေအကြောင်း ဘာမှမသိဘူး၊ အားလုံးကို ရိုးသားတယ်လို့ ဘာဖြစ်လို့ထင်ရတာလဲ၊ သူ့ဘဝကို အရှိအတိုင်း လက်ခံနေကြတယ်လို့ ထင်ရအောင် ဒီလော တောင် တုံးသလား .."



"တုံးတယ်လို့ပဲ ထားလိုက်ပါ၊ လူတွေအကြောင်း များများသိလာ ရင် ကျွန်တော့်ကို စွန့်ပစ်ခဲ့တဲ့ လူတစ်စုအကြောင်းပါလာမှာစိုးလို့ မသိ ချင်ဘူး၊ ကျွန်တော် သိထားသလောက်က ကျွန်တော့် ပတ်ဝန်းကျင်က သင်ပေးထားတဲ့ ပညာတွေပဲ .."

ပြဒါး က ဦးစိုးကျော်ရ နဲ့ ဒေါ်မီမီကျော် တို့ကို တစ်လှည့်စီကြည့် ၍ စာချုပ်နှစ်စောင်ကို လှမ်းဆွဲသည်။

"မလုပ်နဲ့ .."

"ကျွန်တော့်ကိုမထိဖို့ သတိပေးထားစရာမလိုဘူးထင်တာ .."

စာချုပ်ဖွင့်လိုက်သည့် ပြဒါး လက်ပေါ်မှာ ဖိဆုပ်ကိုင်ထားပြီးသည့် ဦးစိုးကျော်ရ တွန့်ခနဲဖြစ်သွားသည်။ ထို့ပြင် ဦးစိုးကျော်ရ ကဲ့သို့ ဝင်ဆွဲ သော့မလိုပြင်လိုက်သည့် ဒေါ်မီမီကျော် လက်တစ်ဖက်ကလည်း လေထဲ မှာ တုံ့ရပ်သွားလေသည်။

ပြဒါး မျက်နှာ အနီရောင်သမ်း၍ တင်းမာနေတာကို စိုက်ကြည့် ရာ ဦးစိုးကျော်ရ သူ့လက်သူ အသာလေးပြန်ဖြည်ချ၏။ ဒေါ်မီမီကျော် လည်း လက်ပြန်ရုတ်ရင်း နောက်ဆုတ်လိုက်သည်။

ညင်သာစွာ ပေါက်ကွဲခြင်းက အစပျိုးလိုက်တာလား၊ ပြီးဆုံးသွား တာလားမသိ ..၊

"ဒီမှာ ငါလက်မှတ် ထိုးပြီးပြီ .."

စာချုပ်ကို အထပ်လိုက်လှမ်းပေးလိုက်တော့ ညဏ် က ယူထား လိုက်၏။ ဒေါ်မီမီကျော် စာချုပ်တွေကို ဆွဲယူမိတော့မတတ် ဒေါသ ကြောင့် ဇွေ့ဇွေ့ခုန်ချင်နေ၏။

ဒါပေမယ့် ညဏ် လက်မှတ်ထိုးမှာကိုတော့ တားဆီးဖို့ဆုံးဖြတ် ထား ..

"မင်း မထိုးရဘူး .."

ညဏ့် ကို လှည့်ဆွဲလိုက်တာနှင့် သူမလက်ကို ပြဒါး က ဖမ်းဆွဲ ထားလိုက်ကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"တစ်သက်လုံး ကျွန်တော့် ခြေလှမ်းတိုင်းအတွက် ကျွန်တော် ဘာသာ ဆုံးဖြတ်လာခဲ့တာ .."

"သား .."

"ပြဒါး .. မင်း ဒီလိုပုံစံ ဒီလိုအမျိုးမျိုးနဲ့ လူဖြစ်လာခဲ့တာ ငါ နိုင်ဘူး .."

ဦးစိုးကျော်ရ မပြောချင်ဘဲ ပြောလိုက်မိလျက် ..၊

"ငါ့မြေးဆိုတာ ငါ့သွေးပဲဆိုတဲ့အတ္တနဲ့ ဘယ်မှာမဆို ပစ်ထားလို့ ဖို့ ငါ ဆုံးဖြတ်ရခဲ့တာ .."

"အနှစ်နှစ်ဆယ်ကျော်ကျော် ပစ်ထားဖို့ဆုံးဖြတ်ရတဲ့သတ္တိကို ချီး ပါတယ်၊ ဒါနဲ့တောင် ကျွန်တော့်ဘဝအတွက် ကျွန်တော်ကိုယ် ဆုံးဖြတ်ခဲ့တာကို ဘာဖြစ်လို့ မချီးကျူးတာလဲ .."

"တောက် .."

ဦးစိုးကျော်ရ မျက်လုံးတွေ မီးတောက်မတတ်စူးရဲနေခဲ့လေ ဒေါ်မိမိကျော့ လက်ကိုဆွဲလိုက်ကာ ..၊

"ထားလိုက်တော့ .."

နောက်ပြန်လှည့်သွားခဲ့သည့် ခြေလှမ်းတွေကလည်း ရဲရင့်စွာပ ကာ တံခါးနားရောက်မှ ဒေါ်မေသိမ်း တို့နဲ့ မျက်နှာချင်းအကွာမှာ ကန့်သွားသည်။

ပြီးတော့ နောက်ကို သမင်လည်ပြန်လှည့်၍ ဒေါ်မြတ်နိုးသူ တို့ ကြည့်လိုက်ရင်း ..၊

"ငွေကြောင့် အရှက်သိက္ခာမငဲ့နိုင်အောင် တကောက်ကောက် ကြတာတွေ၊ တူမှန်းသားမှန်း မသိတော့အောင် ငါ့ဥမှ ငါ့ဥဆိုတဲ့ အ တွေနဲ့ ချုနင်းချင်ကြတဲ့လူတွေ၊ အဲ့ဒီလိုလူတွေကမှ ကောင်းတယ် မင်း နေကြည့်လိုက်ပေါ့ .."

"ဟုတ်တယ် ပြဒါး .. အန်တီတို့က 'ဟင်' ဆိုရင် ပြန်လှည့် မှာမဟုတ်ဘူး၊ မင်း နောင်တတွေ အလကားဖြစ်ရကုန်မှာပဲ၊ အချိန်မ



ခင် စဉ်းစားစမ်းပါ .."

ခြေလှမ်းတွေကို တစ်ဆုံးထိလိုက်ကြည့်နေပြီး ပြဒါး က နှုတ်ခမ်း လွန့်ရုံလေးမဲ့သည်။

ခုရော .. လာပါ ကြည့်ပါ ခေါ်မိလို့လား ..၊

"ဉာဏ် .."

"သမီးကို အရမ်းကျေးဇူးတင်ပါတယ် .."

ဦးလှထွန်း တို့ ခုထိ ဝင်မလာကြသေးပေမယ့် ဒေါ်မြတ်နိုးသူ တို့က ရှေ့တစ်လှမ်းတိုး၍ လက်မှတ်တွေထိုးပြီးသား စာချုပ်နှစ်စောင်ကို မျက်ရည်ဝဲသော မျက်ဝန်းတို့ဖြင့်ကြည့်ကာ ..၊

"သားလေး .. သားလေး ကျေနပ်သွားမှာပဲ .."

ကတုန်ကယင်ပြော၍ ပြုံးလိုက်ပေမယ့် မျက်ရည်စက်တို့ကြွေဆင်းလာကာ မဲ့မဲ့ကြီးဖြစ်နေခဲ့၏။ ပြီးတော့ ပြဒါး နဲ့ ဉာဏ် ကိုကြည့်ကာ..၊

"ဒီစာချုပ်ကလေ သားရဲ့ဆန္ဒဖြစ်မြောက်စေချင်တာကြောင့် ရှေ့နေ သက်သေအပြည့်အစုံနဲ့ တရားဝင်တခမ်းတနားပြင်ဆင်ထားတဲ့ စာချုပ်ပါ၊ နောက်ဆုံး ဧည့်ခံပွဲလေးဖြစ်ဖြစ်လုပ်ပေးပြီး မင်္ဂလာပွဲပြီးမြောက်သွားတဲ့ အထိမ်းအမှတ်အထိ .."

"အန်တီ .."

ဉာဏ် က စာချုပ်ကို ကောက်ယူလိုက်ပြီး ..၊

"ဒီစာချုပ်ပေါ်မှာ ဉာဏ် ဘာကြောင့် လက်မှတ်ထိုးလိုက်တာလဲ ဆိုတာ .."

"အန်တီ သိပါတယ် သမီးရယ် .. ဒါပေမယ့် တို့တွေ ရေလိုချင်တာလေ၊ အခု ရေပါလာပြီ .. ဘာကြောင့်ပဲဖြစ်ဖြစ် သမီးကိုကျေးဇူးတင်ပါတယ်၊ လာမယ့် ကြာသပတေးနေ့ဆို သားလေးဆုံးတာ တစ်လပြည့်ပြီ၊ သူ့ကို သာဓုခေါ်ပါသားရယ်လို့ အန်တီ ပြောနိုင်ပြီ .."

ရှူးတယ်လို့ပဲဆိုဆို ဒေါ်မြတ်နိုးသူ ငိုမျက်ဝန်းနှင့် ပြုံးရိပ်ဆင်မိ၏။ အချိန်မတန်ခင် ကြွေလွင့်သွားခဲ့ရသော သားလေးအတွက် သူကိုယ်တိုင်

www.burmeseclassic.com



လုပ်ဆောင်ခွင့်မရခဲ့တဲ့ ပြင်းပြဆုံးဆန္ဒတစ်ခုကို သူမ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ပြီ ..။

သားလေး ဖြစ်ချင်တာဟာ ဘယ်လိုရယ်စရာကောင်းတဲ့ကိစ္စလေး ဖြစ်ဖြစ် မဖြစ်နိုင်လောက်အောင် ခဲယဉ်းနေတာဖြစ်ပါစေ၊ သူမ ပြီးမြောက်အောင် ဖြည့်ဆည်းပေးချင်သည်။

မရမနေ ကြိုးစားမိမှာလည်း သေချာပါသည်။ ခက်ခဲဆုံးအရာကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

"သမီးတို့ မင်္ဂလာပွဲလုပ်ဖို့အတွက် .."

"မလိုဘူး အန်တီ .. ဒီလက်မှတ်ထိုးတဲ့အတွက် လက်ထပ်ရာမြောက်သွားပေမယ့် .."

"ခဏလေး .."

ဒေါ်မြတ်နိုးသူ လက်ကိုဝင်ဆွဲလိုက်ပြီး ဒေါ်မမ က နှစ်ယောက်ကြားမှာဝင်ကာ ..၊

"အခု လက်ထပ်ပြီးပြီဆိုတဲ့ ကဏ္ဍမှာပဲ ထားလိုက်ပါတော့၊ နောက်ထပ် ကိစ္စတွေ နောက်မှပြောလို့ရပါတယ် .."

ဖြစ်မြောက်ပြီးကာမှ ပျက်ရာပျက်ကြောင်းတွေ ပြန်မစဖြစ်အောင် ဒေါ်မမက ညီမဖြစ်သူကို အပြင်ခေါ်ထုတ်သွားခဲ့၏။

ဦးလှထွန်း တို့ကလည်း ဝင်လာမလိုပြင်ပြီးမှ လှမ်းကြည့်ရုံပဲကြည့်ပြီး လှည့်ထွက်သွားကြ၏။ ညဏ် ဒီတိုင်းရပ်နေရင်း သူမ စိတ်လိုက်မာန်ပါတွေ လုပ်ပစ်လိုက်တာ မှားပြီလားလို့ ပြန်တွေးနေမိသည်။

မိဘက သူ့သားအတွက် ချစ်လွန်းလို့ ရူးတယ်ဆိုရင်တောင် သူမ က ယောကျ်ားဆုံးထားတာ တစ်လတောင်မပြည့်သေး ..။

"ညဏ် .."

အတွေးတွေက ပြဒါး အသံကြောင့် ပြတ်တောက်သွားခဲ့၏။ အခန်းထဲမှာ ဘယ်သူမှ မရှိတော့ဘဲ ပြဒါး မျက်လုံးတွေက သူမ ဘာတွေတွေး နေတာလဲဆိုတာကို စိတ်ဝင်တစား ..။



"မင်းနဲ့ ငါ ဘယ်သူမှ မမှားပါဘူး .."

ပြောလိုက်တာက ညဏ့် ရင်ထဲကို ထွင်းဖောက်သိနေသလို တန်းခနဲ ..၊

"ဒါက ရူးတယ်လို့ဆိုနိုင်ပေမယ့် ဝိညာဉ်ဆိုတာကို စိတ်ဝင်စားကြည့်လိုက်ရင် သူတို့အသက်ရှင်သန်နေစဉ်မှာ မပြီးပြတ်ခဲ့တဲ့ကိစ္စတစ်ခုခု တစ်ရာအပေါ် စွဲလမ်းပြီး မကျွတ်မလွတ်ဖြစ်နေကြတဲ့ လောကတစ်ခုပဲ- သူ့အတွက် .."

"သူ့အတွက် ရှင် စိတ်ဝင်စားမှာပေါ့ .. ရှင် အသက်ရှင်အောင် သူ့ရဲ့ အစိတ်အပိုင်းတစ်ခု ထုတ်ပေးခဲ့တာကိုး .."

"သူ ဒီလိုပေးမှာကို ငါ ကြိုသိခဲ့ရင် လက်ခံမိမှာမဟုတ်ဘူး၊ အဲ့ဒါ စိတ်ရင်းအတိုင်းပြောတာ .."

"ဟွန်း .."

"သူလည်း ကြိုတ်ကြံစည်ထားခဲ့တာ မဟုတ်ဘူး .."

"ရှင် ကျွန်မကို လက်လွှဲဆက်ခံဖို့တော့ ကြိုတင်ကြံစည်ခဲ့တာပဲ မို့လား .."

"အားလုံး သူ တောင်းဆိုခဲ့တာတွေချည်းပဲ .."

"ဒါဖြင့် သူရာ က ရှင့်ကို ကြိုးတုပ်ခေါ်လာခဲ့ရတာပေါ့ .."

"မင်းကိုရော .. ကြိုးတုပ်ခြိမ်းခြောက်ပြီး လက်ထပ်ယူခဲ့တာလား-"

ညဏ့် ပါးပြင်လေး ဖျန်းခနဲနီသွားသည်။ ပြဒါး က အပေါ်အင်္ကျီကို ဆွဲချွတ်ပစ်လိုက်ပြီး ခေါင်းရင်းမှာ အထပ်လိုက်ရှိနေသည့် အင်္ကျီထဲက တစ်ထည်ကို လှမ်းယူရင်း ..၊

"လူတိုင်းမှာ မလွဲသာတဲ့ အခြေအနေတစ်ခုခုဆိုတာ ရှိကြတာပဲ၊ အဲဒီအခြေအနေမျိုးမှာ မလိမ်ချင်ဘဲ လိမ်ရတယ်၊ မခေါ်ချင်ဘဲ ခေါ်ရတယ် .. ဘဝမှာ ဘယ်လိုမှ ဖျက်လို့ပြင်လို့မရနိုင်တဲ့ အမှားမျိုးလည်း ကျူးလွန်မိတတ်တယ် .. မင်းကို လက်ထပ်ခဲ့ရတာလည်း ဖျက်လို့ပြင်လို့ မရနိုင်တဲ့ အမှားမျိုးပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ!..."

"ပြောပြကာ .."

"ဟုတ်တယ် .. ကျွန်မမှာလည်း ပြောဖို့ရှိတယ် .."

မထင်မှတ်စွာ ခုန်ပေါက်ထွက်လာသည့် ဒေါသက လက်သီးနှစ်ဖက်ကိုတင်းနေအောင် ဖိဆုပ်ထားမိတဲ့အထိ ..။

"ရှင့်ဘက်က ဖျက်လို့ပြင်လို့မရတဲ့ အမှားလို့ထင်နေမယ့် ကျွန်မဘက်ကတော့ ရေဗွက်ကိုဖြတ်ကျော်သွားနိုင်ဖို့အတွက် အုတ်ခဲတစ်လုံးလောက် ချခင်းလိုက်တဲ့သဘောပဲ .."

ပြဒါး မျက်မှောင်ကုတ်သွားတော့ ဉာဏ် က မဲ့ပြုံးနှင့် ဝိုက်ကြည့်၏။ ပြီးတော့ ကိုင်ထားသည့် စာချုပ်တွေကို မျက်နှာရှေ့မှာ ထောင်ကြည့်လိုက်ပြီး ..၊

"စာချုပ်ဆိုတာလည်း ပျက်စီးသွားရင် .."

သူမ စကားမဆုံးခင် စာချုပ်တွေကို ပြဒါး က ဆွဲယူသွားကာ ..၊

"မပျက်စီးအောင် လူက ထိန်းသိမ်းရတာမျိုးလေ၊ လူတစ်ယောက်က ကိုယ်ပြောပြီးတဲ့စကားတစ်ခွန်းကို တန်ဖိုးမထားဘဲ ခု ဆီထမင်း ခု စာကလေးကြော် အမျိုးမျိုးပြောလို့ရပေမယ့် စာချုပ်တွေက သူတို့ကိုယ်သူတို့တော့ ဆုတ်ဖြဲမပစ်တတ်ပါဘူး၊ တမင်ဖျက်ဆီးမှသာ ပျက်စီးတာ.."

"ရှင် စကားပြောရင် တည့်တည့်ပြော .."

"ဒီ့ထက်တည့်ချင်ရင် မင်း ငါ့ရှေ့မှာ လာထိုင်လေ၊ မျက်နှာချင်းဆိုင်ပြောရတာပေါ့ .."

"ဒီမှာ ပြဒါး .. ရှင်သိထားဖို့က ဝိညာဉ်လောကဆိုတာကို ကျွန်မယုံကြည်ပါတယ်ဆိုရင်တောင် သူ့အတွက် ဖြည့်ပေးချင်တဲ့ စေတနာဘယ်လောက်ရှိရှိ ရှင့်အသက်ရှင်ခဲ့တဲ့အတွက် ကျေးဇူးဆပ်ရာရောက်စေမယ့်အလုပ်မျိုး ကျွန်မ မလုပ်ပေးဘူး .."

"ခုလောက်လုပ်ပေးတာပဲ တော်တော်အဆင်ပြေနေပါပြီ .."

"ရှင့်လိုလူကို စိတ်ကူးထဲမှာရော .. အိပ်မက်ထဲမှာရော လုံးဝစိတ်



မကူးဘူး .. အဲ့ဒါ မှတ်ထားလိုက် .."

"မင်း စိတ်ကူးထဲမှာ ပါပါရစေလို့လည်း ကိုယ် မပြောမိပါလား.."

"တောက် .."

"ခုချိန်ထိ အားလုံးက အလုပ်သဘောတွေပါ .."

"ဒါဆို ပြီးပြီ .. ဒီစာချုပ်တွေက .."

"လူကြီးချင်း အမုန်းပွားခဲ့တယ်၊ မျက်ရည် မြစ်ချောင်းဖြစ်အောင် တိုက်ပွဲဝင်ပြီး ဒီစာချုပ်ဖြစ်မြောက်ဖို့ ကြိုးစားခဲ့ကြတာ၊ မင်းရင်ထဲမှာ လူကြီးတွေအတွက်ဖြစ်ဖြစ် သူ့ရာ အတွက်ဖြစ်ဖြစ် နည်းနည်းလေးမှ ငဲ့ညှာစာနာစိတ်မဖြစ်ဘူးလား .."

"သူများကို စာနာလိုက်ရင် ကျွန်မဟာ ရှင့်မိန်းမဖြစ်သွားမှာပေါ့.."

"စာချုပ်အရပဲကွ .."

"အို .. ဘာကြောင့်ဖြစ်ဖြစ် .."

"အဘာရီးပဲ စောင်းလက်ခတ်ဉာဏ် .. လိုအပ်နေသေးတဲ့ အချိန်ကာလတစ်ခုထိ ဒီစာချုပ်ကို ကာကွယ်စောင့်ရှောက်ထားရမယ့်တာဝန် ငါ့မှာရှိတယ် .."

ပြောပြီးမှ စာချုပ်တစ်ခောင်ကို ပြန်ပေးသည်။ ဉာဏ် က မယူဘဲ နောက်ဆုတ်ရပ်လိုက်ကာ ..၊

"မလိုပါဘူး .. ရှင်တို့အတွက်လိုတာ ကျွန်မက ဘာလို့သိမ်းရမှာလဲ၊ ဒီစာချုပ်ကို သက်တမ်းဘယ်လောက်ထိထားမှာလဲ .. အဲ့ဒါ ခု သိချင်တယ် .."

"ငါတောင် ဆေးရုံက မဆင်းရသေးဘူး .. ဘယ်လိုဖြစ်တာလဲ.."

ပြဒါး က တကယ်အံ့သြဟန်နှင့် မော့ကြည့်မေးတာမို့ ဉာဏ် က ရုတ်တရက် ဘာပြောရမှန်းမသိ ..။

"သူရာ ဆုံးပြီးတာ မကြာသေးဘဲ လက်မှတ်ထိုးလိုက်ရတာကို မင်း ဗွေ့ဗွေ့ခုန်နေတယ်၊ ခု ထုပ်ပြီးပြတ်စဲဖို့ စဉ်းစားနေပြန်ပြီ .."

ဉာဏ် ရုက်လွန်းသဖြင့် မျက်နှာလေးတစ်ပြင်လုံး ရဲချိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ပုံက ကိုယ်ကပဲ တစ်ယောက်ပြီးတစ်ယောက် ပြောင်းနေရတာကို ဝါသနာပါနေတာလိုလို ..၊

"ရှင့် .. တောက် .."

လက်သီးဆုပ်က ပို၍တင်းခဲသွားလျက် တက်ခေါက်မိပြန်၏။ ဒီလူကို သေလောက်အောင်မုန်းတာ ဒါတွေကြောင့် ..။

"ဟော့ .."

ဒေါသနှင့် ခြေလှမ်းက လက်ကိုဆွဲထားလိုက်သဖြင့် တုံ့ခနဲဖြစ်သွားသည်။ စိတ်ရှိလက်ရှိ လွှဲခါချပစ်ရင်း ..၊

"လွှတ်စမ်း .."

ပြဒါး က လက်ကောက်ဝတ်လေးကို မြဲမြဲစွာ ဖိဆုပ်ထားသဖြင့် ဘယ်လိုရုန်းရုန်းမရ ..၊

"ဒါ ယူသွားဦး .."

သူမ လက်ထဲကို စာချုပ်တစ်စောင် ထည့်ပေး၍ ဖိဆုပ်ကိုင်စေပြီးမှ ..၊

"မင်းကို ခုနလို သူများတွေထင်ကြလိမ့်မယ် .. ဆုတ်မပစ်လိုက်နဲ့.."

လူက ရပ်တည်ကြီးနေပြီး မော့ကြည့်သည့် မျက်ဝန်းတွေက ရယ်မြူးရိပ်သမ်းလျက် ..၊

ညဏ် ထိုမျက်နှာကို ရူးရူးရဲရဲကြည့်နေပြီးမှ မျက်စောင်းထိုး၏။ တကယ် သေသွားသင့်တာ အဲဒီလူ ..။



## အခန်း (၃၄)

"ဟော .. မတွေ့တာကြာလို့ လူတောင်မှားတယ်၊ ညဏ် အရမ်းလှလာတယ်နော် .."

"အန်တီသောင်း တို့ပါလား .. မွေးနေ့လာတာထင်တယ် .."

ခန်းမရဲ့ အဝင်ဝမှာ မျက်နှာချင်းဆိုင်မိကြတော့၊ ညဏ် က သူမ လုပ်ငန်းရဲ့ ဒီဇိုင်နာ ပတ္တမြားနှင်း နဲ့ဖြစ်ကာ ..၊ ဒေါ်စိန်စီသောင်း တို့ အမျိုးသမီးကြီးသုံးယောက်ကလည်း ရတနာကုန်သည်တွေချည်းဖြစ်လေသည်။

တစ်ကိုယ်လုံးမှာ ပြိုးပြက်လက်နေကာ ပဝါပါးတို့ခြုံလျက် လက်ကိုင်အိတ်ကြီးတွေကိုယ်စီချိတ်ထားကြ၏။ ထိုထဲမှာ ဒေါ်သောင်း ကပဲ ရယ်မောကာ ..၊

"မွေးနေ့က ဒုတိယပေါ့ သမီးရယ် .. မိတ်ဆွေတစ်ယောက်ရဲ့သား မင်္ဂလာဆောင်တယ်လေ၊ အဲ့ဒါကိုလာရင်းနဲ့ မွေးနေ့ကလည်း ဟိုတယ်လ်တစ်ခုတည်းမှာ ဖြစ်နေတော့ တစ်ခါတည်းဝင်ဖို့အဆင်ပြေသွားတာ.."

"သမီးတို့ရော .. အပေါ်တက်ဦးမှာလား၊ လက်ထပ်ပွဲလေး .."

"မတက်တော့ဘူး အန်တီဝင်း .. ညဏ် တို့ကို .."

မဖိတ်ဘူးဆိုသည့်စကား မပြောရသေးမီ အပေါ်ထပ်က ဆင်းလာ

www.burmeseclassic.com

www.burmeseclassic.com



ကြသည့် စုံတွဲကြောင့် ညက်ော့ နှုတ်ခမ်းလေးတွေ ပြောလက်စပုံအတိုင်း ရပ်တန့်သွားခဲ့၏။

ပြဒါး နဲ့ သူ့ရဲ့အတွင်းရေးမှူး နယ်လ်တာလီ ..၊

ပြဒါး က သနပ်ခါးရောင် ရှပ်အင်္ကျီအခံနှင့် ကုတ်အင်္ကျီအနက်ကို ဝတ်ထားကာ၊ သူမကလည်း လည်ဟိုက်ကိုယ်ကျပ်က သနပ်ခါးရေ လေးဖြစ်ကာ စကက်တိုကပ်ကပ်အကျပ်လေးနှင့် ကုတ်အင်္ကျီလက်စက အနက်လေးပဲဖြစ်သည်။

ပြဒါး က ဖုန်းကိုင်လျက် သူမကတော့ အနက်ရောက်လက်နေ သော လက်ကိုင်အိတ်လေးနှင့် ဖိုင်တစ်ချပ်ကိုင်ထား၏။

ဆံပင်က နားရွက်ကုပ်တိုကပ်ကပ်လေးဖြစ်သည့်ပြင် ကြံရည်ရောင် ဖျော့ဖျော့ဖြူဖတ်ဖတ် ပြောင်လက်နေသဖြင့် သူမပုံစံက မြန်မာမဟုတ် မှန်းလည်း သိသာနေသည်။

"တွေ့လား .."

"အင်း .."

နှင်း က လက်တို့ပြီး ကပ်မေးသည်။ သူမက နှုတ်ခမ်းမဖွင့်ဘဲ 'အင်း' လိုက်၏။ ဒါပေမယ့် သူတို့မွေးနေ့ပွဲကို ဝင်သွားကြတော့ ဒေါ်သောင်း တို့က လှမ်းမြင်သွားကြပြီး ..၊

"ဟိုမှာ .. ပြဒါး မို့လား .."

"ရှင် .. အဲ့ .."

"လင်မယားနှစ်ယောက်က တစ်ချိန်တည်း တစ်ခါတည်းပြီးအောင် လူ့ခွဲဝင်လိုက်ကြတာထင်တယ် .."

"အဲ .. ဟုတ်ကဲ့ .."

ဒေါ်ဝင်း က လက်ကိုင်အိတ်ကို ဘယ်ညာပြောင်းချိတ်ရင်း ပြဒါး နဲ့ ညက်ော့ ထံမှာ မျက်လုံးဝေ့လိုက်ပြီး ..၊

"တူမကြီးတို့က လူငယ်တွေသာဖြစ်ကြတာ ကြိုးစားလိုက်တာ ကွယ် .. ပြဒါး က ပင်လယ်ပြာရဲ့ အမွေဆက်ခံသူပဲ ဒီလောက် ကြိုးစား



ဒို့မလိုပါဘူး၊ အန်တီ့က စေတနာနဲ့ပြောတာနော် .. ယောကျ်ားတွေကို ဆိပ်လွှတ်ထားလို့ရတာမဟုတ်ဘူး .."

"ဟုတ်တယ် .. ဟုတ်တယ် .. ကိုယ့်သမီးလေးလို သဘောထားလို့ ပြောတာနော် .. သမီးတို့က အရမ်းငယ်သေးတယ်၊ စိတ်ဆတ်ကြမယ် မာနပြိုင်ကြမယ် .. ဘာပဲဖြစ်ဖြစ် ယောကျ်ားလေးတွေကတော့ သူတို့ ကိုယ်သူတို့ ထင်ရာလုပ်ခွင့်ရှိနေတယ်မှတ်တာ .."

ဒေါ်သောင်း ကလည်း ပြဒါး ဆီကို လှမ်းကြည့်ပြီး ထောက်ခံချက် တွေ ပေးနေကာ ..၊

"ဒီမိန်းကလေးက ပြင်သစ်ကပြားလေးဆို .."

"ဟုတ်တယ် အန်တီ .."

"ကြည့်ပါဦး နှစ်ယောက်စလုံး ငယ်ငယ်ချောချောလေး ချစ်စရာ သေးတွေကွယ် .. ဘာဖြစ်လို့ ဒီလောက်တောင် စိတ်ချလက်ချလွှတ်ထား တာလဲ .. သမီးကို မလှလို့ပြောတာမဟုတ်ဘူးနော် .. တစ်ခါတလေ ချောတာလှတာနဲ့မဆိုင်ဘဲ .. ဩော်လေ .. ပြောရင်းနဲ့ စကားတွေလည်း ဘောင်ကျော်ကုန်ပါပြီ .."

ဒေါ်သောင်း က ပြောနေရင်း သတိရသွားသလို 'ဆောရီး' လုပ် သေးသည်။

"စပ်စပ်စုစုဝင်ပါတာမဟုတ်ဘူးနော် သမီး .. အန်တီတို့မှာလည်း သမီးတွေချည်းမို့လို့ ကိုယ်ချင်းစာလို့ပါ .. ပြီးတော့ ပြဒါး က ဘယ်လို တွေ ထူးချွန်နေသလဲတော့မသိဘူး၊ အောင်မြင်မှုတွေနဲ့ နာမည်တော် သံကြီးနေတာ .."

စေတနာနဲ့ပြောသွားကြမှန်းသိပေမယ့် ရှက်သည့်စိတ်က ဘာ ကြောင်းပြချက်နဲ့ ဝင်လာမှန်းမသိ ..။ နောက်ဆက်တွဲပါလာတာက သ ..၊

ကိုယ့်မှာတော့ ခြောက်လလောက်တုန်းကလည်း ခြောက်လရှိသေး ခဏလေးနဲ့ အိမ်ထောင်ကွဲတယ် ထပ်ဖြစ်လို့မဖြစ်ဘူးဆိုပြီး ထိန်း

www.burmeseclassic.com



ချုပ်နေရသည်။

တစ်နှစ်ပြည့်လာတော့လည်း သင်းက နိုင်ငံခြားသွားဘာသွားနှင့် ဘာကိစ္စမှ ပြောလို့မရသဖြင့် မျိုသိပ်ခဲ့ရသည်။

"မင်း ငါ့ကို အလုပ်လာမရှုပ်နဲ့ .. ငါက မင်းလို နောက်ထပ် ဘယ် တစ်ယောက်အဆင်ပြေနိုင်မလဲပဲ စဉ်းစားနေကာမဟုတ်ဘူး၊ စီးပွားရေး ကြီးပွားရေးပဲ ခေါင်းထဲရှိဘာ .." တဲ့ ..။

အဲဒီ ပြဿနာဖြစ်ခဲ့တုန်းကလည်း လူသတ်ပွဲဖြစ်သွားနိုင်လောက် သည့် ကိုယ့်ဒေါသကို စိတ်ရှိသလောက် ဖွင့်မချနိုင်ခဲ့ပေ ..။

သူရာ ဆုံးပြီး တစ်လမကြာမီ လက်ထပ်ခဲ့မိသည့် ကိုယ့်ဒေါသနှင့် ကိုယ် ဒါနဲ့ချည်းပဲ ရှုံးနိမ့်ခဲ့ရ၏။

"နင် ဒီလိုပဲ ကြိတ်ခံနေမှာလား ဉာဏ် .."

ဟင် ..၊

နှင်း ကလည်း သူမကဲ့သို့ ဒေါသတွေနှင့်ဖြစ်ကာ ..၊

"ဟော .. ဟိုမှာ .. မြတ်နိုးမောင် တို့ .."

ဉာဏ် လှည့်မကြည့်ရသေးမီ နှင်း က သူမကို လက်တစ်ဖက် ဆွဲထားလျက်နှင့် မြတ်နိုးမောင် တို့ကို လက်ပြလိုက်ပြီဖြစ်လေသည်။

"အဲကောင် .. ကျောင်းတုန်းကအတိုင်းပဲနော် .. ပြောင်စပ်စပ်နဲ့"

"ပိုကောင်းသေးတယ် .."

ဉာဏ် နဲ့ နှင်း ကို မြင်လိုက်တာနှင့် မြတ်နိုးမောင် နဲ့ ဗညား ကလည်း အံ့သြပြုံးချိုနေကြကာ ..၊

"တိုက်ဆိုင်လှချေလား .. ငါတို့က ဒီနေ့ပဲ လေဆိပ်ဆင်းကြ မှာ .."

"သိတယ် .. ဂျပန်မှာ ပန်းကန်သွားဆေးမလို့ .."

"ဟား .. ဟား .. ဟား .."

ဘာပြောပြောလည်း မျက်နှာတစ်ချက်မှ မပျက်တာ ဟိုတုန်း အတိုင်းပါပဲ ..။ မြတ်နိုးမောင် က ဉာဏ့် ကို ခြေဆုံးခေါင်းဆုံးကြည့်



"နင့်ကို တစ်နေ့တုန်းက ကုန်းကျော်တံတားပေါ်တက်သွားတာ မြင်လိုက်သေးတယ်၊ ခဏခဏတော့ တွေ့နေပါတယ်၊ ခေါ်ရင်ကြုံက် မလားလို့ .."

လူကိုမြင်လိုက်တာနှင့် ဒဏ်ရာဟောင်းကြီးပြပြီး လွမ်းပြဖို့ကြိုးစား သည်။ ပြီးရင် ဆော်ရီး ပြောမည်။ ပြောပြီးရင် ဘာမှမဟုတ်သလို ပြောင် စပ်စပ် မချိမချဉ်လုပ်သွားပါလိမ့်မည်။

"တော်တော်လှနေတာနော် .. ယောကျ်ားရပြီးမှ မထင်ရဘူး .."

"ကဲ .. ပြစ်မှားဖို့ မစဉ်းစားနဲ့ .. ဟိုထဲမှာ သူ့ ဟပ်ဇဘန့်(ဒ်) ရှိ တယ် .."

"ဟင်!..."

"ဟုတ်လား .. မိတ်ဆက်ပေးလေ၊ ငါတို့လည်း မွေးနေ့လာကြ တာပဲ .."

နှင်း က ကျေနပ်စွာပြုံး၏။ ဉာဏ် ကတော့ မကြည်လင်သည့် မျက်နှာလေးနှင့် ဘာမှလည်းမပြော ..၊

မကျေနပ်စရာကောင်းတာက မွေးနေ့ရှင်ပဲဖြစ်၏။

မွေးနေ့ရှင် စိန်သရဖူ ရွှေဆိုင်ပိုင်ရှင် ဇနီးမောင်နှံက ဘာဖြစ်လို့ သိုဖိတ်ရတာလဲ ..၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

မဖြစ်မနေတက်ဖို့သင့်ရသည့်အကြောင်းက မွေးနေ့ရှင် ဇနီးမောင်နှံ၏ သားကြီးက ကိုယ်နဲ့ အကျိုးတူစီးပွားဖက်တွေဖြစ်နေကြ၏။

အားပါးတရ လာနှုတ်ဆက်ပြီး လှည့်ထွက်သွားကြတော့ နယ်လ်တာလီ က ပြုံးကာ ..၊

"သူတို့ဇနီးမောင်နှံက အားကျစရာပဲနော် .. မွေးနေ့တူဖြစ်တဲ့အပြင် မွေးတဲ့အချိန်ပါ အတူတူပဲတဲ့၊ ဒါကြောင့် ချစ်ကြတာထင်တယ်၊ အသက်တွေကြီးပေမယ့် ကြင်နာလိုက်ကြတာ .."

သူမက ညှော်ခံပွဲကို စိတ်ဝင်စားနေပေမယ့် ပြဒါး က ဖုန်းတစ်ချက်နှင့် ..၊

"မွေးနေ့မှာ ခဏထိုင်တုန်းတော့ အေးဆေး ခဏလေးနေပါလား ဘော့စ်ရယ် .."

"မင်းလို သူများတွေကို ငါ ဂိတ်မဝင်စားဘူး .."

နယ်လ်တာလီ က ပခုံးလေးတွန့်လိုက်ကာ ..၊

'စိတ်ဝင်စားတတ်လို့ပဲ .. ဒီ့ ရှင့်နားကို ရောက်နေရတာပေါ့' ဟု ခပ်တိုးတိုးပြော၏။ ဒါကို ပြဒါး လည်း သိနေပါ၏။ နယ်လ်တာလီနဲ့ ခုလိုမျိုး ညှော်ခံပွဲတစ်ခုမှာပဲ ဆုံမိကြကာ သိပ်မကြာခင်မှာ အတွင်းရေး



မှူး ခန့်ဖို့ဖြစ်လာတော့ သူမ ကိုယ့်နားရောက်လာခဲ့၏။

သူမက ပွင့်လင်းလွန်းသည်။ ရင်ထဲမှာဘယ်လိုရှိနေတာကို အကဲခတ်ရမလွယ်ပေမယ့် သူနဲ့ လက်ပွန်းတတီးရှိလာတဲ့အထိ ရင်းနှီးမှုကို ရအောင်ယူခဲ့၏။

ရာစ်ချို့က အကဲခတ်ကြည့်လာကြတာ သိပေမယ့် ပြဒါး သူမကို ဆက်မလွှတ်နိုင်ပေ ..၊ လုပ်ငန်းပိုင်းမှာကျတော့ သူမက ပါးနပ်ကျွမ်းကျင်ရှိသည်။

ဘာသာစကား လေးမျိုးလောက် တတ်ထားသဖြင့် လေ့လာနေဆဲ ကိုယ်ကတော့ ဆရာ ခေါ်ရမယ့်အဆင့်မျိုးဖြစ်သည်။

"ဘော့စ် .. ဖုန်း .."

နောက်ဖုန်းတစ်လုံး ဝင်လာတော့ ဖုန်းကိုထုတ်ပေးရင်း နယ်လ်တာလီ က ပြုံးနေ၏။ သူ ချထားလိုက်သည့်ဖုန်းကို လက်ကိုင်အိတ်ပေါ် သေသေချာချာ သပ်သပ်လေး ပြန်တင်ပေးပြီးမှ သူမက စားစရာတွေရှိသည့်နေရာကို သွားသည်။ ပြန်လာတော့ ပြဒါး အတွက်ပါ ပါလာပြီး ..၊

"ဘော့စ် ကြိုက်တာ တစ်ခါတည်းယူလာခဲ့တယ် .. စားလိုက်ပါဦး .."

ရှေ့မှာချထားပေးတာတောင် ဓားလေးတွေ ခပ်ရင်းလေးတွေ သေချာစွာ၍ ပါးစပ်ထဲ အရောက်ထည့်ပေးတော့မယ့်အတိုင်း ဂရုစိုက်တာက အားလုံးတွေ သတိထားမိတဲ့အထိ ..၊

သူမနဲ့ မုန့်ပွဲကို စိတ်မဝင်စားနိုင်သည့် ပြဒါး အဖြစ်က ကိုယ့်ဘိုးနဲ့ကိုယ် စကားစစ်ခင်းရင်း ..၊

"ဟုတ်တယ် အန်ကယ်လ် .. စီးပွားရေးလုပ်တဲ့နေရာမှာ မသမာမှုတွေ မလုပ်နိုင်ဘူးဆိုပဲလိုတာလေ၊ တရားတာ မတရားတာကို နေရာတကာ ရှေ့တန်းတင်နေလို့တော့ ဘယ်ရမလဲ .."

"မတရားတာ လုပ်ကြကြေးဆို ငါတို့က ပိုလုပ်နိုင်တယ် ပြဒါး၊

www.burmeseclassic.com

www.burmeseclassic.com



မင်းလုပ်ငန်းလေးက ငါ့အတွက် လက်တစ်ဆုပ်စာလောက်ပဲရှိတယ်..."

"လုပ်လေ .. အန်ကယ့်ကို ဘယ်သူက တားနေလို့လဲ .."

"ဟော့ကောင် .. ငါ မင်း အဘိုး .."

"အမေ့ဝမ်းကကျွတ်တည်းက ကျွန်တော့်မှာ အတိတ်မေ့ရောဂါ ပါလာတာ၊ အမေလို့တောင် တစ်ခါမှ မခေါ်ခဲ့ဖူးဘူး .. ဒီနေ့ထိ .."

တစ်ဖက်က အသံတိတ်သွားသည်။ ပြဒါး နှုတ်ခမ်းမှာ ခပ်မဲ့မဲ့ပြုံး ရိပ်ထင်၏။ ဖုန်းချတော့မည်ပြင်ကာမှ ..၊

"ပြဒါး .."

"ပြော .."

"မင်း နာမည်ကို မင်းအမေက 'မင်းစိုးရာဇာ' လို့ ပေးခဲ့တာ -"

"မသိဘူး .."

"မင်းက ကြာသပတေးသား .. ဒါပေမယ့် ပြဒါး မဟုတ်ဘူး၊ မင်း ရဲ့ နာမည်နဲ့ ဇာတာနဲ့ အပြည့်အစုံ ငါတို့သန်းခေါင်စာရင်းထဲမှာရှိတယ်-"

"အဲဒီတော့ လူ့ပြည်နတ်ပြည် ဗြဟ္မာပြည်က ကြားသွားအောင် လက်ခမောင်းခတ်ပြီး ရယ်ပေးရမလား .."

"မင်းကို ပြန်လာဖို့အမျိုးမျိုးခေါ်နေတာတောင် .."

"ကျွန်တော် မွေးနေ့ပွဲမှာ ငုတ်တုတ်ထိုင်ပြီး ဘာမှမစားသောက် သေးဘူး၊ အန်ကယ်လ်ပြောချင်တာ ဒါတွေလား .."

"စိုးကျော်ရ ဆိုတဲ့ကောင်ကလည်း တစ်သက်လုံး ဘယ်လိုလူ အကြောင်းပြောပေးဆက်ဆံခဲ့တာမရှိဘူး ပြဒါး၊ မင်းက ငါ့မြေးမို့လို့ .."

"တစ်ဖက်စကို ဆုပ်ဆွဲထားရုံနဲ့ ကြိုးတန်းဖြစ်မသွားဘူး၊ အဲဒီအ လွှတ်သာချလိုက် .."

"မင်း ဒါတွေအပြင် တန်ဖိုးရှိတဲ့စကား မပြောတတ်ဘူးလား -"

"တန်ဖိုးရှိတာ ဘယ်လိုစကားမျိုးလဲမှ မသိဘဲ၊ ကျွန်တော့်ကို တ တွေအကြောင်း ပြောမနေဘဲ အန်ကယ်လ်တို့ပဲ တန်ဖိုးကျမသွားအောင်



နေစမ်းပါ၊ အဲဒါက ကျွန်တော့်ကို ခဏခဏဖုန်းခေါ်ပြီး ချော့မမေးဖို့.."

"ဟုတ်ပြီ မမေးတော့ဘူး .. မင်း အခု ငါ့အလုပ်ကို ဖြတ်ချပစ် လိုက်တာ မင်း ကိုယ်ကျိုး ဘာမှမရှိဘဲ ငါ ထိခိုက်ရုံသက်သက် တမင် လုပ်တာမို့လား .."

"ဟုတ်တယ် .. ဒါက သုံးကြိမ်မြောက်ပေါ့ .."

"မင်း ပက်လက်လှန်ပြီး တံတွေးထွေးနေတာ ကိုယ့်ကိုယ်ကိုယ် သိရဲ့လား .."

"မသိဘူး .."

ပြဒါး က တစ်ချက်လေးမှ နောက်ကျမခံပေ ..။

"တံတွေးဘယ်လိုထွေးရမယ်ဆိုတာ မပြောနဲ့ တစ်ခါတလေ အသက် ရှူမှားလို့ သေကာနီးသွားတာ ခဏခဏပဲ၊ ဒါပေမယ့် ဒီနေ့ထိတော့ မသေသေးဘူး .."

"ပြောသမျှကို အရွဲ့တိုက်တုံ့ပြန်ဖို့ပဲ စိတ်မကူးနဲ့ ပြဒါး၊ ငါတို့က မင်းရဲ့ စည်းစိမ်ဥစ္စာတွေကို စောင့်ရှောက်ရင်း တိုးပွားအောင် ကြိုးစား နေကြတာ၊ မင်း ဘာဖြစ်လို့ ကိုယ့်အရိပ်နဲ့ကိုယ် ပြန်ဟိုက်ခိုက်နေတာလဲ-"

"ဘယ်မှာလဲ အရိပ် .. ကျွန်တော့်မှာ အရိပ်မရှိဘူး၊ အမြဲတမ်း နေမွန်းတည့်နေတဲ့ဘဝမှာ အရိပ်ထွက်ဖို့ ဘယ်မှာရှိလို့လဲ၊ ကျွန်တော် က ရွဲ့ပြောနေတာမဟုတ်ဘူးနော် .. အန်ကယ်လ်က တလွဲတွေချည်း ပြောနေတာ .."

"တောက် .. ကွာ .."

"အိုခေ .. ဒေါသတွေ ထိန်းလိုက်ပါဦး .."

သူ ဖုန်းချပစ်လိုက်သည်။ စိတ်ထဲမှာ ကျန်ရစ်ခဲ့တာက ကျေနပ်မှု..။ ဒီလိုနေ့တွေ အများကြီးရှိလာဦးမှာမို့ အကြီးအကျယ်ကျေနပ်မိ သော နှုတ်ခမ်းစေ့၍ ပြုံးနေမိတာ မပြီးနိုင် ..။

"ဟော့ .."

www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့ အနားရောက်လာသူကို မော့ကြည့်လိုက်တော့ သူ့
အလုပ်အတွက် အကူအညီအများကြီးပေးခဲ့သည့် မိတ်ဆွေသူငယ်ချင်း
နေထွန်းဦး ဖြစ်နေကာ သူ့ပခုံးကိုဖက်၍ နားနားကပ်ကာ ..။

"ဘယ်သူ ပိုလှသလဲ ချိန်နေတာလား ဆရာသမား .."

"ဟင်!..."

ပြဒါး မျက်လုံးက နယ်လ်တာလီ ဆီ တန်းရောက်သွားသည်။
ဒီမှာ ဘယ်သူရှိလို့ ဘယ်သူ့ကိုပြောနေတာလဲ ..။

နေထွန်းဦး က ခပ်ကြိတ်ကြိတ်ရယ်လိုက်ပြီး သူ့ပခုံးကို တစ်ချက်
ပုတ်၍ ..။

"ဒီလောက်တွေးစရာလိုပါဘူးကွာ .. အသိသာကြီးကို .."

"နေထွန်း .. မင်း .."

"လင်မယားဆိုတာ မာနမထားရဘူး၊ အထူးသဖြင့် မိန်းမအပေါ်
မာနမထားမိဖို့ .."

ပြဒါး ရိပ်မိသွားသည်။ ဒီပွဲထဲမှာ ဉာဏ် ရှိနေတာလား ..။

"သိလား .. မင်း ညစာဝတ်သွားလိမ့်မယ် .."

သတိပေးသလို ပခုံးကို ခပ်ဖိဖိဆုပ်ကိုင်ပြီး ရယ်လက်စနှင့် ထွက်
သွား၏။ ပြဒါး ကိုယ့်ဘာသာ အဖြေရှာနေမိရင်း နေထွန်းဦး ကို နှုတ်
တောင်မဆက်လိုက်နိုင် ..။

"ဘာရှာတာလဲ .. ဘော့စ် .."

"မဟုတ်ဘူး .."

နယ်လ်တာလီ က ဉာဏ့် ကို မမြင်ဘူးပေ ..။ ထို့ကြောင့် သူ
မေးတာကို ဖြေမနေတော့ဘဲ ခေါင်းတစ်ပတ်လည်မတတ် လိုက်ရှာမိ
ဟင်!...။

သူ့နောက်တည့်တည့်မှာ ကျောချင်းကပ်ထိုင်နေတာ 'ဉာဏ်' ပဲ
ဆင်စွယ်ရောင် ခပ်ဖျော့ဖျော့ဝတ်စုံမှာ ဒူးနားတွေမျှ ဖောက်



တွေဖျည်းဖြစ်လျက်နဲ့ လက်မောင်းသားလေးတွေနဲ့ ကျောတစ်ဝက်
လောက်ကလည်း ဖောက်ဓာတွေပဲဖြစ်သည်။

ဓာပေါ်မှာ ဘာမှအလှဆင်မထားပေမယ့် ချည်ပြောင်တွေမို့ ဒီတိုင်း
ပဲလှနေ၏။ ဆံပင်တွေကို တစောင်းလေးသိမ်းတင်ထားတာက ဆံထုံး
မဟုတ်ဘဲ ကပိုကရိုလည်းဆန်သည်။ ဒါပေမယ့် လှလည်းလှ၏။

"လည်ပင်းကျိုးသွားပါဦးမယ် ဘော့စ်ရယ် .. တစ်ချို့က နောက်
က ကြည့်ရင် လှပေမယ့် ရှေ့သွားကြည့်ရင် စိတ်ပျက်စရာကြီးပါ .."

သူ လှည့်ကြည့်လိုက်တော့ နယ်လ်တာလီ ဉာဏ့် ကို သူ ကြည့်နေ
မှန်းသိလို့ ပြောနေတာဖြစ်ကာ သူမ စတိုင်လ်အတိုင်း ဉာဏ့် ကို မျက်ခုံး
ပင့်ပြပြီး ပခုံးတစ်ဖက် တွန့်လိုက်ကာ ..။

"ဘာမှလည်း ထူးမှာမဟုတ်ဘူး .. ပိုင်သူရှိပြီးသား .."

"သူ့ကို ဘယ်သူမှမပိုင်ဘူး နယ်လ်တာလီ .."

"ဟင်!.."

"အဲ့ဒါ ကိုယ့်မိန်းမ .."

သူမရဲ့ အံ့သြခြင်း မအံ့သြခြင်းကို စိတ်မဝင်စားတော့ဘဲ ပြဒါး
နေရာမှ ထရပ်လိုက်သည်။ ဉာဏ့် ရှေ့မှာ ချိုအီသောအပြုံးတို့နှင့် ဘယ်
သတ္တဝါဆိုတာ မသိ ..။

"ဟေး .."

မျက်နှာချင်းဆိုင် ထိုင်နေကြသည့် အလယ်နားမှာရပ်ကာ စားပွဲ
ပေါ်မှာ လက်နှစ်ဖက်ထောက်၍ သူမ မျက်နှာကို စိုးမိုးကြည့်လိုက်
သည်။

ဉာဏ် ကလည်း သူ့ကိုမော့ကြည့်သည်။ ပုလဲရောင် ပျော့ပျော့
လက်လက်လေး ခြယ်မှုန်းထားသော သူမ မျက်နှာလေးကို မြင်လိုက်တာ
နှင့် ဒီလောက်တောင် ပြင်ဆင်လာတာကို နှုတ်ခမ်းမဲ့လိုက်မိသည်။

"ကိုယ့်ကို ရွဲ့တာလား ဉာဏ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"ကိုယ်က မွေးနေ့ပွဲသက်သက်လာတာမဟုတ်ဘူး .. အလုပ်ကိစ္စလည်းပါနေလို့ .."

"ဘာတွေလာပြောနေတာလဲ .."

"မင်း ကိုယ့်ဆီးမှာ တခြားတစ်ယောက်နဲ့ တွဲထိုင်ပြတော့ သိတဲ့လူတွေ ဘာပြောကြမလဲ .."

"ပြဒါး .."

"မှတ်တယ် ပြဒါး .. အဲဒီကောင်က မင်း ယောကျ်ားပဲ .."

"ရှင်နော် .. ကျွန်မက .."

"ငါ့မိန်းမလေ .."

ကြည့်စမ်း ...၊

ညဏ် မျက်ဝန်းလေးတွေ စူးရဲသွားတော့ ပြဒါး က ကိုယ်ကိုမတ်မတ်ပြန်ရပ်ကာ ဘောင်းဘီအိတ်ထဲမှာ လက်တစ်ဖက်ထည့်ထားလိုက်ရင်း ...၊

"မင်း မေ့တတ်လွန်းလို့ သတိပေးတာ .."

"ရှင်က အဲဒီလို လိုက်လုပ်တဲ့ အကျင့်ရှိတာပဲ .."

ညဏ် နေရာမှ ထရပ်လိုက်လျှင် မြတ်နိုးမောင် ဘယ်သူ့ကို ဘာပြောရမှန်းမသိဖြစ်ကာ ထရပ်တော့မလို ဖင်ကြွမိပြီးမှ ပြန်ထိုင်၏။ ပြီးတော့ ...၊

"နေကြပါဦး .. သူက နင့်ယောကျ်ားမို့လား ညဏ် .. ငါတို့က.."

"အိုခေ .. မင်းမလိုဘူး .."

ပြဒါး က ခပ်ချဉ်ချဉ်အကြည့်နှင့် ညဏ် လက်လေးကို ဖျတ်ခနဲဆုပ်ကိုင်လိုက်၏။

"ဘာလုပ်တာလဲ .. လွှတ် .."

"ပြန်မယ် .."



"ဒီမှာ .. ရှင့်ကို .."

လက်ကို ရုန်းမယ်ပြင်ပြီးမှ မျက်နှာတစ်ချို့လှည့်ကြည့်လာတာကို မြင်သည်။ ညဏ် လက်ကိုင်အိတ်ကိုတောင် ကမန်းကတန်းပါအောင် ယူခဲ့ရကာ ...၊

"ပြဒါး .. ရှင် လွှတ်နော် .."

ကော်ရစ်ဒါဆုံးသည့် လမ်းချိုးလေးမှာ ညဏ် သူ့လက်ထဲက အတင်းအကျပ်ပြန်ရုန်းသည်။ အထဲမှာ မှောင်နေပြီထင်ရပေမယ့် အပြင်မှာ နေဝင်ဖျိုးဖျပဲရှိသေးသည်မို့ ညဏ့် မျက်နှာလေးကို သဘာဝအလင်းရောင်ထဲမှာလည်း မှုန်ညက်ညက်လေးမြင်နေရ၏။

ပြဒါး က သူမ လက်လေးတစ်ဖက်ကို ဆွဲလာပြီး ထိန်းရခက်လောက်အောင် ရုန်းနေကာမှ ဖျတ်ခနဲဆွဲလှည့်၍ မျက်နှာချင်းဆိုင်ကြည့်လိုက်သည်။

"မင်းကို ငါ ပြောပြီးသားနော် .. မင်း ဘယ်ကောင်နဲ့မှ တွဲခွင့်မရှိဘူးဆိုတာ .."

"တွဲတာ ဘာဖြစ်လဲ .. နှစ်ယောက်တွဲပြီး သွားလာစားသောက်မိတိုင်း ဟိုလိုဒီလိုထင်ရအောင် လူတိုင်း ရှင့်လိုမှတ်နေသလား .."

"ငါက ဘာလုပ်နေလို့လဲ .."

မေးလိုက်တော့ ညဏ့် မျက်လုံးလေးတွေ သူ့အဝတ်အစားတွေပေါ်ဝေ့ခနဲဖြတ်ပြေး၏။ ပြီးတော့ နယ်လ်တာလို ပုံစံကို မြင်ယောင်ကာ ပခုံးမှာ ဖိဆုပ်ထားသည့် လက်တွေကို ဖယ်ချဖို့ကြိုးစားမိပြန်၏။

ပြဒါး က အတင်းဖိကိုင်ထားလျက် ...၊

"ပြောလေ .. ငါကတော့ တွဲတဲ့မိန်းကလေးတွေနဲ့ ဖြစ်နေတာလား .."

"ရှင့်အကြောင်း ရှင်သိမှာပေါ့ .."

"ဆောင်းလက်ခတ်ညဏ် .."

www.burmeseclassic.com

www.burmeseclassic.com



"ရှင် လူကို အရုပ်မှတ်နေသလား .. လွှတ် .."

"မင်း ငါ့ကို စိတ်ဝင်စားနေတာလား .."

"ဘာပြောဘယ် .."

"ဒါပဲရှိတာလေ .. ငါအလုပ်လုပ်နေတာ အားလုံးသိတယ်၊ မင်းစိတ်ထဲမှာ ဒါကို ခံရခက်နေရင်လည်း ပွင့်ပွင့်လင်းလင်းပြောပေါ့၊ မင်းပြန်ရှဲ့တာ ငါ စိတ်မဝင်စားပေမယ့် လူမြင်လို့မကောင်းဘူး .."

"ပြဒါး ရှင့်ပါးစပ်ကြီးကို ပိတ်လိုက်စမ်းပါ .. ဖယ် .. လွှတ် .."

ညာဏ် ဒေါသတွေ ပွက်ပွက်ဆူသွားသဖြင့် ပြဒါး မျက်နှာ အရွှတ်ဆန်ခြင်းတွေ အရိပ်ထင်လျက် လက်ကိုပို၍ စိကိုင်ထားမိရင်း ..၊

"ဒီပွဲကို ငါလာရင် မင်းလာဖို့မလိုဘူး၊ ငါလာမှန်းသိသိနဲ့ မင်း.."

"လျှောက်ပြောမနေနဲ့ .. ရှင့်ကို ရှဲ့ဖို့လည်း စိတ်မဝင်စားဘူး၊ ရှင်ဘယ်သွားလဲ လိုက်ကြည့်နေရအောင်လည်း လူက အားယားနေတာမဟုတ်ဘူး .."

"ငါ မင်းအမေကို ပြောခဲ့ပြီးမှ မင်း ထပ်ရောက်လာတာ တိုက်ဆိုင်တာလို့ ဆိုချင်တာလား .."

ညာဏ် ကြောင်တောင်တောင်ဖြစ်သွားသည်။ သူ တကယ် မေမေ့ကို ပြောခဲ့တာလား ..၊

ပြဒါး မျက်နှာက အောင်နိုင်သူအပြုံးနှင့် ..၊

"မင်း ဒီလောက်အလှတွေပြင်တာ တစ်ခါမှ မတွေ့ဖူးခဲ့ဘူး .."

ကြည့်စမ်း .. သူ့ကို အလှပြပြီး ရှဲ့ချိတ်ဖို့အတွက် ကိုယ်က ကြိုးစားပမ်းစားပြင်ဆင်လာတယ်ပေါ့ ..။

စိတ်တိုလွန်းသဖြင့် အသက်ရှူပြင်းလာသည့် ရင်အုံမို့မို့လေးကလှိုင်းထန်လာ၏။

ပြဒါး ၏ ပြုံးလိုက်သည့် အကြည့်တစ်ချက်က ခပ်ရိုင်းရိုင်းဝေ့ဝဲသွားသဖြင့် ရှက်စိတ်က လူကို အသိမဲ့သွားစေကာ ..၊



"ရှင့် .. ကဲဟာ .."

ယက်ချင်းခတ်၍ သူ့လက်တွေကို အင်တိုက်အားတိုက်ဖြုတ်ချပစ်လိုက်သည်။ ပြီးတော့ စိတ်ရှိလက်ရှိ လွှဲရိုက်ပစ်လိုက်သည့် သူမ လှုပ်ရှားမှုတွေက ဆက်တိုက် .. သို့သော် ..၊

"အ .."

ညာဏ့် လက်ကို ဖမ်းဆုပ်ထားလိုက်ပြီး အသာလေးဆွဲလိမ်ပစ်လိုက်၏။ ထို့ပြင် ညာဏ့် တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲရောက်သွားခဲ့၏။

"ရှင် .. ဘယ်လိုလုပ်တာလဲ .."

ဘေးပတ်ဝန်းကျင်ကို သူမ မျက်လုံးရောက်သွားသည်နှင့် ပြဒါးက သူမကို ဖက်ထားလျက်အဟိုင်း နံရံဘက်ကိုလှည့်ကပ်လိုက်၏။

"ရှင့်ကို .. အ .. လွှတ်လို့ပြောနေတယ်နော် .."

"မင်း ပါးရိုက်တာကို ဘယ်နှစ်ခါခံရဦးမှာလဲ .."

"ပါးရိုက်ပစ်ဖို့ကောင်းနေတဲ့ ရှင့်လုပ်ရပ်တွေကိုတော့ ထည့်မပြောဘူးလား .."

"ငါ ဘာမှမမှားခဲ့ဘူး၊ ခုထိလည်း ငါ မှန်တယ်၊ မင်းကို ငါ့မိန်းမပေမယ့် ဘေးမဲ့ပေးထားခဲ့တာ တစ်နှစ်ကျော်ပြီ .."

ညာဏ့် မျက်နှာလေး ပန်းရင့်ရောင်တက်လာ၏။ ကျောနောက်က နံရံနှင့် သူ့ရင်ဘတ်ကြားမှာ မလှုပ်သာအောင်ရှိနေခဲ့လျက် သူ့စကားသံတွေအတိုင်း ရိုက်ခတ်လာသည့် လေငွေ့နွေးက မျက်နှာကို ဖောင်းပစ်လိုက်တော့ ပါးပြင်ထက်မှာ ငုံ့လိုက်တော့ နှုတ်ခမ်းဆံစပ်တွေမှာ ..၊

စိတ်လိုက်မာန်ပါ ပြောဖို့ မော့လိုက်တော့ ငုံ့မိုးနေသည့် သူ့ နှုတ်ခမ်းနှင့် ကိုယ့်နှုတ်ခမ်းက ..၊

"မကျေနပ်တာဖြစ်ဖြစ် ဘာဖြစ်ဖြစ် နောက်မှပြောမယ် .. ရှင်ဖယ်ပေး .."

"နိုး .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ..."

"မင်း ငါ့ကို နောက်ထပ် အလုပ်ရှုပ်အောင် မဖန်တီးနဲ့၊ အထူးသဖြင့် ထိလိုက်ကြည့်လိုက်တာနဲ့ ပါးရိုက်ချင်တာမျိုး .."

"ဒါ ရှင် သက်သက်အနိုင်ကျင့်တာပဲ .. ရှင် ကောင်းမွန်နေရင် ဘယ်သူမှ အလကား ပါးပြေးမရိုက်ဘူး .."

"ငါ့ကိုယ်ငါ ကောင်းမွန်တယ်လို့ ယုံကြည်နေတဲ့အတွက် မင်းက အလကားပါးပြေးရိုက်တာလို့ ယူဆလို့ရတယ်၊ ယောကျ်ားတစ်ယောက်ကို အနိုင်လိုချင်ရင် ကြိုက်တဲ့နည်းကိုသုံး .. သူ့မာနကို ရိုက်ချိုးဖို့မစဉ်းစားနဲ့ .."

စကားပြောရင်း ပိုကပ်လိုက်သည်။ သူ့ နှုတ်ခမ်းက ပါးပြင်မှာ မထိတထိဖြစ်သွား၏။ ရှိန်းခနဲပူထူသွားကာ ဖျတ်ခနဲ လှည့်လိုက်တော့ နှုတ်ခမ်းချင်း ထိခတ်သွားလေသည်။

"ရှင့် .. ရှင် လူကိုဘာမှတ်နေသလဲဟင် .. လွှတ် .. လူယုတ်မာ.. ဖယ်ပေး .."

"ယုတ်မာတယ်လို့ ပြောလိုက်တာလား .."

"ရှင်နော် .. ဟင့်အင်း .."

သူ့နှာခေါင်းနဲ့ ညာဘက် ပါးပြင်လေး မထိတထိပွတ်တိုက်မိနေကာ သူ ဘာကိုဦးတည်နေမှန်းသိလိုက်သဖြင့် သေလုမျောပါး ရှောင်တိမ်းနေရင်း ...၊

"ပြဒါး .. ရှင့်ကို တောင်းပန်ပါတယ် .. မလုပ်ပါနဲ့ .."

"ဘာအတွက်လဲ .."

"ရှင့် မျက်နှာကြီး .."

ဘာပြောရမှန်းလည်း မသိ၊ တကယ်ဆို နမ်းဖို့ကြိုးစားနေပုံပေါက်သေမယ့် လူကို စိတ်ဆင်းရဲအောင် တမင်ခြောက်လန့် ကစားနေတာဖြစ်၏။

"ဘာ မာနလဲ .. ရှင့် မာနက မိန်းကလေးတစ်ယောက်ကို ချုပ်



နှောင်ပြီး အနိုင်ကျင့်လို့ရတယ်ဆိုငဲ့ မာနလား .."

"ဟုတ်တယ် .."

ပြောပြီး မျက်နှာချင်းတိုက်၍ ထိကပ်လာလျှင် ...၊

"ဟင့်အင်း .."

"လုပ်လေ .. ဘာဖြစ်လို့ တဆတ်ဆတ်တုန်နေတာလဲ .."

အသံလေးတွေပါ တုန်နေသဖြင့် ပြဒါး ကျေနပ်သွားပြုံး၏။

"ယောကျ်ားလေးတွေကို လျှော့မတွက်နဲ့၊ မင်းတို့ မလုပ်နိုင်တာတွေ သူတို့လုပ်နိုင်တယ်၊ ကိုယ့်မိန်းမကိုဆိုရင်တော့ ပို ပိုင်တာပေါ့၊ မင်းကို အိပ်ခန်းထဲမှာဖြစ်ဖြစ် .. ခုလို တစ်နေရာရာ ဘယ်မှာဖြစ်ဖြစ်.."

"ရှင် .. လူညစ် .. လူယုတ်မာ .. လွှတ် .. ကျွန်မ အော်လိုက်မှာသိလား .."

"အော်လေ .. မင်းနဲ့ ငါ လင်မယားမှန်းသိတဲ့လူတွေ အများကြီးပဲ .. ခုန မင်းတွဲနေတဲ့တစ်ယောက်ကိုလည်း သူတို့ ပြလို့ ငါမြင်တာ၊ အားလုံးပြေးလာကြရင် ငါ ပြောချင်သလိုဖြစ်တယ် .."

"တောက် .."

မျက်နှာကို မော့ပစ်လိုက်သဖြင့် ပြဒါး က ကြောက်ရွံ့သလို တမင်လုပ်ကာ မျက်နှာကိုမဲ့ပြီး နောက်လန်ဂစ်၏။

"ဖြစ်သွားပြန်ပြီ .. ခုနကတော့ တောင်းပန်ပါတယ်ဆို .."

"ရှင်က အရိုင်းအစိုင်းပဲ .."

"စဉ်းစားပြီးမှ ပြောနော် .. မင်းကို ဘာမှမလုပ်ဘဲနဲ့ နာမည်ဖျက်ခံရရင်တော့ .."

"ဘာကိုဘာမှ မလုပ်တာလဲ .. ရှင် လူကို .."

ကြားလေ မတိုးသာအောင် ဖိကပ်ချုပ်ထားပြီး မျက်နှာတစ်ခုလုံးလည်း သူ့မျက်နှာအောက်ကနေ ရှောင်လွတ်လို့ပေ ...၊

"ရှင့်လောက် ညာဏ်များကောက်ကွေ့တဲ့လူမရှိဘူး၊ စကားပြော

www.burmeseclassic.com

www.burmeseclassic.com



ရင် ကိုယ်လိုရာဆွဲပြော၊ အနိုင်နဲ့ပိုင်းဖို့အတွက် ဘယ်သူနစ်နာသွားပါစေ ဘယ်လောက်ပြင်းထန်တဲ့စကားဖြစ်ဖြစ် ..''

''ကိုယ့်အကြောင်း တော်တော်သိနေပြီပဲ ..''

''ဟုတ်တယ် .. ရှင်ယည်း ကျွန်မအကြောင်းသိနေပါတယ်၊ ရှင့်ကို ကျွန်မ ဘာပြောဖို့ကြိုးစားနေသလဲဆိုတာ ..''

''ကြိုးစားမနေနဲ့ .. မင်း ဖြစ်ချင်တာ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး ..''

သူ့လက်တွေကို ဖြည်လွှတ်လိုက်ပြီး ဉာဏ့် မျက်နှာလေးကို ရှုးစိုက်ကြည့်သည်။ ဉာဏ် က နီးကပ်နေသည့်အဖြစ်ကနေ လွတ်မြောက်ဖို့ ဘေးခွဲထွက်လိုက်လျှင် သူမ မျက်နှာရှေ့က နံရံမှာ လက်ထောက်ထားလိုက်၏။

ဉာဏ့် မျက်နှာလေးက တွန့်သွားကာ ခြေလှမ်းတွေပါ ရှေ့ဆက်မရဖြစ်သွား၏။ တစ်ဖက်ကို ပြန်လှည့်လိုက်တော့လည်း ဒီဘက်လက်နဲ့ တားထားလိုက်သဖြင့် သူ့ရင်ခွင်ထဲမှာပဲ ပိတ်မိရကာ ..၊

''ရှင်နဲ့ ကျွန်မ ဘာမှဘာမှ ဆက်မပြောချင်တော့ဘူး ..''

''အဲ့ဒီကိစ္စကို ထားလိုက်တော့မှာလား .. ဒါဆိုရင်တော့ ..''

''ခု မပြောချင်တာပြောတာ ..''

''နောက်မှပြောလည်း မင်း ဒေါသဖြစ်ရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကိုငါ လက်ထပ်ထားတာ ခဏတာအတွက် မဟုတ်ဘူး ..''

ပြောသည့်မျက်နှာက စိန်ခေါ်သည့်အကြည့်တို့နှင့် ..၊

''For Life..''

''ရှင်က ဘာမို့လို့ အပိုင်ပြောနေရတာလဲ ..''

သူ လှည့်ထွက်သွားတော့လည်း ဉာဏ် က ပြေးလိုက်ရတဲ့သူဖြစ်ကာ ..၊

''ဒီမှာ ပြဒါး ..''



သူ့ရှေ့ကနေ ပိတ်ရပ်ထားလိုက်ပြီး ..၊

''ရှင့်ရဲ့ ဘောင်ခတ်ချင်တဲ့ စကားတွေ တော်ပါတော့၊ လူကြီးတွေ ... ဂုဏ်သိက္ခာတွေရော၊ မိန်းမတစ်ယောက်ရဲ့ စောင့်ထိန်းအပ်တာ ...ရော .. အဲဒါတွေနဲ့ ရှင့်ကို ကျွန်မ အရှုံးပေးထားခဲ့တာ နစ်နဲ့ချိနေပြီ..''

''အဲ့ဒါတွေက မင်းကိုယ်တိုင် လက်ခံနားလည်နေတာတွေပဲ၊ ငါ ...င်းကို ဘာနဲ့မှ ခြိမ်းခြောက်နေတာမဟုတ်ဘူး ..''

''ကျွန်မက ကွာရှင်းလိုက်ရင် ရှင်က သဘောမတူတဲ့အတွက် ...န်မ ဘာဖြစ်သွားမလဲ ဘာညာတွေ ရှင်ပြောခဲ့တာလေ ..''

''ဟုတ်တယ် ..''

''အဲ့ဒီ ဘာညာတွေက ရှင့် ပါးစပ်ထဲမှာ မိုးပျံဂီယာထိုးသလို ချဲ့ ... ကျော်ကြားသွားမှာတွေသိလို့ ကျွန်မက မျိုသိပ်ခဲ့တာ ..''

''မျိုသိပ်မနေချင် ထွေးချလိုက်ပေါ့၊ ရှေ့ကဖယ် ..''

''အို .. ရှင် မသွားနဲ့ဦး ..''

''မိုးချုပ်နေပြီ .. နယ်လ်တာလီ ကားပေါ်ကစောင့်နေမှာ ..''

ထိုနာမည်ကြားလိုက်မှ ဉာဏ် မျက်နှာလေး ပိုတင်းသွားကာ ..၊

''ရှင် လိုချင်တာအားလုံးရနေတယ်၊ ရှင် ဖြစ်ချင်တာတွေလည်း ...ခွင့်ရတယ် ..''

''ဘာ!...''

''စီးပွားဥစ္စာ မိန်းမ .. အသိုင်းအဝိုင်း ရှင့်မှာ ပြည့်စုံနေပြီ ..''

''ဘယ်မိန်းမကိုပြောတာလဲ ..''

''ဘယ်မိန်းမဖြစ်ဖြစ် ရှင် လိုချင်တာ ရနေတာပဲ ..''

''ခုချိန်ထိ ငါလိုချင်တဲ့မိန်းမ မရှိသေးဘူး ..''

ကိုယ့်ကို တည့်တည့်ကြည့်ပြောလိုက်သဖြင့် ဘာသဘောလဲဆို... ...တာရက် တွေးလို့မရ ..၊

''မလိုချင်ဘဲ ယူထားရတဲ့မိန်းမကလည်း စိတ်ဝင်စား...ို့မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းပြောတာတွေ ဘယ်မှာပြည့်စုံတာလဲ ..”

ဒါက တိုက်ရိုက်ပစ်ခွင်းလိုက်သည့်စကား ..၊

“ရှင် ဒါဆို ဘာဖြစ်လို့ ဘယ်သူမှ အကျိုးမရှိတာကိုလုပ်နေတာလဲ၊ ရှင်လည်း စိတ်မဝင်စားဘူး .. ကျွန်မကလည်း ..”

“မင်းနဲ့ ငါ လက်ထပ်တဲ့ကိစ္စက စိတ်ဝင်စားမှုရှိဖို့မှ မလိုတာ ..”

“ဟုတ်တယ် .. လက်ထပ်တဲ့ကိစ္စဆိုတာ ပြီးသွားပြီ၊ သူရော လည်း သူ့အမေကို အိပ်မက်တွေဘာတွေ မပေးတော့ဘူး၊ အလှူအတန်းတွေ လည်း အကြီးအကျယ်လုပ် အမျှဝေခဲ့ပြီးပြီ ..”

“ဖျောက် .. ဖျောက် ..”

ဒီမှာ အသားတုန်အောင် စိတ်တွေတိုနေတာကို သူက ဟိုတယ်ရဲ့ ဝန်ထမ်းတစ်ယောက်ကို လက်ဖျစ်တီးခေါ်နေသည်။

ရေကူးကန်ဘက်ကိုသွားနေသည့် ဝန်ထမ်းက ဗန်းကလေး လက် ပေါ်တင်လျက် ရောက်လာ၏။ သူ့ ဗန်းပေါ်မှာ ရေသန့်ဘူးသေးသေး နှင့် ဖန်ခွက်နှစ်လုံး ..၊

“ဒါလေး ထားခဲ့လို့ရမလား၊ ဒီမှာ ရေလိုနေလို့ ..”

ဝန်ထမ်းက ရယ်မလိုမဲ့မလိုနှင့် ပြီးမှ ရယ်ပြကာ ခေါင်းညိတ်သွား၏။

“ရော့ ..”

“တောက် ..”

“မင်းမှာ ဒေါသ မောဟတွေနဲ့ လောဘဇောတိုက်နေရတာ ကြာ ကြာ လည်ချောင်းကြီး မီးထတောက်မှာစိုးလို့ ..”

ကမ်းပေးနေသည့် ရေဘူးကို စိတ်ပေါက်ပေါက်နှင့် တအားရိုက် ရိုက်ပစ်မိသည်။ ဒါပေမယ့် သူက လွတ်အောင် ရှောင်လိုက်ပြီး မျက် မချဉ်နှင့် ..၊

“မသောက်ဘူးလား .. အိုခေ ..”

ရေဘူးကိုဖွင့်ပြီး လှည့်ထွက်သွားကာ ညာဏ့် ပခုံးလေးကိုဆောင့်



ခွက်တိုက်သွားသေးသည်။ ကိုယ်တစ်ခြမ်းယိမ်းသွားလျက် ညာဏ် တက် ခေါက်ကျန်ခဲ့၏။

မဟုတ်ဘူး .. ဒီအချိန်ကို ငါ နောက်ကျန်ခဲ့လို့မဖြစ်ဘူး ..၊

အိမ်မှာဆို သူ့အလုပ်ရှုပ်နေတာတွေကြားထဲမှာ ကိုယ့်မှာလည်း ပြောသင့်တာမပြောသင့်တာတွေနဲ့ မွန်းကြပ်ရင်း တွေဝေရင်းနဲ့ အချိန် တွေ ကုန်တာအပြင် ဘာမှဖြစ်လာမှာမဟုတ် ..၊

“ပြဒါး .. နေဦး ..”

“ဟ ...”

ဆိုးဆိုးဆတ်ဆတ် ပြေးလိုက်သွားပြီး နောက်ကနေ လက်မောင်းကို ဆွဲဝစ်လိုက်သဖြင့် ရေဘူးလွတ်ကျသွား၏။ ထို့ပြင် သူ ခါးကုန်းရှောင် လိုက်တာတောင် ရင်ဘတ်မှာ ရေစိုကွက်ကြီး ထင်သွားခဲ့ပြီး ..၊

“ဘာလုပ်တာလဲကွ ..”

“ရှင်ချည်းပဲ ပြောချင်တာပြောပြီး ထွက်သွားရလား ..”

“မင်းချည်းပဲ ပြောလာတာတွေလည်း နှစ်နဲ့ချီနေပြီ၊ ငါ့နားတွေ မီးခိုးထွက်တော့မယ် ..”

“ခု .. မထွက်သေးဘူးမို့လား .. နားထောင်ဦး ..”

“မထောင်နိုင်ဘူး .. အလုပ်ကိစ္စသွားဖို့ရှိသေးတယ် ..”

သူက အဖက်မတန်လိုမျက်နှာနှင့် ရင်ဘတ်ပေါ်ကရေကွက်ကို လက်ချောင်းတို့နှင့် တောက်ထုတ်ခါနေရင်း ..၊

“ကျွတ် .. ဒီအင်္ကျီနဲ့ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး..”

ပြောရင်း မျက်နှာမော့လာကာ ..၊

“မင်းနော် .. တခြားလူသာဆို ကိုင်ပေါက်ပစ်တယ် ..”

“လုပ်ကြည့်ပါလား .. ရှင် ရေသောက်နေတာသိလို့ တမင်လုပ် တာမှမဟုတ်တာ၊ အဲ့ဒါ ရှင့်ရဲ့ ခနဲ့တတ် ရွဲ့တတ်တဲ့အကျင့်ဆိုးစိတ် ကြောင့်ဖြစ်တာ နည်းသေးတယ် ..”

www.burmeseclassic.com

www.burmeseclassic.com



ရေသောက်ချင်တာမဟုတ်ဘဲ သူများကို ခနဲ့ချင်လို့ယူထားလိုက်တဲ့ကိစ္စ ...၊

မျက်လုံးချင်းဆုံအောင်ကြည့်ပြီး ဉာဏ် က မျက်စောင်းထိုးသည်။

"ရှင့်ကို ကျွန်မ ဒါပါနဲ့ဆို သုံးကြိမ်မြောက် ပြောတာပဲ .."

"ဘယ်နှစ်ကြိမ်မြောက်မှာ ကွာရှင်းပေးပါ့မယ် ပြောမိလို့လဲ .."

"ဩော် .. ရှင် သိနေတယ်ပေါ့ .."

"မသိဘဲနေမလားကွ .. မင်း တစ်ယောက်ပြီးတစ်ယောက်တွဲ ရေးအတွက် ငါနဲ့ကွာရှင်းရဖို့ ဖက်ဖက်မောအောင် လိုက်ချောင်းနေတာ.."

"ရှင် စော်ကားမောကား မပြောနဲ့နော် .."

မှောင်ရိပ်သမ်းလာပြီမို့ အချိန်ကို သတိထားမိသည့်ပုံနှင့် ပြဒါး က နာရီကြည့်သည်။ ဒီတိုင်း အနိုင်နဲ့ပိုင်းပြီး ထွက်သွားဦးမှာကိုသိကာ ဉာဏ် က ရှေ့တစ်လှမ်းတိုးလိုက်ပြီး ...၊

"ရှင် ကျွန်မကို အဲ့ဒီလို တစ်ယောက်ပြီးတစ်ယောက် ပြောင်းချင်တာတွေ၊ မျက်နှာများရတဲ့ ဂုဏ်ပုဒ်တွေ၊ မိန်းမတို့ စောင့်ထိန်းအပ်တာတွေ .. အဲ့ဒါတွေပဲ အထပ်ထပ်ရွတ်ပြပြီး အမျိုးမျိုးပုတ်ခတ် ခြောက်လှန့်နေခဲ့တာ .."

"မင်းက ပုခက်ထဲက ကလေးမှမဟုတ်ဘဲ .."

"ဒါပေမယ့် ကျွန်မက မိန်းမလေ .."

"ဟုတ်တယ် .."

"ရှင့်စကားတွေက တမင်ဖိအားပေးပြီး ခြောက်လန့်နေမှန်း ပေမယ့် ကျွန်မ ဒီတိုင်းသည်းခံနေခဲ့တာ ဂုဏ်သိက္ခာကြောင့်ပဲ .."

"မင်းသိဖို့ပဲလိုတာ .."

"ရှင်သိဖို့လည်း လိုတယ်၊ ဒီနေ့ကစပြီး ရှင်နဲ့ကျွန်မ ပြီးပြီ –"

"ဘာ!..."

"ဒီ့ထက်ပိုပြီး သူများနိုင်စားတာ မခံနိုင်တော့ဘူး၊ ယောက်ျား



ဆံပင်အစေ့ လင်အစေ့ ယူတယ်ပဲပြောပြော .."

"ဟာ .. ကြည့်စမ်း .."

"ကျွန်မဘာသာ ဘယ်လိုမိန်းမမျိုးဖြစ်သွားပါစေ ဘယ်သူတွေဘာပြောပြော ရှင့်ကို ကွာရှင်းပြတ်စဲကြောင်း သတင်းစာထဲထည့်မယ်.."

"အဲဒါ မင်း တစ်ဖက်ခြမ်းထဲ လုပ်လို့ဖြစ်တဲ့ကိစ္စမဟုတ်ဘူး .."

"ကျွန်မဘက်က ပြတ်စဲတာကို လူသိဖို့ပဲလိုတာ .."

"မင့်ကောင်တွေသိဖို့လား .."

ဉာဏ့် မျက်နှာ ရဲသွားသည်။

"ဟုတ်တော့ ဘာဖြစ်လဲ .."

"ဘာဖြစ်သွားမလဲသိချင်ရင် ခု ခဏလေးပဲ လိုက်ခဲ့ .."

"ဘာ!..."

ပြဒါး က သူမလက်ကို အနိုင်အမာလှမ်းဆွဲလိုက်၏။

"အို .. ဘာလုပ်တာလဲ .."

"သိချင်ရင် လိုက်ခဲ့ဆိုမှ .."

ပြန်ရုန်းလိုက်ပေမယ့် သူများအမြင်မှာ ဇနီးမောင်နှံဖြစ်နေတာမို့ အားဘီကို စိတ်ရောက်သွားကာ ဉာဏ် သူ့နောက်ပါသွားခဲ့၏။ ကားနားရောက်တော့ နယ်လ်တာလီ ကလည်း တံခါးဖွင့်ပြီး ထွက်လိုက်တာနှင့် မျက်နှာချင်းဆိုင်မိကြ၏။

"နယ်လ်တာလီ .."

"အိုခေပါတယ် ဘော့စ်ရယ် .. အင့် .."

ကားသော့ကို တမင်ရိုသေဟန်နှင့် ပေးလိုက်ပြီး ဉာဏ့် ကိုလည်း ပြုံးပြသည်။ ပြီးတော့ ...၊

"ကွန်ဂရက်ကျူလေးရှင်း .."

ပြောလိုက်သည့်မျက်နှာပေါ်က အဓိပ္ပာယ်တွေအပြည့်နှင့် ...၊

ပြီးမှ ပေါ့ပါးသည့်အပြုံးကို ဖန်ဆင်းကာ ...၊

www.burmeseclassic.com



"ခုနစ်နာရီ စထရင်းဟိုတယ်လ်မှာ ဆုံဖြစ်ဦးမှာလား .."

"နော့(ထ်)ရှူးဝဲ(ရ်) .."

"အိုင်နိုး .."

သူမ လှည့်ထွက်သွားတာနှင့် ဉာဏ် က လက်ကိုဆောင့်ရုန်းပစ်လိုက်ကာ ..၊

"ဘာတွေပြောနေကြတာလဲ .. ဖယ် .."

"ဟိတ် .."

"ရှင်နော် .."

ပြဒါး က ဉာဏ့် လက်လေးကိုဆွဲ၍ ကားဆော်ဒီဘက်ကိုလှည့်ပြီး ဖိကပ်ထားလိုက်၏။

"စောင်းလက်ခတ်ဉာဏ် .. မင်းနဲ့ငါ အဲ့ဒီကိစ္စ နောက်ထပ် ဘယ်တော့မှ မပြောဘူး၊ ပြောခွင့်လည်းမရှိဘူး၊ ကွာရှင်းခွင့်လည်း မပေးနိုင်ဘူး .. အိုခေ .."

"ဘာ အိုခေတာလဲ .. လက်တွေဖယ်ပေး .."

"မင်းကို ဒီည အပြီးသတ်ဆွေးနွေးမှုဖြစ်မယ် .. ဒီမှာ မှတ်ထား.."

ပခုံးနှစ်ဖက်ကို ပို၍ဖိဆုပ်ပြီး မျက်နှာထပ်တိုးလိုက်ကာ ..၊

"မင်းကို လက်ထပ်လိုက်တည်းက ပြန်ကွာပေးဖို့မဟုတ်ဘူး -"

"ကျွန်မကတော့ တစ်လ .. ဒါမှမဟုတ် သုံးလလောက်နဲ့ ပြန်ကွာရှင်းမယ်ဆိုပြီး လက်မှတ်ထိုးခဲ့တာ .."

"အဲ့လောက်လွယ်လို့လား .."

"ဘာလို့မလွယ်ရမှာလဲ .. ရှင့် အဘိုးပြောဆိုတာတွေ တင်စီးလွန်းလို့ ရှင့် အပေါ်ကို မကျေနပ်လို့ .. ပြီးတော့ ကျွန်မ သိပ်မယုံကြည်မယ့် သူရာ့ အတွက် ငဲ့ညှာတဲ့စိတ်လေး နည်းနည်းမွေးပြီး .."

"ဘာကြောင့်ဖြစ်ဖြစ် အကြောင်းရင်းတွေက အတိတ်မှာ ကျန်ခဲ့ပြီ၊ နောက်တစ်ခုက မင်းဘက်က ဘာကြောင့်ဆိုတာတွေ ငါမသိချင်

www.burmeseclassic.com



ဘူး၊ ငါ လက်ထပ်ခဲ့တာ သူရာ့ ဆန္ဒ ပြည့်ဝဖို့ .."

"ကျွန်မကလည်း ကိုယ့်ဆန္ဒတွေ သူ့ဆန္ဒတွေ ညှိနှိုင်းချင်တာမဟုတ်ဘူး ပြဒါး .. ရှင်နဲ့ ကျွန်မ ရည်ရွယ်ချက်တွေ၊ အယူအဆတွေ ပြဒါး တစ်လမ်း သံတစ်လမ်းနဲ့ ဘယ်လိုမှ .."

"ရှေ့ဆက်ဖို့မဖြစ်နိုင်ဘူးပြောမလို့လား .."

"ပြောမှသိမယ့်လူ ဖြစ်သွားပြန်ပြီလား .."

"ဟုတ်တယ် .. မင်းဆန္ဒတွေကို ပြောပြမှသိရတာလေ .."

ဉာဏ် 'ဟင်' ခနဲဖြစ်သွားသည်။ ကိုယ့်ဆန္ဒတွေ ဘာကွေ့ပါသွားသို့လဲ ..၊

"မင်းနဲ့ငါ ဒီလောက် မသင့်မြတ်နေတာတောင် ဒီတိုင်းလုပ်သင့်သို့လုပ်ခဲ့ကြတာမဟုတ်ဘူးလား၊ ရှေ့ဆက် သာယာဖို့တွေ ဖြစ်နိုင်တာ မဖြစ်နိုင်တာတွေ ဘာဖြစ်လို့ လျှောက်တွေးနေတာလဲ .."

ကြည့်စမ်း ..၊

"မင်းလည်း တစ်ယောက်ပြီးတစ်ယောက် ကွာရှင်းတာတွေ လုပ်နေရာမလိုဘူး၊ ငါလည်း မင်းကို ဒါတွေပဲပြောနေရလို့ အချိန်မကုန်တော့ဘူး အိမ်ထောင်ရေးဆိုတာကြီးကို ဘာဖြစ်လို့ ခေါင်းထဲထည့်ပြီး သာယာချင်နေတာလဲ .."

"ပြဒါး .."

"ဘာလဲ .."

"ရှင် အဲ့ဒီလို အသားယူပြောနေရတာ အရသာရှိလား .."

"ရှိမလားကွ .. အသားယူနေတယ်လို့ မင်းကထင်တာ၊ ငါ့အတွက် တာကယ့် အရှုပ်ထုပ် .."

"ရှင် .."

ဉာဏ် ဒေါသတွေထွက်ကာ ခံစားချက်မရှိသလို အေးအေးပြောသည့်မျက်နှာကို ကုတ်ဖဲ့အော်ဟစ်ပစ်ချင်စိတ်တွေ ပေါက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ အရှုပ်ထုပ်ကို ရှင်းကြဖို့ ရှင့်ကိုပြောနေတာ .. ဒီအိမ်ထောင်
ရေးက .."

သူ အသားယူပြောခဲ့တာကို သတိရပြီး အလျှင်အမြန်ပါးစပ်ပိတ်
လိုက်ပေမယ့် ...၊

"ချစ်သူချင်း လက်ထပ်ကြသလို သာယာဖို့တော့ မမျှော်လင့်
လေ .."

"ရှင် .. ရှင်နော် .."

"မင်းလိုပဲ .. ငါလည်း မင်းကို လုံးဝ စိတ်မဝင်စားဘူး .."

"တောက် .."

"ဆိုတော့ သာယာဖို့မမျှော်လင့်ဘဲ ဆိုးရွားပြတ်တောက်မကုန်
ပဲ ဝမ်းသာစရာလို့ .."

"လူပါးဝတဲ့လူ .. ကဲဟယ် .."

ရင်ဘတ်ကို လက်နှစ်ဖက်မြှောက်၍ အားရပါးရ ထုနက်ပစ်မိ
သူက လက်နဲ့ကာနေရင်း ဉာဏ့် လက်လေးတွေကို ဖမ်းကိုင်လိုက်
ပြီးတော့ ကားနဲ့ ဖိကပ်ချုပ်ထားလိုက်ကာ ...၊

"မင်းကရော ငါ့ကို ချစ်နေလို့လား .. ပြော .."

"သေလိုက်ပါလား .. လူညစ် .. လွှတ်နော် .."

"ဟွန်း .."

ပြဒါး က ခုခံအားမဲ့နေသည့် မျက်နှာလေးကိုစိုက်ကြည့်ပြီး
ပြုံးနှင့် မဲ့သည်။ ပြီးတော့ သူမ တစ်ကိုယ်လုံးကို ခပ်ရိုင်းရိုင်းကြည့်
"ချစ်တာ မေတ္တာတွေ ဖယ်ကြည့်လိုက်ရင် မင်းရဲ့ လောဘ
အပိုးကျိုးသွားမှာပါ .."

"ဘာ လောဘလဲ .. ရှင် အသားယူပြောမနေနဲ့ .. ကျွန်မ ဘာ
လုပ် ရှင် ရောက်လာပြီး မဏ္ဍာပ်ကိုင်တက်ပြတာ မခံနိုင်လို့၊ သေလော
အောင်မုန်းနေတဲ့ ရှင့်ရုပ်ကြီးကို နေ့မြင်ညမြင်မြင်နေရတာ စိတ်ဆ



လွန်းလို့ .."

"အဟွန်း .."

သူ ဒီလိုရယ်လိုက်တိုင်း ဉာဏ် အံကြိတ်တက်ခေါက်မိသည်။ လူ
ကို အနိုင်ကျင့်နေသလို ခံစားမိတာလည်း ဒီရယ်သံကြောင့်ပဲဖြစ်၏။
လက်ကို အတင်းပြန်ရုန်းနေမိရင်း ...၊

"ရှင့်ကို လွှတ်လို့ပြောနေတယ်နော် .. ဒီမှာ နာနေပြီ .."

"မင်းက ဒေါသထွက်တိုင်း လက်ပါချင်တာ ဘယ်လိုလုပ်ရမလဲ၊
ငါကလည်း မင်း ကျေနပ်စေမယ့်စကားမျိုး ပြောပေးဖို့ အစီအစဉ်ကို
မရှိတာ .."

"ရှင့်ဆီကလည်း ဘာစကားမှ မကြားချင်ဘူး ပြဒါး .. မမြင်ရလေ
ကောင်းလေပဲ .."

"မကြည့်နဲ့လေ မင်း ငါ့ကိုပဲကြည့်နေတော့ ငါ့မျက်နှာကိုမြင်နေ
တာပေါ့ ငါဆို မင်းကိုရှိတယ်တောင် မမှတ်ခဲ့တာ .."

ဉာဏ့် ကိုယ်လေး မတ်ခနဲဖြစ်သွားကာ မျက်နှာလေး နီရဲသွားသည်၊
"ကိုယ့်ကိုယ်ကိုယ် အိမ်ထောင်သည်ဆိုတာတောင် မေ့နေတာ၊
စိတ်ထားတတ်ရင် အေးချမ်းပါတယ်၊ မင်းနဲ့ ငါ လောဘကင်းကင်းနဲ့
ဒီတိုင်းသွားမယ် .."

"လောဘကင်းရင် ကျွန်မဘာသာ အေးဆေးသွားလာနေတိုင်း ရှင်
ရောက်ရောက်လာပြီး .."

"ဘယ်သူရောက်လာတာလဲ .. မင်းပဲ ငါ့မျက်စိအောက်ရောက်လာ
တာနော် .. စဉ်းစားပြော .."

"ဒီပွဲက ဉာဏ့် ကိုလည်း ဖိတ်ထားတာပဲ .."

"ငါက အလုပ်ကိစ္စအတွက် ဆွေးနွေးစရာလိုအပ်လို့ အထူးဖိတ်
ကြားခံရတဲ့သူ .."

"ဒါဆို ရှင့်နဖူးမှာ စာကပ်ထားပါလား၊ အထူးဧည့်သည်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသိအောင်လေ .."

"မင်း နဖူးမှာပဲ စာကပ်ဖို့လိုတာပါ၊ နောက်ထပ် ဘယ်ကောင်မှ မင်းနား မကပ်ဝံ့အောင် စောင်းလက်ခတ်ဉာဏ် က ပြဒါးဆိုတဲ့ကောင်ရဲ့ ဇနီးမယားဆိုတာ .."

"ဟွန်း .."

"ဒါလား .. လောဘကင်းတဲ့လူ .."

"မင်းကို သဝန်တိုနေတာလို့ထင်သွားတာလား ဉာဏ် .. ဟွန်း .."

မဲ့ပစ်လိုက်တော့ လူကိုကြည့်ပုံက မတူတန်သလိုမျိုး ..၊

"ငါ့ခေါင်းထဲမှာ အိမ်ထောင်ရေးဆိုတာလည်း လုပ်ငန်းဆောင်တာတစ်ခုပဲ၊ သူ့ရှေ့ အပေါ်မှာ ငါ အလေးအနက် ဘာမှမရှိခဲ့သမျှ သူ တကယ်မရှိတော့မှ နောင်တရမိတယ်၊ အဲဒီ ယူကျုံးမရစိတ်တွေနဲ့ သူ ဖြစ်စေချင်တဲ့အတိုင်း အလေးအနက် ဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချခဲ့တယ်.. ဒါပဲ .."

ကိုယ့်ဘက်က အထင်မှားတာတွေချည်း ဖိပြောခံနေရသဖြင့် ရှက်စိတ်ကြောင့် ဉာဏ့် မျက်နှာလေးတစ်ပြင်လုံး အနီရောင်သမ်းလာခဲ့၏။

သူ့စကားတွေကို နားထောင်ရင်း ကိုယ့်နှုတ်ခမ်းကို ဖိကိုက်ထားမိကာ သူ့လို ကိုယ် ဘာဖြစ်လို့ မပြောနိုင်ရမှာလဲ ..၊ သူတောင် ဒီလိုစိတ်မွေးပါတယ်ဆိုရင် ကိုယ်က ဘာလို့ မမွေးနိုင်ရမှာလဲ .."

သဘာဝမကျတာတွေ တမင်အနိုင်ပိုင်းပြောနေမှန်းသိလျက်နှင့် သူမ ဆုံးဖြတ်ချက်ချလိုက်သည်။ ဒီလိုလူရဲ့ရှေ့မှာ သဘာဝတွေ ပဓာနတွေ မပြောမိဖို့ ချုပ်ထိန်းရမည်။ သူ ရွဲ့နေလျှင် ကိုယ်ရွဲ့ရမည်။

သူ ရယ်နိုင်လျှင် ကိုယ်ရယ်နိုင်ဖို့ ..၊

ရှင် ဘယ်လောက်ထိ ရယ်နိုင်မလဲ ပြဒါး .. လုပ်လိုက် ..၊

မာနနှင့် ဒေါသက အချိုးကျအဖြေထွက်လာခဲ့ပြီး အမုန်းက ဆတိုးကိန်းတွေဖြစ်ခဲ့၏။



"လက်ကိုလွှတ် .."

"ငါ မေးတာ မဖြေသေးဘူး .."

"ဘာလဲ .."

"မင်းနဲ့ ငါ ကွာရှင်းရေးတွေ နောက်ထပ်မပြောကြဖို့ .."

ဉာဏ် က မျက်ခုံးလေးတွန့်ကုတ်ထားလျက် စူးစိုက်ကြည့်နေ၏။

"ပြောလေ .. ငါတို့ဒီတိုင်း နေသွားကြဖို့ သဘောတူလား .."

"မကွာရှင်းဘူး .. ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ကင်းကင်းရှင်းရှင်းနဲ့ တစ်ယောက်ရဲ့ ပါစင်နယ်လ်ကို တစ်ယောက်က .."

"ဒါဆို အိမ်ထောင်ရေး ဘယ်ဟုတ်တော့မလဲကွ .."

"ရှင်ပဲ အိမ်ထောင်ရေးဆိုတာကို မေ့နေတယ်ဆို .. ကျွန်မလည်း လွတ်လပ်မှုလိုချင်တယ် .."

"ဒါဆို မင်းလိုချင်တာတွေ ပိုများသွားပြီ၊ အိမ်ထောင်ရှိတဲ့ မိန်းမတစ်ယောက်က လွတ်လပ်ခွင့်တောင်းနေတာ လုံးဝသဘာဝမကျဘူး.."

"ဩော် .."

"မင်းက ယောကျ်ားငုတ်တုတ်ထားပြီး ကာဗာယူချင်တဲ့သဘောပဲ .."

"ရှင် စကားပြောတာ မိုက်မရိုင်းနဲ့ .."

"မင်းလည်း ဆင်ခြင်လေ .. ဒီမှာ ငါ့မျက်နှာကို သေချာကြည့်၊ ကိုယ်ယူထားတဲ့မိန်းမ တခြားကောင်နဲ့ တွဲနေတာကို ငေါင်တောင်တောင် ထိုင်ကြည့်နေမယ့်ရုပ်လား .."

"ရှင့် ရုပ်ကို စိတ်ကိုမဝင်စားဘူး .."

"မင်းကိုလည်း စိတ်ဝင်စားလို့မဟုတ်ဘူး .. သူရာ ဖြစ်စေချင်တာ အဲဒါ .."

"ဘာ ..."

"မင်းကို ဘယ်ကောင်နဲ့မှ မငြိစေချင်တာလေ .. ဒီမှာ .."

www.burmeseclassic.com

www.burmeseclassic.com



ပြဒါး သူ့ရဲ့ ဝဲဘက်ရင်အုံကို လက်သီးဆုပ်နဲ့ ကပ်ပြ၍ ...၊

"ဒီထဲမှာ ဘာရှိလဲသိလား .."

"အဲ့ဒီ အလျှော်အစားတွေ လာထပ်မပြောနဲ့ .. မကြားချင်ဘူး .."

"ငါကတော့ ကြားချင်တယ် .. သူ့နှလုံးသားကို ငါ ယူထားတာ က ရင်ဘတ်ထဲမှာ၊ ဒါပေမယ့် သူ ချစ်သယိုတော့ ငါ မင်းကိုချစ်လာမှာမဟုတ်ဘူး .."

"ရှင့်ကိုရော ဘယ်သူက ချစ်ခိုင်းနေလို့လဲ .. ရှင် ဒါပဲထပ်ပြောရင် ရှင်နဲ့ကျွန်မ နောက်ထပ် ဘယ်တော့မှ စကားပြောလို့ရမှာမဟုတ်ဘူး၊ ကြိုပြောထားတာ .."

ပြဒါး က နှုတ်ခမ်းလေးကိုက်လိုက်တာကိုကြည့်ပြီး ကြိတ်ပြုံးသည်။ ပြီးတော့ ဖိချုပ်ထားသည့်လက်တွေကို လွှတ်လိုက်ပြီး ...၊

"ပြောဖို့အကြောင်း ပါလာလို့ ပြောနေရတာ .. ငါ မင်းကို ကွာရှင်း မပေးနိုင်ဘူးဆိုတာ တစ်မျိုးတစ်မည် ခေါင်းစဉ်တပ်လိုက်မှာစိုးလို့ .."

ပြောပြီး မျက်နှာလွှဲ၍ ပြုံးမိပြန်သည်။ မချစ်တာကို တစ်ခါပြောတိုင်း ခံပြင်းသွားသည့် မျက်နှာလေးက အနီရောင် ဖျန်းခနဲတက်သွားတိုင်းလှနေသည်။

စူးစူးရဲရဲ မျက်လွှာပင့်ကြည့်လိုက်တိုင်း ရင်ခုန်ဖို့ကောင်း၏။ သူမ ဆားထွက်ရပ်လိုက်တာနှင့် သူ တံခါးကိုဆွဲဖွင့်လိုက်ကာ ...၊

"တက် .."

"ကားပါတယ် .."

သူမက ခြေလှမ်းပြင်၏။ ပြဒါး က ပြန်ဆွဲထားလိုက်ပြီး ...၊

"မင်းနဲ့ ပြောနေတာ မပြီးသေးဘူး၊ ဒီည မင်းနဲ့ငါ ဒင်နာစားမယ် အပြီးသတ်ဆွေးနွေးမယ် .."

"မလိုဘူး .. ပြီးပြီလို့ မှတ်လိုက် .."

ညာဏ် က ဖွတ်တရွတ်ခြေလှမ်းပြင်၏။ ပြဒါး က ဒီတစ်ခါ သူမနဲ့



ကိုယ်လုံးချင်းတိုက်ပစ်လိုက်ပြီး ရှေ့က ကာထားလိုက်၏။

ညာဏ် ဒယိမ်းဒယိုင်လေးဖြစ်သွားကာ ...၊

"ရှင် .. ဘယ်လိုလုပ်တာလဲ .."

"ကားပေါ်တက် .."

"မလိုဘူးပြောနေတာ .. ရှင် နားကန်းနေလား .."

"မကန်းဘူး .. မင်း ကတိပေးတာကို သေချာလိုချင်တာ၊ မလိုက်ဘူးဆိုရင် အတင်းပွေ့တင်ရမှာလား .."

ညာဏ် စိတ်တိုတိုနှင့် မော့ကြည့်လိုက်တော့ သူက ငုံ့ငုံ့ကြည့်နေတာ မျက်ဝန်းတွေထဲမှာ ဆွဲညို့ခြင်းအပြည့်နှင့် ...၊

ရင်ထဲမှာ ဒိတ်ခနဲဆောင့်ခါသွားသည်။ သို့သော် သူ့ခံ မျက်နှာချက်ချင်းလွှဲပစ်မိ၏။

သူ့အပေါ်မှာ ဝေဖန်ပိုင်းခြားမှုအားလုံးကို ⌞⌞ အပြောတွေက ချေဖျက်မွေနှောက်ပစ်နိုင်တာ မှေ့ဖို့မဖြစ် ...၊ တော်ကြာ 'မင်းကို လှလို့ကြည့်နေတယ်ထင်လို့လား ..' လို့ မမေးဘူး မပြောနိုင် ...။

ထိုစဉ် ⌞⌞မဘေးကနေ ပြန်၍စေ့ပိတ်သွားသည့် တံခါးကို ပြဒါး က လှမ်းဖွင့်လိုက်၏။ ငုံ့လိုက်သည့်မျက်နှာက ပါးပြင်တို့ ထိကပ်သွားခဲ့ပြီး ...၊

ဒါ ...

ညာဏ် ကိုယ့်ပါးကို ယောင်ရမ်းစမ်းကိုင်မိ၏။ နွေးခနဲထိကပ်သွားတာ အမှတ်တမဲ့မဖြစ်နိုင် ...၊

ရုတ်တရက် ဘာမှန်းမသိလိုက်ခင် မျက်လုံးလေးအဝိုင်းသားနှင့် ငူထူသွားလေသည်။

ပြဒါး က သူမကို ပြန်ကြည့်လိုက်ပြီး ...၊

"ဝင်လေ .."

မတည်မပြုံးမျက်နှာမှာ မျက်ဝန်းတို့က ကျေနပ်သော ရယ်မြူးရိပ်

www.burmeseclassic.com

www.burmeseclassic.com



တို့နှင့် ...၊

လှုရမ်းကား ...

"တောက် .."

ခပ်ကြိတ်ကြိတ်တက်ခေါက်ပြီး ဆောင့်အောင့်ဝင်ထိုင်လိုက်၏။ ပြဒါး က နှာခေါင်းတစ်ချက်ပွတ်ပြီး ပြုံးလိုက်ကာ ...၊

"ခဏ .."

ကားထဲကို ခေါင်းတိုးဝင်လာသဖြင့် ဉာဏ် ရုတ်တရက်လန့်သွားကာ ကူရှင်မှာ ကျောပြင်လေးဖိကပ်ထားရင်း ပခုံးလေးပါ ကျုံ့ထားလိုက်မိသည်။

"ရှင် ဘာလုပ်တာလဲ ပြဒါး .."

"မင်း ခါးပတ်ပတ်ဖို့လေ၊ ဒီမှာ ခါးပတ်ခေါင်းက ကပ်ကပ်နေတတ်လို့ .."

"ရှင့် .. အို .."

သူ့မျက်နှာက ကိုယ့်မျက်နှာရှေ့ .. ပြီးတော့ ရင်ဘတ်နားမှာ ဝေ့ဝဲနေကာ လည်တိုင်နုနုမှာ နွေးခနဲဖြစ်သွား၏။

"ရှင် .. ရှင် ဖယ်ပေး .. သွား .."

သူ့ရင်ဘတ်ကို အတင်းတွန်းပစ်မိကာ ဒါကို အမှတ်တမဲ့လို့ ဘယ်လိုမှ သဘောထားလို့မရတော့ဘဲ ...၊

"တမင်ညစ်နေတာ လူယုတ်မာ .."

"မင်းအတွက်လုပ်ပေးနေတာ .. ဒီမှာ မြင်လား .."

သူ အတင်းဆွဲထုတ်နေတာကို ပြလိုက်တော့လည်း တကယ်ဟုတ်နေ၏။ ပြဒါး က ရယ်တော့မလိုတည်တော့မလိုနှင့် ...၊

"မင်းကို ထိချင်လွန်းလို့ မထင်နဲ့ .. စိတ်မဝင်စားဘူး .."

"တောက် .."

သူမ တက်ခေါက်သံကြောင့် ကားအပြင်မှာ မတ်တတ်ပြန်ရပ်ရင်း



ရယ်လိုက်မိ၏။

သူ့ရင်ခုန်သံတွေကို သူမ မကြားအောင် ကာကွယ်ထားဖို့လွယ်ပါ့မလား ...။

ရင်ထဲမှာ ဘာတွေရှိသလဲဆိုတာ သူမ သိလို့မဖြစ်ပေ ...။ စောင်းလက်ခတ်ဉာဏ် ဆိုသည့် မိန်းမက အချစ်ကို နူးညံ့ရိုးရှင်းစွာ နားလည်ချင်တဲ့ သူမဟုတ် ...။

သူမ ဘယ်လိုမှ ရင်မခုန်ခဲ့ပါသော သူ့ရှေ့ လို အဖြစ်မျိုး သူ မရောက်ချင် ...။

ထို့ကြောင့် မတူညီမှုတွေဖန်တီး၍ အဆင်မပြေတာတွေနဲ့ တိုက်ခိုက်နေရသည်။ ကိုယ့်ကို မုန်းသည့်စိတ်၊ ဒါမှမဟုတ် မကျေနပ်သော တနုံ့နုံ့ခံစားမှုများနှင့် သူမရဲ့ အချိန်တိုင်းဟာ ကိုယ်ပဲဖြစ်နေဖို့က ပထမဆုံး အရေးကြီးဖြစ်၏။

ခံစားချက်မဲ့နေသည့် ရင်ခွင်ဗလာကို လက်မခံချင်သည့်အဖြစ်ကြောင့် မုန်းနေတာလည်း ကောင်းသည်လို့ပဲ မှတ်ယူခဲ့သည်။

ချစ်တာတွေကိုတော့ နောက်မှပဲ ...၊

"ဒုတ် .."

"အမေ့ .."

"ဆောရီး .."

"ရှင် တမင်လုပ်နေတာလား၊ ဒီနားမှာ ချိုင့်ရှိတာသိသိနဲ့ .."

"လုပ်စရာလား .."

မှန်ထဲကနေ မျက်စောင်းတစ်ချက်ကို ထိထိမိမိခံယူထားလိုက်၏။

မင်းကို ကိုယ် ရင်ခုန်နေပြီ စောင်းလက်ခတ်ဉာဏ် ...၊

ဒါပေမယ့် ငါ့ရဲ့ ပါးစပ်ကပြောနေတဲ့ အတိဿရတွေကြောင့် ငါ့ရဲ့ အတိဿရ ရင်ခွင်ကို မင်း နားလည်ဖို့လွယ်ပါ့မလား ...။

ဒါပေမယ့် နေပါစေ ...၊

www.burmeseclassic.com



"ဒုန်း .."

"အား .."

တအားဆောင့်ခုန်သွားသည့်ကားကြောင့် ဉာဏ့် ကိုယ်လေး ကြွခနဲဖြစ်ပြီးမှ ငိုက်ကျသွားသည်။

"ပြဒါး .."

"ဆောရီးကွာ .."

"ဆောရီးပြောပြီး ရှင် ကျွန်မကို ပညာပြနေတာမို့လား .."

"မဟုတ်ပါဘူးဆိုကွာ .."

ဖြေရှင်းရင်း ပြုံးလိုက်မိသည်။ ပြီးတော့ ပြုံးလက်စမျက်နှာနှင့် သူမကို လှည့်ကြည့်၍ ..၊

"ကိုယ့်ကို မင်း မုန်းဖို့မေ့သွားမှာစိုးလို့ပါ .."

"ဘယ်တော့မှ မမေ့ဘူး .. ပူမနေနဲ့ .."

"သန့်(ခ်)ယူ .."

ပြောပြီး အသံထွက်အောင် ရယ်၏။ ဉာဏ် က မျက်စောင်းထိုးသည်။ ချစ်မြတ်နိုးခြင်းနှင့် မုန်းတီးခြင်းမျဉ်းပြိုင်တို့က ကားထဲမှာပဲ သူ့ထက် ငါ ပြေးနေကြ၏။

ဒါပေမယ့် ပြဒါး ပြုံးနေရင်း ခေါင်းတစ်ချက်ခါမိသည်။

ဆက်မုန်းကြတာပေါ့ ဉာဏ် .. မနက်ဖြန်တွေ အများကြီးရှိသေးတာကို ..၊

ပရိသတ်အတွက်
တာဝရ

ချစ်ဝ

www.burmeseclassic.com